

# အာဏာအလွဲသုံးစားသူများ၏

# အတွင်းရေးအဖြစ်မှန်များ ၊၂၊

အစလေးရောက်သဲ့တာမန်တာဝ်ဦး

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး - လွင်ဦးစာပေ (လှည်းတန်း)

ပထမအကြိမ်၊ ၂၀၁၈၊ ဇွန်လ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးဒီဇိုင်း

အောင်ဇေယျာမင်း

ကွန်ပျူတာစာစီ

Dream City - 0973052433

ထုတ်ဝေသူ

ဦးလွင်ဦး (မြဲ-၀၀၇၉)

အမှတ် (၁၆-အေ)၊ လှည်းတန်း (၂)လမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြဲ-၀၀၁၃၅)

အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး - ၃၅၀၀ ကျပ်**

၆၂၃.၂

အဝေးရောက် သံတမန်တစ်ဦး

အာဏာအလွဲသုံးစားသူများ၏ အတွင်းရေးအဖြစ်မှန်များ (၂)/

အဝေးရောက် သံတမန်တစ်ဦး။ -ရန်ကုန်။

လွင်ဦးစာပေ (လှည်းတန်း)၊ ပထမအကြိမ်၊ ၂၀၁၈။

၂၉၅ - စာ၊ ၁၃.၃ x ၂၀.၉ စင်တီ။

(၁) အာဏာအလွဲသုံးစားသူများ၏ အတွင်းရေးအဖြစ်မှန်များ (၂)

ISBN 978-99971-0-513-4

အာဏာအလွဲသုံးစားသူများ၏
အတွင်းရေး အဖြစ်မှန်များ (၂)

**အဝေးရောက်သံတမန်တစ်ဦး**

# မာတိကာ


၁။ မွေးတုန်းကတော့ကောဒါ ကြီးပြင်းလာတော့ ကယ်ပါ ၁
၂။ ဗုံးအကျိုး ခံစားရသူများ ၁၀
၃။ ကုသိုလ်လိုလို ဘာလိုလို အပိုမလုပ်နဲ့ ၁၅
၄။ စစ်ဗိုလ်တွေဝရင် ပြည်သူတွေ စားရလိမ့်မယ် ၂၁
၅။ ရွှေရတု အလွမ်း ၂၆
၆။ မကောင်းဆိုးဝါးဝိညဉ်ဖြင့် လူ့ဘဝရောက်လာသူများ ၃၃
၇။ အရွယ်မျိုးစုံ ၃၉
၈။ ဦးနေဝင်းက အိုအို တပ်မတော်က ပြိုပြို ၄၆
၉။ ရွှေနိုင်ငံရဲ့ကံကြမ္မာ ၅၅
၁၀။ မြန်မာပြည်၏ စစ်ကျွန်မွေးများ မကြာမီကျွတ်စေသတည်း ၆၂
၁၁။ စစ်အာဏာရှင် စဥ့်ကူပေတလူ ၇၀
၁၂။ အမ်းမြို့က အရိုးများ တွန်းစေရမည် ၇၆
၁၃။ ဗိုလ်ချုပ်အောင်ဆန်း တစ်ညတာ ဒလမှာ
သောင်တင်ခဲ့စဉ်က ၈၄
၁၄။ နိုင်ငံရေးပါတီများ ရှင်သန်မှ ဒီမိုကရေစီစနစ် ခိုင်မြဲမည် ၉၀
၁၅။ ဦးခင်မောင်ကြည်နှင့် တွေ့ဆုံမေးမြန်းခန်း ၉၆
၁၆။ အားလုံးကောင်းကြရဲ့လား ၁၀၁
၁၇။ ဘဝအကျိုးပြုပညာ ၁၁၀
၁၈။ မစ္စတာ မန်ဒဲလား နားမလည်နိုင်သော
ဗမာ့နိုင်ငံရေး အရှုပ်အထွေး ၁၁၉
၁၉။ တိုးပြီးခြေလှမ်း နောက်မဆုတ်စတမ်း ၁၂၆

၂၀။ ဖြောင့်ဖြောင့်မှန်မှန် သံတမန် ၁၃၅
၂၁။ ငြိမ်းချမ်းစေရန် တည့်မတ်ဖြောင့်မှန် ၁၄၃
၂၂။ ဦးပါပါလေးနှင့် ဦးလူဖော်တို့၏ ပုံတူပန်းချီ ၁၅၂
၂၃။ ရခိုင်လူမျိုးများ စစ်တပ်နှင့် အဆက်ဖြတ်သင့်ပြီ ၁၅၆
၂၄။ ဒီပဲယင်းအကြမ်းဖက်မှုမှ ဘေးထွက်ဆိုးကျိုးများ ၁၆၂
၂၅။ ဦးနေဝင်း၏ ဆိုးမွေများ ၁၆၇
၂၆။ အတွေးအမြင်အစ လူငယ်က ၁၇၃
၂၇။ မြန်မာ့စံနှုန်းအနိမ့်ဆုံးနှင့် အညံ့ခံ၍
ပါဝင်သူများ၏ ရွေးကောက်ပွဲ ၁၇၇
၂၈။ နိုင်ငံရေးသမားမဟုတ်သော ဝန်ကြီးချုပ်ခင်ညွန့်၏
နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ် ၁၈၇
၂၉။ ပြည်သူပြည်သားများ၏ အဆိုးဘဝမှ
လွတ်မြောက်ရေးအတွက် ပြင်ကြဆင်ကြ ၁၉၃
၃၀။ ဗမာစစ်ဗိုလ်တချို့ အသိဉာဏ်နည်းတုန်းပါလား ၂၀၆
၃၁။ အရှုံးကို မီးပိုင်းနေပါပြီ ၂၁၃
၃၂။ အီရတ်စစ်တပ်ကဲ့သို့ ဗမာစစ်တပ် အမြစ်မပြတ်စေလိုပါ ၂၁၉
၃၃။ ဒီပဲယင်းမှ ဒီမိုကရေစီအောင်ပွဲဆီသို့ ၂၂၅
၃၄။ ဝူအောင်း၍ မလုံခြုံ၊ မူပြောင်းမှ လုံခြုံမည် ၂၃၁
၃၅။ အမျိုးဘာသာ သာသနာကို စောင့်ထိန်းကာကွယ်ကြပါ ၂၃၆
၃၆။ သံဃာနှင့် လူထုကို စည်းရုံးနိုင်ခဲ့သူ ဆရာတော်ဦးဥတ္တမ ၂၄၂
၃၇။ ဆိုးဝါးလှသော မြန်မာ့ပြည်ထဲရေးကိစ္စများ ၂၄၇
၃၈။ ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့၏ အကြမ်းဖက်မှုများ ၂၅၉
၃၉။ အပကိုပုံချပြီး ထွက်ပေါက်ရှာ၍ မရတော့ပါ ၂၆၅
၄၀။ ဆိုးနိုင်ငံ ကောင်းစေရန် ၂၇၁
၄၁။ မဖုတ်ရသေးသောအိုးထဲသို့ ဆီကိုထည့်သောအခါ ၂၇၇
၄၂။ အရည်အချင်းရှိသူ တက်ပါစေသတည်း ၂၈၃

# မွေးတုန်းကတော့ ကေဒါ
# ကြီးပြင်းလာတော့ ကယ်ပါ

စစ်အာဏာရှင် ဦးနေဝင်း၏ မဆလ တစ်ပါတီ အာဏာရှင်ခေတ်တွင် 'ကေဒါ'ဆိုသော စကားရပ်သည် တောင်သူလယ်သမားများ၏ ပါးစပ်များ အသိပင် ရေပန်းစားလာခဲ့ပါသည်။ ပါတီကေဒါ။ အလုပ်သမား ကေဒါနှင့် တောင်သူလယ်သမားကေဒါ စသည်ဖြင့် မဆလပါတီ၏ ဗဟိုနိုင်ငံရေးသိပ္ပံမှ သတို လရှည် သင်တန်းများပေးပြီး တစ်ပါတီ အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက် အမာခံ ဆိုရှယ်လစ် ကေဒါများကို မွေးထုတ်ပေးခဲ့ပါသည်။ ထို့ပြင် ဦးနေဝင်း၏တပ်မတော်ထဲတွင်လည်း တပ်တွင်း နိုင်ငံရေး သင်တန်းများပေးပြီး အနှစ်သာရမရှိသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ သဘောတရားရေးရာများကို ရိုက်သွင်းကာ တပ်မတော်အရာရှိများအား အရပ်ဘက် ရဲဘက်စသည့် အစိုးရဌာနများ၊ ကော်ပိုရေးရှင်းများနှင့် အဖွဲ့အစည်း အသီးသီးတွင် ရာထူးကြီးပေး၍ ကေဒါမြုပ်နှံသည့် စီမံကိန်းကြီးကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော် အုပ်ချုပ်ရေး ဒီမိုကရေစီ ယန္တရားကြီးအား ပျက်ပြားစေခဲ့သည့် ဆိုးမွေတစ်ရပ်ပင် ဖြစ်နေသည်ကို အများပြည်သူများ အသိပင်ဖြစ်ပါသည်။

စာရေးသူ၏ မွေးရပ်မြေဇာတိမှ ရေလုပ်သားကြီးတစ်ဦးက မြို့နယ် ပါတီယူနစ်မှ မဆလ ကေဒါတဦးအား 'မင်းတို့ကိုယ် မင်းတို့ ကေဒါ ကေဒါ ဆိုပြီး ငါ တွေ့နေတာကတော့ မင်းတို့ဟာ ကယ်ပါ သူတောင်းစား

တွေ့ပါပဲ။ ပြည်သူ့ဆိုင်ကို ရောက်လာတဲ့ ပစ္စည်းမှန်တွေသမျှ ပြည်သူတွေထံ မရောက်မီ မင်းတို့တောင်းရမ်းပြီး အပြင်မှာ မှောင်ခိုဈေးမှာ ရောင်းစားနေကြတာပဲ။ ဒို့ရေလုပ်သား (တံငါ) တွေအတွက် ဗဟိုကချပေးတဲ့ ငါးဖမ်းပိုက်တွေကိုလည်း မင်းတို့လိုက်တောင်းပြီး အပြင်မှာ ရောင်းစားနေကြတာပဲ။ မင်းတို့ကို မွေးတုန်းက ကေဒါ ကေဒါဆိုပြီး၊ ကြီးပြင်းလာတော့ ကယ်ပါသူတောင်းစား ထက်တောင် ယုတ်ညံ့တဲ့ အကောင်တွေ' ဟု ဆဲဆိုသံကို ယနေ့ထက်တိုင် ကြားယောင်နေမိပါသည်။

သို့သော်လည်း ဦးနေဝင်း မွေးထုတ်လိုက်သော ကေဒါဆိုသော ကယ်ပါများသည် မမှုရေးချ မမှုသည့် အရှက်မရှိသော၊ နိုင်ငံရေးဗန်းပြ၍ လုပ်စားနေကြသောသူများသာဖြစ်ပြီး၊ မြို့နယ်တိုင်းတွင် တိုက်ကြီး အိမ်ကြီးများ ဆောက်ကာ စည်းစိမ်ခံနေကြသော မြို့မျက်နှာဖုံး လူကြီးလူကောင်းကြောင်သူတော်များ ဘဝကိုပင် ရောက်ရှိနေကြပါသည်။

မဆလတစ်ပါတီ အာဏာရှင်ခေတ်နှင့် နဝတ စစ်အာဏာရှင်ခေတ်တွင် တပ်မတော် အရာရှိကြီးငယ်များအား တပ်မတော်ကေဒါအဖြစ် မြှပ်နှံဆောင်ရွက်ခဲ့ရာတွင် အောက်ပါအတိုင်း အလွှာအသီးသီး ကဏ္ဍအသီးသီးတွင် အနိစ္စတရားအတိုင်း နေမြင် ညပျောက်၍ မမြဲသော သံသရာတွင် သန္ဓေတည်ကြ၊ စုတေကြနှင့် မရပ်မနား ကျင်လည် လှုပ်ရှားနေကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရမည်သာ ဖြစ်ပါသည်။

**၁။ ရိုက်စားများ**

ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဗဟို အာဏာပိုင်အဖွဲ့ဝင်များနှင့် စစ်တိုင်းမှူးစသည်များသည် ရိုက်စားများဘဝတွင် သန္ဓေတည်ကာ ရှိကြပါသည်။ ၎င်းတို့သည် အချင်းချင်း စည်းဝါးရိုက်ပြီး နိုင်ငံတော်ပိုင် မြေယာများ၊ မော်တော်ယာဉ်များ၊ လူသုံးကုန်ပစ္စည်းများ အားလုံးကို မတရားသဖြင့် ခွဲတမ်းနှင့် ဝါးစနေကြပါသည်။ ဥပမာအားဖြင့် မဆလပါတီ တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူး စိန်လွင် (စိန်လွင် ခြောက်တန်း တစောက်ကန်းသောက်ရမ်း မလုပ်နဲ့ဟု နာမည်ပျက်ခဲ့သော ၁၇ ရက်သာ စိုးစံခဲ့ရသည့် သမ္မတ) အား ကမ္ဘာ့အေးရပ် ကန်ရိပ်သာလမ်းမှ အဆိုးရမြေကွက်ကြီးတွင်

အိမ်ဆောက်ပေးခြင်းနှင့် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းတွင် ရိုက်စားများ အတွက် ဌာနခွဲတစ်ခုဖွင့်ထားပြီး ဦးစိန်လွင်၏ အိမ်ထောင် ပရိဘောဂအတွက် အစိုးရငွေဖြင့် ကျပ်ငွေ ခြောက်သောင်း ခြောက်ထောင်ကျော်ဖိုး ဝယ်ခြမ်း ပြည့်ဆည်းပေးခြင်း၊ ဆောက်လုပ်ရေး ဝန်ထမ်းများ၊ အင်ဂျင်နီယာများသည် စီမံကိန်းခန်းအရ သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ကာ အခမဲ့ ဆောက် လုပ်ပေးရခြင်း များပင်ဖြစ်ပါသည်။

နဝတ ဥက္ကဋ္ဌကြီးဟောင်း ငြိမ်ပိစောမောင်အား ဝင်ဒါမီယာ ရပ်ကွက် ရှိ ဘောလုံးကွင်း တစ်ဝက်ခန့်ရှိသော (ယခင်က လမ်းခင်းရန် ကတ္တရာစေး စည်များ ပုံထားသည့်နေရာ) မြေကွက်ကြီးကို ရိုက်စားခွင့် ပြုလိုက်သည့်အပြင် နဝတ တွင်း ၁ အပေါက်စောင့် ဗိုလ်ချုပ် ခင်ညွန့်အားလည်း အခြားဗိုလ်ချုပ် များထက်သာလွန်သည့် တိုက်ကြီးအား ရိုက်စားခွင့် ပြုလိုက်ခြင်းပင် ဖြစ်ပါ သည်။

အဆိုပါ အခွင့်ထူးခံ ရိုက်စားကြီးများအား မဆလခေတ်တွင် ပဒုမ္မာ၊ ဧကြာမွှန် စသည့် အခွင့်ထူးခံ လူတန်းစား ကုန်တိုက်ကြီးများမှ ပစ္စည်းများ ကောင်းချခဲ့သည်ကို နဝတဥက္ကဋ္ဌ ငြိမ်ပိစောမောင်သည် ဝေဖန်ခဲ့ပြီး နောက်များ မကြာမီ သူတို့နဝတများသည် မဆလများထက်သာလွန်သော စိမ်ခံပစ္စည်း များကို နဝတ ရိုက်စားများ အိမ်သို့ အိမ်တိုင်ယာရောက် အများပြည်သူ မသိရှိစေရန် သောက်ရေမှအစ ခွဲတမ်းဖြင့်ဝေခြမ်း၍ ရိုက်စားလျက် ရှိကြပါ သည်။

## ၂။ နိုက်စားများ

ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင် ညွှန်ကြားရေးမှူးချုပ်၊ အထူးအရာရှိ စသည်ဖြင့် အရပ်ဘက် အစိုးရဌာန၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်းအသီးသီး တွင် ဆင်ကောင်ဖြစ်နေရသူများသည် နိုက်စားများ ဖြစ်ကြပါသည်။ ၎င်းတို့ သည် ပြည်သူ့ဘဏ္ဍာတော်ကို ကိုယ်ပစ္စေး ဦးနေဝင်း၏ ဘဏ္ဍာတော်အဖြစ် သဘောထားပြီး ၎င်းတို့လက်ဝယ်ရှိသည့် လူသုံးကုန်ပစ္စည်း ဆန်ဆီ ဆေး ဝါးမှအစ အိမ်မြေယာ ဟိုတယ် အိမ်ဆောက်ပစ္စည်း၊ ယာဉ်နှင့် အပိုပစ္စည်း၊ လုပ်စစ်ပစ္စည်း စသည်များကို ၎င်းတို့လိုသလို နိုက်စားနိုင်သကဲ့သို့ ၎င်းတို့

ထက်အဆင့်မြင့်သော ရိုက်စားကြီးများအားလည်း လိုလေသေး မရှိရလေအောင် ဖြည့်ဆည်းပေးကြရပါသည်။

ဥပမာအားဖြင့် ဘီလပ်မြေစက်ရုံကို မောင်ပိုင်စီးထားပြီး အချုပ်ခန်းထဲသို့ရောက်သွားသည့် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်ကျော်ညိုကဲ့သို့သော နိုက်စားကြီးများပင် ဖြစ်ပါသည်။ ပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူး ကေဘာသောင်းကဲ့သို့ လက်ရဲဇက်ရဲနိုင်လှသော နိုက်စားများကြောင့် တစ်တိုင်းတစ်ပြည်လုံး နိုင်ငံခြားကြွေးမြီများဖြင့် ဖုံးလွှမ်းနေသည့် ကိစ္စသည် နောင်လာနောက်သားများအတွက် ဆိုးမွေကြီးတစ်ရပ်ပင် ဖြစ်ပါသည်။ ယခု နဝတ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်နေသူ ဗိုလ်မှူးကြီးညွန့်ဆွေသည် မျက်မှန်ကိုယ်တော်ကြီး ဗိုလ်မှူးချုပ်တင်ဦး နိုင်ငံတော်အကြီးအကဲ တစ်နှစ်ပိုင်းတစ်ပိုင်း (one and half) ဖြစ်စဉ်က ကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ် (၁) ကောက်ပဲသီးနှံ ရောင်းဝယ်ရေး၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်ပြီး သစ်လုပ်ငန်းကော်ပိုရေးရှင်းမှ ဗိုလ်မှူးကျော်ရှိန်တို့နှင့်အတူ မျက်မှန်ကြီး နံပါတ်တစ်ဖြစ်စေရန် မြှင့်တင်ပေးကြရပါသည်။

စစ်တိုင်းမှူး ဗိုလ်မှူးချုပ်တစ်ဦးဦး ရန်ကုန်မြို့သို့ ဆင်းလာတိုင်း မျက်မှန်တင်ဦး၏ ဧည့်သည်တော်အဖြစ်လည်းကောင်း၊ သမ္မတ ဦးစန်းယုနှင့် မဆလပါတီ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်အေးကိုတို့ထက် သာလွန်သည့် နွေးထွေးသော ဧည့်ခံမှုမျိုးကိုလည်းကောင်း၊ ဗိုလ်မှူးကြီး ညွန့်ဆွေ၏ ကုန်သွယ်ရေး(၁)မှ တပည့်များနှင့် ဗိုလ်ကျော်ရှိန်၏သစ်လုပ်ငန်းမှ တပည့်များက နိုင်ငံတော်စရိတ်မှ နိုက်ပြီး ဝါသနာပေါ်မှတည်၍ နေ့ရောညပါ ဂေါက် ရိုက်တွင်းစိမ်ရန် ကိစ္စရပ်များကို စီမံပေးကြရပါသည်။ အဆိုပါ နိုက်စားကြီးများ၏ အစီအစဉ်ဖြင့် ရိုက်စားကြီးများအတွက် ရန်ကုန်မြို့တော်တွင် ညဘက် တွင်းစိမ်နိုင်သည့် လှိုင်ဘုံမြနန်း ဂေါက်ကွင်းကလေးများပင် ရှိနေကြောင်း ယင်းနိုက်စားများ၏ တပည့်တပန်းများထံမှ ကြားသိခဲ့ရဖူးပါသည်။

ဗိုလ်မှူးကြီး ညွန့်ဆွေသည်လည်း ၄င်း၏ညီအကိုတော်သူ သတင်းထောက် ကိုဝင်းမြင့်ကြီး(မင်းသားကြီး)ကဲ့သို့အမည်ထွက်လာ၍ ရိုက်စားကြီးများက ၄င်းအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ပြီး

ခြေရာဖျောက်ပေးလိုက်ရသည်ကိုလည်း ကုန်သွယ်ရေးအရာရှိတစ်ဦး ပြောကြားများအရ ကြားသိခဲ့ရဖူးပါသည်။

၃။ ခိုးစား ဝှက်စား လာဘ်စားသူများ

စစ်အာဏာရှင်များ၏ ခေါက်တိုင် ကေဒါများဖြစ်သည့် စစ်ဗိုလ်အကြပ်တပ်သားများအား အရပ်သား အရေခြုံပေး၍ ရဲ၊ အကျဉ်းဦးစီး၊ အကောက်အခွန်နှင့် မှတ်ပုံတင်ဌာန စသည့် ဌာနအသီးသီး၏ ရာထူးနှင့် ညွှန်ဖောင်းများ ဝတ်ပေး၍လည်းကောင်း၊ ခိုးစား ဝှက်စား လာဘ်စားမှုများကို မသိကျိုးကျွံပြုလျက် ပြည်သူလူထုအပေါ်၌ အုပ်စားခွင့်များကို ပြုလုပ် စေခဲ့ပါသည်။

ဤသို့အကျင့်ပျက်သည့် ဝန်ထမ်းလောကသည် စစ်အာဏာရှင်စနစ်ဆိုး၏ မမှန်ကန်သော နိုင်ငံရေး၊ စီးပွါးရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် လူမှုရေး ကျင့်စဉ်များအပေါ် မူတည်၍ မင်းမဲ့စရိုက် ဆန်လွန်းသော နဝတ ခေတ်တွင် ပိုမို၍ အပြောကျယ်လျက် ရှိနေပြန်ပါသည်။ ၁၉၆၂ခုနှစ် မတိုင်မီ က မြန်မာနိုင်ငံတွင် ပဋိညာဉ်ခံ အရာရှိများအား လာဘ်ပေး လာဘ်ယူမှုဖြင့် ထောင်ချ အပြစ်ပေးခဲ့ဖူးသော မှုခင်းများသည် မပြောပလောက်အောင် နည်းပါး လှပါသည်။ ဝန်ထမ်းများသည်လည်း မိမိတို့၏ ဂုဏ်သိက္ခာကို သိန်းသိမ်းနိုင်လောက်အောင် လစာနှင့် ကုန်ဈေးနှုန်းသည် မျှတမှုရှိ၍ ဝင်ငွေ အနည်းဆုံးရသော စစ်သား၊ ရဲသား၊ အလုပ်သမားနှင့် စားရေးစာချီများပင် လျှင် မပူမပင်မကြောင့်မကြ နေထိုင်နိုင်ကြပါသည်။

ဦးနေဝင်းအနေဖြင့် အရပ်သား စီးပွါးရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီး ရောင်းတတ် ဝယ်တတ်သည့် စီးပွါးရေးသမားများကို နှိပ်ကွပ်လျက် အတတ်ပညာနိမ့်ကျ၍ အသိပညာခေါင်းပါးလှသော တပ်မတော်ကေဒါများကို အုပ်ချုပ်ရေးနှင့် စီးပွါးရေးနယ်ပယ်များတွင် ဖြုပ်နှံခဲ့သည့်နှစ်မှစ၍ တပ်ထဲမှ အသီးစား အမြစ်စားသုံးမရသော စစ်ဗိုလ်များ၏ ရိုက်စား နှိုက်စား အကျင့်ပျက် ရောဂါပိုးများသည် ပြည်သူ့ဝန်ထမ်းတရပ်လုံးသို့ ပြန့်ပွါး ကူးစက်သွားခဲ့ပါသည်။

ဗိုလ်မှူးချုပ် မျက်မှန်တင်ဦး ထောင်ကျသွားပြီးနောက် ၄င်း၏နေရာတွင် တစောက်ကန်း ဦးစိန်လွင်သည် မဆလပါတီ တွဲဘက် အထွေထွေ အတွင်းရေးမှူး ဖြစ်လာခဲ့ပါသည်။ ထို့နောက် သူသည် (၂၈၊ ၈၊ ၈၄) နေ့တွင် ဌာနဆိုင်ရာ အကြီးအကဲများဖြစ်သည့် ညွှန်ချုပ်၊ ညွှန်မှူး၊ ရဲချုပ်နှင့် ပါမောက္ခချုပ် စသည်များအား လာဘ်ပေး လာဘ်ယူမှုများနှင့် ပတ်သက်၍ အစည်းအဝေးခေါ်ပြီး ကြိမ်းဝါးခဲ့ပါသည်။ ဦးစိန်လွင်က သူသိထားသမျှ "အပျက်ဆုံးသည့် ဝန်ထမ်းလောကဖြစ်သည်"ဟု ပြောပြီး နိုင်ငံတော်ကောင်စီ ရုံးဂိတ်ဝတွင်ပင် နိုင်ငံတော်ကောင်စီဝင် တစ်ဦးဦးနှင့် တွေ့ချင်လျှင် ၂၅ ကျပ် လာဘ်ပေးနေရသည်။ ရဲအချင်းချင်းလည်း စားနေကြသည်။ ဆရာဝန် လောကတွင် ၄င်းတို့အား "ဒေါက်တာ"ဟု မခေါ်ကြတော့ဘဲ "ဒေါ်လာ"ဟု ခေါ်နေကြသည်။ ငွေစား၍မရသော ဌာနများတွင် စာဖိုင်၊ စာတွဲ၊ စာရွက်များကို ရောင်းစားနေကြသည်။

ပြည်သူများ ဝေါ်ပြတ်နေ၍ (၂၇-၈-၈၄)နေ့က ဆန်လုပွဲ ၂ နေရာ၌ပင် ဖြစ်ပွါးခဲ့သည်။ အကောက်အခွန် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်ငြိမ်းကိုပင် "မင်းတို့ ဒီလောက်ငတ်နေကြလား"ဟု လူပုံ အလယ်တွင် ဆဲဆိုခဲ့ပါသည်။ ထို့နောက် ၁၉၈၅ခုနှစ် ဇွန်လအထိ အချိန်ပေးပြီး ပျက်နေသည်များကို ပြင်ရမည်၊ လုပ်မရလျှင် ဌာနဆိုင်ရာ အကြီးအကဲများအား အရေးယူမည်ဟု ရိုင်းရိုင်းစိုင်းစိုင်းပင် ရာဇသံ ပေးခဲ့ပါသည်။ ထိုအခါ အကြိမ်းခံရသည့် ဝန်ထမ်းကြီးများ အားလုံးအနေဖြင့် ချိုးတစ်ပြားမှ မရှိဘဲ သက်န်းဝတ်ဘဝမှ စစ်ဗိုလ်ဖြစ်လာသော ဦးစိန်လွင်ကိုယ်တိုင် မှန္တလေးမြို့မှ ကိုယ်ပိုင်အိမ်ကို ၁၇ သိန်းဖြင့် ရောင်းချခဲ့ပြီး ခေတ်ပျက်သူဌေးကြီး ဖြစ်နေကာ ကန်ရိပ်သာလမ်းမှ မြေကွက်ကိုမရမီ ပါရမီရပ်ကွက်တွင် ရိုက်စားကြီးများ၏လက်ကျန် ဗွက်တောထဲမှ မြေကွက်ကိုချပေး၍ စိတ်ကောက်ကာ အိမ်မဆောက်ဘဲ နေခဲ့သည်ကိုလည်း အားလုံးသိရှိထားကြပြီး ဖြစ်ပါသည်။

## ၄။ ကာယပိ သူတောင်းစားများ

မဆလ ပါတီ၏ ပါတီယူနစ်ရုံး၊ တိုင်းနှင့်ပြည်နယ် ဒေသပါတီရုံးများနှင့် ပါတီ ဗဟိုကော်မတီဌာနချုပ် ရုံးများတွင် တာဝန်ပေး မြှုပ်နှံခံရသော

ကေဒါများသည် ၎င်းတို့တွင် ပါတီလျှောက်လွှာစာရွက်နှင့် အစည်းအဝေး မှတ်တမ်း စာရွက်စာတမ်းများသာ ရှိကြလျက် ငွေကြေးပစ္စည်းများနှင့် အလှမ်းဝေးလှခြင်းကြောင့် ခိုးဝှက်စားရန် မရနိုင်ကြသော်လည်း ၎င်းတို့တွင် ပါတီဝင်များအား အဆင့်တိုးမြှင့် သတ်မှတ်ပေးနိုင်သည့် အာဏာနှစ်ပဲ တစ်ပြားခန့် ရှိနေ၍ နှိုက်စား ရိုက်စားနှင့် ခိုးစား ဝှက်စား လာဘ်စားများ အပေါ်တွင် အာဏာအရှိန်အဝါ အနည်းအကျဉ်း ရှိနေပါသည်။

သို့အတွက် ဆေးဆိုင်မှ ပါတီဝင်တစ်ဦးလာလျှင် ဆေးတောင်းလိုက်၊ အရက်ဆိုင်မှ ပါတီဝင်တစ်ဦးလာလျှင် အရက်တောင်းလိုက်၊ သစ်ဆိုင်မှ ပါတီဝင်တစ်ဦးလာလျှင် သစ်တောင်းလိုက် စသည်ဖြင့် ချေးတုန်းက ကေဒါကြီးပြင်းလာတော့ ကယ်ပါ သူတောင်းစား ဆိုသကဲ့သို့ပင် ဖြစ်နေကြပါသည်။ နိုင်ငံရေးကေဒါများဖြစ်၍ စီးပွါးရေး ကေဒါများ ရိုက်စား နှိုက်စားများအပေါ်၌ ခေါင်းပုံဖြတ်နိုင်သောကြောင့် တိုက်ပိုင်ကားပိုင် ကယ်ပါသူဌေးကြီးများပင် ဖြစ်လာကြပြန်ပါသည်။ သို့ရာတွင် ကယ်ပါများအား လေးနှစ်တစ်ကြိမ် ပါတီက ပြုလုပ်သော ရွေးကောက်ပွဲများကြောင့် ကေဒါများ၏ ကယ်ပါဘဝသည်လည်း ဘာမှအာမခံချက် မရှိဘဲ လမ်းပေါ်ရောက်လွယ်သော သင်္ခါရလောကကြီးပင် ဖြစ်နေပါသည်။

ယခုတစ်ဖန် ခွေးမြီးကောက်ကို ကျည်တောက်စွပ်သည့် အနေဖြင့် တပ်မတော်ကေဒါများကို ဆွမ်းဆန်စိမ်းထဲ ကြွက်ချေးရောသကဲ့သို့ နဝတတို့ တည်ဆောက်နေသော ဒီမိုကရေစီနိုင်ငံ အတုအယောင်ကြီးတွင် မည်ရွေ့မည်မျှ မည်သည့်နေရာမှ မည်ကဲ့သို့ ပါဝင်ထမ်းဆောင် မြှုပ်နှံသင့်သည်ကို အမျိုးသားညီလာခံ လုပ်ပွဲကြီးဖြင့် လိုရာဆွဲပြီး ရိုက်သွင်းလျက် ရှိနေပြန်ပါသည်။

ဝိသမလောဘ တက်နေကြသော စစ်ဗိုလ်ဆိုးများသည် ယခုတစ်ဖန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကို အရေခြုံပြီး အစဉ်ထာဝရ ရိုက်စား နှိုက်စား ခိုးစား ဝှက်စား လာဘ်စား ကယ်ပါများကဲ့သို့ ရာသက်ပန် တောင်းရမ်း ခိုကပ်စားနိုင်သည့် ပြည်သူ့ချဉ်ဖတ်ဖြစ်သော စစ်အာဏာရှင် စနစ်ကို ရှင်သန်စေရေးအတွက် ကမ္ဘာတလွှား စစ်အာဏာရှင် နိုင်ငံများမှ နည်းမျိုးစုံဖြင့် ကြိုးစားလျက် ရှိနေပြန်ပါသည်။

ဒေါ်လာ စစ်ဖိုလ်ဆိုး အုပ်စု၏ အာဏာတည်မြဲရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းသည် ပြောင်းပြန်ဖြစ်လာပြီး နယ်စပ်ဒေသမဖွံ့ဖြိုးဘဲ နယ်စပ်ဒေသမှ ငွေမဲများ ပိုက်ထားသည့် ကိုးကန့် ဘိန်းတရုတ်များသည်သာ မန္တလေးမြို့တွင် ဖွံ့ဖြိုးနေပြီး ထိုဘိန်းတရုတ်များကိုပင် စစ်သား ရဲသားနှင့် အရပ်သားများ အားလုံးက ကြောက်ရွံ့နေကြရပါသည်။

အပေါက်စောင့် ခင်ညွန့်ပင့်လာသော ဘိန်းဘုရင်များ၏ ရိုင်းစိုင်း ဖိုလ်ကျစော်ကား မောက်မာမှုများကို အညာသားများ လှလှကြီး ခံစားနေကြ ရရှာပါသည်။

နိုင်ငံခြားတွင်လည်း မြန်မာသံရုံးများသို့ လူများများ ဝင်ထွက်သွား လာပြီး သံရုံးညှော်ခံပွဲများ စည်ကားလာပါက နိုင်ငံခြားသားများ အနေဖြင့် မြန်မာများကနဝတအစိုးရကို ထောက်ခံနေတာပါပဲဟု သဘောသက်ရောက် စေရန်အတွက် ဘင်္ဂလားဒေ့ရှ် သို့မဟုတ် အင်္ဂလိပ် နိုင်ငံကူးလက်မှတ် စသည်တို့ကို ကိုင်ဆောင်သူများကိုပင် မမေးမစမ်းတော့ဘဲ မြန်မာနိုင်ငံကူး လက်မှတ် ထုတ်ပေးနေ၍ နှစ်နိုင်ငံ ခွနေထားသူ မနုဿဗီဟာ ဇီဇာ Dual Citizen အမြောက်အများ ပေါ်ပေါက်လျက် ရှိနေပါသည်။

ဦးနေဝင်းလက်ထက်တွင် ရိုက်စားများ၏ ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သော မြန်မာနိုင်ငံသား အက်ဥပဒေ ပုဒ်မ ၁၆ တွင် "နိုင်ငံသား တစ်ဦးသည် နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွါလျှင် ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူထားလျှင် သို့မဟုတ် မှတ်ပုံတင်ထားလျှင် ဖြစ်စေ၊ အခြားနိုင်ငံ၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် အလားတူလက်မှတ်ကို ထုတ် ယူလျှင် ဖြစ်စေ နိုင်ငံသားအဖြစ်မှ ရပ်စဲသည်" ဟု ပြဋ္ဌာန်းထားသည်။ နဝတခေတ်တွင် အပေါက်စောင့် ဖိုလ်ခင်ညွန့်တို့၏ လုပ်ရပ်ကြောင့် ဘိန်း တရုတ်များ ဖိုလ်ကျနေမှု၊ ငွေဖောင်းပွနေမှု၊ နိုင်ငံခြားသားများ ဖောင်းပွနေမှု၊ နိုင်ငံခြားအကူအညီ ချေးငွေများ မရရှိမှု စသည်များကြောင့် တပ်မတော်ထဲ တွင် အချင်းချင်း စိတ်ဝမ်းကွဲပြီး မျိုးချစ်စစ်သည် လူအများစု ဖိုလ်အကြပ် တပ်သားများနှင့် နဝတလူစု ဒေါ်လာ စစ်ဖိုလ်ဆိုးများ၏ အကွဲအပြဲသည် ကျယ်ပြန့်ကြီးထွားလျက် ရှိသည်။

ဦးနေဝင်း နိုင်ငံခြားသို့ ရှောင်ထွက်လာတိုင်း စစ်တပ်တွင်း၌အကွဲအပြဲ ဗိုလ်လုပ်ပွဲများ ရှိနေသည်ကို အများသိပြီး ဖြစ်ပါသည်။ ဗိုလ်အောင်ကြီးနှင့် ဗိုလ်တင်ဖေတို့ အုပ်စုခေါ်ပွဲ၊ ဗိုလ်စန်းယုနှင့်ဗိုလ်တင်ဦး (ယခု အကျဉ်းခံ) ကို ဘလော်ပွဲနှင့် ထောက်လှမ်းရေး ဗိုလ်တင်ဦးနှင့် ခြေမြန်ကြည်းတပ် ဗိုလ်ထွန်းရီတို့ ဖြုပွဲ ချုပ်ပွဲကြီးများ၏ ရလဒ်ကို နိုင်ငံရေး စိတ်ဝင်စားသူများ အားလုံး သိရှိကြပြီး ဖြစ်ပါသည်။

ဦးနေဝင်း၏မူသည် 'နိုင်တဲ့လူ ငါ့လူ၊ နိုင်တဲ့နွား ငါ့နွား' ဆိုသည့်မူပင်ဖြစ်ပါသည်။ ကိုယ့်အထဲကလူပင် ဖြစ်သော်လည်း၊ ကိုယ့်ခြံထဲမှ နွားပင် ဖြစ်သော်လည်း ရှုံးရင် ငါ့လူမဟုတ်။ ရှုံးရင် ငါ့နွားမဟုတ် ဆိုသည့်မူပင် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဒီမိုကရေစီ ဘက်တော်သားများအား ဒေါ်အောင်ဆန်းစုကြည်၏ နှိုးဆော်ချက်အတိုင်းပင် ရဲစွမ်းသတ္တိရှိကြပါရန်နှင့် ဒီမိုကရေစီအရေးသာ အောင်ပွဲခံရမည်မှာ မြေကြီးလက်ခတ်မလွဲသည့် ဧကန်မုချ အရာပင် ဖြစ်ကြောင်းကို ထပ်လောင်း တင်ပြအပ်ပါသည်။

ထို့အပြင် ဒီမိုကရေစီ စနစ်အား ရိုက်ချိုးခဲ့ကြသည့် ဗိုလ်ချုပ်မှူးကြီး နေဝင်းနှင့် နဝတ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်တို့၏ နှုန်းကြူးဘဝကို တပ်မတော်သားကောင်းများ အနေဖြင့် သင်ခန်းစာယူကြပြီး အနိဋ္ဌတရားကို မည်သူမျှ မလွန်ဆန်နိုင်ကြဘဲ ဘယ်နေရာရောက်ရောက် နေမြင်ညပျောက် ဖြစ်နေကြရသည့် ရိုက်စား၊ နှိုက်စား၊ ခိုးစား၊ ဝှက်စား၊ လာဘ်စား တောင်းရမ်းကြရသော ပြည်သူ့ချဉ်ဖတ် ဘဝဆိုး ကပ်ဆိုးကြီးမှ လွတ်မြောက်ကြ၍ မိမိတို့ကျွမ်းကျင်သော စစ်ပညာဖြင့်သာ သမ္မာအာဇီဝကျကျ အသက်မွေးဝမ်းကျောင်းကို ပေးနိုင်မည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် တတပ်တအားပါဝင်လာကြပါရန် မေတ္တာမှန်ဖြင့် ဖိတ်ခေါ်အပ်ပါသည်။

၁၉၉၃ ခု ဖေဖော်ဝါရီ ၂၈ ရက် ခေတ်ပြိုင်ဂျာနယ် မတ်လ ၁၉၉၃။

◆

# ဗုံး အကျိုး ခံစားရသူများ

မြန်မာနိုင်ငံတွင် လက်ရှိအုပ်စိုးနေသော နဝတ စစ်အာဏာရှင်များနှင့် ၎င်းတို့၏အဖေကြီး ဦးနေဝင်းတို့သည် 'ဗုံး' အစရှိသော လူသတ်လက်နက် ခဲယမ်းမီးကျောက်များဖြင့် အကျိုးခံစားနေရသူများ ဖြစ်သည်ကို ၃၄ နှစ်ကျော် ကြာလာပြီဖြစ်သော စစ်အုပ်ချုပ်ရေးကာလက သက်သေပြလျက် ရှိနေပါသည်။

စာရေးသူ ငယ်စဉ်ကျောင်းသားဘဝဖြစ်သည့် ၁၉၆၂ ခုနှစ် ဇူလိုင် (၇)ရက်နေ့တွင် 'မယားနေစ ကြောင်သေမှ' ဆိုသည့် ပေါက်ကွဲတတ်သော အကျင့်စရိုက်ရှိသည့် ဦးနေဝင်းသည် 'သေနတ် ၁၅ ချက်သာ ပစ်ဖောက်၍ ကျောင်းသားများက ဆန္ဒပြမှုကို လူစုခွဲခဲ့ပါသည်'ဟု တိုင်းပြည်ကို လိမ်ညာ ကြေညာခဲ့ပါသည်။

စာရေးသူသည် အပေါင်းအသင်းများနှင့်အတူ အဆိုပါ သေနတ် ၁၅ ချက် ပစ်ဖောက်ခဲ့သည်ဆိုသောနေ့တွင် မပစ်ခတ်မီ ၂ နာရီခန့် ကပင် တက္ကသိုလ် စာတိုက်အနီးတွင် ရှိနေခဲ့ပါသည်။ ကျောင်းသားများအား ပစ်ခတ်ပါတော့မည်ဟု သတိပေးခြင်း မရှိဘဲ လမ်းမပေါ်တွင် အသင့်နေရာယူထားကြသော စစ်သားတစ်ရာကျော်ခန့်က တက္ကသိုလ်ဝင်းအတွင်းနှင့် တက္ကသိုလ် စာတိုက်ဘက်ရှိ မြင်မြင်သမျှ ကျောင်းသား ကျောင်းသူများအား စစ်သားများ ၏ပစ်ကွင်း မြင်ကွင်းတွင် မကျန်ရှိသည်အထိ ဒလဟော ပစ်ခတ်ခဲ့ကြပါ သည်။

ငံ့အာဏာရှင်တို့၏ ထုတ်ပြန်ကြေညာချက်များသည် မှသာဝါစာများသာ ဖြစ်ပြီး စစ်သားများ သေနတ်ပစ်လျှင်လည်း မိုးပေါ်ထောင်မပစ်ဘဲ မြင်မြင်သမျှ လူကြီးလူငယ် ကျားမ မရွေးဘဲ တည့်တည့်မတ်မတ် ပစ်ခတ်တတ်သည်ဆိုသော ဦးနေဝင်း၏လူသတ်ဝါဒကို ဘဝတစ်ကျော့တွင် ကြုံတွေ့ခဲ့ရပါသည်။

ကျောင်းသား လူငယ်များ သေဆုံးပြီး အမြောက်အမြား ဒဏ်ရာရသွားခဲ့သည့် ပစ်ခတ်မှုကို မကျေနပ် မရောင့်ရဲသေးသော ဦးနေဝင်းနှင့် အပေါင်းပါ စစ်အာဏာရှင်များသည် သမိုင်းဝင် တက္ကသိုလ်သမဂ္ဂအဆောက်အဦကြီးကို အတွင်းထဲရှိ ကျောင်းသားခေါင်းဆောင်များကို မဖယ်ရှားဘဲသည့်အချိန်တွင်ပင် ဖုံးခွဲခဲ့သော ယုတ်မာမှုမျိုးသည် ကမ္ဘာလောကကြီးတွင် မရှိသလောက် ရှားလှပါသည်။

အဆိုပါဖုံး ဖောက်ခွဲခဲ့ပြီး ဦးနေဝင်းနှင့် အပေါင်းပါ စစ်အာဏာရှင်များအားလုံး အစုအဝေးဖြင့် ခံစားကြရသကဲ့သို့ ဖုံးဖောက်ခွဲ၍သော်လည်းကောင်း၊ ဖုံးပေါက်ကွဲ၍သော် လည်းကောင်း၊ စစ်ဗိုလ်များအနေဖြင့် တစ်ဦးချင်းစီ အကျိုးခံစားကြရသည့်ဖုံးဖြင့် ဘဝတစ်ကျော့တွင် အကျိုးခံစားကြသူများ အကြောင်းကို အလျဉ်းသင့်၍ အောက်တွင် ဖော်ပြအပ်ပါသည်။

နဝတ၏ ယခု ကျန်းမာရေးဝန်ကြီး ဗိုလ်မှူးဟောင်း မောင်စောထွန်းသည် စစ်ထောက်လှမ်းရေး တပ်ရေးဗိုလ်ကြီး (ရေ) ဘဝ၌ ဗိုလ်တထောင်မြို့နယ်မှာ ဖုံးဖောက်ခွဲသည်ဆိုသော တရားခံတစ်ဦးအား ထောက်လှမ်းရေးနှင့် ရဲများက ဖမ်းဆီးခဲ့ကြကြောင်း၊ ဗိုလ်ကြီး စောထွန်းက ၎င်းဖမ်းမိထားသော တရားခံအား ခန္ဓာကိုယ်တွင် ဘာလက်နက် ပါလာသည်ကို မရှာဖွေဘဲ စစ်ကြောရေးလုပ်ခဲ့ကြောင်း၊ တရားခံက ခါးပိုက်ထဲတွင် ဝှက်ထားသော ခြောက်လုံးပြူး သေနတ်ကို ထုတ်၍ ပစ်ခတ်လိုက်ရာ ဗိုလ်ကြီးစောထွန်း၏ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိခဲ့ကြောင်း စသည်များကို သတင်းစာများတွင် ဖတ်ရှုခဲ့ရပါသည်။

ဗိုလ်ကြီးစောထွန်းအား မဆလအစိုးရက အင်္ဂလန်နိုင်ငံသို့ပို့ပြီး ဆေးကုသခံစေခဲ့ကာ ဗိုလ်မှူးရာထူးကို တိုးမြှင့်ပေးခဲ့ပါသည်။ နောက်ပိုင်း

[illegible] ဗိုလ်မှူးစောထွန်းအား အကောက်အခွန် ဦးစီးဌာနတွင် [illegible] ဆိုခုတစ်ဖန် မခွဲ၍ အရပ်သားဘဝသို့ကူးပြောင်း [illegible] ကြီးဌာန လက်အောက်တွင် ကောင်စစ်ဝန်ချုပ်နှင့် [illegible] ရာထူးများပင် ရရှိသွားခဲ့ပါသည်။

ဗိုလ်စောထွန်းသည် အကောက်အခွန် ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကပင် "မောင်စောထွန်း" ကလောင်အမည်ဖြင့် အကောက်အခွန်နှင့် ပတ်သက်သော ဆောင်းပါးများကို ရေးသားပြီး ယခုလည်း နဝတသတင်းစာများတွင် နဝတကောင်းကြောင်းကို ဖော်လံဖါးသည့် ဆောင်းပါးများကို ရေးသားလျက် ရှိနေပါသည်။

ဗိုလ်ကြီးစောထွန်းသည် ဗုံးပေါက်သည့်ကိစ္စနှင့် ပတ်သက်၍ ဘဝတစ်ကွေ့ ကောင်းမွန်သွား၍သာ ဘဝမပျက်ဘဲ ဝန်ကြီးရာထူးများကိုပင် ရရှိနေပါသည်။ ဦးနေဝင်းက စစ်ထောက်လှမ်းရေး မျက်မှန် ဗိုလ်မှူးချုပ် တင်ဦးနှင့်အပေါင်းပါ စစ်ထောက်လှမ်းရေး စစ်ဗိုလ်များ အားလုံးအား အလုပ် ဖြုတ်ပစ်စဉ်က ဗိုလ်ကြီးစောထွန်း၏ အထက်အရာရှိများဖြစ်ကြသော အကောက်အခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်မြင့်(ရေ) နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီး ကြည်ဆွေ (ကြည်း) အပါအဝင် စစ်ထောက်လှမ်းရေးမှ အရပ်ဘက် ဝန်ကြီးဌာနတွင် မြှုပ်နှံထားသော စစ်ဗိုလ်များအားလုံး ဝန်ထမ်းဘဝ ဆုံးရှုံးခဲ့ရပါသည်။

မျက်မှန်တင်ဦး၏ တပည့်တပန်းထဲတွင် ကံအားလျော်စွာ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်ပ မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ရောက်ရှိနေကြ၍ အလုပ်မပြုတ်သော ဗုံးအကျိုးပေးသူ မောင်စောထွန်း အပြင် ယခု ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်မှူးထွန်းငွေ(ရေ) တို့သာ ရှားရှားပါးပါး အစိုးရဝန်ထမ်းလောကတွင် ကျန်ရစ်နေပါသေးသည်။

ဗိုလ်မှူးထွန်းငွေ (ရေ) သည်လည်း ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံကာလတွင် တိုကျို မြန်မာသံရုံးတွင် ဗုံးကိစ္စနှင့် ပတ်သက်၍ အမှတ်ကောင်းကောင်း ရရှိသွားပြီး ဗုံးတန်ခိုးကြောင့်ပင် သံအမတ်ရာထူးကို ရရှိသွားခြင်းပင်ဖြစ်ပါသည်။ ယခင် မဆလ အစိုးရခေတ်တွင် ဗိုလ်မှူး ထွန်းငွေအား ပေါက်ကွဲတတ်သူနှင့် လူတကာနှင့် ခိုက်ရန်ဖြစ်ပွါးတတ်သူ ဖြစ်၍ ရှောင်ထိုးထားခဲ့ကြပါသည်။

ဗိုလ်မှူးကြီး စောထွန်းသည် တရားခံအား မရှာဖွေဘဲ စစ်ဆေးမေးမြန်းလုပ်မိ၍ သေနတ်အပစ်ခံရသည်ဟု သတင်းစာတွင် ဖတ်ခဲ့ရသည်ကိုစွဲနှင့် ပတ်သက်၍ လန့်ဒန်မြို့ မြန်မာသံရုံးသို့ အရေးကြီးပုဂ္ဂိုလ်များ ဆေးဝါးကုသရန်လာပါက ယာဉ်မောင်းရန်အတွက် သံရုံးစာရေးရာထူးဖြင့် ရောက်ရှိလာသော စစ်ထောက်လှမ်းရေးတွင် အနှစ် ၂၀ ကျော် တာဝန် ထမ်းဆောင်လာခဲ့သူ အရာခံဗိုလ် ဦးအောင်ထွန်း (လေ) အား စာရေးသူက စကားစပ်မိ၍ မေးမြန်းကြည့်မိခဲ့ဖူးပါသည်။

ဦးအောင်ထွန်းက စာရေးသူအား ဆရာတို့ယုံသလား၊ ဗုံးခွဲတဲ့ တရားခံတစ်ဦးကို နယ်မြေတွင် ဖမ်းဆီးမိစဉ်ကပင် အကြပ်တပ်သားတွေက လူတစ်ကိုယ်လုံး ရှာဖွေပြီးရှောပေါ့ ဆရာရယ်၊ ၎င်းတရားခံ အစစ်အမှန်သာဖြစ်ရင် စစ်ဆေးမဲ့ အရာရှိဆီ ရောက်တဲ့အခါ ဒီလူ အရေခွံ့ပါရင်တောင် ကံကောင်းတယ် မှတ်ရပါမယ်။ ဆရာတို့က သတင်းစာမှာ ပါတယ်ဆိုရင်ပဲ သိကြတော့တာပါပဲဟု စပ်ဖြဲဖြဲဖြင့် ဖြေကြားခဲ့ဖူးပါသည်။

ဦးအောင်ထွန်းကပင် ဆက်လက်၍ တိုင်းပြည် မတည်ငြိမ်ဖြစ်အောင် လူဆိုးလုပ်ရတာလည်း စစ်ထောက်လှမ်းရေးများပင် ဖြစ်ကြောင်း။ တိုင်းပြည် တည်တည်ငြိမ်ငြိမ်ဖြစ်အောင် လူဆိုးဖမ်းရတာလည်း ၎င်းတို့ထောက်လှမ်းရေးများပင် ဖြစ်ကြောင်း။ တစ်ခါတစ်ရံတွင် ၎င်းတို့ထောက်လှမ်းရေးများသည် ဆန္ဒပြသူ လူအုပ်ထဲသို့ဝင်ပြီး ဆဲရေးတိုင်းထွာ အကြမ်းဖက် ဖျက်ဆီးရကြောင်း။ လူအုပ်စုထဲမှ အကြမ်းဖက်နေသူ ထောက်လှမ်းရေးများအား ဖြိုခွင်းရေးတာဝန်ခံ ရဲနှင့် စစ်သားများကပင် ဝင်ရိုက် ဖမ်းဆီးပြီး နှစ်ပေါက်သုံးပေါက် ရိုက်သည့်နည်းဖြင့် လူစုခွဲကြရကြောင်း၊ သံရုံးဝန်ထမ်း ဖြစ်လာတော့ အထက်အရာရှိကြီးများ၏ ကျေးဇူးကြောင့်ပါပဲ၊ ဘုရားမတာပါပဲဟု ပြောပြခဲ့ဖူးပါသည်။

၁၉၈၃ ခုနှစ်၌ အာဇာနည်ဗိမာန်တွင် တောင်ကိုရီးယား သမ္မတကြီးနှင့်အဖွဲ့အား မြောက်ကိုးရီးယားမှ စစ်ဗိုလ်များက တိတ်တဆိတ် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်ပြီး ဗုံးခွဲသတ်ဖြတ်မှုကြီး ဖြစ်ပွားခဲ့ဖူးပါသည်။ ယင်းအချိန်တွင် ထောက်လှမ်းရေး မျက်မှန်တင်ဦးအား ဖျားဟေဟာလာဘ်စားမှုဖြင့် ဟုဆိုကာ ဖမ်းဆီးထားခါစအချိန်နှင့် ဗိုလ်မှူးကြီး သိန်းတိုးတာဝန် ထမ်းဆောင်ခါစ အချိန်ဖြစ်ခဲ့ပါသည်။

အာဇာနည် ဗိမာန် ပေါက်ကွဲမှုကြီးသည် တိုင်းပြည်လုံခြုံရေး ကျိုးပေါက်သည့်အပြင် စစ်ထောက်လှမ်းရေးများ ပေါ့ဆမှုနှင့် ဟာပေးမှုကြောင့်ဟု ဦးနေဝင်းက ယုံကြည်၍ ဗိုလ်မှူးကြီး သိန်းတိုးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် နယ်နှင်လိုက်ပြီး စစ်ထောက်လှမ်းရေး ဒုတိယ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲဆွေ အပါအဝင် ထောက်လှမ်းရေးများ အားလုံးကို အလုပ်ဖြုတ်ပစ်ခဲ့ပါသည်။

အာဇာနည်ဗိမာန်ဗုံးပေါက်၍ ဒုတိယဗိုလ်မှူးကြီး ခင်ညွှန့်သည်လည်း "နိုင်ကော်၍မြုံပေါ်ရောက်ရသည့်ပမာ" စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ရာထူးကို ထောက်လှမ်းရေး အတွေ့အကြုံဗဟုသုတ မရှိဘဲ ရရှိလာခြင်းဖြစ်ပါသည်။ ဗိုလ်ခင်ညွှန့်သည်လည်း ဗုံးပေါက်၍ ဗုံးတန်ခိုး အာဏာကြီးလာသူအဖြစ် မြန်မာ့စစ်သမိုင်းတွင် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ဗိုလ်ချုပ် ခင်ညွှန့်သည် ဗိုလ်နေဝင်း၏ထီးကိုင် ဖိနပ်ကိုင် တံခါးဖွင့် အိမ်ဖန်ဆောင် လုပ်ငန်းမျှသာ ကျွမ်းကျင်သော အညံ့စား စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးသာ ဖြစ်သောကြောင့် 'ဗုံးတစ်လုံးကွဲပြီဆိုပါက လုံခြုံရေး ကျိုးပေါက်၍သာ ကွဲသည်ဟုဆိုကာ ငြင်း၍မရကြောင်း' ၎င်း၏လက်ထောက်ဗိုလ်မှူးကြီး ကျော်ဝင်းမှတဆင့် သတင်းစာ ရှင်းလင်းပွဲတွင် ဝန်ခံထားပြီး ဖြစ်ပါသည်။

နဝတဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေသာ ဦးနေဝင်းကဲ့သို့ ဩဇာအာဏာရှိသော စစ်အာဏာရှင်ဆိုးလျှင်သော်လည်းကောင်း (သို့မဟုတ်) နဝတအဖွဲ့သည် မဆလအစိုးရကဲ့သို့ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းကို အသုံးပြုလျှင်သော်လည်းကောင်း လုံခြုံရေး ကျိုးပေါက်ရာတွင် တာဝန်ရှိသော ဗိုလ်ချုပ်ခင်ညွှန့် နှင့် အပေါင်းပါ ထောက်လှမ်းရေး အကြီးအကဲများအား နိုင်ငံတော် လုံခြုံရေးတာဝန်မှ ဖယ်ရှားပစ်ကြရမည် ဖြစ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ ဗုံး၏အကျိုးကျေးဇူးကို ခံစားနေကြရသော ဗိုလ်ချုပ်ခင်ညွှန့်သည် ဗုံးကိုအသုံးချ၍ နဝတ ဥက္ကဋ္ဌရာထူးကို ရရှိရန် ကြံစည်နေဦးမည် ဖြစ်ပါသည်။

Voice Of Burma ၁၉၉၇၊ မေမော်ဝါရီလ

❖

# ကုသိုလ်လိုလို ဘာလိုလို အပိုမလုပ်နဲ့

ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနာပြု ဗုဒ္ဓဓမ္မရေဝတ မြောင်းမြ (အင်္ဂလန်) ဆရာတော်ဘုရားကြီး၊ ဗုဒ္ဓဓမ္မဉာဏိက မဟာထေရ်ကြီး ပျံလွန်တော်မမူမီ ခြံပျံလွန်တော်မူသည့်အခါ "ကုသိုလ်လိုလို ဘာလိုလို အပိုမလုပ်နဲ့" ဆိုသည့် ဩဝါဒပါသော သံဝေဂလင်္ကာကို ပရိသတ်များအား ဝေငှပြီးလျှင် လင်္ကာများနှင့်အညီ မိမိ၏ အဂ္ဂိရျာပန အခမ်းအနားကို ကျင်းပပြုလုပ်ကြရန် မိန့်မှာသွားခဲ့ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် မင်းမူ ဆိုးမိုးနေကြသော နဝတ စစ်ဗိုလ်တစ်စုနှင့် အပေါင်းပါ ပုဆိန်ရိုး သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြုမူဆောင်ရွက်ချက်များကို အထက်ပါလင်္ကာနှင့် ဆက်စပ်တွေးတောပြီး အများပြည်သူနှင့် ရဟန်းသံဃာတော်များအား အမြင်ရှင်းလင်းလာစေရန် အောက်ပါဖြစ်ရပ်တချို့ကို ဖော်ပြလိုက်ရပါသည်။

နဝတ စစ်ဝါဒီ တစ်စုတို့သည် ၁၉၈၈ ခုနှစ်တွင် စစ်အာဏာဖြင့် ဥပဒေမဲ့ တိုင်းပြည်ကို ပြန်လည်အုပ်ချုပ်ရာတွင် စစ်ဝါဒီတို့၏ ဖခင်ကြီး ဦးနေဝင်း၏ ဘုရားတရားမရှိသော၊ 'လူသာပဓါန' ဖြစ်သော' မြန်မာ့ဆိုရှယ်လစ်ဝါဒ'ကို ပြည်သူအပေါင်းနှင့် ရဟန်းသံဃာတော်များက လက်မခံတော့ကြောင်းကို သဘောပေါက်သွားခဲ့ပါသည်။

စစ်ဗိုလ်များသည် ၎င်းတို့၏သွေးစွန်းနေသောလက်များကို ဆေးကြောပြီး ဘုရားတရားတော်များကို ကြည်ညို ကိုးကွယ်သယောင်ဆောင်

အယောင်ဆောင်ကာ ဘုန်းကြီးလူထွက် ဦးအုံမောင်အား သာသနာရေးဦးစီး ဌာနတွင် ညွှန်ကြားရေးမှူးချုပ် ရာထူးကိုပေးခဲ့ပြီး နိုင်ငံတော် ဘဏ္ဍာငွေများ ကို ဒလေဟာဖြုန်း၊ အလံခြူးဝယ်၍ရသော ရဟန်းတချို့နှင့် စည်းဝါးရိုက် လျက် "ဒကာ စစ်ဗိုလ်ချုပ်တွေဟာ ကယ်တင်ရှင် ကြောမင်းတွေပါပဲ" ဆိုသော ဂုဏ်ပုဒ်ကိုပင် ဖန်တီးလိုက်ကြပြန်ပါသည်။

ဦးအုံမောင်နှင့် ထောက်လှမ်းရေးတချို့၏ လှုံ့ကဲသော မြှောက်ပင့်မှု ကြောင့် ယနေ့ မြန်မာပြည်သူလူထု အပေါင်းတို့သည် စစ်ဗိုလ်ဆိုးများအား လက်အုပ်ချီ ကန်တော့နေကြရရှာပါသည်။ သခင်မျိုးဟော ဒို့ဗမာ လူမျိုးများ သည် သူ့ကျွန်ဘဝတွင်ပင် အင်္ဂလိပ်ဘုရင်ခံအား ဒူးညွတ်၍ အရိုအသေပေးရ သည်ကိုပင် တော်လှန်ခဲ့ဖူးပါသည်။

နဝတ စစ်ဗိုလ်များသည် စစ်ယူနီဖောင်း ဝတ်ပြီး မြောက်ထိုးကာ အလုပ်ချိန်ဖြစ်သော တနင်္လာနေ့မှ သောကြာနေ့များတွင် ကျောင်းကန် ဘုရားများ သွားလေ့ရှိကြပြီး အများပြည်သူ အားလပ်ရပ်ဖြစ်သည့် စနေနှင့် တနင်္ဂနွေနေ့များတွင် ဂေါက်ရိုက်ကစားခြင်းနှင့် အပျော်အပါး ကိစ္စများကို ဆောင်ရွက်လေ့ ရှိကြပါသည်။ (လုပ်သားပြည်သူ အပေါင်းတို့သည်လည်း ကြောမင်း စစ်ဗိုလ်များနည်းအတူ ဘုရားတရား အလုပ်ကို အစိုးရ ရုံးချိန် အတွင်း ပြုလုပ်ပါက ကုန်ထုတ်စွမ်းအား ချွတ်ခြုံကျလာပြီး "ကုသိုလ်လိုလို ဘာလိုလို အပိုလုပ်နေသော စစ်ဗိုလ်များသည်လည်း ချောက်ထဲသို့ ကျသွား နိုင်ပါသည်)

နဝတ စစ်ဗိုလ်များ လောကတွင် ဘုရားသခင် ရှေ့မှောက်တွင်ပင် လူ့အခွင့်အရေးတန်းတူ မရကြဘဲ ဘုရားကန်တော့ရန် နေရာယူသည်ကအစ ဝါဆို သင်္ကန်းကပ်ကြသည်အဆုံး နဝတအဖွဲ့ဝင် ရာထူးကြီးငယ်အလိုက် နေရာယူကြရပါသည်။ စစ်ဗိုလ်မယားများသည်ပင်လျှင် နဝတအဖွဲ့ ရာထူး အဆင့်အတိုင်း နေရာယူကြရပါသည်။

ဥပမာအားဖြင့် ဗိုလ်မှူးကြီးအတု ဝန်ကြီးဒေါက်တာဖေသိန်း၏ ဇနီး ပါမောက္ခ ဒေါက်တာ ကြူကြူဆွေနှင့် ဒုတိယ ဝန်ကြီးချုပ်နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်၏ ဇနီး ပါရဂူ ဒေါက်တာ ဒေါ်နန်းဦးတို့သည်

ဗိုလ်ချုပ်ခင်ညွန့်၏နေအိမ် သာမာန်ဆရာဝန်မ ဒေါက်တာခင်ဝင်းရွှေ၏ နောက်တန်းတွင်ထိုင်ပြီး ဘုရားကန်တော့ရရှာပါသည်။

ယနေ့မျက်မှောက် ၁၉၉၇ ခုနှစ်တွင် ကြေးမင်း စစ်ဗိုလ်အရိုင်းသည်လည်း နိုင်ငံတော်အာဏာကို စစ်တပ်က ခဏ အာဏာသိမ်းထားရပါသည် ဆိုသော အချိန်အခါကာလကို မေ့လျော့ပြီး ခိုးမဝ ဆိုးမဝ လောဘရမ္မက်တက်သထက် တက်လာကြပြီး စစ်တပ်အာဏာမဟုတ်တော့ဘဲ ဘိန်းဘုရင်များနှင့် နဝတစစ်ဗိုလ်တချို့၏ မိုးမမြင် လေမမြင် ဖက်စပ်အာဏာရှင်သန်နေသော ကာလဆိုးကြီး ဖြစ်နေပါသည်။

ဝိနည်းတရားတော်ကို အလွန်တန်ဖိုးထားသော ဆရာတော်ကြီးများအတွက် "ရဟန်းစားအပ်သော ဆွမ်းတစ်နပ် မြန်မာပြည်မှာ မရှိတော့ပါဘူး။ မစင်ကြယ်တဲ့ ဝင်ငွေရှိနေသူ စစ်ဗိုလ်တစ်စုနှင့် ဘိန်းဘုရင်များရဲ့ မကြာခဏ ဆွမ်းပင့်ကျွေးတာတို့၊ အလှူငွေပေးတာတို့ကို လက်မခံလည်းအခက်၊ လက်ခံလည်းအခက်၊ လက်ခံလည်း သိက္ခာပျက်နဲ့ ပြည်သူလူထု အများစုမှာတော့ အတော်ဆင်းရဲ ဒုက္ခရောက်နေကြပါတယ်"ဟု မြန်မာပြည်သို့ ခေတ္တကြွရောက်လာသော ဘုန်းတော်ကြီးများ၏ အဆိုအမိန့်များကို ကြားသိနေပါသည်။

ပိုမို၍ပင် ဆိုးဝါးလာသည့်အချက်များမှာ ၁၉၄၀ ပြည့်နှစ် အင်္ဂလိပ်အစိုးရ လက်ထက်မှစ၍ တပေါင်းလတိုင်း၌ ပုံမှန် ပြုလုပ်လာသော အစိုးရ ဓမ္မာစရိယနှင့် ပါဠိ ပထမပြန် စာမေးပွဲကြီး နှစ်ရပ်ကို ၁၉၉၇ ခုနှစ်တွင် မကျင်းပနိုင်ခဲ့ကြောင်း။ စာမေးပွဲဖြေဆိုရန် နယ်ပေါင်းစုံမှ သံဃာတော်များသည် စာဖြေဌာနရှိရာ မြို့ကြီးများသို့ စရိတ်စက အကုန်ခံပြီး ရောက်ရှိနေပြီးမှ မကျင်းပတော့ဟု အမိန့်ထုတ်လိုက်သောကြောင့် ရဟန်းသံဃာ (၃၀၀၀၀)ကျော် ဖြေဆိုနေကြ စာမေးပွဲကြီးများကို ကျင်းပရန် ပျက်ကွက်သောကြောင့် ကျင်းပပေးရန် တင်ပြတောင်းဆိုသည့် သံဃာတော်များအားလည်း ဖမ်းဆီးထောင်ချနေပြန်ကြောင်း၊ သံဃာတော်များအတွက် သင်ရိုးညွှန်းတမ်း ကုန်အောင် ပြည့်ပြည့်စုံစုံ သင်ပေးနိုင်သော စာသင်တိုက်များလည်း နည်းပါးလာကြောင်း၊ စာသင်တိုက်များတွင်လည်း ဆွမ်းဆန်ကအစ မပြည့်စုံတော့ကြောင်း၊ ယခင်နှစ်များက ရောဝတီတိုင်း တယက ဥက္ကဋ္ဌ

ဗိုလ်ချုပ် ညွှန့်တင်က သံဃာတော်များ ကောင်းဆို၍ စာသင်တိုက်များသို့ ဆန် လှူဒါန်းခဲ့သော်လည်း ဆန်ကျိုး ဆန်ညံ့ ဆန်အောက်များ ဖြစ်နေ၍ လွှင့်ပစ်ကြရကြောင်း၊ ရဟန်းတစ်ချို့က ငှင်းတို့ ဘဝမှာ တက်လမ်းမရှိတော့ ပါဘူးဟု စိတ်ပေါက်ကျပြီး လူထွက်သွားကြသည်များလည်း များပြားလာ ကြောင်း စသည့် ပရိယတ္တိ သာသနာ ဆုတ်ယုတ်လာခြင်းများပင် ဖြစ်ပါ သည်။

မြန်မာနိုင်ငံတော်သာသနာတော်သည် ယခင် ဒီမိုကရေစီ အစိုးရ ခေတ်များတွင် သင်္ဂါယနာ နှစ်တန်ဖြစ်သော ပဥ္စမ သင်္ဂါယနာနှင့် ဆဋ္ဌသင်္ဂါ ယနာကို ဦးဆောင် ကျင်းပနိုင်ခဲ့သဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများတွင် အထွဋ်အထိပ်နေရာကို အရယူနိုင်ခဲ့ပြီး ရဟန်းသံဃာတော် အများဆုံးရှိကာ အရှေ့တောင်အာရှတွင် တိုင်းပြည်ကြီးတပြည်အဖြစ် ကျော်ကြားခဲ့ဖူးပါသည်။ ဘုရားသားတော် ရဟန်းသံဃာတော်များအတွက် သီလ သမာဓိနှင့် ပညာ သိက္ခာသုံးရပ်စလုံးကို ဖြည့်ဆည်း ပြည့်စုံစေသော ဓမ္မာစရိယနှင့် ပါဠိ ပထမပြန်စာမေးပွဲများကို ဦးစီးကျင်းပပေးနေသော နဝတအစိုးရ သာသနာ ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဘုန်းကြီး လူထွက် ဦးအုံ့မောင် (ဦးအာဒိစ္စ)သည် ၁၉၉၅ ခုနှစ်က ပြုလုပ်ကျင်းပသည့် အစိုးရစာမေးပွဲ မေးခွန်းလွှာများကို သိန်း (၂၀) ကျော်ဖြင့် ရောင်းစားခဲ့ဖူးပါသည်။

ဦးအုံ့မောင်၏ လက်ရှိရာထူးအပြင် အမျိုးသားညီလာခံမှ နိုင်ငံ့ ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင် ရာထူးကိုပါ ထိခိုက်လာ မည်ကိုသိသော နဝတအစိုးရ၏စစ်ဆေးရေးအဖွဲ့က ညောင်လေး ပင်မြို့နယ်၏ သာသနာရေးအရာရှိကြောင့်သာ စာမေးပွဲ မေးခွန်းလွှာများ ပေါက်ကြားခဲ့ရသည်ဟု ဆင်သေကို ဆိတ်ရေနှင့် ဖုံးခဲ့ကြရပါသည်။

ယင်းအချိန်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ညီလာခံ ကိုယ်စား လှယ်များသည်လည်း ညီလာခံမှ ထွက်ခွါလာချိန်နှင့် တိုက်ဆိုင်သွားပြီး ဦးအုံ့မောင်အားလည်း ထုတ်ပယ်ပစ်ရပါက ဗို၍ ညီလာခံတွင် ရုတ်ရုတ် ယက်ယက် ဖြစ်သွားမည်ကို နဝတအနေဖြင့် မလိုလား၍ ဦးအုံ့မောင် သက်သာသွားခဲ့ခြင်း ဖြစ်ပါသည်။

ဦးအုံးမောင်သည် ယခင်နှစ်က ပျံလွန်တော်မူသွားသော ရန်ကုန်တိုင်း နိုင်ငံတော် သံဃာနာယက အဖွဲ့ ဥက္ကဋ္ဌ ဦးကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ကြီးနှင့်အတူ ရန်ကုန်တိုင်း ကင်းဘဲ့လမ်းတွင် ရတနာပုံ တည်းခို ခန်းကို တည်ထောင်ထားကြပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသွား၍ ဆရာတော်ကြီး၏ ဆွေမျိုးသားချင်းများအား တစ်ပြားတစ်ချပ်မျှ ခွဲဝေမပေးဘဲ ဦးအုံးမောင်က မောင်ပိုင် စီးသွားခဲ့ပါသည်။ လူလည် ဦးအုံးမောင်သည် ယခုအခါ ဧရာဝတီတိုင်းမှ စစ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်တင်နှင့် ခမည်းခမက် တော်သွားပြီ ဖြစ်၍ ပို၍ပင် ရိုက်စားကွက် ရရှိနေပြန်ပါသည်။

နဝတ အဖွဲ့ဝင် စစ်ဗိုလ်များက ပရိယတ္တိ သာသနာတော် တည်တံ့နေ သမျှ ကာလပတ်လုံး ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာ နှစ်ရပ်တို့ တည်တံ့နေ မည်သာဖြစ်ကြောင်းကို လူကြားကောင်းရုံမျှသာ ပြောဆိုနေကြပြီး လက်တွေ့ ဘဝတွင် ပရိယတ္တိ သာသနာတော်ကြီးကို တည်တံ့ခိုင်မြဲ စည်ပင် ပြန့်ပွား တိုးတက်အောင် စွမ်းဆောင်နိုင်သော ရဟန်းသံဃာတော်များ၏ ဝိနည်း တရားတော်ကို စောင့်ထိန်းကြသည့် ရဟန်းအစစ်၊ သံဃာအစစ်များကို နည်းမျိုးစုံဖြင့် ဘေးဖယ်ပစ်ပြီး ငွေကြေးကြောင့် ဝယ်၍ရသော ရဟန်းအတု သံဃာအတုများကိုသာ ရှေးတန်းသို့တင်ထားကြပါသည်။

စာပေကျွမ်းဂန်တတ်ပြီး ဝိနည်းတရားတော်ကို စောင့်ထိန်းသော ရဟန်းအစစ်၊ သံဃာအစစ် များကသာ သာသနာတော် တိုးတက် တည်တံ့ ခိုင်မာရေးကို စွမ်းဆောင်နိုင်ပါသည်။ အရပ်စကားနှင့် ပြောဆိုရပါမူ တိုင်း ပြည်နှင့် အမျိုးဘာသာ သာသနာတော်ကို တည်တံ့ခိုင်မာရေးသည် လူသား အရင်းအမြစ်၊ လူသားအရည်အချင်းနှင့် လူသားတဦးချင်းစီ၏ ဖွံ့ဖြိုး တိုးတက်မှု စသည်များသာ အဓိက ဖြစ်ပါသည်။

နဝတခေတ် မြန်မာနိုင်ငံတော်ကြီးတွင် အနာဂတ်တိုင်းပြည်နှင့် သာ သနာတော်ကို တာဝန်ယူကြရမည့် ကျောင်းသား လူငယ်များ၏ ပညာရေး အဆင့်အတန်း နိမ့်ကျလျက်ရှိပြီး ကျောင်းများ မဖွင့်နိုင်ခြင်း၊ မကြာခဏ အပိတ်ခံရခြင်း စာမေးပွဲများကို လွယ်လွယ်နှင့် ပြီးစလွယ် အအောင်ပေးခြင်း စသည်များအပြင် သာသနာတော်ကို စောင့်ရှောက်မည့် ရဟန်းသံဃာများ၏

စာသင်တိုက်များ ရှားပါးပြီး အဆင့်အတန်း နိမ့်ကျလာခြင်း။ ပရိယတ္တိစာမေးပွဲများ၏ မေးခွန်းများကိုပင် ရောင်းစား၍ စီးပွါးရှာနေကြခြင်း၊ သာသနာ့စောင့် စာမေးပွဲကြီးများကိုပင် ပုံမှန် မကျင်းပနိုင်ခြင်း စသည့် ကပ်ကြီးဆိုက်လျက် ရှိနေပါသည်။

အဆိုပါ ကပ်ကြီးများမှ ကျော်လွှားနိုင်ရန်အတွက် စစ်ယူနီဖောင်းဝတ်ပြီး ဖြောက်ထိုးကာ အများပြည်သူ အလုပ်လုပ်ချိန်တွင် ဝန်ထမ်းချင်းအတူတူ တလုံးပို့ရှူ၍ ကျောင်းကန် ဘုရားများတွင် နိုးရာပါ ပစ္စည်းများကို ဒါနပြုနေကြသော နဝတ စစ်ဗိုလ်ဆိုးတစ်စုအား 'ကုသိုလ်လိုလို ဘာလိုလို အပိုမလုပ်နဲ့' ဟု ရဟာန်းရှင်လူ ပြည်သူအပေါင်းက ဟန့်တားကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။

မော်ပြိုင်၊ ဇော်တင်ဘာလ ၁၉၉၇

❖

# စစ်ဗိုလ်တွေဝရင် ပြည်သူတွေ စားရလိမ့်မယ်

၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့၌ နယူးယောက်မြို့ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံးကြီးရှေ့ UNDP ရုံးတွင် အလုပ်လုပ်ကိုင်နေသည့် မိတ်ဆွေတစ်ဦးက နေ့လယ်စာ ဖိတ်ကျွေးရာတွင် စာရေးသူနှင့် သိကျွမ်းခဲ့ဖူးသော ဒေါက်တာအောင်ထွန်းသက်လည်း ပါမည်ဆို၍ ဝမ်းသာမိပါသည်။ စာရေးသူနှင့် စာရေးသူ တည်းခိုနေထိုင်သည့် အိမ်ရှင် ရခိုင်အမျိုးသား နယူးယောက် တက္ကသိုလ်မှ သမိုင်းပညာရှင် ပါမောက္ခနှင့်အတူ လာမှသာ တက်ရောက်မည် ဖြစ်၍ ၎င်းကိုလည်း ဖိတ်ကြားရန် မိတ်ဆွေအား ကြိုတင်ပြောဆိုပြီး ပါမောက္ခကိုလည်း လမ်းညွှန်လိုက်ခဲ့ပါရန် ပြောကြားရပြန်ပါသည်။ "ကျွန်တော် လိုက်တော့ လိုက်ခဲ့မယ်။ ဒါပေမဲ့ အစ်ကိုတို့ စကားဝိုင်းမှာ ကျွန်တော် ဘာမှ ဝင်မပြောချင်ဘူး။ နားထောင်ရုံနဲ့ စားရုံပဲ လိုက်ခဲ့မယ်"ဟု ဖွင့်ဟပြီး အဖော်အဖြစ် လိုက်ပါလာခဲ့ပါသည်။

နယူးယောက်မြို့ရှိ ကမ္ဘာ့ ကုလသမဂ္ဂ ရုံးကြီးတွင် မြန်မာနိုင်ငံသား ၉၀ ခန့် အလုပ်လုပ်နေကြကြောင်း၊ မြန်မာအသင်းအဖွဲ့ပင်ရှိကြောင်း၊ သို့ရာတွင် ပုဂ္ဂိုလ်အချို့သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ နိုင်ငံဖြစ်ပေါ်လာရေး အတွက် အစည်းအဝေး ဟောပြောပွဲများကို တက်သာတက်ကြပြီး နဝတ စစ်အစိုးရနှင့် မြန်မာသံရုံးများကို ပုတ်ခတ် ပြောဆိုမှုများ မပြုလုပ်ကြရန် ပြောဆိုလေ့ ရှိကြကြောင်း။ ထိုသူတို့သည် လူနပ်ချမ်းသာစာရင်းဝင်

ပညာတတ် အချောင်သမားများ ဖြစ်ကြကြောင်း စသည်ဖြင့် အမေရိကန်နိုင်ငံတွင် နေထိုင်လျက် ရှိကြသော နိုင်ငံရေး မိတ်ဆွေများထံမှ သိရှိရပါသည်။

ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီး အနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ချိုးဖောက် ပိတ်ပင်နေသော မြန်မာနိုင်ငံ စစ်အစိုးရအား အကြိမ်ကြိမ်ရှုံ့ချ အရေးယူလျက် ရှိသော်လည်း ကုလသမဂ္ဂအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာနိုင်ငံသားများသည် နီးရာဓါးကို ကြောက်နေကြရသည်မှာ မြန်မာနိုင်ငံကူး လက်မှတ်ကို ကိုင်ဆောင်ထားရ၍ တကြောင်း၊ မြန်မာနိုင်ငံတွင် ငုံ့ညှာထောက်ထားစရာ မိဘဆွေမျိုးများ ကျန် ရှိနေသေး၍ တကြောင်းတို့ကြောင့် ကြောက်ရွံ့နေကြရပြီး စစ်အာဏာရှင်ဆန့်ကျင်ရေး တိုက်ပွဲတွင် ထင်ထင်ပေါ်ပေါ် မပါရဲ၊ မလုပ်ရဲသည်ကိုတော့ စာရေးသူအနေဖြင့် စစ်အာဏာရှင်များ၏ နိုင်ရာကိုကိုင်တတ်သည့် အကျင့်ကို သိရှိပြီးဖြစ်၍ အပြစ်ဆိုရန် မဝံ့မရဲ ဖြစ်မိပါသည်။

သို့ရာတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ရပိုင်ခွင့်များကို ဦးဆောင် ဦးရွက်ပြုနေသော ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီး၏ ထမင်းကိုစားပြီး နဝတ စစ်အစိုးရအလိုတော်ရိ ဒေါက်တိုင်အဖြစ်တမျိုး၊ မျက်နှာဖြူ မျက်နှာမဲ နိုင်ငံခြားသားများရှေ့တွင် မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် ဦးဆောင် ဦးရွက် ပြုနေသည်ဟု တစ်ဖုံ။ အမျိုးမျိုးအဖုံဖုံ တစ်ဝမ်းတစ်ခါးအတွက် လုပ်စားသူ အချောင်သမားခွတုတ်များကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးတွင် အထွေထွေ အတွင်းရေးမှူးချုပ်ကြီးအဖြစ် ထင်ပေါ်ကျော်ကြားခဲ့သည့် ဦးသန့်နှင့် မြန်မာများ၏ သီလ သမာဓိ ကိုယ်ကျင့်တရား ရိုးသားဖြောင့်မတ်သည့် ဂုဏ်သိက္ခာ စသည်များကို ထိပါးလာစေနိုင်သော အပြုအမူများအား မြန်မာနိုင်ငံသား ကုလသမဂ္ဂ ဝန်ထမ်းများအနေဖြင့် ရှောင်ကျဉ်သင့်သည်ဟု ယူဆမိပါသည်။

စာရေးသူတို့၏ နေ့လယ်စာ စားပွဲ၌ ကုလသမဂ္ဂတွင် အကြီးအကဲ ရာထူးကိုရရှိနေသော ဒေါက်တာ အောင်ထွန်းသက်က ငွေနှင့် ဓန စီးပွါးရေး မဂ္ဂဇင်းမှဝင်းဖျော့တို့ အမေးအဖြေ ပြုလုပ်ခဲ့ကြသည့် 'ဒေါက်တာ အောင်ထွန်း သက်နှင့်တွေ့ဆုံခြင်း' (၁၉၉၇ ခုနှစ် ဇွန်လထုတ်) ဆောင်းပါးကို မိတ္တူကူး ယူပြီး ဝေငှပါသည်။ စီးပွါးရေး ပညာရှင် ဒေါက်တာ အောင်ထွန်းသက်၏

"နိုင်ငံများ၏ စီးပွါးရေးအရ ဖွံ့ဖြိုးတိုးတက်မှုထက် လူသားတစ်ဦးချင်းစီ ဖွံ့ဖြိုးတိုးတက်မှုက ပိုမိုအရေးပါမှု" (Economic growth နှင့် Human development) ရှင်းလင်းချက်များသည် မြန်မာနိုင်ငံသားများအတွက် အရေးကြီးလှပါသည်။

လူသားတဦးချင်းစီ၏ ဖွံ့ဖြိုးမှု(Human development)ကို တိုင်းတာရာတွင် (၁)လူ့ဘဝသက်တမ်း (human expectancy) (၂) ပညာရေးအဆင့်အတန်း(Education level)နှင့် (၃) ဝင်ငွေ (ဝါ) ဝယ်လိုအား (Purchasing power) စသည့် ပေတံသုံးချောင်းဖြစ်သည့် လူသားဖွံ့ဖြိုးမှုညွှန်ကိန်း (HDI Human Development Index) နှင့် တိုင်းတာနိုင်ပုံများ၊ လူများတွင် အရေးအကြီးဆုံးအရာသည် အသက်ရှင်ရေး၊ ပညာရေးနှင့် စီးပွားရေးသာ အဓိကဖြစ်နေပုံများသည် မြန်မာနိုင်ငံတွင် အုပ်ချုပ်မင်းမူနေသော စစ်အာဏာရှင်များအနေဖြင့် မိမိနိုင်ငံရှိ ပြည်သူများ၏ ဘဝအခြေအနေများကို ပြန်လည် အကဲခတ်တိုင်းတာသင့်သော အချက်အလက်ကောင်းများပင် ဖြစ်ပါသည်။

နေ့လယ်စာ စားပွဲတွင် စား၍သော်လည်းကောင်း၊ ပြော၍လည်းကောင်း၊ အကောင်းပေါင်းစုံ အဆုံးပိုင်းတွင် စာရေးသူနှင့်အတူ ပါလာသည့် နယူးယောက် တက္ကသိုလ်မှ သမိုင်းပါမောက္ခက စာရေးသူတို့ စကားဝိုင်းတွင် ဘာမှ ဝင်မပြောပါဘူးဟု ကိုယ့်ကိုယ်ကို အာမဘာန္တေခံလာပြီး ယခင်ဘဝဟောင်းက ရန်ကုန်တက္ကသိုလ်နှင့် စီးပွါးရေး တက္ကသိုလ်မှ ကထိကများအချင်းချင်းလည်း ဖြစ်ကြသောကြောင့် ရင်းရင်းနှီးနှီး မေးခွန်းထုတ်ပါတော့သည်။

"ဒေါက်တာ အောင်ထွန်းသက် ခင်ဗျား၊ မြန်မာလူမျိုးတွေ ဘယ်တော့ ကောင်းစားကြမလဲ၊ ခင်ဗျားတို့ စီးပွါးရေး ပညာရှင်တွေက ဘယ်လိုမြင်ပါသလဲ၊ ပြောဗျာ။ အားမနာပါနဲ့ပြောဗျာ" ဟု အဖြေမရမချင်း အားမနာ ပါးမနာ ရခိုင်သားပီပီ ရင်ထဲရှိသမျှ ဖွင့်ဟ မေးမြန်းနေပါသည်။

ဒေါက်တာ အောင်ထွန်းသက်၏ အဖြေကတော့ မဆလခေတ်နှင့် တရင်တော့ နိုင်ငံမှာစီးပွါးရေး ပြောင်းလဲတိုးတက်မှုတွေ ရှိပါတယ်။ ၄င်းတို့ စီးပွါးရေး တက္ကသိုလ်က ဆရာတွေဆိုရင် စီးပွါးရေး စာတမ်းတွေ ဘာတွေ

ရေးပေးရလို့ တချို့ကားတွေ ဘာတွေ စီးလာနိုင်ကြတယ်။ တဖြည်းဖြည်း ပြည်သူ့အလှည့် ရောက်လာပါလိမ့်မယ်။ "စစ်ဗိုလ်တွေ စားလို့ဝရင် ပြည်သူတွေ စားရပါလိမ့်မယ်" ဟူ၍ပင် ဖြစ်ပါသည်။

စာရေးသူ၏ မိတ်ဆွေ ပါမောက္ခသည် "စီးပွါးရေး တက္ကသိုလ်က ဆရာတွေ စားနေရပြီ။ စစ်ဗိုလ်တွေဝရင် လျှံလာလိမ့်မယ်။ ပြည်သူတွေ စားရလိမ့်မယ်" ဆိုသော စီးပွါးရေး ပညာရှင် ဒေါက်တာ အောင်ထွန်းသက်၏စကားကို ဘဝင်မကျရုံမျှမက အခြားတက္ကသိုလ်က ဆရာတွေ ငတ်နေကြတယ်။ ပြည်သူလူထုကြီး တစ်ရပ်လုံး ဆင်းရဲမွဲတေနေကြတယ်။ နဝတ တာဝန်နှင့် မနီးစပ်သော၊ စစ်ရေးတာဝန် သက်သက် ထမ်းဆောင်နေကြသော စစ်ဗိုလ်စစ်သား အများအပြား ဆင်းရဲနေကြတယ် စသည်များကို ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ရုံမျှသာ မကတော့ဘဲ ဒေါက်တာ အောင်ထွန်းသက်၏ လူသားဖွံ့ဖြိုးမှုဇယား ပေတံသုံးချောင်းဖြင့် မြန်မာလူမျိုးများ၏ လူ့ဘဝသက်တမ်း၊ ပညာရေးအဆင့်နှင့် ဝင်ငွေ (ဝါ) ဝယ်လိုအားများကို တွေးတောတိုင်းတာရင်း နယူးယောက်မြို့ ၏ ပွဲပြင်းလှသော နွေရာသီဒဏ်နှင့် "စစ်ဗိုလ်တွေဝရင် ပြည်သူတွေ စားရလိမ့်မယ်" ဆိုသော စီးပွါးရေး ပညာရှင်၏ တွက်ကိန်းများသည် စာရေးသူ၏ ရင်ထဲတွင် ပူလောင်လျက် ရှိနေခဲ့ပါသည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် နဝတ (နေဝင်းတပ်) ဗိုလ်ချုပ်ကြီး အများစုသည် စား၍ပင် ဝသွားကြပြီလား။ စားပိုးနင့်သွားတာများလား။ စားသွားသည့်အချိန်ကာလသည် ၉ နှစ် ကြာညောင်းခဲ့ပါသည်။ စစ်အာဏာရှင်တို့၏ အဖေကြီး ဗိုလ်နေဝင်းသည် ၂၆ နှစ်ကြာ စားသွားခဲ့ပါသည်။ ယခုအသစ်ဖွဲ့စည်းသည့် နအဖ (နေဝင်းအဖွဲ့) ဗိုလ်ချုပ်ကလေးများသည် အားကောင်းမောင်းသန် အရွယ်ကလေးများဖြစ်၍ ဘယ်လောက် ဆက်စားကြဦးမည်နည်း။ ပြည်သူများ စားရမည့် အလှည့်ရောက်သည့် အချိန်အခါတွင် မြန်မာပြည်၌ ဒန့်ကျဲရွက်ပင် ကျန်ပါ့မလား။

ယခင် နဝတ ခေတ်တွင် နဝတ ဗိုလ်ချုပ်ကြီးများ ရိုက်စားသွား၍ သားငါး သစ်ပင်များပင် မကျန်တော့ပါကလား။ ငါးပိ ငါးခြောက် ဈေးအလွန်ကြီး၍ ထမင်းနှင့် အသက်အန္တရာယ်ရှိသော ဟင်းချိုမှုန့်ကို ဖြူး

သားနယ်စားနေရသော ပြည်သူလူထု၏ စားဝတ်နေရေးဘဝကို စီးပွါးရေး မဏ္ဍိုင်းများတွင် ဖတ်ရှုနေရပါပကောလား။

စာရေးသူ၏ တွက်ကိန်းကတော့ ရိုးရိုးရှင်းရှင်း၊ ရှေးပညာရှင်များ အတွေးအခေါ်အတိုင်းပင် ဖြစ်ပါသည်။ လူကောင်းသူကောင်းတွေ ကြောက် ဝိတ်ဝင်နေသမျှတော့ စိုးမိုးချယ်လှယ်နေသူ လူဆိုးသူနိုး စစ်ဗိုလ် အင်အား ရှိပြီး ဆက်ကာဆက်ကာ စားနေ ဝါးနေကြဦးမည်သာ ဖြစ်ပါသည်။

**Voice of Burma ဒီဇင်ဘာ ၁၉၉၇**

❖

# ရွှေရတု အလွမ်း

၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ဒေါ်ရွှေမာရဲ့ အနှစ် ၅၀ မြောက်မွေးနေ့။ နှစ်ပတ်လည်နေ့များကို ဂုဏ်ပြုတင်စားသူများ၏ အခေါ်အဝေါ်ဖြင့် ဆိုရသော် ရွှေရတုမွေးနေ့ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် ဒေါ်ရွှေမာ မွေးနေ့။ လွန်ခဲ့သော အနှစ်ငါးဆယ်။ စာရေးသူ၏ အသက်အရွယ်က ၇ နှစ်ကျော် ၈ နှစ်သား အရွယ်။ တစ်မျိုးသားလုံး ပျော်မဆုံး မော်မဆုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့တဲ့ အမျိုးသား အောင်ပွဲကြီးမှာ ကိုယ်တွေ့ကြုံဖူးသူများ အားလုံး ပျော်တပြုံးပြုံးနဲ့ ပီတိများစွာ ဖြစ်ခဲ့ကြပါတယ်။ အဲဒီ ခံစားခဲ့ဖူးတဲ့ ကာလေးဘဝက ပျော်ရွှင်ကြည်နူးခဲ့ဖူးသော အရသာဟာ ယနေ့အချိန်ကာလမှာ အရိုးကို အရွက်ဖုံးသွားပြီ ဖြစ်ပါတယ်။ ကြီးမားလှတဲ့ ကုန်ဈေးနှုန်းနဲ့ ရှို့တဲ့လှတဲ့ လူ့အခွင့်အရေးဟာ အရိုးတင်မကတော့ပါဘူး။ တမျိုးသားလုံးရဲ့ပျော်ရွှင် ချမ်းမြေ့ခဲ့တဲ့ ဘဝကို အနိဋ္ဌာရုံများနဲ့ ဖုံးလွှမ်းလျက် ရှိနေပါတယ်။

စာရေးသူ မွေးဖွားရာ ရခိုင်ပြည်နယ်က ကျွန်းကလေးတစ်ကျွန်း။ စုံလင်လိုက်တဲ့ အောင်ပွဲများ၊ လူကြီး လူငယ် ကျားမ ပေါင်းစုံ အတွက် အားကစားပြိုင်ပွဲများ၊ လှေပြိုင်ပွဲများ၊ ရခိုင်ကျင်ကိုင်ပွဲခေါ် နပမ်းပွဲများ၊ ဓာတ်သဘင်ပွဲများ၊ ဈေးတန်းကြီးများ၊ ပြခန်းကြီးများနဲ့ မဏ္ဍပ် ကနွားကြီးများ။ အထူးခြားဆုံးနှင့် ယနေ့ထိ အမှတ်တရ အဖြစ်ဆုံးကတော့ မီးရှူး

န်းများဖြင့် ရုပ်လုံးဖော်ပြသတဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ ရုပ်ပုံလွှာများပင် ဖြစ်ပါတယ်။

ဒေါ်ရွှေမာ မွေးဖွားခါစတွင် စာရေးသူတို့မြို့မှာ အထက်တန်းကျောင်း အဆောက်အဦ တစ်ခုတည်းသာ ရှိပါတယ်။ မူလတန်းမှ အထက်တန်းအထိ ကျောင်းသားများနဲ့ ပြည့်ကျပ်နေပါတယ်။ မနက်ကျောင်း၊ ညနေကျောင်း ခွဲတက်ကြရပါတယ်။ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များက ဦးဆောင် ပြီး အမိုးအကာမရှိတဲ့ ဈေးဟောင်းကြီးက လူကြီးလေးယောက်ဖက်မှ ကြီးမားတဲ့ သစ်သားတိုင်ကြီးများကို သက်ဆိုင်ရာ အာဏာပိုင်များနဲ့ တိုင်ပင် ပြီး နှုတ်ယူကြ။ ကျောင်းသားများ အင်အားနဲ့ အထက်တန်းကျောင်းများကို သယ်ယူကြ။ ကျောင်းတိုင်ထူကြ။ ကျောင်းဆောက်ရန် လိုအပ်တဲ့ ရန်ပုံငွေ အတွက် ကျောင်းသား ကျောင်းသူများက စပါးအဝယ်ဒိုင်မှာ တောင်လိုပုံ နေတဲ့ စပါးများကို စပါးတင် သင်္ဘောများထဲကို သယ်ပိုးပေးခြင်းဖြင့် ငွေရှာကြ စသည်ဖြင့် ကျောင်းသားသမဂ္ဂရဲ့ ကောင်းမှုကြောင့် အထက် တန်းကျောင်း အဆောက်အဦသစ်တစ်ခုဟာ ယနေ့ထက်တိုင် တည်ရှိနေပါ တယ်။

ကျောင်းသားသမဂ္ဂခေါင်းဆောင် ၉ တန်း ၁၀ တန်း ကျောင်းသား ကြီးတွေက ဆရာ ဆရာမများ မလုံမလောက်ဖြစ်နေတဲ့ မူလတန်းနဲ့ အလယ် တန်းတွေမှာ ဝင်ရောက်ကူညီ သင်ကြားပေးလေ့ ရှိပါတယ်။ စာရေးသူတို့ ရဲ့ဆရာတွေဟာ ကျောင်းသားကြီးတွေ ဖြစ်ပါတယ်။ မှတ်မိတဲ့အထဲက ဆရာလုပ်ပေးလေ့ရှိတဲ့ ကျောင်းသားခေါင်းဆောင် ကိုကျော်ညွန့်ဟာ နောက်ပိုင်းမှာ ဝိဇ္ဇာပညာရေးဘွဲ့ကို ရရှိပြီး အင်းစိန်ခရိုင်မှာ အထက်တန်း ကျောင်းအုပ်ကြီး ဖြစ်သွားတာကို တွေ့ရပါတယ်။

ဒေါ်ရွှေမာ မမွေးဖွားမီက လွတ်လပ်ရေး တိုက်ပွဲများ အခန်းကဏ္ဍမှာ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များနဲ့ ကျောင်းသား ကျောင်းသူများ ဦးဆောင်ပါဝင်ခဲ့ကြသလို တိုင်းပြည် ပြန်လည်ထူထောင်ရေး အခန်းကဏ္ဍ တွင်လည်း ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် ကျောင်းသားကျောင်းသူ များ ပါဝင်ခဲ့ကြတာ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအဖြစ် သာဓကကို တင်ပြခြင်း ဖြစ်သော ဖြစ်ပါတယ်။

၁၉၅၃ ခုနှစ်လောက်မှာ စာရေးသူဟာ ကိုယ့်ကျွန်းမြို့နယ်မှာ မရှိတော့ပါဘူး။ စာရေးသူ ဓာတ်ပြီမြို့က ကျောင်းသားခေါင်းဆောင်များနဲ့ ရခိုင်ခေါင်းဆောင် ၁၀ ယောက်ဟာ ရခိုင်ပြည်နယ် တောင်းဆိုမှုကြောင့် ဖဆပလအစိုးရရဲ့ နိုင်ငံရေးပုဒ်မ(၅)နဲ့ အဖမ်းခံကြရပါတယ်။ စစ်တွေထောင်၊ အင်းစိန်ထောင်နဲ့ သာယာဝတီထောင်များမှာ တစ်ထောင်မှာ ၆ လ စီ နေခဲ့ကြရပါတယ်။ ထောင်ထဲမှာ ဘီအဆင့်အတန်း (B Class) ရကြတယ်။ တစ်နေ့ ၇ ကျပ်ဖိုး ဈေးဝယ်ပြီး တစ်ဦးချင်းစီကို ကျွေးမွေးတယ်လို့ ပြောကြပါတယ်။ နွားနို့နဲ့ ကြက်ဥတွေပါ အလျှံပယ်ရပြီး ထောင်ထဲမှာ အစေအပါးတွေနဲ့ အိမ်မှာထက် စိမ်ရှိတယ်လို့ ပြောကြပါတယ်။ စာပေကျမ်းဂန်လည်း အတော်တတ်လာကြပါတယ်။ ကိုသံခဲ ဆိုသူ ကျောင်းသားကတော့ ၁၀ တန်းစာမေးပွဲကို အင်းစိန်ထောင်ထဲက အောင်မြင်လာပါတယ်။ နောက်ပိုင်းမှာ ဝိဇ္ဇာပညာရေးဘွဲ့ရပြီး အထက်တန်း ကျောင်းအုပ်ဆရာကြီး ဖြစ်သွားပါတယ်။

ကိုချမ်းသာဆိုသူ ရခိုင်လူငယ် ခေါင်းဆောင်တဦးကတော့ ထောင်ထဲ ရောက်ဖူးတဲ့ နိုင်ငံရေးသမားများနဲ့ စာရေးဆရာများ အားလုံးလိုလိုနဲ့မိတ်ဆွေ ဖြစ်လာပါတယ်။ စာရေးသူ ရန်ကုန်ကျောင်းနေတဲ့ ကာလမှာတော့ စာရေးဆရာ ဗန်းမော်တင်အောင်ဆီ ခေါ်သွားပြီး မိတ်ဆက်ပေးခဲ့ဖူးပါတယ်။ ကိုချမ်းသာကတော့ ထောင်ဆိုတာ နိုင်ငံရေးသမားများအတွက် တက္ကသိုလ်ကြီးပါပဲ ဆိုပြီး ထောင်ထဲက တတ်သိလာသမျှကို ပြောပြလေ့ရှိပါတယ်။ အစိုးရနဲ့သဘောထား ကွဲလွဲပြီး ဥပဒေဘောင်ထဲကနေ ဆန့်ကျင်သူပဲဖြစ်ဖြစ် ဥပဒေပြင်ပက ဆန့်ကျင်သူပဲဖြစ်ဖြစ် နိုင်ငံရေးသမားအချင်းချင်းဟာ တစ်ဦးကိုတစ်ဦး ကျားနာခဲသလို ဘဝပျက်အောင် အငြိုးတကြီး ရန်လိုလုပ်တာကိုတော့ မတွေ့မိသလောက်ပါပဲ။ လူမှုဆက်ဆံရေး နယ်ပယ်မှာလည်း ခွဲခြားမှုမရှိသလို အစိုးရအလုပ်အကိုင် ခန့်ထားရာမှာလည်း အတိုက်အခံ နိုင်ငံရေးသမား သားသမီးမို့၊ အတိုက်အခံ ကျောင်းသားခေါင်းဆောင်မို့ ခွဲခြားတာမရှိသလောက်ပါပဲ။ ရန်ကုန်တက္ကသိုလ်က အစိုးရကို အတိုက်အခံ ပြုလုပ်နေကြတဲ့ တပ်ဦးကျောင်းသားခေါင်းဆောင်များဟာလည်း ဥပစာ အထက်တန်းအောင်ပြီဆိုရင် နယ်ဆင်းပြီး အထက်တန်းကျောင်းဆရာ ဝင်လုပ်ပြီး

နေလိုက်၊ နောက်ပြီး ဝိဇ္ဇာတန်းပြန်တက်လိုက်၊ ဥပဒေတန်း ပြန်တက်လိုက်၊ ဘဲ့သိုလ်မှာ နည်းပြဆရာ ဝင်လုပ်လိုက်နဲ့ တိုးတက်နေတဲ့ ဒီမိုကရေစီနိုင်ငံကြီးများ အတိုင်းပါပဲ။ ကျောင်းသား သမဂ္ဂခေါင်းဆောင် လုပ်မိလို့၊ နိုင်ငံရေးထဲပါမိလို့ ဘဝမပျက်ကြဘဲ ပိုလို့တောင် လူချစ်လူခင် များလာတာကိုသာ တွေ့ရပါတယ်။

ဒေါ်ရွှေမှာ ၁၂ နှစ်သမီး အရွယ်အထိတိုင်းပြည်ရဲ့နိုင်ငံရေး၊ စီးပွါးရေး ပညာရေး၊ ကျန်းမာရေး၊ အားကစားအဆင့်အတန်းနဲ့ လူမှုရေး ဘာသာရေး များဟာ အရှေ့တောင်အာရှမှာ ယိုးဒယား၊ မလေးရှားနဲ့ အင်ဒိုနီးရှား တို့ထက် သာလွန်ခဲ့ပါတယ်။ တိုင်းပြည်ရဲ့ အရံနိုင်ငံခြားငွေကြေးဟာလည်း ပေါကြွယ် ပြီး နိုင်ငံတကာဆီမှာ မျက်နှာချိုသွေးရတဲ့ ဘဝမျိုးလည်း မရောက်ရှိခဲ့ ပါဘူး။

မြန်မာ့ ခေါင်းဆောင်ကြီး ဦးနုဟာ ဘက်မလိုက် နိုင်ငံများ အုပ်စုဝင် နိုင်ငံများမှာသာမက နိုင်ငံတကာ ခေါင်းဆောင်များကပါ လူရာထား လေးစားခံရတဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးမှာပင် မြန်မာသံတမန်ကြီး ဦးသန့် ဟာ အခေါင်မြင့် အထင်ရှားဆုံး အတွင်းရေးမှူးချုပ် တစ်ဦးဖြစ်ခဲ့ပါတယ်။ ရှေ့သီးဆောင်ခဲ့ကြတဲ့ မြန်မာလူမျိုးများအကြောင်းကို တမ်းတလို့မဝ ချီးမွမ်းတွတ်လို့မဝ နိုင်အောင်ပါပဲ။

၁၉၅၈ ခုနှစ်မှာ ဖဆပလ အဖွဲ့ထဲတွင် ဦးနုနှင့် သခင်တင် အစုက တစ်ဖက်၊ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ အုပ်စုက တစ်ဖက် နိုင်ငံရေးဝိဝါဒ ကွဲပြားခဲ့ကြပါတယ်။ သို့သော်လည်း ပါလီမန် ဒီမိုကရေစီက တစ်ပြား သားမှ မတိမ်းစောင်းခဲ့ကြပါဘူး။ ပါလီမန်ထဲမှာပဲ အားပြိုင်ကြတယ်။ ပါလီမန်အမတ်အများစုရဲ့ ထောက်ခံမှုနဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ကြတယ်။ ပါလီမန်ထဲမှာသာ အသာရခဲ့ပေမဲ့ ဖဆပလပါတီထဲမှာ အသာမရခဲ့တဲ့ သန့်ရှင်းဖဆပလခေါင်းဆောင် ဦးနုဟာ လူထုအဆုံးအဖြတ်ကို အားကိုး တယ်။ ယောက်ျားဘသားစိတ်ဓါတ်နဲ့ ပြိုင်ဆိုင်မှုကို လိုလားတယ်။ အိမ်စောင့် အစိုးရအဖြစ် ကြားလူကို လက်ထဲက အစိုးရအာဏာကို လွှဲအပ်ပြီး အထွေ ထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မှာ မွေးဖွားလာခဲ့တဲ့ ဒေါ်ရွှေမာဟာ ယင်းအချိန်က ဆယ်နှစ်သမီးအရွယ်ပဲ ရှိပါသေးတယ်။ အပျိုဖော်ပင် မဝင်သေးပါဘူး။ အိမ်စောင့်အဖြစ် လွှဲပေးရမှာက အကျင့်ပျက် မိန်းမရှုပ်သူ၊ သားကြီး မယားကြီးများကို အကြိမ်ကြိမ် ကြောခိုင်းပြီး ဂုဏ်ပကာသနများကို မက်မောကာ မျက်နှာကြီးဆရာဝန်ကြီး ဒေါက်တာဘသန်းသမီးကို လင်ကြီး ရှိလျက်သားနဲ့ ကြာခိုပေါင်းသင်းထားသူ၊ အလောင်းအစားနဲ့ အပျော်အပါး စုံမင်သူ၊ အနောက်တိုင်း အကပွဲသဘင်နဲ့ မယ်ဗမာ အလှမယ်များကို ရင်ဝယ်ပိုက်ထားလိုသူ၊ ရဲဘော် သုံးကျိပ်ဘဝ မရောက်မီကပင် မိန်းမ သုံးကျိပ်မကကို ဖျက်ဆီးထားသူ ဗိုလ်ချုပ်ကြီး နေဝင်းပင် ဖြစ်ပါတယ်။

သူတစ်ပါးမယားကို ချမ်းသာမပေးသူ ဗိုလ်ချုပ်ကြီး နေဝင်း လက်ထဲကို ၁၀ နှစ် သမီးကို ပုံအပ်လို့ စိတ်ချရပါ့မလား။ စိတ်မချရပါဘူးဟု ဖဆပလ ခေါင်းဆောင်တချို့က ကန့်ကွက်ခဲ့ကြပါတယ်။

ကြောင်သူတော် ဗိုလ်ချုပ်ကြီးနေဝင်းဟာ ၎င်းရဲ့နောက်လိုက် ဗိုလ်တချို့က ဒေါ်ရွှေမာအား ဒီမိုကရေစီ ဘက်တော်သားများလက်သို့ ပြန်မအပ်ဘဲ အပိုင်စီးထားဖို့ အကြံပေးတာများကိုပင် မျက်ကွယ်ပြုပြီး နှစ်နှစ်တာအတွင်း ကောင်းမွန်စွာ အယုံသွင်းပြီး စောင့်ရှောက်ထားကာ ရွေးကောက်ပွဲမှာ အနိုင်ရရှိတဲ့ ပထစ ပြည်ထောင်စုပါတီ ခေါင်းဆောင် ဦးနုဆီကို ဒေါ်ရွှေမာအား ပြန်လည်လွှဲအပ်ပေးခဲ့ပါတယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက် နံနက် ၇ နာရီခန့်မှာ စာရေးသူ၏ဖခင် ဦးဘအေးဟာ စာရေးသူနဲ့မိတ်ဆွေ ကျောင်းသားများ စုပေါင်း ငှါးရမ်းထားတဲ့ ကမာရွတ်မြို့နယ် လှည်းတန်း ၇ လမ်းထိပ်ရှိ ညောင်ပင်ကြီးအောက်က နေအိမ်တံခါးကို လာခေါက်ပါတယ်။ ဖခင်ဦးဘအေးနဲ့ ဦးဘစောတို့ဟာ ကျောက်ဖြူခရိုင်က ပထစရဲ့ပါလီမန် အမတ်များ ဖြစ်ကြပါတယ်။

ဖခင်ဟာ နယ်ကလာပြီး ပါလီမန် အစည်းအဝေး တက်နေရတာရယ်၊ ရခိုင်ပြည်နယ် ဖွဲ့စည်းရေးအတွက် ဝန်ကြီးဌာနပင် စတင် အကောင်အထည်ဖော်နေရတဲ့ ကိစ္စရပ်များနဲ့ အလုပ်များပြားနေတာရယ်ကြောင့် အဖေနှင့်သား ယခုအခေါက် မတွေ့ဆုံကြရသေး၍ လာတွေ့ခြင်းဖြစ်ပါတယ်။

“ဟောကွာ။ လက်ဖက်ရည် သောက်ရင်း အေးအေးဆေးဆေး စကားပြောကြ

ဆောင်'ဟု ဖခင်က ခေါ်၍ ကိုချစ် လာဘက်ရည်ဆိုင်ကို နံနက် ၈ နာရီ ထိုးမိ ရောက်ရှိသွားကြပါတယ်။

ရခိုင်ပြည်မှာ ရတည (ရခိုင်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့) အမတ် များစုက အနိုင်ရတာနဲ့ ပြည်သူ့ဆန္ဒအရ ရခိုင်ပြည်နယ်ကို ယခုအပတ် ီမန်မှာ ဥပဒေအတည်ပြုပြီး ဖွဲ့စည်းပေးတော့မှာ ဖြစ်ကြောင်း။ ပထမ တ်က ငှင်းနဲ့ဝန်ကြီး ဦးဘစော အပါအဝင် သံတွဲခရိုင်က ၂ ယောက်နဲ့ ပေါင်း လေးယောက်သာရှိပြီး ရတည အမတ်က ၁၀ ယောက်ကျော်ရှိတာ ကြောင့် ပြည်နယ်ပေါ်ပေါက်လာရင် အမတ်များအနေနဲ့ ဘယ်လို တာဝန်ခွဲဝေ ကြမည် ဆိုတာကိုလည်း နောက် ၃-၄ ရက်အတွင်း အဖြေပေါ်လာ တော့မည် ဖြစ်ကြောင်း၊ လူမျိုးစု ခေါင်းဆောင်များ အစည်းအဝေးဟာလည်း နေ့က ညီညီညွတ်ညွတ် အေးအေးဆေးဆေးနဲ့ ပြီးဆုံးသွားပြီ ဖြစ်ကြောင်း ည်များကို ဖခင်က သားဖြစ်သူ စာရေးသူအား ပြောကြားနေဆဲမှာပင် က် ၉နာရီ သတင်းမကြေညာမီ ထူးထူးဆန်းဆန်း လက်ဖက်ရည်ဆိုင်ရှိ ဒီယိုမှ စစ်ချီသီချင်း တီးလုံးပေါ်ထွက်လာပါတော့တယ်။

နောက်ပြီး သတင်းခေါင်းစဉ်များကတော့ ဗိုလ်ချုပ်ကြီး နေဝင်း င်းဆောင်သော တော်လှန်ရေးကောင်စီ၏ ကြေညာချက်များပင် ဖြစ်ပါ တော့တယ်။

ယင်းသတင်းများကို နားထောင်နေရင်း စာရေးသူရဲ့ ဘခင်ကြီးဟာ ကြောင်တက်တက် မျက်နှာထားဖြင့် 'ငါ့ခေါင်းပေါင်းနဲ့ စာတွဲတွေ ီမန်ထဲက locker (ပါလီမန်ထဲတွင် အမတ်တဦးစီအား စာရွက်စာတမ်းနဲ့ ည်းအနည်းငယ် ထည့်နိုင်ရန် ပေးထားတဲ့ နံရံကပ်ဗီဒို) ထဲမှာ ကျန်နေခဲ့ ယ်' ဟူသော အာမေဋိတ်သံကို ယနေ့အထိပင် ကြားယောင်နေဆဲပင် ဖြစ်ပါတယ်။

သားအဖ နှစ်ဦး အနီးအနားရှိ နိုင်ငံရေးခေါင်းဆောင်များဆီကို ပြေးလွှားခဲ့ကြရ ပြန်ပါတယ်။

ပါလီမန် အတွင်းဝန်တစ်ဦးက 'ဝန်ကြီးချုပ်တို့ အဖမ်းခံကြရတယ်။ သက် ၁၄ နှစ်နဲ့ ၂၀လောက် မပြည့်သေးတဲ့ အပျိုဖော်ဝင်ခါစ အမျိုးသမီးငယ် ကို အလိမ်ထုတ် အတင်းခိုးယူ ပေါင်းသင်းလိုက်ပြီကွ။ အခမွှ ပြုကျင့်လိုက်

တာပါပဲ။ တို့တတွေ ပြုစုပျိုးထောင်ထားတာ အရွယ်မရောက်သေးပါဘူး။ အညွန့်တလူလူတက်ဆဲ လူယုတ်မာဆီမှာ ရေတိမ်နစ်သွားပါပြီ" ဟု ယူကြုံးမရ ပူဆွေးသောကကြီးစွာဖြင့် ညည်းညူ ဖွင့်ဟသည်များကိုလည်း တွေးမိတိုင်း လွမ်းရ ဆွေးရ ပြန်ပါတယ်။

၁၄ နှစ်အရွယ်ကစပြီး လူယုတ်မာ ဗိုလ်နေဝင်းလက်ထဲ ရောက်ရှိသွားခဲ့တဲ့ ဒေါ်ရွှေမာ ယခု အသက် ၅၀ ပင် ပြည့်ခဲ့ပါပြီ။ လူယုတ်မာများလက်ထဲမှာပင် ၃၆ နှစ် ပြည့်တော့မှာ ဖြစ်ပါတယ်။

ဒေါ်ရွှေမာရဲ့ရွှေရတု မွေးနေ့မှာ စာရေးသူအပါအဝင် တိုင်းချစ်ပြည်ချစ် တပ်မတော်သားကောင်းများနဲ့ ပြည်သူအပေါင်းတို့အနေဖြင့် အလွမ်းကို ခဝါချပြီး ဒေါ်ရွှေမာအား လူယုတ်မာများ လက်ထဲက အမြန်ဆုံး လွတ်မြောက်စေရန် စစ်အာဏာရှင်စနစ် (အလိုမရှိ)[၂] စစ်မှန်သော ဒီမိုကရေစီနိုင်ငံ (ပြန်လည်ထူထောင်ပေး)[၃] ဟု ဖွဲ့မာန်ဖြင့် သံပြိုင် ကြွေးကြော် ချီတက်ကြပါစို့လား ခင်ဗျား။

Voice of Burma ဇန်နဝါရီလ ၁၉၉၈

## မကောင်းဆိုးဝါး ဝိညာဉ်ဖြင့် လူ့ဘဝ ရောက်လာသူများ

ကမ္ဘာ့ ရုပ်ရှင်လောကတွင် ပရိသတ်ကြိုက်နှစ်သက်ပြီး ဝင်ငွေကောင်းသောကြောင့် ဇာတ်ကောင် ဝိညာဉ်စရိုက် အကျင့်တစ်ခုတည်းကို ယူကာညီပြီး အမည်အမျိုးမျိုးနှင့် ဇာတ်လမ်းအမျိုးမျိုးဆင်ပြီး ရိုက်ကူးပြသသော ရုပ်ရှင်ကားများ ရှိနေပါသည်။

အကြမ်းအရမ်းတွင် ဂျိမ်းစ်ဘွန်း (James Bond)၊ ဟာသတွင် အိမ်ထဲမှာ တစ်ယောက်တည်း (Home alone)၊ ရဲသင်တန်းကျောင်း (Police Acadmy) ၊ မကောင်းဆိုးဝါး လူသတ်ကောင်များတွင် (Dracular) နှင့် နိမိတ်ဆိုး (Omen) စသည့် ရုပ်ရှင်ကားများပင် ဖြစ်ပါသည်။

ဝတ္ထုနှင့် ရုပ်ရှင် ဇာတ်လမ်း ဆိုသည်များမှာလည်း လူ့ဘဝ ဇာတ်ခုံတွင် ဖြစ်တတ် ပျက်တတ်သော သဘောသဘာဝများနှင့် အယူအဆ အစွဲအလန်းများအပေါ် ဇာတ်ရည်တည်ပြီး ဇာတ်ကောင်၏ ဝိညာဉ်စရိုက် အကျင့် အကောင်းအဆိုး အမျိုးမျိုးကို ဖန်တီးထားခြင်းများပင် ဖြစ်ပါသည်။

မကောင်းဆိုးဝါး ဝိညာဉ်များဖြင့် မွေးဖွါးကြီးပြင်းလာသော သွေးစုပ်ဖုတ်ကောင် ဇာတ်ကားများကို ကြည့်ဖူးသူများ အနေဖြင့် သွေးစုပ်ဖုတ်ကောင်ဖြစ်နေသူက တခြားသူများ၏ လည်ဂုတ်သွေးကို စုပ်ယူကြပုံနှင့် သွေးစုပ်ခံရသူ ကိုယ်တွင်းသို့လည်း မကောင်းဆိုးဝါး ဝိညာဉ်ကူးကပ်သွားပုံကို မြင်ဖူးကြပါလိမ့်မည်။

ထို့အတူ မကောင်းဆိုးဝါး ဝိညာဉ်တွယ်ကပ်ပြီး မွေးဖွားကြီးပြင်းလာသော နိမိတ်ဆိုး(Omen) ဇာတ်လိုက် ဒေမီးယန် (Damion) သည်လည်း မွေးစားမိခင်၊ ဖခင်များကို သတ်ဖြတ်ခြင်း စသည့် အလွန်ကြမ်းတမ်းသော ဇာတ်ကောင် စရိုက်ဆိုးကို ယုံသည်ရှိ မယုံသည်ရှိ၊ ပရိသတ်များအနေဖြင့် သည်းထိတ် ရင်ဖို ခံစားကြရပါသည်။

စာရေးသူသည် ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်နေသော်လည်း လက်တွေ့မဆန်သော ဇာတ်လမ်းအချို့နှင့် အစွဲအလန်းအချို့ကို အလေးအနက်မစဉ်းစားမိခဲ့ပါ။ စိတ်ဓာတ်ကြည်လင်သန့်ရှင်း ဖြူစင်စေရန်အတွက် အကုသိုလ်အလုပ်များကို ရှောင်ကျဉ်ခြင်း။ တတ်နိုင်သမျှ ပေးကမ်းလှူဒါန်းခြင်းနှင့် မေတ္တာတရားထားရှိခြင်းများကို အချိန်ပေး ဆောင်ရွက်နိုင်ပါသေးသည်။

နဝတအစိုးရခေတ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရရှိခဲ့သော ဆရာတော်ကြီးတစ်ပါးက "ဦးနေဝင်းသည် မကောင်းဆိုးဝါး ဝိညာဉ်ဖြင့် လောကကြီးကို ဒုက္ခပေးရန် မွေးဖွားလာသူဖြစ်သည်။ ဦးနေဝင်းသည် သာမာန်လူများထက် ထူးခြားသည်။ တော်တော်နှင့် မသေနိုင်သေးပါ။ ၎င်းတွင် သံသရာဝဋ်ကြွေးများ ပေးဆပ်ရန် ကျန်ရှိနေသေးသည်။ ၎င်း၏ လုပ်ရပ်များကြောင့် တိုင်းသူပြည်သားများ ဒီထက် ဒုက္ခကြီးစွာ ရောက်ကြရသည်ကို ၎င်းကိုယ်တိုင် ဒီဘဝတွင်ပင် တွေ့မြင်သွားရန် ရှိနေသေးသည်။ ဦးနေဝင်း ဝဋ်ဆိုက်နေသည်" ဟု မိန့်ကြားသွားခဲ့ဖူးပါသည်။

စာရေးသူ အနေဖြင့် ဆရာတော်ကြီး၏ တရားစကား သွေးစုပ်ဖုတ်ကောင်ဇာတ်လိုက် ဒရက်ကူလာများနှင့် Omen ဇာတ်လိုက် ဒေးမီးယန်ကဲ့သို့ မကောင်းသော ဝိညာဉ်များနှင့် ဦးနေဝင်း အသက်ရှင်နေတာများလား။ ဗမာလူမျိုးများသည် ယိုးဒယားထက် အနှစ် ၃၀ နောက်ကျ ကျန်ရှိခဲ့ပြီ။ စင်္ကာပူထက် အနှစ် ၁၀၀ နောက်ကျ ကျန်နေခဲ့ပြီဟု ကဲ့ရဲ့ ပြောဆိုနေကြခြင်းများသည် ဦးနေဝင်း၏လုပ်ရပ်ကြောင့်ပင် မဟုတ်ပါလား။ ဦးနေဝင်း နောက်ထပ် ဘာတွေ ဆက်လုပ်ဦးမည်နည်း။

ဦးနေဝင်း ဝဋ်ဆိုက်နေသည်ကတော့ ဟုတ်နိုင်ပါသည်။ မြန်မာလူထုကြီး တစ်ရပ်လုံးသည်လည်း ဝဋ်ဆိုက်နေသည်ကိုတော့ ဆရာတော်ကြီးများ မကာယ်နိုင်ကြတော့ဘူးလား။

ဦးနေဝင်း သေသွားရင်လည်း ဦးနေဝင်းက လည်ဂုတ်သွေးစုပ်ထား၍ ဖံ့ဖြိုးနေသော သွေးစုပ်ဖုတ်ကောင် ဒရယ်ကူလာ ဂျူနီယာ နေဝင်းတွေ အများအပြားဟာ နအဖ (နေဝင်းအဖွဲ့) နှင့် တပ်မတော်ထဲမှာ ကျန်ရှိနေသေးပါကောလား။

ရုပ်ရှင် ဇာတ်ကားများကို ပရိသတ် လက်ခံသောကြောင့် အမှတ်စဉ် မှ (၆)ထိ ဇာတ်ကောင် ဝီညဥ် ဗီဇ စရိုက်တစ်မျိုးတည်းဖြင့် ရုံတင် ပြသလျက်ရှိသကဲ့သို့ ပရိသတ် လက်မခံသော်လည်း မကောင်းဆိုးဝါး ညဉ့်ပိုင်ရှင် ဦးနေဝင်းသည် (၁) အိမ်စောင့်အစိုးရ (၂) တော်လှန်ရေး ကောင်စီ (၃) လမ်းစဉ်ပါတီ (၄) ငြိမ်ဝပ် နဝတနှင့် (၅) ကြွံဖွတ် နအဖ (နေဝင်းအဖွဲ့) ဇာတ်ကား ၅ ကားပင် ဆက်တိုက် ရုံတင် ပြသနေပါပကောလား၊ ဒုက္ခပါပဲ…ဘုရား ဘုရား ဘုရား ဟု ပြည်သူများအတွက် ဘုရား ကြိမ်တမိပါသည်။

တစ်ဖန် ဆရာတော်ဘုရား၏ အဆိုအမိန့်များကို စာရေးသူ၏ ဘဝ အတွေ့အကြုံများနှင့် ယှဉ်ထိုး စဉ်းစားရဖြန့်ပါသည်။

ဦးနေဝင်း၏တပည့်တပန်း လက်သုံးတော်တောင်ဝှေးများတွင် သမ္မတ ဟောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး စန်းယု၊ သမ္မတဟောင်း ဒေါက်တာ မောင်မောင်၊ ဦးဝန်ကြီးချုပ်ဟောင်း အငြိမ်းစား ဒုဗိုလ်မှူးကြီး မောင်မောင်ခ နှင့် ကာကွယ်ရေး ဝန်ကြီးဟောင်း အငြိမ်းစား ဗိုလ်ချုပ်ကြီး ကျော်ထင် သည်များနှင့် အနီးကပ်တွေ့ကြုံခဲ့ဖူးပါသည်။

၄င်းပုဂ္ဂိုလ်များ အားလုံးသည် ဦးနေဝင်းက သွေးစုပ်ခံထားရသော ဒရယ်ကူလာ အသေးစားများ ဖြစ်ကြသော်ငြားလည်း မကောင်းဆိုးဝါး ညဉ့်များဖြစ်၍ လူ့ဘဝသို့ ရောက်ရှိလာကြသူများ မဟုတ်ကြသောကြောင့် ခေါက်ခါတ်အရင်းခံ အလွန် ကြည်ညိုစရာ ကောင်းလှပါသည်။ တစ်လင် တစ်မယား စနစ်ဖြင့် အိမ်ထောင်ကို သက်ဆုံးတိုင် ထိန်းသိမ်းသွားကြသူများ ဖြစ်ပါသည်။

အထက်ပါ ပုဂ္ဂိုလ်များသည် ဦးနေဝင်းထက် ငယ်ရွယ်သူများဖြစ်ပြီး ဦးနေဝင်းဝဋ်မှ ကျွတ်သွားကြပြီး ဖြစ်ပါသည်။

အထက်ပါ ကွယ်လွန် ဝင်္ကျွတ်လွတ်သူများနှင့် အလွန်တရာ ဆန့်ကျင်ဘက်စရိုက်ဖြစ်ပြီး မကောင်းဆိုးဝါး ဝိညဉ်ဖြင့် လူ့ဘဝကို ရောက် လာကြသူများဖြစ်သော သမ္မတဟောင်း အငြိမ်းစား ဒုဗိုလ်မှူးကြီး စိန်လွင်။ ဝန်ကြီးဟောင်း အငြိမ်းစား ဒုဗိုလ်မှူးကြီး ရဲခေါင်နှင့် ဝန်ကြီးဟောင်း အငြိမ်းစား ဗိုလ်မှူးချုပ် သန်းတင်တို့သည် တစ်လင်တစ်မယားစနစ်ကို ဖောက်ဖျက်သူများ ဖြစ်ရုံသာမက အောက်လက် ငယ်သားများအား ဆဲဆိုရာ တွင် ငါးစိမ်းသည်ထက် အဆတစ်ရာလောက် အပေါက်ကြမ်းသူများ ဖြစ်ကြ သည်ကိုလည်း တွေ့ကြုံဖူးပါသည်။

ဦးနေဝင်း၏လက်သုံးတော် တောင်ငုံးတစ်ဦးဖြစ်သော ဒုဗိုလ်ချုပ်ကြီး ခင်ညွန့်သည်လည်း နိမိတ်ဆိုး ဇာတ်လိုက် ဒေမီးယန်ကဲ့သို့ မကောင်းဆိုးဝါး ဝိညဉ်ဖြင့် လူ့ဘဝသို့ရောက်ရှိလာသူတဦး ဖြစ်ပြီး လောဘရမ္မက် အလွန်ကြီး မားသူအဖြစ် ဦးနေဝင်းတပည့်လောကတွင် နာမည်ကြီးသူ ဖြစ်ပါသည်။ ဦးနေဝင်း၏ မကောင်းဆိုးဝါး အကျင့်စရိုက်များကို အများတကာ သိရှိထား ပြီးဖြစ်သော်လည်း ယခုအချိန်ကာလတွင် ဦးနေဝင်း ပြန်ထလာ၍ အနည်း အကျဉ်း အောက်တွင် ထပ်မံ ဖော်ပြပါမည်။

ဦးနေဝင်းသည် အင်္ဂလန်နိုင်ငံတွင် ခေတ္တရောက်ရှိနေသော ဒေါက်တာ တောင်ကြီး၏ ကာမပိုင်ဇနီး ဒေါ်ခင်မေသန်းအား မယားကြီး ဒေါ်တင်တင် ရှိနေပါလျက်နှင့် ကြာခိုပေါင်းသင်းလိုက်ပါသည်။ ယင်းအချိန်ကာလတွင် ကာကွယ်ရေး ဦးစီးချုပ်ဖြစ်နေသူ ဗိုလ်ချုပ်ကြီး နေဝင်းသည် ဒီမိုကရေစီ အစိုးရ၏ လွတ်လပ်သည့် အရသာကို ခံစားပြီး နိုင်ငံကူးလက်မှတ်ကို ကိုယ်ပိုင်သိမ်းဆည်း ကိုင်ထားနိုင်ကာ ထိုင်းနိုင်ငံသို့ ဖျားရည်ဆမ်း ကြာခိုခရီး များ သွားလေ့ရှိခဲ့ပါသည်။

တစ်နေ့တွင် ဇနီးကြီးဒေါ်တင်တင်သည် ဘန်ကောက်မြို့သို့ လိုက် ချောင်းခဲ့ပါသည်။ ဘန်ကောက်မြို့ ဆာထွန်လမ်း အမှတ် ၁၂၄ ရှိ မြန်မာ သံရုံးပိုင် ပထမအတွင်းဝန်နေအိမ် ဆင်ဝင်အောက်အရောက်တွင် ဒေါ်တင်တင် သည် ထဘီစွန်တောင်ဆွဲပြီး ဗိုလ်ချုပ်နေဝင်းအား ပုတ်ခတ်တိုင်းတာ ဆဲဆို သည်များကို စာရေးသူ ဘန်ကောက်မြို့သို့ ရောက်ရှိသွားခဲ့စဉ်က သံရုံး ယာဉ်မောင်း ကိုကျင်စိန် (ဦးဇော်ဝင်းနှင့် မိုးဒေဝါ ဒေါ်လှရွှေတို့နှင့်အတူ

ဆိုင်းနိုင်ငံသို့ ရောက်ရှိလာသူ) က စာရေးသူအား "ဆရာရေ မပြောပါရစေနဲ့တော့၊ ကောင်းလိုက်တဲ့ ဆဲဒိုင် ဝိုင်ဆဲကလေ အခုပါတာဘဲ။ ဗိုလ်နေဝင်းမြင်းတာတွေကို စာတ်စုံခင်းသွားတာ၊ မပြောချင်တော့ဘူး" ဟု ဆိုပြီး မော်လမြိုင်သားပီပီ ပြောလိုက်တာများ ဒီအသက် ဒီအရွယ်ကျမှ ပြန်တွေးကြုံခံရသူ ရှက်မရှက်တော့ မသိရသော်လည်း ကြားရသူကတော့ ရှက်မှရှက်ဖြစ်ပါသည်။

ဦးနေဝင်းသည် ရာထူးဂုဏ်ရှိန် စည်းစိမ်ဥစ္စာ ပကာသနသာ ရမည်ဆိုလျှင် အောက်ကျခံရမည်ဆိုလည်း ဝန်မလေးသူ၊ ကောက်ကျစ်စဉ်းလဲမည်ကိုလည်း ဦးထိပ်ထားသူ၊ ကဲ့ရဲ့ရှုတ်ချ ခံရမည်ကိုလည်း ဂရုမစိုက်သူ၊ ပြည်သူ့ဘဏ္ဍာ၊ ပြည်သူ့အာဏာကိုလည်း အလွဲသုံးစား ပြုရမည်ကို မမှုသူ၊ ကောက်စက်သော နည်းလမ်းများနှင့် လှည့်ဖြားသော နည်းလမ်းပေါင်းစုံများကို ရေလဲနှင့်သုံးသွားနေသူလည်း ဖြစ်ပါသည်။

အမှန်တကယ်တွင် တိုင်းပြည်၏ပဲ့ကိုင် အုပ်ချုပ် မင်းလုပ်လာသူ ဦးနေဝင်းသည် မိမိအတ္တတစ်ခုတည်းကိုသာ ဦးစားပေးသူ ဖြစ်သောကြောင့် အခိုးရယူနေရားကြီးကို မထိန်းနိုင်၍သာလျှင် တစ်တိုင်းတစ်ပြည်လုံး ရေတိမ်နစ်ပြီး နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေး ဟန်ချက်များ သွတ်ချာပါတော ပျက်စီးသွားခဲ့ပါသည်။ စာတ်ဆရာကြီး ဦးနေဝင်း၏ ငြိမ်ပိနဝတ (နေဝင်းဘဝ်) စာတ်ကားကြီးသည်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ကာ သွေးစုပ်ဖုတ်ကောင် ဒရယ်ကူလာ စာတ်ရုံကလေးများ ဖြစ်သည့် ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ၊ ဗိုလ်မြင့်အောင်နှင့် ဗိုလ်သိန်းဝင်းတို့အား ဖြုတ်ထုတ်သတ် လုပ်နေရပြန်ပါသည်။

ငြိမ်ပိနဝတသည် နိမိတ်ဆိုး(Bad Omen) ဖြစ်သွားခဲ့သည်ကို စာတ်ဆရာကြီး ဦးနေဝင်းသည် ၉ နှစ်ကြာမှ သိရှိလာသောကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ- နေဝင်းအဖွဲ့) ဟု ဒကားလုံး လှလှပပများဖြင့် အမည်သစ် ပြောင်းလဲလိုက်သော်ငြားလည်း စာတ်ဆရာ ဦးနေဝင်းကိုယ်တိုင်က ဒေမီးယန်ကဲ့သို့ မကောင်းဆိုးဝါး ဝိညာဉ်ဖြင့် လူ့ဘဝရောက်လာသူ။ စာတ်လိုက်နှင့် စာတ်ရုံများသည်လည်း သွေးစုပ်ဖုတ်ကောင် ဒရယ်ကူလာများနှင့် ဒေမီးယန်များဖြစ်ကြသောကြောင့် ပရိသတ်များ

အနေဖြင့် နအဖစာတ်လမ်းတွင်လည်း ဆက်ကာဆက်ကာ သွေးစုပ်နေသည့် သရုပ်ဆောင်ကွက်များနှင့် အချင်းချင်း ဖြုတ်ထုတ်သတ်သည့် လုပ်ရပ်များ ပြကွက်များကိုသာ ရှုစားကြရမည် ဖြစ်ပါသည်။

တို့အပြင် လူသားတို့အကြောင်းကို လေ့လာခြင်းဖြင့် ကောင်းသော သင်ခန်းစာများနှင့် ပညာရပ်များကို ရရှိနိုင်သည်ဟု ရှေးပညာရှိကြီးများက မိန့်ကြားခဲ့ဖူးပါသည်။

ဦးနေဝင်း၏ ရုံတင်ပြီးသော ဇာတ်လမ်းများနှင့် သွေးစုပ်ဖုတ်ကောင် စစ်ဗိုလ်များအား လေ့လာခြင်းသည်လည်း လောကကြီး သုံးပါးဖြစ်သည့် (၁) သက်ရှိလောက (၂) သက်မဲ့လောကနှင့် (၃) သခါရလောကများတို့ကို လေ့လာခြင်းဖြစ်ပါ၍ ပညာအသိများ ရရှိနိုင်ပါသည်။

ဦးနေဝင်းအပါအဝင် သူတစ်ပါး ဂုတ်သွေးကို မစုတ်ရလျှင် မနေနိုင် ကြသော ဒရယ်ကူလာနှင့် ဒေမီးယန်များ ဖြစ်ကြသော နအဖ စစ်ဗိုလ်ချုပ် ကြီးများနှင့် ဝန်ကြီးအဖွဲ့ဝင်များသည် နှစ်သစ်အခါသမယတွင် မကောင်း ဆိုးဝါး ဝိညာဉ်သွေးစုပ်သောအကျင့်နှင့် အာဏာရှင် စရိုက်များ တွယ်ကပ်ခံနေ ကြရသော သံသရာ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

ဇေတ်ပြိုင်၊ ဇန်နဝါရီ ၁၉၉၈

✣

## အရှယ်မျိုးစုံ

ဗမာစစ်အာဏာရှင်များအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးအား နည်းမျိုးစုံဖြင့် ဖြိုခွဲအုပ်ချုပ်ရေးနှင့် လူညွန့်တုံးစေရေးအတွက် နည်းဗျူဟာ ချပြီး ဆောင်ရွက်ရာတွင် စာပေစိစစ်ရေး ကင်းလွတ်ခွင့်ပေးသယောင်ဖြင့် အပေါ်စားဂျာနယ်များကို ထုတ်ဝေခွင့် ပေးနေခြင်းသည်လည်း မီဒီယာ နိုက်စားကွက်တခုအနေဖြင့် ပါဝင်ပါသည်။

စာပေအနှစ်သာရမရှိသော အပျော်ဖတ်ဂျာနယ်များ၊ မှုခင်းကျူးလွန် ရေးနှင့် ပညာပေးအစီအစဉ်အရ စစ်တပ်နှင့် ရဲတပ်ဖွဲ့မှ ထုတ်ဝေနေကြသည့် "လျှပ်တပြက်ဂျာနယ်၊ တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်။ မှုခင်းရှုထောင့်" စသည့် ဂျာနယ်မျိုးစုံသည် မြန်မာနိုင်ငံတွင် မှိုလိုပေါက်နေပါသည်။

ထို့အပြင် အရာရာတွင် ဆွေတော် မျိုးတော်များနှင့် ပတ်သက်ရာ ပတ်သက်သူများကိုသာ ရိုက်စားခွင့်ပြုထားသည့် စစ်အာဏာရှင်များ၏ လုပ်ထုံးအရ ဂျာနယ်ထုတ်ဝေသူများ စာရင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးဟောင်း သိန်းစိန်၏ ဖခင် ဦးဘိုးလှသည် အသက် (၈၅)နှစ် အရွယ်တွင်ပင် ဂျာနယ်တိုက်ကို တာဝန်ခံ ထုတ်ဝေနေကြ သည်ကို တွေ့ရှိနေရပါသည်။

ထုတ်ဝေသူ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ဦး (တင်သန်းဦး) ယာယီ ၃၆၄၊ အမှတ် (၁) အလံပြဘုရားလမ်း၊ စစ်ရုံးချုပ်၊ ဒဂုံမြို့နယ်မှ ထုတ်ဝေသော လျှပ်တစ်ပြက် ဂျာနယ်အတွဲ (၁) အမှတ် (၃၈)တွင် ပါရှိသော

'မွှေးလေး အောင်ပင်လယ်မြို့သစ် အိမ်တစ်အိမ်မှဖမ်းမိသော အရှုယ်စုံ အမျိုးသမီးများ' ဓါတ်ပုံသတင်းကို ကြည့်ရှုရ၍ ယခင် အနှစ် ၂၇ နှစ်ခန့်က စာရေးသူသည် ဘန်ကောက်မြို့ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် ကာလက ထိုင်းနိုင်ငံထုတ် သတင်းစာများ၌ ပြည့်တန်ဆာများ များပြားလာလွန်းသောကြောင့် ရဲဖန်ရံခါ ဒုစရိုက် နှိမ်နင်းနေသယောင်ဖြင့် ပြည့်တန်ဆာ အမျိုးသမီး အရွယ်မျိုးစုံအား ဖမ်းဆီးပြီး ဓါတ်ပုံသတင်းများ ထည့်လေ့ရှိသည့် ထိုင်းစစ်အာဏာရှင်များ၏ အလိမ်အကောက်နှင့် ဗမာစစ်အာဏာရှင်များ၏ အလိမ်အကောက်သည် တစ်ပုံစံတည်းဖြစ်နေသည်ကို မြင်မိပြန်ပါသည်။ အဆိုပါ လျှပ်တပြက်ဂျာနယ်တွင် 'မှုခင်းဂျာနယ်များ ကူညီကြစေလိုပါသည်' ဆိုသော ခေါင်းစဉ်ဖြင့် ကလောင်အမည် မောင်နွယ်အောင် (ဒဂုံဆောင်)၏ ဆောင်းပါးတွင် နအဖ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်က (၁၄-၁၀-၉၆) နေ့၌ ကျင်းပပြုလုပ်သော မှုခင်းကျူးဆင်းရေး ပညာပေး သတင်းထုတ်ပြန်ရေး အစည်းအဝေးတွင် စာနယ်ဇင်းနှင့် စာပေပညာရှင်များ၏ အခန်းကဏ္ဍကို လမ်းညွှန်ရင်း 'မည်သူမဆို မြန်မာနိုင်ငံ၏ နယ်နိမိတ်တွင် မြန်မာဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟူသော အကြောင်းပြချက်ဖြင့် လွတ်ငြိမ်းခွင့်မရ' ဟု ခြွေးပါးစပ်က နုတ်စကားများကို ပြောသည်များလည်း ပါရှိပါသည်။

စာရေးသူ ဖတ်ရှုရသမျှသော မှုခင်းဂျာနယ်များတွင် နဝတ၊ နအဖ စစ်ဗိုလ်များနှင့် အပေါင်းပါ ထားစရာမရှိသော လူတန်းစားများ၏ ဒုစရိုက်မှုခင်းများကို ယနေ့ထိ လုံးဝ မဖတ်ရှုဖူးသေးပါ။

အလုပ်သမား၊ လယ်သမားနှင့် ကျပန်း ဈေးသည်များဖြစ်ကြသည့် စားစရာမရှိသော လူတန်းစားများ၏ ဒုစရိုက်မှုခင်းများကိုသာ တခမ်းတနား ပုံကြီးချဲ့ပြီး ဖော်ပြရေးသားချက်များကိုသာ ဖတ်ရှုဖူးပါသေးသည်။

ရခိုင်ပြည်နယ် အမ်းမြို့လယ်ခေါင် လက်ဖက်ရည်ဆိုင်၌ စစ်သား တစ်ဦးနှင့် အရပ်သားလူငယ်တစ်ဦးတို့သည် လူငယ်သဘာဝ ခိုက်ရန်ဖြစ်ပွား ကြပါသည်။ စစ်သားက တပ်ကိုပြန်ပြီး သေနတ်ယူလာကာ အများတကာ ရှေ့တွင် အရပ်သားလူငယ်အား ပစ်သတ်လိုက်ပါသည်။ သတင်းစာနှင့် ဂျာနယ်များတွင် ပါရန်ဝေး၍။ စစ်သားက အရပ်သားကို သတ်သည့်

သတ်မှုကို ရဲဌာနတွင်ပင် အမှုဖွင့်၍ မရရှိကြောင်းကို သေဆုံးသူငယ်၏ ဆွေမျိုးများထံမှ သိရှိခဲ့ရပါသည်။

ထို့ပြင် 'စစ်သားသည် သခင်၊ အရပ်သားသည်ကျွန်၊ သခင်က ကျွန်ကို သတ်နိုင်သည်။ သခင်က ကျွန်အား မသနားလျှင် သတ်နိုင်သည်။ အရပ်ဘက် ဥပဒေဖြင့် အရေးမယူနိုင်။ မလှန်ရဲအောင် လုပ်ထားကြ' ဟု စစ်ဗိုလ်များက တပ်သားများအား သင်ကြားထားကြောင်းကိုလည်း တစ်ဆင့်စကား ကြားသိရပြန်ပါသည်။

အထက်ဖော်ပြပါ ဆောင်းပါးတွင် မောင်နှယ်အောင် (ဒဂုံဆောင်) ၏ ဆောင်းပါးတွင်ပင် အသိမကြွယ်ကလေးငယ်များကို ဒုစရိုက်လောကထဲ တွန်းပို့နေသော မဝင်းကြည် ခေါင်းစဉ်ဖြင့် မဝင်းကြည်၏ ပုံကို ဖော်မပြဘဲ ကလေးနှစ်ဦးပုံကို မျက်နှာပိတ်၍ ဖော်ပြထားပါသည်။ ထိုကလေးအမည်၊ အဘအမည်၊ အသက်၊ ပုဒ်မ (ပ) နံပတ်တို့ ထင်ရှားပေါ်လွင်နေပြီး တစ်ဦးမှာ (၁၂)နှစ်၊ တစ်ဦးမှာ(၁၁)နှစ် ဖြစ်ပါသည်ဟု မှုခင်းဂျာနယ်များတွင် ပါရှိသော သတင်းများကို ထပ်ဆင့်ဖော်ပြထားပါသည်။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်ကြီးတွင် (၁၁)နှစ်အရွယ် နို့နံ့ မစင်သေးသော ကလေးငယ်များကပင် စစ်အာဏာရှင်များ၏ကောင်းမှုကြောင့် စီးပွားရေးနှင့် ကြီးပွားရေးဖျက်ပြီး 'ဖာ' ဖြစ်နေကြသည်ကို မျိုးချစ်စိတ်ရှိသူများအနေဖြင့် ရင်ကွဲမတတ် ခံစားကြရမည်သာ ဖြစ်ပါသည်။

ထို့အပြင် ဒုစရိုက်လောကထဲသို့ တွန်းပို့သော မဝင်းကြည်၏ ပုံကို ဖော်ပြဘဲ ကလေးနှစ်ဦး၏ ပုံကိုသာ ဖော်ပြထားသည်ဟု ရေးသားချက်ကိုတော့ ဆက်စပ်တွေးတောကြည့်မိပြီး တပ်မတော်မှ စစ်ဗိုလ် စစ်သားအရွယ်မျိုးစုံအား ဒုစရိုက်လောကထဲသို့ တွန်းပို့နေသော ဦးနေဝင်း၏ ပုံများသည်လည်း သတင်းစာ ဂျာနယ်နှင့် မဂ္ဂဇင်းများတွင် လုံးဝ မပါတော့သည်ကို သတိမူမိပြန်ပါသည်။

မဝင်းကြည်နှင့် ဦးနေဝင်းတို့သည် ဒုစရိုက်ခေါင်းဆောင်များ ဖြစ်ကြသည် မှုခင်းမှ ကင်းလွတ်ခွင့် ရရှိသူများဟုသာ ကောက်ချက်ချမိသည်။

ဦးနေဝင်း တွန်းပို့၍ ဒုစရိုက်လောကကို ရောက်ရှိနေကြသော ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်နှင့် ဗိုလ်တင်ဦးတို့ ပုံများသည်လည်း

မဝင်းကြည်တွန်းပို့၍ ဒုစရိုက်လောကထဲသို့ ရောက်ရှိနေကြသော အသက် ၁၁ နှစ်၊ ၁၃ နှစ်အရွယ် 'ဖာသည်မကလေးများ'၏ ပုံများကဲ့သို့ မြင်ရသူများ၏အာရုံတွင် အော့နှလုံးနာစရာ ဖြစ်နေပါသည်။

အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းလိုက်သော ဦးနေဝင်း၏ နအဖ ဒုစရိုက် ကုမ္ပဏီလီမိတက်ကြီးတွင် အရှင်မွေး ညချင်းကြီး၊ သခင်ဘုန်းကြီး ကျွန်ဓားပြီးသည်ဆိုသော ဒုစရိုက်လောက၏ မူဝါဒအရ အသက်အရွယ် ငယ်ငယ် စစ်မှုထမ်းသက်နုနု၊ တိုင်းရင်းသား ပြည်သူအချင်းချင်း သတ်ဖြတ်ကြရာတွင် လက်ရဲဇက်ရဲလွန်း၍ 'သီဟ'နှင့်'သူရ' လူသတ်တံဆိပ်ခတ်ခံရသူများ၊ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့် တိုင်းရေး ပြည်တာတွင် ခပ်ညံ့ညံ့များကိုသာ အဆင့်အမြင့်ဆုံး အာဏာပိုင် ကောင်စီဝင်များအဖြစ် ခန့်အပ်လိုက်ပြန်ပါသည်။

နိုင်ငံရေးနှင့် စီးပွားရေးပညာကို လုံးဝ မတတ်ကျွမ်းသော နဝတ စစ်ဗိုလ်များနေရာတွင် လုံးဝမနားမလည်သော နအဖ စစ်ဗိုလ်များက အစားထိုး ဝင်လာပြန်ပါသည်။

နအဖ စစ်ဗိုလ်များ ၉ နှစ်တာကာလ အုပ်ချုပ်ရေးတွင် တံခါးဖွင့် စီးပွားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လက်ခံကြသော်လည်း ဥပဒေအနေဖြင့် စာမျက်နှာ ၁၃ မျက်နှာခန့်သာ မပြည့်မစုံ ပြဌာန်းနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် မရေးမနှောင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို လက်ခံခဲ့သော ဗီယက်နမ်နိုင်ငံတွင် စာမျက်နှာ ၁၅၀ ခန့် ပြဌာန်းထားပြီး ပိုမိုပြည့်စုံနေကြောင်းကို မြန်မာပညာရှင်များက နှိုင်းယှဉ်ဖော်ပြပြီး ဖြစ်ပါသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံတွင် ငွေလဲလှယ်နှုန်း Exchange rate တစ်မျိုးတည်းသာရှိပြီး နဝတ၊ နအဖ ခေတ်တွင် ငွေလဲလှယ်နှုန်း ကောင်တာ ဈေးနှုန်း၊ ပြင်ပဈေးနှုန်း၊ အစိမ်းဈေးနှုန်း၊ အက်ဖ်အီးစီဈေးနှုန်းနှင့် ဟွန်ဒီ ဈေးနှုန်း စသဖြင့် မျိုးစုံ (multiple) ဖြစ်နေပါသည်။

ကျပ်ငွေဖောင်းပွမှုနှုန်းကို မထိန်းချုပ်နိုင်သည့်အပြင် သွင်းကုန် ပို့ကုန် လိုင်စင်နှင်းဝေလည်း သွင်းကုန် ပထမဖြစ်လိုက်၊ ပို့ကုန် ပထမဖြစ်လိုက်

…နေ့ စာကလေးကြော်ဖြစ်လိုက် နောက်တစ်နေ့ ဆီထမင်းကြော်ဖြစ်လိုက်နှင့် စီးပွါးရေး လောကတစ်ခုလုံး လုံးချာလိုက်နေပါသည်။

အိမ်နီးနားချင်း နိုင်ငံများက ဒေါ်လာဘီလီယံ ချောင့်ါးသည့် စကားများကို ပြောကြားနေစဉ်တွင် သာမန် မျက်နှာဖြူ သူဌေး မိသားစုတစ်ခု၏ …၌ အသုံးစရိတ်မျှသာဖြစ်သော ဒေါ်လာ ၅ သောင်းသည် မြန်မာ …နိုင်ငံလုံးအတွက် တစ်လတာ ငွေပို့ငွေလွှဲငွေ Remittance ဖြစ်နေပါ…သည်။ အမှန်တကယ်တွင် ဗမာစစ်အာဏာရှင် လူတစုသည် ကိုယ်ကျိုးရှာ …သမား ငါ့အဖို့သမားများသာ ဖြစ်ကြသည်ကို ဗိုလ်ကျော်ဘ၊ ဗိုလ်ထွန်း…ည၊ ဗိုလ်သိန်းဝင်း၊ ဗိုလ်စိန်အောင်နှင့် ဗိုလ်မြင့်အောင် စသော စစ်ဝတ်စုံ …ရေခြုံများက လက်တွေ့သာဓက ပြသွားကြပြီး ဖြစ်ပါသည်။ တိုင်းသူပြည် …များ ဆင်းရဲမွဲတေသွားကာ (၁၁)နှစ်သမီး 'ဖာ' ဖြစ်သွားပြီး နဝတ၊ …အ စစ်ဗိုလ်များသာ ချမ်းသာကြွယ်ဝနေသည်ကို အများပြည်သူ သိရှိကြပြီး …ပါသည်။ စစ်တပ်သည် တိုင်းသူပြည်သားများ၏ အသက် စည်းစိမ်ဥစ္စာ …ကာကွယ်ရန် စောင့်ရှောက်ရန် မဟုတ်တော့ဘဲ နိုးဝှက် ဆိုးသွမ်းရန်နှင့် …ဦး၊ လူတစ်ဖွဲ့၏ လက်ပါးစေ ဖြစ်လာခဲ့သည်မှာလည်း ၃၆ နှစ်ပင် …နီးပါပြီ။

စစ်တပ်တွင် ကြယ်ပွင့်များနှင့် ရာထူးအခေါ်အဝေါ်များ တပ်ပေးထား…သည် အမိန့်အာဏာ ဩဇာ ထိရောက်စေရန် ဖြစ်ပါသည်။ ကြယ်သုံးပွင့် …ကြီးက ကြယ်နှစ်ပွင့် ဗိုလ်ကို အမိန့်ဖြင့် တာဝန်ပေးရန် ဖြစ်ပါသည်။ …တပ်ရာထူးနှင့် နိုင်ငံရေး ဩဇာအာဏာကို ရောနှော၍ မရပါ။ စစ်တပ်ကို …က် တစ်နှစ်ကြီး၊ တစ်နှစ်ငယ် ပြန်တမ်းဝင်အရာရှိ ဖြစ်လျက် တစ်နှစ် …သူကို တစ်နှစ်နောက်ကျကာအစ အမိန့်ဩဇာပေးရာတွင် ထိခိုက်နာ …ယ် (Sensitive ) ကြပါသည်။

ဥပမာအားဖြင့် နဝတ ဖွဲ့စည်းခါစတွင် အတွင်းရေးမှူး (၁) ဗိုလ်မှူး… ခင်ညွှန့်ထက် စစ်သက်နှင့် ရာထူးတွင် ဖအေနှင့် သားတမျှ ကွာဟသော …မှုန်ကြီး ဗိုလ်မှူးချုပ် စိန်အောင်သည် ခင်ညွှန့်နှင့် မျက်နှာချင်းဆိုင် …လေးရှုပြုရမည့်နေရာများသို့ မသွားဘဲ ရှောင်တိမ်းရင်း သူ့မိုးကြီး စိန်အောင် …ခဲ့ပါသည်။ နအဖ နိုင်ငံရေး ဩဇာအာဏာ တန်းတူရှိကြသော စစ်သား

နှစ်ဦးမှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဗိုလ်မှူးကြီး၊ ပြည်ထဲရေး ဒုတိယဝန်ကြီး မြင့်အောင်က ဗိုလ်မှူးချုပ်၊ နအဖရာထူးတွင် တင်လှိုင်ကမြင့်၊ စစ်ရာထူးတွင် မြင့်အောင်ကမြင့်ပြီး ကမောက်ကမ ဖြစ်နေပါသည်။ အချင်း ချင်းရန်ဖြစ်၍ အထက်အရာရှိကို ခံပြောသော ပုဒ်မတပ်လျှင် နအဖ ခုံရုံးနှင့် စစ်ခုံရုံး နှစ်ရုံးဖွဲ့ စစ်ရပါမည်။

ထို့အပြင် အစိုးရအဖွဲ့ထက် အာဏာပါဝါရှိသော နအဖ ကောင်စီဝင် များစာရင်းတွင် ခြေမြန်တပ်မ ဌာနချုပ်၊ တပ်မမှူး ရာထူးကိုပင် မရရှိဖူးသေး သော ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ် မောင်ဘို၊ ဒုတိယ စစ်တိုင်းမှူးပင် မဖြစ်ဖူးခဲ့သေးသော တပ်မ (၆၆)မှ တပ်မမှူး ဗိုလ်မှူးချုပ် စိုးဝင်း စသူများ သည် စစ်တိုင်းမှူး ရာထူးကို နေ့ချင်းညချင်း ရရှိလာပြီး စစ်သက်နှင့် စစ်ရာထူးတွင် အဖေအရွယ်မျှရှိကြသော အစိုးရအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး များ ဖြစ်ကြသည့် တင်ထွန်း၊ တင်လှ၊ တင်ငွေနှင့် တင်အေး စသူများ၏ ခေါင်းပေါ်ရောက်ရှိနေကာ ဒုတိယ ဗိုလ်ချုပ်ကြီးများ၏ကံကြမ္မာကို စစ်ရာထူး နှစ်ဆင့်နိမ့်သော ဗိုလ်မှူးချုပ် စစ်တိုင်းမှူး အများစုက ကိုင်တွယ်ထားကြ ပြန်ပါသည်။

တိုင်းတာဝန်ခံက ပြည်မ တာဝန်ခံထက် ကြီးနေပါသည်။ သဘော ပင် စိုက်ပုံပမာဆိုသကဲ့သို့ အလုံးသေးက အလုံးကြီးပေါ်တွင် ရှိပြီး အလုံးကြီး က အောက်တွင် ရှိနေပါသည်။ ရာထူးများနှင့် နိုင်ငံရေး ဩဇာအာဏာကို ရောမွှေ၍ သဘောသီး ပုံပမာထက် ဆိုးဝါးကာ စစ်တပ်ထဲတွင် အချင်းချင်း ကိုက်ကြပြီး စစ်တပ်ထဲတွင် သပွတ်အူလိုက်လေ ဒုစရိုက်ခေါင်းဆောင်ကြီး ဦးနေဝင်းနှင့် ၎င်း၏မန်နေဂျာ ဗိုလ်ချုပ်များဖြစ်ကြသည့် သန်းရွှေ၊ မောင်အေး၊ ခင်ညွန့်နှင့် တင်ဦးတို့အတွက် တွက်ခြေကိုက်လေ ဖြစ်နေပါသည်။ တခြား တစ်ဖက်တွင်လည်း မဝင်းကြည်၏ ကိုယ်ကျိုးစီးပွါးအတွက် အရွယ်မျိုးစုံ အမျိုးသမီးငယ်များသည် ဒုစရိုက် လောကထဲရောက်ကာ ပျော်ပိုက်နေကြရပြီး တစ်ခါတစ်ရံတွင်မှ ထောင်နန်းစံကြရပါသည်။ ထိုနည်းအတူပင် ဦးနေဝင်း၏ ကိုယ်ကျိုးစီးပွါးအတွက် အရွယ်မျိုးစုံ စစ်ဗိုလ်များသည်လည်း ဒုစရိုက် လောကထဲရောက်ကာ ပျော်ပိုက်နေကြရပြီး တစ်ခါတစ်ရံတွင်မှ ထောင်နန်းစံ ကြရပါသည်။

ဒုစရိုက်လောကထဲသို့ ရောက်ရှိနေကြသော အရွယ်မျိုးစုံ အမျိုးသမီးငယ်များသည် အရွယ်လွန်၍ သုံးမရသည့်ဘဝ ရောက်မှသာ နောင်တရလေ့ရှိကြပါသည်။ ထို့အတူပင် ဒုစရိုက်လောကထဲသို့ ရောက်ရှိနေကြသော အရွယ်စုံ စစ်ဗိုလ်များသည်လည်း ဆိုးမရ ခိုးမရ စစ်ယူနီဖောင်းချွတ်ရပြီး ဆောင်ကျသည့်ဘဝရောက်မှသာ နောင်တရလေ့ရှိကြပါသည်။ ဘယ်သူမပြု မိမိမှု၊ မျက်အစဥ် ပြင်ခဏာဆိုသကဲ့သို့ အရွယ်မလွန်မီ ကိုယ့်ဘဝကိုယ် ပြုခဲ့သည် အဖတ်ဆည်ကြရမှာကတော့ မဝင်းကြည်၏ အရွယ်မျိုးစုံ အမျိုးသမီးငယ်များ၊ ဦးနေဝင်း၏ မန်နေဂျာများနှင့် အရွယ်စုံ စစ်ဗိုလ်များ၏ တာဝန်သာ ဖြစ်ပါသတည်း။

❐

## ဦးနေဝင်းက ဒိုအို တပ်မတော်က ပြိုပြို

၁၉၁၁ ခုနှစ်တွင် မွေးဖွားခဲ့သည်ဆိုသော ဦးနေဝင်းသည် ယခုအချိန် အခါတွင် အသက် (၈၇)နှစ်အရွယ် အိုမင်းရင့်ရော်ပြီး သူငယ်ပြန်ကောင်း ပြန်နေပါလိမ့်မည်။

၁၉၆၂ခုနှစ် ဦးနေဝင်း အသက် (၅၁) နှစ် အရွယ်ကောင်း လုပ်နိုင် ကိုင်နိုင်သောအရွယ်၊ သိက္ခာသမာဓိနှင့် ပညာရင့်ကျက်သင့်သော အရွယ် ကောင်းတွင် တိုင်းပြည်ကြီးအား ဖယ်ဒရယ်မူဘက်ကို ယိမ်းယိုင်နေပြီး ပြိုကွဲတော့မည်ဟု မဟုတ်မဟတ် လှည့်ပတ် လိမ်ညာကာ စစ်တပ်ကို ခုတုံးလုပ်၍ အာဏာသိမ်းခဲ့ပါသည်။

အာဏာရှင် မူဆိုလိုနီ၏ ကျင့်ထုံးအတိုင်း "ကျွန်ုပ်တို့ကျင့်သုံးသော ဥပဒေ ခံယူချက်သည် ကျွန်ုပ်တို့အောင်မြင်ရန်အတွက် လိမ်ကြစို့" ဟူ၍ပင် ဖြစ်ပါသည်။

ဦးနေဝင်း၏အကြောင်းစုံကို သိရှိကြသော နိုင်ငံခေါင်းဆောင်ကောင်း များက ဦးနေဝင်း၏အစိုးရနှင့် ပါတီတွင် ပါဝင်ဆောင်ရွက်ကြရန် အကြိမ် ကြိမ် ဖိတ်ခေါ်ခဲ့သော်လည်း ငြင်းဆန်ခဲ့ကြပါသည်။ သို့ရာတွင် လွတ်လပ်ရေး ရခါစ တိုင်းပြည်ကနုနု မုန့်တိုင်းက ထန်ထန်အချိန်တွင် စစ်တပ်ကို အာဏာ သိမ်းရန် တိုက်တွန်းနေကြသော အမှတ်(၃) ဗမာ့ရိုင်ဖယ်တပ်မှ ကွန်မြူနစ် ဩဇာခံ ဗိုလ်ရဲထွဋ်၊ ဗိုလ်ရဲထွဋ်၏ဆရာ ဦးသိန်းဖေမြင့်နှင့် သခင်တင်မြ ဦးဘညိမ်း စသော ကွန်မြူနစ်များကသာ "၁၉၄၈ ခုနှစ်က တို့အကြံ

အနေမှသာ အောင်ပြီ' ဟု ကြွေးကြော်ကာ ဦးနေဝင်း၏ အစိုးရ၊ မဆလ ...ဘီတို့နှင့် ပူးပေါင်းလာခဲ့ကြပါသည်။ ကွန်မြူနစ်တို့၏ မူဝါဒဘက်သို့ သိမ်းယိုင်သွားခဲ့သော ဦးနေဝင်းသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ပြည်သူပိုင် သိမ်းလိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနှင့် ရုပ်ရှင်ရုံ၊ ကျောင်း၊ ဆေးရုံ စသည် များ ပါဝင်ခဲ့ပါသည်။

ယခု ဦးနေဝင်းသိမ်းခဲ့သော ပုဂ္ဂလိကပိုင် လုပ်ငန်းများကို မူလပိုင်ရှင် များအား ပြန်မပေးဘဲ ဘိန်းသမားများနှင့် အကျင့်ပျက် စစ်ဗိုလ်များဘက်သို့ ...ောင်းချ လွှဲပေးနေပြန်ပါသည်။

တပ်မတော် တည်ဆောက်ခါစတွင် တပ်မတော်သားများထံသို့ပါတီ ...ိုင်ငံရေးနှင့် အာဏာပါဝါ ပိုင်ဆိုင်လိုသော ဝိသမလောဘများ ဝင်ပူးကပ်ခဲ့ သောကြောင့် တပ်မတော်ကြီးလည်း ပြိုတိုတို ကွဲတဲတဲ ဖြစ်ခဲ့ရပါသည်။ ...ပ်မတော်၏ အရင်းအမြစ်ဖြစ်သော ရဲဘော်သုံးကျိပ်ဝင်များသည်လည်း အကွဲကွဲ အပြဲပြဲဖြစ်ပြီး အချင်းချင်း တိုက်ကြခိုက်ကြသဖြင့် ဘဝပျက်ခဲ့ကြရ ...ါသည်။

လက်နက်ကိုင်တပ်ဖွဲ့များသည် ပါတီရေး၊ ပုဂ္ဂိုလ်ရေးသဘော မပါဝင် သော တိုင်းသူပြည်သားများ ရွေးကောက် တင်မြှောက်ထားသော ဒီမိုကရေစီ အစိုးရ၏ ကျေးဇူးသစ္စာကို စောင့်ထိန်းရမည်၊ တိုင်းပြည်၏ ကျေးဇူးတရားကို သိတတ်ရမည် ဆိုသော အယူဝါဒရှိကြသူ စစ်သည်တော်ကောင်းများ၏ ...ုပ်ဆောင်ချက်ကြောင့်သာလျှင် တိုင်းပြည်ကြီးသည် ရေတိမ်တွင် မနစ် ...ခြင်း ဖြစ်ပါသည်။

ဤနေရာတွင် Voice of New York No.5 November ၁၉၉၇ ...ွင် ပါရှိသည့် ဗိုလ်မှူးကြီးဟောင်း ဦးချစ်မြိုင်၏ သမိုင်းဝင် ပြောကြားချက် အချို့ကို အောက်တွင် ကူးယူဖော်ပြပါသည်။

'အပျော်တမ်း တပ်ကရော ကွန်မြူနစ်တပ်တွေကပါ စစ်တပ်အနေနဲ့ အာဏာသိမ်းရန် အကြံပေးလာတာကို ကျွန်တော် ငြင်းခဲ့တယ်။ ကျွန်တော့် အနေနဲ့ အရေးပါတဲ့တပ်ကို ကိုင်ထားရတော့ အာဏာသိမ်းဖို့ လွယ်တယ်လို့ ပြောပါတယ်။ ဒါပေမဲ့ တိုင်းပြည်ကို အုပ်ချုပ်ဖို့ကတော့ မလွယ်ဘူး။ ကျွန်တော်တို့အနေနဲ့ 'အစိုးရအဖွဲ့ မဖွဲ့နိုင်ဘူးလို့ပြောပြပါတယ်။ ကျွန်တော်

တို့မှာ တိုင်းပြည်အုပ်ချုပ်ဖို့ အတွေ့အကြုံလည်း မရှိဘူးလို့ ပြောပြပါတယ်။ ကျွန်တော် မှတ်မိပါသေးတယ်။ ဗိုလ်လရောင်က "ညီလေး မင်း ဝန်ကြီး လုပ်လို့ရတာပဲ။ ငါလည်း လုပ်လို့ရတာပဲ။ တို့တတွေမှာ အတွင်းရေးမှူး ကောင်းကောင်းရှိရင် ဝန်ကြီးတွေ လုပ်လို့ရတာပဲ"လို့ ပြောတော့ ရှုံးနေတာ ပဲလို့ ကျွန်တော်က မှတ်ချက်ချလိုက်ပါတယ်။

ကျွန်တော်ရဲ့လက်ထောက်ဖြစ်တဲ့ ဗိုလ်ရဲထွတ်ဟာ နေ့နေ့ညည ကျွန်တော့်ကို အာဏာသိမ်းဖို့ နေ့စဉ် နားချပါတော့တယ်။ ကျနော်ကလည်း လုံးဝ ခါးခါးသီးသီး ငြင်းတော့ နောက်ဆုံး မြေပေါ် ကွန်မြူနစ်ခေါင်းဆောင် ဦးသိန်းဖေမြင့်ကို ကျွန်တော့်ဆီ ခေါ်လာပါတယ်။ အမှတ် (၃) သေနတ်ကိုင် တပ်အနေနဲ့ ဗိုလ်ရဲထွတ်ဟာ ကျွန်တော်ကိုကျော်ပြီး တပ်ကို မစည်းရုံးနိုင်ပါ ဘူး။ ကျွန်တော့်ကိုသာ တပ်က လက်ခံတာ သူသိတဲ့အပြင် ၁၉၄၆ ခုနှစ် တပ်စထူထောင်ကတည်းက ကျွန်တော် ဖိဖိစီးစီး ထိန်းထားလာခဲ့တဲ့ တပ်ဖြစ်တော့ ကျွန်တော့်ကိုပဲ လက်ခံကြပါတယ်။ ဩဂုတ်လ ၉ ရက်နေ့ ညနေမှာ ကျွန်တော်ဟာ မင်္ဂလာဒုံမှာရှိတဲ့ အရာရှိ ထမင်းစားဆောင်မှာ အရာရှိကြီးငယ်တို့ကို စုဝေးလိုက်ပါတယ်။ ဗိုလ်ရဲထွတ်က စတင်ဟောပြော ရာမှာ စစ်တပ်အနေနဲ့ အာဏာသိမ်းသင့်တယ်လို့ တင်ပြပါတယ်။ ကျွန်တော် ပြောမဲ့ အလှည့်ရောက်တော့ ကျွန်တော်က စစ်တပ်ရဲ့အဓိက တာဝန်ဟာ ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရအပေါ် ကာကွယ်စောင့်ရှောက်ရုံပဲ ရှိတယ်။ စစ်တပ်အပေါ် ယုံကြည်လို့ လွှဲအပ်ထား တဲ့ ပါဝါနဲ့အင်အားကို အလွဲသုံးစား မလုပ်သင့်ဘူးလို့ပဲ တင်ပြပါတယ်။ တကယ်တော့ ရဲထွတ်နဲ့ ကျွန်တော်တို့ မှန်းထားသလို ရဲထွတ်နောက်ကို လိုက်မယ့်သူဟာ ၂၅ - ၃၀ မရှိခဲ့ပါဘူး။ နောက်တစ်နေ့မှာ ရဲထွတ်ဟာ သူ့လူများကို ဆော်ဟာစ်ပြီးတော့ လာကြ၊ ကားပေါ်တက်ကြ၊ ဘာလုပ်နေကြ သလဲ၊ ဗိုလ်မှူးချစ်မြိုင်လည်း တို့နဲ့အတူ ရှိနေပြီဆိုတော့ ကျတော့်တပည့် များဟာ ကျွန်တော် ထရပ်ကားပေါ် ပါလာပြီအထင်နဲ့ တက်လိုက်သွားကြ တာတဲ့။ မနက်မိုးလင်း ရေတွက်ကြည့်လိုက်တော့ ရဲထွတ် ခေါ်သွားတာ ၁၅၀ ကျော်မှန်း သိရပါတယ်။ မယုံနိုင်စရာ၊ ကျွန်တော့်ဒရိုင်ဘာ၊ ကျွန်တော့် ကိုယ်ရေးအရာရှိ အပါအဝင် ကျွန်တော်ရဲ့လူရင်းများ ပါသွားပါတယ်။

နောက်တစ်နေ့မှာပဲ ချက်ချင်း ပြန်လာကြပြီးတော့ ကျွန်တော်ပါမယ်ထင်တာနဲ့ လိုက်သွားကြောင်း ပြောပြပါတယ်။

ထို့အပြင် စစ်တပ်အတွင်း အကွဲကွဲအပြဲပြဲ ဖြစ်လာနေချိန်တွင် ဦးနေဝင်း၏ ဘဝအနေအထားကိုလည်း ဦးချစ်မြိုင်က အောက်ပါအတိုင်း ပြောပြန်ပါတယ်။

ကျွန်တော်တို့အုပ်စု စကွဲတာနဲ့တစ်ပြိုင်နက် အစိုးရက ကျွန်တော်တို့ စစ်တပ်အပေါ် အားစမ်းတော့တာပါပဲ။ အစိုးရဟာ ဗိုလ်ချုပ်နေဝင်းကို မေမြို့ကို ပြန်ပြီးတော့ မြောက်ပိုင်းတိုင်း တိုင်းမှူး တာဝန်ကို ပြန်ကွပ်ကဲခိုင်း ခိုင်းပါတယ်။ ကျွန်တော်တို့ ၉ ဦးက ဗိုလ်နေဝင်းကို လုံးဝမပြန်နဲ့၊ ဒီအမိန့်ကို လုံးဝဂရုမစိုက်နဲ့၊ ကျွန်တော်တို့အားလုံး ခင်ဗျား နောက်မှာရပ်နေသမျှ ကာလ ပတ်လုံး အစိုးရဟာ ခင်ဗျားကို လုံးဝမထိရဲဘူး။ ကျွန်တော်တို့ ခင်ဗျား နောက်မှာ ရာနှုန်းပြည့် ရှိနေတယ်။ ရန်ကုန်က ဘယ်မှမခွါနဲ့လို့ ပြောခဲ့ပါ တယ်။ အစိုးရဟာ မေမြို့ပြန်ဖို့အတွက် အကျပ်ကိုင် မရတော့တဲ့အတွက် ဗိုလ်နေဝင်းကို ဒုဦးစီးချုပ်ရာထူးနဲ့ စစ်ဌာနချုပ်မှာ ထားခဲ့ပါတယ်။ ဗိုလ်နေဝင်း ဟာ ဒီလိုနဲ့ စစ်တပ်ရဲ့တစ်ဦးတည်းသော ခေါင်းဆောင်အဖြစ် အငြင်းအပွားမရှိ ပြိုင်ဘက်မရှိ ဖြစ်လာတယ်။

အထက်ဖော်ပြပါ တပ်မတော် အကွဲအပြဲသမိုင်းကို တင်ပြရာတွင် ဗိုလ်မှူးကြီးဟောင်း ဦးချစ်မြိုင်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး စစ်တပ်ကို နိုင်ငံတော် အာဏာသိမ်းရန် အားပေးအားမြှောက်ပြုခဲ့သော စာရေးဆရာကြီး ဦးသိန်း ဖေမြင့်၏ရေးသားချက် တစ်ချို့ကိုလည်း လေ့လာသုံးသပ်နိုင်ရန် အောက်တွင် ကူးယူဖော်ပြပါမည်။

မြန်မာလွတ်လပ်ရေး တပ်မတော် (BIA)၊ ထို့နောက် ဗမာကာကွယ် ရေး တပ်မတော်(BDA) အတွင်းသို့ နစ်ပါတီ (ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ အရေးတော်ပုံပါတီ)ကွဲလွဲချက်များသည် ဝယက်ရိုက်လာလေသည်။ သဘောတရားကွဲလွဲမှုမှာ အထင်အရှား မပေါ်လာဘဲ ပုဂ္ဂိုလ်ရေး ပုဂ္ဂိုလ်စု အရေး ကွဲလွဲမှုကသာ အထင်အရှားပေါ်လာခဲ့သည်။ ခေါင်းဆောင်ပိုင်း၌ ဘွင်ကျယ်သောအစုမှာ ဂျပန်ပြန် ရဲဘော်သုံးကျိပ် များရာအစုဖြစ်၏။ ဂျပန်ပြန်ဆိုလျှင် အလိုအလျောက် ထိပ်ပိုင်းရောက်၏။ ပြည်သူ့အရေးတော်ပုံ

ပါတီ ယူနစ်ဝင် များစွာတို့သည် ဘီအိုင်အေ (သို့မဟုတ်) ဘီဒီအေထဲသို့ ရောက်ကြ၏။ သူတို့က ပညာအရည်အချင်းအားဖြင့် အချို့သော ဂျပန်ပြန်များထက် သာချင် သာမည်။ သို့ရာတွင် ထိပ်ပိုင်းသို့ မရောက်နိုင်။ သူတို့သည် ဌာနချုပ်မှာ ထက်အောက် ယူနစ်များမှာ တွင်ကျယ်ကြသည်။ သူတို့အား ထိုစဉ်က Unit Group ယူနစ်အုပ်စုဟု ခေါ်ကြ၏။

ဂျပန်ပြန် ရဲဘော်သုံးကျိပ်သည် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာနှင့် ဗိုလ်နေဝင်းတို့အား ခေါင်းဆောင်ထား၏။ သို့ရာတွင် ယူနစ်အုပ်စုသည် ဗိုလ်ချုပ်အောင်ဆန်းအား ကြားသဘောထားသည်။ ဂျပန်ပြန်အုပ်စုတွင် ဗိုလ်လက်ျာ၊ ဗိုလ်ကျော်ဇော စသူတို့က ခေါင်းဆောင်နေသည်ဟု သူတို့က ယူဆကြသည်။ ယူနစ်အုပ်စုတွင် ဗိုလ်မှူးကြီးများဖြစ်သော ဗိုလ်အောင်ကြီး ဗိုလ်အောင်ရွှေ (ယခု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ)၊ ဗိုလ်မောင်မောင်၊ ဗိုလ်ကြည်ဝင်း စသူတို့မှာ တက်ကြွစွာ လှုပ်ရှားသော ကေဒါများဖြစ်သည်။ ဂျပန်ပြန်အုပ်စုမှ ဗိုလ်နေဝင်းသည် ပုံထွက်လာကာ ယူနစ်အုပ်စုတွင် ခေါင်းဆောင် သဖွယ်ဖြစ်သည်။

သခင်သန်းထွန်းနှင့် သခင်ချစ်တို့မှ တစ်ဆင့် ကွန်မြူနစ်ပါတီသည် ဂျပန်ပြန် အုပ်စုတွင် ဩဇာတက်လာသည်။ ကျော်ငြိမ်း၊ ဗဆွေတို့မှ တစ်ဆင့် ပြည်သူ့အရေးတော်ပုံပါတီသည် ယူနစ်အုပ်စုတွင် ဩဇာတက်လာသည်။ တဖြည်းဖြည်း နိုင်ငံရေးအကွဲသည် ပုဂ္ဂိုလ်ရေးအကွဲအဖြစ် အားကောင်းလာသည်။ ပုဂ္ဂိုလ်ရေး အကွဲသည်လည်း နိုင်ငံရေးဝါဒသဘောတရား အကွဲအဖြစ်ဖြင့် အားကောင်းလာပြန်လေသည်။

အထက်ဖော်ပြပါ အာဏာမသိမ်းရန် ကာကွယ်ခဲ့သော ဦးချစ်မြိုင်နှင့် အာဏာသိမ်းရန် အားထုတ်ကြံစည်ခဲ့သော ဦးသိန်းဖေမြင့်တို့၏ ပြောဆိုရေးသားချက်များကို လေ့လာသုံးသပ်ကြည့်ပါက အဓိကအားဖြင့် နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် ရယူလိုသူများသည် မြေပေါ်ကွန်မြူနစ် ဦးသိန်းဖေမြင့် အပါအဝင် မြေပေါ် မြေပေါ်မြေအောက် ကွန်မြူနစ်များသာ ဖြစ်ခဲ့ကြပါသည်။

တပ်မတော်ကြီးနှင့်တိုင်းပြည်ကြီး ချောက်ထဲမကျအောင် ကာယ်တင်ခဲ့ကြသူများသည် စစ်တပ်အနေဖြင့် တိုင်းပြည်အုပ်ချုပ်ရန် မလွယ်ကူ၊ အစိုးရ

နိုင်။ စစ်တပ်သည် လွှတ်လပ်ပြီး တရားမျှတစွာ ဒီမိုကရေစီကျကျ
ကောက် တင်မြှောက်ထားသော အစိုးရအပေါ်သစ္စာရှိရမည်ဟု ယုံကြည်ခဲ့
ကြသော စစ်သားကောင်းကြီးများပင် ဖြစ်ပါသည်။ တပ်မတော်ကြီးတွင်
ရေး ပယောဂများဝင်ပူးကပ်ပြီး ယိုယွင်းပြိုကွဲနေခဲ့သည်များကို မျိုးချစ်
င်းဆောင်များနှင့် တပ်မတော် အကြီးအကဲများက ဒီမိုကရေစီနှင့် တရား
ဥပဒေ စိုးမိုးရေးအပေါ် မဏ္ဍိုင်ပြုပြီး ပြန်လည်၍ စည်းရုံးနိုင်ခဲ့ကြပါသည်။
ဒီမိုကရေစီ ဆေးစွမ်းကြောင့်သာ တပ်မတော် အသက်ပြန်ဝင်လာခဲ့ပါသည်။
ကွင် လိမ်လည်ပြီး လှည့်ဖျားပြီး နှပ်ပြီး ပတ်ပြီး၊ မမှန်မကန်သော
သတင်းမှားများကို လွှင့်ပြီး မိမိကိုယ်ကျိုးအတွက် အသုံးပြုလေ့
သော ကြောင်သူတော် ဦးနေဝင်းသည် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးပစ်ခဲ့ပါ
သည်။ တပ်မတော်အင်အား ချိနဲ့အောင် ကြံစည်ဆောင်ရွက်ခဲ့ပါသည်။
အတင်းအားမစွ ရယူထားသော အာဏာအား တပ်မတော်အရာရှိများ
မှ တစ်ဦးတစ်ယောက်မှ လုမယူနိုင်စေရန် ပရိယာယ် မျိုးစုံသုံးခဲ့ပါ
သည်။ တပ်မတော်အရာရှိ အကြပ်တပ်သားများအား တရားမျှတ စေရေးနှင့်
ဒီမိုကရေစီအရေးကို ဖွင့်ဟမပြောဆိုနိုင်စေရန် အာစေးထည့်ပြီး အကျင့်
ကို ရောင်းစားကာ ဘဝရှင်သန်နေကြသည့် ဘဝရောက်အောင်
ထားခဲ့ပြန်ပါသည်။ အာဏာရှင် ဦးနေဝင်း၏ ပရိယာယ်ဝေဝစ်များကို
ရေး သူ၏ အတွေ့အကြုံအချက် တချို့နှင့် ကိုးကား၍ အောက်တွင်
ပြပါမည်။

ဦးချစ်မြိုင်၏စကားတွင် ၁၉၄၆ ခု တပ် စထူထောင်ကတည်းက
တော်ဖိဖိစီးစီး ထိန်းလာခဲ့တဲ့ တပ်ဖြစ်တော့ ကျွန်တော့်ကိုပဲ လက်ခံကြ
ဘယ်။ စာရေးသူ ကိုယ်တွေ့အနေဖြင့်လည်း ဒီမိုကရေစီ အစိုးရခေတ်တွင်
ရင်းမှူးသည် တပ်မတော်သားများ၏ ဖခင် မိခင်သဖွယ် ဩဇာအာဏာ
ခဲ့ပါသည်။ တပ်ရင်းမှူးသည် မိမိတပ်ရင်းအတွက် စစ်သည်တော်များ
ဆောင်းခြင်း၊ စစ်ပညာသင်ကြားပေးခြင်း၊ စေတနာ မေတ္တာဖြင့် စစ်သည်
တော်များနှင့် ဇနီး သားသမီးများအပေါ် မြေတောင်မြှောက် စောင့်ရှောက်
ထိန်းသိမ်းပေးခြင်းများကြောင့် တပ်ရင်းအတွင်းရှိ အရာရှိကြီးငယ် အကြပ်
တပ်သားများအပေါ် ဩဇာအာဏာ ထက်မြက်ခဲ့ကြပါသည်။

စစ်ပညာသာတတ်ပြီး စစ်တပ်အကြောင်း ကောင်းစွာသိသော
စ်သားဟောင်းကြီး ဦးနေဝင်းသည် ၄င်း အာဏာရှင်လက်ထက်တွင်
င်းအား အကာအကွယ်ပေး ထောက်ခံခဲ့ကြသော ပညာတတ် စစ်ဗိုလ်များ
အား စစ်တပ်မှထုတ်ပယ်ခဲ့ပြီး တပ်မတော်၏ ကျောရိုးဖြစ်သော တပ်ရင်းမှူး
ား လက်ထဲတွင် စစ်သားများ ပြည့်ပြည့်စုံစုံ မရှိစေရန်၊ တပ်ရင်းမှူးနှင့်
ရာရှိကြီးငယ်များ မရင်းနှီးကြစေရန်၊ သြဇာအာဏာမရှိစေရန် စသောနည်း
းစုံဖြင့် ခွဲခြမ်းစိတ်ဖြာ အုပ်ချုပ်လာခဲ့ပါသည်။

မဆလခေတ်နှောင်းပိုင်းတွင် စာရေးသူ၏ သူငယ်ချင်း ဗိုလ်မှူးတစ်ဦး
ည် အိမ်ကို အလည်ရောက်လာခဲ့ပါသည်။ ဧည့်ခံ ကျွေးမွေးသည်များကို
င် မစားနိုင် မသောက်နိုင်သေးဘဲ အတော်မကြေမချမ်း ဖြစ်လာခဲ့သည်
ဲသော စပြောနေပြန်ပါသည်။

"ဒီနေ့ မြို့ထဲသွားရင်း စစ်ဗိုလ်များအတွက် သီးသန့် အရောင်းဆိုင်
ပြီး မထုတ်ရသေးတာ ကြာနေတဲ့ ယူနီဖောင်းတစ်စုံ ဝင်ဝယ်တယ်ဗျာ။
င်းမှူး လက်မှတ်ပါမှ ထုတ်ပေးမယ်တဲ့။ ကျွန်တော့်တပ်ရင်းက ရခိုင်ပြည်
ကျောက်ဖြူမြို့မှာ၊ စစ်တိုင်းမှူးကစစ်တွေမြို့မှာ၊ တာဝန်ကျနေတာက ကရင်
ည်နယ်မှာ၊ မိန်းမနဲ့ကလေးတွေက ရန်ကုန်မြို့မှာ၊ နားရက် ၂ ပတ်ရလို့
ခတ္တ ပြန်လာရင်း ယူနီဖောင်းဝယ်မိတာ၊ စစ်တပ်မှာ၊ မပျော်ရတဲ့အထဲ
ဝက်ချင်စိတ် ပေါက်သွားတာဘဲ။ တိုင်းမှူးလက်မှတ် ဘယ်လိုလုပ် ဒီရက်
ခတွင်းမှာ ရနိုင်ပါ့မလဲ။ မခက်ခက်အောင် လုပ်ထားပြီး အရောင်းဆိုင်က
ပ္စည်းတွေ မှောင်ခိုဈေးကို ပို့နေကြတာ။ မှောင်ခိုဈေးမှာ စစ်အသုံးဆောင်ပစ္စည်း
တွေ ရောင်းနေကြတယ်။ ဘယ်သူမှလည်း မဖမ်းကြဘူး။ စစ်တပ်ကတော့
ပျက်စီးခြင်းငါးပါးတိုင်နေပါပြီ။ ရခိုင်က တပ်ရင်းက စစ်ဗိုလ်စစ်သားတွေကို
ကရင်ပြည်နယ်တချို့၊ ရှမ်းပြည်နယ်တချို့၊ ကယားပြည်နယ်တချို့ ခွဲပြီး
ထားတာ။ တပ်ရင်းမှာ တပ်ရင်းမှူးနဲ့ အရာရှိ (၃-၄) ယောက်၊ တပ်သား
၃၀-၄၀) ယောက်၊ အိမ်ထောင်သည်အမျိုးသမီးများ ကလေးများသာ ကျန်
နေတယ် ဟူသော တပ်ရင်းများ၏ အနေအထားပင် ဖြစ်ပါသည်။ မော်လမြိုင်
ာက်တွင် တပ်စွဲထားသော တပ်ရင်းတစ်ရင်းမှ မိတ်ဆွေ တပ်ရေးအရာရှိ
တစ်ဦးကလည်း ရန်ကုန်မြို့သို့ မော်တော်ယာဉ်များ ကြွခိုင်ရေးအတွက် အဝ

နည်း လာဝယ်သည်ဟု အကြောင်းပြပြီး တပ်ရင်းမှူး ကွပ်ကဲမှုဖြင့်လည်း ကောင်း။ ထိုမော်တော်ယာဉ် အဖွဲ့အနေဖြင့်လည်းကောင်း၊ အပြောင်းအပြန် မောင်ခိုပစ္စည်းသယ်နေကြပုံများ၊ ရှေ့တန်းက စစ်သားများကို ပြန်ကြိုရာ ၌လည်း တပ်သားများထံက ပစ္စည်းမျိုးစုံကို မော်တော်ယာဉ်ပေါ်တွင် ဖြတ်ဝယ်ပြီး မှောင်ခိုဈေးတွင် ပြန်ရောင်းကာ တပ်ရင်းမှူးနှင့် ၄င်းတို့ အသာ စားသောနေပုံများပင် ဖြစ်ပါသည်။

ဦးနေဝင်းသည် ရခိုင်ပြည်နယ် တပ်ရင်းက စစ်ဗိုလ် စစ်သားများကို ကရင်ပြည်နယ်ပို့၊ ကရင်ပြည်နယ်က စစ်ဗိုလ်စစ်သားများကို ရှမ်းပြည်နယ်ပို့ သည်ဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ စစ်သည်တော်များကို စီးဖြူးကို ကောတွင် ထည့်လှိမ့်ထားသလို လှိမ့်ထားပါသည်။ (ယခု နဝတ နှင့် အခေတ်တွင် ပို၍ဆိုးဝါးသည်မှာ သင်တန်းတက်နေသော ဗိုလ်မှူး ဒုတိယ ဗိုလ်မှူးကြီး စသည်များကိုပင် တစ်ယောက်နှင့် တစ်ယောက် မရင်းနှီးကြ စေရန် သင်တန်းကာလမပြီးဆုံးမီမှာပင် ဟိုတပ်ပြောင်း ဒီတပ်ရွှေ့ စသည်ဖြင့် နေပြန်ပါသည်။ ရှေ့ တန်း စစ်မျက်နှာများတွင်လည်း တစ်နိုင်ငံလုံးရှိ ရင်းတကာမှ တပ်ခွဲများနှင့် တပ်ခွဲမှူးများအား ‘သူတဗိုလ် ငါတမင်း’ သည်ဖြင့် ပြည်သူများအပေါ် မင်းမူ ခိုင်းထားပြီး တပ်ခွဲချင်း အစေးမကပ် အောင်လည်း စစ်ရုံးချုပ်နှင့် ဗျူဟာရုံးများက တပ်ပြောင်းမိန့်များကို မနား လှည့်ထုတ်နေပါသည်။)

အမှန်တကယ်ပင် ယနေ့ တပ်မတော်ကြီးသည် စည်းကမ်းဆိုသော ကြိုးမဏ္ဍိုင်မရှိတော့ဘဲ ကွဲပြီးသော ဖန်ပုလင်းကို ကျွဲကော်နှင့် ကပ်ထား သကဲ့သို့ ကွဲရာများကို မြင်တွေ့နေကြရပါသည်။ အတို့မခံ ရွှေပုဂံ ဘဝ ရောက်ရှိနေပါသည်။

လက်နက်မရှိသော ပြည်သူပြည်သားအများအား အနိုင်အထက် ပြုမူသော လက်နက်ရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်နေပါသည်။ နိုင်ငံတကာ ခွမ်းရည်မျိုးနှင့် မနိုင်းယှဉ်ဘဲ ဘိန်းသမားများ၏ လက်နက်ကိုင်တပ်နှင့် အစ်အခတ် ရပ်စဲထားသော လူမျိုးစုများ၏ လက်နက်ကိုင် တပ်များနှင့်ပင် ညီရဲအောင် ဖရိုဖရဲ ဖြစ်နေပါသည်။

တပ်မတော်ရှိ ယနေ့အကွဲအပြဲသည် လွတ်လပ်ရေးရခါစက အကွဲအပြဲကဲ့သို့ မူဝါဒ အယူအဆ ကွဲပြခြင်း မဟုတ်ပါ။ စားရသူနှင့် မစားရသူ သူခိုးနှင့်လူရိုး အကျင့်သိက္ခာမရှိသူနှင့် အကျင့်သိက္ခာ အနည်းအကျဉ်း ရှိသူများ၏ အကွဲအပြဲသာ ဖြစ်ပါသည်။ ဝိသမလောဘ အကွဲအပြဲဟုလည်း ဆိုနိုင်ပါသည်။

လွတ်လပ်ရေး ရခါစက တပ်မတော် အကွဲအပြဲကြီးကို မပြိုမပျက်စေရန် ဒီမိုကရေစီ အစိုးရ၏သြဇာကို ခံယူခြင်းဖြင့် ကုစားနိုင်ခဲ့ကြပါသည်။ နအဖဗိုလ်ချုပ်ကြီးများအနေဖြင့် နှုတ်ခမ်းပုံအချင်းချင်း ဖြစ်နေကာ ဘယ်သူကမှ ပိုမှတ်၍ မရနိုင်တော့ပါ။ ဘိန်းစားချင်းချင်း တစ်လုံးပိုရှူ၍လည်း မရနိုင်တော့ပါ။

တပ်မတော်ကြီး အဖတ်ဆည်မရအောင် မပြိုကွဲမီ တစ်ခုတည်းသော အားကိုးအားထားစရာသည် လွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီ အစိုးရသာဖြစ်ပါသည်။

ဒီမိုကရေစီအစိုးရထံသို့ အချိန်မီ နိုင်ငံတော်အာဏာကို လွှဲပြောင်း မပေးနိုင်ပါက ဦးနေဝင်းလည်း အိုအို၊ တပ်မတော်ကလည်း ပြိုပြို၊ တရုတ်ကလည်း မြိုမြိုနှင့် တပ်မတော်ကြီး၏ကံကြမ္မာကို မတွေးရဲ၊ မရေးရဲအောင်ပင် ဖြစ်နေမိပါသတည်း။

ခေတ်ပြိုင်၊ မတ်လ ၁၉၉၈

❒

# ရွှေနိုင်ငံရဲ့ကံကြမ္မာ

ရွှေနိုင်ငံရဲ့မြေကြီးက ရွှေသီးတယ်။ သယံဇာတ ပေါကြွယ်ဝတယ်။ ဒီမှာနေထိုင်သူအပေါင်းက လောဘ ဒေါသ မောဟ တရားများကို ထိန်းသိမ်းနိုင်တဲ့ ဘာသာတရားကို ကိုင်းရှိုင်းသူများနှင့် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြပါတယ်။

ရှေးမြို့ ဟောင်းကြီးများကို တူးဖော်နိုင်တာများကပင် ရွှေကွင်းကြီး ရှိတဲ့ ရှေးအကျဆုံး နိုင်ငံကြီးဖြစ်တယ်။

ရွှေရောင်တဝင်းဝင်းနဲ့ ကမ္ဘာကျော်ရွှေတိဂုံဘုရားကြီးကလည်း "ရွှေနိုင်ငံ" အဖြစ် ကြွေးကြော်ပေးနေပါတယ်။ အဝေးရောက် လူငယ်တွေက ကိုယ့်ကိုယ်ကိုယ် "ရွှေနိုင်ငံသား" ရွှေတွေဟု တင်စားကြွားဝါနိုင်လောက်တဲ့ ရွှေနိုင်ငံကြီး။

ရွှေနိုင်ငံကြီးဖြစ်တဲ့ အဓိမြန်မာနိုင်ငံတော်မှာ တရားမျှတစွာ အုပ်စိုးတဲ့ ဒီမိုကရေစီစနစ်သာ ဆက်လက်ရှင်သန်နေပါက ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ ကျရောက်ခဲ့တဲ့ "လွတ်လပ်ရေးနေ့ ရွှေရတုသဘင်ကြီး" ကို ကမ္ဘာကျော်အောင် သံတမန်မျက်နှာစာမှာ ကျင်းပနိုင်မှာ ဖြစ်ပါတယ်။

ယခုတော့ မြန်မာနိုင်ငံမှာ ခိုးကြောင် ခိုးဝှက် တရားဥပဒေတွေနဲ့ ဒီမိုကရေစီ စနစ်ကို မျက်ကွယ်ပြုပြီး ခိုးဆိုးနေတဲ့ နအဖ စစ်ဗိုလ်များဟာ လွတ်လပ်ရေးနေ့ရွှေရတု သဘင်ကြီးကို ခိုးကြောင်ခိုးဝှက်ဘဲ သာမာန်မျှသာ ကျင်းပတော် ကြားသိလိုက်ရပါတယ်။

အိန္ဒိယနဲ့ပါကစ္စတန်လူမျိုးများဟာ ၄င်းတို့နိုင်ငံများမှာ လွတ်လပ်ရေး ရခါစက လူကြီးတွေ အချင်းချင်းကွဲကြပြဲကြ သတ်ကြဖြတ်ကြတာတွေကို ပြည်ဖုံး ကားချပြီး ယခင်နှစ်က ကျရောက်ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့လွတ်လပ်ရေး ရွှေရတု သဘင် အခမ်းအနားကြီးကို အင်္ဂလန်နိုင်ငံနှင့် ကမ္ဘာ့အရပ်ရပ်မှာ ပျော်ပွဲရွှင်ပွဲ ဆိုပွဲကပွဲ ဆွေးနွေးပွဲ ဟောပြောပွဲကို ညီညီညွှတ်ညွှတ် စည်ကားခမ်းနားစွာ ဆင်ယင် ကျင်းပခဲ့ကြပါတယ်။

ဟိန္ဒူနဲ့ မူဆလင်တွေတောင် ကမ္ဘာ့ပြည်သူများ ရှေ့မှောက်မှာ ချစ်ကြည်ရေးကို အခွင့်အခါကြုံတိုင်း ပြန်လည်မြှင့်တင် နေကြပေမယ့် မြန်မာနိုင်ငံမှာ ဗမာအချင်းချင်း၊ ဗုဒ္ဓဘာသာဝင်အချင်းချင်း ကွဲကြပြဲကြ သတ်ကြဖြတ်ကြတာများကို ပြည်ဖုံးကား မချနိုင်တာပင်လျှင် အလွန်ရှက်စရာ ဖြစ်နေပါတယ်။

မြန်မာပြည်သူတွေရဲ့ချစ်ကြည်ရေးနဲ့ တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်ပြီး သံတမန်မျက်နှာစာမှာ "စိုသောလက်ကို ဘယ်တော့မှ မခြောက်သွေ့စေရ" "မုန်းစကိုတိုစေ ချစ်စကိုရှည်စေ" "လူ့တန်ဘိုး( human value) မြင့်မားစေရမယ်" နဲ့ "လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီစနစ် အစွမ်းရှည် ထွန်းကားစေရမယ်"ဟူတဲ့မှုများကို ဆုပ်ကိုင်ထားကြတဲ့ အိန္ဒိယနဲ့ပါကစ္စတန် ခေါင်းဆောင်ကြီးများရဲ့ ဖိတ်ကြားချက်အရ ဗြိတိန်နိုင်ငံ ဘုရင်မကြီး ကိုယ်တိုင် ရွှေရတု သဘင်အခမ်းအနားမှာ ပါဝင်ဆင်နွှဲခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။

စာရေးသူအနေဖြင့် တိုင်းပြည်နှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးရေး၊ နိုင်ငံတကာ ချစ်ကြည်ရေး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ စနစ်များကို မျက်ကွယ်ပြုပြီး ခိုးကြဝှက်ကြ၊ စားခွက်လုကြ၊ အချင်းချင်းကိုက်ကြနှင့် အချိန်ကုန်နေရတဲ့ မြန်မာနိုင်ငံမှ သီလကြောင်း စစ်ဗိုလ်များနှင့် အပေါင်းအပါ ခေါက်တိုင်များ အားရည်ရွယ်ပြီး လွတ်လပ်ရေး ကြေညာစာတမ်းပါ အချက်အလက် အချို့နှင့် လူ့တန်ဘိုးအကြောင်းကို အနည်းအကျဉ်း ရေးသားတင်ပြပါမယ်။

မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်း အပိုဒ် (၂)မှာ "ဤ ငါတို့ မြန်မာနိုင်ငံတော်ကြီးသည် လိုရာမက ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်း ဖြစ်၏။ မွန်မြတ် သန့်စင်သော တရားထူး တရားမြတ်တို့တည်ရာ မြေကောင်းမြေမွန်လည်း မှန်၏။ မြေတွင်း မြေပြင် အထူးထူး

သော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ စုယူစားသုံး
ဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာစစ် အနှစ်သာရ
ပြည့်စုံသော မြေလည်းဖြစ်၏။ ဘူမိနက်သန် မှန်လှထူးချွန် ဤမြေမှာ
တ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ စသဖြင့် တသွေးတသား
ွား ဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သချာပွါးတက်
ကြွက်ခြင်းငှါ မတတ်နိုင်ရာသော ရာဇဝင်ရှည်သေး ရေးပဝေသဏီမှ
တညီတညွတ်တစုတရုံး လွတ်လပ်သောလူတို့ အဖြစ် တည်ခဲ့ကြကုန်၏
ကောင်း သရေခေတ္တရာ ပုဂံ မြင်းစိုင်း စစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင်
နောက် မန္တလေးအထိ ငါတို့၏ လွတ်လပ်ရေးသည် နေရောင် လဝါကဲ့
သို့ တဖြာဖြာ တဝင်းဝင်း ကမ္ဘာချည်းအောင် ထွန်းလင်းခဲ့ပေ၏။

ထို့အပြင် လွတ်လပ်ရေးကြေညာစာတမ်း အပိုဒ်(၅)တွင်ပင် "ငါတို့
တော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိက
စ္စည်း မဟုတ်။ မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်
သိမ်းယူ အကျိုးခံစားအပ်သောနိုင်ငံမဟုတ်။ အတိတ်ကာလကလည်း
ကောင်း၊ ယခုမျက်မှောက်တွင် လည်းကောင်း၊ နောင်လာလတံ့သော
အနာဂတ်ကာလ၌လည်းကောင်း၊ ငါတို့ပြည်ထောင်စုကြီး အတွင်း၌ ကြီးငယ်
ဆင်း ကျားမ မခြား သစ္စာတော်ခံ နိုင်ငံသားဟူသရွေ့တို့၏ အမွေအနှစ်ပိုင်
စ္စည်း အကျိုးခံစားရာ ဖြစ်သည်ဟူသော လူ့ဘာသာ လူ့တရားနှင့်အညီ
မ္ဘာဦးကာလက လူတို့၏ ပထမစည်းရုံးမှု၌ လူအပေါင်းတို့၏ သဘောဆန္ဒ
အရ လူအဝှမ်း၏ အကျိုးကို ကောင်းစွာဆောင်ရွက်နိုင်အံ့သော ပုဂ္ဂိုလ်ကို
ရွေးကောက်၍ သမ္မတအဖြစ် မြှောက်ကြသော မဟောက်မပြန် မစွန်းမညစ်
ဘာတိ သန့်ရှင်းဖြူစင်သော မူလ လူ့ဝါဒနှင့် လျော်စွာ စည်းကမ်း ဥပဒေ
သချာ ထင်ရှားစွာ ပိုင်းခြားတတ်မှ တူညီသောတရား တူညီသောအခွင့်
အရေး တူညီသောအဆင့်အတန်းအားဖြင့် ကမ္ဘာအရှည် တည်စိမ့်သောငှါ
အပေါင်းတို့၏ ဆန္ဒသဘောလျှင် အဓိကဖြစ်သော သမ္မတ မြန်မာနိုင်ငံတော်
သည်းဟူသော မြတ်သောအဖြစ်ကို လက်ဆုပ် လက်ကိုင် ငါတို့အပိုင်ရပြီ"
သည်း ဖော်ပြထားပါတယ်။

စာရေးသူ အနေဖြင့် လွတ်လပ်ရေး ကြေညာစာတမ်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ပါလီမန် လွှတ်တော်တွင် နိုင်ငံတော် သမ္မတကြီး မိန့်ကြားခဲ့သော မိန့်ခွန်း၊ လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန် ၉ ချက်နှင့် လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းများကို ပြန်ဖတ်၊ ပြန်တွေး မိတိုင်း သူ့ကျွန်ဘဝမှ မွေးဖွားကြီးပြင်းလာကြပေမဲ့ ကျွန်စော်မနံဘဲ သီလ သိက္ခာ သမာဓိနဲ့ ပညာအမြော်အမြင် ကြီးမားလှတဲ့ မြန်မာ့နိုင်ငံရေး ခေါင်းဆောင် မျိုးချစ်ကြီးများကို ရှိခိုးဦးညွှတ် မေတ္တာပို့သလေ့ ရှိခဲ့ပါတယ်။ နိုင်ငံရေးသမားများ မဟုတ်ကြပေမဲ့ စာရေးသူရဲ့ဖခင်နဲ့ ဦးလေး အဒေါ်များ အပါအဝင် မြန်မာလူမျိုး အမြောက်အများဟာ တစ်ပါးကျွန်ဘဝမှာ အစိုးရ ဝန်ထမ်း လုပ်လာခဲ့ကြပါတယ်။ လူ့ကျင့်ဝတ် အကျင့်သီလ သိက္ခာ သမာဓိနဲ့ ပညာကို တစ်ပြားသားမျှ အစွန်းအပွဲ မခံကြဘဲ တိုင်းပြည် ဘဏ္ဍာတော်ကို အလွဲသုံးပြုလုပ်မှဲနေသာသာ အခွန်ထမ်း ပြည်သူတွေဆီက တံစိုးလက်ဆောင် ကိုပင် ယူလေ့ယူထ မရှိကြပါဘူး။

တခြားပြည်သူပြည်သားများဖြစ်ကြတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကုန်သည်ပွဲစား၊ မုန့်ပဲ သွားရေစာ ရောင်းချသူကအစ လူ့သိက္ခာ လူ့ကျင့်ဝတ်တွေကို စောင့်ထိန်းကြ တဲ့ တန်ဖိုးရှိကြတဲ့ ပြည်သူများသာ ဖြစ်ခဲ့ကြပါတယ်။

ဆွမ်းဆန်ထဲ ကြွက်ချေးပါသလို တန်ဖိုးရှိကြတဲ့ နိုင်ငံရေးသမား ဝန်ထမ်းနှင့် ပြည်သူတွေထဲမှာ သီလကြောင် သီလပျက်တွေ၊ ကာမရာဂ စိတ်ဓာတ်သာများပြီး ဖျင်းရိသူ မူဝါဒနှင့် လူ့တန်ဖိုး လုံးဝမရှိသူ ဗိုလ်ချုပ်ကြီး နေဝင်းဟာ မြန်မာနိုင်ငံရေးကဏ္ဍမှာ ပါဝင်လာခဲ့ပါတယ်။

အခုတော့ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ သီလကြောင်ဝါဒဟာ တပ်ထဲ အရပ်ထဲမှာ မင်းမူ နေရာယူနေပါတယ်။

ဗိုလ်ချုပ်ကြီး နေဝင်းဟာ လွတ်လပ်ရေး ကြေညာစာတမ်းမှာ ပါရှိတဲ့ "ငါတို့နိုင်ငံတော်ကြီးသည် မည်သူ တစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကပိုင် ပစ္စည်းမဟုတ်။ မည်သူ တစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင် အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်" ဆိုသည်ကို

ကြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် လုပ်ကိုင်လာခဲ့သည်မှာလည်း ၁၉၆၂ ခုနှစ် ဇော်လ ၂ ရက်နေ့ကပင် ဖြစ်ပါတယ်။

မြန်မာလူမျိုးများဟာ ဘုရားတရားသံဃာ ရတနာများနှင့် ကြီးပြင်းလာကြသူများသာ ဖြစ်ပါတယ်။ လူမိုက်ကိုရှောင် ပညာရှိကို ဆည်းကပ်ဆိုတာကိုလည်း သိရှိကြပါတယ်။

ရွှေနိုင်ငံရဲ့ ကံကြမ္မာ၊ ရွှေမြန်မာတို့ရဲ့ ကံကြမ္မာဟာ နှစ်ပေါင်း ၃၅ နီးကျော်ကျော် ဆိုးသွမ်း စုတ်ပြတ်လာခဲ့ပြီ ဖြစ်ပါတယ်။

အဘယ့်ကြောင့်နည်း။

စာရေးသူ အနေဖြင့် မဖြေကြားတော့ဘဲ မြန်မာပညာရှိကြီး ဆရာ ဘကိုးတိုး ရဲ့ "လူ့တန်ဘိုး ဖြတ်နည်း" အတွေးအမြင် ရိုးရိုးစင်းစင်းကလေး ကိုဘိုးဘွား ဆုံးမ သွန်သင်လို့၊ ဆရာဆရာမများ ပြောကြားလို့နဲ့ ဘုန်းကြီးများတရားဟောလို့ မြန်မာလူမျိုးများ ကြားဖူးနားဝ ရှိပြီးဖြစ်တဲ့ အတွေးအမြင်ကို လက်တွေ့ကျင့်သုံးနိုင်ကြပါစေရန် အောက်တွင် ဖော်ပြလိုက်ပါတယ်။

ဗာလာန်-လူမိုက်၊ ပဏ္ဍိတ-ပညာရှိ ဟူ၍ပင် တည်းဆိုရပါမူ လူတို့ နှင့် မိုက်သောသူ လိမ္မာသောသူ ဟူ၍ နှစ်မျိုး နှစ်စား ကွဲပြားလျက်ရှိ၏။ လူမိုက်ကို ရှောင်ပါ ဟူရာ၌ လူမိုက်ကို အပေါင်းအသင်း မလုပ်ပါနှင့်။ မိမိကိုယ်တိုင်လည်း လူမိုက် မဖြစ်ပါစေနှင့် (ဗိုလ်ထွန်းကြည် ဗိုလ်ကျော်တနှင့် ဗိုလ်မြင့်အောင်တို့လို မဖြစ်ပါစေနှင့်၊ စာရေးသူ ပြောတာပါ။ ဆရာတက်တိုး ရေးတဲ့အထဲတွင် မပါပါဘူး။)

လူမိုက်နှင့်ပေါင်းသင်းလျှင် လူမိုက်၏ စိတ်နေစိတ်ထား အကျင့် စရိုက်တို့ ကူးစက်လာမည်သာဖြစ်၏။ လူလိမ္မာသည် ပညာရှိဖြစ်၏ ပညာ ရှိသည် အကောင်းအဆိုး အယုတ်အမြတ်ကို ခွဲခြားသိမြင်သော ဉာဏ်သတ္တိ ရှိ၏ ပညာရှိနှင့်ပေါင်းသင်း၍ နည်းနာခံယူလျှင် သင်လည်း ပညာရှိ ဖြစ်မည် ဟူ၍ပင်။

လူလူချင်း မည်သူမျှထူးပြီး နဖူးမှာ ချိုမပေါက်လေသောကြောင့် မည်သို့ ခွဲခြားရမည်နည်းဟူမူ ပညာရှိတို့၏ ဂုဏ်အင်္ဂါကိုသိထားဖို့ အရင် လိုသည်။

လူလိမ္မာ ပညာရှိသူက ဤသို့သော ဂုဏ်အင်္ဂါ လက္ခဏာရှိပေမည်။ ယင်းကား 'သီလ' 'သမာဓိ' 'ပညာ' ဟူသော ဂုဏ်ထူး သုံးရပ်ရှိရမည်။ ယင်း ဂုဏ်အင်များနှင့် ပြည့်စုံသူသည် လူလိမ္မာ ပညာရှိ၊ တစ်နည်းဆိုရသော် ခိုးတန်သော လူဖြစ်သည်။ လူ့တန်ဖိုးသည် ဤဂုဏ် သုံးရပ်တို့အပေါ် ဥင်တည်ရှိသည်။ 'သီလ သမာဓိ ပညာ'ကို မြန်မာ ပြန်လိုက်ပါမူ ကျင့် ကောင်း စိတ်ဓါတ်ခိုင်မာမှု အကောင်းအဆိုး ခွဲခြားဝေဖန်နိုင်စွမ်းတို့ပင် စ်သည်။ ယင်းဂုဏ်အင် လက္ခဏာတို့ဖြင့် ပြည့်စုံသူသည် ပညာရှိဟုဆိုလျှင် ၎ဂုဏ်အင် လက္ခဏာ ကင်းမဲ့သူသည် လူမိုက် သို့မဟုတ် လူ့တန်ဖိုး ရှိသူ ဟူ၍ပင်။ ဥပမာ ဦးနေဝင်းနှင့် ဗိုလ်ခင်ညွန့်အဖွဲ့ (စာရေးသူ)

သီလဟူသော အကျင့်။ ကိုယ်ကျင့်တရားရှိသူသည် မဟုတ်မမှန် သုပ်။ မဟုတ်မမှန်ရာ မပြောသဖြင့် ရိုးသားမှု ရှိ၏။ သမာဓိ ဟူသည် ာည်ကြည်ခြင်းဖြစ်သည်။ ဆွဲဆောင်ရာသို့ မယိမ်းမပါဘဲ တည်တံ့ခိုင်မြဲသော ာ်ဓါတ်ပင် ဖြစ်ပါသည်။ ထိုသို့စိတ်ဓါတ် ခိုင်သောကြောင့် 'သိက္ခာ' သော ကျင့်ဝတ်သည် မပျက်ဘဲ ခိုင်မြဲနေမည်သာ ဖြစ်၏။ သိက္ခာ မာဓိ ဟူ၍ တွဲ၍ ခေါ်ကြသည်။

သီလနှင့် သမာဓိ ပြည့်စုံလျှင် အကောင်းအဆိုး အမှန်အမှားတို့ကို ခြားဝေဖန် ပိုင်းခြားနိုင်စွမ်း ပေါ်ထွန်းလာ၏။ ထိုအစွမ်းသတ္တိသည် 'ပညာ' င် ဖြစ်ပေသည်။

လူ၏တန်ဘိုး အစစ်သည် အကျင့်သီလ အပေါ်တွင် ရှိ၏၊ သီလ ကြောင့် သီလပျက်တို့သည် လောကီရေးရာများတွင် မည်မျှပင် အထက်တန်း ရောက်နေသော်လည်း ဗိုလ်ခင်ညွန့်နှင့် နအဖများ။ (စာရေးသူ)

တစ်နည်းဆိုရသော် ပညာရှိသည် ပညာတတ်ဟူ၍ မဟုတ်ပေ။ ခတတ်ပညာ တတ်ကျွမ်းသည်ဖြစ်စေ၊ မတတ်ကျွမ်းသည်ဖြစ်စေ။ သီလ ၁မာဓိ ရှိလျှင် ပညာရှိဟု ခေါ်ဆိုရမည်သာ ဖြစ်သည်။ ပညာရှိသည် ၃တော်ကောင်းဖြစ်၏။

ယခုတလော ကြားသိနေရတဲ့ သတင်းစကားများမှာ သီလကြောင့် ၃မိုက် ဦးနေဝင်းနှင့်ပေါင်းသင်းမိလို့ လူမိုက်ဖြစ်သွားကြတဲ့ ဗိုလ်ထွန်းကြည်၊ 'လ်ကျော်ဘနဲ့ ဗိုလ်မြင့်အောင်တို့ရဲ့ အပုပ်နံ့နဲ့ လုပ်ရပ်များပင် ဖြစ်ပါတယ်။

...ကြီးဟောင်း ဗိုလ်မြင့်အောင်ရဲ့ အမြှောင်စနီးငယ် ခြောက်ဦးထံမှ ကျပ် ...နှစ်ရာကျော် သိမ်းဆည်းလိုက်ကြောင်း၊ ဗွီဒီယို သရုပ်ဆောင် မင်းသမီး ...ဦးထံမှ ကျပ်သိန်းတရာကျော်ကိုလည်း သိမ်းဆည်းလိုက်ကြောင်း၊ ...သမီးတစ်ယောက် ဒီလောက် များပြားတဲ့ငွေများ ဆုံးရှုံးသွားလို့ စိတ်ဓာတ် ... သကြောင်းကြဲ့ အဆိပ်သောက် သေးရုံရောက်နေကြောင်းဆိုသော လူမိုက် ... ပေါင်းသင်း၍ လူမိုက်ဖြစ်သွားကြသူများရဲ့ အပုပ်နံ့ နံနေတာများဟာ ...နေပါတယ်။

ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်၊ ဗိုလ်တင်ဦး၊ ဗိုလ်ဝင်းမြင့် ...နအဖ ကောင်စီဝင် ဝန်ကြီးအဖွဲ့ဝင်များဟာလည်း လူမိုက်နဲ့ပေါင်းသင်းပြီး ...မိုက်ကြီးများ ဖြစ်နေကြပါတယ်။ လူမိုက်တို့၏ သွားရာလမ်း ဘယ်နေ ...ဆိုက်ရောက်လှမ်းကြရမလဲဟု တွေးမှပြီး စိတ်ဓါတ်ကျဆင်းနေကြတာကြောင့် နအဖဟာလည်း ဆွံ့ အနေပြန်ပါတယ်။

လူငယ်တွေ ပြောဆိုတင်စားသလို နအဖဟာ နွားအဖွဲ့ဖြစ်နေပါတယ်။ ...အားကြီးဆိုးမဲ့ ဦးနေဝင်းကလည်း သူငယ်ပြန် စိတ်ထားမမှန်တော့ပါဘူး။ ...ရေးသူအနေဖြင့် လူမိုက်ကိုရှောင် အိုအောင်မဆင်းရဲဟု နွားနား စောင်း ...တီး တော့ပါဘူး။

ဒါပေမဲ့ ရာဇဝတ်ဘေး ပြေးမလွတ်ဘူး ဆိုတာကိုတော့ သိထားသင့် ...ပါတယ်လို့သာ ပြောကြားရင်း ရွှေနိုင်ငံရဲ့ကံကြမ္မာဟာ လင်းရောင်ခြည် ...ပေါ်ထွက်လာမီ အမှောင်မိုက်ဆုံးအချိန် ရောက်နေပါပြီဟူ၍သာ သုံးသပ်မိ ...ပါတယ် ခင်ဗျား။

Voice of Burma မတ်လ ၁၉၉၈

✥

## မြန်မာပြည်၏ စစ်ကျွန်မွေးများ မကြာမီ ကျွတ်စေသတည်း

မြန်မာစာပေသမိုင်းတွင် ရဲရဲတောက် မကြောက်တရားများကို ရေးသားခဲ့သူ စာရေးဆရာကြီး မဟာဆွေ၏ နေသူရိန်ဝါဒကို အလွန် စ်သက် သဘောကျခဲ့သော စာရေးသူအနေဖြင့် ဆရာကြီး မဟာဆွေ၏ ါဒတွင် ကျွန်ဆိုသော စာလုံးရှေ့၌ တစ်ပါးကျွန်ထက် ဆိုးသွမ်း၍ စစ်ကို ၁ပ်ပြည့်ကာ 'စစ်ကျွန်' ဟု ခေါင်းစဉ်တပ်လိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာပြည်တွင် စစ်ကျွန်မွေးများ စပေါက်ခဲ့သည်မှာ ၁၉၆၂ ခုနှစ် ာတ်လ ၂ ရက်နေ့ကပင် ဖြစ်ပါသည်။ ယခုအချိန်ခါတွင် နှစ်ပေါင်း ၃၆ နှစ်ပင် ရှိပြီဖြစ်ပါသည်။ ကိုလိုနီတစ်ပါးကျွန်မွေး၏ နှစ်ပုံတပုံမျှပင် စစ်ကျွန် မွေးသည်လည်း ရှည်လျားလာနေပြီ ဖြစ်ပါသည်။

ဆရာကြီး မဟာဆွေက 'ကျွန်ပ်၏ဆောင်းပါးများသည် ရဲရဲတောက်' ဟု ပြောဆိုကြခြင်းအတွက် ဟုတ်မှန်ပေ၏ဟု ကျွန်ုပ်ဝန်မခံနိုင်ပေ။ အကြောင်းမူကား ကျွန်ုပ်၏ ဉာဏ်ဦးနှောက် ထင်မြင်ချက်အတိုင်း နက်၍ ရေးသားချင်သလို ရေးသားခွင့် မရရှိခဲ့သောကြောင့်တည်း။

ကျွန်ုပ်၏ ခန္ဓာကိုယ် အစိတ်အပိုင်းမျှဖြစ်သော လက်သည် ကလောင် နှင့်ပူးပေါင်းကာ အမြင်ကျယ်သလို ခြယ်လှယ်ခွင့် မရှိခဲ့ရတကား။ ထိုကြောင့် သာလျှင် ကျွန်ုပ်သည် စိတ်ကို မနည်းချုပ်တည်းလျက် အပျော်စား စာပေး များကိုသာ ရေးသားပေးပို့ရသည်ကို ရဲရဲတောက်ဟု ဆိုကြသည့်အတွက်

...နိုင်ရန် အထူးခဲ့ယဉ်းတော့၏။ သို့ရာတွင် ကျွန်ုပ်ရေးသမျှ ဆောင်းပါးများသည် စိတ်ထကြွရုံ၊ အသံမြည်ကောင်းရုံသာ မဟုတ်။ သဘောပေါက်၍ ...ယောက်မကျန် လိုက်နာပြုကျင့်က အမှန်ပင် မြန်မာပြည်၏ အခြေအနေ ...ပြောင်းလဲရမည်ကား မလွဲတည်းဟု ယုံကြည်ရင်းဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပေ...သည်" ဟု ထုတ်ဖော် ရေးသားခဲ့ဖူးပါသည်။

ထို့အပြင် စာရေးဆရာကြီး မဟာဆွေက "သင့်ဘိုး သင့်ဘေး သင့်ဘိ...သည် တဘက်ကစိပ်ပုတီး၊ တစ်ဖက်က ဓား လှံ သေနတ်တို့ကို ကိုင်ကာ ...ဆိုင်ခဲ့ကြသည် မဟုတ်လော။ ကျွန်ုပ်တို့လက်ထက်ကျမှ ချွန်းပါရမီကို ...တနိုး ပြုလုပ်လျှင် တရားသဘော သက်ဝင်သည်ဟု ကျွန်ုပ်မထင်။ ...ကြောင် သွေးနည်း၍ပင်ဟု ဆိုချင်တော့၏" ဟု ရေးသားသွားပြန်...သည်။

ဆရာကြီး မဟာဆွေသည် တစ်ပါးကျွန် စည်းဝိုင်းထဲမှ ထောင်ဒဏ် ...ဒဏ်နှင့် ပိတ်ပင် တားဆီးမှုဒဏ် အမျိုးမျိုးကို ကျခံရင်း ရဲရဲတောက် ...ဆောင်းပါးများကို ရေးသားခဲ့ပြီးသော်လည်း စာရေးသူသည် စစ်ကျွန် ...စည်းဝိုင်းအပြင်ပကို ရောက်ရှိနေပါလျက် အပျော့စား ဆောင်းပါးကလေး ...များကိုသာ ရေးသားခဲ့မိပါသည်။ တချို့အဖွဲ့အစည်းများက အကျင့်ပျက်သူ ...များကိုပင် မတွယ်ပါနဲ့ မှုကိုသာ တွယ်ပါဟု ပြောဆိုနေကြခြင်း၊ မြန်မာ ...နိုင်ငံတွင် "လူ" အုပ်ချုပ်နေမှုနှင့်၊ "မှု" အုပ်ချုပ်နေမှုနှင့် မသိကျိုးကျွံသူများ ...ကျယ်နေခြင်း၊ သူ့ကိုနက်ရင် ကိုယ့်ကို ပြန်နက်လိမ့်မည်။ ကိုယ်လည်း ...နက်မခံရလောက်အောင် စင်ကြယ်နေသည် မဟုတ်ခြင်း စသည့် သွေး ...ကြောင်သွေးနည်းများကြောင့် မြန်မာပြည်သူများ၏ စစ်ကျွန်ဘဝသည်လည်း ...ကဲဆိုးရှည်နေသည်ဟု ခံစားမိပါသည်။

စာရေးသူ ရေးသားခဲ့သော "ပြည်သူ့တပ်မတော် သန့်ရှင်းရေးနှင့် ဘာသာအလွဲသုံးစားသူများ၏ အတွင်းရေး အဖြစ်မှန်များ ဆောင်းပါး ...ပေါင်းချုပ် စာအုပ်နှင့် ဆရာကြီး မဟာဆွေ၏ နေသူရိန် ကြောက်တရား ဆောင်းပါးများကို မနှိုင်းယှဉ်သင့်သော်လည်း အသိပညာရှိသူများက စာရှုသူများကို မှတ်တမ်းတင် ရွတ်ချပါက ယခုကဲ့သို့ စစ်ဗိုလ်ချုပ်များ ...က်ရဲဇက်ရဲ ဆိုးနိုင်ကြမည် မဟုတ်ပါ။

စာရေးသူ ကျင်လည်ခဲ့သော ဘဝ ပတ်ဝန်းကျင်သည် စာတတ်ပေတတ် ပညာတတ် လူတော်လူကောင်း အများအပြားဖြင့် ဆန်ခါတင်ဖွဲ့စည်းထားသည့်အပြင် အလွန်တရာပင် ကိုယ်အမူအရာ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့ရသော ကာလတွင်ဖြစ်ဖြစ်၊ မငြိမ်းချမ်းသော ကာလတွင်ပင်ဖြစ်ဖြစ် နိုင်ငံ၏မျက်နှာစာတွင် တာဝန်ယူကြရသော ဝန်ထမ်းများဖြစ်ကြ၍ ရိုးသားဖြောင့်မတ်မှု၊ အမျက်ဒေါသ ချုပ်တည်းနိုင်မှု၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ ကျွမ်းကျင်လိမ္မာမှု၊ ဘာသာစကား တတ်ကျွမ်းမှု၊ ဘာသာရပ်ကို ပိုင်နိုင်မှု၊ ဗဟုသုတကြွယ်ဝ ပြည့်စုံမှုများကိုလည်း အထူးလိုအပ်လှပါသည်။

ဝန်ထမ်းအချင်းချင်းပင် အတွင်းဝန်က ရုံးလုလင်ကိုပင် ခင်ဗျားကျွန်တော်၊ ဦး/ဒေါ် စသည်ဖြင့် ချေချေငံငံ ဆက်ဆံသော ဓလေ့ရှိကြပါသဖြင့် ညစ်ညစ်ပတ်ပတ် ဆဲဆိုတတ်သော စစ်ဗိုလ်များက မြန်မာသံတမန်ဝန်ထမ်းများအား လူပျော့လူနုံများဟု သတ်မှတ်ကာ အနိုင်ကျင့် ဆက်ဆံကြပါသည်။

သည်းညည်းခံတရားကို လက်ကိုင်ထားကြသော မြန်မာသံတမန်တချို့နှင့် အစိုးရဝန်ထမ်းအချို့ကလည်း 'ကျွန်ုပ်တို့တွေဟာ စမ်းချောင်းထဲမှာ မတ်တပ်ရပ်နေရတယ်။ စမ်းချောင်းရေနှင့် မျောပါလာတဲ့ ဒိုက်ဖတ်မစင် အမှိုက်သရိုက် ကြွက်သေကောင်နဲ့ ခွေးသေကောင် စသည်တို့က ကျွန်ုပ်တို့ ခြေသလုံးကို လာထိမိပြီး ခေတ္တခဏ တွယ်ကပ် ညစ်ပေသွားခဲ့ရင်လည်း အစဉ်မပြတ် စီးဆင်းနေတဲ့ စမ်းရေကြည်ကပင် တို့ခြေသလုံးကို ဆေးကြောသွားမှာပါ။ တို့ခြေတွန်းထုတ်စရာ လက်နဲ့ပွတ်ဆေးစရာ မလိုပါဘူး။ သူ့အလိုအလျောက် အချိန်တန်တဲ့အခါ သန့်စင်သွားပါလိမ့်မယ်ဟု မျှော်လင့်ကြပါသည်။ ဆိုလိုသည်မှာ မကောင်းဆိုးဝါး အုပ်ချုပ်သူ အစိုးရများသည် စမ်းချောင်းရေထဲတွင် စီးပါလာသော ခွေးသေကောင်ပုပ်များ ခြေသလုံးကို လာထိသကဲ့သို့ ရေပွက်ပမာ ခဏတာတည်း ဟူ၍ပင် ဖြစ်ပါသည်။

ပြည်သူအများ ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်နိုင်၊ ဖြုတ်ချနိုင်ပါက မကောင်းဆိုးဝါး အုပ်ချုပ်သူ အစိုးရများသည် စမ်းချောင်းထဲတွင် မျောပါလာ

...း ခွေးသေကောင်ပုပ်ကဲ့သို့ ခေတ္တခဏသာ ဝန်ထမ်းများ၏ဘဝကို ...ထိပြီး ဆက်လက်မျောပါသွားနိုင်ပါသည်။

စစ်အာဏာရှင် အစိုးရသည် ခေတ္တခဏ စမ်းချောင်းထဲ မျောပါလာ ...း ခွေးသေကောင်ပုပ် မဟုတ်တော့ဘဲ နှစ်ရှည်လများ ၃၆ နှစ်ကျော်ပင် ...သလုံးပေါ် ငြိတွယ်နေ၍လည်းကောင်း၊ စမ်းချောင်းထဲတွင်လည်းကောင်း၊ ခွေးသေကောင်များ တစ်ကောင်ပြီးတစ်ကောင် ဆက်လက်မျောပါလာ၍ လည်းကောင်း၊ ခန္ဓိပါရမီနှင့်ခံပြီးရင်းခံသွားကြကာ သားစဉ်မြေးဆက် ဘဝ ...ပ်မ်တွင် နစ်မွန်းကြရသော ဝန်ထမ်းများ၏ဘဝကို အတွေ့အကြုံတချို့နှင့် ...း ဘားဖော်ပြ ရေးသားပါမည်။

၁၉၆၂ ခု မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် တော်လှန် ရေးကောင်စီအစိုးရ ဖွဲ့စည်းပြီး တိုင်းပြည်ကို ထင်သလို အုပ်ချုပ်စဉ်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ စစ်ဗိုလ်များအား မပို့ဘဲ အရပ်သား ပညာ ရှင်များဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ တက္ကသိုလ် ကျောင်းသား ဘဝတွင် အမှုဆောင်လုပ်ခဲ့သူ ဦးသီဟန်အား ဝန်ကြီးအဆင့်ဖြင့် တာဝန် ပေးအပ်ထားခဲ့ပါသည်။ အမြဲတမ်းအတွင်းဝန်၊ အမှုဆောင်အတွင်းဝန်နှင့် ဌာနအကြီးမှူးအတိုင်ပင်ခံ အရာရှိကြီးများဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း ဖွဲ့စည်းထားသော အစိုးရ ယန္တရားကြီးသည် စနစ်တကျ ပုံမှန်လည်ပတ် လျက်ရှိပြီး ဝန်ထမ်းအားလုံးသည်လည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် လုပ်ငန်းတာဝန်ကို အာရုံစိုက် ထမ်းဆောင်နိုင်ခဲ့ကြသည်။

နိုင်ငံခြားရေး တာဝန်ခံ ဦးသီဟန်အား တာဝန်မှ ရပ်စဲပြီးနောက် ၁၉၇၀ ပြည့်နှစ် ဝန်းကျင်တွင် သံတမန်လုပ်ငန်းကို လုံးဝ မသိနားမလည် သော နလပိန်းတုံး တစောက်ကန်း စစ်ဗိုလ်များ ရောက်ရှိလာခဲ့ကြပါသည်။ စစ်ဗိုလ် (၁၄-၁၅) ဦးကို တစ်ပြိုင်နက်တည်း အထူးအရာရှိများ ခန့်အပ်၍ ကုလားထိုင်များ လစ်လပ်စေရန် နိုင်ငံခြားရေးရုံးမှ ဝါရင့် သံတမန်ကြီးများ အား အပြစ်အနာမျိုးစုံရှာပြီး ဌာနကြီးမှူး ဦးအောင်မြတ်ကျော်၊ ဌာနခွဲမှူးများ ဖြစ်ကြသော ဦးပေါ်ထင်၊ ဦးအောင်ချမ်းသာ၊ ဦးကျော်မြင့် (မွတ်ဆလင်)၊ ဦးလှရွှေ (မွတ်ဆလင်)၊ မစ္စတာလမက် (ဟိန္ဒူ) စသူများကို ပြည်ထဲရေး ဝန်ကြီးဌာန လက်အောက်သို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်ပါသည်။

၁၉၇၅ ခုနှစ်တွင် စာရေးသူ တာဝန်ထမ်းဆောင်နေသော ဘန်ကောက်မြို့ မြန်မာသံရုံးသို့ အထက်ဖော်ပြပါ စစ်ဗိုလ် အထူးအရာရှိများထဲမှ ဗိုလ်မှူး တင်ထွန်း (သံအမတ်ကြီးဟောင်းနှင့် ယခု နအဖရုံး အကြံပေးပုဂ္ဂိုလ်)သည် ပထမ အတွင်းဝန် ရာထူးဖြင့် ရောက်ရှိလာခဲ့ပါသည်။

ဗိုလ်မှူးတင်ထွန်းက နိုင်ငံခြားရေးဝန်ကြီးဌာနအကြောင်း ဖောက်သည်ချသည်မှာ "ဒုဝန်ကြီး ဗိုလ်မှူးကြီး လှထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဒုဗိုလ်မှူးကြီးသောင်းထိုက် (ယခု စာရေးဆရာ)၊ ဒုဗိုလ်မှူးကြီး ပြည်စိုးတို့ မသင့်မမြတ်ဖြစ်ကြကြောင်း။ ဒုဗိုလ်မှူးကြီး သောင်းထိုက်က ဘာမဆိုင် ညာမဆိုင် ရုံးအဖွဲ့မှူး ဝဏ္ဏကျော်ထင် ဦးတိုးလုံအား ၎င်းရုံးခန်းထဲ ခေါ်ပြီး တံခါးကို ဂျက်ထိုးကာ ပိတ်လှောင်ထားပြီး မင်းဆရာ လှမှုန်းကို သွားပြောစမ်းဟု ရိုင်းရိုင်းစိုင်းစိုင်း ဆဲလိုက်တာဗျာ ဘယ်ပြောကောင်းပါ့မလဲ။ ဦးတိုးလုံက ဘာမှ ခံမပြောပါဘူး၊ ဒုဝန်ကြီးကိုလည်း သွားမတိုင်ဘူး၊ ဘာမှ မဖြစ်သလိုပါပဲ တော်တော်သည်းညည်းခံနိုင်တဲ့လူ အံ့ပ" ဟူ၍ပင် ဖြစ်ပါသည်။

၁၉၇၆ခု နိုဝင်ဘာလတွင် စာရေးသူသည် ရန်ကုန်မြို့ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်တွင် ဝန်ကြီး ဦးလှမှုန်း (ဝါနု ဗိုလ်မှူးကြီးဟောင်း)၊ ဒုဝန်ကြီး ဦးဝင်း (ဝါရင့် ဗိုလ်မှူးကြီး ဟောင်း)နှင့် ရုံးအဖွဲ့မှူး ဗိုလ်ကြီး သန်းထွန်းတို့ စိုးမိုး ဗိုလ်ကျနေသော ကာလဖြစ်ပါသည်။

ဗိုလ်မှူးကြီး သန်းထွန်းသည် ဝန်ကြီး ဦးကျော်စိုး၏ ကိုယ်ရေးအရာ ရှိအဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ရောက်ရှိလာခဲ့ပါသည်။ ဝန်ကြီး ဦးကျော်စိုး ပြောင်းရွှေ့သွားခဲ့သော်လည်း ပြန်လိုက်မသွားဘဲ ကျန်နေရစ်ခဲ့ ကာ ကိုယ်ရေးအရာရှိ ရာထူးမှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိရာထူး များကိုခုန်ကျော်၍ ရုံးအဖွဲ့မှူးမှ သံအမတ်ကြီးရာထူးထိ ရာထူးများကို အရပ် သားအရာရှိကြီးများကို ဖယ်ရှားပြီး ရရှိလာသူတယောက် ဖြစ်ပါသည်။ ယခု နဝတ၊ နအဖ များ၏ အမျိုးသားညီလာခံတွင် ကိုယ်စားလှယ် ဖြစ်နေပါသည်။

၁၉၇၇ ခုနှစ်တွင် ရုံးအစည်းအဝေး ခန်းမကြီးတွင် ဝန်ထမ်းထု ...ရပ်လုံး တက်ရောက်ရသော နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံ အလုပ် ...မားကောင်စီ၏ ဌာနခွဲ ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်း ...နားကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ...အဖွဲ့မှူး ဗိုလ်မှူးကြီးသန်းထွန်းက ဆောင်ရွက်ခဲ့ပါသည်။ ဌာနခွဲ ကိုယ်စား ...ယ်များအဖြစ် ဗိုလ်ကြီးသန်းထွန်းက တာဝန်ကျနေသော ဝန်ကြီးရုံး ...ဌာနခွဲတွင် ဝန်ထမ်း (၁၁) ဦး ရှိသည့်အနက် အလုပ်သမား ကိုယ်စားလှယ် ...ဦးကို ရွေးချယ် ပေးကြရပါမည်။ စာရေးသူ တာဝန်ကျနေသော သံရုံးများ ...ဦးစီးဌာနတွင် ဝန်ထမ်း (၁၅၀) ရှိသည့်အနက် အလုပ်သမား ကိုယ်စားလှယ် ... ဦးကို ရွေးချယ်ပေးကြရပါမည်။ လျာထား ယှဉ်ပြိုင်သူ မရှိရ။ ညှိနှိုင်း ...ဆွေးနွေးမှုမရှိစေရဘဲ မိမိကိုယ်ကိုလည်း မိမိဆန္ဒမဲပေးနိုင်သော၊ တခြားတဦးဦး ...အားလည်း ဆန္ဒမဲပေးနိုင်သော အများဆန္ဒဖြင့် ရွေးကောက်နည်း (Ref-erendum) ဖြင့် ရွေးချယ်ကြရမည် ဖြစ်ကြောင်း၊ ကိုယ်စားလှယ်အဖြစ် ဆန္ဒမဲပေးနိုင်သူ အရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော် ဆန္ဒမဲရရှိသူအား အလုပ်သမား ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသည်ဟု ကြေညာမည်ဖြစ် ကြောင်း စသည်များကို ဒဂုံမြို့နယ် အလုပ်သမားကောင်စီဝင်များက ...ရောက် ကြီးကြပ်ပေးသူက ပြောဆိုကြေညာခဲ့ပါသည်။

စာရေးသူက ထပြီး ဝန်ကြီးရုံး ဌာနခွဲတွင် ဝန်ထမ်း (၁၁) ဦးအနက်မှ ...စ်ဝက်မဲဖြစ်သည့် ၆ မဲဖြင့် အလုပ်သမား ကိုယ်စားလှယ် ရွေးချယ်ရန် ...ယ်ကူကြောင်း၊ သံရုံးဦးစီးဌာနရှိ ဝန်ထမ်း ၁၅၀ အနက်မှ မဲဆန္ဒ တစ်ဝက် ...ဲ မဲ ရကြရန် မညှိနှိုင်းဘဲ မိမိဆန္ဒအလျောက် ပေးကြပါက မလွယ်ကူ ကြောင်း၊ သို့ပါ၍ သံရုံးများ ဦးစီးဌာန လက်အောက်ရှိ (၁) အုပ်ချုပ်ရေး ဌာနခွဲ၊ (၂) ဘဏ္ဍာရေးဌာနခွဲ၊ (၃) အဆောက်အဦ ထောက်ပံ့ဌာနခွဲ (၄) ဆက်သွယ်ရေးဌာနစိတ် (၅) မော်တော်ယာဉ် ဌာနစိတ် (၆) ကြိုးမဲ့ကြေးနန်း နှင့် တဲလက်စ်ဌာနစိတ် စသည်များတွင်လည်း ဝန်ကြီးရုံး ဌာနခွဲထက်ပင် ဝန်ထမ်းဦးရေများပြားပြီး ဌာနခွဲ ဌာနစိတ်တစ်ခုတွင် အနည်းဆုံး ဝန်ထမ်း ၁၀ ကျော် ရှိနေပါသဖြင့် ယင်းဌာနခွဲ ဌာနစိတ်များကိုလည်း အလုပ်သမား အခြေခံဌာနခွဲများအဖြစ် သတ်မှတ်၍ ရွေးချယ်ပါက ပို၍ လွယ်ကူမည်

ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန အခြေခံ အလုပ်သမား ကောင်စီတွင် အုပ်ချုပ်ရေး ဝန်ထမ်းများ၏ ကိုယ်စားလှယ်၊ ယာဉ်မောင်းသူများ၏ ကိုယ်စားလှယ်၊ စာပေးစာယူသူများ၏ ကိုယ်စားလှယ်နှင့် ကြိုးမဲ့ ကြေးနန်း ကျွမ်းကျင်သူများ၏ ကိုယ်စားလှယ်များ စသဖြင့် အလွှာအသီးသီးက ဝန်ထမ်းများ ပါဝင်လာနိုင်ပါက ဝန်ကြီးဌာနတစ်ခုလုံး၏ နေ့စဉ်လုပ်ငန်းများ အပါအဝင် ဝန်ထမ်းများ၏လုပ်ပိုင်ခွင့် ရပိုင်ခွင့်များနှင့် အတွေ့အကြုံ အခက်အခဲ လုပ်ငန်းအမျိုးမျိုးကို ဘက်ပေါင်းစုံ ရှုထောင့်မှ တင်ပြဆွေးနွေး ဆုံးဖြတ်ခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ အဆင်ပြေ တိုးတက်လာနိုင်မည် ဖြစ်ကြောင်း စသည်များကို အကျယ်တဝင့် ဆွေးနွေး အကြံပြုခဲ့ပါသည်။

ဒုဝန်ကြီး ဦးဝင်းအပါအဝင် ဌာနဆိုင်ရာ အကြီးအကဲ တချို့က စာရေးသူ၏ အကြံပေးတင်ပြချက်ကို သင့်တော်ကြောင်း ထောက်ခံ တင်ပြခဲ့ကြပါသည်။ အောက်ခြေဝန်ထမ်းများကလည်း မကြားတကြား ဗိုလ်ကြီး သန်းထွန်းအနေဖြင့် သူဝင်မည့် ဖျာလိပ်ခေါင်းကို အကျယ်ကြီးလုပ်ထားပြီး တခြားလူဝင်မည့် ဖျာလိပ်ခေါင်းကို ကျဉ်းကျဉ်းကြပ်ကြပ် လုပ်ထားကြောင်း ဝေဖန်ကြပါတော့သည်။

ဗိုလ်ကြီးသန်းထွန်းက ဖွဲ့စည်းပုံ (Set up) ကို ၎င်းတို့ကိုယ်တိုင် ရေးဆွဲပြီး လမ်းစဉ်ပါတီ ဌာနချုပ်၊ ဗဟို အလုပ်သမား ကောင်စီ၏ အတည်ပြုချက်ရယူပြီးဖြစ်၍ မပြင်ဆင်နိုင်တော့ကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

စာရေးသူကလည်း ပြန်လည်၍ ဝန်ကြီးဌာနခွဲတွင်ရှိသည့် ဝန်ထမ်း (၁၁)ဦးကို ကြိုတင်ညှိနှိုင်းပြီး ကိုယ်စားလှယ် ၂ ဦးကို တစ်ကြိမ်တည်းနှင့် ရွေးချယ်နိုင်ပါလိမ့်မည်။ သို့ရာတွင် သံရုံးများ ဦးစီးဌာနရှိ ဝန်ထမ်း ၁၅၀မှ ကိုယ်စားလှယ် ၅ဦးပြည့်စေရန် အကြိမ်ကြိမ် ရွေးချယ်ရလိမ့်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများလည်း ဌာနခွဲစိတ်ဓါတ်ဖြင့် ကိုယ့်ဌာနခွဲကလူကို ကိုယ့်ဆန္ဒမဲဖြင့် ပေးကြလိမ့်မည်ဖြစ်ကြောင်း၊ တစ်နေ့ကုန် အချိန်ကုန်လူပန်းပြီးမှ ရွေးချယ်ပွဲ အထမြောက်လိမ့်မည် ဖြစ်ကြောင်း စသည်ဖြင့် ဟောကိန်း ထုတ်မိပြန်ပါသည်။

နိုင်ငံရေးနှင့် ပတ်သက်သော ဟောကိန်းဆိုသည်မှာ မမှန်ကန်ပါက ထိခွာကျတတ်ပြီး မှန်ကန်လျှင်လည်း အငြိုးငြင်ခံ အချခံ ဒုက္ခပေးခံရတတ်သည်ကို နောင်မှသာ သဘောပေါက်မိခဲ့ပါသည်။

စာရေးသူအနေဖြင့် စစ်ဗိုလ်အားခံပြောရဲ၍လား၊ အကြံပေးချက်ခံကန့်၍လားတော့ မသိပါ။ စာရေးသူသည် ပထမအကြိမ် ဆန္ဒမဲပေးပွဲတွင် ၎င်း အလုပ်သမားကိုယ်စားလှယ် ၄ ဦး ရွေးချယ်၍ ရရာတွင် မဲအများအပြားဖြင့် အလုပ်သမားကိုယ်စားလှယ် ဖြစ်လာခဲ့ပါသည်။

နောက်ထပ် လိုနေသေးသည့် ကိုယ်စားလှယ် တစ်ဦးကို တစ်နေ့ကုန်တစ်နေ့ခမ်း အကြိမ်ကြိမ် ပြန်ဆန္ဒမဲ ပေးနေရသောကြောင့် စာရေးသူ၏ဟောကိန်းလည်း မှန်ကန်သွားခဲ့ပါသည်။ ဗိုလ်ကြီးသန်းထွန်းသည် ၎င်းကိုယ်တိုင် ကျယ်ကျယ်ဟထားသော ဖျာလိပ်ခေါင်းမှ အလွယ်တကူပင် အလုပ်သမားကိုယ်စားလှယ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အလုပ်သမား ကောင်စီဥက္ကဋ္ဌရာထူးကို ရရှိသွားခဲ့ပါသည်။

❖

# စစ်အာဏာရှင် စဥ့်ကူပေတလူ

မြန်မာဝေါဟာရတွင် "စဥ့်ကူ" ဟူသည်မှာ ကိုယ်တိုင်ကိုယ်ကျမဟုတ်ဘဲ အယောင်ဆောင်၍ သူတစ်ပါးကို အစားထိုး ပြုလုပ်ခြင်းကို စဥ့်ကူ ပြုလုပ်ခြင်းဟု ဆိုပါသည်။

မုဆိုးမဟုတ်လေဘဲ မုဆိုးအယောင်ဆောင်ခြင်း၊ စာရေးဆရာမဟုတ်ဘဲ စာရေးဆရာ အယောင်ဆောင်ခြင်း၊ အာဏာရှင် မဟုတ်ဘဲ အာဏာရှင် အယောင်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ရှဲဒိုး (Shadow) ဆိုသော အင်္ဂလိပ်ဘာသာစကားကို မြန်မာမှုပြုပြီး ရှဲဒိုး စာရေးဆရာ၊ ရှဲဒိုး ဝန်ကြီးဟု တွင်တွင်ကျယ်ကျယ် သုံးစွဲလာခဲ့ကြပါသည်။ ရှဲဒိုးသည် လူစင်စစ်မဟုတ်။ အရိပ်မျှသာ ဖြစ်ပါသည်။ သူတစ်ပါးရေးပေးသည်ကို မိမိရေးဖွဲ့သယောင် အယောင်ဆောင်ပြီး စာရေးဆရာ အမည်ခံယူထားခြင်း မျိုးပင် ဖြစ်ပါသည်။

မုဆိုးစဥ့်ကူ ပေတလူနှင့် စာဆို စဥ့်ကူ ပေတလူဆိုသော ရှေးခေတ် အသုံးအနှုန်းများကို ဥမ္မာဒန္တီပျို့ကို ဖတ်ဖူးသူများအနေဖြင့် သိကျွမ်းပြီး ဖြစ်ပါ သည်။ ပေတလူ ဆိုသည်မှာလည်း ပေတလူ (ပြဲတွာကဲ့သို့ကြမ်းတမ်းသော လူမိုက်လူဆိုး)ဟူ၍ အနက်အဓိပ္ပါယ်ရပါသည်။ စဥ့်ကူနှင့် ရှဲဒိုး အသွင် သဏ္ဌာန် တူပုံများကိုလည်း မန္တလေးတက္ကသိုလ်မှ မြန်မာစာပါမောက္ခ ဦးချမ်းမြ (မြကေတု) ကလည်း ရေးသားခဲ့ဖူးသည်ကို အမှတ်ရနေပါသည်။

စဉ့်ကူနှင့် ပေတလူဆိုသော စကားရပ်များကို စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများနှင့် ရဟန်းသံဃာတော် အပါးတစ်ရာဝိုဝိုကို ကမ္ဘာအေးကုန်းမြေရှိ ဆွမ်းစားဆောင်ကြီးထဲတွင် ဆွမ်းကျွေး ယတြာချေသော ဦးနေဝင်းနှင့် စစ်အာဏာရှင် စဉ့်ကူပေတလူ နအဖ ဗိုလ်ချုပ်ကြီး ဆိုသူများအား အတူတကွ မြင်ကြရသည့် သံဃာတော်များအနေဖြင့် အကောင်က ဘယ်သူ၊ အရိပ်က ဘယ်ဝါ ဆိုသည်ကို ခွဲခွဲခြမ်းခြမ်းဖြင့် တွေ့မြင်ခဲ့ကြရပါသည်။ ထိုပါ သံဃာတော်များထံမှ စဉ့်ကူနှင့် ပေတလူ စကားများကို တဖန် ကြားသိရပြီး စာရေးသူ၏ နှလုံးသားထဲသို့ ရောက်ရှိလာသော စကားများကို စာဖတ်သူများ နှလုံးသားထဲသို့ လတ်လတ်ဆတ်ဆတ် ပြန်လည်ပြောပြပါမည်၊ ၁၉၁၁ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် မွေးဖွားခဲ့သော ပေတလူ ဦးနေဝင်းသည် သက်တော် (၈၇)နှစ် တင်းတင်းပြည့်ခဲ့ပြီ။ သက်တော် ... ထဲ ဝင်လာခဲ့ကာ သေကိန်းနှင့် ကြုံကြိုက်နေရပါသည်။

ဦးနေဝင်းသည် ၁၉၇၆ခုနှစ် ပတ်ဝန်းကျင်တွင် ကျန်းမာရေး အလွန် ... ခဲ့ပြီး ၁၉၇၇ခုနှစ်၌ အသက် ၆၆ နှစ်အရွယ်တွင် အနိစ္စသဘော ... ကိန်းဆိုက်ခဲ့ပါသည်။ ထိုစဉ်ကလည်း သံဃာတော် (၆၆)ပါး ... ဆွမ်းကျွေးကာ သေကိန်းက လွတ်မြောက်စေရန် ယတြာချေခဲ့ဖူးပါသည်။ ၁၉၁၁ ခုနှစ်၌ မွေးဖွားခဲ့သော ဦးနေဝင်းသည် ဂဏန်း နှစ်လုံးထပ်သော ... ခုနှစ် ၁၉၈၈ ခုနှစ် ၁၉၉၉ ခုနှစ် စသည်များတွင်သာ ဘဝပျက် ... ကိန်းရှိသည်ဟု ယုံကြည်စွဲလန်းလျက်ရှိသော အသိပညာမဲ့ အတတ် ... မဲ့၊ ဘုရားမဲ့တရားမဲ့ ဗေဒင်ကိန်းခန်းနှင့် ယတြာချေခြင်းကို ယုံကြည် ... သည့် ပေတလူကြီး တစ်ဦးပင်ဖြစ်ပါသည်။

၁၉၈၈ခုနှစ် ဦးနေဝင်း အသက် (၇၇)နှစ် အရွယ်တွင် ပြည်သူတရပ် ... ၏ ပုန်ကန်ဆဲရေး တိုင်းထွာမှုကို ခံခဲ့ရဖူးသည်။ စစ်အာဏာရှင် အကြီး ... ဝက တရားဝင် ဆင်းပေးခဲ့ရပါသည်။ သို့ရာတွင် ပရိယာယ်ကြွယ်ဝ ... ဦးနေဝင်းသည် ကိုယ်ရောင်ဖျောက်ပြီး စစ်အာဏာရှင် ရှဲဒိုး စဉ့်ကူပေ ... များ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးဟောင်း စိန်လွင်၊ ဒေါက်တာ ... မောင်၊ ဗိုလ်ချုပ်ကြီး စောမောင်နှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့အား ... သီး အာဏာအပ်ထားသယောင် ဟန်ဆောင်ပြီး နောက်ကွယ်က

ကြိုးဆွဲနေခဲ့ပါသည်။ အကောင်နှင့် ရှုဒိုးအရိပ်ကို အများတကာ မျက်စိ လည်အောင် လှည့်ဖျားခဲ့ပါသည်။

ကွယ်လွန်သူ နဝတ ဗိုလ်ချုပ်မှူးကြီး စောမောင်က ဦးနေဝင်းနှင့် နဝတအဖွဲ့ မပတ်သက်သယောင် အမျိုးမျိုး လိမ်ညာခဲ့ရပါသည်။

နဝတ အဖွဲ့ဝင် ဗိုလ်ချုပ်တချို့တို့သည်လည်း လောဘရမ္မက်တက်ကာ ၁၀ နှစ်တာ ကာလအတွင်း မိမိဘဝ အစစ်အမှန် ရှုဒိုး စဥ့်ကူအဖြစ်ကို မေ့လျော့ပြီး ဆိုးချင်တိုင်းဆိုး နိုးချင်တိုင်းနိုးခဲ့ ကြသောကြောင့် အကောင် ဦးနေဝင်းကပင် ရှုဒိုး နဝတဗိုလ်ချုပ်အများစုကို ထုတ်ပယ်ခဲ့ပါသည်။ နအဖ ရှုဒိုး စဥ့်ကူအဖွဲ့ကိုတဖန် ပြန်လည်ဖွဲ့စည်းပေးသည်မှာလည်း ဦးနေဝင်းပင် ဖြစ်ပါသည်။

စာရေးသူတို့ ငယ်စဥ်က ကြည့်ရှုဖူးသော ဖူးစာနှစ်ခိုင် ရုပ်ရှင်ကားမှ တေးသီချင်းကို သတိရမိပါသည်။ "ဖူးစာနှစ်ခိုင် နှစ်ဦးမှာ ဆိုင်သာဆိုင်ခဲ့ မပိုင်ဝက်မွေး ကံမနိုင် သံတိုင် အိမ်ဆောက်သော်လည်း ကံမှောက်လျှင်လဲ (စာသားများကို တချို့တစ်ဝက်သာ မှတ်မိပါတော့သည်။ စာရေးသူ အနေဖြင့် တေးဆက်လိုသည်မှာ) မဆိုင်မဆိုင် သာမဆိုင် ငါတို့ကိုယ်တိုင် ရှုဒိုးများ ဗိုလ်နေဝင်းနှင့် ဘက်ပြိုင် မတုပနိုင်။ သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်းခဲ့ပါရဲ့။ ဗိုလ်နေဝင်းရဲ့ စစ်အာဏာမတ္တိုင်" အင်္ဂလိပ် ရုပ်ရှင် ဇာတ်လမ်းတစ်ခုကို မှီငြမ်းရိုက်ကူးထားသော ဖူးစာနှစ်ခိုင် ဇာတ်ကားတွင် ဇာတ်လိုက်မင်းသား ဦးကျော်ဆွေ နှစ်ကိုယ်ခွဲ ပါဝင်ခဲ့ပါသည်။ တစ်ကိုယ်က ရှုဒိုးစော်ဘွား အတုဖြစ်ပြီး ဟော်နန်းတွင် စော်ဘွားအစစ်ဟန်ဆောင်ကာ မိဘုရားနှင့်သာယာအကြည်ဆိုက်နေခဲ့ပါသည်။ စော်ဘွားအတုက အစစ်အမှန် ထင်မှတ်၍ မိမိအား ချစ်ကျွမ်းဝင်နေရှာသော မိဘုရားနှင့် ဟော်နန်းကြီးကို တိတ်တဆိတ် စွန့်ခွာသွားရပုံကို အထက်ပါ သက်တော်ရာကျော် ရှည်စေကြောင်း ဆုတောင်းခဲ့ပါရဲ့။ တော်ဘုရား၏ ဖူးစာနှစ်ခိုင် တေးသီချင်းနှင့် ဇာတ်သိမ်းထားခဲ့ပါသည်။

ယခုလည်း ရှုဒိုးစော်ဘွားကြီး ဟော်နန်းကို စွန့်ခွာသွားရသကဲ့သို့ရှုဒိုး အာဏာရှင် တစ်စုဖြစ်သော ဗိုလ်ချုပ် မျိုးညွန့်၊ ဗိုလ်ချုပ် ထွန်းကြည်၊ ဗိုလ်ချုပ်ကျော်ဘနှင့် ဗိုလ်ချုပ်မြင့်အောင်တို့ အုပ်စုအနေဖြင့် စစ်အာဏာရှင်

အစစ်အမှန် အမေကြီးနှင့် ခွါပြကြရာတွင် ဘဝပျက်အောင် ထောင်ဒဏ် အပြစ်မပေး၍ ဦးနေဝင်းအား သက်တော်ရာကျော် ရှည်ပါစေဟု ဆုတောင်း သွားကြရသည်ဟု ကြားသိနေရပါသည်။ ဦးနေဝင်းကလည်း 'မင်းတို့ ဘိုင်းပြည်ဘဏ္ဍာတော်ကို ဘယ်လောက်ပဲခိုးခိုး ငါလည်းခိုးတာပဲ။ အရေး ယူစရာ မဟုတ်ပါဘူး။ နိုင်ငံရေး မလုပ်ရ ငါ့ကိုပုန်ကန်နေတဲ့ စစ်ဗိုလ်ဟောင်း တွေ နိုင်ငံရေးပါတီတွေနဲ့ မပေါင်းရ။ ကတိခံဝန်ချက်တွင် လက်မှတ်ထိုးကြ။ ထိုးချင်တဲ့ အကောင်တွေ ထောင်ထဲသွားကြဟု မိန့်ကြား၍ ကယ်တင်ရှင် ကြီး ဦးနေဝင်းအား သက်တော်ရာကျော် ရှည်စေဖို့ဆုတောင်းကာ အများစုက လက်မှတ်ရေးထိုးကြပြီး ဖြစ်သည်ကိုလည်း ရှုံဒိုးစဉ်ကူများ ကိုးကွယ်သော ဆရာတော်များထံမှ ကြားသိရပြန်ပါသည်။ တကယ် အသက်တစ်ရာ ရှည်စေလိုသော ဦးနေဝင်း။ ဦးနေဝင်းအား တကယ် အသက်တစ်ရာ ရှည်စေ လိုသော နောက်ထပ်တက်လာကြသော ရှုံဒိုး စစ်အာဏာရှင် ဗိုလ်ချုပ်များ သည့် အထက်တွင် ဖော်ပြထားသကဲ့သို့ မေလ ပထမပတ်က ယကြာချေကြ ပြန်ပါသည်။

ထိုဆွမ်းကျွေးသည့်နေ့တွင် နအဖ၏ အမိန့်ဖြင့် ပင့်ဖိတ်ထားသော ခစ်ကျွန်ဘဝရောက်ရှိနေကြသော နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဘုန်းတော် ကြီးများနှင့် သံဃာတော် အပါး ၁၀၀ ပြည့်စေရန် အနီးအနား ဘုန်းကြီး ကျောင်းများရှိ သံဃာကိုဏ်းပေါင်းစုံမှ ငါးပါး သုံးပါး စသဖြင့် အရိုးကျဖြင့် ပင့်ထားသော သံဃာတော်များသည် စည်းကမ်းတကျ နားရွက် မခတ်ရဘဲ ဘုမသိ ဘမသိနှင့် ဆွမ်းစားစာပွဲတွင် အသင့်ထိုင် နေရာယူခဲ့ကြရပါသည်။ ကြာမြင့်သောအချိန်တွင် ပေတာလူ ဦးနေဝင်းကြီးသည် ကိုယ်ရံတော် နှစ်ဦး ခြံယ်ပြီး ဆွမ်းစားဆောင်ကြီးထဲသို့ ခါးကုန်းကုန်းဖြင့် ဝင်လာခဲ့ပါသည်။ ဦးနေဝင်း၏ ခြေလေးငါးလှမ်းအကွာတွင် အာဏာရှင် စဉ်ကူ ပေတာလူ(၀၂) ရှုံဒိုး စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်တကွ နအဖ အဖွဲ့ဝင် ဗိုလ်ချုပ်များ ရာထူးကြီးစဉ်ငယ်လိုက် ဝင်လာခဲ့ကြပါသည်။ ဦးနေဝင်းထိုင်ပြီး မှ နအဖ ဗိုလ်ချုပ်များသည် အသီးသီး ခပ်လှမ်းလှမ်းတွင် နေရာယူထိုင်ကြ ရသည်။

ဘုမသိ ဘမသိ ဘယ်သူဆွမ်းကျွေးမှန်းမသိသော သံဃာတော်များသည် ဦးနေဝင်းလာမှသာ ဦးနေဝင်း၏ ဆွမ်းကျွေးပွဲ ဦးနေဝင်း သက်တော်တစ်ရာရှည်စေရန် ယတြာချေ ဆွမ်းကျွေးပွဲ အသက် ၈၈ နှစ်ထဲရောက်နေ၍ သေမှာကြောက်နေသော ဦးနေဝင်း၏ ယတြာချေ ဆွမ်းကျွေးပွဲမှန်းကို သိရှိခဲ့ရပြီး နအဖ ဗိုလ်ချုပ်ကြီး ဆိုသူများသည်လည်း အာဏာရှင် အယောင်ဆောင် ရှုဒိုးစဥ့်ကူ ပေတလူများ ဆိုသည်ကို ဘွင်းဘွင်းကြီး သိခွင့် ရရှိသွားခဲ့ကြပါသည်။

ဆွမ်းစားပြီး ချက်ချင်းပင် ဂိုဏ်းပေါင်းစုံမှ အချိုးကျ ပင့်ဖိတ်ထားသော သံဃာတော်များအား တရားနာ ရေစက်ချ ယတြာချေ ဆုတောင်း အမျှဝေသည်အထိ နေခွင့်မပြုဘဲ ပြန်ကြွနိုင်းလိုက်ပါသည်။ ဦးနေဝင်းနှင့် နအဖ ဗိုလ်ချုပ်များတွင် ယုံကြည်စိတ်ချရသော သံဃာတော်အပါး ၁၀၀ ပင်မရှိသည့် သာဓကပင်ဖြစ်ပါသည်။ စစ်ထောက်လှမ်းရေးများအား အရေးပေါ် ဘုန်းကြီးဝတ်နိုင်းပြီး ရှုဒိုး ခေါင်းတုံးစိမ်း သံဃာတော်များကို အပါးတစ်ရာပြည့်အောင် ဖြည့်ရပါကလည်း ဗိုလ်ချုပ်များက စစ်သားငယ် ခေါင်းတုံးစိမ်းများကို ရှိခိုးဦးချရပါမည်။ ယခုတစ်ကြိမ် သံဃာတော် အပါးတစ်ရာဖြင့် တရားနာ ရေစက်ချရသည့် ဗုဒ္ဓဘာသာများ၏ အစဉ်အလာ လေ့ထုံးစံတရပ်ကို ဆုံးခန်းတိုင်အောင် မဆောင်ရွက်နိုင်ခဲ့၍ ဦးနေဝင်း အသက်တစ်ရာ နေရစေရန်နှင့် အသက် ၈၈ နှစ်တွင် ကိစ္စမချောစေရန် ဆုတောင်းယတြာချေပွဲကို အထမြောက် မမြောက်ကိုလည်း ဆွမ်းစားပြီး ချက်ချင်း ထပြန်ခဲ့ရသည့် သံဃာတော်များကပင် မကျေမချမ်း ဖြစ်ကာ ပြောဆိုလျက် ရှိနေကြပါသည်။ စစ်အာဏာရှင် အကောင်နှင့် ရှုဒိုး အရိပ် စဥ့်ကူ ပေတလူများတွင် ဘေးကျပ် နံကျပ် ဖြစ်နေကြပြီဟုလည်း ဆရာတော်ကြီးများက ပြောဆိုနေကြပါသည်။ အခြားတစ်ဖက်ကလည်း ဦးနေဝင်း အနေဖြင့် နအဖ အဖွဲ့ဝင်များနှင့် အများတကာရှေ့တွင် အတူတကွ ထွက်မပြခဲ့ဖူးဘဲ ကျွန်ုပ်တို့ နအဖ အဖွဲ့ဝင်များကိုသာ မလေးမခန့် ငါက အာဏာရှင် အစစ်အကောင် မင်းတို့က ရှုဒိုးစဥ့်ကူ အရိပ်တွေ အယောင်ဆောင်တွေဟု အများတကာ သံဃာတော်များရှေ့တွင် အကောင်နှင့်အရိပ်ကို ခွဲခြမ်းစိပ်ဖြာ

ပြည့်ကိုက်သော ဦးနေဝင်း၏ ပရိယာယ်ဝေဝုစ်ကိုလည်း နအဖအစွဲဝင် ဗိုလ်ချုပ် ...ိများကပင် မကျေမချမ်း ဖြစ်နေကြမည်သာ ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဗေဒင်ယတြာများကို လိုက်စား ယုံကြည် ...က်ဝင်သူ မဟုတ်သော်ငြားလည်း မြန်မာလူမျိုးများအတွက် ရှစ်ဆဲ့ရှစ်သည် ...ုးခြားသော စကားပြောတတ်သော ဂဏန်းနံပတ်ဖြစ်သည်ကိုသာ သတိမူ ...မိပါသည်။

ဦးနေဝင်း၏ ယတြာ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ၊ စာရေးသူတို့ လုပ်သားပြည်သူများအတွက် အရေးမဟုတ်ပါ။ မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် ရဟန်းသံဃာအပေါင်းတို့အား စစ်ကျွန် ဘဝက အမြန်ဆုံး လွတ်မြောက်ရေးအတွက် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက် ကြိုးစားကြပါက အောင်ပွဲခံရမည့်နေ့ရက်ကို အခါတော် ပေးနေပြီဖြစ်ကြောင်း သာ အဓိက ဖော်ပြလိုက်ရပါသည်။

စစ်အာဏာရှင် စဥ္စကူ ပေတလူများအခက် ပြည်သူများအတွက် အချက်ပင် ဖြစ်ပါသတည်း။

❒

# အခမ်းမြို့က အရိုးများ တွန်စေရမည်

စာရေးသူ၏ဖခင်သည် မြို့ပိုင်ကြီးနှင့် တရားသူကြီး စသည့်မြို့ပြ
အုပ်ချုပ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်ပါသည်။ စာရေးသူ
အနေဖြင့်ဖခင်နှင့် ရာဇဝတ်ဝန်ထောက် ဌာနအုပ်စသည့် ရဲအရာရှိများ
ပြောဆိုကြရာတွင် အရိုးတွန့်သည် ဟူသော စကားရပ်ကို မူလတန်း ကျောင်း
သားအရွယ်ကပင် ကြားဖူးနားဝရှိခဲ့ပါသည်။ အသက်ရှိသော ကြက်သတ္တဝါ
များ တွန်တတ်သည်ကိုသာ ဗဟုသုတရှိသော စာရေးသူအနေဖြင့် အသက်
မရှိတော့သော လူ့အရိုးများ ဘယ်လိုတွန်တတ်သည်ကို သိလိုဇောဖြင့်
ဖခင်၏ မိတ်ဆွေ ရာဇဝတ်ဝန်ထောက်တဦးအား မေးမြန်းကြည့်မိခဲ့သည်ကို
ယခုတိုင် အမှတ်ရနေပါသေးသည်။

လူသတ်ပြီး အလောင်းကို မြေမြှုပ်ဖျောက်ဖျက်ထားကြပြီး အရိုးဖြစ်
နေသောအချိန်အခါတွင်မှသာ လူသတ်တရားခံများအား ဖမ်းဆီးရမိကာ
အသတ်ခံရသူ၏အရိုးများကို တူးဖော်၍ သက်သေပြသောကြောင့် လူသတ်
ကောင်များ ပြစ်ဒဏ်ခံခဲ့ရပုံကိုလည်းကောင်း၊ တစ်ခါတစ်ရံ အမှတ်မထင်
လူ့ရိုးများ တူးဖော်တွေ့ရှိသူက ရဲဌာနကို လာအပ်၍ သဲလွန်စရကာ အမှု
ပေါ်ပုံများကိုလည်းကောင်း၊ ရာဇဝတ် ဝန်ထောက်ကြီးက ဥပမာ ဥပမေယျ
များဖြင့် အရိုးတွန်ပုံများ စကားပြောသော အရိုးများအကြောင်းကို ကြား
ယောင် နေမိပါသေးသည်။

ကိုလိုနီခေတ်က လူသတ်မှုများ လွတ်လပ်ရေးရပြီးခေတ်မှ ပေါက်ခဲ့ပုံများ ရာဇဝတ်ဘေးဆိုသည်မှာ ပြေးမလွတ် ဓာတ်ပုံများ လူ တစ်ဦးတစ်ယောက်ချင်းစီဝယ် နစ်နာဆုံးရှုံး အသက်ခံရမှုများကို မည်သည့် အစိုးရကမှ လွတ်ငြိမ်းချမ်းသာခွင့် မပေးနိုင်ပုံများကို ဖခင်နှင့်တကွ တရား သေကို တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ကြသော ဈေးခေတ် လူကြီးများ သံမှ ကြားဖူးနားဝရှိခဲ့ပါသည်။

အသက်အရွယ် ရလာသည်နှင့်အမျှ ရုပ်မြင်သံကြား ဖန်သားပြင်များ နှင့် စာအုပ်စာတန်းများတွင် နာဇီ ဂျာမနီတို့၏ သတ်ဖြတ်မှုကို ခံကြရသော ဂျူးလူမျိုးများ၏ အကျယ်လောင်ဆုံးနှင့် သံစဉ်ရှည်ကြီးဖြင့် ထွန်နေသော အရိုးများကို တွေ့မြင်နေရပါသည်။

မကျော်လွန်သေးသော ယခုဆယ်စုနှစ်အတွင်းမှာပင် ယူဂိုဆလား ဗီးယားနိုင်ငံတွင် ဆာဘ် လူမျိုးနွယ်များနှင့် ခရိုအေးရှား လူမျိုးနွယ်များ သတ်ဖြတ်ခြင်းခံကြရသော ဘော့စနီးယား မူဆလင်လူမျိုးများ၏ အရိုးများ သည်လည်း ကမ္ဘာ့တရားခုံရုံးတွင် ထွန်နေကြပြန်ပါသည်။

ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်ကလည်း စစ်ရာဇဝတ်မှု (War Crimes)များကို ခုံရုံးတင်ရန် အရေးယူ အပြစ်ပေးရန် သဘောတူ လက်မှတ် ထိုးထားကြပြီး ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ကိုယ်ချင်းစာတရား ကင်းမဲ့ကြပြီး 'ကြီးနိုင်ငယ် ညှဉ်း အမှုအကျင့်သည် တိရစ္ဆာန်များ၌သာ ရှိသည်မဟုတ်။ တိရစ္ဆာန် သဘာဝ စိတ်ဓာတ်မကင်းသော မဆလ၊ နဝတ၊ နအဖ စစ်ဗိုလ် စစ်သား လူသားတို့၌လည်း ရှိချေသည်'ကိုသာ ဖော်ထုတ်ပြီး တစ်နေ့နေ့ တစ်ချိန်ချိန် တွင် 'ထွန်စေမည့် အရိုးများအကြောင်း'ကိုသာ မှတ်တမ်းတင်လိုပါသည်။ အမ်းမြို့သည် ရခိုင်ပြည်နယ်မှ မြို့နယ်တစ်နယ်ဖြစ်ပြီး မြေလတ်ပိုင်း မင်းဘူး၊ စကုမြို့များနှင့် ပိုမို၍ အဆက်အသွယ်ရှိသော ရခိုင်နှင့်ဗမာ နယ်စပ်မြို့တစ်မြို့ ဖြစ်ပါသည်။ နေထိုင်ကြသော လူမျိုးများသည် ဘယ်ကလာလဲ၊ ဘာပြော တာလဲ စသည်ဖြင့် ဗမာစကားသာ ပြောတတ်ကြပြီး ဇာ (ဘယ်၊ ဘာ)၊ အဇွာ (ဘယ်၊ ဘာ) စသော စစ်တွေသား ကျောက်ဖြူသားများ၏ စကားများ နှင့် ခြားနားနေပါသည်။

သက္ကရာဇ် ၁၈၃၃ ခုနှစ်တွင် အမ်းမြို့ကို အင်္ဂလိပ်ဘာသာဖြင့် AENG ဟု စာလုံးပေါင်းပြီး ယခုနောက်ပိုင်းတွင် AN ဟု စာလုံးပေါင်းကြပါသည်။ (မေမြို့ကဲ့သို့ အင်္ဂလိပ်တဦးဦး၏ အမည်ဟုတ်မဟုတ်တော့ မသေချာပါ။ ၁၈၃၄ ခုနှစ်တွင် အမ်းမြို့သည် ခရိုင်မြို့ကြီးဖြစ်ခဲ့ပါသည်။ အမ်းခရိုင်တွင် တာဝန်ထမ်းဆောင်ရသော ဗိုလ်မက်လင်တော့ချ် Lieutenant Machantoch သည် အမ်း အဖျားရောဂါ (Aeng fever) ရရှိခဲ့ပြီး ကျောက်ဖြူမြို့ (ယခင်က စာလုံးပေါင်း Kyauk Phyoo ၊ ယခုစာလုံးပေါင်း Kyauk Pyu) သို့ပို့ပြီး ဆေးကုသရာတွင် ကွယ်လွန်သွားခဲ့ပါသည်။

ထိုနေရာတွင် ဆက်ခံရသော ခရိုင်အရာရှိ ဗိုလ်ကြီး ဘရောင်း (Capatain Brown) သည်လည်း အမ်းအဖျားရောဂါဖြင့် ကွယ်လွန်သွားဖြစ်ပါသည်။ ဖိလစ်စ်(Philips)နှင့် ပင်တို (Pinto) တို့သည်လည်း အမ်းအဖျားရောဂါကို ကြောက်လန့်ပြီး ကျောက်ဖြူမြို့သို့ ထွက်ပြေးကာ ရမ်းဗြဲကျွန်းပေါ်ရှိ ကျောက်ဖြူသည် ခရိုင်မြို့ဖြစ်လာခဲ့ပါသည်။ ( ARAKAN, A hundred years ago , and fifty years after, By E.H.L. Seppings မှ ကိုးကားချက်)

ကျောက်ဖြူမြို့သည် ယခင်က အင်္ဂလိပ်အရာရှိကြီးများ အထူးသဘောကျသော ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့အဖြစ် ဖြစ်ခဲ့ပြီး ယခုအခါ နအဖ စစ်ဗိုလ်ချုပ် ခင်ညွန့်နှင့် ဆွေမျိုးပေါက်ဖော် အဖေကြီးတရုတ်များ အလိုချင်ဆုံးသော ဆိပ်ကမ်းတစ်ခု ဖြစ်လာပါသည်။ ဗိုလ်ချုပ် ခင်ညွန့်၏ သမီး သမက်များပင် မြေကွက်များ ဝယ်ထားကြပြီး ဖြစ်ပါသည်။)

လွတ်လပ်ရေး ရရှိပြီးကာလတွင် စာရေးသူ၏ ဖခင်သည် အမ်းမြို့တွင် မြို့ပိုင်ကြီးတာဝန်ယူခဲ့ရပြီး ရဲဘော်ဖြူနှင့် ကွန်မြူနစ်များ လက်အောက်ရောက်သွားမှ ကျောက်ဖြူမြို့သို့ ထွက်ပြေးလာခဲ့ကြရပါသည်။

အမ်းမြို့သည် ရဲဘော်ဖြူနှင့် ကွန်မြူနစ်များ လက်ထဲတွင် ဆယ်နှစ် ဆယ်မိုးကျော်မျှ နစ်ရှည်လများ ရှိနေခဲ့ပါသည်။ ရဲဘော်ဖြူများသည် လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ကိုယ်တိုင် တက်ရောက်သော အခမ်းအနားတွင် လက်နက်စွန့်ပြီး အလင်းဝင်လာသောကြောင့် အစိုးရအုပ်ချုပ်ရေး နယ်ပယ်ထဲသို့ ပြန်လည် ရောက်ရှိလာပါသည်။

ရခိုင်လူမျိုးများနှင့် မြေပြန့်ချင်းလူမျိုးများ အများအပြား နေထိုင်ကြသော အမ်းမြို့ တွင် ရာဇဝတ်မှုခင်း အလွန်နည်းပါးပြီး အလွန်ရိုးလွန်း အလွန်းသော သူများနေထိုင်သည့် အရပ်ဒေသတစ်ခုအဖြစ်နှင့် ဒုက္ခအမျိုးမျိုး ကြုံတွေ့ကြ ရသူများအဖြစ် တခြားမြို့နယ်က လူများက ယူဆကြပါသည်။

ဗိုလ်ချုပ်မင်းခေါင်သည် ပြည်ထဲရေးဝန်ကြီး မဖြစ်မီကာလတွင် ရခိုင် ပြည်နယ်တွင် စစ်တိုင်းမှူးနှင့် မဆလပါတီ၏ဒေသပါတီဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ခဲ့ဖူးပါသည်။ ယင်းအချိန်ကာလတွင် အမ်းမြို့တွင် တပ်စွဲထားသော ဗမာ့တပ်မတော်မှ ဗိုလ်ခင်မောင်ကလေးသည် တပ်ကြပ်ကြီးတစ်ဦးအား ချင်းအမျိုးသား တစ်ဦး၏အိမ်တွင် လက်နက်ပုန်းတစ်လက်ရှိကြောင်း သတင်းရရှိ၍ သွားရောက်ဖမ်းဆီးရန် အမိန့်ပေးခဲ့ပါသည်။ တပ်ကြပ်ကြီး သည် ချင်းအမျိုးသားအား မဖမ်းဆီးဘဲ သတ်ဖြတ်ကာ ချင်းအမျိုးသား၏ ဇနီးမယားအား မုဒိမ်းကျင့်ခဲ့ပါသည်။ ယင်းအမှုကိစ္စကို ရဲဌာနက အရေးမယူ ၍ အမ်းမြို့နယ် မဆလပါတီ ယူနစ်ကော်မတီက အသေးစိပ် ဂဃဏန ရခိုင်ပြည်နယ် ဒေသပါတီဥက္ကဋ္ဌ စစ်တိုင်းမှူး ဗိုလ်မှူးချုပ် မင်းခေါင်ထံ အစီရင်ခံစာ ပေးပို့လိုက်ပါသည်။

"စစ်တိုင်းမှူး ဗိုလ်မှူးချုပ် မင်းခေါင်က ဘာမှအရေးမယူသည့်အပြင် စစ်တပ်ကျေးဇူးကြောင့် စားသောက်နေရတဲ့ မဆလပါတီထဲက လူတွေက စစ်တပ်ရဲလုပ်ရပ်ကို ဒီလောက်အသေးစိတ် မတင်ပြသင့်ဘူး။ ပါတီယူနစ်က တာဝန်ရှိသူအား ပြောလွှတ်လိုက်ပါသည်။ (ဗိုလ်မှူးချုပ် မင်းခေါင်သည် ရှစ်လေးလုံးအရေးအခင်းတွင် ကျောင်းသားလူငယ် ၅၀ကျော်အား အသား ဘင်ကားထဲတွင် လှောင်ပိတ်ထားပြီး အင်းစိန်ထောင်သို့ ပို့ရာတွင် အသက် ရှူမွန်းကျပ်ကာ အားလုံးသေဆုံးမှုတွင် တာဝန်ရှိသူဖြစ်၍ မဆလ အစိုးရက တာဝန်မှ ရပ်စဲခြင်း ပြစ်ဒဏ်အသေးအဖွဲလေးကို ခံစားခဲ့ရပါသည်။)

စာရေးသူ၏ ဦးကျောက်ထံသို့ရောက်ရှိလာသော မကုန်နိုင် မခမ်း နိုင်သော ဗမာ့တပ်မတော်က ပြည်သူများအား သတ်ဖြတ်မုဒိမ်းကျင့် ပစ္စည်း ယူ ကျေးရွာမီးရှို့ကျက်နှင့် အိမ်မီးရှို့စသည့် လုပ်ရိုးလုပ်စဉ်များထက် လွန်ကဲသော ဘုရားဘာသာ လူမျိုးအချင်းချင်း ဖြစ်ပြားလည်း ဘီလူး သရဲ သဘက်နှင့်

မခြားဘဲ စစ်ဗိုလ်တစ်ချို့၏ လောဘ ဒေါသ မာနတို့၏ တိုက်တွန်းချက်အရ လူလူချင်း အနိုင်ကျင့်ကြပုံတစ်ခုကို ထပ်မံဖော်ပြပါမည်။

အထက်ဖော်ပြပါ အမ်းမြို့နယ်ရှိ တပ်တော်အမည်ရှိ တိုက်နယ်အဆင့်ရှိ ကျေးရွာကြီးတရွာတွင် ပြည်သူ့ရဲစခန်း တခုရှိပါသည်။ ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ အံ့ကြွတောင်းဆိုကြစဉ် ရဲစခန်းမှူးသည် ဦးထွန်းသိန်း ဆိုသူဖြစ်ပါသည်။ ဦးထွန်းသိန်းသည် တပ်တောင်ကျေးရွာတွင် ကျောင်းဆရာဘဝနှင့် ရဲအရာရှိဘဝ စသည်ဖြင့် တစ်ဘဝတွင် စရိုက်အကျင့်အမျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုရသော်လည်း အကြင်နာတရားရှိသော ကျောင်းဆရာစရိုက်အကျင့်က လွှမ်းကဲသောကြောင့် ကျောင်းသား လူငယ် မိဘ စသော တစ်ရပ်လုံး တစ်ရွာလုံးရှိ ပြည်သူအပေါင်းတို့၏ ခင်မင်လေးစားမှုကို ရရှိထားသူ ဖြစ်ပါသည်။

ရှစ်လေးလုံးကာလတွင် အများတကာ သိတော်မူကြသည့်အတိုင်း ထူးခြားသည့် ညွှန်ကြားချက်များတွင် ယင်းစခန်းများနှင့် စစ်တပ်များကို စခန်းအပြင်ဘက် စစ်တပ်အပြင်ဘက်ကို လုံးဝမထွက်ရ၊ မိမိရဲစခန်း မိမိစစ်တပ်လုံခြုံရေးနှင့် မဆလအကြီးအကဲ လုံခြုံရေးမှအပ အများပြည်သူများ၏လုံခြုံရေးကိစ္စကို လုံးဝ ဆောင်ရွက်မပေးရ ဟူသော ညွှန်ကြားချက်တရပ်လည်း ပါဝင်ပါသည်။

မဆလ အစိုးရအနေဖြင့် တိုင်းပြည်တွင်း လုံခြုံရေးပျက်ပြားအောင် ဖန်တီးထားပြီး စစ်တပ်သာလျှင် ကယ်တင်ရှင်ဟု ပြည်သူများ ခံစားလာရအောင် ဇာတ်နာခင်း၍ စစ်တပ်က တဖန်အာဏာသိမ်းရန် ပြထားသော မဟာဗျူဟာတစ်ခုပင် ဖြစ်ပါသည်။

တပ်တော်ကျေးရွာ တွဲဘက် အထက်တန်းကျောင်းမှ ကျောင်းသားများ၏ ဆန္ဒပြတောင်းဆိုခြင်းနှင့် တောကြို တောင်ကြား ကျေးရွာတွင် ရဲတပ်သား အင်အားကလည်း အနည်းငယ်သာ ရှိခြင်းတို့ကြောင့် စခန်းမှူး ဦးထွန်းသိန်း အနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များနှင့် မှီခိုသူများ၏ အသက်အန္တရာယ်မှ လွတ်ကင်းစေရန်အတွက် စစ်တပ်ရှိရာ အနီးဆုံးနေရာဖြစ်သော ကျောက်ဖြူမြို့သို့ လာရောက် ပူးပေါင်းခဲ့ပါသည်။ ရဲတပ်ဖွဲ့ပိုင် ငွေကြေး

လက်နက် ခဲယမ်း မီးကျောက် ပစ္စည်းပစ္စယ စသည်များကိုလည်း စနစ်တကျ သိမ်းယူလာနိုင်ခဲ့ပါသည်။

အလယ်တန်း အထက်တန်း ဆယ်ကျော်သက် အရွယ် ကျောင်းသား လူငယ်များကလည်း ရဲစခန်းကို ကျောင်းသား သပိတ်စခန်းအဖြစ် အသုံးပြုပြီး ရပ်ရွာကိုလည်း ပြည်သူ့စစ်အတွက် ထုတ်ပေးထားကာ ရဲတပ်ဖွဲ့အနေဖြင့်လည်း ပြန်လည် မသိမ်းဆည်းနိုင်ခဲ့သော လက်နက် သုံးလေးလက်ဖြင့် ကျေးရွာသူ ကျေးရွာသားများအား သူခိုး ဓားပြရန်မှ ကင်းလွတ်စေရန် ကာကွယ်ခဲ့ကြရပါသည်။ ကျောင်းသားလူငယ်များသည် သေနတ်ကို မကိုင်ဖူး မပစ်ဖောက်ဖူးသူများသာ ဖြစ်ကြသည်။ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈) ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းပိုက်ပြီး နိုင်ငံတော် ငြိမ်ဝပ်အဖွဲ့ကို ဖွဲ့စည်းကာ ရန်ကုန်မြို့ပေါ်တွင်ပင် လုယက်သူများဟု သမုတ်၍ အပြစ်မဲ့သော လက်နက်မဲ့ ဆန္ဒပြသူ ငါးရာကျော်အား သုတ်သင် သတ်ဖြတ်လိုက်သည့် သတင်းကို ရေဒီယိုမှတဆင့် ကြားသိခဲ့ရသော တပ်တောင် ကျေးရွာမှ ကျောင်းသားလူငယ်များသည်လည်း ကြောက်လန့်ပြီး ထွက်ပြေးကြရကာ တောကြိုတောင်ကြားတွင် သွားရောက် ပုန်းအောင်းနေခဲ့ကြရပါသည်။

ကျောက်ဖြူမြို့ ရှိ စစ်တပ်ကလည်း စခန်းမှူး ဦးထွန်းသိန်းအား ကျောင်းသား လူငယ်များအား အရှုံးပေးပြီး ရဲစခန်းကို လွှဲအပ်ခဲ့သည့်ကိစ္စဖြင့် ကျောက်ဖြူမြို့ရဲစခန်းတွင်ပင် ဖမ်းဆီးချုပ်နှောင်စေခဲ့ပါသည်။

ထို့အပြင် ဦးထွန်းသိန်းအား တပ်တောင်ရဲစခန်းကို ပြန်လည်သိမ်းပိုက်ရန် တပ်ချီရာတွင် စစ်တပ်နှင့်အတူ ခေါ်ဆောင်သွားနိုင်ရန် တပ်ရင်းမှူးက စီစဉ်ပါသည်။ ကျောက်ဖြူမြို့နယ် ရဲမှူးဖြစ်သူကလည်း ဦးထွန်းသိန်းအား တစ်ယောက်တည်း ထည့်လိုက်ပါက သတ်ပစ်လိမ့်မည်ဟု ယူဆပြီး တခြား ရဲအုပ် ဦးမောင်ကိုနှင့် ဒုရဲအုပ် ဦးဝင်းတင်တို့ နှစ်ယောက်နှင့်အတူ ဦးထွန်းသိန်းအနေဖြင့် ထွက်မပြေးနိုင်ရန်ဟု ပရိယာယ်ဆင်ပြီး သုံးဦးစလုံးကို လက်ထိပ်ခတ်ကာတွဲ၍ စစ်တပ်နှင့်အတူ ထည့်ပေးလိုက်ပါသည်။

စစ်တပ်က တပ်တောင်ရဲစခန်းကို ပြန်လည်သိမ်းပိုက်ပြီး တောကြိုတောင်ကြားများတွင် ကြောက်ရွံ့၍ ပုန်းအောင်းနေကြသော ကျောင်းသားလူငယ်များကို သွားရောက် ဖမ်းဆီးရန် ခရီးထွက်ရာတွင် ဦးထွန်းသိန်းကို

လမ်းပြအဖြစ်လိုက်ရန်နှင့် ကျွန်ုပ်ရဲအုပ် နှစ်ဦးအား ရဲစခန်းတွင် လုပ်စရာရှိ သည်များကို လုပ်ဆောင်နေနှင့်ရန် စစ်ဗိုလ်က စီစဉ်ပြန်ပါသည်။

ဦးမောင်ကိုနှင့် ဦးဝင်းတင်တို့က အထက်အရာအရှိများ အမိန့်အရ မှူးတွဲလက်ထိတ်ခတ်ထားသည်ကို မဖြုတ်နိုင်ဟု တင်းခံပြီး တောကြိုတောင် ကြားသို့ လက်ထိပ် တန်းလန်းနှင့်ပင် လိုက်သွားခဲ့ကြရပါသည်။

စစ်တပ်အနေဖြင့် ဖမ်းဆီးရသမျှသော ကျောင်းသားလူငယ် သုံးဆယ် ကျော်တို့၏ အင်္ကျီလုံချည် တီရှပ်များကို ချွတ်ယူကြပြီး ကိုယ်လုံးတည်းများ ကို ဘက်နက်နှင့် ထိုးသတ်ပစ်လိုက်ကြပါသည်။ (နဝတ သတင်းစာများ တွင် အမ်းမြို့နယ် တပ်တောင်တိုက်နယ် ကျေးရွာကြီးရှိ ရဲစခန်းကို ဝင်စီး သူများအား ရဲစခန်းက ခုခံသတ်ဖြတ်လိုက်ရကြောင်း စသဖြင့် တိုင်းပြည်အား လိမ်ညာတင်ပြခဲ့ပါသည်)

(ပန်ကြားချက်။ ။ဤဖြစ်ရပ်ကို စာရေးသူထက် ပို၍ ဂဃနဏ သိသူ များရှိပါက ဤစာစောင်မှတဆင့် ဆက်သွယ်သတင်းပေးစေလိုပါ သည်။)

ကျေးရွာသူ ကျေးရွာသားများက စစ်တပ်သည် ရွာသို့ ပြန်ဝင်အလာ တွင် ငါ့သား တွေ့ခဲ့ပါသလား၊ ငါ့တူ တွေ့ခဲ့ပါသလား ဖမ်းဆီးရမိခဲ့ပါ သလား စသဖြင့် လားပေါင်းများစွာဖြင့် ပူဆွေးသောကကြီးစွာ သက်ရောက် လျက် အလုအယက် သူ့ထက်ငါ ဦးအောင် မေးမြန်း စုံစမ်းခဲ့ကြပါသည်။ စစ်ဗိုလ်ကြီးကတော့ ခပ်တည်တည်ဖြင့် အားလုံး တောခိုသွားကြပါပြီ၊ ဒီလောက်ဆို နယ်စပ်ရောက်သွားလောက်ပါပြီ။ လူကြီးတွေက ဖျောင်းဖြပြီး ပြန်ခေါ်ပေးပါလိမ့်မယ်၊ စိတ်မပူကြပါနှင့်ဟု မုသားစကား ပြောကြားခဲ့ကြ ပါသည်။

စစ်တပ်အနေဖြင့်လည်း ဤကျေးရွာတွင် ရဲများနှင့် စိတ်မချရသော ကြောင့်တပ်စွဲနေထိုင်ခဲ့ကြပါသည်။ နောက်များမကြာမီ တပ်တောင်ကျေးရွာ ကို တပ်စွဲနေထိုင်ကြသော စစ်သားများသည် ဈေးထဲ အရပ်ထဲ ထွက်ပြီး လမ်းသလား၊ နောက်ပိုးပိုး၊ လက်ဖက်ရည်ဆိုင်ထိုင်ရာများတွင် ဝတ်လာသော အင်္ကျီလုံချည် တီရှပ်များသည် စစ်ဗိုလ်ကြီးပြောသော တောခို သွားကြသည် ဆိုသော ကျောင်းသား လူငယ်များ၏အင်္ကျီ၊ လုံချည် တီရှပ်များ

ကလားဟု အံ့အားသင့်စွာ တွေ့ကြမြင်ကြ၍ ကျေးရွာသူ ရွာသားများ
လှုပ်ရှရှ ဖြစ်သွားခဲ့ရပါသည်။ ငါ့သား လုံချည်ပါပဲ။ ငါ့တူ လုံချည်ပါပဲ
မြေး တီရှပ် အင်္ကျီပါပဲ၊ ငါ့သားတော့ သေပါပြီ။ ငါ့တူတော့ သေပါပြီ။
မြေး တော့ သေပါပြီဟု ပူဆွေး ငိုကြွေးကြရုံမှတစ်ပါး တခြား
ဆက်လုပ်ကိုင် ပါမည်နည်း။

အသံထွက်ပြီး မငိုကြနဲ့။ ရှိုက်ကြီးတငင် မငိုကြနဲ့။ ဒါကျေးရွာ။
ဗိုလ်က လူကြီးမင်း ခဏကြွခဲ့ပါဆိုလျှင် ပြန်လမ်း မရှိဘူး။ မြို့ကြီး
နယ်ကြီးများမှာပင် ဘယ်ရောက်လို့ ဘယ်ပျောက်သွားမှန်း မသိနိုင်အောင်
ဆင်းနိုင်တဲ့စစ်တပ်။ တစ်မျိုးလုံးတစ်ဆွေလုံး ပြုတ်သွားလိမ့်မယ်။ သတိ
ထားကြ။ အမျှဝေကြ။ အနုဘဝမှာ တွေ့ကြုံသွားကြရတဲ့ ဘေးဒုက္ခနဲ့
တွေ့ကြုံဖို့ ဆွမ်းသွတ်ကြ။ အမျှဝေကြ။ ဆုတောင်းကြ။ တရားနဲ့ဖြေကြဟု
တရားရှိသူများက ဖျောင်းဖြခဲ့ကြသည်။

သားသေ တူသေ မြေးသေ၍ မဖွင့်ဟရဲသော်လည်း ဗုဒ္ဓဘာသာများ
သစွာဖြင့် ရဟန်းသံဃာတော်များကို ယုံကြည်အားထားပြီး လျှောက်ထား
ကြသည်။ ဆွမ်းသွတ် အမျှအတန်းဝေခဲ့ကြသည်။ ဤကောင်းမှု ကုသိုလ်
ကြောင့်ပင်လျှင် မြန်မာနိုင်ငံ တဝှမ်းလုံးတွင် စစ်အာဏာရှင်များက မတရား
သတ်ဖြတ် ညှဉ်းဆဲ ခံရသူများ၏ အရိုးများ တစ်နေ့နေ့တွင် အသံကျယ်ကျယ်
နှင့် တွန်လာနိုင်ပါသည်။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ ရေဒီယိုသတင်းမှာ အမေရိကန်
ပြည်ထောင်စုအစိုးရ၏ ကာကွယ်ရေးဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ စစ်တပ်
၏ သတ်ဖြတ်မှုများ မြောက်များစွာ ပူးပေါင်းဖော်ထုတ်နေပြီဟု ကြားသိ
ရှိက်ရပါသည်။

ဗမာ့တပ်မတော်၏ မတရားသတ်ဖြတ်မှု၊ စစ်အာဏာရှင်များ၏
တရားသတ်ဖြတ်မှုများသည်လည်း မဝေးသောကာလတွင် တရား ဥပဒေ၏
အဆုံးအမကို ခံယူကြရမည်သာ ဖြစ်ပါသည်။

အသတ်ဖြတ်ခံ ပြည်သူတွေရဲ့ အရိုးတွန်စေလိုသော စေတနာ
မေတ္တာမှန်ဖြင့်။

❖

## ဗိုလ်ချုပ်အောင်ဆန်း
## တစ်ညတာ ဒလမှာ သောင်တင်ခဲ့စဉ်က

စာရေးသူသည် ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်ပြီး၍ ရန်ကုန်မြို့သို့ ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလတွင် ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဖခင်ဖြစ်သူ ဦးဘအေးအား ဘုရားဖူးရန်နှင့် ရောက်ဖူးစေရန်အတွက် ခေါ်ထားခဲ့ပြီး အပြန်ခရီးတွင် တစ်လေယာဉ်ပျံတည်းစီးပြီး ပြန်လာခဲ့ကြပါသည်။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကို ခြေချစဉ်မှာပင် ဖခင်ကြီးသည် ဒူးထောက်ပြီး အမိမြေကို ကုန်းနမ်းကာ "ဒါ တို့ပြည်ကွ၊ ဒါ တို့ မြေကွ၊ ဒို့မြေကြီးလည်း သူများနိုင်ငံကဲ့သို့ တိုးတက်စေရမည်" ဟု ကြွေးကြော်နေခဲ့သည်ကို စာရေးသူ အနေဖြင့် ခရီးသည်များအလယ်တွင် ဖခင်ကြီး၏ အပြုအမူကို ဒီအဖိုးကြီး အမိမြေက သုံးလလောက် ခွဲခွာခဲ့ရတာကိုများ အဖြစ်သည်းနေခြင်းဟု စိတ်ထဲတွင် စနိုးစနောင့် ဖြစ်ခဲ့ဖူးပါသည်။

ကြမ္မာရဟတ် တစ်ပတ်လည်လာပါပြီ။ လွတ်လပ်သော အမိမြေကြီး ဆိုပါက စာရေးသူလည်း ဖခင်ကြီးကဲ့သို့ အမိမြေ ကြီးကို ကုန်းနမ်းရုံသာမက မြေကြီးတစ်ခဲလောက်ကိုပင် "ဝါးစားပြရ၊ပြရ" အမိမြေကိုတော့ ခြေချချင် လှလေပြီ ဖြစ်ပါသည်။

စာရေးသူ၏ ဖခင်သည် ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတွင် နေထိုင်သူဖြစ်၍ အိမ်အပြန်တွင် အသက် ၅၅ နှစ် ပြည့်၍ အငြိမ်းစားယူခါ

ညီအလတ်ဖြစ်သူ ဦးအောင်ဘု 'ယစ်မျိုးဝန်' ကို အလည်အပတ်နှင့် ကလေးများကို အင်္ဂလိပ်စာ သင်ကြားပေးနိုင်ရန်ခေါ်သွားမည်ဟု ပြောဆိုနှုတ်ဆက်ကာ ညီအကိုနှစ်ယောက် မာန်အောင်ကျွန်းသို့ ထွက်ခွါခဲ့ကြပါသည်။ ဦးလေးဦးအောင်ဘုသည် ဇာတိမြေသို့ ရန်ကုန်တက္ကသိုလ်တက်ရန် ထွက်ခွါသွားခဲ့သည့် ၁၉၃၄ ခုနှစ်ခန့်ကပင် တစ်ခေါက်မှ ပြန်မရောက်ဘဲ အငြိမ်းစားယူသည့် ၁၉၇၆ ခုနှစ်တွင်မှသာ ပြန်ရောက်သွားခဲ့ခြင်းဖြစ်ပါသည်။ ဝါသနာအလျောက် ၉ တန်း၊ ၁၀ တန်းကျောင်းသူ ကျောင်းသားများကို အင်္ဂလိပ်စာသင်ကြားပေးရင်း ပင်လယ်အစားအစာ သားငါးများကို လတ်လတ်ဆတ်ဆတ်စားရ၍ ပျော်မွေ့နေကြောင်း၊ တစ်နှစ်ပင်ရှိတော့မည်ဖြစ်သော်လည်း ပြန်မလာသေးကြောင်းကို ရန်ကုန်နေ ဇနီးနှင့် သားသမီးများထံမှ ကြားသိနေပါသည်။ ၁၉၇၇ ခုနှစ် မိုးရာသီမကုန်မီ တစ်နေ့တွင် မိတ်ဆွေတစ်ဦး စာရေးသူထံရောက်ရှိလာပြီး ဆရာဦးအောင်ဘု ကွယ်လွန်သွားကြောင်း၊ သူ့သားများ ရှိးတောင်ဘက်မှ လိုက်သွားကြကြောင်း၊ မသေသင့်ဘဲ သေရကြောင်း၊ ဆီးချုပ်ရုံမျှသာဖြစ်ပြီး ဆီးမသွားနိုင်သည်ကို မြို့နယ်ဆရာဝန်က ပွန်းကိရိယာ မစုံလင်၍ ဖောက်ပြီး ပိုက်သွယ်မပေးရဲကြကြောင်း၊ ရန်ကုန်မှာဆို မသေနိုင်ကြောင်း စသည်ဖြင့် ယူကျုံးမရ ဖွင့်ဟပြောဆိုလာခဲ့ပါသည်။

ယခုတစ်ဖန် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ဖွန်လထဲမှာပင် အမကြီး၏ခင်ပွန်းဖြစ်သူ ကျောင်းဆရာ ဦးမောင်ညွန့်သည်လည်း ကျောက်ကပ်ရောင်ပြီး ဆီးချုပ်ကာ တကိုယ်လုံးဖောရောင်၍ အစာရေစာမစားနိုင်ဘဲ ၇၂ ရက်ခန့်ရာပေါ်တွင် ဒုက္ခဝေဒနာခံစားရပြီး ကွယ်လွန်သွားကြောင်းသိရှိရပြန်ပါသည်။ စစ်အာဏာရှင်ခေတ်တွင် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးအခန်းကဏ္ဍတွင် ချွတ်ခြုံကျကာ မလိုအပ်ဘဲ ပြည်သူလူထုတစ်ရပ်လုံးနှင့်ပင်လယ်ဝေလျက်ရှိသည့် သတင်းဆိုးများကိုသာ နေ့စဉ်နှင့်အမျှ ကြားသိနေကြရပါသည်။

ဦးလေးဦးအောင်ဘု၏ နေအိမ်တွင် စာရေးသူသည် ၁၉၅၈ ခုနှစ်ကခန့်သူ တူသားအဖြစ် နေထိုင်ခဲ့ဘူးပါသည်။ သူနှင့် အလွန်ရင်းနှီးသောကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြသည့် ဦးလှအောင် (ဌာနကြီးမှူး)

အားတွေ့ချင်ကြောင်း၊ ဘယ်ရောက်နေလဲ၊ ရုံးချုပ်မှာလား၊ နိုင်ငံခြား မြန်မာသံရုံးမှာလား၊ ဦးဘဆက် (ကောင်စစ်ဝန်ချုပ်၊ တက္ကသိုလ်သမဂ္ဂခေါင်းဆောင်)၊ ဦးသန်းလှ (ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) တို့ရောကျန်းမာကြရဲ့လား၊ ရန်ကုန်ပြန်ရောက်ကြရင် ပြောပါဦးဟု တဖွဖွပြောကြားလေ့ရှိခဲ့ပါသည်။ တစ်ခါတစ်ရံ ကျောင်းနေဖက် ဗိုလ်ချုပ်အောင်ဆန်းကိုအမွှန်းတင်ပြောဆိုပြီး၊ ဦးဖေခင် (သံအမတ်ကြီးဟောင်းနှင့် ယခုအကြံပေးပုဂ္ဂိုလ်)အား ဒီကောင်သစ္စာဖောက်ကွ။ အင်္ဂလိပ်ကျောင်းအုပ်ကြီးကိုဖော်လန်ဖားပြီး တို့ကျောင်းသားလှုပ်ရှားမှုကို ကုန်းချော ကုန်းတိုက်တဲ့ကောင်၊ လွတ်လပ်ရေးရခါနီးမှ ဗိုလ်ချုပ်တို့ဘက် ပြေးကပ်ပြီး၊ ပင်လုံညီလာခံမှာပြေးပါပြီး ခါတော်မီ လွတ်လပ်ရေးလှုပ်ရှားမှုထဲပါလာတဲ့ကောင်၊ ရာထူးမက်တဲ့အကောင်၊ အခွင့်သမားတွေ၊ လူ့ဂုဏ်သိက္ခာထက် ရာထူးဂုဏ်မက်တဲ့အကောင်ဟုလည်း မကြာခဏပြောပြဖူးခဲ့ပါသည်။

စာရေးသူ၏ ဦးလေး ကွယ်လွန်သွားသည့် သတင်းကို အငြိမ်းစားယူပြီး နိုင်ငံခြားရေးရုံးတွင်ပင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်နေသောဆရာဦးလှအောင်အား သွားရောက်ပြောပြခဲ့ရာတွင်-

ဆရာဦးလှအောင်က စာရေးသူအား "ခင်ဗျား ကိုအောင်ဘု ကွဲဆိုတာအစကတည်းက မပြောပြဘူးဗျာ။ ခင်ဗျား တော်တော်နေနိုင်တယ်။ ကျွန်တော်တို့ လုပ်ပိုင်ခွင့်ရှိတဲ့အချိန်က ခင်ဗျား ဘာမှမပြောဘူး။ ကိုအောင်ဘုကိုလည်း ကျွန်တော် လိုက်ရှာနေတာ ကြာလှပြီ။ ကိုအောင်ဘုနဲ့ကျွန်တော်တက္ကသိုလ်တုန်းကလည်း အတူတူ၊ မြို့အုပ်လုပ်ကြတုန်းကလည်း အတူတူ" ဟု ဆိုကာ မသေခင်မတွေ့လိုက်ရ၍ ယူကြုံးမရဖြစ်သွားရှာပါသည်။

ဦးလှအောင်ကိုလည်း ဝန်ကြီး ဗိုလ်မှူးကြီးလှဖုန်းက စာကြည့်တိုက်တွင် ထိုင်ခိုင်းထားပြီး မော်ကွန်းတင်ရသည့် လုပ်ငန်းအသေးအမွှားကိုစေခိုင်းထား၍ စကားပြောချိန်အတော်ရလှပါသည်။ ကျောင်းနေဖက်ဖြစ်သူဗိုလ်ချုပ်အောင်ဆန်း အကြောင်းလည်း ရောက်သွားပြီး၊ ကိုအောင်ဆန်းက "လှအောင်တို့၊ အောင်ဘုတို့၊ မင်းတို့ မှတ်ထားကြစမ်း၊ ငါတစ်နေ့ ဗမာပြည်ကို အုပ်ချုပ်မှာကွ" ဟုပြောလို့ ကျနော်တို့ မယုံကြပါဘူး။ ကိုအောင်ဆန်းက သူများ အိပ်ချိန် ည ၁၀ နာရီ၊ ၁၁ နာရီ လောက်မှ အဆောင်ပြန်ရောက်

ဘာပြီး ခုံဖိနပ်တစ်ခေါက်ခေါက်နဲ့ ရေချိုးရတာနဲ့ သွားတိုက်ရတာနဲ့ ကျွန်တော်တို့က အမြဲနောက်ပြောင်နေကြတာ၊ နောက်တော့ တကယ်ဖြစ်သွားတာပါပဲ။ ကိုအောင်ဆန်းက ပြောသလိုလုပ်တဲ့သူ၊ အလွန်စိတ်ရင်းကောင်းပြီး တိုင်းပြည်အပေါ်မှာ စေတနာထားသူ ဖြစ်ကြောင်းကိုလည်း ချီးမွမ်းပြောဆိုခဲ့ပါသည်။

ကိုအောင်ဘုက အင်းစိန်မြို့အုပ်၊ ကျွန်တော်က ဒလမြို့မှာ မြို့အုပ်လုပ်နေစဉ် အဖြစ်အပျက်တစ်ခုကို ပြောပြဦးမယ် ဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးကြိုးပမ်းနေစဉ်ကာလက ဖြစ်ရပ်တစ်ခုကို ပြောပြခဲ့ပါသည်။

'တစ်နေ့ ညဦးပိုင်းမှာ မော်တော်ဘုတ်ငယ်တစ်စီး သောင်တင်နေတယ်။ ဘုတ်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့အဖွဲ့ပါလာတယ်လို့ ပုလိပ်များက သတင်းပို့လို့ ကျွန်တော်ချက်ခြင်း လှေငယ်တစ်စီးနဲ့သွားရောက်ပြီး ဗိုလ်ချုပ်တို့ကို ကမ်းပေါ်ခေါ်လာပြီး ဗိုလ်တဲမှာ ညအိပ်ဖို့ ပြင်ဆင်ပေးလိုက်တယ်။ ဗိုလ်ချုပ်ကလှအောင် မင်း ဒီရောက်နေလား။ မနက်ကျမှ စကားပြောကြတာပေါ့ကွာ'ဟု ပြောလို့ မနက်ဘက်ကျမှ ဗိုလ်ချုပ်ကြိုက်တတ်တဲ့ ပဲပြုတ်တို့ကောက်ညှင်းပေါင်းတို့၊ ငါးကြော်တို့နဲ့ မနက်စာကို ဗိုလ်တဲ ထမင်းစားဆောင်မှာ ပြင်ဆင်ပြီး ဗိုလ်ချုပ်ကို ကျွန်တော် ဧည့်ခံပြုစုနေခဲ့ပါတယ်။ ကျွန်တော့် အထက်အရာရှိဖြစ်တဲ့ ဦးသက်တင် (တိုင်းမင်းကြီးနှင့် မဆလခေတ်တွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) လည်း ဗိုလ်ချုပ်တို့ရောက်နေကြောင်း သတင်းရလို့ ထမင်းစားဆောင်ထဲ ဝင်လာပြီး ဗိုလ်ချုပ်ကို ဂါရဝပြု နှုတ်ဆက်ခဲ့ပါတယ်။

ဗိုလ်ချုပ်က ဦးသက်တင်ကိုလည်း မြင်ရော စားနေတာကို ရပ်ပြီး၊ ခေါသထွက်ကာ ကိုလှအောင် မနေက ဒီမြို့မှာ သက်တင်ရှိနေတယ်ဆိုရင် ငါ ကမ်းပေါ်တောင် မတက်ပါဘူး။ ဖြစ်သလို မော်တော်ဘုတ်ထဲမှာ အိပ်မှာ၊ ဒီအကောင်တွေ အင်္ဂလိပ်အလိုတော်ရိတွေ၊ မှန်တဲ့ဘက်ကမရပ်ဘူး၊ တစ်သက်လုံး ကိုယ့်လူမျိုးဘက်က မပါဘူး။ အခုမှ တို့ကို လူရာလာသွင်းတယ်ဟု စသဖြင့် ဗိုလ်ချုပ်က တစ်ဆောင်ထဲကျောင်းနေဖက် ဦးသက်တင်ကို ထက်ထက်စက်စက် ပြောလိုက်တာများ ကျွန်တော်က ကြားချောင်၊ ဦးသက်တင်က အထက်အရာရှိဖြစ်နေတော့ မျက်နှာပူလိုက်တာ မပြောပါနဲ့တော့။

ကိုအောင်ဆန်းက ကျောင်းတုန်းက အကျင့်အတိုင်းပါပဲ၊ ပြောစရာရှိ ဘွင်းဘွင်းကြီး ပြောတတ်ပါတယ်။ လှအောင် 'ဒါ မင်းကျွေးတာလား၊ သက်တင်ကျွေးတာလား မေးပြီး၊ သက်တင် ကျွေးတဲ့အထဲပါရင် ငါ မစားဘူး' ဟုမေးနေလို့ ကျွန်တော်ကျွေးတာပါပဲဟုပြောမှ ဆက်စားပြီး လွတ်လပ်ရေးအတွက် စည်းရုံးဖို့ ခရီးဆက်သွားကြတယ်'ဟူသော ဦးလှအောင် ပြောပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း တစ်ညတာ ဒလမှာသောင်တင်ခဲ့သည့် ဖြစ်ရပ်ပင် ဖြစ်ပါသည်။

ဦးလှအောင်သည် ကိုလိုနီနယ်ချဲ့အစိုးရ၏ ဝန်ထမ်းမြို့အုပ်၊ ဦးသက်တင်သည်လည်း ကိုလိုနီနယ်ချဲ့၏ နယ်ပိုင်ဝန်ထောက်တစ်ဦးပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးတစ်ဦး ဖြစ်သော်လည်း ကိုလိုနီနယ်ချဲ့၏ ဆန့်ကျင်ဘက်ရန်သူ အနေအထားတွင် ရှိနေသေးသည့် အချိန်ကာလမျိုးပင် ဖြစ်ပါသေးသည်။

စာရေးသူ၏ ဦးလေး ဦးအောင်ဘုကလည်း မကြာခဏပြောပြဖူးခဲ့ပါသည်။ 'တို့' အင်္ဂလိပ်အစိုးရဆီမှာ မြို့အုပ်လုပ်နေပေမယ့် လွတ်လပ်ရေးအတွက် လှုပ်ရှားနေတဲ့ ခေါင်းဆောင်တွေကို တို့အားပေးတယ်။ ကူညီတယ်၊ အင်္ဂလိပ်အရာရှိကြီးတွေလည်း ဗမာ့လွတ်လပ်ရေးကို ထောက်ခံလိုလားတဲ့ လူတွေ အများအပြား တွေ့ဖူးကြောင်းကို ပြောပြဖူးခဲ့ပါသည်။ ဦးလေးဇနီး အဒေါ် ဒေါ်သိန်းယဉ်ကလည်း မင်းတို့ဦးလေး အင်းစိန်မှာ မြို့အုပ်လုပ်တုန်းက သခင်ကျော်ထွန်းတို့နဲ့ အမြဲအဆက်အသွယ်ရှိတယ်။ လူခြေတိတ်ပြီ ညဖက်ဆို သခင်ကျော်ထွန်းတို့ အုပ်စုကို ကျွေးရမွေးရတာ ငါ့မှာ အမောပဲ၊ သခင်ကျော်ထွန်း ဇနီး မစိန်သောင်းတို့လည်း တို့ပဲ ပေးကမ်းထောက်ပံ့ထားကြရတယ်။ နိုင်ငံရေးသမားတွေမှာ ဘာဝင်ငွေရှိလို့လဲ၊ တိုင်းပြည်အတွက် လုပ်နေရသူတွေကို ကူညီရမှာပဲဟု ပြောပြလေ့ရှိခဲ့ပါသည်။

တို့ဗမာသီချင်း ၃၅ နှစ်မြောက် (ဝိုင်အမ်ဘီအေ) သခင်တင် အထိမ်းအမှတ်ပွဲတွင် စာရေးဆရာကြီး သခင်ဘသောင်း၏ ဟောပြောချက်တွင်လည်း 'ဖျာပုံမြို့ကဖိတ်လို့ တို့ဗမာသီချင်းကို သွားဆိုရပါသည်။ ဖျာပုံအရေးပိုင် အင်္ဂလိပ်ဗမာကပြား မစ္စတာ 'ဗရက်တို'က ကျွန်တော်တို့ကို ထမင်း ဖိတ်ကျွေးပြီး၊ ထမင်းပွဲသို့ ဟင်းချိုး ယန်းကန် ယူလာသောအခါ မစ္စတာ ဗရက်တို

…်တိုင်က ခေါင်းဆောင်ပြီး တို့ဗမာသီချင်းကို ဆို၍ ယူလာ ပါသည်'
… ဘုတ်ဖော် ပြောဆိုသွားခဲ့ပါသည်။

ကိုလိုနီနယ်ချဲ့အင်္ဂလိပ်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံ ဖြစ်ပါ…သည်။ လူတဦးချင်းစီ၏ ဆန္ဒနှင့် ရပိုင်ခွင့်များကို လေးစားခဲ့ကြပါသည်။ …လိပ်အရေးပိုင်သည် တို့ဗမာ အစည်းအရုံးဝင် သခင်များကို အိမ်ပေါ…ဖိတ်ပြီး ဂုဏ်ပြုထမင်း ကျွေးခွင့်ရှိခဲ့ပါသည်။ အင်္ဂလိပ်အရေး ပိုင်သည် …လိပ်အစိုးရကို ဗမာ့မြေပေါ်က မောင်းထုတ်သော တို့ဗမာသီချင်းကို …ခွင့်ရှိခဲ့ပါသည်။ ဆိုလည်း ဆိုခဲ့ပါသည်။

သူ့ကျွန်ဘဝတွင် ဗမာများ၊ အစိုးရအရာရှိများ လွတ်လပ်မှုအရသာကို …စားခဲ့ကြရပါသည်။ ဗမာ၊ဗမာအချင်းချင်း ကျွန်ပြုနေသည့် ယခုခေတ်တွင် …ရေစီပါတီဝင်လျှင်ပင် တစ်မျိုးလုံး တစ်ဆွေလုံး ဒုက္ခရောက်အောင် …မျိုးစုံဖြင့် ဖိနှိပ် ညှဉ်းဆဲနေပါသည်။

ကိုလိုနီခေတ်က ဗိုလ်ချုပ်အောင်ဆန်း ဒလတွင် တစ်ညတာ သောင်…ခဲ့စဉ်က ဖြစ်ရပ်နှင့် ယနေ့ဗိုလ်ချုပ်၏ ရင်သွေး ဒေါ်အောင်ဆန်းစုကြည်…တွင် ကိုးရက်တာ အပိတ်အဆို့ခံခဲ့ရသော ဖြစ်ရပ်ကိုသာ ဗမာ့တပ်မတော်…သည်တော်ကောင်းများအနေဖြင့် ပြန်လည်စံထိုး ကြည့်ရှုသုံးသပ်ကြစေ…သည်။ တို့တတွေ ဘယ်ဘဝ ကျရောက်နေပြီလဲ။

စစ်ဝတ်စုံအရေခြုံ သူခိုး၊ ဓါးပြ ဗိုလ်ချုပ်တစ်စုမှလွဲ၍ ကျန်ဗမာ့…ကောင်းများအနေဖြင့် ကိုလိုနီခေတ် အင်္ဂလိပ် အရေးပိုင် သီဆိုသွား…သော တို့ဗမာသီချင်းကို ဆိုကြရအောင်ပါ။

ကမ္ဘာတခွင်မှာဖြင့် ဗမာအထင်အရှား
တို့ခေတ်တွင်မှ ညှိုကြတော့မှာလား
တို့ဗမာ-တို့ဗမာ မဟုတ်လေသလား
နောင်လာ နောင်သား
ကောင်းစားဖို့ရာ
တို့ကိုယ်ကျိုး လုံးလုံးမပါ
ရဲရဲ ဗမာပီပီ
ဗမာပြည် တို့ဗမာဖို့ပါ။

❖

## နိုင်ငံရေးပါတီများ ရှင်သန်မှ ဒီမိုကရေစီစနစ် ခိုင်မြဲမည်

ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာ တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံများတွင် နိုင်ငံရေး ပါတီများသည် ဝတ္တရား ကျေပွန်ကြရပါသည်။ ပါတီအနေဖြင့် ဝတ္တရားပျက်ကွက်ပါက ဒီမိုကရေစီသည်လည်း ယိုယွင်းသွား ပါလိမ့်မည်။ (If The Party Fails Then The Democracy Fails) ပါတီများ မကျဆုံးရေးသည် ဒီမိုကရေစီဘက်တော်သားများ၏ အဓိက ဦးတည်ချက်၊ ရည်မှန်းချက်ဖြစ်ပါသည်။ မိမိအတွက် ပါတီမကျဆုံးအောင် ထာဝစဉ် သတိကြီးစွာ ထားကြရပါမည်။

နိုင်ငံရေးပါတီများ အဆင့်အတန်းမြင့်မားပါမှ တိုင်းပြည်သည်လည်း အဆင့်အတန်းမြင့်မားလာပါသည်။ နိုင်ငံရေးပါတီများ၏ အဆင့်အတန်း မြင့်မားရေးတွင်လည်း ပါတီခေါင်းဆောင်များနှင့် ပါတီဝင်များ၏ အရည် အသွေးပေါ် မူတည်နေ ပြန်ပါသည်။ ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးသည် ဒုတိယလွတ်လပ်ရေးတိုက်ပွဲ (ဝါ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲ အဆင့်သို့ပြန်ရောက်ရှိနေပါသည်။ မြန်မာပြည်သားများအနေဖြင့် ပထမ လွတ်လပ်ရေးကို ဗြိတိသျှကိုလိုနီများလက်မှ တိုက်ယူခဲ့ကြရပါသည်။ ပထမ လွတ်လပ်ရေးတိုက်ပွဲကာလတွင် ယခုအချိန်အခါကဲ့သို့ နိုင်ငံရေးလမ်းစ ပျောက်လုလုဖြစ်ခဲ့ဖူးပါသည်။

၁၉၃၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်နေ့တွင် နဂါးနီစာအုပ်အသင်း ကြီးမှထုတ်သည့် ဒီးဒုတ်ဂျာနယ်အယ်ဒီတာ ဦးဘခိုင်၏ "မြန်မာပြည်နိုင်ငံရေး

...ခင်" စာအုပ်မှ ယခုအချိန်အခါကာလနှင့် နှိုင်းယှဉ်ကာ သင်ခန်းစာယူ ...သည့် သုံးသပ်ချက်တစ်ချို့ကို အောက်တွင် အရင်းအတိုင်း ဖော်ပြ ...မည်။

"မြန်မာပြည်၏ လက်ရှိနိုင်ငံရေး အခြေအနေကို ကြည့်မည်ဆိုလျှင် ...း (၁၅) နှစ်ကျော်က လုပ်ခဲ့သော နိုင်ငံရေးထက် များစွာအဆင့်အတန်း ...ာက်ကျလျက်ရှိသည်ကို တွေ့ရှိရပေလိမ့်မည်။ အမှန်ကို ထုတ်ဖော်ပြောဆို ...မည်ဆိုလျှင် ယခုစာရေးသည့်အချိန်တွင် နိုင်ငံရေး မရှိသလောက်ဖြစ်၍ ...ီတစ်ခုနှင့် တစ်ခုတိုက်ဖျက်ရန် လုပ်ငန်းနှင့် ကိုယ်ကျိုးရှာလုပ်ငန်းများ ...လျှင် ရှိ၍နေတော့၏။ ဤကဲ့သို့ နိုင်ငံရေးပျောက်ခါ လွတ်လပ်ရေး ...မ်းဝေး၍ နေရခြင်း၏အကြောင်းရင်းကို ရှာမည်ဆိုလျှင် အောက်ပါအချက် ...တွင် တည်၍နေသည်ကို တွေ့ရှိပေလိမ့်မည်။

၁။ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာ မသိနားမလည်သဖြင့် နှစ်နှစ်ခြိုက်ခြိုက်မလိုလားခြင်း။

၂။ ဇာတိသွေး ဇာတိမာန်တို့ ထက်သင့်သလောက်မထက်သန်ခြင်း။

၃။ အမျိုးကို ချစ်သင့်သလောက် မချစ်ကြခြင်း။

၄။ နိုင်ငံရေးလုပ်ငန်းတွင် ခေါင်းဆောင်များမရိုးဖြောင့်ခြင်း။

၅။ နောက်လိုက်များသည် ခေါင်းဆောင်များ မရိုးမဖြောင့်သည်ကို သိလျက် ဖွတ်မိတ်ခါ လာဘ်ကို မျှော်၍ ခေါင်းဆောင်များကို အားပေးခါ နိုင်ငံရေးကို လုပ်ဆောင်ကြသူများခြင်း။

၆။ အနစ်နာမခံလိုကြခြင်း။

၇။ မိမိတို့တာဝန်ကို မသိနားမလည်ကြခြင်း။

၈။ မြန်မာလူမျိုးများသည် ပေါင်းစပ်ဖွဲ့စည်း၍ လုပ်ရသော အလုပ်များကို မကျွမ်းကျင် နားမလည်ကြခြင်း။

၉။ ခေါင်းဆောင်ကောင်းများ နည်းပါးခြင်း။

၁၀။ ခေါင်းဆောင်ကောင်းများကို တာဝန်မဲ့ အကန့်အသတ်မရှိဘဲ ယုံကြည်ကြခြင်း။

၁၁။ နောက်လိုက်များတွင် အမှားအမှန်ကို ဆုံးဖြတ်နိုင်သော ကိုယ်ပိုင်

ဉာဏ်နည်းပါးကြသဖြင့် ခေါင်းဆောင်များကို ပုဂ္ဂလဓိဋ္ဌာန်နှင့် ယုံကြည်ခြင်း။

၁၂။ တစ်ခါက အနှစ်နာခံခဲ့ဖူးသော ခေါင်းဆောင်သည် နောင်မည်သို့ပင် တိုင်းပြည်၏ ပျက်စီးရာပျက်စီးကြောင်းကို လုပ်ဆောင်သော်လည်း ခွင့်လွှတ်လိုသော စိတ်ထားများရှိခြင်း။

၁၃။ အမှားအမှန်ကို ဂရုမစိုက်ဘဲ ပါတီစွဲစွဲ၍ထားခြင်း။

၁၄။ သည်းခံစိတ်မရှိဘဲ လုပ်ဆောင်ကြခြင်း။

၁၅။ အိမ်တွင်းရေးနှင့် တိုင်းပြည်ရေးကို ရောခြင်း။

၁၆။ သံဃာများ၏စကားကို အမှားအမှန်ဂရုမစိုက်ဘဲ တသွေမတိမ်း နာခံခြင်း။

၁၇။ အစိုးရက ပရိယာယ်အမျိုးမျိုးနှင့် ဖျက်သည်ကို မရှောင်နိုင်ကြခြင်း။

၁၈။ နိုင်ငံခြား ဗဟုသုတနည်းသဖြင့် ထမြောက် အောင်မြင်သော လမ်းများကို အတုမယူတတ်ခြင်း။

၁၉။ အင်္ဂလိပ်စာတတ်များကို မိမိတို့နှင့် ဝါဒမတူသည့်အခါ သံသယဖြစ်အောင် ပြောဆိုစွပ်စွဲတတ်ခြင်း။

၂၀။ တာဝန်မဲ့ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်ပြောဆိုခြင်း။

၂၁။ အနောက်နိုင်ငံ မှနေရှင်များက စီမံဖန်တီးကာ ပေးလိုက်သော ဘွဲ့ထူး ဂုဏ်ထူးရှိသူများကို အထင်ကြီးခါ တဟုတ်တည်း ခေါင်းဆောင်၏အခြေအနေကို သွတ်သွင်းတတ်ခြင်းများတွင် တည်၍နေသည်ကို တွေ့ရှိရပေလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း(၆၅)နှစ် ကာလက မြန်မာပြည်၏ နိုင်ငံရေးနှင့် ယခုကာလ မြန်မာပြည်၏နိုင်ငံရေးသည် ထူးမခြားနားများ ဖြစ်နေပါသလား၊ နိုင်မာတိုးတက်နေပါသလား ဆိုသည်များကို နိုင်ငံရေးသမားဘဝ ခံယူထားသူ မျိုးချစ်သူများအနေဖြင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ဆန်းစစ်ကာ 'ပျက်အစဥ် ပြင်ခဏ'မှုကို ယူကြရပါလိမ့်မည်။ မြန်မာပြည်တွင် စစ်ယန္တရား ဖောင်းဝတ်ကာ 'နိုင်ငံရေးသမားနိမ်နင်းရေးဝါဒ' ကိုစွဲကိုင်၍ နိုင်ငံတော်အာဏာကို ရိုက်စားနေကြသော စစ်ဗိုလ်ချုပ်ကြီးများ၏ ရန်ကလည်းမသေးလှပါ။

ဗိုလ်ချုပ်နေဝင်းကအစပြုပြီး ဗိုလ်ချုပ်သန်းရွှေအဆုံး စစ်အာဏာရှင်များသည် နိုင်ငံရေးသမားများအား သတ်သင့်သူကိုသတ်၊ ထောင်ချသင့်သူကို ထောင်ချ၊ ပြည်နှင်သင့်သူကို ပြည်နှင်၊ အမည်ပျက်၊ ဘဝပျက်အောင် လုပ်သင့်သူကိုလုပ်၊ အရေးအရာမရောက်သောရာထူးများပေးပြီး ချောင်ထိုးသင့်သူကို ချောင်ထိုးလာခဲ့သည်မှာလည်း ကြာပြီဖြစ်ပါသည်။ ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၄ ခုနှစ်၊ မတ်လ(၂၈) ရက်နေ့တွင် '၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေ'ကို ပြဋ္ဌာန်းကာ ၎င်း၏ခါးပိုက်ဆောင်မဆလပါတီနှင့် ယင်းပါတီ၏ ဦးဆောင်မှုကိုခံယူသော အဖွဲ့အစည်းများမှအပ ကျန်နိုင်ငံရေး အဖွဲ့အစည်းအားလုံးကို ဖျက်သိမ်းခဲ့ပါသည်။ (ယင်းဥပဒေ ထွက်ခါစက ရခိုင်နိုင်ငံရေးသမားကြီးတစ်ဦးက အမျိုးသားနိုင်ငံရေးကို ပက်ပက်စက်စက်ဝေဖန်ပါသည်။ ခလသနိုင်ငံရေး …သာ ယဉ်ယဉ်ကျေးကျေးပြောဆိုလိုပါသည်။ ခွေးလိုနောက်လိုက်ငယ်သားများကိုသာ မွေးသော ဗိုလ်ချုပ်နေဝင်း၏ အမျိုးသားရေးဝါဒဟုသာ ဖော်ပြထားရစေ။)

၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုအုံကြွမှုကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းသည် တစ်ပါတီအာဏာရှင်စနစ်မှ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်တမ်းပြန်ရပါသည်။ ဗိုလ်ချုပ်နေဝင်းက အစပျိုးခဲ့သော စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီအာဏာရှင်စနစ်ဆိုးကြောင့် ဗိုလ်ချုပ်သန်းရွှေ လက်အောက်ရောက်သည့်အချိန်တွင် တိုင်းသူပြည်သားများသည် ကမ္ဘာတွင် အခွဲဆုံးလူမျိုးစာရင်းဝင်ကာ ပြည်တွင်း မဖူလုံ၍ ထမင်းနပ်မှန်ပင် မစားကြရသည့်ဘဝသို့ရောက်သွားပါတော့သည်။ သို့ရာတွင် ကွယ်လွန်သွားသူ (နဝတ) စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်(တရုတ်ကြီး) အားရည်စူး၍ ၎င်း၏ဇနီးနှင့် သားသမီးများကပင်လျှင် ကေလာသပုံတော်ပွါးစေတီတော်အတွက် ငွေကျပ် ၁၅၃ သိန်းနှင့် ရဟန်းခံပွဲအတွက် ကျပ် ၃၆ သိန်း စသည်ဖြင့် အလှူအတန်းပေးနေသည့် ဓါတ်ပုံများကို သတင်းစာများတွင် တွေ့မြင်နေရပါသည်။ စစ်ဗိုလ်များ မည်ရွေ့ မည်မျှ ခိုးဝှက်ထားသည်ကို ဘုရားသိ၊ သံဃာတော်များအသိပင်ဖြစ်ပါသည်။ မည်သည့်နိုင်ငံရေးသမားတစ်ဦးတစ်ယောက်မျှ စစ်ဗိုလ်အာဏာပိုင်များလောက် မခိုးမဝှက်ကြပါ။

၁၉၉၀ ပြည့်နှစ်တွင် စစ်အာဏာရှင်များကပင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အများအပြား အရွေးခံကြရသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ချင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဇိုမီး အမျိုးသားကွန်ဂရက်အပါအဝင် တိုင်းရင်းသားလူမျိုးများအား ကိုယ်စားပြုသော နိုင်ငံရေးပါတီပေါင်း ၂၇ ပါတီဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမို ကရေစီအဖွဲ့ချုပ် (UNLD) ကို တဖက်သတ် မတရားဖျက်သိမ်းလိုက်ကြ ပြန်သည်။ နအဖစစ်ကောင်စီအနေဖြင့် တစ်ဖက်တွင် ဒီမိုကရေစီစနစ် ကျင့် သုံးရန် သန္နိဋ္ဌာန် ချထား ါပြီဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကိုပင် လိမ်ညာလျက်ရှိကာ တခြားတဘက်တွင် နိုင်ငံရေးပါတီများအား သေးသိမ် ပျောက်ကွယ်သွားအော ကြံစည်အားထုတ်လျက်ရှိနေပါသည်။

ပြည်တွင်းတွင် ရပ်တည်ခွင့်မရလျှင် ပြည်ပတွင် ဖွဲ့စည်းလှုပ်ရှားနေ ကြသော နိုင်ငံရေးပါ ်များအားလည်း အမြစ်ပြတ်စစ်ဆင်နေကြပါသည်။ ဗြိတိသျှကိုလိုနီခေတ်တွင်ပင် မြန်မာပြည်ရှိနိုင်ငံရေးပါတီများနှင့် နိုင်ငံရေး သမားများ၏ဘဝသည် မဆလ၊ နဝတ၊ နအဖ ခေတ်လောက်မဆိုးဝါးခဲ့ပါ။ အနှိမ်နင်းမခံခဲ့ကြရပါ။ နိုင်ငံရေးသမားများအားလုံးအား ဝါးလုံး သိမ်းကျုံး အမြစ်ပြတ် နှိမ်နင်းသည့်ဝါဒသည် မြန်မာပြည်သူပြည်သားများအား ကမ္ဘာ့ အလယ်တွင် အောက်တန်းအကျဆုံး ဘဝသို့ ကျရောက်စေပါသည်။ နိုင်ငံရေး သမားတွင်လည်း -

(၁) ကိုယ်ကျိုးအတ္တတစ်ခုတည်းကိုသာအလေးထားပြီး ပြည်သူ့ အကျိုး၊ တိုင်းပြည်အကျိုးကို ဂရုမပြုသော အတုအယောင်များ၊

(၂) ပြည်သူနှင့် တိုင်းပြည်ကျိုးကိုသာ ဦးထိပ်ထားပြီး ကိုယ်ကျိုး အတ္တကို မကြည့်သော နိုင်ငံရေးသမားအစစ်အမှန်များ နှင့်

(၃) ပြည်သူနှင့် တိုင်းကျိုးပြည်ကျိုးကို ဦးထိပ်ထားလျက် ကိုယ်ကျိုး အတ္တကို နောက်တန်းထားကာ ပရဟိတနှင့် အတ္တ ဟိတစိတ် ထားကိုမွေးသော နိုင်ငံရေးသမားကောင်းများ စသည်ဖြင့် ရှိပါ သည်။

အကောင်းများပြီး အဆိုးနည်းပါသည်။

စစ်ဝတ်စုံ အရေခြုံနိုင်ငံရေး ရိုက်စားများတွင် အားလုံးအဆိုးနီးပါး ဖြင့်ကာ ငွေကြေးချမ်းသာနေကြပါသည်။ ရိုးရိုးစစ်သားမှာ ဆင်းရဲနေကြသည်။ စစ်အာဏာရှင်များ၏ နိုင်ငံရေးသမားနှိမ်နင်းရေးဝါဒကို ဆန့်ကျင်သူများသည် သိက္ခာ၊ သမာဓိ၊ အကျင့်ပညာအရာတွင် ပြည့်စုံအောင် ကြိုးစား အားထုတ်ကြရပါမည်။ နိုင်ငံရေးသမားများ စွမ်းအားရှိမှသာ ဒီမိုကရေ စီစနစ်ရှင်သန်လာကာ တိုင်းပြည်သည်လည်း အဆင့်မြင့်လာနိုင်ပါသည်။ နိုင်ငံရေးပါတီများရှင်သန်ရေးနှင့် ဒီမိုကရေစီစနစ် အစမြိုးခိုင်မြဲလာစေရန် ကြိုးစားကြပါစို့။ ။

❖

## ဦးခင်မောင်ကြည်နှင့် တွေ့ဆုံမေးမြန်းခန်း

၁၉၈၈ ခုနှစ် အရေးတော်ပုံနောက်ပိုင်းတွင် နိုင်ငံတကာတွင် ရှိသော မြန်မာသံရုံးများမှ သံတမန်အချို့သည် ပြည်သူ့ဘက်မှ ရပ်တည်ခဲ့ကြသည်။ ၎င်းတို့အထဲတွင် ရခိုင်အမျိုးသားသံတမန် ဦးခင်မောင်ကြည်သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ခေတ်ပြိုင်ဂျာနယ်တွင် အဝေးရောက် သံတမန်တစ်ဦး ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသားလျက်ရှိပြီး သူရေးသားသော 'ပြည်သူ့တပ်မတော်သန့်ရှင်းရေးနှင့် အာဏာအလွဲသုံးစားသူများ၏ အတွင်းရေးအဖြစ်မှန်များ' စာအုပ်သည် ပြည်တွင်းပြည်ပတွင် အထူးလူကြိုက်များခဲ့သည်။ လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ အခြေချနေထိုင်လျက် မြန်မာ့ဒီမိုကရေစီအရေးအတွက် စွမ်းစွမ်းတမံကြိုးပမ်းနေသူဖြစ်သည်။

**ရခိုင်သတင်းစဉ်။** ။ မြန်မာစစ်အစိုးရက လက်ရှိကျင်းပနေတဲ့ ညီလာခံအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။

**အဝေးရောက်သံတမန်တစ်ဦး။** ။ နိုင်ငံအာဏာကို လက်နက်အားကိုးနဲ့ သိမ်းယူထားတဲ့ နအဖစစ်အစိုးရဟာ နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ် ချမှတ်ချက်ကို ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ အမျိုးသားညီလာခံကို ကျင်းပဆဲဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးကလည်း ၁၉၈၈ ခုနှစ်ကတည်းက ဒီမိုကရေစီနိုင်ငံတော်ဖြစ်ဖို့ အသက်ပေါင်းမြောက်မြားစွာကို စတေးပြီး တောင်းဆိုလာခဲ့ကြတာပါ။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီများအပေါ် အခြေခံရပါတယ်။ စစ်အစိုးရကိုယ်တိုင်က နိုင်ငံရေး

...တွေကို တည်ထောင်ခွင့်ပြုပြီး ၁၉၉၀ ပြည့်နှစ်ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပါတယ်။ အနိုင်ရရှိခဲ့ကြတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီတွေ မပါဝင်ဘဲ နအဖ စစ်အစိုးရဟာ ...အယောင် အမျိုးသားညီလာခံကို ကျင်းပပြုလုပ်နေလို့ မြန်မာနိုင်ငံရဲ့ ကံကြမ္မာဟာ အဆိုးဖက်ကို ပိုရောက်သွားပါတယ်။

...ိုင်သတင်းစဉ်။ ။ သံတမန်ဟောင်းတစ်ဦးအနေနဲ့ ဘယ်လို အဆိုး ...ကို ကြုံတွေ့လာနိုင်တယ်ဆိုတာကို ပြောပြပေးနိုင်ပါသလား။

အဝေးရောက်သံတမန်တစ်ဦး။ ။လုပ်ငန်းတိုင်းမှာ ကောင်းလာမယ့် အလားအလာနဲ့ ဆိုးဝါးလာမယ့် အလားအလာဆိုတာရှိစမြဲပါ။ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ နိုင်ငံကို အုပ်ချုပ်နေတဲ့ နအဖမှာ ဖွဲ့စည်းပုံဥပဒေတစ်ခု ...ာပါတယ်။ နိုင်ငံတော်မှာ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ ဥပဒေဟာ စစ်အာဏာရှင်စနစ်ကို အပေါ်ယံ သကြားရည်ဆမ်းသလို ပြုလုပ်နေခြင်း ...ဖြစ်လို့ အချိုအရသာကို ခဏတဒင်္ဂသာ ခံစားနိုင်ပါလိမ့်မယ်။ ရေရှည်မှာ စစ်အာဏာရှင်တွေရဲ့ အဖေကြီး ဦးနေဝင်း လုပ်ခဲ့တဲ့ ဆိုရှယ်လစ် အတု အယောင်မျိုးသာဖြစ်လို့ ကြာရှည် မတည်တံ့နိုင်ပါဘူး။ သံတမန်လောက အတွေ့အကြုံအရ ပြောရရင် ပြည်တွင်းရေးမူဝါဒအပေါ် မူတည်ပြီး ပြည်ပ ဆက်ဆံရေးဟာ ကောင်းလာနိုင်ပါတယ်။ Foreign policy is a projection of domestic policy ဆိုတာပါပဲ။ နအဖ စစ်အစိုးရပြုလုပ်နေတဲ့ အမျိုးသားညီလာခံကို ဖွံ့ဖြိုးပြီးဒီမိုကရေစီနိုင်ငံတွေက ပြစ်တင်ဝေဖန်နေကြ ပါတယ်။ လက်ရှိစစ်အစိုးရအပေါ် ပြစ်ဒဏ်ခတ်ထားချက်တွေ ဒီထက်ပိုပြင်း ထန်လာရင် စစ်အာဏာရှင်တွေအတွက်ရော ပြည်သူတွေအတွက်ပါ ဆိုးကျိုး များသာ ခံကြရမှာဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံ အစိုးရအနေနဲ့ အရှေ့တောင်အာရှအသင်း(အာဆီယံ) မှာ အလှည့်ကျ ဥက္ကဋ္ဌ ...ယူတဲ့အခါ ဥရောပသမဂ္ဂ (အီးယူ)၊ အမေရိကန်ပြည်ထောင်စုတို့နဲ့ ...ခြမ်းမသင့်ပါက 'နိုင်ငံစုံညီဝါဒ' ကို ထိခိုက်လာနိုင်ပါတယ်။ အာဆီယံ နိုင်ငံအချင်းချင်း ညှိနှိုင်းသတ်မှတ်ရမယ့် အခွန်အကောက်ဥပဒေများဟာ စက်မှုလက်မှုကဏ္ဍမှာ တိုးတက်မှုမရှိသေးတဲ့ မြန်မာနိုင်ငံအနေနဲ့ သူတပါး ...ဝေခံဘဝက လွတ်မြောက်နိုင်မှာမဟုတ်ပါဘူး။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့

(WTO)မှာလည်း ကုန်သွယ်ရေးနှင့်ဆိုင်တဲ့ မူပိုင်ခွင့် သဘောတူညီချက်စာချုပ်ကို လက်မှတ်ထိုးပြီး ထဲထဲဝင်ဝင် ပါဝင်ရမယ့်နှစ်ပါ။ ပြင်ဆင်မှု ဘာမှ မရှိသေးတဲ့ နအဖအစိုးရရဲ့ဒဏ်ကို ပြည်သူတွေပိုခံရမယ့် အလားအလာ အများအပြားရှိနေပါတယ်။ ဒုက္ခပိုမရောက်စေလိုပါ။

**ရခိုင်သတင်းစဉ်။** ။ ဒါဆိုရင် အမျိုးသားညီလာခံကပေါ်ပေါက်လာမယ့် အခြေခံဥပဒေအရဖြစ်ပေါ်လာမယ့် ဒီမိုကရေစီနိုင်ငံသစ်ကို ကမ္ဘာ့နိုင်ငံကြီးတွေက လက်မခံတဲ့သဘောပေါ့။

**အဝေးရောက်သံတမန်တစ်ဦး။** ။ ဟုတ်ပါတယ်၊ ဒီမိုကရေစီဆိုတာ ပါတီနိုင်ငံရေးဖြစ်ပါတယ်။ နိုင်ငံရေးပါတီများနဲ့ ပြည်သူ့ကိုယ်စားလှယ်များအပေါ် အခြေခံပြီး အစိုးရအဖွဲ့ ပေါ်ပေါက်သင့်ပါတယ်။ ဒါမှတိုင်းပြည်ကောင်းလာမှာပါ။

**ရခိုင်သတင်းစဉ်။** ။ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားလူမျိုးတွေ တိုက်ပွဲဝင်နေတဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်၊ တန်းတူခွင့်များမှာ ဘာကို ဦးစားပေးသင့်ပါသလဲ။

**အဝေးရောက်သံတမန်တဦး။** ။ ဒီမိုကရေစီအရေး၊ လွတ်လပ်ရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် တိုင်းရင်းသားများရဲ့ ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ဖန်တီးပိုင်ခွင့်ဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းပြုလုပ်ရမယ့် ကိစ္စတစ်ခုသာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဗြိတိန်နိုင်ငံမှာ အခြေချနေထိုင်သူ ဖြစ်ပါတယ်။ လူမျိုးခွဲခြားမှု၊ ဘာသာခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု လုံးဝ မရှိသူဖြစ်ပါတယ်။ ဒီခေတ် လူငယ်တွေဟာ လူသားအချင်းချင်း ဆက်ဆံကြရာမှာ ဘာခွဲခြားမှုမှ မရှိတော့ပါဘူး။ ဒါပေမယ့် သက်ဆိုင်ရာအစိုးရတွေဟာ ကိုယ့်နိုင်ငံထဲကို လူမျိုးခြားများ တရားမဲ့ ဝင်ရောက်နေကြတာကို ပြင်းပြင်းထန်ထန်ပိတ်ဆို့နေကြတာ တွေ့ရပါတယ်။ လူဝင်လူထွက်ဥပဒေများ တိကျပါတယ်။ မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ လူမျိုးပေါင်းစုံထဲမှာ လူမျိုးခြား ဘင်္ဂါလီလူမျိုးများဟာ အဆမတန်များပြားလာပါတယ်။ ရခိုင်က ၆၄ ရာခိုင်နှုန်းနှင့် ဘင်္ဂါလီက ၃၅% ရာခိုင်နှုန်းလောက် ဖြစ်နေပါတယ်။ မကြာမီ ၅၀/၅၀ ရာခိုင်နှုန်းဖြစ်လာပြီး မလိုအပ်ဘဲ ပါလက်စတိုင်းနဲ့ ဂျူးတွေလို

မျိုးအချင်းချင်း မြေလု ရေလုရတဲ့ ပဋိပက္ခဟာ ဖြစ်လာနိုင်ပါတယ်။ နိုင်မှာ တစ်စတုရန်းမိုင်မှာ လူ ၂၁၄ ဦးသာ နေထိုင်လျက်ရှိပြီး ဘင်္ဂလား ဒေ့ရှ် နိုင်ငံမှာ ၂၄၀၀ ကျော်ရှိနေပါတယ်။ ဘင်္ဂါလီတွေ နောက်ထပ်နည်းမျိုး နဲ့ တစိမ့်စိမ့် ဝင်ရောက်မလာမီ ရခိုင်များအနေနဲ့ ကိုယ့်ကြမ္မာကိုယ် ဆုံးဖြတ် နဲ့တီးပိုင်ခွင့် မရနိုင်ပါက ရခိုင်သာမက ဗမာအပါအဝင် အားလုံး အမျိုး ပျောက်မယ့် အလားအလာပင် ဖြစ်ပါတယ်။ လူမျိုးခံရမယ့်သဘောပါ။

**ရခိုင်သတင်းစဉ်။** ။ နအဖ ဗိုလ်ချုပ်တွေအကြား အမျိုးသားညီလာခံ လုပ်နေတဲ့အပေါ် သဘောထားကွဲလွဲ နိုင်ပါသလား။

**အဝေးရောက်သံတမန်တစ်ဦး။** ။ လက်ရှိနအဖ စစ်ကောင်စီဝင် ဗိုလ်ချုပ်တွေရဲ့လှုပ်ရှားမှုကို သုံးသပ်ကြည့်ရင် ဦးနောက်သုံးပြီး လှုပ်ရှားနေတဲ့ ကြီးချုပ်ခင်ညွန့်ရဲ့ စစ်ထောက်လှမ်းရေးအဖွဲ့ဟာ ရှေ့တန်းကလှုပ်ရှားနေပြီး နောက်တန်းက အာဏာကို ဗိုခွဲကိုင်ထားကြတဲ့ တိုက်ခိုက်ရေးသမားတွေက ဘုံးကိုင်နေတဲ့သဘော ဖြစ်နေပါတယ်။ သဘောကတော့ ဗိုလ်ချုပ်ခင်ညွန့်က အပျော့ဆွဲမယ်။ ဗိုလ်ချုပ်သန်းရွှေနဲ့ ဗိုလ်ချုပ်မောင်အေးတို့က အကြမ်းဖက် ယ်ဆိုတဲ့သဘောပါ။ အပျော့၊ အကြမ်း၊ အချော့၊ အခြောက်နည်းမျိုးစုံနဲ့ န်အာဏာရှင်စနစ်ကို ဆွဲဆန့်နေခြင်းသာဖြစ်ပါတယ်။ စစ်တပ်ကို ခုတုံး လုပ်ပြီး သန်းကြွယ်၊ ကုဋေကြွယ်သူဌေးဖြစ်နေကြတဲ့ စစ်ဗိုလ်ချုပ်ကြီးများ ဟာ အမျိုးသားညီလာခံမှာရော နအဖ စစ်ကောင်စီမှာရော၊ နအဖ ဝန်ကြီး အဖွဲ့မှာရော ဆိုးဆိုးဝါးဝါး သဘောကွဲလွဲကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောဆိုခဲ့သလို အရိုးကနည်းပြီး ခွေးက များလာရင်တော့ ကွဲလွဲမှုများပေါ်ပေါက်လာမှာပါ။ ယခုလပိုင်းအတွင်းမှာပင် -တိုင်းမှူး၊ ဗိုလ်ချုပ်နဲ့ ဗိုလ်မှူးချုပ်ရာထူးများပင်၊ အရပ်ဘက်မှာ ညွှန်ကြား ရေးမှူးရာထူး အဆင့်အတန်းသာရှိတဲ့ သံအမတ်ရာထူးတွေကို အဆင့်လျှော့ ယူကြရတဲ့ဘ၀ ရောက်လာကြပါပြီ။ ဗမာ့သံတမန်လောကမှာ ဗိုလ်ကြီးများ င် သံအမတ်ရာထူး ရဖူးပါတယ်။ ဗိုလ်ချုပ်မောင်ညိုတို့လို ဗိုလ်ချုပ်ရာထူး နှင့် သံအမတ်လောကကို စာမျက်နှာသစ် ဖွင့်လိုက်ခြင်းဟာ အရိုးကနည်း လာတဲ့ သဘောပါ။"

**ရခိုင်သတင်းစဉ်။** ။ စစ်အစိုးရရဲ့ညီလာခံကြောင့် ပြည်ပမှာအခြေချပြီး ဒီမိုကရေစီအရေးလှုပ်ရှားနေတဲ့ သူတချို့ဟာ ဘက်ပြောင်းတဲ့ လေသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဝေးရောက်သံတမန်တဦးကကော…

**အဝေးရောက်သံတမန်တစ်ဦး။** ။ ဒီမိုကရေစီအရေး၊ ဒုတိယလွတ်လပ်ရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် တိုင်းရင်းသားများရဲ့ ကိုယ့်ကံကြမ္မာ ကိုယ် ဆုံးဖြတ်ပိုင်ခွင့်အရေးတွေဟာ နအဖရဲ့အတုအယောင် အမျိုးသား ညီလာခံကြောင့် ပို၍ အလှမ်းကွာဝေးသွားပါတယ်။ နအဖဟာ ပြည်သူ အပေါင်း၊ နိုင်ငံရေးသမားငေ နဲ့ မျိုးချစ်ပြည်သူတွေကို စိန်ခေါ်နေပါတယ်။ စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မယ့် ပြည်သူများနှင့် ကျွန်တော်ဟာ တသား တည်း ရှိနေပါတယ်။ အမ ရားဘက်က ရှိနေပါတယ်။ အလင်းဘက်က ရှိနေပါတယ်။ အမှောင်‌ ..ကိုတော့ ဘယ်တော့မှ မပြန်ပါဘူး။

❒

# အားလုံးကောင်းကြရဲ့လား

စာရေးဆရာကြီး လူထုဦးလှရေးသားသော 'အားလုံးကောင်းကြရဲ့လား' ဝတ္ထုစာအုပ်တစ်အုပ် စာရေးသူ၏ စာအုပ်ပုံထဲတွင် ရှိနေပါသည်။ ဝတ္ထုရှည်များကို မဖတ်မိခဲ့သည်မှာ အချိန်အတော်ကြာနေပြီဖြစ်သော်လည်း စာရေးသူတို့၏ငယ်စဉ်ဘဝကပင် တလေးတစား အရေးထား ဖတ်ရှုသော စာရေးဆရာကြီး လူထုဦးလှ၏ဝတ္ထုဖြစ်၍ ပြန်ဖတ်ဖြစ်ခဲ့ပါသည်။ ဒီမိုကရေစီမာန်စာပေဒေသာဆုရ 'ထောင်နှင့်လူသား' အပါအဝင် 'လေနှင့်အတူ'၊ 'လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ'၊ 'ထောင်တွင်းမှ ဇနီး သားသမီးများသို့ပေးစာများ' စသည့်လူထုဦးလှ၏ လူငယ်များ အကျင့်စာရိတ္တ မြင့်မားကောင်းမွန်လာရေးအတွက် ဖွဲ့နွဲ့သီကုံးထားသော ပညာပေးစာပေများသည် စာရေးသူ၏ ရင်ထဲတွင် ယနေ့ထက်တိုင် ရှင်သန်လျက်ရှိနေပါသည်။

စာရေးသူတို့မြတ်နိုးသော လူထုဦးလှနှင့် ဇနီးမော်တင်အောင်တို့သည် ပါလီမန်ဒီမိုကရေစီခေတ်တွင် ဆင်းရဲသား နင်းပြားပြည်သူများ၏ ဘဝသရုပ်ကို ပြောင်ပြောင်မြောက်မြောက် သရုပ်ဖော်ရေးသားနိုင်လွန်းသောကြောင့် မကြာခဏ နိုင်ငံရေး ပုဒ်မ (၅) ဖြင့် ထောင်နှင့်လူသားများ ဖြစ်ခဲ့ကြရပါသည်။

သို့ရာတွင် ပါလီမန် ဒီမိုကရေစီခေတ်တွင် စာရေးဆရာများသည် ထောင်ထဲတွင် စာရေးနိုင်ကြပါသည်။ လူကိုသာ အချုပ်အနှောင် အကျဉ်းချထားခဲ့ကြသော်လည်း စာရေးဆရာများ၏ ဦးနှောက်နှင့်လက်များကို လွှပ်ရှားခွင့်ပေးထားခဲ့ပါသည်။

လူထုဦးလှ၏ 'ထောင်နှင့်လူသား'စာအုပ်ကိုပင် အစိုးရ၏ လက်အောက်ခံ စာပေဗိမာန်အဖွဲ့ကြီးက စာပဒေသာ ဆုချီးမြှင့်ခဲ့ပါသည်။

လူထုဦးလှ၏စာအုပ်များကို ရုပ်ရှင်ကုမ္ပဏီများက ဝယ်ယူပြီး ရုပ်ရှင်ရိုက်ပြကြ၍ အုပ်ချုပ်သူ အစိုးရအဖွဲ့ဝင်များ အပါအဝင် ပြည်သူအပေါင်းတို့သည် လူထုဦးလှ၏ ဇာတ်ကောင် ဆင်းရဲသားနင်းပြားများ၏ ပညာမဲ့၍ ရာဇဝတ်မှုဖြစ်၊ ရာဇဝတ်မှုဖြစ်၍ သားစဉ်မြေးဆက် ဘဝပျက်ကြ၊ ပညာမဲ့ကြသည့် ဘဝသံသရာကို ကိုယ်ချင်းစာနာပြီး အကောင်းဘက်သို့ ပြုပြင်ပြောင်းလဲမှုများ အားသာလာခဲ့ပါသည်။

'ကျွန်တော်တို့အားလုံးပင် သားသမီးများကို ချစ်ကြသည်။ သားသမီးများ မလိမ္မာမည်၊ ပျက်စီးကြမည်ကို အလွန်စိုးရိမ်သည်' ဟု လူထုဦးလှ၏ ထုတ်ဖော်ရေးသားသည့် စေတနာနှင့်မေတ္တာကို လူသားတိုင်း လက်ခံကြသည်။

'ကျွန်တော်သည် မှုခင်းကြီးငယ် ဖြစ်ပွားသူများ၏ ရှေ့နေလည်း မဟုတ်၊ သူတို့ဝေဒနာများကိုကုစားနိုင်သည့် ဆရာကောင်းလည်း မဟုတ်ပါ။ သို့ရာတွင် တိုင်းပြည်တွင် အရေးကြီးသော ပြဿနာတစ်ရပ် ဖြစ်နေသောကြောင့် အများနှင့်အတူ ပါဝင်ဖြေရှင်းလိုသူ တစ်ဦးကားဟုတ်ပါသည်'ဟု ဆိုးသွမ်းသူ လူငယ်များအား ထောင်ထဲတွင် မေးမြန်းပြီး ဇာတ်လမ်းဇာတ်ကွက်ဖော်ကာ လူထုဦးလှ၏ တင်ပြချက်မှာ သားသမီးရှိသူ မိဘတိုင်းအတွက် အဖိုးတန်လှသည်။ ပြည်သူလူထုကို များစွာ အကျိုးပြုသည်ဖြစ်၍ တိုင်းပြည်တွင် ကျေးဇူးများသည်ဟု စေတနာ သဒ္ဓါတရားနှင့် ရင်းရင်းနှီးနှီး မှတ်ချက်ချကာ ပြောဆိုကြသည်များကို ကြားသိတွေ့ထိသွားရသော လူထုဦးလှ အနေဖြင့်လည်း အလွန်ပင် ပီတိဖြစ်မိကြောင်းများကိုလည်း 'အားလုံးကောင်းကြရဲ့လား' ဝတ္ထု၏ မိတ်ဆက်စာတွင် ဖတ်ရှုရပါသည်။

လူထုဦးလှသည် ထွေးထဲသားထဲက ဆိုးသွမ်းသူ ဟံသာဝတီ ခရိုင် သုံးခွမြို့နယ်အပိုင်၊ ကိုင်းကုန်းကျေးရွာသား မောင်ချစ်သဲ၏ ထောင်အတွေ့အကြုံပြောပြချက်များကို 'အားလုံးကောင်းကြရဲ့လား' အမည်ဖြင့် ဝတ္ထုတစ်ပုဒ် ရေးသားခဲ့ပါသည်။

ကိုလိုနီခေတ်တွင်မောင်ချစ်သဲသည် ရန်ကုန်ထောင်ကြီးနှင့် အင်းစိန်ထောင်ကြီးများတွင် ထောင်ကျခဲ့ဖူးပါသည်။

မောင်ချစ်သဲက ရန်ကုန်ထောင်ကြီးတွင် 'အားလုံးကောင်းကြရဲ့လား' ဟု မေးသည်ကို ဟိုထောင့်သည်ထောင့်က 'အားလုံးကောင်းပါသည်' ဟု အော်ဖြေကြခြင်းကို ပထမဦးဆုံး ကြားဖူးသည်ဟု ဆိုပါသည်။

အင်းစိန်ထောင်သို့ ရောက်ပြန်တော့လည်း ညတိုင်းတွင် 'အားလုံးကောင်းကြရဲ့လား' ဟု မေးသံကြားနေရပြန်ပါသည်။ ဟိုနေရာသည်နေရာများကလည်း 'အားလုံးကောင်းပါသည်' ဟု လှမ်းအော် ဖြေကြားကြပါသည်။ ဤအမေးကို ကြားရတိုင်းအကျဉ်းသားတွေကို 'မင်းတို့ ကောင်းကြရဲ့လား' ဟု မေးသည်ဟု ထင်မိပါသည်။ ထို့ကြောင့် ဤအသံကြားလျှင် ကျွန်တော် လန့်လန့်သွားပါသည်။ (အားလုံးကောင်းကြရဲ့လား စာမျက်နှာ-၆၃

ကိုလိုနီခေတ်က ရန်ကုန်ထောင်ကြီးနှင့် အင်းစိန်ထောင်တွင် သောကြာနေ့တိုင်း ဝက်သားကျွေးပြီး အမဲသားကို တစ်လနှစ်ကြိမ် ကျွေးသည်ဟု မောင်ချစ်သဲ၏ ပြောပြချက်တွင်ပါရှိပါသည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ထောင်ထဲတွင် အစားအစာနှင့် ဆေးဝါးများမရှားပါး၍ ထောင်ထဲတွင် ထွက်သည့်မသာ မရှိသလောက်ရှားပါးကြောင်း ကြားဖူးနားဝ ရှိခဲ့ပါသည်။ ဘုဦးလှနှင့် ဇန်းမော်တင်အောင်တို့၏ ထောင်အတွေ့အကြုံ ရေးသားဖော်ပြချက်များတွင်လည်း ရှားပါးမှုနှင့် လူ့အခွင့်အရေးဆုံးရှုံးနစ်နာမှုများကို တွေ့ရှိရသလောက်ပင်ဖြစ်ပါသည်။

ကိုလိုနီခေတ်နှင့် ပါလီမန်ဒီမိုကရေစီခေတ်များရှိ ထောင်ကျ အကျဉ်းသားများ၏ နေ့စဉ်ဘဝသည် ယနေ့ နအဖ စစ်ကောင်စီဝင်ဗိုလ်ချုပ်များ စိုးမိုးချယ်လှယ်မှုများကို ခံနေကြရသော ပြည်သူအပေါင်း၏ဘဝထက် သာလွန်ပါသည်။ ယခင်ခေတ်များက ထောင်ကျအကျဉ်းသားများသည် အစားအစာ၊ ဆေးဝါးပစ္စည်းအတွက် အပူအပင်မရှိကြဘဲ စာရိတ္တမဏ္ဍိုင် ခိုင်မာလာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုရရှိရေးကို ထောင်အာဏာပိုင်များက သင်ကြားပေးခဲ့သည်။

ယခုခေတ် နအဖ စစ်ကောင်စီခေတ်တွင် ပြည်သူပြည်သားအများစုသည် အစားအစာ၊ ဆေးဝါးပစ္စည်းအတွက် အလွန်အမင်း ပူပင်သောက ရောက်

လျက်ရှိကြပြီး စာရိတ္တမဏ္ဍိုင်သည်လည်း ခေါင်မိုးမလုံ၍ ရွံ့စေးခဲကဲ့သို့ မိုးရေထဲတွင် တစတစအရည်ပျော်နေပါသည်။

မြန်မာပြည်သူလူထုတစ်ရပ်လုံး၊ စားဝတ်နေရေးနှင့် လူမှုရေးဘဝ အထွေထွေသည် အမှားရှုံးလာခဲ့သည်မှာ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် နေ့ကပင်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် လူမျိုးတရပ်လုံးကို ကာကွယ် စောင့် ရှောက်ရမည့် တာဝန်ကို ယူထားရသော ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် အစိမ်းရောင်အုတ်ခဲများနှင့် 'ပြည်မြန်မာအကျဉ်းထောင်ကြီး' ကို တည်ဆောက်ခဲ့ပါသည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းဘဝမှ သူကိုယ်သူ ထောင်မှူးကြီး ဦးနေဝင်းဘဝကို ခံယူခဲ့ပါသည်။

နိုင်ငံတော်ကို ဦးဆောင်ရမည့်နိုင်ငံရေးပါတီ၊ အသင်းအဖွဲ့နှင့် သမဂ္ဂများအားလုံးကို ဖျက်သိမ်းပစ်လိုက်သည်။ စီးပွါးရေး၊ ပညာရေး လူမှုရေးနှင့် ဘာသာရေးကဏ္ဍမှ ပုဂ္ဂလိကပိုင်နှင့် အသင်းအဖွဲ့ပိုင်လုပ်ငန်းနှင့် ပစ္စည်းပစ္စယအားလုံးကို ဆိုရှယ်လစ်မှုအရ ပြည်သူပိုင်သိမ်းသည်ဟု ကြွေး ကာ စစ်ဗိုလ်ဆိုးများအားလုံး ဝါးစေ ဝေစားကြပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးမှ အတည်ပြု ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်များကို ဖျက်ကွယ်ပြုခဲ့သည်။ လွတ်လပ်စွာ ရေးသားပြောဆိုခွင့်ကို တောင်းဆိုသူများအား အမှောင်တိုက်တွင် ပိတ်လှောင် ကာ လူထုကြီးတစ်ရပ်လုံးကို အကျဉ်းချထားလိုက်ပါသည်။

'အားလုံးကောင်းကြရဲ့လား' ဟု ရန်ကုန်ထောင်ကြီးနှင့် အင်းစိန် ထောင်ကြီးများမှာကဲ့သို့ အော်ဟစ်မေးမြန်းရသည်က ထောင်မှူးကြီး ဦးနေဝင်းဖြစ်ပါသည်။

'အားလုံးကောင်းပါသည်' ဟု ပဲ့နေရာ၊ ဒီနေရာများက အော်ဖြေ ကြရသည်ကတော့ ထောင်မှူးကလေး စစ်ဗိုလ်များ၊ ထောင်ဝါဒါများ၊ ဝါဒါ စီအိုင်ဒီများ၊ ဝါဒါအမ်အိုင်များ၊ အကျဉ်းသားထောင်ကျများထဲမှ အရိုး အရင်းစားကြရသော သံတော၊ ဘာယာနှင့် ခြောက်ထောင်ပိုင်များဖြစ်ပါသည်။ (မှတ်ချက်။ ။ သံတော၊ ဘာယာနှင့် ခြောက်ထောင်ပိုင်များသည် နှစ်ကြီး ထောင်ကျ လခစားများဖြစ်ပါသည်။ သူတို့သည် ဆေးလိပ်၊ အဝတ်အစားနှင့်

နေ့ တလလျှင် ငွေငါးကျပ်လစာရရှိကြပြီး အကျဉ်းသားအချင်းချင်းအပေါ် ညှဉ်းဆဲရသည့် တာဝန်ကို ယူထားကြရပါသည်။ ယခု နအဖ ခေတ် ဆိုပါမူ အရပ်သား၊ နအဖ အဖွဲ့ဝင်များ၊ သံဃာ့မဟာနာယက အဖွဲ့ဝင် သိန်းအရေခြုံများနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များကဲ့သို့ အကျဉ်းသားခြင်းအတူတူ မှုးပိုရှုနေသူများပင် ဖြစ်ပါသည်။)

ဤဆောင်းပါးတွင် 'အားလုံးကောင်းကြရဲ့လား' ဟု မေးမြန်းရသူ ဆောင်မှူးကြီးဦးနေဝင်း၏ ဆွေမျိုးသားချင်း ကိစ္စရပ်အချို့ကိုသာ သုံးသပ်ပြ မည်။ အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားနေသော ဦးနေဝင်း၏မြေး မောင် နေဝင်းတယောက်က 'ဗမာပြည်မှာလူတွေ ဆင်းရဲဒုက္ခရောက်နေကြ သည်လို့ ကောလာဟလ ပြောနေကြတယ်။ ဘာမှမဖြစ်ပါဘူး၊ အားလုံး ကောင်းပါသည်' ဟု ပြောဆိုနေကြပါသည်။ လန်ဒန်မြို့၊ မြန်မာသံရုံးမှ မှူးကြီး ဗိုလ်မှူးထွန်းထွန်းကလည်း လူငယ်များတွေ့တိုင်း 'အင်္ဂလန်မှာ လုပ်နေကြတာလဲ။ ဗမာပြည်ပြန်ကြ၊ ဗမာပြည်မှာ သိပ်ကောင်းနေပါ သည်'ဟု ပြောဆိုနေကြကြောင်းကြားသိရပါသည်။ (ဗိုလ်မှူးထွန်းထွန်းသည် နအဖ ဝန်ကြီးဦးခင်မောင်သိန်း၏ သမက်ဖြစ်ပြီး ဗိုလ်ချုပ်ခင်ညွန့်၏ ကိုယ်ရေး အရာရှိဟောင်းဖြစ်ပါသည်။) သို့ရာတွင် တစ်နေ့ထက်တစ်နေ့ အင်္ဂလန်နိုင်ငံ ပညာသင်ရန်ဆိုပြီး ခေတ်ပျက်သူဌေးများ၏ သားသမီးများသည် ဗုဂ် ၊ စားပွဲထိုးလုပ်ရင်း ပညာရှာရန်ရောက်ရှိလာနေကြပါသည်။

ပြည်မြန်မာ အကျဉ်းထောင်ကြီးထဲမှ ပထမဆုံး ထွက်ပြေးလွတ် မြောက်သူကတော့ ဦးနေဝင်း၏ ယောက်ဖတော် ဒေါက်တာ ဦးကျော်သန်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဦးနေဝင်း၏ချွေးမနှင့် ဦးနေဝင်း၏ သားငယ် ကိုဖြိုးဝေဝင်းတို့ ဖြစ်ပါသည်။

ဒေါက်တာဦးကျော်သန်းသည် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် တစ်ဦး တည်းသော ကျောက်ကပ်နှင့် ဆီးရောဂါ ပါရဂူကြီးဖြစ်ပါသည်။ မျက်နှာဖြူ မျိုးသမီးနှင့်အကြောင်းပါခဲ့သော်လည်း ဗုဒ္ဓတရားဒေသနာတော်များနှင့် လျော်ပြီး အဓိဋ္ဌာန်များပင် ဝင်လေ့ရှိပါသည်။ ဦးနေဝင်း ထောင်မှူးကြီး ဖြစ်ခင်ကာလတွင် ဗမာနိုင်ငံ၌ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြရပါသည်။ ဦးနေဝင်းက မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် အမျိုးသားရေးဝါဒကို ဦးတည်သော

အလိမ်အညာ ဆိုရှယ်လစ်ဝါဒကို ကျင့်သုံးသော အခါမှသာ ဒေါက်တာ ဦးကျော်သန်းတို့ မိသားစုသည် ပြည်မြန်မာအကျဉ်းထောင်ကြီးမှ အမေရိကန် ပြည်ထောင်စုသို့ အပြီးအပိုင်ထွက်ခွါသွားကြရပါသည်။ အဓိကအကြောင်း အရင်းများထဲတွင် ဒေါက်တာဦးကျော်သန်းနှင့် မျက်နှာဖြူအမျိုးသမီးမှ ပေါက်ဖွားလာသူ ကလေးငယ်များအား ဒဂုံအစိုးရအထက်တန်းကျောင်း (ယခင် မက်သဒစ်ကျောင်း)တွင် ကျောင်းထားရာ၌ ကပြား၊ ကသဒစ်.. စသည်ဖြင့် အသားအရောင်ခွဲခြားပြီး နှိမ့်ချဆက်ဆံခြင်းကို ခံကြရခြင်းသည် အဓိကအရင်းခံဖြစ်ပါသည်။ တခါတရံ ဗုဒ္ဓဘာသာရေးဒေသနာတွင် မွေ့လျော်ပြီး မျာကြမ်းနှင့် ကြမ်းပြင်ပေါ်တွင် အိပ်စက်သော ဒေါက်တာဦးကျော်သန်းအား ဗုဒ္ဓဘာသာရေးတော်ကို မယုံကြည်သော အမတော်ဒေါ်ခင်မေသန်းနှင့် ယောက်ဖ တော် ဦးနေဝင်းတို့က "ဒီကောင် ပေါက်တောက်တောက်ဖြစ်နေသည်" ဟု ကဲ့ရဲ့မှုများသည်လည်း မြန်မာပြည်တွင် မနေနိုင်တော့သည့် အကြောင်း အရင်းတစ်ခုတွင် ပါနိုင်ပါသည်။ (ယခု သေခါနီးအချိန်တွင် ဦးနေဝင်းသည် ဘုရားတရားကို စိတ်ဝင်စားနေသည်ဟု ကြားသိရပါသည်။ ပါလီမန် ဒီမို ကရေစီခေတ်တွင် နိုင်ငံ့ခေါင်းဆောင်ကြီးများက ကမ္ဘာအေးဘုရားတည်ရာ ဂရုထုတ်ပေးထားသော သာသနာပိုင်မြေကြီးများအနက်မှ ကမ္ဘာအေး ဘုရားကြီးအနောက်ဘက်ရှိ မြေကြီး ၄.၅ ဧကကို အဟိတ်မိစ္ဆာဒိဋ္ဌိ ဦးနေဝင်း သည် ၉ ကျင်းရိုက်နိုင်သော ဂေါက်ကွင်းလုပ်ရန် သိမ်းထားပါသည်။ ထို ဘုရားမြေကို ပြန်ပေးသင့်ပါသည်။)

ဒေါက်တာ ဦးကျော်သန်း၏ လက်ထောက်ဖြစ်သူ ဒေါက်တာ ဦးမြသောင်းသည်လည်း ကနေဒါနိုင်ငံသို့ ကျောက်ကပ်နှင့် ဆီးရောဂါ ဘွဲ့လွန်သင်တန်းတက်ရန်အတွက် ထွက်ခွာသွား၍ ပြည်မြန်မာထောင်ကြီး ထဲတွင် ကျောက်ကပ်နှင့် ဆီးရောဂါကျွမ်းကျင်သော ဆရာဝန်ကြီးများ မရှိတော့ဘဲ ရမ်းကုဆရာဝန်များသာ ကျန်ရစ်ခဲ့ပါတော့သည်။ ၁၉၆၇ ခုနှစ် ပတ်ဝန်းကျင်က ဖြစ်ပါသည်။ စာရေးသူသည်လည်း ဆီးအိမ်တွင် ကျောက် တည်သည့် ဝေဒနာရှိ၍ ဒေါက်တာရမ်းကုများအား သွားပြသကြည့်ရာတွင် "ခွဲစိတ်ကြည့်မယ်ဗျာ၊ ဘာမှ မတွေ့ရင် ပြန်ပိတ်ချုပ်ပေးမယ်" ဟုပြော

ဆေးရုံကြီးကို မသွားရဲတော့ဘဲ သံမနိုင် ကျောက်မနိုင်ဆေးပင်များကိုသာ ဘအား ကျိုချက်သောက်၍ ရောဂါ ပျောက်သွားခဲ့ပါသည်။

ဒေါက်တာဦးကျော်သန်း၏ဖခင်ကြီး ဒေါက်တာဦးဘသန်း နာမကျန်း ဖြစ်နေစဉ် အတွင်းတွင်လည်း တစ်ဦးတည်းသောသားတော် ဒေါက်တာ ဦးကျော်သန်းအနေဖြင့် လာရောက်ကြည့်ရှုခွင့် မရရှိခဲ့ပါ။ ဖခင်ကြီး ကွယ်လွန် သည့်အခါတွင်လည်း ဖခင်ရုပ်ကြွင်းအား သင်္ဂြိုဟ်လိုက်ပါ ပို့ဆောင်ခွင့်ပင် မရရှိခဲ့ပါ။ ဒေါက်တာဦးကျော်သန်းသည် ထိုင်းနိုင်ငံသို့ ဆိုက်ရောက်လာပြီး ဗမာနိုင်ငံသို့ ဝင်ခွင့်ဗီဇာ တောင်းခံသော်လည်း အငြိုးကြီးသော ထောင် င်ကြီး ဦးနေဝင်းက ပယ်ချခဲ့ပါသည်။

ဦးနေဝင်းသည် မျိုးရိုးနိမ့်သူဖြစ်ပြီး ဦးနေဝင်း၏ဖခင်ကို ကိုယ့်မြို့ ကိုယ့်ရွာမှာပင် သိရှိသူနည်းပါးပါသည်။ ဒေါ်ခင်မေသန်းမှာ အမျိုးဇာတ် ြင့်သူအနေဖြင့် ဦးနေဝင်းအား အဆင့်အတန်းနှင့် နေတတ်ထိုင်တတ်အောင် ံစံသွင်း မြှင့်တင်ပေးခဲ့ရပါသည်။ ပုံစံသွင်းမြှင့်တင်ပေးနေသည့် ကြားထဲ ာပင် တစ်ခါတစ်ရံတွင် မျက်နှာဖြူနိုင်ငံခြားသား ဧည့်သည်များရှေ့တွင်ပင် န်းကန်ပြားပျံ၊ ဖွန်းပျံ၊ ခက်ရင်းပျံ ဖြစ်သွားသည်အထိ စိတ်လွတ်ကိုယ်လွတ် ကိုင်ပေါက်တတ်သောအကျင့်သည်လည်း ဦးနေဝင်းတွင် ရှိနေပါသည်။

ဒေါ်ခင်မေသန်းက ဦးနေဝင်းအား ရာဇဂုဏ်ရှိန်နှင့် တခမ်းတနား သီးသီးသန့်သန့် နေထိုင်တတ်အောင် ပုံသွင်းပေးလေ့ရှိပါသည်။ ဥပမာ တစ်ခုအနေဖြင့် ဖော်ပြရပါလျှင် ဂေါက်ချန်ပီယံ ဦးမြအေးက စာရေးသူအား ဘန်ကောက်မြို့တွင် ပြောပြဖူးသည့် အချက်တချို့ပင်ဖြစ်ပါသည်။ ဦးနေဝင်း သည် ဂေါက်သီးဦးမြအေး၊ မောင်ပြုံးတို့နှင့်အတူ အပတ်တိုင်းလိုလို ဂေါက်သီးကစားလေ့ရှိခဲ့ကြောင်း၊ ဦးနေဝင်းအနေဖြင့် ဦးမြအေးတို့နှင့် ကစားရတာ အလွန်တရာပျော်ရွှင်ပြီး မိန်းမများနှင့် ပျော်မွေ့သည့်ကိစ္စများကို င် သူငယ်ချင်းအပေါင်းအသင်းများလို ရင်ဖွင့်ပြောကြားလေ့ရှိကြောင်း၊ ဟားဟားတဝါးဝါးနှင့် အတော့်ကို ဦးနေဝင်းနှင့် ဂေါက်သီးသမား ဦးမြအေးတို့ အဖွဲ့ကျနေမိကြောင်း၊ နောက်ပိုင်းကို ဦးနေဝင်းကို ဦးမြအေးတို့ အဖွဲ့နှင့် ဂေါက်သီးကစားခွင့်မပြုတော့ကြောင်း၊ အဆက်အသွယ်လုပ်လို့ တောင် မရတော့ကြောင်း၊ ဒီအဘိုးကြီး (ဦးနေဝင်းအား ဆိုလိုသည်) နှင့်

အဆက်ပြတ်သွားတာသိပ်နာသည်ဟု ဦးမြအေးပြောခဲ့သော စကားများပင် ဖြစ်ပါသည်။

ဦးနေဝင်း၏ ယုတ်ညံ့သော စိတ်ထားများ၏ဒဏ်ကို သူစိမ်းတစ်ရံစာ နှင့် အကျဉ်းခံပြည်သူအပေါင်းသာ ခံကြရသည်မဟုတ်ပါ။ ဇနီးသည် ဒေါ်ခင် မေသန်းကိုယ်တိုင်လည်း ခံသွားရရှာပါသည်။ ကျောက်ကပ်ရောဂါဖြစ်ပြီး သေလုမျောပါးဖြစ်နေသော ဒေါ်ခင်မေသန်းအား အင်္ဂလန်နိုင်ငံသို့ ဆေးဝါး ကုသခံရန် ဆွေမျိုးသားချင်းများ လုံးဝမပါရှိဘဲ လေယာဉ်ပျံပေါ်သို့ တင်မို လွှတ်လိုက်ခဲ့ပါသည်။ လန်ဒန်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် စစ်သံမှူး ဗိုလ်မှူးကြီးများ အပါအဝင် အစိုးရဝန်ထမ်းများအနေဖြင့် ဦးနေဝင်းက ဒေါ်ခင်မေသန်းအား စိတ်ကောက်နေသည့် အချိန်ကာလဖြစ်၍ မည်သူ တစ်ဦးတစ်ယောက်မှ ဆေးရုံသို့ သွားမကြည့်ရဲကြပါ။

ဒေါ်ခင်မေသန်း အနေဖြင့် သားသမီး အရင်းအခြာများဖြစ်ကြသော ဖြိုးဝေဝင်း၊ ခင်စန္ဒာဝင်းနှင့် ကြေးမုံဝင်းတို့အား မသေခင် အဘယ်မျှတွေ့ချင် စကားပြောချင်၊ မှာကြားချင်မည်နည်း ဆိုသည်ကို အကြင်နာတရားရှိသူ လူသားတိုင်း ကိုယ်ချင်းစာနာနိုင်ပါလိမ့်မည်။

လန်ဒန်မြို့ရှိ ဟမ္မားဆမစ်ဆေးရုံကြီးတွင် မိခင်တစ်ဦး၏ အခွင့်အရေး နှင့် လူမှုအခွင့်အရေးဆုံးရှုံးစွာဖြင့် သားသမီး ဆွေမျိုးမျက်ကွယ်တွင် တစ်ကိုယ်တော်ဇာတ်သိမ်းသွားရှာသော ဒေါ်ခင်မေသန်း၏ အဖြစ်က မြန်မာ ဒီမိုကရေစီလှုပ်ရှားမှုတွင် ဦးစီးဦးဆောင်ပြုလုပ်နေသော ဒေါ်အောင်ဆန်း စုကြည်၏ ခင်ပွန်းဖြစ်သူ ဒေါက်တာ မိုက်ကယ်အဲရစ်၏ ဘဝကူးချိန်ထက် ဆိုးဝါးခဲ့ပါသည်။ ဒေါက်တာမိုက်ကယ်အဲရစ်သည် ဇနီးသည်၏ မျက်ကွယ် တွင် အသက်ပျောက်သွားခဲ့သော်လည်း သားများနှင့် ညီအစ်ကိုသားချင်း ဆွေမျိုးများ ရှိနေခဲ့ပါသည်။

မြန်မာနိုင်ငံတော်ကြီးအား လူပေါင်းသန်းလေးဆယ်ကျော်ကို ဝိတ် လှောင်ထားသော အကျဉ်းထောင်ကြီးဟု ကမ္ဘာအရပ်ရပ်ရှိ အသိပညာရှင် အတတ်ပညာရှင်များနှင့် အဖွဲ့အစည်းများက ခေါ်ဝေါ်သမုတ်နေကြပါသည်။ ဖခင်ကြီးတစ်ယောက် နာမကျန်းဖြစ်နေသည်ကို သွားရောက်ကြည့်ရှုခွင့်မရ ရှိခဲ့သော ဦးနေဝင်း၏ယောက်ဖတော် ဒေါက်တာ ဦးကျော်သန်းအနေဖြင့်

ဆောင်ထက်ဆိုးသောနိုင်ငံကြီး၊ ကိုလိုနီခေတ်က ထောင်မှူးကြီးထက်ဆိုး သော အမျိုးသားထောင်မှူးကြီး ဦးနေဝင်းဟု အသည်းနှလုံးတွင် အစွန်း အထင်းများရှိနေမလား မပြောတတ်ပါ။

ဖခင်ဦးနေဝင်းနှင့်အတူ လေယာဉ်ပျံစီးလုံးငှါး၊ ဟိုတယ်တခုလုံးငှါးပြီး အချအရံ ၄၀ ကျော်ဖြင့် ဆွစ်ဇာလန်၊ ဂျာမနီနှင့် အင်္ဂလန်နိုင်ငံများသို့ ... သွားလာ လည်ပတ်နိုင်ခဲ့ကြသော ဒေါ်ခင်မေသန်း၏သားသမီးများက ... လူမမာနှင့်အတူ အင်္ဂလန်နိုင်ငံသို့ လိုက်ပါခွင့်မရရှိခဲ့ကြသည့် နာရေး ... လူမှုရေးကိစ္စအတွက် အသည်းနှလုံးပေါ်တွင် မည်သို့များ ကမ္ပည်း ... ရှာ တင်ထားကြလေမည်လည်း မပြောတတ်ပါ။

စာရေးဆရာကြီး လူထုဦးလှ၏ ဇာတ်လိုက် 'မောင်ချစ်သဲ' က 'အားလုံးကောင်းကြရဲ့လား' ဆိုသည့် ထောင်ထဲရောက်လျှင် ဤအသံကို ကြားရသည်မှာ ကျွန်တော် စိတ်မချမ်းသာဆုံး ဖြစ်ပါသည်။ ဤအသံသည် ကျွန်တော့်ကို ထိတ်လန့်ချောက်ချားစေပါသည်။ ဤသို့မအော်သော ထောင် ... ရှိလျှင် ထောင်ပြောင်း လျှောက်လိုပါသည်ဆိုသော စကားရပ်များကို ... ရေးသူ အခေါက်ခေါက်အခါခါ ဖတ်ကြည့်မိပါသည်။ ပြည်မြန်မာ ... ထောင်ကြီးထဲမှ လွတ်မြောက်လာပြီး အော်မဖြေရသည်မှာ ဆယ်နှစ်ခန့်ပင် ... ရှိနေပြီ ဖြစ်ပါသည်။

အဆိုးဝါးဆုံး စစ်အာဏာရှင်ခေတ်တွင် 'အားလုံးကောင်းပါသည်' ... ဟု ဟိုနေရာ၊ ဒီနေရာက အော်ဖြေနေကြသည့် အသံကိုကြားရတိုင်း စာရေး သူလည်း မောင်ချစ်သဲကဲ့သို့ပင် စိတ်မချမ်းသာရဆုံးဖြစ်ရပြီး ထိတ်လန့် ချောက်ချားမိပါသည်။

❖

# ဘဝအကျိုးပြုပညာ

ကမ္ဘာပေါ်တွင် ပညာကိုရောင်းစားပြီး သူကောင်းဖြစ်နေသော ဗြိတိန် နိုင်ငံ၏လက်ရှိ အာဏာရလေဘာပါတီ အစိုးရခေါင်းဆောင်များကပင်လျှင် ပညာရေးသည် ပထမ၊ ပညာရေးသည် ဒုတိယ၊ ပညာရေးသည် တတိယ၊ Education Education Education ဟု ကြွေးကြော်ကာ ပညာအရာတွင် တခြားလူမျိုးများနောက်သို့ ကျရောက်မသွားစေရန် အထူးစိုးရိမ်ချက်ချ ဆောင် ရွက်နေကြပါသည်။

ဗြိတိန်နိုင်ငံသို့ ပညာလာရောက် ဝယ်ယူသူများသည် နှစ်စဉ် သိန်း ဂဏန်းအထက်တွင် ရှိနေပါသည်။

"ပညာရွှေအိုး လူမခိုး၊ ပညာဟူသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး" ဆိုသည်ကို မြန်မာလူမျိုးများ အလွန်တရာပင် နားလည် သဘောပေါက် ကျင့်သုံးကြပါသည်။

လူ့ဘဝကို အကျိုးပြုမည့်ပညာ (Education as help to life) ကို လူသားတိုင်း တပ်မက် မက်မောကြပါသည်။

မြန်မာတမျိုးသားလုံးကို ပညာမဲ့သော လူမျိုးများဖြစ်အောင် ယနေ့ ထက်တိုင် အကွက်ချ ကြံစည်ဆောင်ရွက်နေသော စစ်အာဏာရှင်ကြီး ဦးနေဝင်း နှင့် သမီးများကပင်လျှင် ဘဝကို အကျိုးပြုမည့်ပညာကို တန်ဖိုး ထားကြ၍သာလျှင် မောင်အေးနေဝင်းအား လန်ဒန်တက္ကသိုလ်တွင် ဥပဒေ ပညာသင်ကြားရန် ပို့ထားသည်မှာ တတိယနှစ်ထဲသို့ပင် ရောက်ရှိနေခဲ့ပြီ

ခဲ့ပါသည်။ ယခုနှစ်တွင် တဖန် ဦးနေဝင်း၏ မြေးတစ်ဦးဖြစ်သူ မောင်ကျော် နေဝင်း သည်ပင်လျှင် အဆင်းရဲဆုံး မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများထံမှ လုယက်ရိုက်စားထားသော နိုင်ငံခြားငွေများဖြင့် ပညာဝယ်ရန် လန်ဒန် ဘွဲ့သိုလ်သို့ ရောက်လာမည်ဟု ကြားသိရပြန်ပါသည်။ ယခုနှစ် လန်ဒန် တက္ကသိုလ်၏ ကျောင်းလခအသီးသီးပင် စတာလင်ပေါင် တစ်သောင်းရှိနေ ပါသည်။

စာရေးသူအနေဖြင့် ဗြိတိသျှလူမျိုးများ၏ ကျင့်သုံးနေသော ပညာရေး စနစ်ကို ဦးကာချဲ့ပြီး ရေးသားတင်ပြရန် မရည်ရွယ်ပါ။ သို့ရာတွင်မြန်မာဘုရင် များလက်ထက်နှင့် မြန်မာပါလီမန်ဒီမိုကရေစီ အစိုးရခေါင်းဆောင်များ လက်ထက်တွင် အစိပ္ပါယ်ဖွင့်ဆိုခဲ့ကြသော ပညာဆိုသည်ကို အောက်ပါ အတိုင်း ဗလသုံးတန် ဘက်စုံဖွံ့ဖြိုးစေရန် ဗြိတိသျှလူမျိုးများပင် လေ့ကြိုး သုံးရိုးရိုးပင် ကျင့်သုံးနေကြပါသည်။

(၁) ကာယဗလ လက်ရုံးရည်ပညာ (Physical Education)

(၂) ဉာဏဗလ ဉာဏ်ရည်ပညာ (Intellectual Education)

(၃) စာရိတ္တဗလ နှလုံးရည်ပညာ (Moral Education)

ကာယဗလ၊ ဉာဏဗလနှင့် စာရိတ္တဗလဆိုသည့် ဗလ ၃ တန်သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုပြီး အပြန်အလှန် အကျိုးပြုလျက်ရှိသည်ကိုလည်း အများတကာ သဘောပေါက်ကြပြီးဖြစ်ပါသည်။

ကာယဗလနှင့်စာရိတ္တဗလ ပြည့်စုံပြီးမှသာလျှင် ဉာဏဗလ ဉာဏ် ရည်အလျောက် အဆင့်မြင့်ပညာကို ဆက်လက်သင်ယူနိုင်ပြီး ဘောဂဗလနှင့် ဓိတ္တဗလတို့လည်း ပွါးများလာခြင်းဖြင့် ပညာတန်ခိုးကြောင့် ဘဝကို အကျိုး ပြုလာပါမည်။

စာရေးသူတို့ ငယ်စဉ်က ပါလီမန်အစိုးရခေတ်တွင် အလယ်တန်း ကျောင်းနှင့် အထက်တန်းကျောင်းများတွင် ကာယပညာဆရာများ၊ အနုပညာ ဆိုင်ရာ ပန်းချီ၊ ပန်းပု၊ ဂီတဆရာများ ရှိခဲ့ပါသည်။ ကျောင်းချိန်ထဲတွင် ဘောလုံးကန်၊ ကာယဗလ လေ့ကျင့်၊ ပန်းချီဆွဲ စသည်ကို ကျောင်းသား များသည် တခြားဘိဋကသိပ္ပံဘာသာရပ်များ အချိန်ဇယားများအတိုင်း လေ့လာ သင်ကြားခွင့်ရှိခဲ့ပါသည်။

ဦးနေဝင်းအာဏာရလာသည့် တော်လှန်ရေးအစိုးရခေတ်တွင် ကာယပညာဆရာများနှင့် ပန်းချီဆရာများသည် ကြ ပျောက်၊ ငှက်ပျောက်ပျောက်သွားခဲ့ကြပါသည်။ ယနေ့ ဗြိတိန်နိုင်ငံအပါအဝင် တိုးတက်ဖွံ့ဖြိုးသောနိုင်ငံများတွင် ကျောင်းသားကျောင်းသူတိုင်းသည် ကာယပညာကို မသင်မနေရ ဘာသာရေး (ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်စလင် စသည့် ဘာသာအားလုံးကို ဆိုလိုပါသည်။) သင်ခန်းစာကို ရှစ်တန်းအထိ မသင်မနေရ စသည်များ ရှိနေပါသည်။

စာရိတ္တဗလ မြင့်မားရေးအတွက် ပြည်သူ့နီတိ သင်ခန်းစာများအဖြစ် ဘာသာရေး သင်ခန်းစာများကို စာရေးသူတို့ ငယ်စဉ်က သင်ကြားဖူးခဲ့ပါသည်။

ဦးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရခေတ်မှပင် စတင်ပြီး ကျောင်းသား၊ ကျောင်းသူအပေါင်းများအား ကာယဗလနှင့် စာရိတ္တဗလ ပျက်ပြားစေရန်အတွက် ကျောင်းသင်ခန်းစာ ဘာသာရပ်များမှ ကာယပညာ ဘာသာရပ်၊ ပြည်သူ့နီတိနှင့် ဘာသာရေးသင်ခန်းစာများကို ထုတ်ပယ်ခဲ့ခြင်း၏ရလဒ်များသည် ယနေ့နိုင်ငံတော်တွင် အဘက်ဘက်မှ အထူးသဖြင့် စာရိတ္တပျက်ပြားမှုများသည် ထမင်းစား ရေသောက်သည့် နေ့စဉ်ဆောင်ရွက်ရသည့် ဝတ္တရားတစ်ခုပမာ ဖြစ်နေပါသည်။

ပညာက အရေးမကြီး၊ ရာထူးနေရာကသာ အရေးကြီးသည် ရိုက်စား၍ရသော နေရာတစ်နေရာ ရရှိကာ ချမ်းသာကြွယ်ဝနေကြသော တစ်သက်လုံး အကျင့်ပျက်လာကြသည့် စစ်ဗိုလ်ဆိုးများ၏ ခြေရာကိုလိုက်ပြီး ဝန်ထမ်းများသာမက ဆရာ၊ဆရာမများ အကျင့်ပျက်ပြားနေခြင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက် အလွန့်အလွန် အကျည်းတန် အရုပ်ဆိုးရသည်။

နအဖဒေါက်တိုင်များ၏ မြက်ခင်းသစ်မဂ္ဂဇင်းမှာပင် မူလတန်းကျောင်းတစ်ကျောင်းရှိ ဆရာ၊ ဆရာမ ၁၄- ၅ ဦးက အတန်းတင်စာမေးပွဲအဖြေလွှာများ အမှတ်ပေး စစ်ဆေးနေစဉ်တွင် ကျောင်းသားမိဘများထံမှ ကြက်သားနှင့် အုန်းထမင်း၊ ဒန်ပေါက်ထမင်း၊ ဟိုတယ်မှ တရုတ်အစားအစာ

စသည်များကို မရှက်မကြောက် ခွဲတမ်းနှင့် အလှည့်ကျ ဆင့်ဆိုတောင်းစား စသည်ကို ဖတ်ရှု နေရပါသည်။ ကျောင်းအပ်လည်း ပိုက်ဆံပေးရ၊ ကျောင်းထွက်လက်မှတ် တောင်းလည်း ပိုက်ဆံပေးရ စသည်များကိုလည်း တွေ့ရှိရ၍ အကျင့်သိက္ခာကို အလွန်တန်ဖိုးထားသော ကျောင်းဆရာ လူတန်းစားများ ပျက်စီးသွားအောင် ဖျက်ဆီးပစ်နိုင်သော စစ်အာဏာရှင်ကြီးများအား ဆုတံဆိပ်ကြီးများပင် ချီးမြှင့်ရမလို ဖြစ်နေပြန်ပါသည်။

ယခုတလော မြန်မာနိုင်ငံက ရောက်ရှိလာသော စစ်ဗိုလ်ဟောင်း တစ်ဦးက ပြောပြသည်မှာ တက္ကသိုလ်က ဆရာတစ်ဦးက အိမ်မှာ ကျောင်းသား ၃-၄ ဆယ်ကို ယခု ရက်ပိုင်းအတွင်းမှာ စစ်ဆေးမဲ့ စာမေးပွဲအတွက် သင်ကြားပေးနေတာ တွေ့ခဲ့ရပါတယ်။ မင်းတို့ ဒါကို ကျက်၊ ဒါပဲ ဖြေ၊ အားသုံးပါမယ်၊ ကျက်လို့ မရရင်လည်း မေးခွန်းသာ ကူးရေးထားခဲ့ကြ၊ အဖြေစာရွက်ထဲမှာ ဘာပဲဖြစ်ဖြစ် တစ်ခုခုရေးထည့်လိုက်ကြ၊ အဖြေစာရွက်မှာ ဘာစာမှမတွေ့ရင် စစ်ထောက်လှမ်းရေးက ဆန့်ကျင်သူအဖြစ် သတ်မှတ်လိုက်ပြီး ဒုက္ခပေးလိမ့်မယ်၊ ဆရာတို့လည်း မင်းတို့ကို အအောင်ပေးလို့ မရတော့ဘူး၊ တို့လက်ထဲ အဖြေစာရွက်သာ ရောက်လာလို့ကတော့ အအောင်ပဲ။ ကျသူမရှိ စေရပါဘူး စိတ်မပူကြနဲ့။ ကဲ-ကဲ ဆရာ့ကို အပိုသင်ကြေး ငွေလေးသာ မ,စခဲ့ကြပါ။ ဆရာတို့လစာက မိသားစု တစ်နေ့တာစာ လောက်ဖို့၊ ဆီဖိုးတောင် မရှိတော့ဘူးဆိုတာ တပည့်တို့ သိကြပါတယ် မှတ်လား ဟူသော ဆရာများ ဓားတုံးတုံးနှင့် 'အေးဓားပြ' တိုက်နေပုံ အဖြစ်မှန် အပျက်မှန်များပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပညာရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်ညွန့်ကလည်း ကျောင်းဆရာများကို မျက်နှာသာပေးပြီး ကျူရှင်ဆရာများကို တွယ်လိုက်တာ ကျူရှင်ဆရာတွေအားလုံး ဘဝပျက်ကုန်ပါပြီ။ အစိုးရ ကျောင်းဆရာတွေကို ပွတ်အသင်းထဲ ဝင်နိုင်းပြီး ကိုယ့်ကျောင်းမှာ ကိုယ့်ကျောင်းသားတွေကို ပိုနဲ့ပိုသင်ပြီး ကျောင်းသားတွေဆီက ပိုက်ဆံယူကြ။ အပြင်မှာ ကျူရှင် ထက်မပြကြနဲ့။ စာမေးပွဲကိုလည်း တစ်ကျောင်းတစ်ဂါထာ၊ တရွာ တပုဒ်နှင့်၊ ဆရာတွေပဲ ကိုယ့်ကျောင်းသားကိုယ် ကြိုက်သလို စာမေးပွဲစစ်

ကြိုက်သလို အအောင်ပေးကြ။ တစ်ခုပဲသတိပေးချင်တယ်၊ ကျောင်းသားတွေကို နိုင်ငံရေးထဲ မပါဖို့ပဲ။ ကျောင်းသားတွေဆူရင် ဆရာတွေ တာဝန်မကင်းဘူးသာမှတ် ဟူ၍ ပညာရေးပေါ်လစီ ချထားကြောင်းကိုလည်း မိတ်ဆွေ ကျောင်းဆရာတစ်ဦးထံမှ ကြားသိရပြန်ပါသည်။

၁၉၉၈ ခုနှစ် ဧပြီလ ပထမပတ် အတွင်းကလည်း ဂျာမနီနိုင်ငံတွင် နေထိုင်သည့် မိတ်ဆွေတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့သည် စာရေးသူအိမ်သို့ လာရောက် လည်ပတ်သွားခဲ့ကြပါသည်။ အမျိုးသမီးငယ်သည် စာရေးသူ၏ တတိယသမီးငယ် အရွယ်ထက်ပင် အသက်ငယ်ရွယ်သေးကာ အလွန်ဖျတ်လတ်ပြီး အင်္ဂလိပ်စကားလည်း သွက်သွက်လက်လက် ပြောဆိုတတ်သူတစ်ဦး ဖြစ်ပါသည်။ အမျိုးသမီးငယ်အနေဖြင့် ထူးဆန်းသည့်ကိစ္စတစ်ခုကို အလွန်ပြောချင်ဆိုချင်နေပြီး သူမအနေဖြင့် ဗမာပြည်က ဘီအေ (BA) ဘွဲ့ကို အောင်ပါတယ်။ ဘယ်လို အောင်တယ်ဆိုတာကို မေးပါဦး ဦးရယ်ဟုပြောပြီး မမေးရသေးမီမှာပင် အပြေထွက်လာခဲ့ပါသည်။ သူမအနေဖြင့် ရှစ်လေးလုံး အရေးတော်ပုံအပြီးတွင် တက္ကသိုလ်ပထမနှစ် ပညာတစ်ပိုင်းတစ်စနှင့် နိုင်ငံခြားကို ထွက်လာခဲ့ကြောင်း၊ ဗမာပြည်ကိုလည်း တစ်ခေါက်မှ မပြန်ဖြစ်၊ စာမေးပွဲလည်း လုံးဝမဖြေ၊ အတန်းလည်း လုံးဝမတက်ခဲ့ဘဲ ရန်ကုန်ရှိ အပေါင်းအသင်းများ လုပ်ပေးလို့ ဘီအေကို ရခဲ့ပြီးဖြစ်ကြောင်း သူမမိခင်က ဘွဲ့နှင်းသဘင်တက် ဘွဲ့ယူရန် ခေါ်ခဲ့ပေမဲ့ ရက်လို့ မပြန်ဖြစ်ခဲ့ပါကြောင်းနှင့် ဘွဲ့နှင်းသဘင်တက် ဘွဲ့ယူရင်လည်း ကျပ်ငွေ ၄-၅ သောင်း မကကုန်ကြောင်း၊ ဝတ်စုံစရိတ်၊ အလှပြင်စရိတ်၊ ဓါတ်ပုံ ဗီဒီယိုရိုက်သည့် စရိတ်၊ ဧည့်ခံပွဲလုပ်ရင် ပိုတောင်ကုန်သေးကြောင်း စသည်ဖြင့် မြန်မာနိုင်ငံ နဝတ/နအဖခေတ်တွင် ပိုင်ဆံပေးရင် ဘာမဆိုလုပ်လို့ရကြောင်း စသည်များဖြစ်ပါသည်။ တိုင်းပြည်ကြီး ပျက်စီးခြင်းအပါးတစ်ရာ မှောက်နေသည်ကို သက်သေပြသည့်အနေဖြင့် ဤသူငယ်မသည် စစ်အုပ်ချုပ်ရေးစနစ်ကို အကြမ်းမဖက်ဘဲ၊ နှစ်ပြားမတန်အောင် ချေမှုပစ်လိုက်တာများ မသိပါ။ ဘွဲ့ကတော့ ရန်ကုန်တက္ကသိုလ်က ထုတ်ပေးသည့် ဘွဲ့အစစ်ကြီးပါ။ စာရိ ဇာဇကို ငယ်စဉ်ကပင် ကျောင်းတွင် မသင်ကြားတော့သောကြောင့် မြန်မာ

နိုင်း တက္ကသိုလ်များသည် စစ်အာဏာရှင်များလက်ထက်တွင် လမ်းဘေးရှိ မြွင်ပေါယ် အိမ်သာမျှသာ အသုံးတည်သည့်ပုံစံမျိုး ဖြစ်နေပါသည်။

စစ်အာဏာရှင်များ၏ အဖေကြီး ဦးနေဝင်းအနေဖြင့် ငါ့မြေးတွေကို အင်္ဂလန်က ဥပဒေဘွဲ့ကြီးတွေရအောင် ပညာသင်ခိုင်းထားတယ်။ မင်းတို့ အနေစစ်တပ် အကြီးအကဲတွေရဲ့ သားသမီးများအတွက် စစ်တပ် ကိုယ်ပိုင် ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာသိပ္ပံတွေ တည်ထောင်ပြီး တက်ခိုင်းထားကြ၊ လုပ်သားပြည်သူ သားသမီးတွေကိုတော့ နလပိန်းတုံးတွေဖြစ်နေအောင် ပညာရေးစနစ်ကို ဖျက်ဆီးထားကြ၊ ဘွဲ့စာရွက်ပေးရင်ပေးထား၊ ဘာပညာမှတော့ မပေးထားနဲ့။ တစ်နေ့ကြရင် ငါ့မြေးတွေက အင်္ဂလန်ဖြန့် ပညာတတ်ခေါင်းဆောင်ကြီးများဖြစ်၊ မင်းတို့ နအဖစစ်တပ်အကြီးအကဲတွေရဲ့သားသမီးတွေက ငါ့မြေးလက်အောက်မှာ အမှုတော်ထမ်းကြ၊ ပညာမရှိတဲ့ ပြည်သူပြည်သားများကတော့ အအုပ်ချုပ်ခံ ကျွန်ဘဝမှာပဲ နေကြပါစေဟူသော မိန်းသူ နိုင်ငံသား အပေါင်းအပေါ်ထားရှိသော မေတ္တာစေတနာကား မွန်မြတ်လှပါပေသည်။ ပြည်သူများအနေဖြင့် ၃၆ နှစ်ထောက်ခံခဲ့ကြပြီး ဖြစ်ပါသည်။ ဆက်၍သာ ထောက်ခံကြပါ။ ရွဲ့ပြောခြင်းမဟုတ်ရိုး အမှန်ပါ။

ဦးနေဝင်းနှင့် ဇနီး ဒေါ်ခင်မေသန်းအနေဖြင့် ပြည်သူ့သမီးပျိုများ အပေါ်ထားရှိခဲ့သော "နှင့်စေတနာငါ သိပါတယ်" ဇာတ်လမ်းတစ်ခုကို လည်း အခွင့်ကြုံ၍ တင်ပြပါမည်။

ဒေါ်ခင်မေသန်း ခေါ် ကစ်တီဘသန်းသည် နိုင်ငံတော်အကြီးအကဲ အမျိုးသမီး (First Lady) မဖြစ်မီကာလက အင်္ဂလန်တွင် သူနာပြုကျောင်းသူတစ်ဦး ဖြစ်ခဲ့ပါသည်။

ဦးနေဝင်း အာဏာရှင်ဖြစ်လာချိန်တွင် ဗမာ့တပ်မတော်ကြီးသည် ဒေါ်ခင်မေသန်း၏ အစီအစဉ်ဖြင့် စစ်သူနာပြု အမျိုးသမီးဗိုလ်လောင်း (Nursing Cadet) စီမံကိန်းတရပ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ စစ်သူနာပြု အမျိုးသမီးဗိုလ်လောင်းများသည် သင်တန်းကာလပြီးသည်နှင့် ဘစ်ပြိုင်နက် တပ်မတော်တွင် ဒုဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီးနှင့် ဗိုလ်မှူးရာထူးအထိ တစ်ဆင့်ဆင့် ရာထူးရာခံ ရရှိသွားခဲ့ကြပါသည်။ စစ်သူနာပြု အမျိုးသမီး

စစ်ဗိုလ်မများ၏ စာရိတ္တနှလုံးရည်(Moral Education) ကိုလည်း ဒေါ်ခင်မေသန်းနှင့် ပုံတူအကျင့်တူ ရုပ်ပွါးတော်များအဖြစ် ဖန်ဆင်းနိုင်ခဲ့ကြပါသည်။

အဆိုပါ သူနာပြု ဗိုလ်ကြီးမမသည် လင်ယူခွင့် မရှိကြဘဲ နောက်ပိုင်းတွင်မှ လင်ယူခွင့် ရရှိသွားခဲ့ကြပါသည်။ အသိမိတ်ဆွေ စစ်ဗိုလ်တစ်ဦးသည်လည်း ဗိုလ်ကြီးမမနှင့် အိမ်ထောင်ကျပြီး ဗိုလ်ကြီးမမလည်း စစ်တပ်အကြီးအကဲများကို ကိုယ်ဖိရင်ဖိ ပြုစုခွင့်ရပြီး အလွန်ပင် တန်ခိုးထွားကာ မဆလခေတ်အထိ အကြီးအကဲ နိုင်ငံခြားသို့ ဆေးဝါးကုသခံထွက်ရာတွင်ပင် လိုက်ပါသူနာပြုခွင့် ရရှိခဲ့ကြပါသည်။ (တပ်မတော်သားကောင်း 'အကြီးအကဲ'များကို မဆိုလိုပါ။ တပ်မတော်ကို ခုတုံးလုပ်ပြီး အာဏာနေရာရနေသော 'အကြီးအကဲ'များကိုသာ ဆိုလိုပါသည်။) ဗိုလ်ကြီးမမများ၏ လင်တော်မောင် ဗိုလ်ကြီး ကိုကိုတို့သည်လည်း ဗိုလ်ကြီးမမတို့၏ ပေါက်ရောက်မှုအပေါ် အခြေတည်ပြီး ဗိုလ်သင်တန်းအပတ်စဉ် ဆင်းဖက်ချင်း ဘဝတူ စစ်ဗိုလ်များထက် ခေါင်းတစ်လုံး ပိုသာသွားကြပြီး ရာထူးကြီးကြီး နေရာကောင်းကောင်းကို ရရှိသွားသည်များကိုလည်း တွေ့ကြုံဖူးပါသည်။ ဗိုလ်ကြီး မမ အသုံးမကျ၍ လင်တော်မောင်ဗိုလ်ကြီးကိုကိုသည် အချောင်ဒုက္ခရောက်ပြီး ချောင်ထိုးခံကြရသည်ကိုလည်း မြင်ခဲ့ဖူးပါသည်။

ယခင်နှစ်က စစ်ဗိုလ်လူထွက် ဆရာဝန်ကြီးတစ်ဦးနှင့် စကားလက်ဆုံကျပြီး တောင်ပြော၊ မြောက်ပြော၊ ပြောဆိုကြရာတွင် အဆိုပါဆရာဝန်ကြီးက သူ့အနေဖြင့် စစ်တပ်ဆရာဝန်ဘဝတွင် ဗိုလ်ကြီးမမများနှင့် ကြုံတွေ့ ခဲ့ကြဖူးကြောင်း၊ သူနာပြုအတတ်ကိုမှ ဖြစ်လောက်အောင် သင်ကြားပေးထား ခြင်းမရှိကြောင်း၊ ရုပ်ရည်ချောသူ များကို ရွေးချယ်ထားပြီး ဒေါ်ခင်မေသန်း ပုံသွင်းထားသော 'နေ့ဘက် ကဒက်(Cadet)၊ ညဘက် ကြက်'တွေသာ ဖြစ်ကြောင်း၊ တစ်ချို့ ဗိုလ်ကြီး၊ ဗိုလ်မှူးတွေအထိ ဖြစ်နေကြပြီး ဘာမှ ခေတ်ပညာအရ အသုံးမတည့်ကြောင်း၊ ဗိုလ်ကြီးမမတစ်ဦး၏ လစာနှင့် စရိတ်အတွက် ရိုးရိုးကျွမ်းကျင်သော စစ်သူနာပြုများ ၃-၄ ယောက်ကို ခန့်နိုင်ကြောင်း၊ သက်သက် ဦးနေဝင်းနှင့် ဒေါ်ခင်မေသန်းထွင်တာ နောက်ပိုင်း ဒေါ်ခင်မေသန်းလည်း သေမှသာ ဒီစီမံကိန်းလည်း ပျောက်သွားကြောင်း စသည်များပင် ဖြစ်ပါသည်။

ပြည်သူ့သမီးပျိုများအား ကြက်ငှက်ပမာ ရိုက်စားသွားခဲ့သော စစ်အာဏာရှင်များ၏ စာရိတ္တအပျက်ပြားဆုံး ပညာရေးဆောင်ရွက်ချက်တရပ်ပင်ဖြစ်ပါသည်။

ယနေ့ နဝတ/နအဖများ တည်ထောင်ထားသော စစ်တပ်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာ သိပ္ပံများသည်လည်း စစ်အာဏာရှင်အကြီးအကဲများ အသုံးတော်ခံကြမည့်ကာဒက်နှင့် ကြက်များ မွေးမြူရေးခြံကြီးမျှသာဖြစ်နိုင်ပါသည်။ မိမိ၏ဘဝကို အကျိုးပြု အထောက်အကူပြုမည့် ပညာရပ်များကို ရနိုင်စရာမရှိပါ။ မိမိလူမျိုးနှင့် လူသားအပေါင်းတို့အား အထောက်အကူအကျိုးပြုမည့် ပညာရပ်များကိုလည်း ရရှိနိုင်မည်မဟုတ်ပါ။ စစ်အာဏာရှင်စနစ်အောက် ဆန့်ကျင်သူ ပြည်သူ/ပြည်သား လူမျိုးစုများအား သုတ်သင်သတ်ဖြတ်နေကြသည့် လူသတ်သမား လက်နက်ကိုင်လူရမ်းကား စစ်ဝတ်စုံအရူးများကို ပြုစုကုသရန်အတွက် ဆရာဝန်စစ်ဗိုလ်များ မွေးထုတ်ခြင်း၊ ခိုင်းဝင်ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ဗုံးခွဲခဲ့သို့ ပြည်သူလူထုအသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာကို ဖောက်ခွဲဖျက်ဆီးမည့် အင်ဂျင်နီယာစစ်ဗိုလ်များ မွေးထုတ်ခြင်းမျှကိုသာ ဆောင်ရွက်နိုင်ရန် ဘောင်ကျဉ်းကျဉ်းနှင့် အာဏာရှင်စနစ် ပျက်စီးသွားသောတစ်နေ့တွင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားမည့် ဦးနေဝင်းနှင့် ဒေါ်ခင်မြသန်းတို့၏ စစ်သူနာပြု အမျိုးသမီး ဗိုလ်လောင်းသင်တန်းကျောင်းမျိုးပင်ဖြစ်ပါသည်။

ဘဝအကျိုးပြုပညာရေးကို ဆွေးနွေးရပါက အလွန်ကျယ်ပြန့်မည်ဖြစ်သော်လည်း အဓိကအနေဖြင့် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကပင် ရှင်သန်နေခဲ့သော ကာယ၊ ဉာဏနှင့် စာရိတ္တမဏ္ဍိုင်ကြီးများပေါ်တွင် အခြေခံသော ဘဝအကျိုးပြု ပညာရေးစနစ်ကို လွှမ်းခဲ့သော အနှစ်(၃၀)နှစ်ကပင် စတင်ဖျက်ဆီးခဲ့သော စစ်အာဏာရှင် ဦးနေဝင်းနှင့် ဂျူနီယာနေဝင်းများသည် "ပညာဆိုသည်မှာ လူတိုင်းအတွက်" (Education for all) ဆိုသော သက်ဦးဆံပိုင် ဘုရင်များခေတ်ကပင် တိုင်းသူပြည်သား သားသမီးများ ခံစားခဲ့ကြရသော လူ့အခွင့်အရေးကိုပင် ဖျက်ဆီးနေကြ ဖြစ်ပါသည်။

နိုင်ငံရေးကိစ္စရပ်များတွင် မပါဝင်မပတ်သက်လိုသော မြန်မာလူမျိုးတချို့သည် စာရိတ္တမဏ္ဍိုင်နိုင်မြဲသော မြန်မာလူမျိုးများ ပျောက်ကွယ်လုလုဖြစ်နေသော လူမှုရေးနှင့် ပညာရေးကဏ္ဍရပ်များ၌ပင် အခြေခံပြီး မနီးကြားကြရင်ဖြင့် လူမျိုးအတွက် အရှက်ရပြီးရင်းရကြရင်း ဖြစ်လာပေလိမ့်မည်သာတည်း။

❖

## မစ္စတာမန်ဒဲလား နားမလည်နိုင်သော ဗမာ့နိုင်ငံရေး အရှုပ်အထွေး

ဗမာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော အထွေထွေ အကြပ်အတည်းများမှ အမြန်ဆုံးလွတ်မြောက်နိုင်ရေးအတွက် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) နှင့် လက်ရှိကိုလိုနီအစိုးရ နအဖ စစ်ကောင်စီတို့ တွေ့ဆုံဆွေးနွေးအဖြေရှာရန် အထူးလိုအပ်လျက်ရှိကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးအပါအဝင် ဒီမိုကရေစီစနစ်ကို မြတ်နိုးသော အဖွဲ့ပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့က တိုက်တွန်းတောင်းဆိုလျက် ရှိနေပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်း တွေ့ဆုံဆွေးနွေးပွဲကို ဘယ်အဆင့်ကစစ အမြန်ဆုံးပြုလုပ်လိုကြောင်း တရားဝင်ကြေညာထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဗမာအပါအဝင် လူမျိုးပေါင်းစုံတို့အား ကျေးကျွန်သဖွယ် ဖိုလ်ကျစိုးမိုးနေသော လက်ရှိကိုလိုနီအစိုးရ နအဖစစ်ကောင်စီအား ကိုယ့်နိုင်ငံသားအချင်းချင်း တွေ့ဆုံဆွေးနွေးပွဲတွင် အဖြေရှာကြရန် တောင်အာဖရိကနိုင်ငံ ကမ္ဘာကျော်နိုင်ငံရေးသမားကြီး မစ္စတာမန်ဒဲလားကများ ကြားဝင်စေ့စပ်နေသလား၊ ဥရောပယူနီယံကများ ကြားဝင်စေ့စပ် နေသလား သဖြင့် ကောင်းစေလိုသော စေတနာရှင်များက မျှော်လင့်အားထားနေကြပါသည်။

သို့ရာတွင် လက်ရှိကိုလိုနီအစိုးရ၏ ပြောရေးဆိုခွင့်ရှိသည်ဆိုသော နိုင်ငံခြား ရေးဝန်ကြီး ဦးဝင်းအောင်က တောင်အာဖရိကနိုင်ငံ သမ္မတကြီးဟောင်း မန္ဒေလာမန်ဒဲလားဆီက ဘာမှ ကမ်းလှမ်းချက်မလာပါဟု ပြောဆိုရုံသာမက မန္ဒေလာ မန်ဒဲလားဟာဗမာ့နိုင်ငံရေးကို နားလည်နိုင်မှာ မဟုတ်သည့် အကြောင်းနှင့် ဗမာ့ပြဿနာကို ကိုယ့်နည်းနှင့်ကိုယ် ကြိုးစားဖြေရှင်းရမည် ဖြစ်ကြောင်းအပြင်၊ ဗမာ့နိုင်ငံရေးက အလွန်ရှုပ်ထွေးနေကြောင်း စသည် များကို ဖွင့်ဟပြောဆိုနေပြန်ပါသည်။

စာရေးသူအနေဖြင့် ဗမာ့နိုင်ငံရေးသည် ရှုပ်ထွေးနေသည်ဟု အဆို အပြောကို လုံးဝ လက်မခံနိုင်ပါ။

နိုင်ငံရေးဆိုသည်မှာ ရောင်းဝယ်ဖောက်ကားသောဈေး (Politic is a Market Place)။ နိုင်ငံရေးသမားသည် ထုတ်လုပ်သူ (The Politicians are the Producers)။ ဆန္ဒမဲပေးသူ ပြည်သူများသည် စားသုံးသူ (Voters are the consumers)နှင့် ဆန္ဒမဲပြားသည် ငွေကြေး (Votes are the currency) ဆိုသည့် ရေးပညာရှင်များ၏ အတွေးအမြင်သည် ကမ္ဘာ့နိုင်ငံ အများစုတွင် ကောင်းကျိုးပေးလျက် ရှိနေပါသည်။

မိမိကိုယ်ပိုင် ငွေကြေးဖြင့် ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းကို ဝယ်ယူ စားသုံးလိုကြပါသည်။ မိမိကိုယ်ပိုင် အသည်းကြားက မဲတစ်ပြားဖြင့် နိုင်ငံနှင့် လူမျိုးအတွက် ဖြောင့်ဖြောင့်မှန်မှန်ဖြင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သော နိုင်ငံရေးသမားများကိုသာ မိမိအား အုပ်ချုပ်သူအဖြစ် ရွေးချယ်လိုကြပါသည်။

မိမိကံစွကို မိမိရွေးချယ်ပိုင်ခွင့် ကလေးမျှကိုသာ ခွင့်ပြုရုံပင်ဖြစ်ပါ သည်။

၁၉၉၀ ပြည့်နှစ်ကပင် ပြည်ထောင်စု မြန်မာနိုင်ငံသားအပေါင်းက မိမိစိတ်ကြိုက်ကို ရွေးချယ်ခဲ့ကြပြီး ဖြစ်ပါသည်။ အရွေးခံသူတက်၊ အရွေး မခံရသူဆင်း၊ အရွေးမှားလျှင်ပြန်ရွေး၊ ကောင်းလျှင် ရွေးချယ်ကြလိမ့်မည်၊ မကောင်းလျှင်ဘေးဖယ်ကြလိမ့်မည်။ ဈေးဝယ်သည့်သဘောပင်ဖြစ်ပါသည်။

ဗမာ့နိုင်ငံရေးသည် မရှုပ်ထွေးပါ။ ရှုပ်ထွေးနေသည်က နိုင်ငံရေးကို ခုတုံးလုပ်ပြီး ခုစရိုက်လုပ်ငန်းမျိုးစုံကို ပြုလုပ်နေကြသော စစ်ဝတ်စုံအရှေ့ လက်ရှိ ကိုလိုနီအစိုးရ နအဖ စစ်ကောင်စီအတွင်းတွင်သာ ဖြစ်ပါသည်။

စာရေးသူတို့၏မျက်စိအောက်တွင် ထားဝယ်မြို့သားလေး ဦးဝင်းအောင်သည် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ဘဝမှ နိုင်ငံခြားရေးဝန်ကြီးဘဝကို ရရှိသွားခဲ့ပါသည်။ ဦးဝင်းအောင်သည် လန်ဒန်မြို့တွင် ပညာသင်ကြားနေသော ဦးနေဝင်း၏ မြေး မောင်အေးနေဝင်းအား အိမ်ပေါ်တင်ထားပြီးအဖားကောင်း၍ ခုန်ပျံကျော်လွှားကာ သံအမတ်ဘဝမှ ဝန်ကြီးဘဝသို့ ကူးပြောင်းသွားခဲ့သည်ကို အပြင်လူ စာရေးသူ အပါအဝင်တို့က အတော်ပျော်ရွှင်သွားလိမ့်မည်ဟု ထင်မြင်ခဲ့မိပါသည်။ သို့ရာတွင် ဦးဝင်းအောင်နှင့် ခင်မင်သူ အတွင်းလူများ၏ စကားများအရ ဦးဝင်းအောင်သည် သေမည့်အပတ် စစ်ထဲလိုက်သကဲ့သို့ ခံစားသွားရကြောင်း၊ သံအမတ်ဘဝတွင် တအုန်းအုန်းတရုန်းရုန်းဖြင့် အနုပညာဝါသနာပါသူပီပီ သီချင်းဆိုလိုက်၊ တီးလိုက်၊ စည်သူငြိမ်းအေးကလောင်အမည်ဖြင့် စာရေးလိုက်နှင့် အတော်ဟန်ကျ နေကြောင်း၊ ဦးဝင်းအောင်အနေဖြင့် ထောက်လှမ်းရေးဘဝမှ သံအမတ်ဖြစ်လာသူဖြစ်၍ ဝန်ကြီးဘဝတွင်လည်း ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်နှင့် အာဏာရှင်များ၏ အဖေကြီးဦးနေဝင်း၏ အုပ်စုထဲသို့ အလိုအလျောက်ရောက်သွားမည်ကိုတွေးပြီး အလွန်စိတ်သောက ရောက်သွားကြောင်းသိရှိခဲ့ရသည်။ ဦးနေဝင်းသည် အမှည့်ကြွေရန် အချိန်ပိုင်းလောက်သာ လိုပါတော့သည်။ ဦးနေဝင်း ကြွေလျှင် ဗိုလ်ချုပ်ခင်ညွန့်တို့ ထောက်လှမ်းရေးအုပ်စုလည်း မြေကြေမည်သာ ဖြစ်ပါသည်။ ဦးဝင်းအောင်အနေဖြင့်လည်း အတွင်းပိုင်းတွင် စစ်ထောက်လှမ်းရေးအုပ်စု သြဇာအာဏာကျနေပြီး ဦးနေဝင်းကိုယ်တိုင် ငယ်မွေးခဲ့ပေါက် ဗိုလ်မှူးချုပ် မောင်အောင်ကြီးအား အမေရိကန်၊ အင်္ဂလန်နှင့် အစ္စရေးနိုင်ငံများသို့ ပို့လွှတ်ပြီး "ဦးနေဝင်း သာလျှင် တိုင်းပြည်ကိုပြန်ပြီး အဖတ်ဆည်ပေးနိုင်မှာဖြစ်တယ်" ဟု ဝါဒဖြန့်ခိုင်းခြင်းသည် အမှန်တကယ်တွင် ဦးနေဝင်းအနေဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဗိုလ်ချုပ်ကြီးမောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့ ဂိုဏ်းအပေါ် သြဇာမရှိတော့၍သာ "ဘေးထိုင်ဘုပြော" နေရသည့်ဘဝကို ကျရောက်နေသည်ကို မြေးတော်မောင်အေးနေဝင်းထံမှလည်း ရိပ်ဖမ်းသံဖမ်း ကြားသိနေမည် ဖြစ်ပါလိမ့်မည်။

ဗိုလ်မှူးချုပ် မောင်အောင်ကြီးအနေဖြင့် လွတ်လပ်သော အာရှအသံ (RFA)မှ တစ်ဆင့် တိုင်းပြည်သို့ ရင်ဖွင့်ပြောသွားရာတွင် 'သူတို့ တပ်မတော်သည် အင်အားကြီးသည် ဘာညာလုပ်မနေနဲ့ တပ်ကကွဲနေပြီ၊ တပ်မတော်မှာ ကွဲနေပြီ၊ မင်းတို့အထက်က မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခိုးဝှက်ထားပြီး ဂုတ်သွေး စုပ်ထားတယ်လေ။ ဂုတ်သွေးစုပ်ထားတဲ့ ကောင်တွေက သိန်းသန်းကုဋေ ရှိတယ်။ တပ်မှာ ကုလားပဲတောင် မကျွေးနိုင်တော့ဘူး။ တပ်တွေမှာ ရိက္ခာမရ၊ ရဲဘော်တွေရဲ့ မိသားစုတွေက ဘာဖြစ်မလဲ စဉ်းစားကြည့်၊ မဟုတ်တာတွေဖြစ်ကုန်မှာပေါ့။ စစ်သားတွေကလည်း ကြာတော့ ဘယ်ခံနိုင်မလဲ၊ ဓါးပြတွေ တိုက်မှာပေါ့' စစ်တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့အား ထိုးနှက်ချက်များသည် ဦးနေဝင်း၏ လှည့်ကွက်များပင် ဖြစ်ပါသည်။

ဦးနေဝင်းအနေဖြင့် တပ်ကို အပုတ်ချပြီး ထောက်လှမ်းရေးအုပ်စုကို စင်ပေါ်ဆွဲတင်ရန် ကြိုးပမ်းချက်များသည်လည်း ဟန်ဟန်ပန်ပန်ဖြစ် မလာခဲ့ပါ။ ဤကြားထဲတွင် လူယုံတော် ဉာဏ်လိမ်ဉာဏ်နက်အရှိဆုံး ထောက်လှမ်းရေးမျက်မှန် တင်ဦးလည်း ကွယ်လွန်သွားရှာပါသည်။

ဦးနေဝင်းမှိန်လာသည်နှင့်အမျှ ဦးနေဝင်းမိသားစုနှင့် ငယ်မွေးဖြဲပေါက် စစ်ဗိုလ်များ ဒုက္ခရောက်ကုန်ပါပြီ။ လန်ဒန်မြို့ သံအမတ်ကြီးနေအိမ်တွင် တခမ်းတနား နေထိုင်ခဲ့သော မြေးတော် မောင်အေးနေဝင်း သည်ပင်လျှင် လန်ဒန်မြို့တွင် စစ်သံရုံးပိတ်ထားသော်လည်း စစ်သားသုံးဦးအား အမြဲပို့ထား သည့်အနက်မှ တပ်ကြပ်ကြီးစာရေး ကိုကျော်အောင်၏အိမ်တွင် သွားနေရ သည့်အဆင့်ကို လျှောကျသွားခဲ့ပါသည်။ မောင်အေးနေဝင်းသည် ယခုနှစ် ဇူလိုင်လတွင် လန်ဒန်တက္ကသိုလ်မှ ဘွဲ့ရရှိမည်ဖြစ်သော်လည်း စာမေးပွဲ အောင်စာရင်းတွင် လုံးဝမတွေ့ရပါ။ ဘိုးဘိုးဦးနေဝင်းနောက်တွင် စစ်တပ်ရှိ သေးသည်ဟု တဖွဖွပြောပြီး ရန်ကုန်သို့ ပြန်သွားခဲ့ပါသည်။

ဦးနေဝင်း၏ လူယုံတော်ကွယ်လွန်သူ သမ္မတကြီးဟောင်း ဒေါက်တာ မောင်မောင်က 'သားမောင်စစ်သည်'ဟု အမွှမ်းတင်ပြီး စာအုပ်ရေးကာ စစ်တပ်ကို ဖားခဲ့ပါသည်။ ဒေါက်တာမောင်မောင်၏ သားကြီး ဗိုလ်မှူးချုပ် ကျော်သူသည် တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ချောင်ထိုး

ရပြန်ပါသည်။ ဗိုလ်ချုပ်ကြီး တချို့ပင် နအဖဝန်ကြီး ဖြစ်နေချိန်တွင် ဗိုလ်မှူးချုပ်ကျော်သူသည် ညွှန်ကြားရေးမှူးအဆင့်မျှသာရှိသော သံအမတ်ကြီးရာထူးကိုသာ ရရှာပါသည်။

ဗြိတိန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဖြစ်လာသော ဦးနေဝင်း၏ သမားတော် ဒေါက်တာကျော်ဝင်းမြင့်၊ အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီးဖြစ်သော ဗိုလ်မှူးချုပ် ကျော်သူတို့သည် ဦးနေဝင်းနှင့် အလွန်ရင်းနှီးသူဖြစ်ရုံသာမက ဦးနေဝင်း၏ အိပ်ဖန်စောင့် ဗိုလ်ချုပ်ခင်ညွန့်နှင့်လည်း ခင်မင်သူများဖြစ်ကြပါသည်။ ဤသံအမတ်ကြီးမိသားစုများထံမှ ကြားသိရသည့် ကားရပ် တချို့သည်လည်း စာရေးသူထံသို့ ရောက်ရှိလာပြန်ပါသည်။

"ဗိုလ်ချုပ်ခင်ညွန့်က ပြောတယ်ဆိုပါလား၊ ဒေါ်အောင်ဆန်းစုကြည်ကို အမှတ်ချရေးသားနေတာက မကောင်းပါဘူးတဲ့။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မော်တော်ယဉ်ကို ကိုယ်ထိလက်ရောက်ကျူးလွန်သူများဟာ ကြံ့ဖွတ်အဖွဲ့ဝင်များသာ ဖြစ်တယ်တဲ့။ စစ်ထောက်လှမ်းရေးရဲ့လုပ်ရပ် လုံးဝမဟုတ်ဘူးတဲ့"

"ဦးနေဝင်းကလည်း တစ်နေ့တစ်နေ့ သတင်းစာများနဲ့ စာစောင်တွေက ဒီသူငယ်မ (ဒေါ်အောင်ဆန်းစုကြည်ကိုဆိုပါသည်)ကိုပဲ ပုတ်ခတ်ရေးသားနေကြတယ်။ သတင်းစာကို လှန်ကြည့်လိုက်ရင် ဒီအကြောင်းပဲပါနေတယ်။ ယူမလာကြနဲ့ဟု ပြောဆိုကာ သတင်းစာကို လုံးထွေးကာ လွှင့်ပစ်လိုက်တယ်တဲ့။"

"ဒါကို ကြားရသူများက ဇမာပြည်ကို အုပ်ချုပ်နေတာ ဦးနေဝင်းနှင့် သူ၏နောက်လိုက် စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ခင်ညွန့်တို့ မဟုတ်ဘူးလားဟု မေးမြန်းကြည့်ကြပါတယ်တဲ့"

"ဘယ်ကလာ ဟုတ်ရမလဲ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ဗိုလ်ချုပ်မှူးကြီးပါပဲ" ဟု တစ်သံတည်း ဖြေကြကြောင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၅၂ ခုနှစ်တွင် မိတ္ထီလာမြို့ စာတိုက်၌ စာတိုက်စာရေး လုပ်ဖူးသူဖြစ်ပါသည်။ ဦးနေဝင်းသည်လည်း စစ်တပ်ထဲမဝင်မီက ရန်ကုန်မြို့စာတိုက်ကြီးတွင် စာတိုက်စာရေးလုပ်ဖူးသူ ဖြစ်ပါသည်။

ရှေးဟူးတူး ပေါတောတောလူများသည် သူတို့၏ ကိုယ်တွေ့အတွေ့ အကြုံမှသာ ဗဟုသုတကိုယူတတ်ကြပါသည်။ (The fools learn from

their own experiences) ဆိုသော ရေးပညာရှင်များ စကားရပ်သည် မှန်ကန်နေပါသည်။ နဝတာဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီးစောမောင်အား ရူးတူးတူး ပေါ်သွပ်သွပ် လူဟု ပုဒ်မတပ်ကာ အငြိမ်းစားပေးလိုက်သော ကိုယ်တွေ့ အတွေ့အကြုံမှ သင်ခန်းစာယူကာ ဦးနေဝင်းနှင့် ခပ်ကင်းကင်းနေ ကာ 'မင်းလဲ စာတိုက်စာရေးကလာသူ၊ ငါလည်း စာတိုက်စာရေးကလာသူ၊ ကြိုက်တာကို လုပ်ကြစတမ်းငါ့လူ' ဟု ကြွေးကြော်ကာ တရုတ်ကြီးအမေ ခေါ်ကာ ဖနီးသည် ခေါ်ကြိုင်ကြိုင်ကို 'ဝ' လူမျိုးစုနှင့် အမျိုးစပ်ပြီး မြေးငယ် မျောက်မူးလဲကို ရှေ့တန်းတင်၍ စစ်အာဏာရှင်များ၏ အဖေကြီး ဦးနေဝင်းအား အာခံပါတော့သည်။ (ဗိုလ်ချုပ်ကြီးသန်းရွှေ၏ မြေးငယ်အား မျောက်များမူးလဲလောက်အောင် ဆော့လွန်း၊ နေရာတကာတွင် ပါလွန်းသော ကြောင့် စစ်ဗိုလ်ချုပ်တချို့က ပေးထားသည့် နာမည်ဖြစ်ပါသည်။)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ဦးနေဝင်း၏မူဝါဒအရ 'တရုတ် တပည့် ဦးနေဝင်းထံတွင် တပည့်မခံတော့ဘဲ' တရုတ်ထံတွင် တပည့်တိုက် ရိုက်ခံယူလိုက်ခြင်းဖြစ်ပါသည်။ အရှုံးက တမူးသာသွားခြင်းလည်း ဖြစ်ပါ သည်။ (အမှတ်-၈၈) ခြေမြန်တပ်မဌာနချုပ်၏ တပ်ရင်းမှူးဖြစ်သူ ကြည်း-၆၁၃၆ ဗိုလ်မှူးကြီးခင်ကျော်ညိုက ကြည်း-၆၇၁၀ ဗိုလ်မှူးသန်းရွှေအား ရူးတူးတူးပေါတောတောဖြစ်၍ တပ်ရင်းတွင် အိမ်ထောင်သည်မိသားစုများ အား ကွပ်ကဲ အုပ်ချုပ်ရသည့် တာဝန်မျှကိုသာ ပေးခဲ့ဖူးသည်။ 'ဒီငပေါ တိုင်းပြည်အုပ်ချုပ်နေရင်တော့ တိုင်းပြည်ကြီးပျက်ပါပြီ' ဟု ပြောဖူးပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗမာနိုင်ငံ၏ လက်ရှိကိုလိုနီအစိုးရ အကြီးအကဲဖြစ်ရုံသာမက ယူဂိုဆလပ်နိုင်ငံရှိ တရုတ်နိုင်ငံရုံးအား နေတိုး စစ်အုပ်စုမှ မှားယွင်းဗုံးချမိသည်ကို ရှေ့တန်းက ပြောဆိုကန့်ကွက်ရသည့် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ တရုတ်ဖြူနိုင်ငံအား လုံးဝလက်မခံ ကြောင်းကိုလည်း ရှေ့ထွက်၍ ကန့်ကွက်ရသည့် တရုတ်ကိုယ်စားလှယ် ဖြစ်ပါသည်။

တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်နက်မချသော ငြိမ်းချမ်းရေးလုပ်ထားသည့် တိုင်းရင်းသားများသာ ကြီးစိုးသည့်နယ်မြေကို တပ်မတော်အနေဖြင့် မထိမ်းကွပ်နိုင်တော့ဟု ဖွင့်ဟ ဝန်ခံနေပြန်ပါသည်။

လက်ရှိကိုလိုနီအစိုးရ နအဖ စစ်ကောင်စီနှင့် လက်နက်မချ၊ နယ်မြေမပေး ဘဲ ငြိမ်းချမ်းရေးလုပ်ထားသော တိုင်းရင်းသားအဖွဲ့အစည်းများ၏ အကုသိုလ်ဒုစရိုက် လုပ်ငန်းများအပေါ် အခြေခံသည့် အရှုပ်အထွေးများသည် ရှင်းမရနိုင်အောင် ဖြစ်နေပါသည်။

စာတိုက်စာရေးဟောင်း(၂) ဦးဖြစ်ကြသည့် ဦးနေဝင်းနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့၏ မောဟ၊ ဒေါသနှင့် လောဘကို အတောမသတ်နိုင်ကြဘဲ လက်နက်အားကိုးဖြင့် ရယူထားသော ဩဇာအာဏာကို မြေးမြစ်များအထိ ခွဲဝေပေးလိုရုံသာမက နောင်ဘဝအထိ ယူသွားလိုသည့် စိတ္တဇဝေဒနာသည်လည်း တွေ့ဆုံ ဆွေးနွေးပွဲလုပ်ရုံဖြင့် အဆုံးသတ်မည် မဟုတ်ပါ။ ရိုမေးနီးယား အာဏာရှင် မစ္စတာချောင်ချက်စကူးကို ကုသနည်းဖြင့် ကုသမှသာလျှင် အဆုံးသတ်ပါလိမ့်မည်။

လက်ရှိကိုလိုနီအစိုးရ နအဖ စစ်ကောင်စီအတွင်း အရှုပ်အထွေးများ အမြန်ပေါက်ကွဲပြီး အကုသိုလ်ဒုစရိုက်ကောင်များသည် ဗမာ့နိုင်ငံရေး ဇာတ်ခုံပေါ်၌ ထာဝရချုပ်ငြိမ်းစေလိုသော စေတနာဆန္ဒမွန်ဖြင့် ရေးသားတင်ပြအပ်ပါသည်။

❖

# တိုးပြီးခြေလှမ်း နောက်မဆုတ်စတမ်း

စာရေးသူသည် မြန်မာ့နိုင်ငံရေး တိုးတက်ဆုတ်ယုတ်မှုများကို အမြဲတစေ လေ့လာလျက်ရှိပါသည်။ 'ရှေ့တစ်လှမ်း တိုးမယ်' ဟု ကြွေးကြော်ပြီး အတော်ကြာငြိမ်ချက်သားကောင်းနေခြင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ တစ်လှမ်းပြီးတစ်လှမ်း ရှေ့တိုးလှမ်းနေသော နိုင်ငံရေး ခြေလှမ်းများကို ဝီတိဖြစ်နေ၍လည်းကောင်း၊ ခေတ်ပြိုင်ဝိုင်းတော်သားများ၏ အားကောင်းမောင်းသန်မှုကြောင့် ခေတ်ပြိုင်ဂျာနယ်ပုံမှန်ထွက်နေရုံသာမက မြန်မာ့အလင်းသတင်းစာ အစစ်အမှန်စာစောင်ပင်ထွက်လာသောကြောင့်လည်းကောင်း၊ နေလို့ရသမျှ၊ နားလို့ရသမျှ အချိန်ကလေးတွင် စာအုပ်ပေါ်တွင် မှေးတင်ပျော်ဝိုက်နေမိခဲ့ပါသည်။

အင်္ဂလန်နိုင်ငံလောက် စာအုပ်ပေါပေါများများရှိသော နိုင်ငံနှင့် 'စာအုပ်စာပေလူ့မိတ်ဆွေ' ဟု ယုံကြည်သူ အများအပြားရှိသော နိုင်ငံသည် ကမ္ဘာ့တစ်ခွင်တွင် ရှာမှရှားပေလိမ့်မည်။ စာကြည့်တိုက်မှ စာအုပ်များကို တစ်လကြာအချိန်အထိ အုပ်ရေအကန့်အသတ်မရှိအခမဲ့ ငှါးရမ်းဖတ်ရှုနိုင်ပါသည်။

စာအုပ်စာပေလူ့မိတ်ဆွေ၊ စာဖတ်ဝါသနာပါသူနှင့် စာပေလေ့လာလိုက်စားသူများအကြောင်း ခေါင်းထဲမှာပေါ်လာပြီး စာပေဗဟုသုတ ဘက်တွင် အဆင့်ရှိသော ဒေါ်အောင်ဆန်းစုကြည်၊ စာရေးသူကျောင်းလည်း လာခဲ့ရာ နိုင်ငံခြားရေးသံရုံးတွင်ရှိခဲ့သော ပညာရှင်များနှင့် ယခုစာရေးသူ ဖတ်ရှုမိသော

မော်လတာ(Malta)နိုင်ငံဖွား ကမ္ဘာကျော်ပညာရှင်ကြီး ဒေါက်တာ အက်ဒ်ဝပ် ဒီဘိုနို(Dr. Edward de Bono) ၏စာပေများကို ဆက်စပ်ပြသလိုသည့် ဆောင်းပါးနာဆန္ဒများလည်း ပေါ်ပေါက်မိပါသည်။

စာရေးသူ သံတမန်ဘဝတွင်ရှိစဉ်က အရပ်သားပညာတတ် သံအမတ်ကြီးတစ်ဦးက 'ဒေါ်အောင်ဆန်းစုကြည်ဟာ တော်တော်စာဖတ်သန်တယ်၊ စာပေ လေ့လာလိုက်စားတယ်။ ဘယ်စာအုပ်၊ ဘယ်ဘာသာရပ်ဖြစ်ဖြစ် ဘာကျနေ ပါဝင်ဆွေးနွေးနိုင်တယ်၊ တော်တော် ပညာဗဟုသုတရှိတယ်၊ တော်တော်အသုံးဝင်တယ်။ သူမနဲ့ ပညာဗဟုသုတကို သွားပြိုင်လို့ကတော့ မနိုင်နိုင်ပါဘူး' ဟု ပြောပြခဲ့ဖူးပါသည်။

စာရေးသူတို့ နိုင်ငံခြားရေးရုံးတွင် အဆိုပါသံအမတ်ကြီးသည်လည်း စာဖတ်သန်ပြီး ဘာသာရပ်ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ယခုဝန်ကြီးဖြစ်နေသော ဦးအုန်းကျော်တို့နှင့် တစ်ရွယ်တည်းဖြစ်သော်လည်း နိုင်းယှဉ်ကြည့်ပါက ဆီနှင့်ရေတမျှ ကွာခြားပါသည်။ ဦးအုန်းကျော်သည် 'အပေါ်ဖား အောက်ဖိ' လေ့ရှိသည့် အတ္တသားကောင် 'ငဖား' မျှသာ ဖြစ်ပါသည်။

စာရေးသူအလုပ်ဝင်ကာစ ၁၉၆၂ ခုနှစ် ပတ်ဝန်းကျင်တွင် နိုင်ငံခြားရေးရုံး၌ အလွန် လူတော်လူတတ်ကြီးများ ပေါ်များခဲ့ပါသည်။ ဥပမာအားဖြင့် ဦးစောရှိန်၊ ဦးဘချစ်နှင့် ဦးအောင်မြတ်ကျော်၊ ဦးစိုးတင်၊ ဦးထွန်းရှိန်နှင့် ဦးအုန်းခင်တို့သည် ပညာဗဟုသုတနှင့် ဘာသာရပ်ကျွမ်းကျင်မှုတွင် ထိပ်တန်းတွင်ရှိခဲ့ကြပါသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် နယ်ခြားဒေသဌာနခွဲ (နောင်နိုင်ငံရေးဌာနခွဲ (၃) အမည်ပြောင်း) မှ ရုံးအုပ်ကြီး ဦးစောရှိန်သည် ဝန်ကြီးများထံ ရောက်သည့် နယ်ခြားဒေသကိစ္စရပ်များနှင့် ပတ်သက်သော အစည်းအဝေးပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့်အတူ စာတွဲသယ်ပြီး မှတ်တမ်းရေးရန် လိုက်သွားခဲ့ရပါသည်။ ဝန်ကြီးများနှင့် အတွင်းဝန်များ မသိနားမလည်၍ အခက်အခဲရှိသော ကိစ္စတစ်ရပ်ကို ဦးစောရှိန်က ကျွန်တော့်ကို ပြောခွင့်ပေးပါ ခွင့်တောင်းပြီး ဝင်ဆွေးနွေးပြခဲ့ရာ ဖဆပလအဖွဲ့တွင် နာမည်ကြီးသော ဦးကျော်ငြိမ်းက သဘောကျကာ နိုင်ငံအတွက်အရေးကြီးသော ကိစ္စတစ်ရပ် ဆုံးဖြတ်ချက် ချနိုင်ခဲ့ကြပါသည်။ ဝန်ကြီးဦးကျော်ငြိမ်းက အမြဲတမ်း

အတွင်းဝန်အား "ဒီလူ ခင်ဗျားတို့ရုံးမှာ ဘာရာထူးလဲ" ဟု မေးမြန်းကြည့်ရာ
ရုံးအုပ်ရာထူးဟု သိရှိသွားပြီး "ဒီလောက်တော်တဲ့လူကို ရုံးအုပ်ကြီးရာထူးပဲ
ပေးထားရသလား" ဟု ပြောပြီး ရာထူးတိုးပေးနိုင်းလိုက်ရာ ဒုတိယအတွင်း
ဝန်၊ ဒုတိယဌာနကြီးမှူး ရာထူးများကို ရုံးက တိုးပေးခဲ့ရပါသည်။ အစိုးရအဖွဲ့
ကလည်း သိရှိပုံချီဘွဲ့ကို အပ်နှင်းကာ သိရိပုံချီဦးစောရှိန် ဖြစ်သွားခဲ့ပါသည်။

ပညာတန်ဖိုးသိသူ ဦးကျော်ငြိမ်းက ပညာရှိသော ဦးစောရှိန်အား
မြှင့်တင်ပေးခဲ့သည့် သာဓကတစ်ခုမျှသာ ဖြစ်ပါသည်။ အဆိုပါ နယ်မြေ
ဒေသဌာနခွဲတွင် ဌာနကြီးမှူး ဖြစ်လာသူ ဦးဘချစ်သည်လည်း အင်္ဂလိပ်စာ
အရေးအသား အသုံးအနှုန်းတွင် အလွန်ကျွမ်းကျင်ရုံသာမက နိုင်ငံတကာ
ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေရပ်များတွင် ပညာရှင်အချင်းချင်းက
ဆရာတင်ခံရသူတစ်ဦး ဖြစ်ပါသည်။

၁၉၆၆ ခုနှစ်တွင် တော်လှန်ရေးကောင်စီ စစ်အာဏာရှင်များနှင့်
တရုတ်နီ ကွန်မြူနစ်အာဏာရှင်များ ပြဿနာအကြီးအကျယ် ဖြစ်ခဲ့ကြ
သည်။ တရုတ်နီသံရုံးအတွင်းသို့ ဆန္ဒပြသူများက အုတ်နံရံကို ကျော်ဝင်ပြီး
တရုတ်ပညာရှင်တစ်ဦးအား ဓားနှင့် ထိုးသတ်လိုက်ပါသည်။ တရုတ်နီ
သံတမန်များကလည်း သေနတ်များ ပစ်ဖောက်ကာ ကာကွယ်ခဲ့ပါသည်။
ဝန်ကြီးနှင့် အတွင်းဝန်များက တရုတ်နီ သံရုံးထဲတွင် လက်နက်ဘယ်နှလက်
ရှိသလဲ ဆိုသည်ကို သံတမန်ရေးရာ ဌာနခွဲစာရင်းထဲတွင် ရှာဖွေကြည့်
စေနိုင်းပြီး "ဘယ်မှာလဲ ဦးဘချစ်"၊ "ဦးဘချစ်ရုံးမလာဘူး"၊ ဦးဘချစ်
နေထိုင်ရာ သုဝဏ္ဏမြို့သစ်ကို ကားစေလွှတ်ပြီး ခေါ်ခေါ်ပေးကြရပါသည်။

အရေးကြုံလာလျှင် ပညာရှင်တို့၏ အကြံကောင်း ဉာဏ်ကောင်း
သည်သာ အဓိကဖြစ်ပါသည်။

ဦးဘချစ်သည် ရခိုင်ပြည်ပေါက် ချင်းလူမျိုး၊ မမှန်ကန်ပါက လုံး
လက်မခံပါ။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်နေဝင်းအား
မကြာခဏ ပြန်လှန်ပြောဆို စောဒကတက်လေ့ရှိသောကြောင့် "ဦးဘချစ်ကို
ငါ့နားခေါ်မလာနဲ့"၊ ပညာရှင်အလိုမရှိ၊ ပုတ်သင်ညိုသာအလိုရှိသော စစ်
အာဏာရှင်များ၏ လွဲမှားသောအယူဝါဒ "ပညာရှင်များမောင်းထုတ်၊ မတော်

သူ့အုပ်ချုပ်၊ တိုင်းပြည်ကြီးလည်း စုပ်စုပ်မြုပ်စေမည့်"မဟာစီမံကိန်းအစကို ဖြစ်ကြောင်းသတိရမိပြန်ပါသည်။

စစ်အာဏာရှင်ခေတ်တလျှောက်လုံးတွင် နိုင်ငံခြားရေးရုံးကြီးသည် ဘတိုက်ကြီးနှင့် စာအုပ်စာတမ်းအဝယ်ကိုယ်စားလှယ်ရုံးကြီးကဲ့သို့ ဖြစ်လာခဲ့သည်။ "ဟေး… နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေရေးဆွဲမယ်၊ နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်တွေ ဝယ်ပေးကြ" စသည်များကို အမိုင်းခံရရုံဆိုတော့ပေးသေးသည်။ သမ္မတကြီး ဦးစန်းယု နိုင်ငံခြားခရီးသွားရန်အတွက် စာအုပ်ဝယ်ပေးရ၊ နိုင်ငံခြားဝတ်စုံကို မှာသည့်ကိုယ်တိုင်းဖြင့် လန်ဒန်မြို့က ချုပ်ပြီး သံတမန်ချောစာအိတ်တွင် ထည့်ပို့ရသည့် အလုပ်များက အထူးကိစ္စရပ်များဖြစ်ပြီး တိမ်းပါးသွားပါက အမိုင်းခံရသူအနေဖြင့် ရာထူးပင် ထိခိုက်နိုင်ပါသည်။

အလျဉ်းသင့်၍ ကိစ္စတစ်ရပ်ကို ဖော်ပြပါမည်။ စာရေးသူ လန်ဒန်မြို့ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်ရစဉ်က မြန်မာ့ဆိုရှယ်လစ်"လမ်းစဉ် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းရုံးမှ စာအုပ်စာစောင်များဝယ်ယူပေးပို့နိုင်ရန် အတွက် မဆလပါတီ သီးသန့်ရန်ပုံငွေတစ်ရပ်ကို နိုင်ငံခြားငွေ ပေါင်စတာလင်ဖြင့် သံရုံးတွင် ငွေစာရင်း ဖွင့်ထားသည်ကို တွေ့ရှိရပါသည်။ ယင်းအချိန်က ဒုတိယအတွင်းဝန် ဦးဉာဏ်လင်း (ယခု သံမှူး၊ မြန်မာသံရုံး၊ ဘန်ကောက်မြို့) က တာဝန်ယူ ဆောင်ရွက်ပေးရပါသည်။ နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် အဆိုပါ သီးသန့်ရန်ပုံငွေဖြင့် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းအိမ်အတွက် အကောင်းစား ချောကလက်နှင့် ချိုချဉ်သကြားလုံးများကို မာ့က်စ်အင်စပင်ဆာ(Marks & Spencer) ကုန်တိုက်ကြီးမှ သံတမန်ချောစာအိတ်တွင် ထည့်၍ပေးပို့ကြရပါသည်။ ဝန်ကြီးချုပ် ဦးမောင်မောင်ခ နှင့် ပါတီအတွင်းရေးမှူးကြီး ဦးစိန်လွင်တို့အတွက်လည်း နက္ခတ်ဗေဒင်စာစောင်များကို ပုံမှန်ဝယ်၍ ပို့ပေးကြရပါသည်။

မြန်မာလိုတွေးပြီး မှတ်ချက်ချရသော် မိဘက စာအုပ်ဝယ်ပေးရန်ပေးသော ပိုက်ဆံကြေးငွေများကို ချောကလက်နှင့် ချိုချဉ်သကြားလုံးများ ဝယ်စားပစ်သော သားမိုက်ပမာပင်ဖြစ်ပါသည်။

ပညာအမြော်အမြင်နှင့် ဗဟုသုတခေါင်းပါးသော စစ်အာဏာရှင်များ၏အဖေကြီး ဦးနေဝင်းက မွေးဖွားပေးခဲ့သော နဝတ/နအဖအဖွဲ့ဝင် ဂျူနီယာ နေဝင်းသည် 'အမိယုတ်က နွတ်သရမ်းသည်၊ အဖယုတ်က ကိုယ်အစွအရာ ကြမ်းသည်' ဟူသော မြန်မာ့ဆိုရိုးစကားအတိုင်းပင် ဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံသား မိဘနှစ်ပါးက မွေးဖွားလာသော ဒေါ်အောင်ဆန်းစုကြည်အား ဝိုင်းရိုက်ခြင်း၊ ခဲနှင့် ပေါက်ခြင်း၊ သတ်ပစ်ရန်ကြိမ်းမောင်းခြင်း၊ တိုင်းတာ ဆဲဆိုနေခြင်းနှင့် ပြည်နှင်ဒဏ်ပေးရန် လှုံ့ဆော်နေခြင်း စသည်များသည် ပညာအမြော်အမြင်ချင်း မယှဉ်ပြိုင်ရဲသူများ၏ လုပ်ထုံးလုပ်ရပ်များပင် ဖြစ်ပါသည်။ အပြုသဘော မဆောင်သောဆန့်ကျင်မှု (Negative) သာ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် လူသတ္တဝါတို့၏ သိနားလည်မှု အမြင်တရားသည် စုံး အမြောက် ကျည်ဆန်ထက် တန်ခိုးသာသည်ဆိုသည့် ပညာရှင်များ၏မူကို အခြေခံပြီး နှလုံးရည်နှင့် အကြမ်းမဖက်သည့် ဝါဒကို အခြေခံ၍သာ တကမ္ဘာလုံးက ထောက်ခံနေကြခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးဖြစ်သော Amnesty International နှင့် အဖွဲ့ပေါင်းစုံတို့က အကြမ်းဖက်ဝါဒကို မကျင့်သုံးသော မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုနှင့် ပါဝင်ဦးဆောင်လှုပ်ရှားနေသူများကို အားပေးထောက်ခံလျက်ရှိကြပါသည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေကြသော အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများနှင့် ကမ္ဘာ့ပြည်သူပြည်သားများက ဆန့်ကျင်ကန့်ကွက်ဖိအားပေးနေခြင်းသည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို တန်ဖိုးမထားသော စစ်အာဏာရှင်၊ တစ်ပါတီအာဏာရှင်နှင့် အကြမ်းဖက်သမားများတို့သာဖြစ်ပါသည်။ ဦးနေဝင်းနှင့်မြန်မာနိုင်ငံ၏လက်ရှိ နအဖစစ်ကောင်စီဝင်များသည် စစ်အာဏာရှင်စနစ်ကို လုံးဝလက်မလွှတ်လိုသော အတ္တဝါဒီအကြမ်းဖက်သမားများသာ ဖြစ်ကြပါသည်။

မြန်မာစစ်အာဏာရှင်များသည်သာ 'ငါနှင့်မတူ ငါ့ရန်သူ၊ ငါ့နောက်မလိုက် ဖမ်းချုပ်လိုက်' စသည့် လူတကာအပေါ် လက်နက်အားကိုးနှင့် ရန်သူလို သဘောထားနေကြပါသည်။

ဂေါက်မှုချအောင်ပွဲခံမည့် စောဒကတက်ရန်မလိုသောကောင်းမွန်သည့် တော်လှန်ရေး(The Positive Revolution)သည် ဦးဆောင်နိုင်ငံရေးပါတီနှင့် ပြည်သူအပေါင်းတို့က စစ်အာဏာရှင်လှနည်းစုအား အမြင်မှန်ရရှိစေရန်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နားလည်သဘောပေါက်လာစေရန်၊ ပြည်သူ ပြည်သားအပေါင်းအနေဖြင့် ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်သော ဒီမိုကရေစီ ပြည်သူ့အစိုးရမျိုး မြန်မာနိုင်ငံတွင် တစ်ဖန်ပြန်လည်ပေါ်ပေါက်တည်မြဲရှင်သန် လာစေရန် တော်လှန်နေကြခြင်းသာဖြစ်ပါသည်။

ဤမြည်သော ပြည်သူ့အရေးတော်ပုံ ဒီမိုကရေစီတော်လှန်ရေးမျိုးတွင် ခံသူမရှိပါ။ ရန်သူလည်း မရှာပါ။ ရန်လိုမှု အငြိုးထားမှု စသည့် အမုန်း တရားလည်း မရှိပါ။ အပြုသဘော၊ အကောင်းသဘော Positive သာ ဖြစ်ပါသည်။

မနက်ဖြန် စစ်အာဏာရှင်ဦးနေဝင်းနှင့် အပေါင်းပါ နအဖ စစ်အာဏာ ရှင်များသည် အကျင့်ဆိုး စရိုက်ဆိုးများကို ခဝါချပြီး ပြည်သူလူထုအစိုးရ၊ ဒီမိုကရေစီအစိုးရစနစ်ကို လက်ခံပါက မြန်မာနိုင်ငံသားများ အချင်းချင်း အားလုံးသည် ငြိမ်းချမ်း သင်္ဂဟများသာ ဖြစ်သွားကြပါလိမ့်မည်။ ဥပမာ အားဖြင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများကို တွေ့မြင်နိုင်ပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ တရားမျှတသော ရွေးကောက်ပွဲနှင့် ဤပုံက်မဲပြား၏ အဆုံးအဖြတ်သာဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံမှ ကွယ်လွန် သူ အာဏာရှင်ကြီးမားကိုစ်၏ ဇနီး အီမယ်လ်ဒါမားကိုစ့်ပင် မဲပြား၏ အဆုံးအဖြတ်ကို ခံယူနေပြီ ဖြစ်ပါသည်။

ငွေချေး၊ ငွေပေး၊ ဆီပေး၊ ဆန်ပေး၊ အရက်တိုက်၊ ထမင်းကျွေးကာ အမိန့်ပေးပြီး ကွင်းပြင်တွင် လူစု၍ ပြည်သူ့ဆန္ဒ ဖော်ထုတ်ပါသည်ဆိုသော ညပ်ဓာတ်သည် ဒီမိုကရေစီ မဟုတ်ပါ။ စစ်အာဏာရှင်တည်မြဲစေရန်၊ အင်းသူပြည်သားများ မွဲသည်ထက် မွဲစေရန်၊ စစ်ဗိုလ်ဆိုးများ နိုးသည်ထက် နိုးနိုင်စေရန် ကိုယ့်ဖဲကိုယ်ဆင်၊ ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ့်ဖဲကိုယ်ဝေ 'ကိုး' ကျသည်က ဦးနေဝင်းနှင့် ဂျူနီယာနေဝင်းတို့၏ ငါမိုကရေစီဝါဒသာ ဖြစ်ပါသည်။

စာရေးသူအနေဖြင့် ဒေါက်တာအက်ဒ်ဝေါဒီဘိုနို (Dr. Edward de Bono) စာပေအယူအဆတစ်ချို့မှ ကောန်မှချ အောင်ပွဲခံမည့် စောဒက တက်ရန်မလိုသော ကောင်းမွန်သည့် ပြည်သူ့တော်လှန်ရေးမူဝါဒ လက်ချ တချို့ကို အောက်တွင် ဖော်ပြပါမည်။

စာဖတ်သူများအနေဖြင့် ယနေ့မြန်မာနိုင်ငံတွင် ပြည်သူတပ်ဦးက ခြေလှမ်းမှန်မှန်ဖြင့် တစ်လှမ်းပြီးတစ်လှမ်း လျှောက်လှမ်းနေသော ဒေါ်အောင် ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၏ နိုင်ငံရေးခြေလှမ်း များနှင့် နဝတဖြစ်လိုက်၊ နအဖဖြစ်လိုက်၊ နိုင်ငံရေးပါတီဖြစ်လိုက်နှင့် ပုံမျက် ပန်းမျက်ဖြစ်နေသော ဦးနေဝင်းနှင့် ဦးနေဝင်းခေါ်သုံးနေသော သားသတ် ကောင် စစ်ထောက်လှမ်းရေးမှူးဟောင်း မျက်မှန်တင်ဦး အပါအဝင် နအဖ စစ်ကောင်စီဝင်များ၏ နိုင်ငံရေးခြေလှမ်းများကို နှိုင်းယှဉ်လေ့လာသုံးသပ်နိုင် ရန် တင်ပြခြင်းသာဖြစ်ပါသည်။

၁။ အရင်းခံစည်းမျဉ်းနှင့် အခြေခံသဘောတရားများ (Principles)

(က) အကျိုးပေါ်ထွန်းခြင်း၊

(ခ) အပြုသဘောဖြစ်သော၊

(ဂ) ရိုသေလေးစားမှု၊

(ဃ) မိမိကိုယ်ကိုယ်မိမိတိုးတက်အောင်ဆောင်ရွက်ခြင်း၊

(င) ပါဝင်ခြင်း၊ ပေးကမ်းခြင်း၊ ထောက်ခံခြင်း၊

၂။ နည်းစနစ်၊ နည်းလမ်း (Methods)

(က) သိနားလည်မှု အမြင်တရား၊

(ခ) အမည်နာမ၊

(ဂ) အထိမ်းအမှတ်၊ လက္ခဏာ၊ အမှတ်အသား၊

(ဃ) စည်းရုံးပုံ၊ စည်းရုံးမှု၊ အစည်းအရုံး၊

(င) ပညာရေး၊

(စ) အတွေးအခေါ်၊

၃။ အစွမ်းသတ္တိတန်ခိုးအင်အား (POWER)

(က) စောဒက တက်စရာ မလိုသော၊ ဟုတ်မှန်သော၊ အကောင်း သဘောရှိသောနှင့် အပြုသဘောဆောင်သော စိတ်ထား ကောင်းများပါဝင်သော အင်အား၊

(ခ) လူကောင်း၊ လူမွန်၊ လူမှန်များအင်အား၊

(ဂ) သိနားလည်မှု ပညာအင်အား၊

(ဃ) ညှိနှိုင်းစီစဉ်ပေးခြင်းနှင့် တဘက်စောင်းနင်းမဖြစ်အောင် ဆောင်ရွက်နိုင်ခြင်း အင်အား၊

(င) ထောက်ခံမှုအင်အား၊

(စ) ကျယ်ပြန့်လာသည့် အင်အား၊

စာရေးသူအနေဖြင့် သုံးသပ်မိသည်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကြီးတွင် အထက်ဖော်ပြပါ အခြေခံ အချက် အလက်များနှင့် ပြည့်ဝကိုက်ညီနေခြင်းကြောင့် အကျိုးပေါ်ထွန်းခြင်း (Effectiveness)၊ ထောက်ခံမှုအင်အား(The Power of Support)နှင့် ကျယ်ပြန့်လာသည့်အင်အား (The Power of Spreading) စသော ရလဒ်များ သည် ပေါ်ထွက်လျက်ရှိနေသည်ကို တွေ့မြင်ရပါသည်။ အကောင်းဘက်ကို အရှိန်အဟုန်ဖြင့် ပြောင်းလဲနေခြင်း (The Positive Revolution) သာ ဖြစ်ပါသည်။

နအဖကောင်စီတွင် ဦးနေဝင်းအနေဖြင့် ထောက်လှမ်းရေးမှူးဟောင်း က်မှန်တင်ဦးအား ခေါ်နိုင်းထားရပြီး တစ်စထက်တစ်စ အကျိုးပေါ်ထွန်းမှု၊ ထောက်ခံမှုနှင့် ကျယ်ပြန့်မှုအင်အားများ ဆုတ်ယုတ်နေပါသည်။

ထို့အပြင် ယခုခေတ်လူများ လက်မခံနိုင်တော့သော အသားအရောင် ခွဲခြားမှု၊ လူမျိုးဘာသာ ခွဲခြားမှု၊ ဆင်းရဲချမ်းသာ ခွဲခြားမှုနှင့် အိမ်ထောင်ဘက် ခွဲခြားမှု စသည့်အစွန်းတရားကို ဖော်ဆောင်ပြီး ကျွန်ဘဝပြန်ရောက်လိမ့် မည်ဟု မတော်မတရား တွေးခေါ်ပြောဆိုကာ ပြည်သူ့ဆန္ဒကို ဆန့်ကျင် ငြင်းပယ်၍ မကောင်းသော အမုန်းတရားဘက်သို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲ နေခြင်း (The Negative Revolution) သာဖြစ်ပါသည်။

ရိုးသားကောင်းမွန်သော စစ်သည်တော်များ၏ အင်အားစုကိုလည်း ဦးနေဝင်းအနေဖြင့် စိတ်မချနိုင်တော့ပါ။ စစ်ထောက်လှမ်းရေးများသာ အားကိုးအားထား ပြုဖွယ်ရာ ဖြစ်လာသောကြောင့် ဗိုလ်ချုပ်ခင်ညွန့်ဦးဆောင် သော စစ်တပ်ထဲတွင် မကောင်းဆိုးဝါးဖြစ်မည့် နောက်ဆုံးခံတပ် နိုင်ငံရေး လက်မဝါကို ဖွဲ့စည်းလိုက်ရပြန်သည်။

အာဇာနည်ဆိုသည်မှာ ထွေးပြီးတံတွေးကို ပြန်မျိုလေ့မရှိပါ။ တိုးပြီးသော ခြေလှမ်းကို ပြန်ရုပ်လေ့မရှိပါ။

တိုးပြီးခြေလှမ်း နောက်မဆုတ်တမ်း။

အောင်ပွဲသည် လက်တကမ်းသာ လိုပါတော့သည်။

❖

## ဖြောင့်ဖြောင့်မှန်မှန် သံတမန်

နိုင်ငံတစ်နိုင်ငံသည် တစ်ပါးကျွန်ဘဝမှ လွတ်မြောက်လာလျှင်သော်လည်းကောင်း၊ ခွဲထွက်ပြီး နိုင်ငံသစ် ထူထောင်ကြလျှင်သော်လည်းကောင်း ပထမဆုံး အပြေးအလွှားတည်ထောင်ဆောင်ရွက်ကြသည်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန ဖွဲ့စည်းပြီး နိုင်ငံရပ်ခြားတွင် မိမိနိုင်ငံသံရုံးများ ဖွင့်လှစ်ခြင်း။ လေယာဉ်ကုမ္ပဏီများတည်ထောင်ပြီး နိုင်ငံပိုင်လေယာဉ်ပျံများ နိုင်ငံတကာသို့ ပျံသန်းခြင်းများပင်ဖြစ်ပါသည်။

အမိနိုင်ငံ၏ သံရုံးများကို နိုင်ငံရပ်ခြားတွင် ဖွင့်လှစ်ပြီး မိမိနိုင်ငံ၏ နိုင်ငံတော်အလံကြီးကို ကြွားကြွားဝံ့ဝံ့လွှင့်ထူလို ကြပါသည်။ လေယာဉ်ပျံများဝယ်ပြီး မိမိနိုင်ငံတော်၏ အလံတော်ကြီးကို လေယာဉ်ပျံကိုယ်ထည်ပေါ်တွင် တံဆိပ်ခတ်ကာ နိုင်ငံတကာသို့ မော်မော်ကြွားကြွား ပျံသန်းပြသချင်ကြပါသည်။

မြန်မာနိုင်ငံသည် တစ်ပါးကျွန်ဘဝမှ လွတ်မြောက်လာခဲ့သည်မှာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပါပြီ။ မြန်မာ့အလံတော် တံဆိပ်ခတ်နှိပ်ထားသော လေယာဉ်ပျံများ ဥရောပတိုက်နှင့် အမေရိကတိုက်များသို့ ပျံသန်းလာသည်ကို မတွေ့ကြုံဖူးသေးပါ။ နောက်ပိုင်းမှသာ နိုင်ငံဖြစ်လာသော ဘင်္ဂလားဒေ့ရှ် နိုင်ငံပိုင် ဘီမန်းလေယာဉ်ပျံများကိုပင် ဥရောပနှင့် အမေရိကန် လေဆိပ်ကြီးများတွင် တွေ့မြင်ဖူးပါသည်။

မြန်မာအလံတော် တံဆိပ်ခတ်နှိပ်ထားသောလေယာဉ်ပျံများကို မတွေ့မမြင်ရယုံတင်မက၊ တစ်နေ့က လန်ဒန်မြို့ရှိ မြန်မာသံရုံးရှေ့၌ ဆန္ဒသွားပြရာမှာပင် မြန်မာသံရုံးတွင် မြန်မာနိုင်ငံတော်အလံလွှင့်ထူထားသည်ကိုပင် မတွေ့မြင်ခဲ့ရပါ။

ဒီမိုကရေစီ တောင်းဆိုသူများအနေဖြင့် ပါလီမန်ဒီမိုကရေစီခေတ်က အသုံးပြုသော ကြယ်ငါးပွင့်ပါ မြန်မာ့အလံတော်ကို အသုံးပြုနေကြပါသည်။ နအဖကောင်စီအနေဖြင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတနိုင်ငံတော် ဆိုသော နိုင်ငံအမည်ကို မသုံးတော့ဘဲ ပါလီမန် ဒီမိုကရေစီခေတ်ကအတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံဟု သုံးစွဲကာ အလံကိုတော့ ကြယ်ဆယ့်လေးပွင့်ပါ ဆိုရှယ်လစ်အလံကို အသုံးပြုနေပြန်ပါသည်။

တော်လှန်ရေးကောင်စီမှ ယနေ့ နအဖ စစ်ကောင်စီအထိ နိုင်ငံတော်သီချင်းကို လွှတ်လပ်ရေးရခါစ ပါလီမန်ဒီမိုကရေစီခေတ်က နိုင်ငံတော်သီချင်းကိုပင် အသုံးပြုနေကြပါသည်။

၁၉၇၄ ခုနှစ်က ဦးနေဝင်းအနေဖြင့် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို တစ်ပါတီစနစ်ဖြင့် တစ်သွေးတသံ တစ်မိန့်ဖြင့် အုပ်ချုပ်နိုင်သော်လည်း ဉာဏ်ရည်မီသော ပညာရှင်များနှင့် ဦးတည်ချက် တိတိပပမရှိသောကြောင့် နိုင်ငံတော်သီချင်းကို တိတိပပ မပြဋ္ဌာန်းနိုင်ခဲ့ပဲ ဆိုင်းငံ့ထားသည်မှာ ယနေ့အထိပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အလံလည်း မယ်မယ်ရရ မရှိ၊ နိုင်ငံတော်သီချင်းလည်း တိတိပပမရှိပါ။

စစ်ခေါင်းပြ သူခိုးများကတော့ နိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမရှိသေး၍ဟု ဆင်ခြေပေးကြပါလိမ့်မည်။

နိုင်ငံတော်တွင်ရှိပြီးသား ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ဖျက်ဆီးပစ်သူများသည်လည်း ဦးနေဝင်းနှင့် အပေါင်းပါ စစ်ဝါဒီများသာ ဖြစ်ပါသည်။

နိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိပြီး တရားဥပဒေစိုးမိုးသော နိုင်ငံတစ်နိုင်ငံဖြစ်လာပါက သူခိုးခေါင်းပြ၊ အကြမ်းဖက်သမားများ နိုအောင်း၍ မရနိုင်ကြောင်း ဦးနေဝင်းနှင့် နအဖကောင်စီဝင် သူခိုးခေါင်းပြများ သဘောပေါက် သိနားလည် ကြပါသည်။

ဥပဒေရှိလျှင် စစ်ခါးပြသူခိုးများ မရှိနိုင်ပါ။

စစ်ခါးပြသူခိုးများ ရှိနေလျှင်လည်း ဥပဒေမရှိနိုင်ပါ။

အဖိမြန်မာနိုင်ငံတော်ကြီးတွင် အလဲလည်းမရှိ၊ အသဲလည်းမရှိ၊ ဥပဒေလည်းမရှိတော့ကြောင်းကို အများပြည်သူအတွက် အဆင်းရဲအနစ်နာခံ ခဲ့ရှာသော ဗမာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်း ဆောင်ကြီးများကိုသာ တမ်းတကိုင်တည်မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့တပ်မတော်၏ ဖခင်ကြီးဖြစ်သကဲ့သို့ နိုင်ငံရေးသူတို့ သံတမန်များ၏ ဖခင်ကြီးလည်း ဖြစ်ပါသည်။

၁၉၄၇ ခုနှစ်ဇွင်း ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့ လက်မှတ်ရေးထိုးခဲ့ကြသော "အောင်ဆန်း-အက်တလီ" စာချုပ်အရ ၁၉၄၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ တွင် ကိုယ့်မင်းကိုယ့်ချင်း ဖြစ်လာတော့မည့် ဗမာလူမျိုးနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် ပထမဦးဆုံး နိုင်ငံခြားရေး ဌာနကို တစ်သီးတစ်ခြား ဌာနတစ်ခုအဖြစ် တည်ထောင်ခွင့်ရရှိခဲ့ပါသည်။

နိုင်ငံခြားရေးဌာန၏ ပထမဦးဆုံးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူမှာ နာယကဂုဏ်အပေါင်းနှင့်ပြည့်စုံသော ဖခင်ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်ပါ သည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းရမည့် သံတမန်စစ်မျက်နှာတွင် တိုင်း ပြည်နှင့် လူမျိုးဂုဏ်ကို မညှိုးနွမ်းစေရန်အတွက် သီလဂုဏ်၊ သမာဓိဂုဏ်နှင့် နာယကဂုဏ်စသည့် ဂုဏ်အပေါင်းနှင့် ပြည့်စုံသောနိုင်ငံတော်ရှိ လူကောင်း၊ လူမွန်၊ လူချွန်ကြီးများ ရာထူးများတွင် ဆန်ခါတင်ရွေးချယ်၍ ခန့်အပ်ခဲ့ ပါသည်။

တိုင်းပြည်လွတ်လပ်ရေး ရရှိခဲ့သည်မှစ၍ ယနေ့အထိ နိုင်ငံခြားရေး ဝန်ကြီး ၁၇ ယောက်ရှိခဲ့ပြီး သံအမတ်ကြီးပေါင်း ၁၈၀ ကျော် ရှိခဲ့ပြီးဖြစ်ပါ သည်။ စစ်ထောက်လှမ်းရေးဟောင်း ဦးဝင်းအောင် (စည်သူဗြိမ်းအေး) သည် ၁၈ ယောက်မြောက် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ပါသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံခြား ရေးဝန်ကြီး ၆ ဦးတို့မှာ (၁) ဗိုလ်ချုပ်အောင်ဆန်း (၂) ဦးကျော်ငြိမ်း (၃)

ဦးအေးမောင်၊ (၄) ဦးစဝ်ခွန်ချို၊ (၅) ဦးသိန်းမောင်နှင့် (၆) ဦးချန်ထွန်းအောင် တို့ဖြစ်ပါသည်။

တော်လှန်ရေးကောင်စီနှင့် မဆလခေတ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး ၉ ဦးတို့မှာ (၁) ဦးသီဟာန်၊ (၂) ဒုတိယဗိုလ်မှူးကြီး ဒေါက်တာမောင်လွင်၊ (၃) ဗိုလ်မှူးကြီး ဒေါက်တာလှဟန်၊ (၄) ဗိုလ်မှူးကြီးကျော်စိုး၊ (၅) ဗိုလ်မှူးကြီးလှဖုန်း၊ (၆) ဗိုလ်မှူးချုပ်မြင့်မောင်၊ (၇) စစ်ထောက်လှမ်းရေး ဒုတိယဗိုလ်မှူးကြီးလေးမောင်၊ (၈) ဗိုလ်မှူးချုပ်ချစ်လှိုင်(ရေ)၊ (၉) ဒုတိယဗိုလ်မှူးကြီးရဲခေါင်တို့ ဖြစ်ကြပါသည်။

နဝတခေတ်တွင် ခန့်အပ်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး ၂ ဦးတို့မှာ (၁) ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်၊ (၂) ဦးအုံးကျော်တို့ ဖြစ်ကြပါသည်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငယ်မွေးခြံပေါက်သံတမန်ဆိုပါက ဦးအုံးကျော် တစ်ဦးတည်းသာ ရှိခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးများထဲတွင် ရှမ်းစော်ဘွားကြီး ဦးစဝ်ခွန်ချိုသည် ဗြိတိန်နိုင်ငံ၊ ကိန်းဘရစ်တက္ကသိုလ်ထွက် ပညာတတ်တဦးဖြစ်ပြီး ဗြိတိသျှ လူမျိုးနီးသည်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးရာထူးကို ၂ ကြိမ်ထမ်းဆောင် ခဲ့ပြီး သက်တမ်းအားဖြင့် (၉) နှစ်ကျော် ထမ်းဆောင်သွားခဲ့သော ဖိုးသက်ရှည် နိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်ပါသည်။

နဝတစစ်ကောင်စီခေတ်အထိ သံအမတ်ကြီး ရာထူးပေါင်း ၁၈၀ ကျော်ခန့် ခန့်အပ်ခဲ့ရာတွင် အရပ်သား ၇၉ ဦးရှိခဲ့ပြီး စစ်ဗိုလ် ၁၀၃ ဦး ရှိခဲ့ကာ အရပ်သားထဲတွင် ငယ်မွေးခြံပေါက် သံတမန်ဝန်ထမ်း ၁၆ ဦးသာ ပါဝင်ခဲ့ပါသည်။

စစ်ဗိုလ်သံအမတ်ကြီးများတွင်လည်း ကြည်းတပ်မှ ၇၉ ဦး၊ ရေတပ်မှ ၁၄ ဦးနှင့် လေတပ်မှ ၈ ဦးရှိခဲ့ပါသည်။

၁၉၆၂ ခုနှစ်မှစတင်၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းသည် နာယကဂုဏ် ခေါင်းပါးခဲ့သကဲ့သို့ စစ်ဗိုလ် နိုင်ငံခြားရေးဝန်ကြီးများနှင့် စစ်ဗိုလ်သံအမတ်ကြီးအများစုသည်လည်း ဗိုလ်ချုပ်ကြီးနေဝင်း၏ ပိုးစားနေသော အကျင့်စာရိတ္တကို သံတမန်စစ်မျက်နှာသို့ သယ်ဆောင်လာသူများသာ ဖြစ်ကြပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ မကောင်းဆိုးဝါးဂိုးမွှားများသည် သံတမန်လောကတွင်သာမက သံဃာတော်လောကနှင့် ပညာရှင်လောကများတွင် ဒိုက်စားနေပြီဖြစ်ပါသည်။

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့က နော်ဝေးနိုင်ငံရှိ ဒီမိုကရက်တစ်မြန်မာ့အသံက နအဖကောင်စီအတွင်း ရာထူးဖြုတ်ထုတ်ခန့်သည့် အိုးလုပွဲကိစ္စနှင့် ပတ်သက်၍ ရှုထောင့်အသီးသီးကို ထုတ်လွှင့်ခဲ့ရာတွင် လန်ဒန်မြို့၊ မြန်မာသံရုံးမှ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးခင်မောင်ကြည်က မြန်မာနိုင်ငံ၏ အရေးပါအရာရောက်သော နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝန်ကြီးဖြစ်လာသည့် ဦးဝင်းအောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြထားခဲ့သည်ကို နားသောတဆင်သူတစ်ချို့ ကြားသိခဲ့ကြပြီး ဖြစ်ပါလိမ့်မည်။

"ဦးဝင်းအောင်ဟာ စည်သူငြိမ်းအေး ကလောင်အမည်ဖြင့် စစ်အစိုးရ သက်ဆိုးရှည်အောင် လုပ်ဇာတ်ဆောင်းပါးများကို ကြေးမုံသတင်းစာနှင့် မြက်ခင်းသစ်မဂ္ဂဇင်းတွင် ရေးသားနေတာတွေ့ရကြောင်း၊ ဦးနေဝင်း၏မြေး- ဒေါက်တာခင်စန္ဒာဝင်း၏သားကြီး မောင်အေးနေဝင်းသည် လန်ဒန် တက္ကသိုလ်မှာ ဥပဒေပညာကိုသင်ကြားနေကြောင်း၊ ယခုနှစ် ပညာသင်နှစ်က စတင်ပြီး မောင်အေးနေဝင်းသည် သံအမတ်ကြီး ဦးဝင်းအောင်နေအိမ်တွင် နေကြောင်း၊ ဦးနေဝင်း၏မြေးအပြင် ရန်ကုန်မြို့က ခေတ်ပျက်သူဌေး ဒေါက်တာတွဲ့ အတုရရှိသူ ဦးခင်ရွှေ၏သမီးငယ် မဇော်ဇော်နှင့် ရတနာကုန်သည် ရွှေဘိုဦးမြင့်စိုး၏သမီးငယ် မစုရီဝင်းတို့သည်လည်း လန်ဒန် တက္ကသိုလ် တက်ခွင့်ရရှိရန် တစ်နှစ်လျှင် ပေါင်စတာလင် ၉၀၀၀ တိတိ ပေးပြီး အင်္ဂလိပ်စာသင်တန်းတက်နေကြရင်း သံအမတ်ကြီး ဦးဝင်းအောင် နေအိမ်တွင် ဘော်ဒါနေကြကြောင်း၊ ရတနာကုန်သည်ဦးမြင့်စိုးသည် လန်ဒန်မြို့သို့ရောက်ရှိလာကာ သမီးငယ်အား ဦးဝင်းအောင် အိမ်တွင်ထားခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံသို့ အကြေးငွေများသိမ်းဆည်းရန် ယခုနှစ် အောက်တိုဘာလ အတွင်းက ထွက်ခွါသွားကြောင်း စသည်များကို ဆက်စပ်ပြောဆိုသွားသည့် အပြင် ဦးဝင်းအောင်ဟာ နိုင်ငံခြားရေးဝန်ကြီး ရာထူးရခြင်းသည် သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပညာဂုဏ်များကြောင့် မဟုတ်ဘဲ ဦးနေဝင်း၏ မြေးကို

အိမ်ပေါ်တင်ပြီး စောင့်ရှောက်ထား၍ ဆုကြေးရခြင်းသာဖြစ်ကြောင်း။ နောက်ဖေးပေါက်ကတက်ပြီး သံအမတ်ကြီးရာထူးမှ ခုန်ပျံကျော်လွှား၍ နိုင်ငံခြားရေးဝန်ကြီးဖြစ်သွားကြောင်းနှင့် ယနေ့မြန်မာနိုင်ငံတွင် အရေးပါအရာ ရောက်သောရာထူးကြီးများကို ဦးနေဝင်းနှင့်မိသားစုက ချယ်လှယ် ပေးသနား နေခြင်းသာဖြစ်သည်ကို ဤဖြစ်ရပ် သာဓကများက သက်သေပြလျက်ရှိ ကြောင်း စသည်များ ဖြစ်ပါသည်။

ဦးခင်မောင်ကြည်၏ သုံးသပ်တင်ပြချက်ကို ရေဒီယိုကိုနားထောင် လိုက်ရသော အတွင်းသိများက ဟုတ်လိုက်လေဗျာ၊ မှန်လိုက်လေဗျာဟု ချီးကျူးသြဘာပေးနေကြပြန်ပါသည်။

စည်သူဗြိမ်းအေးအမည်ခံ သံအမတ်ကြီးဦးဝင်းအောင်သည် သံအမတ် တစ်ဦးပီသသူ မဟုတ်ပါ။ နိုင်ငံအချင်းချင်း အပြုသဘောဆောင်သော တံခါးပိတ် အစည်းအဝေးပွဲကြီးများတွင်ပင် ကုလသမဂ္ဂမှ ပုဂ္ဂိုလ်များအား လူလိမ်လူညာကြီးဟု မိုက်မဲရိုက်စိုင်းစွာ ပြောဆိုသုံးနေ၍ နိုင်ငံခြားသားများ က ပညာသားပါပါ ရယ်ရွှန်းဖတ်ရွှန်းဖြင့် သံတမန်စကားဖြင့် တုံ့ပြန်သော ကြောင့် အများဝိုင်းရယ် လှောင်ပြောင်ခြင်းကို အကြိမ်ကြိမ်ခံသွားရပါသည်။ (တစ်ကြိမ်တွင် သံမှူးကြီး ဗိုလ်မှူးထွန်းထွန်းက ကုတ်အင်္ကျီချွတ်ပြီး တင်ပါးဆုံ ပုတ်ကာ ဒေါသကြီးရန် ဟန့်တားဖူးခဲ့ပါသည်။) အင်္ဂလိပ်နှင့်မြန်မာ အချင်း ချင်းမုန်းစကို ရှည်စေမည့် ရေးခြောက်ရေနှုးသည့် ဆောင်းပါး အစောင် စောင်ကို ရေးသားခဲ့ပါသည်။ သံတမန်ဆိုသည်မှာ နှစ်နိုင်ငံအစိုးရ အချင်း ချင်းမပြေလည်သေးပါက ပြေလည်လာစေရန် ကြားဝင်စေ့စပ်ပေးရပါမည်။ ဝါဒခြင်း မတူကြလျှင်ပင် ချစ်စကိုကောက်ပြီး လူမျိုးအချင်းချင်း ရင်ကြား စေ့အောင် စွမ်းဆောင်နိုင်ရပါမည်။ အကောင်းဘက်ကို ဦးတည်ပြီး အဆိုး ဘက်ကို လျှော့ပေါ့စေရပါမည်။ ကက်ကက်လန်ရန်တွေ့ရန် မဟုတ်ပါ။ သံအမတ်ကြီး ဦးဝင်းအောင်သည် သံတမန်စစ်တလင်းတွင် နှုတ်သီးကောင်း လျှာပါးသော ငါးစိမ်းသည်တစ်ဦးဟုသာ အများတကာ အကဲခတ်မိနေပါ သည်။ ထို့အပြင် စည်သူဗြိမ်းအေး ကလောင်အမည်ဖြင့် ဦးဝင်းအောင်၏ ဆောင်းပါးတစ်ပုဒ်တွင် ယိုးဒယား၊ မလေးရှား၊ စင်္ကာပူနှင့် တောင်ကိုရီးယား နိုင်ငံများတွင် စီးပွားရေး ကျဆင်းနေသောကြောင့် အလုပ်လက်မဲ့ဖြစ်ကာ

မြန်မာနိုင်ငံသို့ပြန်လာကြရမည့် ရွှေမြန်မာများအား လယ်တောခွင်က စောင့်ကြိုနေပါတယ်။ မြန်မာနိုင်ငံတွင် မြေရိုင်းမြေလွတ်များ များစွာရှိနေသေးသရွေ့ လယ်ယာစိုက်ပျိုးစားကြဖို့ လယ်သမားဘဝကို ခံယူကြဖို့ ဆော်ဩရေးသားထားပါသည်။ ယင်းဆောင်းပါးကို ဖတ်ရသူများက သူများသားမို့ သမီးမို့များကိုတော့ မြန်မာပြည်ပြန်ပြီး လယ်တောထဲမှာ အလုပ်လုပ်ကြ၊ သူ့သားများကိုတော့ အမေရိကန်နိုင်ငံသို့ပို့ပြီး ကုလသမဂ္ဂအဖွဲ့ကြီးမှာ ဆောက်မြေ ငြိမ်း ရရာအလုပ်ကို ဝင်လုပ်စေဖို့ စေလွှတ်ထားတယ်။ တော်တော်တရားဟောရာ ကောင်းပါတယ်။ တော်တော် ဇလောင်းဇလဲနိုင်တဲ့ ဦးဝင်းအောင်ပဲဟု ပြင်းတင်ဝေဖန်နေကြပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရေးဝန်ကြီး လက်အောက်ရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် အဖွဲ့ရုံး (ကုလသမဂ္ဂရုံးချုပ်ရှိ နယူးယောက်မြို့နှင့် ဂျနီဗာမြို့တွင် မြန်မာအဖွဲ့ရုံးများ ရှိပါသည်။) များတွင် တာဝန်ထမ်းဆောင်နေကြရသော မြန်မာ သံတမန်ဝန်ထမ်းများအတွက် (၁) ခရီးသွားလာရေးဥပဒေ (၂) ဆေးဝါးကုသခွင့်ဥပဒေ၊ (၃) နေရာထိုင်ခင်းဥပဒေ စသည်ဖြင့် ဥပဒေစည်းမျဉ်းများရှိပါသည်။

ဥပမာအားဖြင့် ခရီးသွားလာရေးဥပဒေတွင် သံတမန်ဝန်ထမ်းနှင့် အတူတကွ အစိုးရစရိတ်ဖြင့် ခေါ်ဆောင်သွားသော သားသမီးနှင့် အိမ်ဆောင်မှုအကူအငှဲများကို နိုင်ငံရပ်ခြားတွင် မိမိအလုပ်ဝတ္တရား ပြီးဆုံးသွားသောအခါ ချန်မထားခဲ့ရဘဲ ဝန်ထမ်းနှင့် အတူတူ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ခဲ့ကြရပါမည်။ နိုင်ငံခြားတွင်လည်း အလုပ်လုပ်ခွင့်မရှိပါ။

ထို့အပြင် နေရာထိုင်ခင်း ဥပဒေတွင်လည်း နိုင်ငံတော်အစိုးရက ဝယ်ထားသောအိမ်၊ ငှါးရမ်းပေးသောအိမ်၊ မီးခ၊ ရေခ၊ တယ်လီဖုန်းခသည်များကို အစိုးရကပေးဆောင်ထားသော နေအိမ်များတွင် ဝန်ထမ်းမိသားစုနှင့် အိမ်ဖော်များသာ နေခွင့်ရပါသည်။ သူစိမ်းတရံနှင့် ကျောင်းသားပညာတော်သင် စသည်များ နေထိုင်ခွင့် မရှိပါ။ ခေတ်အဆက်ဆက်ကပင် ပြဿနာပေါင်းသောင်းခြောက်ထောင်ရှိခဲ့၍ တင်းတင်းကြပ်ကြပ် ဥပဒေစည်းမျဉ်းများဖြင့် တားဆီးထားပါသည်။

ဤမျှခည်သော ဝန်ထမ်းစည်းကမ်း၊ စည်းမျဉ်းဥပဒေပေါင်းစုံကို ရိုး သားစွာ လိုက်နာခဲ့သော သံအမတ်ကြီး ဦးဝင်းအောင်သည် ယခု ဝန်ကြီးဖြစ်သွားပါပြီ။ ဦးဝင်းအောင်အား လူသံတမန်များတော့ လေးစားကြမည်မဟုတ်ပါ။

ထို့အပြင်၊ ၄င်းအပြင်၊ ထို့အပြင် ရေးစရာတွေက များလှပါသည်။ စာရေးသူသည် အဖြစ်မှန်များကို မှတ်တမ်းတင်ယူသူသာ ဖြစ်ပါသည်။ အတွင်းအပြင်က ကုန်ကြမ်းပေးသူ များလှပါသည်။ အစိုးရဝန်ထမ်းကို အများပြည်သူဘဏ္ဍာတော်တို့ကို ကိုယ်ရေးကိုယ်တာအတွက် ရိုက်စားသွား သည်များကိုသာ ရေးသားပါမည်။ ဦးဝင်းအောင်၏ ဇနီး တင်ပါးကြီးသော စစ်သူနာပြု ဗိုလ်မှူးစံယုံအကြောင်းကိုတော့ မရေးပါရစေနဲ့ဟု ကုန်ကြမ်းပို့ သူအား တောင်းပန်ပါရစေခင်ဗျာ။ နိဂုံးချုပ်ပါတော့မည်။

နအဖ စစ်ကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဦးဝင်းအောင်တို့သည်လည်း စစ်ထောက်လှမ်းရေး အချင်းချင်း နားလည်မှု တော့ ရှိကြစေလိုပါသည်။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာသံအမတ် ကြီးများသည် နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်၍ ပြီးဆုံးသောအခါ ကိုယ်နှင့် တပါတည်း ခေါ်ဆောင်သွားကြသော သားသမီးများကို နိုင်ငံ ရပ်ခြားတွင် ချန်ထား ရစ်ခဲ့ကြသည်။ သံအမတ်ကြီးများ ထားရစ်ခဲ့သော သားသမီးများသည် အစိုးရအား ဆန့်ကျင်ဘက်များ ဖြစ်နေကြသည်ကို ပြစ်တင်ဝေဖန်ပါသည်။ သို့ရာတွင် ဗိုလ်ချုပ်ခင်ညွန့်ပြောဆိုသော သံအမတ် ကြီးများသည် အများအားဖြင့် စစ်ဗိုလ်များဖြစ်ကြကာ အငြိမ်းစားယူကြရန် မြန်မာပြည်တော်ပြန် ခရီးဖြစ်ကြကာ သားသမီးများအတွက် မိမိဘဝတွင် မျှော်လင့်စရာ ရာထူး မရှိတော့၍ ခွန်စား၍ ထားခဲ့ကြခြင်းဖြစ်ပါသည်။ ဖြုတ်စရာ ရာထူးလည်း မရှိတော့၍ အရေးယူလျှင်လည်း လည်စင်းခံကြ ရန်သာ ဖြစ်ပါသည်။

ယခုဇာတ်လမ်းတွင် အငြိမ်းစားယူရန် ပြည်တော်ပြန်သူမဟုတ်သော ဦးဝင်းအောင် (ဝါ) စည်သူငြိမ်းအေးက အမှန်လမ်းကို ဦးတည်လျှောက်နေ သော နအဖကောင်စီ၏ သံတမန်စစ်ကဲကြီး။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ရရှိကြရန်နှင့် တရားဥပဒေစိုးမိုးရန် တရားဥပဒေအုပ်ချုပ်မည့် လူထုအစိုးရ ဒီမိုကရေစီအစိုးရမျိုး ပေါ်ပေါက်ရန်

အသေ စစ်ကောင်စီအား အရေးယူ ဒဏ်ခတ်ပြစ်တင် ရှုံ့ချနေသော အလင်းလမ်းကို ဦးတည်လျှောက်နေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ရုံးချုပ်တွင် အလုပ်သမ်းလုပ်နေသော ဦးဝင်းအောင် (ဝါ) စည်သူငြိမ်းအေး၏ သား မောင်ညီငြိမ်းအေး။

စည်သူငြိမ်းအေးက "အမှောင်လမ်း"၊ ညီငြိမ်းအေးက "အလင်းလမ်း"၊ "အဌနိုးနှစ်ဖက် ပြဇာတ်" "ချက်ကြ-ချက်ကြ- နောင့်ပေ-နောင့်ပေ"။

ဖင်တတွန့်တွန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ကတော့ ဝိရူပ ပြဇာတ်ကို သဘောကျပြီး စည်သူငြိမ်းအေးနှင့် ညီငြိမ်းအေးတို့ပြဇာတ်ကို မြန်မာသံတမန် ဇာတ်ရုံကြီးတွင် တင်ဆက်လာပြန်ပါသည်။

စာရေးသူအနေဖြင့်လည်း ထိုဇာတ်ထဲ မျောပါသွား၍ ပြည်သူအပေါင်းက ဆုမွန်ကောင်းတောင်းရန်ပင် နှောင့်နှေးသွားပါသည်။ မဖြောင့်မနေသော မြန်မာသံတမန်လောကကြီးအတွက်လည်း ရင်လေးနေမိပါသည်။ အခုအခါအခါအခွင့် တိုင်းရင်းသားလူမျိုးများအားလုံး မသူတော်များလက်အောက်မှ အမြန်ဆုံးလွတ်မြောက်ကြစေလိုပါကြောင်းမျှသာ ဖြစ်ပါသည်။

❖

## ငြိမ်းချမ်းစေရန် တည့်မတ်ဖြောင့်မှန်

နိုင်ငံတော်ငြိမ်းချမ်းသာယာ စည်ပင်ဝပြောရေးအတွက် အကြောင်း ဆယ်ပါးကို ရှေးကျမ်းဂန်စာပေများတွင် အောက်ပါအတိုင်း မှတ်သားဖူးပါ သည်။ နေလပြုလ်သွားမှန်သည်၊ မိုးမှန်စွာရွာသည်၊ မြေဩဇာရှိ၍ အသီး ကောင်းသည်၊ သစ်ကျားစသော အန္တရာယ်မရှိသည်၊ မုဒိမ်းတန့်ငြိမ်းသည်၊ စစ်မက်မရှိသည်၊ အချင်းချင်းမညှဉ်းဆဲသည်၊ တရားဖြောင့်မတ်သည်၊ ရတနာသုံးပါးကို ရိုသေသည်၊ ရဟန်းတို့ သာသနာကိုစောင့်သည်။

အထက်ပါအကြောင်းဆယ်ပါးတွင် တဝက်ကျော်လောက်သော အကြောင်းတရားများသည် ယနေ့မျက်မှောက် မြန်မာ့လူဘောင်တွင် မမှန် မကန် ဖြစ်နေဆဲဖြစ်ပါ၍ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာစည်ပင်ဝပြော နေသော နိုင်ငံတစ်နိုင်ငံ မဟုတ်သည်မှာ ထင်ရှားလှပါသည်။

ငြိမ်းချမ်းရေးစာစောင်ကို ထုတ်ဝေသူများဖြစ်သည့် ဂျာမဏီနိုင်ငံရှိ ဒီမိုကရေစီဘက်တော်သားများက 'ငြိမ်းချမ်းရေးချိုးငှက် ကမ္ဘာတဝှမ်းနှင့် မြန်မာပြည်အပေါ် ပျံဝဲပါစေ' ဟူသော စေတနာမေတ္တာမွန်သည် စာရေးသူ၏ ရင်ထဲသို့ ထိုးစိုက်ဝင်လာပြန်ပါသည်။

ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ကြီးကိုဖွဲ့စည်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေး မြန်မာပြည် ငြိမ်းချမ်းရေးကို သေတပန် သက်တဆုံး ကျိုးစားအားထုတ်သွား ရှာသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေး ချိုးဖြူငှက်ငယ် တို့သည်လည်း ရင်ထဲတွင် ရန်းကန်ရှင်သန်လာပြန်ပါသည်။ ကိုယ့်လူမျိုးများ

အချင်းချင်း ငြိမ်းချမ်းရမည်ဟူသော သန္နိဋ္ဌာန်သည်လည်း အောင်စည်တီး အောက်သို့ မြည်ဟည်းလာပြန်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်ရှိ ဆရာကြီးနေအိမ်သို့ ရခိုင်လူငယ် ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးချမ်းသာ ခေါ်ဆောင်သွား၍ နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရောက်ဖူးပါသည်။ ဆရာကြီးအား ဂါရဝပြုပြီး ဆရာကြီး၏ ဩဝါဒကိုလည်း ခံယူဖူးခဲ့ပါသည်။ ဆရာကြီး၏ ငြိမ်းချမ်းရေးချီတက်ပွဲများတွင်လည်း ပါဝင်ချီတက်ပြီး "စစ်ကို မုန်းတီးကြပါ"ဟု အသံကုန်ကြွေးကြော်ဖူးခဲ့ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ပညာအမြော်အမြင် ကြီးသည်။ တုနှိုင်းစရာ မရှိယုံသာမက လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန ကင်းငြိမ်းသူ ပုဂ္ဂိုလ်ထူးကြီးတစ်ဦးဖြစ်ကာ ကိုယ်တိုင်ငြိမ်းချမ်းသူ၊ ကိုယ်တိုင် သည့်မတ်ဖြောင့်မှန်သူဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် မြန်မာ့ငြိမ်းချမ်းရေးကို ဆရာကြီးဦးဆောင်လှုပ်ရှားခြင်းသည် အလွန်သဘာဝကျလှပေသည်။ နိုင်ငံ ပေါင်းများက ဆရာကြီးအား ငြိမ်းချမ်းရေးဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြပါသည်။ ဆရာကြီး၏ မေတ္တာစေတနာဆန္ဒ၊ ငြိမ်းချမ်းစေလိုမှုတို့သည် မြန်မာပြည်ကို ဦးဆောင်ဦးရွက် ပြုနေသူများအပေါ် ခြောင်းသင့်လှပါသည်။

သို့ရာတွင် ဆရာကြီး၏ တပည့်တပန်းများနှင့် လုပ်ဖော်ကိုင်ဘက်များ ဖြစ်ကြသည့် နိုင်ငံရေးသမားဆိုသူများသည် ဝါဒကွဲများနှင့် အချင်းချင်း အငြင်းမြတ်မှုများက လွန်ကဲလွန်း၍သာလျှင် ယနေ့ မြန်မာနောင်းလူသား မျိုးဆက်များသည် ကမ္ဘာ့အလယ်တွင် အောက်တန်း၊ နောက်တန်းသို့ ရောက်နေကြရပါသည်။

ဆရာကြီးတို့၏ တို့ဗမာအစည်းအရုံးဝင်အချင်းချင်း၊ သခင်မျိုးဟော င်းမာဆိုသူ အချင်းချင်းခဲ့ကြသည်။ မီးတုတ် မီးတုတ် ရှို့ရှို့ဆိုပြီး တို့ဗမာ အချင်းချင်း ရှို့ကြသည်။ ဗမာအချင်းချင်း ခဲ့ကြ၊ ကွဲကြ၊ ပြဲကြ၊ သတ်ကြ၊ ဖြတ်ကြပြန်တော့ ဗမာခေါင်းဆောင်မှုအောက်၊ ရန်ကုန်ဗဟိုရှိ နိုင်ငံရေး ခေါင်းဆောင်များအောက်တွင် နေထိုင်ကြသော ကရင်၊ ကချင်၊ မွန်၊ ရခိုင်၊ ချင်းနှင့် ကယား စသည့်လူမျိုးစုများလည်း အချင်းချင်းခဲ့ကြ၊ ကွဲကြ၊ ပြဲကြ၊ သတ်ကြ၊ ဖြတ်ကြ ဖြန်ပါသည်။

၂၀ ရာစုနှစ်တွင် ဖြစ်ပေါ်သော အရင်းရှင်စနစ်နှင့် ဆိုရှယ်လစ်စနစ် နှစ်ခုအကြား အားပြိုင်မှုများ၏ ဂယက်ရိုက်ခတ်မှုဟု ပြောဆိုနိုင်သော်လည်း ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သော မြန်မာနိုင်ငံတွင် ဤကဲ့သို့ မေတ္တာတရား ပျက်ပြယ်သွားသော အားပြိုင်မှုမျိုး၊ ပြည်တွင်းစစ်မျိုးမဖြစ်သင့်ပေ။ ယခု အချိန်တွင်လည်း နအဖ စစ်ကောင်စီကဲ့သို့ ကိုယ့်လူမျိုးအချင်းချင်း စားပွဲဝိုင်း တွင် မျက်နှာချင်းဆိုင် အဖြေမရှာလိုသော အစွန်းရောက်များ မရှိသင့်ပါပေ။

အိန္ဒိယနိုင်ငံမှ တစ်ဆင့်သွင်းကုန်အဖြစ် ဝင်လာသော ဆိုရှယ်လစ်ဝါဒ ကွန်မြူနစ်ဝါဒများသည် တို့ဗမာသခင်များ လောကတွင် အမြစ်တွယ်လာပြီး ကျောင်းနေဘက်အချင်းချင်း၊ လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးသမား အချင်းချင်း၊ သွေးသောက်အာဇာနည် ရဲဘော်သုံးကျိပ်ဝင်စစ်သည် အချင်းချင်း ဝါဒမှိုင်းများ ပိလာကြကာ သခင်နုနှင့် သခင်သန်းထွန်း၊ သခင်သန်းထွန်းနှင့် သခင်စိုး၊ ဗိုလ်လကျာနှင့် ဗိုလ်ရှမောင် စသဖြင့် ကွဲကြ ပြဲကြပါသည်။ ဆိုရှယ်လစ်ဆိုသူများနှင့် ကွန်မြူနစ်ဆိုသူများ၊ ကွန်မြူနစ်များထဲတွင် လည်း အလံဖြူ၊ အလံနီ၊ အလံဝါ စသဖြင့် ရန်ကုန်မြို့နေ့ချုပ်မှ စတင်၍ မီးပွားများ သည် တပြည်လုံးတောက်လောင်ခဲ့ပါတော့သည်။

စာရေးသူ၏ကလေးဘဝက ကိုယ်တွေ့မျက်မြင် ဖြစ်ရပ်တစ်ခုကို ဤစာရေးရင်း သွားသတိရမိပါသည်။ စာရေးသူသည် ရခိုင်ပြည်နယ် မာန်အောင်ကျွန်းသားတစ်ဦး ဖြစ်ပါသည်။ စာရေးသူငယ်စဉ်က ရခိုင်ပြည်နယ် မြို့တော် စစ်တွေမြို့မှ မာန်အောင်မြို့သို့ နှစ်ပတ်လျှင်တစ်ကြိမ် မီးသင်္ဘောကြီး လာလေ့ရှိပါသည်။ မြို့အဝင်ချောင်းဝတွင် သဲသောင်ပြင်များရှိ၍ သင်္ဘော များသည်လည်း သောင်ပေါ်တွင်တင်လေ့ရှိ၍ ဒီရေအပြည့်အဝ တက်သည့် အချိန်ကို စောင့်ပြီးမှ မြို့ဆိပ်ကမ်းသို့ ဝင်လာလေ့ရှိပါသည်။ ဒီရေအတက်နှင့် မတိုက်ဆိုင်သေးပါက သင်္ဘောများသည် ပင်လယ်ထဲတွင်ပင် ကျောက်ချ ရပ်နားနေလေ့ရှိပါသည်။

မြန်မာနိုင်ငံလွတ်လပ်ခါစ တစ်နေ့တွင် စာရေးသူအပါအဝင် ကလေး များသည် သင်္ဘောဆိပ်အနီးတွင် ကစားနေကြပါသည်။ သင်္ဘောကြီး ပင်လယ်ထဲတွင် ရောက်ရှိနေပြီး သင်္ဘောပေါ်တွင် ပြည်မက ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့) လူကြီးတွေ ပါလာ

ဟု မြို့ထဲသို့ဝင်လာသော တံငါလှေသမားများ၏ စကားအရ မာန်အောင်ရှိ ဖဆပလလူကြီးများ သိရှိသွားခဲ့ကြပါသည်။

သဘော်လည်း နေ့လယ် (၁၂) နာရီခန့်တွင်မှသာ မြို့ဆိပ်ကမ်းသို့ ဆိုက်နိုင်ပါလိမ့်မည်။ ဖဆပလအဖွဲ့ဝင်လူကြီးများ (ယင်းအချိန်က ရဲဘော်ဖြူများလည်း ဖဆပလအဖွဲ့ချုပ်ထဲတွင် အဖွဲ့ဝင်များအဖြစ် ရှိပါသေးသည်) သည် မြို့ထဲ လှည့်လည်ပြီး 'ဖဆပလအစိုးရ-တို့အစိုးရ တို့အစိုးရ' လက်သီးလက်မောင်းတန်းပြီး ကြွေးကြော်နေကြလိုက်၊ သဘော်အဆိုက်ကို စောင့်မျှော်နေ့ သဘော်ဆိပ်ကမ်းဘက် လှည့်လာလိုက်နှင့် တစ်မြို့လုံး ဖဆပလအစိုးရ-တို့အစိုးရဟူသော ကြွေးကြော်သံများ လွှမ်းမိုးနေခဲ့ပါသည်။

သဘော်လည်း ဒီရေတက်၍ မြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော အခါ 'နိုင်ငံရေးရာသီဥတု' တစ်မျိုးပြောင်းသွား ပြန်ပါသည်။ သဘော်ပေါ်မှ ပါလာသူများသည် ရဲဘော်ဖြူများသာဖြစ်ကြပြီး၊ မြို့ကိုလာသိမ်းကြခြင်းဖြစ်ပါသည်။ ရဲဘော်ဖြူများက 'ရဲဘော်ဖြူ အစိုးရ- တို့အစိုးရ' ဟု ပြောင်းသွားပြီး ဖဆပလအဖွဲ့တွင် နေလိုသူများသည် ပြေးလွှားပုန်းအောင်းကြပြီး အခြားတစ်မြို့တစ်ရွာမှာရှိသော ဖဆပလများထံ သွားရောက်ပူးပေါင်းကြရပါသည်။

မြို့ရွာအတွင်း လည်ပင်းဖက်ပြီး ကြီးပြင်းနေထိုင်လာကြသော ကျောင်းဆရာများ၊ အစိုးရဌာနမှ စာရေးစာချီများ၊ အရောင်းအဝယ်ကုန်သည်များ၊ ရွှေပန်းတိမ်ဆရာများ၊ ငွေဖလားခုတ်သူများ၊ လယ်သမားများ၊ အလုပ်သမားများသည် ဖဆပလဖြစ်သူဖြစ်၊ ရဲဘော်ဖြူဖြစ်သူဖြစ်၊ ကွန်မြူနစ်ဖြစ်သူဖြစ်နှင့် အလံနီဖြစ်သူဖြစ် စသဖြင့် အမျိုးမျိုးအဖုံဖုံဖြစ်သွားကာ အချင်းချင်း အိမ်ကြက်ခြင်း အိုးမဲမသုတ်ရဘဲ ခွပ်ကြပါတော့သည်။ အိမ်ထောင်စုတစ်ခုတည်းတွင်ပင် နှစ်မျိုး သုံးမျိုး ကွဲပြားသွားသည်လည်း ရှိခဲ့ပါသည်။ အကိုကြီးက ရဲဘော်ဖြူ၊ အကိုလတ်က ဖဆပလ၊ ညီငယ်က ကွန်မြူနစ်ဆိုသည်မျိုးဖြစ်ပါသည်။ သေသူသေ၊ ပျောက်သူပျောက်၊ ဒုက္ခိတဖြစ်သူဖြစ်ကြရုံသာမက သားသမီးမျိုးဆက်များသည် ပညာကောင်းစွာ မသင်ကြားရ၍ သိန်းဖျင်းသွားခဲ့ကြပါသည်။

၂၀ ရာစုအကုန်၊ ၂၁ ရာစုအဝင်ကာလတွင် တစ်ချိန်တစ်ခါက မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့သော ကွန်မြူနစ်ဝါဒသည် မှေးမှိန်သွားခဲ့ပြီ ပါသည်။ ဆိုရှယ်လစ်ဝါဒသည်လည်း ကျဆုံးလာပြီး အရင်းရှင်ဝါဒသည် တဖန် မင်းမူလာပြန်ပါသည်။

လူမျိုးအချင်းချင်း၊ ဘာသာဝင်အချင်းချင်း(ခရစ်ယာန်နှင့် မွတ်ဆလင်) တိုက်ခိုက်မှုများ ခေါင်းထောင်လာပြန်ပါသည်။

ဂျာမနီနိုင်ငံရှိ မြန်မာ့ဒီမိုကရေစီ ဘက်တော်သားများ၏ ငြိမ်းချမ်းရေးကြိုးပမ်းခြင်းသည် ၂၁ ရာစုအကြို အခါသမယတွင် အလွန်ပင် အံဝင် ခွင်ကျလှပါသည်။

ကမ္ဘာ့သမိုင်းတွင် ၂၀ ရာစုသည် သွေးချောင်းအစီးဆုံး ရာစုကြီးဖြစ်ခဲ့ ပါသည်။ ကမ္ဘာ့စစ်ပွဲ နှစ်ကြိမ်ဖြစ်ခဲ့ပြီး လူသန်းပေါင်း နှစ်ရာကျော်သေဆုံး ခဲ့ပါသည်။ တနေ့ တစ်မနက် တစ်နာရီထဲတွင်ပင် လူပေါင်းသောင်းဂဏန်း သိန်းဂဏန်းအထိ သေဆုံးမှုများ ရှိခဲ့ပါသည်။

၂၀ ရာစုနှစ်ထဲတွင်ပင် လူသားများသည် လကမ္ဘာအထိ ခြေချနိုင်ခဲ့ ပါသည်။ သိပ္ပံပညာနှင့် နည်းပညာတွင် အလွန်အမင်း တိုးတက်ခဲ့ပါသည်။ မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ တိုက်တာအဆောက်အဦး တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဆေးဝါးဓါတု စသည့် အဘက်ဘက် တွင် တိုးတက်လာခဲ့ပါသည်။ စီးပွါးရေးကဏ္ဍတွင် ကမ္ဘာကြီးသည်ကျေးရွာ တရွာပမာ ကျုံ့သွားကာ လူသားများသည် ရုပ်ဝတ္ထုပစ္စည်းမျိုးစုံကို မိမိဝင်ငွေ အားအပေါ်မူတည်ပြီး သုံးစွဲနိုင်ကြပါသည်။

သို့ရာတွင် ၁၉၆၂ ခုနှစ်မှစတင်ပြီး ယနေ့အထိ အမိမြန်မာနိုင်ငံမြေ ပေါ်တွင် မင်းမူနေသော စစ်ဝါဒီများကြောင့် မြန်မာပြည်အတွင်း မှီတင်းနေ ထိုင်သူများသည် လေယာဉ်ပျံမစီးဖူးသူ ကိုးဆယ်ရာခိုင်နှုန်းခန့်နှင့် ကွန်ပျူတာ မမြင်ဘူးသူ ကိုးဆယ့်ကိုးရာခိုင်နှုန်းခန့်အထိရှိနေပါသည်။

တပူပူတဆူဆူနှင့် နယ်မြေအတိအကျပင် မရှိသေးသော ပါလက်စတိုင်း နိုင်ငံတွင်ပင် တက္ကသိုလ်ကျောင်းများ ဖွင့်ထားနိုင်သော်လည်း လူမှုပဋိပက္ခ ကြီးထွားနိုင်သော မြန်မာနိုင်ငံတွင် တက္ကသိုလ်ကျောင်းများကို ပုံမှန်မဖွင့်နိုင်သေးခြင်း သည်ပင်လျှင် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့်

ဒီမိုကရေစီအရေးများကို သူတမျိုး ငါတစ်ဖုံမလုပ်ကြဘဲ မျက်နှာစုံညီ အဖြေ ရှာသင့်ပါသည်။ (နအဖ စစ်ဗိုလ်များသည် 'ငါ့မိုကရေစီစနစ်' ကိုကျင့်သုံးကာ ဒီမိုကရေစီကို အကောင်အထည် ဖော်နေသယောင် လိမ်ညာနေကြပါသည်)။

စာရေးသူအနေဖြင့် ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်းတွင် ငြိမ်းချမ်းရေး အပျက်ပြားဆုံး အကြောင်းရင်းတစ်ခုတွင် 'မြေယာကဏ္ဍ' သည်အဓိကဖြစ် သည်ဟု ယူဆမိပါသည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်မှ ယနေ့မျက်မှောက်ခေတ် အထိ 'မြေယာဆက်ဆံရေးစနစ်' (Agrarian relations) အပေါ်မူတည်ပြီး သူများ ဆင်းရဲချမ်းသာ ဆူကြဲနိမ့်မြင့်ကွာဟကာ မသင့်မမြတ်မှုများ ကြီးထွား လာလေ့ရှိပါသည်။

တောင်သူလယ်သမားအများစုရှိသော မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး နှင့် စည်ပင်သာယာဝပြောရေးအတွက် မြေယာဆက်ဆံရေးစနစ်သည်လည်း အထူးအရေးပါကြပါသည်။ လယ်လုပ်သူသာ လယ်ပိုင်ဆိုင်ရမည်ဆိုသော ဥပဒေသည် လွတ်လပ်ရေးရကာစကပင် မဆလခေတ်အထိ ရှိနေခဲ့ပါသည်။ ယခု နအဖ စစ်ကောင်စီခေတ်တွင်လည်း စာရွက်ပေါ်တွင် ရှိနေပါသေးသည်။

သို့ရာတွင် နအဖစစ်ကောင်စီသည် လယ်ရိုင်းလယ်သစ်များကို ပုဂ္ဂလိကအနေဖြင့် ဧက(၅၀၀၀)အထိ ပိုင်ဆိုင် ခွင့်ပေးနေပါသည်။ သီးစားခ ဆိုင်စားသော မြေရှင်ကြီးစနစ်ကို မြန်မာတမျိုးသားလုံး မလိုလားပါ။ ချစ်တီး ကုလားများနေရာတွင် ဘိန်းကုန်သည်များ အစားထိုးလာသည်ကိုလည်း သုံးဝ မလိုလားပါ။ လယ်မြေများကို ပေါင်နှံခွင့်၊ ရောင်းချခွင့်၊ လွှဲပြောင်းခွင့် ပေးလိုက်ပါက မြန်မာလယ်မြေများသည် အကျင့်ပျက်သော ငွေရှင်ကြေးရှင် များလက်သို့ ကူးပြောင်းသွားပါလိမ့်မည်။ မြန်မာလယ်သမားများ မြေကျွန် ဘဝကို ပြန်ရောက်ကြပါလိမ့်မည်။ ဆရာစံကဲ့သို့ မြေယာတော်လှန်ရေး သမားများ မြန်မာ့လူ့ဘောင်တွင်ပေါ်ပေါက်လာကာ နိုင်ငံတော်ငြိမ်းချမ်း သာယာဝပြောရေးကို ဖျက်ပြားလာနိုင်ပါသည်။

ယခု ၂၁ ရာစုအစတွင်ပင် မြန်မာ့လယ်ယာ အလုပ်သမားများသည် မိမိစိုက်ပျိုးသော ဆန်ကိုပင် မစားနိုင်တော့သည့်ဘဝမျိုး ရောက်ရှိနေသည်ဟု စီးပွါးရေးမဂ္ဂဇင်းများတွင် ဖတ်ရှုရပါသည်။ တောသူတောင်သားများ 'ဝဥ'

ကိုစားနေရပြီး သမီးပျိုချောကလျာများကို ဘိန်းကုန်သည် 'ဝ'လူမျိုးများ လက်သို့ 'ဝကွက်'အပ်ပြီး အပ်နေကြရပါသည်။

ရှပ်ဝတ္ထုပစ္စည်းမှန်သမျှကို အကျင့်ပျက်စစ်အာဏာရှင်များနှင့် ငွေရှင်ကြေးရှင် ဘိန်းကုန်သည်များက လက်ဝါးကြီးအုပ်ထားသဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲချမ်းသာ အလွန်ကွာဟလျက်ရှိကာ ငွေများတရားနိုင်သည့် ကြီးနိုင်ငယ်ညှဉ်းဝါဒ လွှမ်းမိုးနေပါသည်။

ရှပ်ဝတ္ထုပစ္စည်းပိုင်းတွင် အုပ်ချုပ်သူစစ်ဗိုလ်များနှင့် အအုပ်ချုပ်ခံသူပြည်သူများ၏ဘဝသည် မိုးနှင့်မြေတမျှ ကွာဟနေယုံသာမက စိတ်နှလုံးသည်းခြေထဲတွင်လည်း မြေပျောက်၍ မရနိုင်အောင်ပင် အောက်ပါစကားအောက်ပါအပြောများက အချင်းချင်းသွေးခွဲသလို ဖြစ်နေပြန်ပါသည်။

၁။ 'တပ်မတော်သာအမိ၊ တပ်မတော်သာအဖ'

၂။ 'စစ်တပ်က သေနတ်နှင့် ပစ်ရင် မိုးပေါ်ထောင်ပြီးချောက်လှန့်မပစ်ဘူး တည့်တည့်ပစ်တယ်'

၃။ 'မိမိတို့ တပ်မတော်၏ဆေးတက္ကသိုလ် ပထမဆုံးအကြိမ် ဖြစ်သည့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁)သင်တန်းဆင်းသည့်နေ့ဖြစ်ကြောင်း၊ တပ်မတော်ကို ခေတ်မီစေရန်၊ အင်အားတောင့်တင်းစေရန်၊ အရည်အချင်း ပြည့်ဝစေရန်၊ စွမ်းရည်ထက်မြက်စေရန်နည်းလမ်းများချမှတ်ပြီး တည်ဆောက်နေခြင်းပင် ဖြစ်ကြောင်း'

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရှိသောနိုင်ငံများတွင် ဤမျှသွေးခွဲသော မိုက်ရိုင်းသောစကားမျိုး၊ မိန့်ခွန်းမျိုးကိုခြွေပါက ပြည်သူလူထု ဒဏ်ခတ်မှုကိုနေ့ချင်းခံရပေလိမ့်မည်။ ရာထူးတခြား လူတခြားဖြစ်သွားပါလိမ့်မည်။

လူလေးသိန်းမျှသာရှိသော စစ်တပ်အတွက် ဆေးတက္ကသိုလ်၊ အင်ဂျင်နီယာတက္ကသိုလ်များ ဖွင့်လှစ်ခြင်း၊ ဘွဲ့ပေးခြင်း၊ အလုပ်ခန့်ခြင်းမျိုးလုပ်နေပြီး ပြည်သူပြည်သား သန်းပေါင်း(၄၄)သန်းကျော်ကိုတော့ 'ခင်ဗျားတို့ ပြည်သူတွေအတွက် တက္ကသိုလ်လည်းမရှိဘူး အလုပ်လည်းမရှိဘူး' ဟု ပြောင်ပြောင်တင်းတင်း စိမ်ခေါ်နေသော မိုက်မဲမှုများ ရှိနေသမျှ အုပ်ချုပ်သူကို

...ချုပ်ခံ ဖြစ်သူများက မှန်းတီးစွာဖြင့် တော်လှန်နေကြမည်သာ ဖြစ်ပါ ...သည်။ မှန်းစတိုပြီး ချစ်စရှုသည်သင့်ပါသည်။

နိုင်ငံတော်ငြိမ်းချမ်းသာယာစည်ပင် ဝပြောရေးသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပေးသော အုပ်ချုပ်သူများ မပေါ်ပေါက်မချင်း မြန်မာ့လူ့ဘောင် ...း ဖြစ်ထွန်းလာစရာ လမ်းစပင်မမြင်ပါ။

စာရေးသူအနေဖြင့် စီးပွါးရေးပညာရှင်တဦးဖြစ်သူ Todd G. Buchholz ၏ ရုရှားနိုင်ငံအပေါ် သုံးသပ်ချက်သည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသော ပြဿနာများနှင့် တထေရာတည်း တူညီနေသည်ဟု ခံယူမိ ...သည်။

In the West, they say that Justice is blind. Russia's problem was that she was blind to Justice.

တခါးဖွင့် စီးပွါးရေးစနစ်ကို ကျင့်သုံးပါသည်ဟုဆိုကာ မိသားစု ...ကောင်းစားရေးကိုသာ ဆောင်ရွက်နေကြသော ရုရှားလူမျိုးခေါင်းဆောင်များ ...နှင့် မြန်မာလူမျိုးစစ်အာဏာရှင်တစ်စုတို့သည် ငွေရှင်ကြေးရှင်များ၏ လက်ဝေ ...များ ဖြစ်နေကြကာ တော်တည့်မှန်ကန်ခြင်းတရား (Justice) ကို မမြင်နိုင် ...သော မျက်ကန်းများဖြစ်နေကြ၍ပင် ဖြစ်ပါသည်။

စစ်မှန်သော ငြိမ်းချမ်းသာယာ စည်ပင်ဝပြောရေးသည်လည်း ဒီမို ...ကရေစီနှင့် လူ့အခွင့်အရေးအလေးထားသော အုပ်ချုပ်သူများ၏ တော်တည့် ...မှန်ကန်ခြင်း တရားပေါ်တွင်သာ သန္ဓေတည်ပါလိမ့်မည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာစည်ပင်ဝပြောရေးအတွက် တရား ...မျှတသော၊ တည့်မတ်ဖြောင့်မှန်သောတရားကို လက်ကိုင်ထားပြီး ကျင့်သုံး ...သည့် ခေါင်းဆောင်ကောင်းများလက်ထဲသို့ နိုင်ငံတော်အာဏာ ရောက်ရှိ ...နေသည်သာ ယနေ့ကာလတွင် အဓိက လိုအပ်ချက်ပင်ဖြစ်ပါသည်။

❖

## ဦးပါပါလေးနှင့် ဦးလူဇော်တို့၏ ပုံတူပန်းချီ

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး (Amnesty Interna
tional) က ယခုနှစ်မှာ လူ့အခွင့်အရေး လှုပ်ရှားမှုနဲ့ပတ်သက်ပြီး ပထ
ဦးစားပေးဆောင်ရွက်ပေးရမည့် ကိစ္စတစ်ရပ်ကို ရွေးချယ်ပါတယ်။

ကမ္ဘာတစ်ခွင်လုံးမှာရှိကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက ခ
အရောက်ဆုံး၊ အနှစ်နာဆုံး၊ အချို့တဲ့ဆုံး၊ အညှဉ်းဆဲခံရဆုံး၊ တရားဥပဒေ
မျက်ကွယ် အပြုအခံရဆုံးစသည့် အဆိုးတကာအဆိုးဆုံးကို ရွေးချယ်ရာ
မြန်မာနိုင်ငံကို လက်ရှိအုပ်ချုပ်နေတဲ့ စစ်အာဏာရှင်များရဲ့ အကျဉ်းထော
ထဲက မြန်မာနိုင်ငံရေးအကျဉ်းသားတွေကို ရွေးချယ်ကြပြီး အကာယ်ဒမီထေ
မင်းသားကြီးဆုကိုတော့ မန္တလေးမြို့တော်က လူရွှင်တော်ကြီးများဖြစ်ကြ
ဦးပါပါလေးနဲ့ ဦးလူဇော်တို့က ဆွတ်ခူးသွားခဲ့ကြပါတယ်။

မန္တလေးမြို့က အငြိမ့်သဘင်အဖွဲ့တဖွဲ့ဟာ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ
(၄)ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမှတ် (၅၄) တက္ကသို
ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ဝင်းအတွင်း ပြုလုပ်ကျင်းပ
မြန်မာ့လွတ်လပ်ရေးအောင်ပွဲအခမ်းအနားၡ၌ ဖြေဖျော်ခဲ့ကြရပါတယ်။
အစိုးရရဲ့ အကျင့်ပျက်လာဘ်ပေးလာဘ်ယူမှုများကို ပြက်လုံးထုတ်ခဲ့မိကြ
ကြောင့် မန္တလေးပြန်အရောက် ဇန်နဝါရီလ (၇) ရက်နေ့မှာ ထောက်လှမ်း
က ဖမ်းချုပ်ပြီး မတ်လ (၁၅) ရက်နေ့မှာ နဝတ တရားရုံးက ဥပဒေအ
ဆောင် ရှေ့နေရှေ့ရပ် သက်သေများမပါရှိဘဲ မတရားသဖြင့် ထောင်ဒဏ်
(၇) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

သက်သေထွက်ဆိုရန် ရန်ကုန်-မန္တလေးခရီးအတွက် ကြိုတင်လက်မှတ်ဝယ်ယူထားကြတဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က ဦးကြည်မောင်၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးဝင်းထိန်တို့ဟာလဲ မတ်လ (..) ရက်နေ့က မန္တလေး ထွက်မယ့် ရထားတွဲပေါ်မှာ ရထားစက်ချွတ်ယွင်းနေတဲ့ဆိုတဲ့ အကြောင်းပြချက်နဲ့ ရထားတွဲကို ဖြုတ်ချန်ထားခဲ့ခြင်းကို ခံခဲ့ကြရလို့ မန္တလေးကို သက်သေဆိုဖို့ မသွားနိုင်ခဲ့ကြပါဘူး။

လူ့ရှင်တော်ကြီး(၂) ဦးဖြစ်ကြတဲ့ ဦးပါပါလေးနဲ့ ဦးလူဇော်တို့ အခြားအကျဉ်းထောင်ထဲက ခြွင်းချက်မရှိ ချက်ချင်း လွှတ်ပေးရေး၊ အကျဉ်းသားများရဲ့ကျန်းမာရေးနဲ့ ဆေးဝါးကုသပေးရေးကို အလေးထားရေးနဲ့ နိုင်ငံတကာက လက်ခံကျင့်သုံးနေတဲ့ အပြည်ပြည်ဆိုင်ရာကြေငြာချက်ပါ လူ့အခွင့်အရေးကို အလေးထားဖို့ စသည်များကို ရေးသားထားပြီး သင့်ရဲ့ဆန္ဒကို ဖော်ချက်ပေးကာ တောင်းဆိုလွှာ ကဒ်ပြားငယ်တွင် အမည်နေရပ်ရေးသားပြီး လက်မှတ်ထိုးကာ သံအမတ်ကြီး၊ မြန်မာသံရုံး၊ လန်ဒန်မြို့သို့ ပေးပို့ကြရန်ကိစ္စကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးနဲ့ Body Shop ကုမ္ပဏီကြီးတို့ က စီစဉ်ခဲ့ကြပါတယ်။

Body Shop ကုမ္ပဏီကြီးဟာ နိုင်ငံပေါင်း (၄၇) နိုင်ငံမှာ ဆိုင်ခွဲပေါင်း (၁၆၀၀) ကျော်ရှိပြီး အင်္ဂလန်နိုင်ငံမှာပင် အရောင်းဆိုင်နဲ့ အလှပြင်ဆိုင်ပေါင်း (၂၇၀) ကျော်ရှိပါတယ်။

ဦးပါပါလေးနဲ့ ဦးလူဇော်တို့အား လွှတ်ပေးရန်အတွက် တောင်းဆိုလွှာကဒ်ပြားပေါင်း (၂) သန်း (၅) သိန်းကျော်ကို Body Shop ဆိုင်များက ထုတ်ပေးခဲ့ရပြီးကြောင်းနဲ့ အင်္ဂလန်နိုင်ငံမှာပင် ကဒ်ပြားပေါင်း (၁) သန်း (၅) သိန်းကျော် ထုတ်ပေးခဲ့ရပါတယ်။ လက်မှတ်ပေါင်းလည်း (၁) သန်း (၁) သိန်းကျော် ရရှိခဲ့ပါတယ်။

ကဒ်ပြားတချို့ကို Body Shop ဆိုင်များက နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးဆီ ပေးအပ်ထားပြီး၊ တချို့ကိုတော့ မြန်မာသံအမတ်ကြီး၊ လန်ဒန်မြို့သို့ တိုက်ရိုက်ပေးပို့ကြတာ ထောင်ပေါင်းမြောက်များစွာ ရှိသွားပြီလို့ သိရှိရပါတယ်။

ယနေ့ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ(၁၅) ရက်နေ့မှာတော့ Body Shop စီးပွါးရေးလုပ်ငန်းကို ဦးဆောင်ဦးရွက်ပြုပြီး စီးပွါးရေးနဲ့ လူ့အခွင့်အရေး တောင်းဆိုလှုပ်ရှားမှုကဏ္ဍမှ နာမည်ကျော်ကြားနေတဲ့ အင်နီတာ ရော့ဒ်စ်ကဲ(Anita Roddick)က ရှေ့တစ်လှမ်းတိုး ဆောင်ရွက်နေတဲ့ ကမ္ဘာပြည်သူပြည်သားပေါင်း (၁)သန်း (၆)သိန်း လက်မှတ်များနဲ့ ပုံဖော်ရေးသားထားတဲ့ ဦးပါပါလေးနဲ့ ဦးလူမော်တို့ရဲ့ အမြင့်(၁၂)ပေနဲ့ အကျယ် (၁၈) ပေရှိတဲ့ ပုံတူပန်းချီကားချပ်ကြီးဖွင့်ပွဲကို ပြုလုပ်ခဲ့ပါတယ်။ ပန်းချီကားဖွင့်ပွဲကို Body Shop ကုမ္ပဏီကြီးရဲ့ ရုံးချုပ်မှာ ကျင်းပပြုလုပ်ခဲ့ပြီး သတင်းစာ ရေဒီယို၊ ရုပ်မြင်သံကြားက ပုဂ္ဂိုလ်များနဲ့ ဘာသာရေး၊ စီးပွါးရေး၊ ပညာရေး နိုင်ငံရေးနယ်ပယ်က ပုဂ္ဂိုလ်ကြီးများအပြင် နာမည်ကျော် သဘင်အနုပညာ ကိုယ်ပာန်ပြမယ်စတဲ့ အလွှာပေါင်းစုံက ပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြပါတယ်။ ဦးပါပါလေးနဲ့ ဦးလူမော်တို့ လွှတ်မြောက်ရေးအတွက် ဟောပြော တောင်းဆို မေတ္တာပို့သခြင်းများကိုလည်း တခမ်းတနား ဆောင်ရွက်ခဲ့ကြပါတယ်။

ပန်းချီကားကြီးကို ပုံဖော်ရေးဆွဲသူကတော့ မြန်မာ့အမျိုးနွယ်ဖြစ်တဲ့ Mr. Chris Robinson ဖြစ်ပါတယ်။

ဦးပါပါလေးနဲ့ ဦးလူမော်တို့ရဲ့ ပုံတူပန်းချီကားကြီးကို ကမ္ဘာလှည့်ခရီးသည်များ ကြည့်ရှုနိုင်ရန်အတွက် လန်ဒန်မြို့ရှိ အမျိုးသားပုံတူပန်းချီကားပြတိုက် (National Portrait Garllery) မှာချိတ်ဆွဲထားကြမှာဖြစ်ပါတယ်။

ဒါ့အပြင်စာရေးဆရာမ Pam Sanfold က ဦးပါပါလေးနှင့် ဦးလူမော်ရဲ့ ကိုယ်ရေးအတ္တုပ္ပတ္တိကို ရေးသားပြီး ပြဇာတ်အဖြစ် ကပြနေပြီ ဖြစ်ပါတယ်။

အောက်တိုဘာလ (၁၇) ရက်နှင့် (၁၈) ရက်နေ့ လန်ဒန် စီးပွါးရေး တက္ကသိုလ်မှာ နှစ်ကြိမ်ကပြခဲ့ပြီး ဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံ တနံတလျားမှာ ဆက်လက်ကပြရန် စီစဉ်လျက် ရှိနေကြကြောင်းကိုလည်း သိရှိရပါတယ်။

နအဖ စစ်ကောင်စီရဲ့ ကိုယ့်လူမျိုးအချင်းချင်းအပေါ်မှာ အလွန်အမင်း ဆိုးရွားယုတ်မာမှုများကို လူသားအချင်းချင်းစာနာမှုရှိသော နိုင်ငံတကာ လွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနှင့် Body Shop ကုမ္ပဏီကြီးတို့က ပန်းချီ

Portrait) နဲ့ တစ်မျိုး၊ ပြဇာတ် (Play) နဲ့ တစ်ဖုံ၊ တောင်းဆိုလွှာကဒ်ပြား Petition) နဲ့တစ်နည်း၊ အမျိုးမျိုးအဖုံဖုံ အနည်းနည်းနဲ့ အညှဉ်းဆဲခံ မြန်မာ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို ဆောင်ရွက်လျက်ရှိကြပါ ာယ်။

မွန္တလေးမြို့က ဦးပါပါလေးနဲ့ ဦးလူဇော်တို့ဟာလဲ ကမ္ဘာကျော် ူဂ္ဂိုလ်များ ဖြစ်သွားကြပါပြီ ခင်ဗျာ။

❖

# ရခိုင်လူမျိုးများ စစ်တပ်နှင့် အဆက်ဖြတ်သင့်ပြီ

ရခိုင်လူမျိုးများတွင် အလုပ်မမြင် စစ်တပ်ဝင်၊ ပုလိပ်ဝင်ကြသည့် လူနေမှုဘဝသံသရာတွင် ကျင်လည်လာခဲ့ကြသည်မှာ ကြာညောင်းခဲ့ပြီဖြစ်ပါ သည်။ ကြာညောင်းလာသည့် အကြောင်းအရင်းတွင်လည်း ရခိုင်ပြည်တွင် အုပ်စိုးသူ အဆက်ဆက်တို့သည် ရခိုင်လူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေးကို လျစ်လျူရှုထား၍ပင် ဖြစ်ပါသည်။ ယခုကာလအထိ ရခိုင်ပြည်တွင် လူ တစ်ရာနှစ်ရာ လုပ်သားအင်အားရှိသော စက်ရုံတစ်ရုံမျှပင် မရှိသေးပါ။ စက်မှုလက်မှု မထွန်းကားသော်လည်း ကူးသန်းရောင်းဝယ်ရေး ကောင်းမွန် ပါက လုပ်ကိုင်စားသောက်နိုင်ပါသေးသည်။ ရှေးရခိုင်များသည် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးများကိုလည်း ကျွမ်းကျင်ခဲ့ကြသည်ဟု အင်္ဂလိပ်လူမျိုး များ၏ အရေးအသားမှတ်တမ်းများကို ဖတ်ရှုပါသည်။ ရခိုင်လူမျိုးများ ထမင်းငတ်၍ စစ်တပ်ထဲဝင်သောဖြစ်ရပ်သည် ဗမာလွတ်လပ်ရေးရပြီးမှသာ ပေါ်ပေါ်ထင်ထင် တွေ့မြင်ရပါသည်။

ဗမာသမိုင်း၊ ဗမာ့စစ်သမိုင်းသည် နှစ်ပေါင်းတစ်ထောင်ကျော်မျှသာ ရှိသေးပြီး ရခိုင့်သမိုင်း၊ ရခိုင့်စစ်သမိုင်းသည် နှစ်ပေါင်း ငါးထောင်ကျော်မျှ ရှိခဲ့သည်ကို အများတကာ သိရှိကြပြီး ဖြစ်ပါသည်။ ကာမန္တနီတိကျမ်း ရခိုင့် စစ်ပညာကျမ်းတွင်ပင် ရခိုင်လူမျိုးများ အတွေးအခေါ် အမြော်အမြင်ကြီး မြင့်ပုံ များစွာရှိပါသည်။ 'မသူတော်နှင့် မပေါင်းရ၊ မြစ်ရေသည် သမုဒ္ဒရာသို့ ရောက်လေ 'ဆားငံရေ ဖြစ်သကဲ့သို့ ပညာရှိ သူတော်မြတ်တို့သည်ကား

...း ရှုံ့လျှင်မှုလည်း ညစ်ညူးသော အသက်မွေးမှုကို မပြုရာ' ဟူသော ...သွားအခေါ် အရေးအသားများ ရှိပါသည်။

ရခိုင့်နိုင်ငံတော်ကို ဗမာမင်းဘိုးတော်မောင်ဝိုင်းက ၁၇၈၄ ခုနှစ်တွင် ...ခိုက်သိမ်းပိုက်စဉ်က သူ့ကျွန်မခံလိုသော ရခိုင်လူမျိုးများသည် အိမ်မိန်း ...ချွင်း၊ ကုလားပြည်သို့ ပြေးဝင်ကာ အခြေချနေထိုင်ခြင်း၊ ပြန်လည် ခုခံ ...ခိုက်ခြင်း စသည်များကို သမိုင်းတွင် ဖတ်ရှုရပါသည်။ ရခိုင်များသည် ...းနိုင်ငံတွင်ပင် ကူးသန်းရောင်းဝယ်ခြင်းအတတ်ပညာဖြင့် တင့်တောင့် ...ဘယ်နေထိုင်နိုင်ခဲ့ကြပါသည်။

၁၈၂၄ ခုနှစ်တွင် ဗမာပြည်ကို သိမ်းပိုက်လိုသော ဗြိတိသျှများသည် ...လားပြည်တွင်ရှိနေကြသည့် ရခိုင်များအား ကိုလိုနီစစ်တပ်ထဲသို့ အလိမ် အညာအလှည့်အပတ်များဖြင့် ရိုက်သွင်းခဲ့ပါသည်။ ရခိုင်လူမျိုးများအား ...ဆွယ်လိမ်ညာ သိမ်းသွင်းရာတွင် 'ရခိုင်ပြည်သို့ စစ်ချီသိမ်းပိုက်မည်ဖြစ် ကြောင်း၊ အောင်ပွဲရလာပါက ရခိုင်တို့တိုင်းပြည်ကို ရခိုင်များတွေ့ မြင်ကြရ မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို မိမိတို့ပြန်လည်ထူထောင်ခွင့်ရမည်ဖြစ် ကြောင်း' စသည်များ ပါရှိခဲ့ပါသည်။ ရခိုင်စစ်သားခြောက်ရာ ခုနှစ်ရာခန့် ...ဆမဆုံး ဗြိတိသျှလက်အောက်တွင် စစ်မှုထမ်းခဲ့ကြသည်။ အင်္ဂလိပ်တို့ ရခိုင်ပြည်သိမ်းပိုက်ပြီး ရခိုင့်ဘဝသည် မျောက်လောင်းသာသာပင်ရှိခဲ့သည်။ ရခိုင်ပြည်ကိုသိမ်းပိုက်ပြီးမှတဆင့် ဗမာပြည်အားသိမ်းပိုက်ရာတွင်လည်း ဗြိတိသျှတို့သည် ရခိုင်စစ်သားများကိုပင် အသုံးပြုခဲ့ကြပါသည်။

ဗြိတိသျှများ၏ မှတ်တမ်းများတွင် 'ရခိုင်များသည် တာဝန်ဝတ္တရား အပေါ်တွင် သစ္စာတည်မြဲကြသည်။ စစ်ပွဲတွင် ထိခိုက်ဒဏ်ရာရသော်လည်း စစ်အသုံးအဆောင် ပစ္စည်းများနှင့် သေနတ်ကို ကိုယ်နှင့်မကွာထိန်းသိမ်းတတ် သည်။ မာနကြီးပြီး အလွန်ခေါင်းမာကာ ရာထူးရာခံ ရရှိရေးအတွက် မျက်နှာလိုမျက်နှာရ မလုပ်တတ်၊ ဟန်မဆောင်တတ်၊ ရင်ထဲမှာရှိသည့် အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်သာမက မျိုးရိုးစိတ်ဓမြင့်မြတ်ပြီး ကြီးသူစကားကို ယေသူက အလေးထားတတ်ပုံများ၊ ကိုယ့်အားကိုယ်ကိုး တတ်ပုံများကို' ဖော်ပြထားပါသည်။

ရခိုင်များသည် ဗြိတိသျှ ကိုလိုနီများအား တစ်စည်းတစ်လုံးတည်း တော်လှန်တိုက်ခိုက်ခဲ့သကဲ့သို့ ဗမာမြေပေါ်ရောက် ရှိလာသော ဂျပန်ဖက်ဆစ်များကိုလည်း အဦးအစ တော်လှန်တိုက်ခိုက်ခဲ့သူများပင်ဖြစ်သည်။ ဗမာပြည်သားအပေါင်းတို့အား ကျွန်ဘဝမှ လွတ်မြောက်အောင် ဦးဆောင်နိုးဆော်ခဲ့သည်မှာလည်း ရခိုင်ဆရာတော် အသျှင်ဥတ္တမ ကိုယ်တော်ပင်ဖြစ်ပါသည်။ ဗမာ့လွတ်လပ်ရေးရရှိပြီးနောက် ကျွန်တော်ငယ်စဉ်ဘဝ အတွေ့အကြုံတစ်ခုကို အောက်တွင်ဖော်ပြလိုပါသည်။

'၁၉၅၃ ခုနှစ်က ကျွန်တော်မွေးဖွားရာ မာန်အောင်ကျွန်းသို့ စစ်သားစုဆောင်းရန် ကိုစံရှင်ဆိုသူ ရောက်ရှိလာခဲ့ပါသည်။ ၁၉၄၉ ခုနှစ်ခန့်က ကိုစံရှင်သည် ရဲဘော်ဖြူ လူငယ်အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီး တာဝန်အရ ဒေးသွားတည်းခိုညအိပ်ရသည့် သူကြီးတစ်ဦး၏ သမီးကို မုဒိမ်းကျင့်ခဲ့ပါသည်။ မြို့ကိုအုပ်ချုပ်သည့် ရဲဘော်ဖြူဗိုလ်များက အရပ်လူကြီးများနှင့် တရားရုံးဖွဲ့ကာ ကိုစံရှင်၏ မုဒိမ်းမှုကို စစ်ဆေးပါတော့သည်။ ကျေးရွာ များကပင်မကျန် တစ်မြို့လုံးက ကိုစံရှင်နှင့် သူကြီးသမီးတို့၏ မုဒိမ်းမှုကို လာရောက်နားကြားပြီး ရှုတ်ရှတ်သဲသဲဖြစ်ကာ ရုံးအပြင်နားတွင် အလွန်စည်ကားခဲ့ပါသည်။ ရဲဘော်ဖြူ ဗိုလ်များက အမှုထင်ရှားပါလျှင် ပင်လယ်ကမ်းနားတွင် ကိုယ့်သေတွင်း ကိုယ်တူးစေကာ ပစ်သတ်ပြီး မြေမြှုတ်လေ့ရှိပါသည်။ အမှုစီရင်ဆဲတွင်ပင် ကိုစံရှင်သည် ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။

၁၉၅၃ ခုနှစ်တွင် ကျောက်ဖြူမြို့၌ ကျောင်းတက်နေသော ကျွန်တော်သည် ဒုတပ်ကြပ်ယူနီဖောင်းနှင့် ကိုစံရှင်အားတွေ့၍ အံ့အားသင့်၍ မေးမြန်းကြည့်ဖူးပါသည်။ 'ငါက ရခိုင်ပြည်မှာ စစ်သားစုဆောင်းရေးတာဝန်ကျနေတယ်၊ မာန်အောင်ကျွန်းက စစ်သားတရာကျော်လောက်ရလာပြီကွ၊ ကျွန်းထဲမှာ လူဆိုးလူပေလူတွေ မကျန်တော့ဘူး၊ အားလုံး ပါလာကြတယ်၊ အခုကျောက်ဖြူကို ရောက်နေကြပြီ၊ သင်္ဘောကြီးနဲ့ ရန်ကုန်ကိုခေါ်သွားဖို့ သင်္ဘောစောင့်နေကြတယ်' ဟု ဆိုပါသည်။ ကိုစံရှင်သည် စကားအပြောအဆို အလွန်တော်သူဖြစ်ပါသည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ တရုတ်ဖြူကျူးကျော်သူများကို တွန်းလှန်တိုက်ရန်ဟု အလိမ်အညာ အလှည့်အပတ်ကြောင့် စစ်သားတစ်ရာကျော်မျှ စုဆောင်းသွားနိုင်ခြင်း ဖြစ်ပါသည်။

မာန်အောင်ကျွန်းသားများသည် အနိမ့်ဆုံး စက်ချုပ်၊ ပန်းထိမ်ခတ်အလုပ်များကို အလုပ်ကိုင်လေ့ရှိကြပါသည်။ ဆင်းရဲသူများပင် မြို့မဆရာတော်ကြီးက ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားပေးခြင်း၊ ပန်းထိမ်ဖိုပိုင်ရှင်များ၊ အပ်ချုပ်စက်ဆိုင်ရှင်များထံတွင် အပ်နှံကာ ပညာသင်ပေးလေ့ရှိသည်။ ၁၉၈၂ ခုနှစ်တွင် ဘုန်းတော်ဇာတိ မာန်အောင်ကျွန်းသို့ သွားရောက် လည်ပတ်စဉ်တွင် ဆရာတော်ကြီး၏ တပည့်များသည် ပန်းထိမ်ဆရာကြီးများဖြစ်ကာ သူဌေးကြီးများဖြစ်နေကြပါသည်။ ကိုစံရှင်စုဆောင်းသွားသည့် တစ်ဦးနှစ်ဦးသာ ကျွန်းသို့ပြန်ရောက်လာပြီး စစ်ပြန်စစ်မှုထမ်းဟောင်းများ အဖွဲ့ဖွဲ့ကာ လူပေ လူတေများ ဖြစ်နေသည်ကို တွေ့ခဲ့ရပါသည်။ အမှန်တကယ်တွင် ကိုစံရှင် ပြောသလို ကျွန်းထဲရှိ လူဆိုးလူတေများကို စစ်သားစုဆောင်းသွားခြင်း မဟုတ်ပါ။ အလုပ်အကိုင် မရှိသေးသူများ၊ အလုပ်စံရှေးနေသူများသာ ဖြစ်ပါသည်။ တပ်ထဲဝင်သွားသူများသည် စစ်တပ်က ထွက်လာပြီးမှသာ လူတေ လူပေလူလည်းများ ဖြစ်ကုန်ကြပါသည်။

စေတနာသန့်သန့်ဖြင့် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်ရန် ဗိုလ်ချုပ်အောင်ဆန်းထူထောင်ခဲ့သော စစ်တပ်ကြီးသည် အပုပ်နံ့တသင်းသင်းထွက်နေ၍ ယနေ့အခါတွင် အလုပ်မဖြင်သူ လူငယ်များပင်လျှင် စစ်တပ်ထဲသို့ ဝင်လိုသော ဆန္ဒမရှိသလောက်ပင်ဖြစ်နေပါသည်။ အတင်းအဓမ္မသာ စုဆောင်းနေရပါသည်။ စစ်တပ်သည်လည်း လူငယ် လူရွယ်များဖြင့် အစဉ်နုပျိုမှုမရှိတော့ပါ။ စစ်စည်းကမ်းနှင့် ဝန်ထမ်းစည်းကမ်း စည်းမျဉ်းဥပဒေများကို ဖောက်ကာ စစ်ဗိုလ်ချုပ်ကြီးသန်းရွှေပင်လျှင် အသက် ၇၀ ကျော်နေပြီဖြစ်ပါသည်။ အသက် ၆၅ နှစ်ကျော် အခြားဗိုလ်ချုပ်ကြီးများတို့သည်လည်း တပ်ကိုခုတုံးလုပ်ကာ ကိုယ်ကျိုးရှာ ရိုက်စား နိုးစား ဝှက်စားနေကြ၍ စစ်တပ်သည် ပြည်သူ့ချဉ်ဖတ် ဖြစ်နေပါသည်။ စစ်သားများသည်လည်း ပြည်သူ့ဆန္ဒသဘောထားကို ရိုက်ချိုးနေရသော ဖက်ဆစ်များဖြစ်နေကြပါသည်။ တရုတ်ဖြူကဲ့သို့ လက်နက်နှင့်ကျူးကျော်သော တိုင်းပြည်ရန်သူမရှိတော့ပါ။ ဗမာပြည်မပေါ်ပေါက်မီကပင် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်နိုင်ငံနှင့် ကိုယ်ရပ်တည်နိုင်ခဲ့သော လူမျိုးများဖြစ်ကြသည့် ရခိုင်၊ မွန်၊ ရှမ်း

ကရင်၊ ကရင်နီ၊ ကချင်နှင့် ချင်းစသော လူမျိုးများ အပေါ် အနိုင်ကျင့်မင်းမူသည့် လူမျိုးရေး၊ ဘာသာရေး စစ်ပွဲများသာ ဆင်နွှဲရင်း မျိုးချစ်စစ်တပ်မှ မျိုးဖျက်စစ်တပ်၊ ဖက်ဆစ် စစ်တပ်ဖြစ်နေပါသည်။

ရခိုင်သားများအား မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ် အရေးအသားတစ်ချို့ကို အထက်ဖော်ပြပါ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်တွေးတော ဆုံးဖြတ်နိုင်ပါရန် အောက်တွင် အရင်းအတိုင်းဖော်ပြလိုပါသည်။

"သူရသတ္တိနှင့်ပြည့်စုံတယ်ဆိုတဲ့ စစ်သည်တော်များ၊ ကြိုးပမ်းတိုက်နိုက်ကြတဲ့လူများဟာ ဘယ်လိုလဲဆိုတော့ စစ်သားပီပီ မတရားကျူးကျော်စော်ကားမှုတော်လှန်မှုကို အကြောင်းပြုကာ စွန့်စားခြင်း၊ ရဲရင့်ခြင်းကို ထူးချွန်စွာပြပြီး တိုက်နိုက်တဲ့သူမျိုးကိုမှ သူရဲကောင်းလို့ခေါ်တယ်၊ ဖက်ဆစ်စစ်သားတွေကို သူရဲကောင်းလို့ မခေါ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အကျိုးဖြစ်ထွန်းအောင် ဖန်တီးပေးတဲ့ လူစားမျိုးမဟုတ်ဘူး။ သူတို့ဟာ ဖျက်စီးရာ ဖျက်စီးကြောင်း လုပ်တယ်၊ ဇရတ်သုက္ကလုပ်တယ်။ သူများအသက်တစ်ချောင်းကို ဓားတစ်လက်နဲ့ မတရားသက်သက်သတ်တယ်၊ သူများအိုးအိမ်ပစ္စည်းကို ဖျက်ဆီးမီးရှို့တယ်။ ဒီလိုလူစားမျိုးဟာ သူရဲကောင်းမဟုတ်၊ သူယုတ်မာမျှသာဖြစ်ပြီး နောက်ဆုံးသူတို့က သူများအပေါ်ပြုလေသမျှ သူတို့ပြန်ပြီးခံရတာပဲ။ သူများကို ဖျက်သလို သူတို့လဲ ဖျက်ရတာပဲ။"

စစ်တပ်ထဲတွင် ဖက်ဆစ်ဝါဒကို ကျင့်သုံးခဲ့ကြသော ဗိုလ်ချုပ်ကြီးနေဝင်း၏ဘဝ၊ နဝတဗိုလ်ချုပ်ကြီးတင်ဦးနှင့် အပေါင်းအပါ ဗိုလ်ချုပ်များ၏ ဘဝကို လေ့လာပါက "သူများအပေါ် ပြုလေသမျှ သူတို့ပြန်ပြီးခံရတာပဲ၊ သူများကို ဖျက်သလို သူတို့လဲ ဖျက်ရတာပဲ" ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအမြင်သည် အလွန်ကွက်တိကျနေပါသည်။

ရခိုင်လူမျိုးအပါအဝင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော စစ်သည်တော်အစစ်အမှန်တို့အနေဖြင့် ယနေ့လက်ရှိ ဖက်ဆစ်စစ်တပ်နှင့် လုံးဝ အဆက်ဖြတ်သင့်ပြီ ဖြစ်ပါသည်။ ဖက်ဆစ်စစ်တပ်ထဲ နောက်ထပ်မဝင်ကြပါရန်နှင့်

...ဦးသူများလည်း ဖက်ဆစ်စစ်တပ်မှ မျိုးချစ်စစ်တပ်ပြန်လည်ဖြစ်လာအောင် ...ဆစ်ဝါဒကို ကျင့်သုံးနေသော နအဖ စစ်ကောင်စီအား အဆုံးသတ်ရ ...မည်။

ရခိုင်များ၏ ရေးအစဉ်အလာ ဘဝခံယူချက်အရ ဆင်းရဲလှျင်မှုလည်း ...ငံ့သျှုးသောအသက်မွေးခြင်းကို မပြုရာ။

ရခိုင်လူမျိုးများသည် ဗြိတိသျှကိုလိုနီများနှင့် ဂျပန်ဖက်ဆစ်များအား ...တော်လှန်ရာတွင် အဦးအစ ပထမနေရာတွင် ရှိခဲ့ပါသည်။ အစဉ်အလာကို ...ိန်းသိမ်းသောရခိုင်များအနေဖြင့် ဖက်ဆစ်စစ်တပ်နှင့် အဆက်ဖြတ်သင့် ...သော အချိန်အခါနှင့် ဦးဆောင်တော်လှန်ရမည့် အချိန်အခါပင်ဖြစ်ပါသည်။

❖

## ဒီပဲယင်းအကြမ်းဖက်မှုမှ ဘေးထွက်ဆိုးကျိုးများ

၃၀-၅-၂၀၀၃ ရက်နေ့က အများပြည်သူများ ထောက်ခံမဲပေးထား သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌဦးတင်ဦးနှင့် အထွေ ထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့၏ နိုင်ငံရေးလှုပ်ရှားမှုခရီးစဉ်ကို နအဖစစ်ကောင်စီ၏ စီမံကွပ်ကဲမှုဖြင့် အကြမ်းဖက် တိုက်ခိုက်မှုခံခဲ့ကြရ ပါသည်။ သေဆုံးသူ၊ ဒဏ်ရာရသူ၊ ပျောက်ဆုံးသူ၊ အဖမ်းခံရသူနှင့် မော် တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အပျက်အစီးစာရင်းကို နအဖကောင်စီက တစ်မျိုး၊ ကိုယ်တွေ့မျက်မြင်များကတစ်ဖုံ၊ သတင်းစုံကို ကြားသိရသူများက နအဖစစ်ကောင်စီ၏ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး လက်ချက်ဟု အတိအကျ စွပ်စွဲ နေကြပါသည်။ နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုလည်း နိုင်ငံ တကာရှိတာဝန်ရှိဝန်ကြီး၊ ဒုတိယဝန်ကြီးများက လူသတ်သမား သူခိုးကြီး (Thug) နှင့် လူလိမ်လူညာကြီး (Liar)ဟု အတိအလင်း သတင်း မီဒီယာ များတွင် ပုတ်ခတ်ပြောဆိုသံများကို ကြားသိနေရပါသည်။ ကျွန်တော်သည် သံတမန်ဝန်ထမ်းဟောင်း တစ်ဦးဖြစ်၍ နိုင်ငံအချင်းချင်း သံတမန် အဆက် အသွယ်ရှိနေပါလျက် ဤအဆင့်အထိ နိုင်ငံအကြီးအကဲတစ်ဦးအား ရှုတ်ချ မှုကို မကြုံဘူးခဲ့ပါ။ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ် ဟောင်းဒေါက်တာကျော်ဝင်း (အသက် ၆၇ နှစ်၊ အမှန်တကယ်တွင် အသက် ၆၀ ပြည့်ပါက အငြိမ်းစားယူရပါသည်။ စစ်ဗိုလ်များထဲတွင် အင်္ဂလိပ်စာ

...မရှိတော့၍ လူစားမထိုးနိုင်သောကြောင့် သက်ကြီးအိုသံအမတ်ဖြစ်နေသည်) အား ဗြိတိန်နိုင်ငံခြားရေးရုံးက ရာဇသံပေး ဆင့်ခေါ် မေးမြန်းခြင်းခံရပါသည်။

ဗြိတိသျှဝန်ကြီးချုပ်က မြန်မာနိုင်ငံကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးနေသော ဇင်ဘာဘွေနိုင်ငံ အကြောင်းဝေဖန်၍ ဇင်ဘာဘွေနိုင်ငံ ဗြိတိသျှသံအမတ်အားဆင့်ခေါ်ကာ ကန့်ကွက်သည့် သတင်းများကို ကြားနေရပါသည်။ နိုင်ငံတကာဆက်ဆံရေးတွင် နားကိုက်ခံရပါက ပါးကို ပြန်ကိုက်ရပါသည်။ နိုင်ငံနှင့် လူမျိုးသိက္ခာအကျမခံစေရပါ။ ဗမာစစ်ဗိုလ်ချုပ်ကြီးများသည် ဗမာနိုင်ငံအစိုးရနေအဖကို နိုင်ငံတကာက ပြောင်ပြောင်တင်းတင်း ဝေဖန် အပုတ်ချခံနေကြရသော်လည်း မတုံ့ပြန်ရဲကြပါ။ အနောက်နိုင်ငံကြီးအချို့၊ ကိုလိုနီလက်သစ်နိုင်ငံများစသည်ဖြင့်သာ တုံ့ပြန်ပြောဆိုရဲ၍ ...ချုပ်ကြီးခင်ညွန့်ပင် ဂန္ဓုးဘွဲ့ကို ရရှိနေပါသည်။ ဒီပဲယင်းအကြမ်းဖက်မှုတွင်လည်း ဗိုလ်ချုပ်ကြီးသန်းရွှေသည် တရားဝင်လူသတ်သမား သူခိုးကြီး၊ ...ယိမ်လူညာကြီးဟူသော ဘွဲ့ကို တရားဝင် ရရှိသွားခဲ့ပါသည်။ "ဗိုလ်ချုပ်ကြီးများဟာ မြန်မာပြည်ကို ပြန်ပေးဆွဲထားသောလုပ်ရပ်ကြောင့် ဒေသတွင်း ...တည်မငြိမ်ဖြစ်လာရေးကို လုပ်ဆောင်ရာရောက်သည်" ဟု အမေရိကန်အထက် လွှတ်တော်အမတ်များက ထုတ်ဖော်ပြောဆိုကြကာ၊ ဝါရှင်တန်မြို့ရှိ မြန်မာသံအမတ်ကိုပင် နှင်ထုတ်ရန် တောင်းဆိုလာကြပါသည်။ နအဖ ...ခင်အုပ်စုအားလည်း ပြစ်ဒဏ်ခတ်သည့် ဥပဒေကြမ်းကို အမေရိကန်အထက်လွှတ်တော်တွင် ထောက်ခံမဲ(၉၇)မဲ၊ ကန့်ကွက်မဲ(၁)မဲဖြင့် အတည်ပြုလိုက်၍ ...စက်မှုလက်မှုကဏ္ဍတွင် အနည်းအပါးဝေါလာငွေရသော အဝတ်အထည်ချုပ်လုပ်ငန်းများသည်လည်း ရပ်ဆိုင်းသွားပါလိမ့်မည်။

၂၈.၆.၂၀၀၃ နေ့က ဗြိတိသျှပါလီမန်တွင် ဝန်ကြီးချုပ်၏ မေးခွန်းဖြေဆိုရသည့်နေ့၌ ပါလီမန်အမတ်တဦးက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးနှင့် မြန်မာနိုင်ငံသားများ အဖိနှိပ်အညှဉ်းဆဲခံနေရပုံများကို တင်ပြ၍ ဝန်ကြီးချုပ်အနေဖြင့် ဘယ်ကဲ့သို့ အရေးယူ ဆောင်ရွက်နေပါသနည်းဟူ၍ မေးခွန်းတက်လာပါသည်။ ဝန်ကြီးချုပ်တိုနီဘလဲကလည်း ဗြိတိသျှ အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆုံးရှုံးနေပုံများ

ကမ္ဘာ့ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းကာ ဗမာ့စစ်အာဏာရှင်များအား ပိတ်ဆို့ဒဏ်ခတ်နေပုံများကို အကျယ်တဝင့် ဖြေကြားသွားခဲ့ပါသည်။ ဒီပဲယင်းအကြမ်းဖက်မှုကြောင့် ဗြိတိသျှပါလီမန်တွင် သာမက ဗြိတိသျှတနိုင်ငံလုံးတွင် စစ်ဗိုလ်များ၏ အကြမ်းဖက်မှုကိစ္စကို ဝေဖန်ပြစ်တင်မှုများ ကြီးကျယ်သွားခဲ့ပါသည်။

၁၉.၆.၂၀၀၃ နေ့ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့က အဖွဲ့ပေါင်းစုံ ပူးပေါင်းကာ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနှင့် မြန်မာပြည်သူများ စစ်အာဏာရှင်စနစ်အောက်က လွှတ်မြောက်ရေးအတွက် ပါလီမန်ရှေ့ ဝန်ကြီးချုပ်ရုံးရှေ့နှင့် ဗမာသံရုံးရှေ့များတွင် လူပေါင်းမြောက်များစွာ ဆန္ဒပြကြပါသည်။ ပါလီမန်ရှေ့တွင် ဆန္ဒပြစဉ်တွင် ဗြိတိသျှပါလီမန်၌ ပါတီပေါင်းစုံမှ အမတ်များဖြင့် မြန်မာ့ဒီမိုကရေစီအရေးအတွက် ဖွဲ့စည်းထားသည့် (All Party Parliamentary Group For Democracy in Burma) ၏ ဥက္ကဋ္ဌ Miss Vira Bairdက ပါလီမန်ထဲက ထွက်လာကာ ဆန္ဒပြ လူအုပ်ကြီးအား ကြိုဆိုကာ မြန်မာပြည်တွင် ဒီမိုကရေစီထွန်းကားလာရေးအတွက် ဆောင်ရွက်နေပုံများကို အကျယ်တဝင့် ပြောပြသွားခဲ့ပါသည်။ ဤ ပါလီမန် အမတ်အုပ်စုအဖွဲ့ကြီးကို ယခင်ကပင် အစိုးရပါတီက အမတ်(၁၀)ဦး၊ အတိုက်အခံပါတီက အမတ်(၆)ဦးနှင့် တခြားအတိုက်အခံပါတီက အမတ်(၄)ဦး စုစုပေါင်းအောက်လွှတ်တော်အမတ်(၂၀)ဦးတို့ဖြင့် ဗမာ့ဒီမိုကရေစီအရေးကို ဇောက်ချ လုပ်နေပါသည်။

အသင်းသားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်စွက်ပြောဆိုလေ့ မရှိသော အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံတွင်ပင် အသင်းဝင် နိုင်ငံအားလုံးက ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးနှင့် မြန်မာ့ဒီမိုကရေ စီအရေးကို ဝင်စွက်ပြောဆိုလာခဲ့ကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင် မြို့တွင် ဇွန်လအတွင်းက ကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပိုဝဲလ်သည် မြန်မာအရေးကို ဦးစားပေးဆွေးနွေးသွားခဲ့ပါသည်။ ကောလင်းပိုဝဲလ်သည် ဆွေးနွေးပွဲစင်မြင့် ပေါ်တက်လာပြီး တခြားနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား လက်ချီ နှုတ်ဆက်ကာ ဓါတ်ပုံအရိုက်ခံစဉ်တွင် မြန်မာနိုင်ငံခြားရေးဝန်ကြီး မီးပုံး

ဝင်းအောင်တစ်ယောက် စင်မြင့်အောက်တွင် ပုန်းအောင်းနေခဲ့ရပါသည်။ ထိုအခါနှံမြို့နေမြန်မာများက ဦးဝင်းအောင်အား မီးပုံးပျံဟု တင်စားခေါ်ဝေါ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂလန်သံအမတ်ဘဝက ဝန်ကြီးဖြစ်၍ လာဆုံပွဲတွင် ဦးဝင်းအောင်က "ကျနော်ရရှိမည့် ဝန်ကြီးရာထူးဆိုတာဟာ မီးပုံးပျံလိုပါပဲ၊ တက်ပြီးရင် ပြန်ကျစမြဲပါ" ဟု ဥပမာပေးကာ ပြောဆိုသွားခြင်းကြောင့်ပင်ဖြစ်ပါသည်။)

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၊ မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အပါအဝင် နိုင်ငံတကာအစိုးရများက ဒီပဲယင်းအကြမ်းဖက်မှုနှင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆုံးရှုံးနေမှုများကို ပြစ်တင်ဝေဖန်သွားခဲ့ကြပါသည်။ မဒို့မပို့သားချင်းစာနာထောက်ပံ့မှုရရှိနေသော အကူအပံ့ငွေများပင် ဆိုင်းငံ့ဖြတ်တောက်ခံနေရပြန်ပါသည်။

၁၉၆၂ ခုနှစ်ကပင် စစ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့သော ဗိုလ်ချုပ်နေဝင်း၏လုပ်ရပ်ကြောင့် ဘေးထွက်ဆိုးကျိုးများတွင် ဗမာလူမျိုးများသည် ကမ္ဘာတွင် လူမွဲစာရင်းဝင်ဖြစ်သွားရုံသာမက တိုင်းပြည်အကြီးအကဲ အုပ်ချုပ်သူလုပ်သူများသည် အကျင့်စာရိတ္တလုံးဝပျက်စီးသွားကာ ဥပဒေကို လက်တစ်လုံးခြားရိုက်စားခြင်းသည် အဆိုးဆုံးဖြစ်ပါသည်။ မင်းကျင့်တရားပျက်ခြင်းသည် အဖတ်ဆယ်မရတော့ပါ။ ဗိုလ်ချုပ်နေဝင်းကဲ့သို့ ဗိုလ်ချုပ်သန်းရွှေသည်လည်း နိုင်ငံရေးပါတီများကိုဖျက်၊ နိုင်ငံရေးသမားများကို နှိပ်နင်းသည့်လုပ်ရပ်ချင်းသည် အတူတူပင်ဖြစ်သည်။

ဗိုလ်ချုပ်သန်းရွှေ၏ အဆိုးဆုံးလုပ်ရပ်သည် ကြံ့ဖွံ့အဖွဲ့ဝင် ဆင်းရဲသားများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဆင်းရဲသားအချင်းချင်း တိုက်ခိုက်သတ်ဖြတ်လာခြင်းမျိုး လူမှုပဋိပက္ခကို ဖန်တီးနေခြင်းပင်ဖြစ်ပါသည်။ မူဆလင်နှင့် ဟိန္ဒူများ မဟုတ်ပါ၊ အစ္စရေးနှင့် ပါလက်စတိုင်း မဟုတ်ပါ၊ ဗုဒ္ဓဘာသာ အညာသားအချင်းချင်း ပဋိပက္ခကိုဖန်တီးပြီး မိမိကုလားထိုင်မြဲအောင် စီမံကြံစီသော ဗိုလ်ချုပ်သန်းရွှေလောက်ရူးသွပ်သူသည် ဗမာသမိုင်းတွင်မပေါ်ပေါက်ခဲ့ဖူးသေးပါ။ ဗမာနိုင်ငံသားအပေါင်းအား အညွန့်တုံးစေသော စစ်အာဏာရှင်လူသတ်သမား သူခိုးဆိုး စစ်ဗိုလ်များနှင့် အဓိမ္မိမ်

ပြည်သူများ၏ တိုက်ပွဲသာဖြစ်ပါသည်။ လူဆင်းရဲအချင်းချင်း၊ အညွန့်ချိုးခံနေရသူ အချင်းချင်းတို့၏ အကြမ်းဖက်သတ်ဖြတ်မှုအစသည် မြန်မာ့သမိုင်းတွင် ဒီပဲယင်းကဟုသာ မှတ်တမ်းတင်ရပါတော့မည်။

ဒီပဲယင်းအကြမ်းဖက်မှုမှ ဘေးထွက်ဆိုးကျိုးများ မကြီးမားစေလိုပါ၊ ချစ်စကိုရှည်ပြီး၊ မုန်းစကို တိုကြပါ။ စစ်ဗိုလ်များ နိုင်ငံအာဏာကိုရိုက်စားရှိ ဆယ်သက်စားမကုန်အောင် ချမ်းသာကြွယ်ဝနေကြသည်ကိုလည်း နားလည်ကြပါ။ အိမ်ကြက်ချင်း ဘယ်သူအိုးမဲသုတ်သည်ဆိုသည်မှာလည်း ထင်သာမြင်သာပါသည်။ စစ်အာဏာရှင်များ၏ အကြမ်းဖက်မှုကြောင့် ဘေးထွက်ဆိုးကျိုးများအဖြစ် မိမိဘဝ၊ မိသားစုဘဝ ဘာဖြစ်နေသည်ကို ကိုယ့်ပေတံနှင့်ကိုယ် တိုင်းတာကြည့်ကြပါ။ ကြံ့ဖွံ့အဖွဲ့ဝင်အရပ်သားများ၊ ဝန်ထမ်းများ၊ စစ်သားများ၊ ရဲသားများအနေဖြင့်လည်း စစ်ဗိုလ်ချုပ်ကြီးများ၏ စားကြွင်းစားကျန် အရိုးအရင်းများကို စားနေရပြီး ထီးကိုင်ဖိနပ်ကိုင်ဘဝက လွတ်မြောက်အောင် ဆောင်ရွက်ပေးနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင် နိုင်ငံရေးသမားများနှင့် ပူးပေါင်းပြီး အရှုံးမေးနှင့် ဂန်ဒူးအမည်ရ စစ်ဗိုလ်ချုပ်ကြီးသုံးဦးနှင့် စစ်အာဏာရှင်ဝါဒဆိုးကို အပြီးအပိုင်ချေမှုန်းနိုင်ပါမှသာ ဗမာပြည်သူများ၏ ဘဝသည် ဘေးထွက်ဆိုးကျိုးများ ဒဏ်မှ လွတ်ကင်းနိုင်ပါလိမ့်မည်။

ဒီပဲယင်းမှ ဒီမိုကရေစီအောင်ပွဲရရှိအောင် ညီညီညွတ်ညွတ်၊ စည်းစည်းရုံးရုံး တိုက်ပွဲဝင်ကြပါစို့။

❖

## ဦးနေဝင်း၏ ဆိုးမွေများ

ဦးနေဝင်း (အသက် ၉၃ နှစ်) ၏ နာရေးကြော်ငြာကို ဖတ်ရှုရ၍ ဦးနေဝင်းချန်ထားခဲ့သော ဆိုးမွေများ သောင်းခြောက်ထောင်မက ခေါင်းထဲ ပေါ်လာပြန်ပါသည်။ နာရေးကြော်ငြာကိုပင် ကျန်ရစ်သူမိသားစုများကိုယ်တိုင် ရေးသားရဟန် မတူပါ။ သားကြီးဦးကျော်သိန်း၏ အမည်ကို ဦးသိန်းဟူ၍ သည်းကောင်း၊ ဒေါက်တာနှင့် ဒေါ် နှစ်မျိုးလုံးရောသုံး၍သုံးနှင့် ကာယကံရှင်၏ ဆန္ဒအရ ဒီဇင်ဘာလ ၅ ရက်နေ့သေဆုံးပြီး နေ့ချင်းမီးသင်္ဂြိုဟ်ရသည်ဟူ၍ ဖော်ပြချက်များသည် သူစိမ်းတရံ လူတစ်ဦး၏ အရေးအသားများသာ ဖြစ်နိုင် ပါသည်။ မြန်မာများတွင် ဒေါက်တာမောင်မောင်၊ ဒေါက်တာရီရီမြင့် စသ ဖြင့်သာ အသုံးများပါသည်။ ဒေါက်တာ ဒေါ်ခင်စန္ဒာဝင်းဟု သုံးလေ့မရှိပါ။ ပြည်ထောင်စုကြီး ပြိုကွဲတော့မလို့၊ မပြိုကွဲအောင် စစ်တပ်က တာဝန်ယူ လိုက်ရပါသည်ဟု ဗိုလ်ချုပ်ကြီးနေဝင်း၏ အလိမ်အညာအမွေဆိုးသည်လည်း ကံကြမ္မာတစ်ပတ် လည်လာပြီး ယနေ့ တပ်မတော်အကြီးအကဲများကပင် ဆက်ခံကာ ဦးနေဝင်း၏ နာရေးတွင်ပင် ဆွေမျိုးတပည့်များ စုဝေးမည်ကို သွေးလန့်၍ ကာယကံရှင်၏ဆန္ဒအရ နေ့ချင်းသင်္ဂြိုဟ်ရပါသည်ဟု လိမ်ညာ နေပြန်ပါသည်။ အိမ်တွင်းအချုပ်အနှောင်ခံနေရသော ဦးနေဝင်းသည် တခြား အချုပ်အနှောင်ခံနေရသူများထက် အခွင့်အရေးရှိခြင်း အနည်းငယ် သာကာ နာရေးကြော်ငြာခွင့် ရရှိခြင်းသည်လည်း နိုင်ငံတော်အာဏာကို ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအတွက် တည်ဆောက်ပေးခဲ့၍ ဖြစ်ပါ

သည်။ ထောင်ထဲတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ သေဆုံး ပါက နာရေးကြော်ငြာထည့်ခွင့်ပင် မရှိပါ။ စစ်ဗိုလ်များ တိုက်ပွဲတွင် ကျဆုံး လျှင်ပင် ထည့်ခွင့်မရှိပါ။

ဦးနေဝင်း၏ တိုင်းပြည်နှင့်လူမျိုးအပေါ် စေတနာမမှန်ကန်၊ လုပ်ရပ် မမှန်ကန်ဘဲ ဥပဒေမဲ့ နိုင်ထက်စီးနင်း မိုက်မိုက်ရိုင်းရိုင်းပြုမူဆောင်ရွက်ခဲ့၍ ယနေ့ပြည်သူအပေါင်းတို့သည် အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အသွားဆင်းရဲ စသော ဆင်းရဲဒုက္ခပေါင်းစုံကို ခံနေကြရပါသည်။ ယခုလက်ရှိ နအဖ စစ်ကောင်စီဝင်များသည်လည်း ဦးနေဝင်း၏ အမူအကျင့်စရိုက်များကို ဆက်ခံ ကာ မိုက်တွင်းနက်လျက်ပင် ရှိနေကြပါသည်။

ဦးနေဝင်း၏သား၊ သမီးများထဲတွင် အဆိုးအကောင်းရှိပါသည်၊ ဦးနေဝင်း မွေးထောင်ခဲ့သော တပ်မတော်သားများတွင်လည်း အဆိုးအကောင်း ရှိနေပါသည်။ ဤဆောင်းပါးထဲတွင် ဦးနေဝင်း၏ သားသမီးများထဲမှ ဦးနေဝင်းခြေရာကို နင်းနိုင်ခဲ့သော သမီးဒေါက်တာခင်စန္ဒာဝင်းနှင့် သားများ ၏ စရိုက်လက္ခဏာတချို့ကိုသာ ဖော်ပြလိုပါသည်။

၁၉၈၆ ခုနှစ်က စာရေးသူသည် အင်္ဂလန်နိုင်ငံရှိ မြန်မာသံရုံးတွင် သံရုံးအုပ်တာဝန်ကို ထမ်းဆောင်စဉ်က သံရုံးပိုင် ညွှဲဂေဟာတွင် ဦးနေဝင်း အိပ်သည့် အိပ်ခန်းကျယ်ကြီးကို သံအမတ်ကြီးကအစ သံရုံးဝန်ထမ်းများက ကျကျနန ကောင်းကောင်းမွန်မွန် ပြင်ဆင်ထားခဲ့ကြရပါသည်။ ဦးနေဝင်းနှင့် အဖွဲ့ဝင် လူလေးဆယ်ကျော်တို့သည် သံရုံးညွှဲဂေဟာသို့ ဆိုက်ရောက်ပြီး သုံးလေးနာရီလောက်ပင် မကြာလိုက်ပါ။ ခင်ဗျားတို့သံရုံးလူတွေ ကျကျနန ခင်းကျင်းထားတဲ့ ဦးနေဝင်းရဲ့အိပ်ခန်း ပွစာကျဲသွားပြီခင်ဗျာ၊ မျောက်အရှုံး ပေးရမဲ့ကလေးတွေဟု ဦးနေဝင်း၏ ဘာတလာကုလားလေးက လာ၍ပြောပြ ပါသည်။ အေးနေဝင်း၊ ကျော်နေဝင်းနှင့် ဖြိုးနေဝင်းသုံးဦးတို့အား အဖိုးဦးနေဝင်း က အလိုလိုက်လွန်း၍ ဦးနေဝင်း၏ ဝေယျာဝစ္စကို အမြဲလုပ်ပေးနေရသော ဘာတလာကုလားများကပင် အတော်မျက်စိနောက်ကာ မျက်မုန်းကျိုးနေပါ သည်။ ဒီအဘိုးကြီးကိုနိုင်တာ ဒီသုံးကောင်ပဲဟု တစ်ဖွဲ့လုံးက မှတ်ချက်ချကြ ပါသည်။ ယခုလက်ရှိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်လည်း ဦးနေဝင်းထက်

ငပိုကဲကာ မြေးငယ်အား ကထိန်ပွဲများ၌ ရေစက်ချရာတွင်ပင် ရေစက်ခွက်ကို တစ်ယောက်တစ်ဘက်စီကိုင်ကာ အလိုလိုက်ကာ ပွဲထုတ်နေပြန်ပါသည်။ ဒိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မြေးငယ်အမည်ကို တပ်မတော်အသိုင်းအဝိုင်းက ငင် ဆော့လွန်း၍ 'မျောက်မူးလဲ' ဟုအမည်ပေးထားကြပါသည်။ မျောက်မူးလဲသည်လည်း ကျော်နေဝင်းနှင့် နင်လားငါလား သောင်းကျန်းစပြုနေပြီဟု ကြားသိရပါသည်။

ဦးနေဝင်း၏သမီး စန္ဒာဝင်းနှင့် သားသုံးဦးတို့သည်လည်း အတုမြင် အတတ်သင် ဆိုသကဲ့သို့ လူတကာအပေါ်တွင် အသိုင်းအဝိုင်းနှင့် အာဏာ အားကိုးဖြင့် မိုက်ရိုင်းလေ့ရှိကြပါသည်။ ဦးနေဝင်းသည် အသိုင်းအဝိုင်း၊ တပ်မတော်အားကိုးဖြင့် မိုက်ရဲသော်လည်း နှစ်ဦးချင်းဆုံသည့်အခါ သတ္တိ ကြောင်ပုံကို အောက်တွင်ဖော်ပြပါမည်။

နိုင်ငံတော်သမ္မတကြီးဦးနေဝင်းသည် မိတ်ဆွေဂျပန်လူမျိုးတစ်ဦးနှင့် အတူ ဧည့်ခန်းဆောင်တွင် အရက်သောက်လျက် ရှိကြပါသည်။ တစ်အိမ် သုံးတွင် စားပွဲထိုး ကိုလှမြင့်တစ်ယောက်သာရှိနေကာ သမ္မတကြီးကတော် ဒေါ်ရတနာနတ်မယ်သည် ရေမိုးချိုးပြီး ဖြီးလိမ်းလျက် ဧည့်ခန်းဆောင်သို့ သာ၍ ဝင်ထိုင်ခဲ့ပါသည်။

ဦးနေဝင်းက ဇနီးအသစ်စက်စက် ရတနာနတ်မယ်အား 'ဒီဂျပန်ကြီး က ငါ့ကိုပဲအပြစ်တင်နေတယ်ကွ၊ တိုင်းပြည် မတိုးတက်တာ၊ အဘက်ဘက် မှာ ဆုတ်ယုတ်နေတာ ငါက ငါ့တပည့်ငယ်သားတွေ အသုံးမကျလို့၊ မကျွမ်းကျင်ကြလို့လို့ ပြောတာလက်မခံဘူး၊ ခေါင်းဆောင်မှာသာ တာဝန် ရှိတယ်တဲ့'ဟု သူ့ဘက်ပါအောင် ဇနီးသည်အား စကားစစ်ကူထိုးပေးရန် အင်္ဂလိပ်လို ပြောဆိုလိုက်ပါသည်။

ရတနာနတ်မယ်က 'မင်းကခေါင်းဆောင်ပဲ၊ တပည့်လက်သားအသုံး မကျတာလဲ မင်းမှာတာဝန်ရှိမယ်လို့ ပြောတာ ဖြစ်မှာပေါ့' ဟု ပြန်ပြောဖြ သည်ဟု ဆိုပါသည်။

ဦးနေဝင်းသည် ဂျပန်ဘက်က ဝင်ထောက်ခံသလို ဖြစ်သွားသော ရတနာနတ်မယ်အား ဖျက်ခနဲဒေါသဖြစ်ကာ နားရင်းအုပ်ထည့်လိုက်ပါ သည်။

ဘုရင့်သွေးအာဇာနည် ရတနာနတ်မယ်သည် ဦးနေဝင်းအား ဖြို အုပ်ရန် တဟုန်ထိုး ထရပ်လိုက်ပါသည်။ ဂျယ်နီကြီးက အချိန်မီကြားဝင်လိုက် ပါသည်။ လက်ကိုသာ ဆွဲဟန့်နေသော ဂျယ်နီကြီး၏ ပေါင်နှစ်လုံးကြားသို့ ရတနာနတ်မယ်၏ ခြေစုံက စိုက်ဝင်သွားပါသည်။ ဂျယ်နီကြီးဂွေးကိုထိကာ ဂျယ်နီကြီးသည် ဒူးနှစ်ဖက်ထောက်ကာ ခေါင်းနှင့်ကော်ဇော နှစ်ပါးသွားနေ ပါတော့သည်။

ငါ့အသားထိတဲ့ကောင် - နင့်ကိုငါသတ်မယ်။

ဦးနေဝင်းက သားကောင်၊ ရတနာနတ်မယ်က မုဆိုး၊ အပြေးသမား က သမ္မတကြီးဦးနေဝင်း၊ အလိုက်သမားက ရတနာနတ်မယ်၊ ဦးနေဝင်းက ဆိုဖာကြီးကိုပတ်ပြေး၊ ပတ်လိုက်သူက ရတနာနတ်မယ်၊ သတ္တိနည်းသူ ဦးနေဝင်းက အားကိုးအားထားရာ လက်နက်လိုက်ရှာ။ တွေ့ပါပြီ။ ကယား ပြည်နယ်က ထွက်သည့် မာဘယ်လ်ကျောက်စလင်းဖြင့် ပြုလုပ်ထားသော ဆေးလိပ်ပြာခွက်ကြီး၊ ရှေ့မတိုးနဲ့ ပစ်ပေါက်လိုက်မယ်၊ တိုးတယ်… ပေါက်စမ်း။ ဦးနေဝင်းသည် ကြောက်ကြောက်လန့်လန့်ဖြင့် လူကိုမပေါက် ဘဲ၊ နံရံကိုသာ ကိုင်ပေါက်လိုက်ပါသည်။

နံရံမှတစ်ဆင့် ဆေးလိပ်ပြာခွက်ကြီးသည် ရတနာနတ်မယ်၏ မျက်စေ့အောက်ပါးရိုးကို မှန်ကာ လဲကျပြီး သတိလစ် သွားခဲ့ပါတော့သည်။ ညဦးကပင် သတိလစ်သွားသည်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဦးနေဝင်းအမိန့်မပေး၍ ဆေးရုံကား မခေါ်ရဲ၊ ဆရာဝန်မခေါ်ရဲ၊ သေရင် သေပါစေဟု ပစ်ထားလိုက်ပါသည်။

နောက်တစ်နေ့တွင်မှ ဆေးရုံသွားခွင့်ရရှိပြီး ဆေးရုံက အပြန်တွင် ဦးလေးမောင် (စစ်ထောက်လှမ်းရေးဝန်ကြီးနှင့် ဆွစ်ဇာလန်နိုင်ငံရှိ ဦးနေဝင်း ၏ ရတနာဆိုင် မန်နေဂျာဘဝတွင် ဦးနေဝင်းနှင့် ဒေါ်ရတနာနတ်မယ်တို့၏ ဖူးစာရေးနတ်) အိမ်သို့ အပြီးဆင်းခဲ့ကြောင်းနှင့် ဦးနေဝင်းနှင့် ဆက်နေပါက သူမအနေဖြင့် လူသတ်တရားခံဖြစ်လာနိုင်ကြောင်း၊ ဦးနေဝင်းက ပျော့ညံ့ပြီး သူမက အင်အားရှိကြောင်း၊ ဆေးဝါးကုသခွင့်သာရရှိခဲ့ပြီး ဦးနေဝင်းထံမှ တစ်ပြားတစ်ချပ်မှ မရခဲ့ကြောင်းနှင့် ဦးလေးမောင်နှင့် ဇနီးကိုယ်တိုင် အိတ်ထဲ

နိုင်ငံသို့ လိုက်ပို့ကြောင်းများကို ဒေါ်ရတနာနတ်မယ် ကိုယ်တိုင် ထုတ်ဖော်
ဘွင့် ပြောပြသွားချက်များပင် ဖြစ်ပါသည်။

သတိလစ်သွားသူ လူနာအား ဆေးရုံကားမခေါ်၊ ဆရာဝန်မခေါ်သည့်
ဖြစ်ရပ်မျိုးသည် စစ်အာဏာရှင်များ၏ ဗမာပြည်တွင် ဖြစ်ရိုးဖြစ်စဉ်တစ်ခုမျှ
သာ ဖြစ်ပါသည်။ ကမ္ဘာတခွင်တွင် ရှာမှရှားသည့် ဖြစ်ရပ်မျိုးပင်ဖြစ်ပါသည်။
သမီးဒေါက်တာခင်စန္ဒာဝင်းသည်လည်း ဂျပန်ပြည်တွင် စစ်သင်တန်းမတက်
ဘူးသော်လည်း အဖေကဲ့သို့ ပါးရိုက်သန်သူတဦးဖြစ်ပါသည်။

မိခင်၏ညီမအရင်း အဒေါ်တော်သူ ဒေါ်ခင်မေအေး အားလည်း
ရန်ကုန်ဆိပ်ကမ်း ကော်ပိုရေးရှင်း၏ နာယကကြီးနှင့် ရွှေတိဂုံဘုရားကြီး၏
ဂေါပကလူကြီး ဒုတိယဗိုလ်မှူးကြီး အရမ်းလှမြင့်နှင့် တတွဲတွဲလုပ်နေ၍
ပါးကွဲအောင် ဆော်ထည့်လိုက်သည်ဟု ဆိုပါသည်။

အဖေ၏ဇနီး မိထွေးတော် ဒေါ်နီနီမြင့်အားလည်း ဆော်ထည့်လိုက်
ပါသည်။

ဦးနေဝင်း၏သမားတော်ကြီး ဗိုလ်မှူးချုပ်ဟောင်းဒေါက်တာကျော်ဝင်း
(ယခုဗြိတိန်ဆိုင်ရာ မြန်မာသံအမတ်ကြီး)၏ ဇနီးဒေါ်ကြည်ကြည်ချစ်မောင်
အားလည်း သူမ၏သကြိန်မဏ္ဍပ်ထဲသို့ ခွင့်မတောင်းဘဲ နိုင်ငံခြားသားတဦး
အား ခေါ်ဆောင်လာ၍ ပါးချခဲ့ပါသည်။

ဦးနေဝင်း၏ ဆိုးမွေများကို ခံစားကာ ရသမျှ နှိုက်စားနေကြသည့်
ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် သက်ကြားအိုဖြစ်သည့် ဗိုလ်ချုပ်ကြီးများသည်
ဦးနေဝင်း၏ ဟာကွက်ပျောက်ကွက်တချို့ကို နမူနာယူလေ့ရှိကြပါသည်။ စစ်တပ်
မအုပ်ချုပ်ပါက ပြည်ထောင်စုကြီး ပြိုကွဲလိမ့်မည်ဟု လိမ်ညာဆဲပင် ဖြစ်ပါ
သည်။

ဦးနေဝင်းသည် ဝန်ထမ်းစည်းကမ်းအရ အသက် ၆၀ ပြည့်သည်နှင့်
စစ်ယူနီဖောင်းချွတ်ကာ လူယုံများအား ကာကွယ်ရေးဦးစီးချုပ်နှင့် သမ္မတ၏
စစ်ဘက်လက်ထောက်ခန့်ကာ အုပ်ချုပ်ရဲသော်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
သည် အသက် ၇၀ ပြည့်ခါနီးသော်လည်း စစ်ယူနီဖောင်းကို မချွတ်ရဲပါ။
ဦးနေဝင်းကဲ့သို့ နိုင်ငံခြားသို့ တစ်လနှစ်လ အနားယူ မသွားရဲပါ။ သွားစရာ
လည်း နိုင်ငံမရှိပါ။ ဖွံ့ဖြိုးသောနိုင်ငံကြီးများက စစ်ဗိုလ်များအား ပြည်ဝင်ခွင့်
ဗီဇာ ပိတ်ကာ ဒဏ်ခတ်ထားပါသည်။

ဦးနေဝင်း၏ ဆိုးမွေများသည် လောလောဆယ်တွင် ပြည်သူလူထုအပေါင်းနှင့် ဦးနေဝင်း၏သမီးဒေါ်စန္ဒာဝင်းနှင့် မိသားစုအား ကောင်းကျိုးမပေးသော်လည်း ဦးနေဝင်းသိမ်းပေးခဲ့သော နိုင်ငံတော်အာဏာက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် နအဖ စစ်ကောင်စီဝင်များအတွက် ဆုလာဘ်သဖွယ် ဖြစ်နေပါသည်။

ဦးနေဝင်း၏ အမွေဆိုးတစ်ခုပမာ ဖြစ်နေသော သမီးတော်ဒေါက်တာစန္ဒာဝင်းအား နအဖစစ်ကောင်စီအနေဖြင့် ကာလကြာမြင့်စွာ ခြံလှောင်မွေးမြူထားမည်လား၊ ခြံမလှောင်ဘဲ ပေါက်လွှတ်ပဲစား မွေးမြူမည်လား၊ နိုင်ငံရပ်ခြားကို ထွက်ခွင့်ပေးမည်လား၊ သူမ၏ အသိုင်းအဝိုင်းက နိုင်ငံရပ်ခြားတွင်ပင် ခိုလှုံခွင့်ပေးသည့် နိုင်ငံရှိနေပြီဟု ကောလဟာလ လွှင့်ပေးနေကြပါသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တောင်းဆိုတိုက်ပွဲဝင်နေသူများအနေဖြင့် ဦးနေဝင်း၏ ဆိုးမွေများ၊ ပြဿနာလုပ် ဇာတ်များအပေါ် မှိုင်းမမိစေလိုပါ။ နိုးသားငါးရာဇာတ်လမ်းမျှသာဖြစ်ပါသည်။

ဦးနေဝင်း၏ အမွေဆိုးဖြစ်သည့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးသည်သာ ယနေ့မြန်မာပြည်သူအပေါင်းတို့၏ တိုက်ပွဲခေါ်သံ အစစ်အမှန်သာဖြစ်ပါသည်။

(၃-၁-၂၀၀၃)

❖

## အတွေးအမြင်အစ လူငယ်က

ပြည်ပရောက် ရခိုင်လူငယ်များက ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ အရင်းအမြစ်အင်အားအဖြစ်အဖွဲ့ချုပ်(လူငယ်)ကို ဖွဲ့စည်းတည်ထောင်စမှာပင် ရခိုင်သတင်းစဉ် (Voice of Arakan) ကို ထုတ်ဝေနိုင်ခြင်းအတွက် အထူးပင်ဂုဏ်ယူမိပါသည်။ ရခိုင်လူငယ်များ၏ ကိုယ်ထူကိုယ်ထ ဘဝတက္ကသိုလ် (သို့) နိုင်ငံရေးသိပ္ပံကျောင်းကြီးကို အစပျိုးလာနိုင်ကြပါစေဟုလည်း ဆန္ဒပြုလိုက်ပါသည်။

ကိုလိုနီကျွန်ဘဝကို တော်လှန်ကြသော အချိန်ကာလနှင့် ပါလီမန်ဒီမိုကရေစီ ခေတ်ကာလများတွင် တိုင်းရေးပြည်ရေးကို ဦးဆောင်တွေးတောစဉ်းစားမည့် ရန်ကုန်တက္ကသိုလ်ကြီးရှိခဲ့ပါသည်။ တက္ကသိုလ်ကျောင်းတော်သားများသည် တိုင်းပြည်၏ ဦးနှောက်၊ တိုင်းပြည်၏ တန်ဖိုးမဖြတ်နိုင်သော ရတနာများ ဖြစ်ကြပါသည်။ တက္ကသိုလ်ဆိုသည်မှာ တိုင်းပြည်ကို စီမံအုပ်ချုပ်မည့် လူတော်လူကောင်းများမွေးထုတ်ရာ ဝမ်းဗိုက်ကြီး ဖြစ်ပါသည်။ ယနေ့ (နအဖ)စစ်ကောင်စီခေတ်တွင် ရန်ကုန်တက္ကသိုလ်ကြီးပင် မရှိတော့ပေ။ တိုင်းရေးပြည်ရေးအတွက် တွေးတောရမည့် စဉ်းစားရမည့်သူများသည် လွတ်လပ်နယ်မြေသို့ ရောက်ရှိနေကြသည့် လူငယ်လူရွယ်များသာ ဖြစ်ပါသည်။ စာရေးသူတို့ ငယ်စဉ်က အောက်ပါအတိုင်း ယုံကြည် အားကိုးခဲ့ဖူးပါသည်။

"ယနေ့ရန်ကုန်တက္ကသိုလ် ဘာတွေတွေးတောစဉ်းစားနေသနည်း" ဤအတွေးများကို မနက်ဖန်တွင် ဗမာပြည် တွေးတောစဉ်းစားပါလိမ့်မည်။ "(What Rangoon University thinks today, Burma will think tomorrow) ၊ "ယနေ့ရန်ကုန်တက္ကသိုလ် ဘာတွေ ပြောဆိုနေသနည်း။ ဤအပြောများကို မနက်ဖြန်တွင် ဗမာပြည်ပြောပါလိမ့်မည်။" (What Rangoon University speaks today, Burma will speaks tomorrow) အခြေခံနမူနာသည် (What Oxford thinks today, England thinks tomorrow. What Oxford speaks today, England speaks tomorrow) အင်္ဂလိပ်လူမျိုးများ၏ အောက်စဖို့တက္ကသိုလ်ကျောင်းထွက်များက တိုင်းပြည်၏ ဦးနှောက်၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် ပါးစပ်အဖြစ် တန်ဖိုးထားခြင်းမျိုးပင် ဖြစ်ပါသည်။

ဗမာပြည်တွင် တက္ကသိုလ်အဆောင့်ကျောင်းဖွင့်ရန်ကိစ္စကို စွဲဆော်ဦးတွေးတောစဉ်းစားခဲ့သည့် ပုဂ္ဂိုလ်မှာ ရခိုင်အမျိုးသားဆရာတော် ဦးဥတ္တမကိုယ်တော်ပင်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့မှ ၁၉၁၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ဆရာတော်ဦးဥတ္တမက အင်္ဂလိပ်အစိုးရထံ ရန်ကုန်တက္ကသိုလ်ဖွင့်ရန် ကိစ္စကို စာရေးတောင်းဆိုခဲ့ပါသည်။ ယင်းစာကို ၁၉၁၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဆရာတော်ရေးသည့် ဆောင်းပါးအဖြစ် သူရိယသတင်းစာတွင် ဖော်ပြခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် တည်ထောင်ပြီးနောက် ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်း၊ ကျောင်းသားလူငယ်များ နိုးကြားလာစေရန် စကားရည်လုပွဲများပြုလုပ်ခြင်း၊ စည်ပင်သာယာရေးအတွက် ကျောင်းသားသမဂ္ဂ အဆောက်အဦကြီး တည်ဆောက်ခြင်း၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းများသည် နောင်အနာဂတ်တွင် တိုင်းပြည်ကို စီမံအုပ်ချုပ်မည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင်ပေးခြင်းပင်ဖြစ်ပါသည်။ ဗမာပြည်တွင် ဒီမိုကရေစီလူထုအစိုးရမျိုးပေါ်ပေါက်လာရေး၊ တန်းတူညီမျှရေး၊ တရားမျှတရေး၊ တရားဥပဒေစိုးမိုး ရေးစသည်တို့ကို ရည်မျှော်ပြီး တက္ကသိုလ်ကျောင်းတော်သားများ၏ ဦးနှောက်ဖွံ့ဖြိုးလာစေရန် စကားရည်လုပွဲများ (Debates) ကျင်းပရာတွင် ဥပဒေကထိက ဦးမအောင် (ရခိုင်အမျိုး

..း) သည်ရှေ့တန်းက ပါဝင်ခဲ့ပါသည်။ ဦးမေအောင်၏သမီး ဒေါ်မြစိန် ..သည်လည်း အင်္ဂလိပ်နှင့် ဗမာဆွေးနွေးပွဲများတွင် အမျိုးသမီး ကိုယ်စားလှယ် ..ဖြစ် ၁၉၃၁ ခုနှစ်ကပင် ပါဝင်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီး ကမ္ဘာ့ ..လသမဂ္ဂအဖွဲ့ကြီး၏ အစည်းအဝေးများတွင် ဒေါ်မြစိန်ပါမှ စရသည့် ..စည်းအဝေးများ ရှိခဲ့ပါသည်။ စာတတ်ပေတတ်များပြောခြင်း၊ အခြေအတင် ..ဆိုဆွေးနွေးရာတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝကပင် ..လိပ်စကားကို သွက်သွက်လက်လက် ပြောဆိုနိုင်ကြခြင်းကြောင့် ပါလီမန် ..ကရေစီခေတ်က ဗမာနိုင်ငံ၏ ကိုယ်စားလှယ်များသည် နေရာ တကာတွင် ..နှာပွင့်ခဲ့ကြပါသည်။ ထိပ်တန်းလည်း ရောက်ခဲ့ပါသည်။

..ကုန်တက္ကသိုလ်တွင် လူသားရင်းမြစ် တိုးတက်ဖွံ့ဖြိုးတိုးတက်ရေးတွင် ..ချက်များဖြစ်သည့် (၁) လွတ်လပ်စွာတွေးခေါ်ခြင်း (Independent Thinking) (၂) စာပေဘာသာရပ်နှင့် ပတ်သက်၍ နှစ်နှစ်ကာကာ တွေးခေါ် ..း (Literary Thinking)နှင့် (၃)ဆင်ခြင်တုံတရားတက္ကဗေဒနှင့် အညီ ..တွေးခေါ်ခြင်း (Logical Thinking) များရှိခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ..ကျောင်းသား/ကျောင်းသူများ၏ ဦးနှောက်သည်လည်း ပတ်ဝန်းကျင်ကို ..ကိန္နိက်ချွတ်ချွတ် ပွင့်ပွင့်လင်းလင်း စူးစမ်းနိုင်ပါသည်။ အဆိုးကိုပယ်ပြီး၊ ..ကောင်းကို ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ တက္ကသိုလ်ဘွဲ့ရများသည်လည်း ..ကိုက်တိုက်တန်တန် ရာထူးရပါသည်။ နိုင်ငံတကာတက္ကသိုလ်များကလည်း ..ကုန်တက္ကသိုလ်၏ အောင်လက်မှတ်ကို အသိအမှတ်ပြုခဲ့ပါသည်။

စစ်အာဏာရှင်များခေတ် ဗမာပြည်တွင် ရန်ကုန်တက္ကသိုလ်လည်း ..နှင့်ခံရပါသည်။ သွားရေးလာရေး၊ နေရေးထိုင်ရေး လွယ်ကူလှသော ..ညွှန်းသာ ရန်ကုန်တက္ကသိုလ်ကြီးပင် မရှိတော့ပေ။ ကျောင်းသားသမဂ္ဂ ..ယ်ပျောက်၊ အဆောက်အဦကြီးပင် ဗုံးခွဲခံရ၊ စကားရည်လုပွဲဆိုဝေးစွ၊ ..တမ်းကိုပင် လွတ်လွတ်လပ်လပ် တွေးခေါ်၍ မရေးသား၊ လူသား ..ဖြိုးရေး ဆိုသည်မှာ ကြာလေဝေးကွာမြဲပင် ဖြစ်ပါသည်။

ဗမာ့တပ်မတော်၏ တွေးတောစဉ်းစားမှုများသည် ဉာဏ်ပညာ ..မြော်အမြင် နည်းပါး၍ တိုင်းပြည်လည်း လုံးပါးပါးလျက် ရှိနေပါသည်။ ..ပ်မတော်သာအမိ၊ တပ်မတော်သာအဖ၊ တပ်မတော်အင်အားရှိမှ

တိုင်းပြည်အင်အားရှိမည်" ဆိုသော တွေးတောစဉ်းစား ပြောဆိုချက်များသည် တိုင်းပြည်တွင် ပေါ်ပြူလာ ဖြစ်မလာခဲ့ပါ။ ဗမာပြည်ကလည်း လက်မခံပါ။ ကမ္ဘာကလည်း လက်မခံပါ။

တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်း သူနိုးဖြစ်၍၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်လည်း သူ့ဇက်ဖြစ်လာခြင်းသာ သံကွင်းဆက်ပမာ ဖြစ်လာပါသည်။ ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်ချုပ်အေးကိုတို့၏ မြေးများ ရာဇဝတ်ကောင် ဖြစ်လာသကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အပေါင်းအပါတို့သည်လည်း ဤသံသရာဝဋ်ဆင်းရဲက လွတ်မြောက်မည် မဟုတ်ပါ။ အဘယ်ကြောင့် ဆိုသော် အတွေးမမှန် အပြောမမှန်သောကြောင့်ပင်ဖြစ်သည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်တွင်း)၏ ဥက္ကဋ္ဌကြီး ဒေါက်တာအေး အောင်သည် အကျဉ်းခံအကျဉ်းသားဘဝမှ လွတ်မြောက်လာခါစတွင် ဘီဘီစီ သတင်းထောက်နှင့် အမေးအဖြေကို ကြားလိုက်ရပါသည်။ လူမှုရေးကိစ္စ ဆောင်ရွက်နေခြင်းဖြစ်၍ ဆက်လက်လုပ်သွားမည်ဟု ဖွင့်မှာသွားခဲ့ပါသည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအေးသာအောင်၊ ဦးသာဘန်း၊ နိုင်ကောင်စံ စသော နိုင်ငံရေးအကျဉ်းသားများသည် စစ်အကျဉ်းထောင်တွင် နှိပ်စက် ညှဉ်းပန်းမှုမျိုးစုံ ခံနေကြရသော်လည်း ကောင်းသည်ကိုတွေး၊ ကောင်းသည် ကိုပြော၊ ကောင်းသည်ကိုသာ လုပ်ဆောင်လိုကြသူများဖြစ်၍ စိတ်နှလုံးသည် ဖြူစင်နေကြမည်ပင် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသမားများအားလုံး လွတ်မြောက်ရုံမျှသာမက မြန်မာ နိုင်ငံသားအပေါင်းတို့သည်လည်း စစ်ကျွန်ဘဝက အမြန်ဆုံးလွတ်မြောက်ရန် လိုအပ်ပါသည်။ စစ်ကျွန်ဘဝက လွတ်မြောက်ပြီးပါက ပို၍ပင်အရေးတကြီး တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရပါလိမ့်မည်။ ယနေ့ ပြည်ပရောက် မြန်မာလူငယ်လူရွယ်များသည် တစ်တပ်တအား ပါဝင်ကြရပါလိမ့်မည်။ ရခိုင်လူငယ်များအပါအဝင် ဗမာလူငယ်များ၊ တခြားတိုင်းရင်းသားလူငယ် များတို့သည် အတတ်ပညာ၊ အသိပညာ၊ အကျင့်သိက္ခာ ရင့်ကျက်နေရန် ကြိုတင်ပြင်ဆင်နေသည်ကို တွေ့မြင်ရ၍ အထူးပင်ဝမ်းသာမိပါသည်။ ဆက်လက်ကြိုးစားစေလိုပါသည်။ ။

❖

## မြန်မာ့စံနှုန်းအနိမ့်ဆုံးနှင့် အညံ့ခံ၍ ပါဝင်သူများ၏ရွေးကောက်ပွဲ

ရွေးကောက်ပွဲဆိုသည်မှာ လူထုအစိုးရဖွဲ့စည်းရေးအတွက် ဖြတ်သန်းရသည့် စီမံခန့်ခွဲအုပ်ချုပ်မှုပညာ စစ်ဆေးပွဲကြီး တစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတော်ကို စီမံခန့်ခွဲအုပ်ချုပ်မည့်သူများသည် သာမန်ပြည်သူပြည်သားများထက် နိုင်ငံရေးမှတ်ခံ၊ အသိစိတ်မှတ်ရှိရမည့်အပြင် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားပြီး ကိုယ်ရည်ကိုယ်သွေး ရှိရပါမည်။

နိုင်ငံရေးအလုပ်သည် သာမန်စာရေးစာချီ၊ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ သိပ္ပံပညာရှင်၊ စီးပွါးရေးပညာရှင်၊ ဥပဒေပညာရှင်၊ စာရေးဆရာ၊ သတင်းစာဆရာစသည့် ပညာရှင်လုပ်ငန်းများကဲ့သို့ ကိုယ်ဝါသနာပါရာလုပ်သည့်၊ ကိုယ်ပိုင်စိတ်ပါရာလုပ်သည့် လုပ်ငန်း မဟုတ်ပါ။ နိုင်ငံရေးဆိုသည်မှာ နိုင်ငံသူနိုင်ငံသားများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းပင်ဖြစ်၍ နိုင်ငံရေးလုပ်သူသည်လည်း ဘက်စုံ တိုးတက်ဖွံ့ဖြိုးနေသူ ဖြစ်ရပါမည်။ ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်မှုရှိ၊ မရှိကို ဓနစဉ်၊ အပတ်စဉ်သတင်းသမားများနှင့် တွေ့ရဲပြောရဲ၊ အမေးခံရဲ၊ မိန့်ခွန်းပြောရဲ စသဖြင့် အများပြည်သူရှေ့မှောက်တွင် မှတ်ကျောက်တင်ခံနိုင်ရပါမည်။

နိုင်ငံရေးမှတ်ခံမရှိဘဲ အောင်မြင်သော နိုင်ငံရေးသမားကောင်းတစ်ဦး ဖြစ်ရန် မလွယ်ကူပါ။ နိုင်ငံရေးကို စိတ်ပါဝင်စားသော တိုင်းပြည်သူပြည်သား

များ များပြားလေ တိုင်းပြည်တိုးတက်လေ ဖြစ်ပါသည်။ တိုင်းသူပြည်သား များ နိုင်ငံရေးကို စိတ်ပါဝင်စားမှု မရှိပါက အာဏာရှင် အတ္တသမားများသာ တိုင်းပြည်ကို အုပ်စိုးခြယ်လှယ် မင်းမူနေမည်သာ ဖြစ်ပါသည်။ နိုင်ငံရေး သမားစစ်စစ်နှင့် နိုင်ငံရေးလုပ်စားသူများကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်အတွက် ပြည်သူပြည်သားများ နိုင်ငံရေးအသိပညာ တိုးပွါးရန်အတွက် သတင်းလွတ် လပ်ခွင့်သည်လည်း ဒီမိုကရေစီစနစ် ထူထောင်ရာတွင် အလွန်အရေးကြီး ပါသည်။

## မြန်မာ့ရွေးကောက်ပွဲစံနှုန်း

မြန်မာနိုင်ငံတွင် တပါးကျွန်ဘဝကပင် ရွေးကောက်ပွဲများရှိခဲ့ပါသည်။ ၁၉၂၂ ခုနှစ်တွင် ဗြိတိသျှနှင့်မြန်မာနှစ်ဦး ပူးတွဲအုပ်ချုပ်ရေးအတွက် ပထမဆုံး ဒိုင်အာခီ(Diarchy) ရွေးကောက်ပွဲဖြစ်ပါသည်။ မဲဆန္ဒပေးသူ ၉၂ ရာခိုင်နှုန်းပင်ရှိခဲ့ပြီး ဦးဆောင်ပါဝင်သူများလည်း ဘိလပ်ပြန် ဝတ်လုံတော်ရ ဦးချစ်လှိုင်နှင့် သယာဝတီဦးပုတို့ကဲ့သို့ နိုင်ငံရေးအသိစိတ်ဓါတ်နှင့် နိုင်ငံရေး ဓာတ်ခံရှိသော ပညာရှင်များပင်ဖြစ်ပါသည်။ ၁၉၂၅ ခုနှစ် ဒုတိယ အကြိမ် ဒိုင်အာခီရွေးကောက်ပွဲ၊ ၁၉၃၂ ခုနှစ်ခွဲရေး၊ တွဲရေးရွေးကောက်ပွဲနှင့် ၁၉၃၁ ခုနှစ် ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲများတွင်လည်း ပါရဂူဘွဲ့ရ မြန်မာ နိုင်ငံရေးသမားများပင် ပါဝင်ခဲ့ကြပါသည်။

၁၉၄၇ ခုနှစ်ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် လည်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပါဝင်ခဲ့ပါ သည်။

လွတ်လပ်ရေးရပြီး ၁၉၅၂ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၆၀ ခုနှစ်များတွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင်လည်း နိုင်ငံအကြီးအကဲများနှင့် ပညာ ရှင်များ ပါဝင်ခဲ့ကြပါသည်။

မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ကောက်ရွေးပွဲ (ရွေးကောက်ပွဲ မဟုတ်တော့ပါ၊ ဗဟိုက ချပေးသူများကိုသာ ငြင်ဘက်မရှိ ထောက်ခံမဲပေး ကြရသည်) များသည် ၁၉၇၄ ခုနှစ်၊ ၁၉၇၈ ခုနှစ်၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၈၆ ခုနှစ်များတွင်ပင် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ်ကြီး

နေးသူ စသည်များသည်လည်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ပါဝင်အရွေး ခံနေကြပါသည်။

၂၀၁၀ ပြည်နှစ်တွင် ပြုလုပ်မည့်ရွေးကောက်ပွဲတွင် စစ်အာဏာရှင် ...သံချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ရွေးကောက်ပွဲ ပါဝင်ဆင်နွှဲရန်မလိုဘဲ နိုင်ငံအကြီးအကဲရာထူးယူမည့် လုပ်ရပ် ...သည် မြန်မာစံချိန်စံနှုန်း အနိမ့်ဆုံးသော ရွေးကောက်ပွဲဖြစ်သလို အဆိုးဝါးဆုံး သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရေးဆွဲထားပါသည်။ ဥပဒေ အပေါ် ... နေရာယူမည့် ကာကွယ်ရေးဦးစီးချုပ် ကမ္ဘာ့သမိုင်းတွင်မရှိပါ။ အများ ...ည်သူ ရွေးချယ်မတင်မြှောက်သော သမ္မတကြီးရာထူးဆိုသည်မှာ ကမ္ဘာ ...တွင် မရှိပါ။

## ...ရှာန်နိုင်ငံ အဖြစ်မခံနိုင်ပါ

ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဆိုသည်မှာ ကြံ့သတ္တဝါနှင့် ဖွတ်သတ္တဝါများ၏ ...ကီသာဖြစ်ပါသည်။ ကြံ့သတ္တဝါသည် ကိုယ်ခန္ဓာကြီးပြီး အင်အားရှိပါ ...သည်။ ဖွတ်သတ္တဝါသည် အိမ်ပေါ်တက်လျှင် မွဲတတ်ပါသည်။ ဖွတ်တက် ...င်မွဲသည် ဆိုသော စကားရပ်သည် ယနေ့မြန်မာနိုင်ငံသူ နိုင်ငံသားများ ...တွက် လက်တွေ့ဖြစ်ရပ်ပင်ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံတွင် နေထိုင်သော စစ်ပညာဘာသာရပ်ကို ပို့ချသူ ...ရဂူကြီးက ၁၉၈၈ ခုနှစ်ကပင် နဝတစစ်ကောင်စီအား အကြံပေးလျက် ...ပါသည်။ လန်ဒန်မြို့ရှိ မြန်မာသံရုံး၏ အပတ်စဉ် သောကြာနေ့တိုင်း ...ကုန်မြို့သို့ ပို့လေ့ရှိသော သံတမန်ချောစာအိတ်ကို အဆိုပါစစ်အကြံပေး ...ရဂူထံမှ ဗိုလ်ချုပ်ကြီးများထံလိပ်မူထားသော စာအိတ်မရောက်လာမချင်း ...တ်ရပါ။ သံအရာရှိများပင် သွားရောက်ယူကြရသည်။ အဆိုပါ ပါရဂူက ...မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ထူထောင်ခြင်းသည် ရေခဲဖြင့် အရုပ်ထုသလို ...ရှည်မခံ၊ အရည်ပျော်သွားလိမ့်မည်။ စစ်တပ်သည်လည်း ကြီးထွားရန် ...သည်။ အင်အားများများ စုဆောင်း၊ လက်နက်များများဝယ်ရန် အကြံဉာဏ် ...ားပေးခဲ့ပါသည်။ စာရေးသူ၏ နောင်တော်၊ ညီတော် သံတမန်များနှင့် ...ဆိုပါစစ်ပညာရှင် ပါရဂူတို့ အချေအတင်ပြောဆိုမှုများလည်း ရှိခဲ့ပါသည်။

ယခုအချိန်အခါတွင် ဗမာတပ်မတော်သည် ကြံ့သတ္တဝါကဲ့သို့ ကြီးထွား လျက်ရှိကာ ခန်နှင့် အိုးတော်ရုံမကျ၍ စစ်သားများပင် ရိက္ခာမလုံမလောက် ဖြစ်နေပါသည်။ ယခင်ခေတ်က ဗိုလ်တစ်ဦးနှင့် စစ်သား ၁၅ ဦးခန့်သာ ရှိသော မြို့နယ်တစ်ခုတွင် ယခုဗိုလ်မှူးချုပ်တစ်ဦးနှင့် တပ်ရင်းကြီးတစ်ရင်းပင် ရှိနေပါသည်။ ဒုတိယဗိုလ်ချုပ်ကြီးများပင် များပြားလာ၍ ဖြုတ်ထုတ်နေရပါ သည်။

ကြံ့သတ္တဝါ၊ ဖွတ်သတ္တဝါများနှင့် ရွေးကောက်ပွဲတွင် သူမသာကိုယ် မသာမြင်နေသည်ကတော့ တစည်ဆိုသော တိရစ္ဆာန်များ စည်းလုံး ညီညွတ် ရေး ပါတီပင်ဖြစ်ပါသည်။ တိရစ္ဆာန်အချင်းချင်းပြိုင်ကြမည့် ရွေးကောက် ပွဲပင်ဖြစ်ပါသည်။ တစည ဘဝမရောက်ခင်က မဆလဆိုတာ ရှိခဲ့ဖူးပါ သည်။ မဆလပါတီမှ ဗိုလ်မှူးချုပ်သန်းတင်နှင့် ဇနီးတို့က - ဒို့စစ်ဗိုလ်တွေ အရပ်ဘက်ကလူတွေနဲ့ နိုင်ငံရေးတွဲလုပ်ပါက စစ်ဗိုလ်မှူးကြီးများ ဒုက္ခရောက် သွားကြကြောင်း၊ အရပ်ဘက်မှာ တိုင်းကောင်စီဥက္ကဋ္ဌသွားလုပ်ကြတဲ့ ဗိုလ်မှူး ကြီးတွေ အရပ်ဘက်က လုပ်ဖော်ကိုင်ဘက်တွေရဲ့ တိုင်စာပစ်စာတွေကြောင့် အလုပ်ပြုတ်၊ ဘဝပျက်ကြတာတွေအများအပြားရှိပါကြောင်း၊ စစ်တပ်က ထီးတည်း အာဏာသိမ်းထားတာကသာကောင်းကြောင်း လန်ဒန်မြို့သို့ ဆေးဝါး ကုသရန်လာစဉ်က စာရေးသူအား ပြောပြဖူးပါသည်။ သတ္တုတွင်း ဝန်ကြီး ဗိုလ်မှူးချုပ်သန်းတင်သည် အရပ်သားရုံးအဖွဲ့မှူး ဦးချို့အား ဖိနပ် တိုက်ခိုင်းချိန် တနာရီ နှစ်နာရီခန့်ကြာသည်ကိုလည်း ကြုံတွေ့ဖူးပါသည်။ လူ့ယဉ်ကျေးမှုကို မသိနားမလည်သော တိရစ္ဆာန်သာသာလူများပင် ဖြစ်ပါ သည်။

တစည၏ တွဲဘက်အတွေထွေအတွင်းရေးမှူးဆိုသည့် ကုန်သွယ်ရေး ဝန်ကြီးဟောင်း ဗိုလ်မှူးကြီးခင်မောင်ကြီးသည်လည်း လူစိတ်မရှိသည်မှာ ကမ်းကုန်ပါသည်။ မဆလခေတ်တွင် နိုင်ငံခြားရေးဝန်ကြီး ပြည်ပသို့ ခရီးထွက်ချိန်တွင် နိုင်ငံခြားရေးဝန်ကြီးရာထူးကို ခေတ္တယူးတွဲထမ်းဆောင်ရစဉ် သံတမန် အသုံးအနှုန်း အင်္ဂလိပ်စာများကိုပင် တတ်ယောင်ကား လုပ်ကာ ပြင်ရေးလေ့ရှိပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝါရင့်သံတမန်ကြီးများက

သူ့နိုင်ငံခြားရေးဝန်ကြီး သိပ်လုပ်ချင်တဲ့လူ၊ ဦးနေဝင်းက သူ့အကြောင်းသိလို့ ခန့်တာ၊ တော်တော်ကြောင်တဲ့လူပဲဟု ပြောဆိုဝေဖန်သံကို ကြားဖူးပါသည်။ ခု ၂၀၁၀ ပြည့်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ယှဉ်ပြိုင် အနိုင်ယူလိုသည်ဟု ပြောပြန်ပါသည်။ ကာလဒေသ ပယောဂကို ဆင်ခြင်မသုံးသပ်တတ်သော ဘဝင်မြင့်နေသူ တစ်ဦးပင်ဖြစ်ပါသည်။

ကြံ့ဖွတ်နှင့် တဆည်များအား တိရစ္ဆာန်စိတ်ဓာတ်မျိုးရှိသူများအား ပြောရခြင်း ကိုယ်တွေ့အတွေ့အကြုံများသာမက ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော် တွင် ကျောင်းကန်ဘုရားများကိုဖျက်၊ သင်္ချိုင်းများကိုဖျက်၊ ရှေးဟောင်း အမွေအနှစ်များကိုဖျက်၊ သံဃာတော်များကိုသတ်၊ ကိုယ်ဝန်ဆောင်မိခင်များ ကိုသတ်နှင့် ကျောင်းသားအရွယ်လူငယ်များကို သတ်ဖြတ်နေခြင်းများ ကြောင့်ပင်ဖြစ်ပါသည်။

## တိ-မွေး-ကုဆရာဝန်ကြီးကယ်တော်မူနိုင်ပါစေ

ငါ့ဖို့၊ ငါ့မိသားစုဖို့၊ ဘို့တစ်ဘို့သာ ရှိသော တိရစ္ဆာန်များ၏ ငါ့ဖို့ ဒီမိုကရေစီ ဦးနှောက်ကို လူထုဒီမိုကရေစီဦးနှောက်ဖြင့် အစားထိုးကုသ လိုသော စေတနာရှင် ရခိုင်လူမျိုးတိမွေးကု၊ တိရစ္ဆာန်များကို မွေးမြူကုသ ပေးသော လူစွမ်းကောင်းတစ်ယောက်ပေါ်ပေါက်လာပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို ထောက်ခံပါသည်။ စစ်ဗိုလ်တစ်မတ်သား ဆွဲခန့်သည်ကို လက်ခံပါသည်။ ကာကွယ်ရေးဦးစီးချုပ်က ဥပဒေအပေါ်က ရပ်တည်မည် ကို ထောက်ခံပါသည်။ စစ်ကျွန်ဘဝသက်ဆိုးရှည်မည့် ဖွဲ့စည်းပုံကိုပြင်ဆင် ရေးဆွဲရန် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ အပါအဝင် တိုင်းရင်းသားပါတီများက တောင်းဆိုသပိတ်မှောက်နေသည်ကို မျက်ကွယ်ပြု၍၊ အညံ့ခံ၍ ရွေးကောက်ပွဲဝင်နေပါသည်။

တော်ဝင်နန်းသုံးဘွဲ့ရ သမားတော် ဆရာဝန်ကြီးဒေါက်တာ စောမြအောင်၏နေရာတွင် ရခိုင်လူမျိုးများကို ကိုယ်စားပြုမည်ဆိုသော တိရစ္ဆာန် ဆရာဝန်တစ်ဦး ပေါ်ပေါက်လာခြင်းသည်လည်း ကာလဒေသ ပယောဂကြောင့်သာ ဖြစ်ပါသည်။

တိရစ္ဆာန်များ၏လွှတ်တော်ထဲသို့ တိရစ္ဆာန်ဆရာဝန်ကြီးဝင်ရောက်သွားနိုင်ပါစေ။ စစ်တပ်ထဲတွင်လည်း ကြီးနိုင်ငယ်ညှဉ်း၊ လူ့လောကတွင်လည်း လက်နက်ရှိသူက လက်နက်မဲ့သူကို အနိုင်ကျင့်သောတိရစ္ဆာန် လောကကြီးမျိုးဖြစ်နေ၍ တိရစ္ဆာန်ဆရာဝန်ကြီး ကယ်တော်မူနိုင်ပါစေဟုသာ ဆုတောင်းမိပါသည်။

## ကလိပ်ကကျစ်ရွေးကောက်ပွဲ

နအဖ စစ်ကောင်စီ၏ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီးကျင်းပသည့် ရွေးကောက်ပွဲဖြစ်၍ လူထုထံသို့ အာဏာလွှဲပြောင်းပေးမည့် ဒီမိုကရေစီ ရွေးကောက်ပွဲမျိုး မဟုတ်ပါ။ ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများသည်လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ထားရာနေ စေရာသွား အာဏာသားဘုတ်ကိုင်များသာ ဖြစ်ပါသည်။ ရွေးကောက်ပွဲ ဥပဒေများသည်လည်း ပွင့်လင်းမြင်သာမှု လုံးဝမရှိဘဲ ကြံ့ဖွံ့သင်္ဂဝါများ တရားဝင် အစိုးရမျိုးဖြစ်အောင် စကောလောက်မှ ဓောက်မနက်သော ပက်စက်သောအကြံဆိုး ဉာဏ်ဆိုးများဖြင့် ကြံစည်နေခြင်းပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဝိသမလောဘကလည်း အတောမတတ်နိုင်သေးပါ။ သမက် ဦးဖြိုးဇော်ဝင်းကို တရုတ်ပြည် ကူမင်းမြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်အဖြစ် ဘာတစ်ခုမှ သံတမန်အတွေ့အကြုံမရှိဘဲ ခန့်အပ်ခဲ့ပါသည်။ ကောင်စစ်ဝန်ချုပ်ရုံးကို အခိုင်အမာတည်ဆောက်ပြီး နိုးဝှက်၍ ရသမျှပစ္စည်းဥစ္စာများကို သမက်နှင့် သမီးထံသို့ ပို့ထားပြီးကြောင်း သိရှိရပါသည်။ တစ်စုံတစ်ရာ အကြောင်းမလှပါကလည်း မိသားစုအားလုံး တရုတ်ပြည်မှာ အခြေချနေထိုင်ရန် စီမံလျက်ရှိကြောင်း သိရှိရပါသည်။

## နိုင်ငံရေးလုပ်စားမည့် အညွှန့်ခံ၍ပါဝင်သူများ

ဝန်ကြီးချုပ်ဦးနုသည်ပင်လျှင် စစ်အာဏာရှင်များထံတွင် အကြိမ်ကြိမ်အရှုံးပေး အညွှန့်ခံခဲ့ပါသည်။ ဦးနုကို အားကိုး အားထားပြု၍ ဘဝပျက်သူ

အများအပြားထဲတွင် စာရေးသူ၏ ဖခင်ဦးဘအေး (လွှတ်တော်အမတ်၊ ...ညိုအောင်စုပါတီ)လည်း ပါဝင်ပါသည်။ ဖခင်သည် အသက်အရွယ်ကြီးမှ ...ဦးနုနှင့် အနီးကပ်ပေါင်းဖော်ကာ ဗုဒ္ဓဘာသာကျမ်းဂန် စာပေများကို အင်္ဂလိပ်ဘာသာပြန် အဖွဲ့တွင် ပါဝင်ခဲ့ပါသည်။ စာရေးသူအင်္ဂလန်နိုင်ငံသို့ မထွက် ...သာမီ ၁၉၈၄ ခုနှစ်တွင် အဖေသည် စာရေးသူအိမ်သို့ရောက်ရှိလာ ...သည်။ အဖေက ဗုဒ္ဓကျမ်းဂန်များကို ဘာသာပြန်ပြီး၍ ဥက္ကဋ္ဌကြီးဦးနုက ...အောင်ပွဲခံအခမ်းအနားပြုလုပ်ရန် အကြောင်းကြား၍ လာခြင်းဖြစ်သည်ဟု ...ပါသည်။ နောက်တစ်နေ့ဦးနုအိမ်ကအပြန် အလွန်စိတ်ဓါတ်ကျ လာသည် ...တွေ့ရပါသည်။ ဦးနုက အတွေ့မခံတော့ကြောင်း၊ အဓိဋ္ဌာန်ဝင်နေကြောင်း ...ဗုဒ္ဓကျမ်းဂန်ဘာသာပြန်အဖွဲ့၏ အောင်ပွဲအခမ်းအနားကိုလည်း ရပ်ကွက် ...ကောင်စီက မလုပ်ရဟု အမိန့်ထုတ်၍ မလုပ်ဖြစ်တော့ကြောင်း ပြောကာ ...က်မှိုင်ချနေပါသည်။ စာရေးသူက ဦးနုသည် အရေးအကြောင်းကျတိုင်း အဓိဋ္ဌာန်ဝင်ပြီး လူများနှင့် အတွေ့မခံသည့်အကြောင်းကို ကြားဖူးခဲ့ပါသည်။ ...အနေဖြင့် ရပ်ကွက်ကောင်စီကတားလျှင် မြို့နယ်၊ တိုင်းဗဟိုအထိ တက်ရ ...သည်ဖြစ်ကြောင်း၊ နောက်ဆုံး ဦးနေဝင်းအထိတက်ပြီး အကျိုးအကြောင်း ...ပြောနိုင်လျက် လွယ်လွယ်ဖြင့် အရှုံးပေးအညံ့ခံတတ်သဖြင့် နောက်နောင်ဦးနု ...နောက်မလိုက်ရန် စာရေးသူက ဖခင်အား ပြောပြခဲ့ဖူးပါသည်။ ဖခင်လည်း ...ဘ်ပျက်လက်ပျက်ဖြင့် မာန်အောင်မြို့သို့ ပြန်သွားခဲ့ပါသည်။ စာရေးသူ အနေဖြင့် အဖေနှင့်ဦးနုတို့တော့ အဆက်ပြတ်သွားကြပြီဟု နိုင်ငံခြားက ...ဆနေမိခဲ့ပါသည်။ စာရေးသူ အယူအဆသည် တက်တက်စင် မှားယွင်း ...သွားခဲ့ပါသည်။ ၁၉၈၈ ခုနှစ်ဒီမိုကရေစီအရေးတော်ပုံနောက်ပိုင်းတွင် ဦးနု ...နှင့် ပြန်ပေါင်းကာ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲဝင်ခဲ့သည်ဟု ကြားသိရ ...ါသည်။ အဖေသည် မြေ ၁၃ ဧကတွင် စိုက်ပျိုး၍ ဝင်ငွေကောင်းနေသော ...ခြံဝင်းကြီးကို ရောင်းချပြီး ရွေးကောက်ပွဲဝင်ခဲ့ပါသည်။ ဆွေမျိုးသားချင်း ...များ၏ မဲဆန္ဒသုံးရာကျော်လောက်သာရရှိပြီး သားအရွယ်လောက်သာရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲတွင် အရှုံးကြီးရှုံးနိမ့်သွားခဲ့သည်ဟု ကြားသိရပါသည်။ ရွေးကောက်ပွဲအပြီးမှာ အဖေ့အနေဖြင့် စားဝတ်နေရေး အတွက်ငွေလိုနေကြောင်း အမကြီးထံမှ စာရ၍ စာရေးသူ၏ ရန်ကုန်မြို့ရှိ

အိမ်ကို အဆမတန်ဈေးဖြင့် ရောင်းချပြီး ပေးခဲ့ရပါသည်။ ဒီမိုကရေစီကို အထူးလိုချင်ခဲ့သော ဖခင်၏ "ဖွတ်မရ ဓါးမဆုံး" ဆိုသကဲ့သို့ စစ်ဗိုလ်ချုပ်များ၏ အလိမ်အညာရွေးကောက်ပွဲကို ဝင်မိ၍ ဒီမိုကရေစီမရဘဲ စီးပွါးပျက် ဘဝပျက်ခဲ့ရသည့် ပုံပြင်တစ်ခုပင် ဖြစ်ပါသည်။ အထူးသဖြင့် အညှဲခံအရှုံးပေးလေ့ရှိသော ဦးနုနောက်သို့လိုက်မိ၍ သိက္ခာကျသွားခြင်းလည်းဖြစ်ပါသည်။

## သဗိတ်သဗိတ် မှောက်မှောက်

၁၉၉၀ ပြည့်နှစ်တွင် တပ်မတော်ကို ခုတုံးလုပ်ပြီး ဗိုလ်ကျမင်းမူနေသော နဝတကောင်စီကပင် တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး သူတို့ပြုလုပ်သည့်ရွေးကောက်ပွဲကို သူတို့ကပင် အသိအမှတ်မပြုဘဲ အာဏာကို ဆက်လက် သိမ်းထားကြပါသည်။

၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို နာဂစ်မုန်တိုင်းဖြစ်၍ လူပေါင်းတစ်သိန်းကျော် သေဆုံးနေချိန်တွင် မသမာသောနည်းမျိုးစုံသုံးပြီး လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်သယောင် လိမ်ညာ၍ အတင်းအဓမ္မ အတည်ပြုခဲ့ကြပါသည်။

စစ်တပ်ကို ခုတုံးလုပ်ပြီး စစ်ဗိုလ်ဆိုးတစ်စု ထာဝစဉ် စိုးမိုးခြယ်လှယ်မည့် ဖွဲ့စည်းပုံကို သဘောတူပါသည်ဟု ဝန်ခံချက်ဖြင့် ရွေးကောက်ပွဲဝင်သော ပါတီများနှင့် ပါတီခေါင်းဆောင်ဆိုသူများသည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုက်ပွဲတွင် အကြိမ်ကြိမ်အညှဲခံအရှုံးပေးသူများ၏ သမီးများနှင့် အပေါင်းအပါတစ်စုသာဖြစ်ပါသည်။ ရာဇဝင်သမိုင်းတွင် ယုံကြည်ချက်ခံယူချက်ကို ဦးထိပ်ပန်၍ အသေခံသူများရှိသကဲ့သို့ ယုံကြည်ချက်ကို မျက်ကွယ်ပြု၍ အရှုံးခံ အညှဲခံသူများလည်း ရှိကြပါသည်။ အညှဲခံအရှုံးပေးတတ်သူ၏ နောက်လိုက် နောက်ပါမဖြစ်ရန် အထူး သတိထားကြစေလိုပါသည်။ လူညံ့ကို ထောက်ခံအားပေးသူသည် လူညံ့ပင်ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်က အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် တိုင်းရင်းသား ဒီမိုကရေစီပါတီ

များက ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို ဒီမိုကရေစီနှင့် တရားမျှတမှုမရှိ၍ သပိတ်မှောက်ကြမည်ဖြစ်ပါသည်။ သပိတ်မှောက်ခြင်းကသာလျှင် မြန်မာမြေပေါ်တွင် မြန်မာစစ်တပ်ကို ခုတုံးပြုလုပ်ကာ လိမ်ညာလှည့်ပတ်နိုးဝှက်စားနေကြသော စစ်ဗိုလ်ဆိုးတစ်စု၏ စစ်အာဏာရှင်အစိုးရ ပျောက်ကွယ်သွားမည်ပါသည်။ သပိတ်မှောက်ခြင်းသည် ပထမဦးစားပေးပြုလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ သပိတ်မမှောက်ရဲသူ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မဲရုံကိုသွားပြီး ပယ်မဲပေးနိုင်ပါသည်။

သယ်ဝံဘဝလွတ်မြောက်ရေးပယ်မဲပေး

မြန်မာနိုင်ငံတွင် သူ့ဆန်စားရဲမှုဆိုသော တလွဲတချော်တွေးခေါ်သူများ ရှိပါသည်။ ပြည်သူ့ဆန်စားပြီး ပြည်သူကို ရဲဝံ့စွာ ကူညီရပါမည်။ ပြည်သူများ ဆင်းရဲခေါင်းပါးနေ၍ ပြည်သူ့ဝန်ထမ်း စစ်သား၊ ရဲသား၊ ဆရာဝန်၊ သတ်သမားနှင့် ပြည်သူ့ဝန်ထမ်းများလည်း ဆင်းရဲခေါင်းပါးနေပါသည်။ ပြည်သူလူထုပေးဆောင်နေသော အခွန်အကောက်ငွေများကို စားနေကြသော ပြည်သူ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဘက်တော်သားဖြစ်ရပါမည်။ စစ်ဗိုလ်ဆိုးတစ်စု၏ လက်ဝေခံဒေါက်တိုင် အလုပ်အကျွေး ပြုသူများဘဝက ရုန်းထွက်ကြရပါမည်။ စစ်ဗိုလ်ဆိုးတစ်စု၏ သားမယား ကိုယ်ကျိုးအတ္တလွန်ကဲသော ဝိသမလောဘကြောင့် တိုင်းပြည်ကြီးလည်း ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်နေပါသည်။

မြန်မာလူမျိုးများသည် ကမ္ဘာ့အလယ်တွင် အလွန်မျက်နှာငယ်နေပါသည်။ မြန်မာနိုင်ငံကိုလည်း တိုးတက်ဖွံ့ဖြိုးသော နိုင်ငံကြီးများအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးနှင့် ကမ္ဘာ့ငွေကြေးရန်ပုံငွေ အဖွဲ့ကြီးကပင် ပစ်ပယ်ထားခြင်း ခံနေရပါသည်။

အကြောက်တရားဖြင့် နေကြရသော ပြည်သူ့ဝန်ထမ်းနှင့် ဆင်းရဲသူဆင်းရဲသားများအနေဖြင့် ပေးတာယူ၊ ကျွေးတာစား၍ ချေးငွေများကိုယူကြပါ။ မဲရုံကိုလည်း သွားကြပါ။

မိမိပေးရမည့်မဲပြားပေါ်တွင် ကြံ့ဖွံ့ပါတီ၊ တဆည ပါတီ၊ အညံ့ခံသူများပါတီ စသော ပါတီကိုယ်စားလှယ်လောင်း သုံးဦးလေးဦးစလုံးကို အမှန်အမှတ်အသားခြစ်၍ ဆန္ဒမဲပေးလိုက်ပါ။

ပါတီအားလုံးထဲက တစ်ပါတီထဲကို ပိုပိုသာသာ မကြိုက်နှစ်သက်၍ ပါတီအားလုံးကို တစ်ပြိုင်နက်တည်း မဲဆန္ဒပေးနိုင်ပါသည်။ မိမိဆန္ဒကို အရှိအရှိအတိုင်း ဖော်ထုတ်ခြင်းကို ဘယ်ဥပဒေစည်းကမ်းကမှ မတားဆီးနိုင်ပါ။ အရေးအကြီးဆုံးက ညီညီညွတ်ညွတ်အပယ်ခံဘဝက လွတ်မြောက်ရေးအတွက် ပယ်မဲပေးကြရန်ပင်ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲကို သပိတ်မှောက်သူကမှောက်၊ ပယ်မဲပေးသူများ ပေးကြပါ။

စစ်ကျွန်ဘဝက လွတ်မြောက်ရေးအတွက် နည်းပရိယာယ်မျိုးစုံသုံး၍ ကြိုးစားအားထုတ်ကြပါစို့။

❖

## နိုင်ငံရေးသမားမဟုတ်သော ဝန်ကြီးချုပ်ခင်ညွန့်၏ နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ်

နိုင်ငံရေးသမား မဟုတ်ပါဆိုသော စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ခင်ညွန့်သည် ဝန်ကြီးချုပ်ဆိုသော နိုင်ငံရေးရာထူးကို ယူထားပါသည်။ နိုင်ငံရေးသမားများ၏လုပ်ငန်းဖြစ်သော နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ် Road Map ကို အာဘောင်အာရင်းသန်သန်ဖြင့်တစ်မျိုး၊ နှစ်ဖက်ချွန်လေသံဖြင့်တစ်ဖုံ စိတ်ရင်းစေတနာမပါဘဲ ဟန်ဆောင်ကာ ပြောဟောနေပါသည်။ အဆိုပါ နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ်တွင် ဒီမိုကရေစီဆိုသော စကားလုံးကို ဒုတိယအဆင့်နှင့်သတ္တမအဆင့်တွင် တွေ့ရပါသည်။ ဒုတိယအဆင့်တွင် အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက်လိုအပ်သော ဆောင်ရွက်ဖွယ်ရာလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်းနှင့် သတ္တမအဆင့်တွင် လွှတ်တော်မှ ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ ဖြစ်ပါသည် ဟူသော ဒီမိုကရေစီ စကားလုံးနှစ်လုံးပင် ဖြစ်ပါသည်။ ပထမအဆင့်တွင် ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံ

ကြီးကို ပြန်လည်ကျင်းပခြင်းဟု ဖော်ပြပြီး၊ ဒီမိုကရေစီကျင့်စဉ်ဖြင့် (ဝါ) ပြည်သူလူထုဆန္ဒသဘောထားဖြင့် ကျင်းပမည်ဟူသော အရိပ်အယောင်ပင် မပါရှိပါ။ တတိယအဆင့်တွင် အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်းဟုဖော်ပြ ထားပါလျှင် ယနေ့ တိုးလို့တန်းလန်းဖြစ်နေသော အမျိုးသားညီလာခံကြီး သည်ပင်လျှင် ဥပဒေ ရေးဆွဲရန်ကိစ္စ မဟုတ်သေးပါ။ မူများ ရေးဆွဲနေ ကိစ္စမျှပင် ဖြစ်သည်ဟု ဆိုထားသော်လည်း နဝတ/နအဖစစ်ကောင်စီအနေ ဖြင့် ညီလာခံမကျင်းပမီကပင် "အနာဂတ်နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင် ရေး" ဆိုသော မူကို ချမှတ်ထားပြီးဖြစ်ပါသည်။ မူချပြီးမှ ပုတ်သင်ညိုများကို ခေါ်ပြီး ညီလာခံကျင်းပခြင်းပင်ဖြစ်ပါသည်။ နိုင်ငံရေးသမားမဟုတ်သော စစ်ဗိုလ်များ နိုင်ငံရေးရာထူးကြီးများကို ထာဝရယူထားရေးမူပင်မဟုတ်ပါလား၊ စစ်ကျွန် စုဆောင်းသည့် ညီလာခံကြီးသာ ဖြစ်နိုင်ပါသည်။

ဗိုလ်ချုပ်နေဝင်း၏ အလိမ်အညာ အလှည့်အပတ်ကတစ်မျိုးဖြစ်ပြီး ဗိုလ်ချုပ်သန်းရွှေ၏ အလိမ်အညာအလှည့်အပတ်က တစ်ဖုံဖြစ်ပါသည်။ အမျိုးမျိုးအဖုံဖုံ အာဏာပါဝါ အရသာကိုသိရှိနေကြသော စစ်ဗိုလ်ချုပ်ကြီးများ ၏ လိမ်ညာလှည့်ပတ်နေမှုန်းသိလျက်နှင့် ကိုယ့်အတွက် အရိုးအရွက်ကလေး စားရရင်လည်း မနည်းပါဘူးဟု တွက်ဆကာ ခိုးသားငါးရာစာတ်ထဲ ဝင်သွား သူများလည်း ရှိနေပြန်ပါသည်။ ဗိုလ်ချုပ်နေဝင်းက ဆိုရှယ်လစ်ဝါဒအရောင်ပြ ပြီး လိမ်ညာခဲ့သလို ဗိုလ်ချုပ်သန်းရွှေက ဒီမိုကရေစီကိုဘမ်းပြပြီး လိမ်ညာ လှည့်ပတ်နေသည်ကို သိသာနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁၉၉၁ ခုနှစ်အတွင်းက အမျိုးသားညီလာခံအစည်းအဝေးတွင် တင်သွင်းခဲ့သော စာတမ်းပါ အချက်တစ်ချို့ကို ဖောက်သည်ချလိုပါသည်။

"၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေက စလေမြို့ခါတ်မြေသြဇာစက်ရုံ၌" ယနေ့ကာလသည် စစ်မှန်သော ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည် များကို လမ်းခင်းပေးနေသည့်ကာလဖြစ်ကြောင်း မိန့်ကြားသွားခဲ့ပါသည်။

ယခုအခါ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်တော့ မနက်ဖြန်မှာ ဒီမိုကရေစီအခွင့်အရေးများ ရရှိကြရန်လည်းကောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်မှုများကို ဖယ်ရှားပစ်ရန်လည်းကောင်း အထူးလိုအပ်ပါသည်။ "ဒီမိုကရေစီကျင့်စဉ်ကို မနက်ဖြန်မှ စတင်အကောင်အထည်ဖော်မည်ဟု ဆိုခြင်းသည် အဓိပ္ပါယ်မရှိဖြစ်နေပြီး ယင်းကျင့်စဉ်ကို မည်မျှလောက်ပင် သေးငယ်သည် ဖြစ်စေကာမူ ယနေ့ကပင် စတင်ဖော်ထုတ်ရသည်" ဟု နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ဂျိုရှိ (Joshi) ကပင်ဖွင့်ဆိုထားပါသည်။ "To announce that democracy begins tomorrow is meaningless if no attempt, however slight is made to day to bring it into being"

စကစ်ရုံထဲတွင်လည်း ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းတော့မည်ဟု ပြောပါသည်။ မြေကြီးရက်ကြီးများတွင်လည်း ပြောပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့များတွင်လည်း တရားဝင်ပြောပါသည်။ သို့ရာတွင် ယနေ့အထိ စစ်ဗိုလ်များသည် ဒီမိုကရေစီအစအနကိုပင် စတင်ဆောင်ရွက်သည်ကို မတွေ့ရပါ၊ မမြင်ရပါ။

ဒီမိုကရေစီစနစ်သစ်ကို ထူထောင်မည်ဆိုရိုးမှန်ပါက ပြည်သူများဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့ကိုယ်စားပြု နိုင်ငံရေးပါတီများ၊ ပြည်သူများ ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များကို ဖိနှိပ်ထားရပါမည်။ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားကြီးငယ်ဟူသမျှကို အမြစ်ဖြတ်နှိမ်နင်းနေသည်မှာ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြစ်နေပါသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌကြီးဒေါက်တာဦးစောမြအောင်နှင့် သတင်းထောက်တို့ ဘီဘီစီတွင် ပြောဆိုဆွေးနွေးကြရာတွင် ဦးစောမြအောင်က - ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ရန်ကုန်မြို့ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးတွင် အဖွဲ့ဝင်လူကြီး(၅) ဦးအမည်ဖြင့် မှတ်ပုံတင်ထားရကြောင်း၊ အဖွဲ့ဝင်တစ်ဦးသည် ဖိအားပေးမှုကြောင့် နုတ်ထွက်သွားခဲ့ကြောင်း၊ အဖွဲ့ဝင်လူကြီး (၅)ဦး မပြည့်တော့၍ဟု အကြောင်းပြကာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခံခဲ့ရကြောင်း၊ နောက်ထပ် လူကြီးတွေ ရှိသေးသည်၊ အရွေးချယ်ခံအထောက်

(၁၁) ဦး ရှိပါသေးသည်။ အစားထိုးပါရစေဟု ပြောဆိုတင်ပြသော်လည်း လက်မခံဘဲ မတရားသဖြင့် နိုင်ထက်စီးနင်း အဖျက်ခံခဲ့ရသည့် အကြောင်းရင်းကို ထုတ်ဖော်ပြောဆိုဖူးပါသည်။ တစ်ဗိုလ်ကျတစ်ဗိုလ်တက်စနစ်ကို နအဖစစ်ကောင်စီဝင်များသာ ကျင့်သုံးခွင့်ရှိပါသည်။ နိုင်ငံရေးပါတီများ ကျင့်သုံးခွင့် မရှိပါ။ တန်းတူရည်တူမရှိသော အရပ်သားပြည်သူများ ဘဝသာ ဖြစ်ပါသည်။

စစ်အာဏာရှင်များ၏အဖေကြီး ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အမျိုးသားစည်းလုံး ညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကိုပြဋ္ဌာန်းပြီး နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများကို အပြတ် နှိမ်နင်းခဲ့ပါသည်။ ဗိုလ်ချုပ်သန်းရွှေသည် နိုင်ငံရေးသမားများအား နှိမ်နင်းရာတွင် ဆရာထက် တပည့်လက်စောင်းထက်နေပါသည်။ နိုင်ငံရေးသမားများ အသေအပျောက်၊ အဖမ်းအဆီးနှင့် နှစ်ရှည်ထောင်သွင်းခံရခြင်းသည် ဗိုလ်ချုပ်သန်းရွှေ၏ခေတ်တွင် အဆမတန်များပြားလျက် ရှိနေပါသည်။ ဗိုလ်ချုပ်နေဝင်းထံ အညွှံခံသူ နိုင်ငံရေးသမားများသည် ပါတီကောင်စီလူကြီးများ ဖြစ်ကာ အစိုးရအဖွဲ့တွင် ဝန်ကြီးများနှင့် သံအမတ်ကြီးရာထူးများပင် ရရှိသူများ ရှိခဲ့ပါသည်။ ဗိုလ်ချုပ်သန်းရွှေခေတ်တွင် စစ်ဗိုလ်မှလွဲ၍ နိုင်ငံရေးသမားများကို နေရာပေးလေ့မရှိပါ။ အပစ်အခတ်ရပ်စဲထားသော လူမျိုးစု ခေါင်းဆောင် နိုင်ငံရေးသမားကြီးများသည်လည်း သခင်နှင့် ကျွန် ဆက်ဆံသည့်ပုံစံမျိုးဖြင့် ဗိုလ်ချုပ်ခင်ညွန့်နှင့် နယ်စပ်ဒေသဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့ကို ဖူးမြော်ခစားနေရသည့် ဓါတ်ပုံများကို သတင်းစာများတွင် တွေ့မြင်နေရပါသည်။ နိုင်ငံရေးတန်းတူခွင့် လုံးဝမရှိပါ။ နိုင်ငံရေး ဆွေးနွေးရန်စောင့်ဆိုင်းနေရသည်မှာ (၁၀) နှစ်ကျော်ပင်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံရေးဆွေးနွေးရန် စောင့်ဆိုင်းနေသူတိုင်း တိုင်းရင်းသား ခေါင်းဆောင်ကြီးများနှင့် နိုင်ငံရေးသမားများ မဟုတ်ပါဟု ဆိုနေသော ဝန်ကြီးချုပ်ခင်ညွန့်တို့ကို နိုင်ငံရေးစကားပြောဆိုလိုသူများအား အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ စာတမ်းပါ ဒီမိုကရေစီနှင့်ပတ်သက်၍ အဓိကမဏ္ဍိုင်ကြီး ၁ ရပ်ကို ဖောက်သည်ချလိုပါသည်။ နအဖ စစ်ကောင်စီ၏ ရွှေရည်စိမ်ဒီမို

ရေးစီနှင့် ကွဲကွဲပြားပြား ဖြစ်နေသည်ကို စာရေးသူအနေဖြင့် သဘောပေါက်ခံယူမိ၍ အောက်တွင် ဖော်ပြရခြင်းပင် ဖြစ်ပါသည်။

၁။ အချုပ်အခြာအာဏာသည် ပြည်သူထံမှ ဆင်းသက်ရမည်။

၂။ လူ့သိက္ခာသည် ချိုးနှိမ်အပ်သောအရာမဟုတ်။

၃။ အစိုးရသည် ပြည်သူလူထု၏ သဘောထားဆန္ဒအပေါ် အခြေခံရမည်။

၄။ အများစု(သို့)အနိုင်ရသော နိုင်ငံရေးအဖွဲ့အစည်းက အုပ်ချုပ်ရမည်။

၅။ အနည်းစု၏အခွင့်အရေးများကို လေးစားရမည်။

၆။ အခြေခံလူ့အခွင့်အရေးများကို အာမခံရမည်။

၇။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရမည်။

၈။ ဥပဒေရှေ့မှောက်တွင် အားလုံးအညီအမျှ ဖြစ်ရမည်။

၉။ ဥပဒေနှင့်အညီဆောင်ရွက်ရမည်။

၁၀။ အစိုးရကို အခြေခံဥပဒေဖြင့် ကန့်သတ်ထားရှိရမည်။

၁၁။ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်၍ ကြောင်းကျိုးတရားအလုံးစုံကို ပြည်သူလူထုအတွက် ရှေ့ရှုရမည်။

၁၂။ သည်းခံခြင်း၊ အကျိုးရှိအောင် လက်တွေ့လုပ်ဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိစွာ လိုက်လျောခြင်းများကို တန်ဖိုးထားရမည်။

နအဖစစ်ကောင်စီဝင် ဗိုလ်ချုပ်များသည် နိုင်ငံရေးသမားများ မဟုတ်ကြသောကြောင့် အထက်ဖော်ပြပါ ဒီမိုကရေစီစနစ်အတွင်း ရှိသင့်ရှိထိုက်သော မဏ္ဍိုင်ကြီးများကို လက်တွေ့ကျင့်သုံးရန် ရည်ရွယ်ချက်မရှိကြခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့၏ နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ် Road Map သည် လည်း စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရန်အတွက် အလိမ်အညာ အလှည့်အပတ် ပရိယာယ်ပေဝုစ်မျှသာ ဖြစ်နေပါသည်။

နအဖ ဗိုလ်ချုပ်ခင်ညွန့်အနေဖြင့် ကေအန်ယူဗိုလ်ချုပ်ကြီးစောဘိုမြအား ပြောဆိုသည့် စကားအရဆိုပါက ဗိုလ်ချုပ်ခင်ညွန့်နှင့် အပေါင်းအပါ စစ်ဗိုလ်

ချုပ်များသည် ၎င်းတို့၏ဆရာကြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနေဝင်းအမည်နှင့် စစ်ယူနီဖောင်းကိုချွတ်ကာ အရပ်သား နိုင်ငံရေးသမားဘဝကို ခံယူမည့် လမ်းစဉ်ကို မလိုက်မည်မှာသေချာလှပါသည်။ စစ်ယူနီဖောင်းကို တစ်သက်လုံး မချွတ်ရဲဘဲ နိုင်ငံရေးရာထူးများကို စစ်တပ်အားခုတုံးလုပ်ကာ ဆက်လက်ယူထားကြမည်သာ ဖြစ်ပါသည်။

နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများကို အမြစ်ဖြတ် နှိမ်နင်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေပါသည်ဆိုသော စစ်အာဏာရှင်တစု၏ အလိမ်အညာ အလှည့်အပတ်သည် လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားစွာဖြင့် တွေ့နေရပါသည်။ နိုင်ငံရေးပါတီကို အခြေမခံသော ဒီမိုကရေစီနိုင်ငံဆိုသည်မှာ ကမ္ဘာပေါ်တွင်မရှိပါ။ ဒီမိုကရေစီ ဘက်တော်သားများအနေဖြင့် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများအား ရှင်သန်အောင် ဝိုင်းဝန်း ထောက်ခံအားပေးကြမှသာလျှင် အများပြည်သူများအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလမ်းစများကို ဖွင့်ပေးလာရောက်ပေမည်။

❖

# ပြည်သူပြည်သားများ၏ အဆိုးဘဝမှ လွတ်မြောက်ရေးအတွက် ပြင်ကြဆင်ကြ

၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်းက နေအိမ်တွင် ၁၂ နှစ်ကျော် အကျယ်ချုပ် ခံနေရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က 'အကောင်းဆုံး မျှော်လင့်သလို အဆိုးဆုံးကို ခံနိုင်ရည်ရှိဖို့ ပြင်ဆင်ထားကြရမယ်'ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ခေါင်းဆောင်များနှင့် တခဏ တွေ့ဆုံရစဉ်က ပြောဆိုခဲ့ပါသည်ဟု တစ်ဆင့်စကား ကြားခဲ့ရပါသည်။ ဤစကားမျိုးကို သူမ၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းကလည်း ဗမာ့လွတ်လပ်ရေးတိုက်ပွဲကာလ ပြည်သူလူထုရှေ့မှောက်တွင် ပြောခဲ့ဖူးပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ စကားတွင် အကောင်းဆုံး ဖြစ်မလာပါက အဆိုးဆုံးကို ရင်ဆိုင်ရမည်၊ လွတ်လပ်ရေးကို ဝင်ဆွေးနွေး၍ ရရင်ရ၊ မရရင်ထချမည့် သဘောထားရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုနောက်တွင် အလုပ်သမား၊ တောင်သူလယ်သမား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ရဟန်းရှင်လူပြည်သူအပေါင်း ရှိခဲ့ပါသည်။ ဗိုလ်ချုပ်၏ သီလ သမာဓိ သိက္ခာကြောင့် ပြည်သူလူထုအပေါ် စိတ်ဓါတ်ရေးရာသြဇာနှင့် နိုင်ငံရေးစွမ်းအင်ရှိခဲ့ပါသည်။ ဗိုလ်ချုပ်၏သမီး ဒေါ်အောင်ဆန်းစုကြည်သည်လည်း နိုင်ငံရေးသြဇာစွမ်းအင်များရှိ၍ စစ်အာဏာရှင်၏ အကျဉ်းသားဘဝကျရောက်နေခြင်းပင်ဖြစ်ပါသည်။

ယနေ့ပြည်သူပြည်သားများ၏ ဘဝသည် ၁၉၆၂ ခုနှစ်က ဗိုလ်ချုပ်နေဝင်း၏ စစ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့သည့်နေ့မှစ၍ တစ်စတစ်စအဆိုးသံသရာ လည်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်မေလအတွင်းက တိုက်ခတ်ခဲ့သော နာဂစ် မုန်တိုင်းကြောင့် ပြည်သူအပေါင်း၏ဘဝသည် နွားရာဝဲစွဲ၊ မီးလောင်ရာ လေပင့် ဆိုသလို အဆိုးဆုံးဘဝကျရောက်သွားခဲ့ပါသည်။ လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ပြီး၊ လူပေါင်းနှစ်သန်းခန့် စားရမဲ့၊ သောက်ရမဲ့၊ နေရမဲ့ဘဝ ရောက် သွားခဲ့ပါသည်။ ယင်းကဲ့သို့ ပြည်သူတရပ်လုံးဘေးဒုက္ခရောက်နေစဉ် ကာလ တွင်ပင် စစ်အာဏာရှင်များ ရာသက်ပန် တရားဝင်အစိုးရအဖြစ် အုပ်ချုပ်နိုင် ရေးအတွက် အခြေခံဥပဒေမူကြမ်းကို လူထုဆန္ဒခံယူပွဲကျင်းပခဲ့ပြီး ပြည်သူ လူထုကို တိရစ္ဆာန်လောက်ပင် သဘောမထားဘဲ အနိုင်ကျင့်ကာ လူဦးရေ ၂၄ သန်းကျော်က ထောက်ခံမဲပေး၍ ၉၇.၄၈% ရရှိသဖြင့် ဖွဲ့စည်းပုံကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း အရှက်တရားကင်းမဲ့စွာ ကြေငြာခဲ့ကြပြန်ပါ သည်။ ကမ္ဘာပေါ်တွင် ဒီမိုကရေစီ အထွတ်အထိပ်သို့ ရောက်ရှိနေကြသော နိုင်ငံများတွင်ပင် ၉၈% ဆန္ဒမဲပေးသည့် နိုင်ငံရေးနိုးကြားမှုမျိုးမရှိပါ။

ထို့ပြင် မုန်တိုင်းဒဏ်ခံရသော ပြည်သူပြည်သားများအားလည်း အစိုးရတစ်ရပ်အနေဖြင့် အပြည့်အဝ အကူအညီမပေးနိုင်သည့်အပြင် အပြည့် အဝ အကူအညီပေးမည့်သူများ၊ အစိုးရများကိုလည်း အဝင်မခံဘဲအမျိုးမျိုး ပိတ်ပင်တားဆီး၍ မုန်တိုင်းဖြစ်ပွါးရာအရပ်မှ ဒုက္ခသည်များသည် အငတ် ဘေး၊ ရောဂါဘယဘေးဒုက္ခများကြောင့် နောက်ဆက်တွဲ သေပွဲဝင်ထား ကြရသဖြင့် ကိုယ့်ပြည်သူများအပေါ် ရက်စက်ကျူးလွန်သည့် ရာဇဝတ်မှု (Crime against humanity) ဖြင့် ကမ္ဘာ့တရားရုံးများတွင် တရားစွဲဆိုခံရ မည့် အခြေအနေမျိုးရောက်ရှိသွားခဲ့ပါသည်။ ယခုခေတ် ဗမာပြည်သူ ပြည်သားများ၏ဘဝသည် အလွန်ဆိုးရွားလှပြီး အနောက်တိုင်းရှိ ခွေး နွား၊ ကြောင်၊ ကြက်၊ ဝက် စသည့်သတ္တဝါများလောက် ဆေးဝါးကုသခွင့်နှင့် စားသောက် နေထိုင်ခွင့်ကို အပြည့်အဝမရရှိသလို ဖြစ်နေပါသည်။

၁၉၆၂ ခုနှစ်ကပင် စတင်၍ စစ်အာဏာရှင်များအနေဖြင့် ပြည်သူ ပြည်သားများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွါးရေး စသည့် ဖွံ့ဖြိုးတိုးတက်ရေးကို လုံးဝဥဿုံ လျစ်လျူရှုခဲ့ကြကာ စစ်အာဏာရှင်စနစ်

သက်ဆိုးရှည်ရေး တစ်ခုတည်းကို ဦးတည် ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးက ဆင်းရဲကြပ်တည်းသည့်ဒဏ်ကို မခံနိုင်တော့သောကြောင့် လူထုအုံကြွပေါက်ကွဲ၍ စစ်အာဏာရှင်တို့၏ အဖေကြီး နေဝင်း၏ တစ်ပါတီအာဏာရှင်စနစ် ချုပ်ငြိမ်းသွားခဲ့ပါသည်။

တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်တွင် နိုင်ငံတော်ပိုင် စီးပွါးရေးစနစ်ကို ကျင့်သုံးကာ ပုံစံခွက်ဖြစ်သော ဒီတာအုပ်၊ ဆန်စာအုပ်ခွဲတန်းကိုကိုင်ကာ စားခဲ့ကြရသော ပြည်သူပြည်သား များအား ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တဖန်စစ်အာဏာ သိမ်းခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ)သည် အတုအယောင်နိုင်ငံရေးဦးတည်ချက်များနှင့် ဝါဒမှိုင်းအမျိုးမျိုးကို တိုက်ကာ အုပ်ချုပ်လာခဲ့ပြန်ပါသည်။

နဝတကောင်စီသည် ဒိုတာဝန်အရေးသုံးပါး၊ နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွါးရေး ဦးတည်ချက်လေးရပ်၊ လူမှုရေးဦးတည်ချက်လေးရပ်၊ ပြည်သူ့သဘောထားစသည်တို့ကို အတုအယောင်ပြုပြီး အတွင်းပိုင်းအနှစ် သာရ၌ အောက်ပါဝါဒ မှိုင်း ၄ မျိုးကို လက်ကိုင်ထားပြီး ပြည်သူပြည်သား များအား လှည့်ဖျားပါတော့သည်။

၁။ ဂုဏ်ပကာသနမှိုင်း

၂။ ဘာသာရေးမှိုင်း

၃။ ကြောက်တုံးမှိုင်း(ကြောက်စိတ်ဝင်စေပြီး လူညွှန့်တုံးစေရန် ကြံဆောင်သောမှိုင်း)

၄။ ပြည်ပအားကိုးပုဆိန်ရိုးဟုယိုးစွပ်၍ အနောက်နိုင်ငံသားများအား ဆန့်ကျင်စေသည့်မှိုင်း

### ၁။ဂုဏ်ပကာသနမှိုင်း

နဝတ အတွင်းရေးမှူး(၁)ဖြစ်သော ဗိုလ်ချုပ်ကြီးခင်ညွှန့်က ဈေးကွက် စီးပွါးရေးစနစ်ကို ကျင့်သုံးပါသည်ဟု ဆိုကာ ဘိန်းဘုရင်များ၏ ငွေအရင်း အနှီးများဖြင့် အစပထမတွင် အများပြည်သူပိုင် ကုမ္ပဏီကြီးများထောင်၊ ဘဏ်တိုက်ကြီးများဖွင့်၊ အရက်ဘီယာစက်ရုံများတည်၊ လမ်းဖောက်တံတား

ဖောက်၊ တိုက်များဆောက်ကြပြီး ကြွားလိုက်ကြသေးသည်မှာ 'ရန်ကုန်မြို့က ငါးလခြောက်လလောက် ထွက်ခွါသွားပြီး ပြန်လာလျှင် မမှတ်မိအောင် အဆောက်အဦကြီးတွေ ဖြစ်ထွန်းနေပါသည်' ဟု နှိုင်းတိုက်ခဲ့ပါသည်။ ယခု အချိန်အခါတွင် အားလုံးနီးပါး စစ်တပ်ဦးပိုင်လုပ်ငန်းနှင့် စစ်ဗိုလ်ချုပ်ကြီးများ၏ ပုဂ္ဂလိက စီးပွါးရေးဖြစ်နေပါသည်။

အုပ်ချုပ်သူ စစ်ဗိုလ်များ၏အသိုင်းအဝိုင်းနှင့် ပြည်သူပြည်သားအချို့ သည်လည်း ဂုဏ်ပကာသန မှိုင်းမိကာ မိုးမမြင် လေမမြင်ဖြစ်သွားခဲ့ကြ ပါသည်။ ဥပမာတချို့ကို အကျဉ်းချုပ်ဖော်ပြပါမည်။ မင်္ဂလာဆောင်တစ်ခု၏ ကြော်ငြာကိုဖတ်ကြည့်စမ်းပါ။ 'သတို့သား၊ သတို့သမီးနှင့် မိဘများအမည်များ ထက် ဗိုလ်ချုပ်ကြီးအမည်များနှင့် ဇနီးများက လွှမ်းမိုးနေပါသည်။ ဘယ် ဗိုလ်ချုပ်ကြီးနှင့် ဇနီးက ပန်းခြင်းပို့သည်၊ လက်ဖွဲ့ပစ္စည်းပေးသည်၊ ဘယ်စစ် ဗိုလ်ဝန်ကြီးနှင့် ဇနီးက တက်ရောက်သည်ဟူသည့် အရည်မရ အဖတ်မရ ဂုဏ်တု ဂုဏ်ပြိုင်များ လွှမ်းမိုးနေပါသည်။ 'မူလတန်းအောင်သော ကျောင်း သားကိုပင် ဘွဲ့ဝတ်စုံနှင့် ဘွဲ့နှင်းသဘင်ကျင်းပကြသည်။ ကာရာအိုကေ ဆိုကြ၊ ကကြ၊ ပန်းကုံးစွပ်ကြ၊ ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ မြင်းခင်းသဘင် လှေခင်းသဘင်များ ကျင်းပကြ စသည်များကို နေ့စဉ်သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတွင် ပရိုးဒါး၊ ဆိုလ်းဂျား၊ မာဖီးယားများ အဝါရောင်နှင့် အစိမ်းရောင်များသာ မြင်တွေ့ကြားသိနေရပါသည်။ ဂုဏ်မြင့်သူနှင့် ဂုဏ်နိမ့် သူ ခွဲခြားကြသကဲ့သို့ ဆင်းရဲချမ်းသာသည်လည်း အကွာကြီး ကွာဟသွားခဲ့ ပါသည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်လည်း ကုဋေပေါင်းများစွာ ခိုးမှု ဝှက်မှု၊ လာဘ်စားမှုများကြောင့် ထောင်နန်းစံ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ သည်လည်း ရန်မကုန်သေးသော ရန်ကုန်မြို့မှ ကြောက်လန့်ပြီး ကြပ်ပြေး အရပ်ရှိ နေပြည်တော်ဆိုသော အရပ်သို့ ထွက်ပြေးသွားမှသာ ဂုဏ်ပကာသန မှိုင်းလုံးကြီး အနည်းငယ် ကွယ်ပျောက်သွားခဲ့ပါသည်။

## ၂။ ဘာသာရေးမှိုင်း

နဝတခေတ်တွင် ဗိုလ်ချုပ်ခင်ညွန့်နှင့် သာသနာရေးဝန်ကြီး ဗိုလ်ချုပ် မျိုးညွန့်တို့သည် ဘုန်းကြီးပျံတွင် ခေါင်းထမ်းသည်ကအစ ဘုရားတည်၊

ကျောင်းဆောက်၊ ဇရပ်ဆောက်၊ ထီးတင် စသည်များတွင် ကိုယ်တိုင်သရုပ်ဆောင်ပြီး၊ သွေးစွန်းနေသော လက်ကို ဘာသာရေးဘမ်းပြုပြီး ဆေးကြောနေပါသည်။ ဘုန်းတော်ကြီးများအစ "မြန်မာ့သမိုင်းမှာ ဒီစစ်ဗိုလ်မင်းတွေလောက် ဘုရားတရားကြည်ညိုပြီး၊ သာသနာပြုခဲ့သော မင်းမျိုး မပေါ်ပေါက်ဘူး"ဟု ချီးမွမ်းခဲ့ကြပါသည်။ ကျွန်တော်နှင့် တွေ့ဖူးသော ရန်ကုန်မြို့ တာမွေ အရပ်တွင်ရှိသော သီရိလင်္ကာကျောင်းက ဆရာတော်ကြီးက လန်ဒန်မြို့ တိသရဏဝိဟာရကျောင်းတွင် ခေတ္တလာရောက်တည်းခိုနေထိုင်စဉ် အောက်ပါအတိုင်းပင် ပြောပြဖူးပါသည်။ ကျွန်တော်က ဆရာတော်ကြီးအား "ဗိုလ်ချုပ်သန်းရွှေနှင့် ဗိုလ်ချုပ်ခင်ညွန့်တို့က သီရိလင်္ကာနိုင်ငံ ဂေါ်မြို့မှ ပြန်ပင့်ပြီး ရန်ကုန်မှာ ခေါင်းချရန်စီစဉ်ပေးတာ တစ်ခုတည်းကြောင့် ဆရာတော်ကြီး ပြောတာယူဆမိပါကြောင်း၊ ယနေ့တိုင်းပြည်တွင် ပြည်သူပြည်သားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွါးရေး၊ လူမှုရေးအဘက်ဘက်တွင် မည်၍မည်မျှ ကျဆုံးပျက်ပြားနေသည်ကို လေ့လာသင့်ကြောင်း၊ ပြည်သူပြည်သားများ ယခုထက် ပို၍ဆင်းရဲကျပ်တည်းလာပါက ဘာသာသာသနာကွယ်ပျောက်နိုင်ကြောင်း" ပြန်လျှောက်ထားပါမှ "ဆရာတော်ကြီးက မင်းဘယ်သူလဲကွ"ဟု မေးမြန်းလာပါသည်။ တပည့်တော်သံရုံးပြေး ခင်မောင်ကြည်ပါဘုရားဟု ပြန်လည် လျှောက်ထားပါမှ ဘုန်းကြီးက "ငါလည်း ပြည်ပြေးဘဲကွ၊ ဦးနေဝင်းကို မကြိုက်လို့ တိုင်းပြည်ကပြေးပြီး သီရိလင်္ကာမှာ ၁၇ နှစ်သွားနေပြီး ဗမာပြည်ပြန် အစည်းအဝေးတက်တုန်း ဗိုလ်ခင်ညွန့်တို့ ဆွယ်လို့ ဗမာပြည်ပြန်ရောက်ခဲ့ရတာပါ။ အသက်ကလည်း ၉၀ ကျော်နေပြီဆိုတော့ ကိုယ့်ပြည်ကိုယ့်ရွာမှာ ခေါင်းချချင်တဲ့သဘောကြောင့်ပါ"ဟု ပြန် ဩဝါဒပေး၍ နှစ်ဦးနှစ်ဖက် နားလည်မှုရရှိသွားခဲ့ပါသည်။

တိုင်းပြည်တွင် လုပ်စရာအလုပ်လည်း ရှားပါး၊ ကုန်ဈေးနှုန်းလည်း ခေါင်ခိုက်လာခဲ့ပါသည်။ အဆိုးဆုံးကို ခံနိုင်ရည် မရှိသော ပြည်သူပြည်သား တချို့ ဆန္ဒပြ၊ ကျောင်းသားခေါင်းဆောင်များလည်း ဆန္ဒပြကြ၍ ရဟန်းသံဃာတော်များလည်း ပြည်သူပြည်သားများတို့ ဆင်းရဲငတ်ပြတ်လာသည့် ဘဝကို မကြည့်ရက်မမြင်ရက်၍ ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ဘုရားသားတော် သံဃာတော်များ၏ ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်ခဲ့ပါသည်။

နိုင်ငံကျော် ဟာသဝိဇ္ဇာ ကိုဇာဂနာ ပြက်လုံးထုတ်သကဲ့သို့ 'ဗုဒ္ဓံ သရဏံ ဂမ်း(သေနတ်)စာမိ၊ ဓမ္မံ သရဏံ ဘွတ်(စစ်ဘွတ်ဖိနပ်)စာမိ၊ သံဃံ သရဏံ တုတ်စာ မိကြမှသာလျှင် စစ်ဗိုလ်ချုပ်ကြီးများ၏ ဘာသာ သာသနာကို ကြည်ညိုဟန်ဆောင်နေသော ဘာသာရေးမှိုင်းလည်း ပျောက် ကွယ်သွားပြီး အများတကာက မမှန်နှင့် အမှန်ကို သဘောပေါက်သလောက် ဖြစ်သွားခဲ့ပါသည်။

### ၃။ကြောက်တုံးမှိုင်း(ကြောက်စိတ်ဝင်ပြီးလူညွှန့်တုံးစေရန်ကြံဆောင်သောမှိုင်း)

အထက်ဖော်ပြပါ ဂုဏ်ပကာသနမှိုင်းနှင့် ဘာသာရေးမှိုင်းဖြစ်သည့် ဉာဏ်မှိုင်းကြီး ၂ မှိုင်းသည် ကွယ်ပျောက်သလောက် ဖြစ်သွားခဲ့ပါသည်။ ပြည်သူပြည်သားများကလည်း ဖန်မီးအိမ်တွင် မှိုင်းကပ်နေ၍ အလင်းရောင်ကို မမြင်ခဲ့ရသည်ကို သဘောပေါက်ခဲ့ပြီး ဖြစ်သော်လည်း ကြောက်တုံးမှိုင်းကြီး ကတော့ ဆက်ကပ်လျက်ရှိနေကြပါသည်။ အကြောက်တရား ဖုံးလွှမ်းနေ သော ပြည်သူပြည်သားများ၏ စွမ်းအားသည်လည်း တုံးသွားသလိုဖြစ်နေပါ သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီ အစိုးရနှင့် မဆလတစ်ပါတီအာဏာရှင်အစိုးရလက်ထက်ကပင် ပြည်သူပြည် သားများအား တိရစ္ဆာန်လောက်သာ သဘောထားပြီး ညှဉ်းပန်းနှိပ်စက်လာ၍ အရှင်လတ်လတ် ဦးနှောက်ပျက်စီးသွားသူ၊ ကိုယ်အင်္ဂါချွတ်ယွင်းသွားသူ၊ သေဆုံးသွားသူ၊ တစ်ဆွေလုံး တစ်မျိုးလုံး ဘဝပျက်သွားသူအများအပြား ရှိခဲ့ပါသည်။ ရဟန်းသံဃာတော်များကိုပင် သင်္ကန်းအတင်းချွတ်ကာ နှိပ်စက် ညှဉ်းဆဲခဲ့သည်များလည်း အမြောက်အများရှိခဲ့ပါသည်။ ယခု နအဖခေတ် သေနာပတိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပိုကြမ်းလာပါသည်။ လူပုံအလယ် တွင်ပင် ဘုရားသားတော် သံဃာတော်များအား ရိုက်နှက်ပစ်သတ်လာ ပါသည်။ ရေသောက်ခွင့်မရ၊ ထမင်းမစားရ၊ ရက်ရှည်လများ ရိုက်နှက် နှိပ်စက်ညှဉ်းဆဲသောကြောင့် မကြောက်ပါဘူးဆိုသူ ဘယ်မှာရှိတော့မည် နည်း။ ဗမာပြည်သား လူတစ်ရာတွင် ၈၀% မျှသည် အရာရာတွင် ကြောက် စိတ်၊ သိမ်ငယ်စိတ်၊ ကိုယ့်ကိုယ်ကိုယ်အားမကိုးနိုင်သည့် စိတ်များဝင်လျက် ရှိနေကြပါသည်။ ကြောက်စိတ်၊ အားငယ်စိတ် ဝင်နေသူများအား မကြောက်

ဘုရားဟောရုံမျှဖြင့် ကုစားမရနိုင်ပါ။ အကာအကွယ်ပေးပြီး မျိုးဆောင်မှ သာလျှင် စစ်ဗိုလ်ချုပ်ကြီးများက တိုက်ထားသော ကြောက်စိတ်မှိုင်းကြီး ကွယ်ပျောက်နိုင်ပါလိမ့်မည်။

ဗမာပြည်တွင် အမည်အမျိုးမျိုးပြောင်းပြီး စိုးမိုးလာသော စစ်အစိုးရ သည် အစုပ်ချုပ်ခံ ပြည်သူပြည်သားများအား ပညာအမြော်အမြင် နည်းသွား ကြကာ လူညွန့်တုံးအောင် နည်းမျိုးစုံဖြင့် ကြံစည်ခဲ့ကြပါသည်။ ဗိုလ်ချုပ် နေဝင်းခေတ်တွင် မူလတန်းအရွယ် ကျောင်းသားများကို အင်္ဂလိပ်စာ သင်ခွင့် ပိတ်ပင်ကာ ပုဂ္ဂလိကပိုင်ကျောင်းများကို ပြည်သူပိုင်သိမ်းပြီး ပြင်လိုက် သွားလိုက် ပညာရေးစနစ်ကို ကျင့်သုံးခဲ့၍ ကမ္ဘာ့အလယ်တွင် ဗမာပြည်က ဘွဲ့လက်မှတ်များ အရည်အချင်းမမီ ဖြစ်သွားခဲ့ပါသည်။

န၀တ၊ နအဖခေတ်တွင် ခွပ်ဒေါင်းများဖြစ်သည့် တက္ကသိုလ် ကျောင်းသားများ၏ ရန်စွယ်ကို ချိုးနှိမ်သည့်အနေဖြင့် တက္ကသိုလ်ကောလိပ် ကျောင်းများကို မကြာခဏ ပိတ်ထားခဲ့ခြင်း၊ ဘာသာရပ်ကို အပြည့်အဝ သင်ကြားခွင့်မရှိဘဲ လွယ်လွယ်နှင့် ဘွဲ့လက်မှတ်များချီးမြှင့်ခြင်းနှင့် မြို့ပြင် နေရာများသို့ ပြောင်းရွှေ့ပစ်ခြင်း စသည့်နည်းမျိုးစုံဖြင့် ပညာလမ်းကို ကြမ်း တမ်းခက်ခဲအောင် ကြံဆောင်ခဲ့ပါသည်။ တက္ကသိုလ်ကောလိပ်တည်ဆောက် ရာတွင် ၆/၁ မူဝါဒကို ကျင့်သုံးခဲ့ပါသည်။ တက္ကသိုလ်ကောလိပ်အသစ် သည် မြို့နှင့် ၆ မိုင်ဝေးရမည်။ ထို့ပြင် ကားလမ်းမကြီးနှင့် ၁ မိုင်ထပ်၍ ဝေးကွာရမည်။ မကွေးဆေးတက္ကသိုလ်ကို ဤမူဝါဒအတိုင်း ဝေးလံသည့် ကျေးရွာတွင် သွားရောက် တည်ဆောက်ခဲ့ပါသည်။ ပညာတော်သူ မလို၊ စစ်ဗိုလ်ချုပ်ကြီးများနှင့် ဆွေမျိုးတော်ရန်သာ လိုသောမူကြောင့်လည်း ဗမာပြည်တွင် လူတော်လူချွန်များဘေးရောက်ကာ အရပ်ဖက် အစိုးရထိပ်ပိုင်း နေရာရှိကြီးများသည် စစ်ဗားပြများ၏ နောက်လိုက်ခွေးဘဝကို ကျရောက် လျက် ရှိပါသည်။ ဗမာပြည်တွင် တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ တက္ကသိုလ် ကျောင်းအုပ်၊ ညွှန်ကြားရေးမှူးချုပ် စသောပုဂ္ဂိုလ်ကြီးများသည် အားလုံး ကြောက်တုံးများဖြစ်နေကြသည်။ ကြောက်စိတ်ဝင်ပြီး လူညွန့်တုံးနေရုံ သာမက ၂၀၀၈ မေလတွင် ပြုလုပ်ခဲ့သည့် ပြည်သူ ပြည်သားများထာဝရ စစ်ကျွန်ဖြစ်စေမည့် ဆန္ဒခံယူပွဲတွင် စစ်ဗိုလ်ချုပ်ကြီးများမဲခိုးပွဲတွင် ကိုယ်ထိ

လက်ရောက်ပါဝင်ခဲ့ကြသော တရားခံလူညှို့၊ လူတုံးကြီးများဘဝကို ခံယူသွား ခဲ့ကြသည်။ 'ဆရာ၊ ဆရာမတွေ ကျောင်းကို လာစရာမလို၊ မင်းတို့ ကိုယ်စား ငါတစ်ယောက်တည်း မဲဆန္ဒပေးလိုက်မယ်' ဆိုသော တက္ကသိုလ် ကျောင်း အုပ်ကြီးမျိုးသည် ကမ္ဘာ့စံနှုန်းအရ ဘယ်၍ဘယ်မျှ လူတုံး၊ လူညံ့ လူဖျင်း ဘဝ ကျရောက်နေသည်ကို ယိုသူမရှက် မြင်သူရှက်သည့် အဖြစ်မျိုး သာဖြစ်ပါသည်။

ယနေ့ဗမာ့တပ်မတော်တွင် ဗမာစစ်ဗိုလ်များ ထိပ်ပိုင်းနေရာယူထားပြီး ဗမာတမျိုးလုံးကို အညွန့်တုံးအောင်ကြံစည်နေသကဲ့သို့ ကျန်လူမျိုးစုများ ဖြစ်ကြသော ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ဝလူမျိုး စသော လူမျိုးစုအားလုံး လူညွန့်တုံးစေရုံသာမက လူမျိုးပျောက်စေရေး အနုတမျိုး အကြမ်းတစ်ဖုံ အမျိုးမျိုးအဖုံဖုံ စစ်ဆင်နေသည်ကို အများတကာ အသိပင်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ အပါအဝင် ပြည်သူပြည်သားများအနေ ဖြင့် ကြောက်တုံးဘဝက စစ်ဆင်ရေးဒဏ်၊ မုန်တိုင်းဒဏ် ခံနိုင်မည့် ကျောက် ဆောင်ကြီးများဖြစ်လာကြစေရန် သွေးစည်းညီညွတ်ရေးသည် အဓိကလိုအပ် ချက်ပင်ဖြစ်ပါသည်။

## ၄။ ပြည်ပအားကိုးပုဆိန်ရိုးဟုရှုမြင်၍ အနောက်နိုင်ငံသားများအားဆန့်ကျင်စေသည့်မှိုင်း

၁၉၉၄ ခုနှစ်တွင် နိုဘယ်ဆုကြီးကို ရရှိခဲ့သည့် ဂျပန်လူမျိုးစာရေး ဆရာကြီး Mr.Kenzaburo Oe ၏ "The Silent City" အမည်ရှိ ဝတ္ထုထဲ တွင် ဂျပန်လူငယ်များသည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ဂျပန်ဘုရင် မင်းမြတ်ကို ဘုရားသဖွယ် ယုံကြည်ကိုးကွယ်ခဲ့ကြပါသည်။ အမေရိကန် လူမျိုးများကို 'မိစ္ဆာများ' ဟု ကျောင်းများတွင်ပင် သင်ကြားခဲ့ကြပါသည်။ သို့သော်လည်း ဂျပန်များ စစ်ရှုံးပြီးသောအခါ ဘုရင်မင်းမြတ်ဟာ ဘုရား မဟုတ်ဘဲ သာမန်လူသားတစ်ဦးသာဖြစ်ကြောင်း သိလာကြပြီး၊ ဆရာဆရာမ များပင် အမေရိကန်လူမျိုးများဟာ ဂျပန်လူမျိုးများရဲ့ မိတ်ဆွေများပါဟု ပြောင်းလဲသင်ကြားလာခဲ့ကြပါသည်ဟု ရေးသားထားပါသည်။ ဂျပန်လူမျိုး

များဟာလည်း အမေရိကန်လူမျိုးများနှင့် မိတ်ဆွေဖြစ်ပြီး ကမ္ဘာတွင် အချမ်းသာဆုံး ထိပ်သီးနိုင်ငံစာရင်းဝင် ဖြစ်လာခဲ့ပါသည်။

ယနေ့ မြန်မာ့စစ်ဗိုလ်တချို့သည် ဒုတိယကမ္ဘာစစ်မဖြစ်မီက လူသားများအတိုင်း အလွန်ခေတ်နောက်ကျလျက် ရှိနေပါသည်။ ဒီမိုကရေစီလိုလားသူတိုင်းကို ပြည်ပအားကိုးပုဆိန်ရိုးဟု မှိုင်းတိုက်ကာ ၄င်းတို့သည်သာ 'တရားအားထုတ်သော တရုတ်အားထားသူများ' ဖြစ်နေကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အာဖရိကနွယ်ဖွား လူမည်းသမ္မတလောင်းပေါ်လာသည့်အချိန်တွင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား အင်္ဂလိပ်လူမျိုးကို လက်ထပ်ခဲ့သူဖြစ်သောကြောင့် ရွေးကောက်ပွဲတွင် ဝင်ခွင့်မပြုသည့် အခြေခံဥပဒေမူကြမ်းကို မခိုး၊ မဝှက်ပြီး အတည်ပြုခဲ့ပါသည်။ လူသားချင်းစာနာပြီး နာဂစ်မုန်တိုင်းဒဏ်ခံဒေသကို လာရောက်ကူညီမည့် အမေရိကန်၊ အင်္ဂလိပ်နှင့် ပြင်သစ်သင်္ဘောများကိုပင် အဝင်မခံရဲပါ။ အမေရိကန်လူမျိုးများသည် ဗမာလူမျိုးများ၏ မိတ်ဆွေဖြစ်သွားမည်ကို နအဖ စစ်ဗိုလ်များ အထူးစိုးရိမ်လျက် ရှိနေပါသည်။ သို့ရာတွင် ဗမာပြည်သူများအား လူသားချင်းစာနာသောစိတ်ဖြင့် အကူအညီအပေးဆုံးသည် အမေရိကန်နှင့် အင်္ဂလိပ်တို့သာ ဖြစ်ပါသည်။ နအဖ စစ်ဗိုလ်ချုပ်များ၏ နိုင်ငံခြားသားများအပေါ် အဆိုးမြင်ဝါဒမှိုင်းသည် နာဂစ်မုန်တိုင်းကြောင့် ပျောက်ကွယ်လုနီးနေပြီ ဖြစ်ပါသည်။

## ဒီမိုကရေစီအင်အားလွန်တို့ပွဲ

ဒီမိုကရေစီဘက်တော်သားများ စွဲကိုင်ထားသော ဇာန်မုချအောင်ပွဲခံမည့် အကြမ်းမဖက်သော နလုံးရည်တိုက်ပွဲသည် စစ်အာဏာရှင်အစိုးရအောက်က လွတ်မြောက်မည့် အကောင်းဆုံး နည်းလမ်းပင်ဖြစ်ပါသည်။ စစ်အာဏာရှင်လူနည်းစုအား အမြင်ပြောင်းပြီး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နားလည်သဘောပေါက်လာစေရန်ပင်ဖြစ်ပါသည်။ ဤမည်သော ပြည်သူ့အရေးတော်ပုံ ဒီမိုကရေစီ အရေးတော်ပုံမျိုးတွင် ရန်သူလည်း မရှိပါ။ ရန်သူလည်း မရှာပါ။ ရန်လိုမှု၊ အငြိုးထားမှု စသောအမုန်းတရားများလည်း မရှိပါ။ အပြုသဘော၊ အကောင်းသဘော Positive သာရှိပါသည်။

ယနေ့ကျွန်တော်တို့ ဒီမိုကရေစီဘက်တော်သားများဘက်တွင် အကျိုးပေါ်ထွန်းမည့် အခြေခံသဘောတရား (Principles) များရှိပါသည်။ နည်းစနစ် နည်းလမ်း (Methods) များမှန်ကန်နေပါသည်။ အစွမ်းသတ္တိတန်ခိုးအင်အား (Power)လည်းရှိပါသည်။ လူကောင်းလူမွန်များ၊ အင်အား သိနားလည်မှု၊ ပညာအင်အား၊ ညှိနှိုင်းစီစဉ်ပေးခြင်းနှင့် တဘက်စောင်းနင်း မဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းအင်အား၊ ထောက်ခံမှုအင်အား The Power of Support ကျယ်ပြန့်သောအင်အား The Power of Spreading စသည် များ ရှိနေပါသည်။ ရွှေဝါရောင်တော်လှန်ရေးတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေးအတွက် ဗုဒ္ဓသားတော် ရဟန်းတော်များလည်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာကြပါသည်။

### လူမျိုးစုလက်နက်ကိုင်အင်အား

လူမျိုးစုလက်နက်ကိုင်အင်အားများသည်လည်း တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သော သုံးမွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဘက်ကိုသာ ဦးတည်လျက်ရှိကြပါသည်။

ဒီမိုကရေစီပါတီအဖွဲ့အစည်းများနှင့် လူမျိုးစုလက်နက်ကိုင် အင်အားစုအား ကမ္ဘာ့ဒီမိုကရေစီနိုင်ငံအစိုးရများနှင့် ပြည်သူအဖွဲ့အစည်းများအအားပေးထောက်ခံမှု ရရှိထားကြသော်လည်း ကိုယ့်ပြည်သူပြည်သားများကို ကာကွယ်နိုင်သည့် အင်အားမရှိဘဲ ယင်းတို့၏ ပါတီအဖွဲ့အစည်းတပ်များအား စစ်အစိုးရ၏ ထိုးနှက်ချက်ကိုသာ ကြံ့ကြံ့ခံနေရသည့် အနေအထားတွင်သာ ရှိနေပါသည်။

### ပြည်ပိုင်ဖွံ့ဖြိုးပြောက်ကျားမျိုး

နအဖ စစ်အစိုးရ စစ်သေနာပတိချုပ် သန်းရွှေသည် လူမှုရေးကိုဘမ်းပြပြီး ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ဖွဲ့စည်းခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းကျောင်းဆရာ၊ ဆရာမ၊ စာရေးစာချီ၊ စစ်သား၊ ရဲသား၊ မီးသတ်သမား၊ စက်ရုံအလုပ်သမားနှင့် အရပ်သားများ အရေးအတွက်အပေါ် အခြေခံပြီး အရည်အချင်းတွင်ကား သားသတ်သမားရာဇဝတ်ကောင်၊ အကျင့်

ကသီလပျက် လူသတ်သမားမြို့ပေါ်ပြောက်ကျားများ၏ အရည်အချင်းများသာ ဖြစ်ပါသည်။ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဗဟန်းမြို့နယ်တွင် ပထမအကြိမ် အကြမ်းဖက်တိုက်ခိုက်ပြီး၊ ၂၀၀၃ ခုနှစ် မေလအတွင်းက ဒီပဲယင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး ပါတီဝင်များနှင့် အပြစ်မဲ့ရွာသားများအား လုပ်ကြံသတ်ဖြတ်မှုကြီးသည် သေနာပတိသန်းရွှေ၏ မြို့ပြပြောက်ကျား စစ်ဆင်ရေးတစ်ရပ်သာ ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်ရှိ အမေရိကန်သံရုံးရှေ့ ဆန္ဒပြလှုပ်ရှားမှုသည်လည်း စစ်အာဏာရှင်များအနေဖြင့် နိုးကြောင်နိုးဂုက် ပြောက်ကျားလုပ်ရပ်များပင် ဖြစ်ပါသည်။ ထိုမှတစ်ဆင့်တက်ပြီး စစ်သေနာပတိကြီး သန်းရွှေသည် ခွမ်းအားရှင်အဖွဲ့ဟုဆိုကာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တပ်ဖွဲ့များနှင့် မိုနိုသူ ဓနိးခင်ပွန်းပါမကျန် အတင်းအဓမ္မသြဇာ အာဏာဖြင့် မြို့ပြပြောက်ကျား၊ ခွမ်းအားရှင်ပြောက်ကျားများကို လက်သပ်မွေးထားပါသည်။ သေနာပတိကြီးသည် အဆိုပါခွမ်းအားရှင် ပြောက်ကျားများဖြင့် တစ်တိုင်းတစ်ပြည်လုံး ငတ်မွတ်ခေါင်းပါးလာ၍ ဗုဒ္ဓသားတော် ရဟန်းတော်များက ဦးဆောင်ပြီး လမ်းပေါ်ထွက် မေတ္တာပို့-ပရိတ်ရွတ်ပြီး ပြည်သူပြည်သားများ၏ အဆိုးဆုံးဘဝက ကယ်တင်ကြရန် နိုးဆော်သည်ကိုပင် နေ့သူသဖွယ်သဘောထား ညှဉ်းဆဲ သတ်ဖြတ်ခဲ့ပါသည်။ သေနာပတိကြီးသည် မသေခင် သမ္မတကြီးရာထူးကို ရယူလို၍ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ကို လမ်းပြမြေပုံ(၇)ချက်ဖြင့် အဆင့်ဆင့်ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့က ပြည်သူ့ဆန္ဒကို အလွန်စည်းကမ်းမဲ့စွာဖြင့် ကြိုတင်ကာ နိုးမဲဂုက်မဲ၊ အနိုင်ကျင့်မဲဖြင့် တစ်ဖက်သတ် ငါနိုင်တယ်ဟု ကြေငြာသွားပြီး ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့က တိုက်ခတ်သွားသော နာဂစ်မုန်တိုင်းဒဏ်ကြောင့် မသေမရှင်ကျန်ခဲ့သူများအား အားလုံးသေသွားရင်ကောင်းတယ်၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုပြီး ပယ်ဆောင်ချက်တွင်လည်း သေနာပတိကြီး၏ ခွမ်းအားရှင်ပြောက်ကျားများသည် ကိုယ်ထိလက်ရောက် ပါဝင်နေကြပါသည်။

ပြည်သူပြည်သားများ၏ အနီးကပ်ဆုံးရန်သူသည် စွမ်းအားရှင်ဆိုသော မြို့ပြပြောက်ကျားများသာ ဖြစ်ပါသည်။

မုန့်ဆီကြော်ကို စားမည်ဆိုပါက အနားသားကစ၍ စားရပါသည်။ စစ်ပွဲမဆင်နွှဲရဘဲ ရန်သူကို အောင်မြင်နိုင်သည့်နည်းလမ်းသည် ရန်သူ၏ သေနင်္ဂဗျူဟာကို တိုက်ဖျက်ခြင်းနည်းလမ်းဖြင့် လုပ်ဆောင်ရပါမည်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မကျင်းပနိုင်အောင် ယနေ့က အစဖြစ် ပြည်သူပြည်သားများအနေဖြင့် အသေးစိတ်စီမံကိန်းရေးဆွဲရမည့် အချိန်ဖြစ်ပါ သည်။ နအဖ စစ်အာဏာရှင် သေနာပတိကြီး၏ ခြေလက် ဒေါက်တိုင်ဖြစ် သည့် စွမ်းအားရှင် ပြောက်ကျားတပ်ဖွဲ့အား ပြည်သူအင်အားဖြင့်သာ ဖြိုခွင်း နိုင်ပါလိမ့်မည်၊ ပြည်သူပြည်သားထဲမှ တချို့သောသူများသည် တနိုင်တပိုင် ထိုးနှက်လျက်ရှိနေကြပါသည်။ ကိုယ်သန်ရာကိုယ် ဆောင်ရွက်နေကြပါ သည်။ သတင်းကွန်ယက်ဖြင့် စစ်အာဏာရှင်များအား တိုက်ခိုက်နေခြင်းသည် လည်း အခြေအနေကောင်းပင် ဖြစ်ပါသည်။ အနိုင်အထက်ကျင့်လွန်းသူ တချို့အရပ်တွင် ကိုယ်ထိလက်ရောက် တန်ပြန်မှုများလည်း ရှိလာနေပါသည်။ ပြည်သူပြည်သားများ၏ အဆိုးဆုံးဘဝမှ လွတ်မြောက်အောင်ကယ်တင်ကြ ပါစို့။

အကြမ်းမဖက်သော နလုံးရည်စွမ်းအားသည်လည်း နအဖ အာဏာ ရှင်များ၏ စွမ်းအားရှင် ပြောက်ကျားလူသတ်သမားများကို နှိမ်နင်းနိုင်ပြီး ပြည်သူပြည်သားများ၏ ဘဝဆိုးမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ကြ ပါစေ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးသည်လည်း စစ်မှန်သော ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ပေါက်နိုင်ရေး အတွက် စစ်အစိုးရကို ဖြုတ်ချနိုင်ပါစေ။

သို့သော် ယနေ့ ကြွရောက်လာကြသော တိုင်းရင်းသားညီနောင် အပေါင်းတို့ ခင်ဗျာ။ ယနေ့ ပြည်သူပြည်သားများ၏ အဆိုးဘဝကို မည်သူ မည်သည့်အဖွဲ့အစည်းကမှ ထိထိရောက်ရောက်လွတ်မြောက်အောင် ဆောင် ရွက်ပေးနိုင်မှု မရှိသေးပါ၊ အခွင့်အစလည်း မမြင်သေးပါ။ အစွမ်းအစရှိသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း လွတ်ကိန်းမရှိပါ။

ဘုန်းတော်တို့ တနိုင်တပိုင် နအဖစွမ်းအားရှင်ပြောက်ကျား လူသတ်သမားများအား ပစ်မှတ်တစ်ခုသဖွယ် ယခုအချိန်ကစပြီး ခုခံတွန်းလှန်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

၂၁-၆-၂၀၀၈

❖

## ဗမာစစ်ဗိုလ်တချို့ အသိဉာဏ်နည်းတုန်းပါလား

၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့ အင်္ဂါနေ့တွင် ပြုလုပ်သည့် မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယညီလာခံမှတ်တမ်းတွင် ဝန်ကြီးချုပ်သခင်နုက ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံး၍ ဝမ်းနည်းကြောင်း အဆိုတင်သွင်းရာ၌ အောက်ဖော်ပြပါ သမိုင်းဝင်သည့် အကြောင်းအရာများကို ဖော်ပြလိုပါသည်။

"မြန်မာပြည်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် လုပ်နိုင်တာ ဗမာ့ရာဇဝင်ပြန်ကြည့်လျှင် အနော်ရထာမင်းစောလက်ထက်မှာတစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်မှာတစ်ကြိမ်၊ အလောင်းဘုရားလက်ထက်မှာတစ်ကြိမ်၊ ဆင်ဖြူရှင်လက်ထက်မှာတစ်ကြိမ် အဲဒီလေးကြိမ်ပဲ ဗမာနိုင်ငံတနိုင်ငံလုံးကို စည်းစည်းလုံးလုံး လုပ်နိုင်တာ ကျွန်တော်တို့ တွေ့ရတယ်။ ယခု ဗိုလ်ချုပ် ခေတ်မှာဆိုလျှင် သည်တခေတ်တည်း လေးကြိမ်လိုပဲ တနိုင်ငံလုံးမှာလူကြီး ရော ကလေးရော စည်းလုံးအောင်လုပ် သွားနိုင်တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ ဒါ အထင်အရှားဖြစ်တယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်တစ်ခု ပြောရမည်ဆိုလျှင် ဂျပန်လက်ထက်တုန်းက အင်မတန် အသိဉာဏ်နည်းတဲ့ လူငယ်တစ်စုဟာ အင်္ဂလိပ်ကို မောင်းထုတ်ပြီးတော့ ကရင်ပဲ ရှိတယ်ဆိုပြီးတော့ ရွာတွေကို မီးရှို့၊ အဲဒီလိုဟာတွေ မတော်မတရား ကိစ္စတွေ အဲဒီလိုလုပ်တဲ့အတွက် ကရင်တွေက ဗမာအပေါ် စိတ်နာပြီး

ကရင်-ဗမာ အဓိကရုဏ်း မြစ်ဝကျွန်းပေါ်မှာ အတော်ဖြစ်ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့ကိစ္စကို အမှန်စင်စစ် ဟိုအချိန့်အခါတုန်းက နိုင်နိုင်နင်းနင်းနှင့် ကရင်-ဗမာချစ်ကြည်ရေးကိုရအောင် မလုပ်နိုင်လျှင် မီးဟာ ဒီအချိန်ထိ လောင်နေမှာပဲ၊ အခုလိုအခါမှာ ကရင်ကိုယ်စားလှယ်တွေနှင့် ကျွန်တော်တို့နှင့် တိုင်းပြုပြည်ပြု လွှတ်တော်ထဲမှာ ညီရင်းအစ်ကိုလို ချစ်ချစ်ခင်ခင် တွေ့ဆုံဖို့ အခြေအနေတွေရှိနိုင်မည် မဟုတ်ဘူးဆိုတာ ဟိုအခါက ကရင်-ဗမာ အဓိကရုဏ်း ကရင်-ဗမာ စိတ်နာကြည်းတဲ့အခါကနေပြီး၊ ကရင်-ဗမာချစ်ကြည်ရေး၊ ကရင်-ဗမာနားလည်ရေးဆိုတာကို ရောက်အောင် ဗမာတွေဘက်ကနေပြီး မားမားမတ်မတ်လုပ်ခဲ့တာ ဘယ်သူလဲဆိုရင် ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့အကြောင်း ကရင်ကိုယ်စားလှယ်ကြီးတွေ ခေါင်းဆောင်ကြီးတွေကသည်မှာ အတိအလင်း ဝန်ခံပါလိမ့်မည်။

ဗိုလ်ချုပ်ဟာ သံလိုက်နဲ့တူတယ်၊ သူနှင့် တွေ့တဲ့အခါမှာဆိုလျှင် တွေ့တဲ့သူဟာ မေတ္တာ၊ ကရုဏာတွေ ပုံအပ်ချင်တဲ့စိတ်တွေ ယုံကြည်ချင်တဲ့စိတ်တွေ ကြည်ညိုချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ ဟိုတစ်ခါတုန်းက အင်မတန်ကို ခံရပြီးတော့ အင်မတန်စိတ်နာနေတဲ့ ကရင်လူစုကြီးနှင့် ကရင်ခေါင်းဆောင်ကြီးများနှင့် ဗိုလ်ချုပ်ဟာတွေ့လိုက်ရတဲ့အခါမှာ ဗမာလူငယ်အချို့ဟာ အင်မတန်ပဲ အမြော်အမြင်နည်းပြီး ယုတ်မာညစ်ညမ်းသော်လည်း ဗမာထဲမှာဖြင့် ကျွန်တော်တို့ ကရင်များ ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ်ခေါင်းဆောင်ဟာဖြင့် သည်မှာ ရှိသေးသလားဆိုပြီး ဗိုလ်ချုပ်နှင့်စကားပြောရတာနှင့် သူတို့စိတ်မှာရှိတဲ့ စိတ်ဓာတ်အကုန်လုံး ပြောပျောက်ပြီး ကရင်-ဗမာချစ်ကြည်ရေး၊ ကရင်-ဗမာသွေးစည်းရေးပေါ်လာတယ်။ သည်အခါကစပြီး ကရင်-ဗမာချစ်ကြည်ရေး အစုတ်မြစ်ချလိုက်တာ ဘယ်လောက်အထိခိုင်မြဲ သွားခဲ့သလဲဆိုရင် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ ကရင်-ဗမာ ချစ်ကြည်ရေးသာဗိုလ်ချုပ်ကိုယ်တိုင်ခေါင်းဆောင်ပြီး ဟိုတစ်ခါတုန်းကလုပ်လို့မရခဲ့လျှင် တော်လှန်ရေးဖြစ်ဖို့ အတော်ကို ခဲယဉ်းပါတယ်။ ဗိုလ်ချုပ်ခေါင်းဆောင်ပြီး ကရင်-ဗမာချစ်ကြည်ရေးကို လုပ်သွားတဲ့အတွက် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ ကရင်-ဗမာ အကုန်တညီတညာတည်း အထဲ

တစ်ခုတည်းကို ကိုင်ပြီးတော့ တိုက်ခဲ့တဲ့အတွက် မြှင်မြှင်ဆိုင်ဆိုင်ကြီးဖြစ်ခဲ့တာ ကျွန်တော်တို့ အထင်အရှား တွေ့ရပါတယ်။

ထို့အပြင် ဝန်ကြီးချုပ် ဦးနု ရေးသားသည့် 'တာတေစနေသား' တွင်လည်း 'ဥရောပတိုက်မှာ အင်္ဂလန်နဲ့ ဂျာမန်တို့ ဒုတိယကမ္ဘာစစ်ပွဲကြီး စတင်ဖြစ်ပွါးတဲ့အချိန်အထိ ဗမာနိုင်ငံမှာ ကရင်-ဗမာပြဿနာဟာ တစ်ခါမှ မပေါ်ခဲ့ဘူး။ ဗမာဟာ ဓါးအားဖြင့် လူအဖြစ်ပေမယ့် ကရင်ကဓါးအားဖြင့် လူအေးဆိုတော့ သူတို့နှစ်ဦး ပဋိပက္ခဖြစ်စရာအကြောင်း ဘာမှမရှိဘူး။

ကရင်တွေဟာ ဘယ်လိုလူအေးတွေလဲဆိုတာ သိရအောင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်က ဗမာနိုင်ငံရာဇဝတ်မှု စာရင်းကို ပြန်ပြီးကြည့်စေချင်တယ်။ မုဒိမ်းမှု၊ တုတ်ရိုက်မှု၊ ဓါးထိုးမှု၊ ဓါးခုတ်မှု၊ လူသတ်မှု၊ ဓါးပိုက်နှိုက်မှု၊ လုယက်မှု၊ ဓါးပြ တိုက်မှုဆိုတဲ့ ရာဇဝတ်မှုတွေမှာဆိုရင် တရားခံတွေဟာ လူစွာဗမာတွေသာများတယ်။ လူအေးကရင်ကို တရားခံ အဖြစ်တွေ့ တွေ့ရတာ မရှိသလောက်ပဲ။ ကရင်လူအေးတွေမှာ ရုံးဂါတ်တို့ကို လာချင်တဲ့ ဆန္ဒ မရှိသလောက်ပဲ။ ကရင်လူအေးတွေမှာ ရုံးဂါတ်တို့ကို လာချင်တဲ့ဆန္ဒ မရှိတဲ့အတွက် သူတစ်ပါးက သူတို့ကိုကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အခါ လိမ်လည် လှည့်ဖြားသွားတဲ့အခါမျိုးတွေမှာတောင် တော်ရုံတန်ရုံဆိုရင် ရုံးတို့၊ ဂါတ်တို့ကို အမှုရောက်မခံဘူး၊ သူတို့အချင်းချင်း ဖုံးဖိပစ်လိုက်ကြတာပဲ' ဟုကရင်လူမျိုးများ၏ စိတ်ထားဓါတ်များကိုလည်း ဖတ်ဖူးပါသည်။

ဝန်ကြီးဦးနုသည်ငယ်စဉ်ကပင် ကရင်နှင့်ဗမာ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး တစ်အိမ်ဝင်တစ်အိမ်ထွက် စားသောက်နေထိုင်ခဲ့ပုံများကိုလည်း ရေးခဲ့ထားပါသည်။

စာရေးသူ၏ ငယ်စဉ်ဘဝတွင်လည်း ကရင်မြို့အုပ်နှင့်အတူ လုပ်ဖော်ကိုင်ဖက် ရဲအရာရှိဖောဘခက်၏ အေးအေးလူလူနေတတ်မှု၊ သူ၏သားများနှင့် ကစားဖော် ကစားဖက်ဖြစ်၍ ကရင်လူမျိုးများ၏ စိတ်ထားဓါတ်ကို လေးစားမှု ရှိခဲ့ပါသည်။ နိုင်ငံခြားရေးရုံး ဝန်ထမ်းစဖြစ်လာသည့် ၁၉၆၂ ခုနှစ်တွင် တစ်ရုံးလုံးရှိ လူ ၃၅၀ ခန့် (ရုံးချုပ်တွင် ၂၅၀ ခန့်နှင့် မြန်မာသံရုံးကောင်စစ်ဝန်ချုပ်ရုံးနှင့် အဖွဲ့ရုံးများတွင် ၁၅၀ ခန့်) ရှိရာတွင် ကရင်လေးငါးဦး၊ ရှမ်းတစ်ဦး၊ ရခိုင်လေးငါးဦးသာရှိ၍ ကရင်များနှင့် ပို

အဖွဲ့ကျခဲ့ပါသည်။ အခွင့်ထူးခံနိုင်ငံတကာရှိမြန်မာသံရုံးများတွင် တာဝန် ထမ်းခွင့်ရှိသော သံတမန်ဝန်ထမ်းများတွင် ဗမာက ၉၇ ရာခိုင်နှုန်းမျှနှင့် ကျန်တိုင်းရင်းသားများက ၃ ရာခိုင်နှုန်းမျှသာ ရှိခဲ့ပါသည်။ အလျဉ်းသင့်၍ သာတူညီမျှနေထိုင်ကြရမည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကိုယ်စားလှယ် တော်ကြီးများဖြစ်သည့် သံအမတ်ကြီးရာထူးတွင်လည်း ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရခါစကပင် စာရေးသူ ထွက်ခွါလာသည့် ၁၉၈၈ ခုနှစ်အထိ အနှစ် ၄၀ ကာလတွင် သံအမတ်ကြီး ၁၅၀ ခန့်ရှိခဲ့သည့်အနက် တိုင်းရင်း သား ၁၂ ဦးနှင့် အမျိုးသမီးသံအမတ် ၁ ဦး ရှိခဲ့ဖူးပါသည်။ ၎င်းတို့မှာ ၁) ကရင်-မန်းသာမြိုင်၊ (၂)ကချင်-ဆမားဒူးဝါးဆင်ဝါးနောင်နှင့် ဦးလဝမ်၊ ၃) ချင်း-ဦးဇာရဲလျှံနှင့် ဦးဝမ်းကိုဟော၊ (၄) ရှမ်း-စောဘွန်ဝပ်၊ (၅) ရခိုင်- ဦးဘစော၊ ဦးညိုထွန်း၊ ဦးသာထွန်း၊ (၆) အမျိုးသမီး-ဒေါ်ခင်ကြည် ဒေါ်အောင်ဆန်းစုကြည်၏မိခင်) တို့ဖြစ်ပါသည်။

ဆရာသမားများဖြစ်သည့် စောဒိုးစိုက်ဒိုး၊ စောဘသန်းနှင့် နောက်ပိုင်း ရုံးကိုရောက်လာသည့် စောသိန်းချစ်နှင့် ဂျိမ်းဖွေးသာတို့နှင့် ခင်မင်ရင်းနှီးမှု ကိုလည်း တသက်တာတွင် မေ့မရနိုင်စရာပင် ဖြစ်ပါသည်။ စာရေးဘဝမှ အရာရှိကြီးဖြစ်လာသော ဂျိမ်းဖွေးသာသည် တစ်နေ့လုံးတွင် စကားခုနစ်လုံး ပြည့်အောင် မပြောသည့် လူအေးတယောက်ဖြစ်ပါသည်။

စာရေးသူ ချစ်ခင်လေးစားခဲ့သော သံတမန်ဝန်ထမ်းလုပ်ဖော်ကိုင်ဖက် ဘရင်၊ ရှမ်းနှင့် နောက်ပိုင်းတွင် ရုံးရောက်လာကြသည့် ချင်းလူမျိုးနှင့် နှုတ်ခွါခဲ့ရပြီးနောက် စစ်အာဏာရှင်များအား ကလောင်လက်နက်စွဲကိုင်ကာ တော်လှန်နေသည့် ဘဝတွင်မှသာ ဗမာပြည်တွင် နေထိုင်စဉ်က အမည်သာ ကြားဖူးသည့် ပအိုဝ်၊ ပလောင်၊ ကဒူး၊ ကနန်း၊ ကယန်း၊ လီဆူ၊ ဝ၊ သားဟူ စသောတိုင်းရင်းသားပေါင်းစုံနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိလာခဲ့ ပါသည်။

၂၀၁၁ ခုနှစ်တွင်ပြုလုပ်သည့် အမျိုးသားများ နီးနှောဖလှယ်ပွဲကို တက်ခွင့်ရရှိခဲ့၍ တိုင်းရင်းသားများ၏ နိုင်ငံရေးအတွေးအမြင် အဆင့်အတန်း ကို အားရကျေနပ်မိပါသည်။ နီးနှောဖလှယ်ပွဲတွင် 'အမျိုးသားများ သွေးစည်း ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ' ကို တညီတညွတ်တည်း

ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU)၏ အဖွဲ့ အစည်းခေါင်းဆောင်များသည် ဒီမိုကရေစီအလေ့အကျင့်တွင် အဆင့်မြင့်နေ သည်ကို တွေ့မြင်ခဲ့ရပါသည်။ တသွေးတစ်သံတမိန့်သည် ဗမာပြည်တွင်းက နအဖ စစ်ကောင်စီတွင်မှာသာ ရှိပါတော့သည်။ တိုင်းရင်းသားပါတီများ၏ အရေးအတင် ပြေပြေပြစ်ပြစ် ချေချေငံငံ ဆွေးနွေးတိုင်ပင်မှုများ၊ ဆုံးဖြတ်ချက် များကို အထူးပင် ပီတိဖြစ်မိပါသည်။ နီးနှောဖလှယ်ပွဲ တက်ရောက်လာသူ တိုင်း၏စိတ်ထဲတွင် အမြင်မကြည်လင်မရှင်းသေးပါက ပြည့်ပြည့်စုံစုံ နားလည် လက်ခံသည်အထိ နီးနှောကြပါသည်။ တိုင်းရင်းသားခေါင်းဆောင်များ တွင် ခေတ်ပညာတက္ကသိုလ်ဘွဲ့ရကြီးများ၊ ဒေါက်တာဘွဲ့ရ ပါရဂူကြီးများ လည်း ပါဝင်နေ၍ နအဖစစ်ကောင်စီဝင်များ၏ အရည်အချင်းနှင့် ဆီနှင့်ရေ အမျှကွာဟနေသည်ဟု ယူဆမိပါသည်။ ရခိုင်နှင့် ကရင်လူငယ်များ၏ ကွန်ယူတာအဖွဲ့ကလည်း တောတွင်းတွင် ဖြစ်သော်လည်း လက်စွမ်းထက်ပါ သည်။ တော်လှန်ရေးနယ်ပယ်မှ ပညာကို လိုလားသူများပင်ထွန်းပေါက်လျက် ရှိနေပါသည်။ တော်လှန်ရေးနယ်ပယ်မှ ချင်းလူမျိုး(၂၀)ကျော်(၃၀) နီးပါးပင် Ph.D ပါရဂူဘွဲ့ရသူများ ဖြစ်လာပါပြီဟု ချင်းလူမျိုးခေါင်းဆောင်တစ်ဦးက ပြောပြသည်ကို အထူးပင် ဝမ်းသာဂုဏ်ယူမိပါသည်။ ကရင် အမျိုးသမီး များပင် အမေရိကန်တွင် ဥပဒေပါရဂူဘွဲ့တက်နေသည်ဆို၍ အနာဂတ်တွင် အမိနိုင်ငံသည်သာ ဒီမိုကရေစီနိုင်ငံဖြစ်လာပါက ပညာရှင်းမြစ်သည် ဖြိုး ရှင်သန်လာနိုင်ပါသည်။

ဗမာပြည်တွင် အုပ်စိုးခြယ်လှယ်နေသော နအဖ စစ်ကောင်စီဝင် ဗိုလ်ချုပ်မှူးကြီးဆိုသူ၏ ဉာဏ်ပညာအမြော်အမြင် အဆင့်အတန်းသည် ဗမာစစ်တပ် စတင်တည်ထောင်ကာစက အသိဉာဏ်နည်းသူ ဗမာလွတ်လပ် ရေးတပ်(Burma Independence Army-BIA) ဖွဲ့ဝင်တချို့၏ အဆင့်သာ ရှိပြီး မတိုးတက်သေးပါ။

၁၉၄၂ ခုနှစ်အင်္ဂလိပ်အစိုးရဗမာနိုင်ငံက ဆုတ်ခွာ၍ ဂျပန်စစ်တပ်က လည်း ဗမာတနိုင်ငံလုံးကို မသိမ်းရသေးမီ စပ်ကူးမတ်ကူး အချိန်ကာလတွင် ဘီအိုင်အေ(BIA)ကို ဖွဲ့စည်းခဲ့ကြပါသည်။ ဘီအိုင်အေစစ်ဗိုလ်များသည် ပြည်သူလူထုထံမှ သေနတ်၊ ငွေ၊ မော်တော်ကား၊ လက်ဝတ်လက်စား

အစ ရှိသည့်အဖိုးတန်ပစ္စည်းများ လျှောက်သိမ်းခဲ့ကြပါသည်။ မင်းမဲ့တိုင်းပြည်ဖြစ်နေချိန်တွင် ဘီအိုင်အေစစ်ဗိုလ်များက ကရင်လူမျိုးများထံမှ သေနတ်များကို သိမ်းဆည်းခြင်းကအစ ကရင်-ဗမာပဋိပက္ခအစပျိုးခဲ့သည်ဟု မြစ်ဝကျွန်းပေါ်သား ဝန်ကြီးချုပ် ဦးနုက ထုတ်ဖော်ရေးသားထားခဲ့ပါသည်။

၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့က ဒီပဲယင်းမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား ဘီအိုင်အေ မျိုးဆက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချုံခို တိုက်ခိုက်လုပ်ကြံခဲ့ပါသည်။ နှစ် ပေါင်း ၆၁ နှစ်ရှိခဲ့ပြီ ဖြစ်သော်လည်း ဘီအိုင်အေမျိုးဆက်ဗမာစစ်ဗိုလ်များ၏ အသိဉာဏ်သည် နည်းပါးဆဲပင်ဖြစ်ပါသည်။ စစ်ဗိုလ်အများစုတွင် သဘာဝအရိုင်းစိတ်ထား၊ ပကတိဉာဏ်(Instinct)မျှသာရှိသေးကြောင်း ထင်ရှားပါသည်။ အသိဉာဏ် စွမ်းဉာဏ်စ (Intellect) သုံးဝမရှိကြသေးပါ။ ပကတိသဘာဝတရားနှင့် ဖက်ပြိုင်ကာ ပြုစုပျိုးထောင်ပညာပေးပြီး (Nature Versus Nurture) အသိပညာနည်းပညာပြည့်စုံကြွယ်ဝသော ဗမာစစ်တပ်မျိုး ဖြစ်သင့်သောရာစုနှစ် ဖြစ်ပါသည်။ သူတစ်ပါးပစ္စည်းဥစ္စာ၊ အခွင့်အလမ်းအားလုံးကို အမြဲသိမ်းယူကာ တကိုယ်တော်ကောင်းစားရေးကိုသာ ဦးစားပေးနေပါက အများပြည်သူအနေဖြင့် လုံးဝကျေနပ်ကြမည်မဟုတ်ပါ။ အတူနေ နိုင်ငံသားအချင်းချင်း မြို့ရွာအချင်းချင်းလူမျိုးစုအချင်းချင်း ဆင်းရဲသားဖိနှိပ်ခံနေရသူအချင်းချင်း အိမ်ကြက်ချင်းအိုးမဲသုတ်ပြီး ခွပ်ခိုင်းခြင်းသည် Inter-Communal Conflict မျိုးဖြစ်၍ လူမျိုးတုံးစေပါသည်။ အသိဉာဏ်နည်းသူများသာ အတူနေလူမျိုးစုများအတွင်းနှင့်အဖွဲ့အစည်းအချင်းချင်းအတွင်း ကမ္ဘာမကျေမည့် ပဋိပက္ခမျိုးကို ဖန်တီးလေ့ရှိပါသည်။ အမျိုးသားရေးကို ဗန်းပြပြီး ဤကဲ့သို့ ပဋိပက္ခမျိုးကိုဖန်တီးရှင်များလည်း ဓာတ်သိမ်း မကောင်းကြပါ၊ ရာဇဝတ်ကောင်ဘဝနှင့်ပင်ဓာတ်သိမ်းကြရပါသည်။

အသိဉာဏ် အမြော်အမြင်ကြီးမားသော ကရင်-ဗမာ အပါအဝင်တိုင်းရင်းသားလူမျိုးများ အနေဖြင့် ဝိသမလောဘကို အတောမသတ်နိုင်သောအမျိုးသားရေးကို အရေခြုံကာ သူခိုးဓါးပြ လူသတ်ကောင် စစ်ဗိုလ်ဆိုးတစ်စုနှင့် စစ်အာဏာရှင်ဝါဒကိုသာ ခေါင်းပေးတော်လှန်နေကြ၍ တော်ပါသေး

သည်။ စစ်ဗိုလ်ဆိုးတစ်စု မွှေးသည့်မီးသာ တောက်လောင်ပါက ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမျိုးတိုးတက်ဖွံ့ဖြိုးရေး စသည့် ပြည်သူ့အပေါင်း၏ ဦးတည်ရည်မှန်းချက်များသည် မီးပုံထဲရောက်သွားကာ စစ်ကျွန်ဘဝသည်သာ ရှည်လျားလာပါလိမ့်မည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အပေါင်းပါ စစ်ဗိုလ်တစ်ချို့ အသိဉာဏ် အမြော်အမြင် နည်းပါးတုန်းဖြစ်သော်လည်း ကရင်-ဗမာ အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူတရပ်လုံးသည် နိုင်ငံရေးအမြင် ကြည်လင်ပြတ်သား နေကြပြီဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသည်သာ ပြည်သူ့ရည်မှန်းချက်ဖြစ်ပါသည်။

✣

## အရှုံးကို မီးပိုင်းနေပါပြီ

မြန်မာလူမျိုးများအနေဖြင့် အရှုံးကို မီးပိုင်းနေပါပြီဆိုသော စကားကို အများတကာ နားလည်သဘောပေါက်နေကြပြီး ဖြစ်ပါသည်။ မီးများ ပတ်ပတ်လည် ဝိုင်းရံခံရသော အရှုံးသည် ပြေးပေါက်လည်းမရှိ၊ ထွက်ပေါက်လည်းမရှိတော့ပါ။ ကယ်သူမရှိ ကူသူ မရှိလျှင်တော့ သေပွဲဝင်ရန်သာ ရှိပါတော့သည်။ အရှုံးဆိုသည်ကိုလည်း အကျယ်တဝင့် ရှင်းပြရန်ပင်မလိုပါ။ ၁၉၆၂ ခုနှစ်ကပင် အမိမြန်မာနိုင်ငံတော်တွင် ပြည်သူအများ၏ ခွေးနည်းစာအခွန်အတုပ်များဖြင့် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်ရန်အတွက် တည်ထောင်ဖွဲ့စည်းထားသော စစ်တပ်ကြီးမှ အာဏာရှုးကြီးများတွင် ဗိုလ်နေဝင်းက ပထမဖြစ်ပြီး၊ ဗိုလ်နေဝင်းနှင့်အတူ ရှုးဖော်ရှုးဖက် ဗိုလ်စန်းယု၊ ဗိုလ်စိန်လွင်၊ ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်နှင့် ယခုလက်ရှိ ဗိုလ်သန်းရွှေတို့ပင် ဖြစ်ပါသည်။

အာဏာရှုးစစ်ဗိုလ်များထဲတွင် သွက်ချာပါဒ အရှုံးဆုံးကတော့ ယခုလက်ရှိ ဗိုလ်သန်းရွှေပင်ဖြစ်ပါသည်။ တရားတော် အရဆိုရပါလျှင် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများသည် လူ့စိတ်လူ့ခန္ဓာကို လောင်မြိုက်စေတတ်သော အကုသိုလ် မီးပွါးများပင်ဖြစ်ပါသည်။ အာဏာရှုးဗိုလ်သန်းရွှေသည် တရားဥပဒေကို ဖျက်ကွယ်ပြုကာ မိန်းမသားတစ်ဦးဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားသဖြင့် ချုပ်နှောင်ထားခြင်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုလားသူ ရဟန်းရှင်လူ အပေါင်းတို့အားလည်း နှစ်ရှည်ထောင်ဒဏ်ချကာ ညှဉ်းပန်းနှိပ်စက်လျက်ရှိနေပါသည်။

ဓမ္မောဟာဝေ၊ ဟာတောဟာန္တိ=လူတစ်ဦးသည် တရားကိုသတ်ဆော် ထိုသူအား သေကြေပျက်စီးစေသောတရားကပြန်သတ်၏ ဟု ဘုရားတရားတော်တွင် ပါရှိပါသည်။ တရားသတ်၍ အာဏာရှူးကြီးများဖြစ်သော ဗိုလ်နေဝင်းနှင့် ဗိုလ်စောမောင်တို့သည် ခွေးသေ၊ ဝက်သေ သေဆုံးသွားခဲ့ကြပြီး ဖြစ်ပါသည်။

## အာဏာရှူးများကိုပိုင်းအုံနေသောမီးတောက်မီးလျှံများ

ထပ်မံ၍ဆိုရသော် ဗုဒ္ဓဘာသာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာတရားတော်အရ ဆိုပါမူ အာဏာရှူး စစ်ဗိုလ်များ၏ စိတ်သန္တာန်ရှိသော အတောမသတ်နိုင်သည့်လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်နှင့် မာန်မာနစိတ်များသည် ပင်လျှင် အာဏာရှူးပါဝါရူး စစ်ဗိုလ်များကို ပိုင်းအုံနေသော မီးတောက်မီးလျှံများလည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင် အသက်အရွယ် ၇၇ နှစ်ရှိနေပြီဖြစ်သော ဗိုလ်နေဝင်းက "စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပြီး ခြောက်တာမပါဘူး၊ ပစ်ရင်မှန်အောင်ပဲ ပစ်တယ်" ဟု ဆိုခဲ့ပါသည်။ တည့်တည့်ပစ်ခဲ့၍လည်း အပြစ်မဲ့သော ပြည်သူပြည်သားသုံးထောင်ကျော် လမ်းမပေါ်တွင် သေဆုံးခဲ့ကြရပါသည်။ လက်ရှိ အာဏာရှူး ဗိုလ်သန်းရွှေသည်လည်း လူပုဂ္ဂိုလ်များကိုသာမက ဘုရားသားတော် ရဟန်းသံဃာတော်များကို ရင်ဝတည့်တည့်ပစ်စေပါသည်။ အုပ်စိုးသူအာဏာရှူးများ တရားပျက်၍ တိုင်းပြည်ကြီးလည်း ပျက်စီးယိုယွင်းလျက် ရှိနေပါသည်။

တရားသူကြီး ဦးဘဦးရေးသည့် 'မြန်မာအုပ်ချုပ်ရေးပညာ' အမည်ရှိကျမ်း၌ 'မြန်မာတို့ တရားမပျက်စောင့်စည်း ကျင့်ကြံကြသောအခါများတွင် တိုင်းပြည်အခြေအနေ သိသိသာသာတိုးတက်၍ မြန်မာတို့ တရားမဲ့ အဓမ္မပြုကျင့်ကြသောအခါများတွင်သော်ကား တိုင်းပြည်အခြေအနေ ဆုတ်ယုတ်ပျက်ပြားကြလေသည်' ဟု ဖော်ပြထားပါသည်။

ယနေ့ မြန်မာနိုင်ငံတော်တွင် အုပ်ချုပ်သည့် အာဏာရှူးစစ်ဗိုလ်များကြောင့် အုပ်ချုပ်ရေး ယန္တယားကြီး ပျက်စီးယိုယွင်းနေပါသည်။ စစ်သားရဲသား၊ မီးသတ်သမား၊ အရပ်သားဝန်ထမ်း၊ ကျေးရွာရပ်ကွက်ကောင်စီဝင်

များကာအခ အထက်အရာရှိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအထိ အကျင့်စာရိတ္တ ပျက်ပြားကာ အခမ္မဝါဒီများ မင်းမူနေပါသည်။ အုပ်ချုပ်သူများသည် ပြည်သူ ပြည်သားများထံမှ နည်းမျိုးစုံ ငွေကောက်ခံလျက် သား၀၊ မယား၀ ၀ါဒကို ကျင့်သုံးနေကြပါသည်။ အအုပ်ချုပ်ခံပြည်သူများ နည်းမျိုးစုံဖြင့် အာခံ တော်လှန်နေသည့်မီးတောက်ကလည်း အာဏာရှူးစစ်ဗိုလ်များအား ဝိုင်းရံနေပြီ ဖြစ်ပါသည်။

တရားစီရင်ရေး မဏ္ဍိုင်တွင်လည်း အဂတိလိုက်စားမှုများ လွှမ်းမိုးနေ သည်။ တရားရုံးများတွင် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိလေးပါး အုပ်စိုးလွှမ်းနေသည်။ မှန်ကန်သော တရားစီရင်ရေးစနစ် မထွန်းကား၍ ပြည်သူ ပြည်သားများ၏ စိတ်နှလုံးလုံခြုံမှု မရှိပါ၊ ချမ်းမြေ့မှု မရှိပါ။ အချင်းချင်း အညီအညွတ်မှုမရှိကြပါ၊ အစိုးရကိုလည်း ယုံကြည်အားထားမှု မရှိသလို တရားရုံးများကိုလည်း ယုံကြည်အားကိုးမှုမရှိကြတော့ပါ။ အာဏာရှူးများ တရားပျက်၍ အများတကာ၏ အမျက်ဒေါသကလည်း ပေါက်ကွဲလုလု မီးတောင်ကြီးတစ်ခုပမာ ဖြစ်နေပါသည်။ အာဏာရှူးများ၏ ကိုယ့်ရှူး ကိုယ် ပြန်ပတ်သည့် သာဓကတစ်ခုကို ဖော်ပြပါမည်။ အများတကာကို နှိပ်စက် ညှဉ်းပန်းခဲ့သော ထောက်လှမ်းရေးမှူး၊ ဝန်ကြီးချုပ်ဖြုတ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် လာဘ်စားမှုဖြင့် ထောင်နှစ်ပေါင်းများစွာ ပြစ်ဒဏ်ခံရ၍ ပေါက်ကွဲနေ၍ သူ့အား စိတ်ငြိမ် အမြဲဆေးထိုး လိုက်ရသည်ဟု ဆိုပါသည်။ မိုးဖြစ်သူ ဒေါက်တာခင်ဝင်းရွှေက ဒီဆေးမျိုးတော့ မထိုးကြပါနဲ့ဟု အော်၍ ငိုကြွေးသော်လည်း အာဏာရှူး စိတ်ဓါတ်အမြစ်ပြုတ်စေပြီး အာဏာအတွက် ပြန်ကန်ထကြွမည်ကို မလိုလား၍ နေပြည်တော်က အမိန့်အရ ဆေးထိုးရခြင်း ဖြစ်သည်ဟု ဆိုပါသည်။ "အစက ဂန်ဒူး၊ နောက်များတော့ မြူသွားပြီ၊ အကိုမှားပါပြီကွယ် မိမွေးတဲ့ ဘမွေးတဲ့ဘ၀ ဆုံးပါပြီ" ဟုသာ တေးစပ်ရမလို ဖြစ်သွားပါသည်။

ဘာသာရေး၊ စီးပွါးရေး၊ ပညာရေး၊ လူမှုရေးနယ်ပယ်အားလုံးတွင် သည်း ကမ္ဘာ့ပေါ်တွင် အလွန့်အလွန်နိမ့်ကျနေသော မြန်မာလူမျိုးဖြစ်နေပါ သည်။ အမျိုးဘာသာ၊ သာသနာတော်အတွက် မခံမရပ်နိုင်ဖြစ်နေကြသော

ပြည်သူပြည်သားများ၏ အကျက်ဒေါ်သကလည်း အာဏာရှင်များအား ဝိုင်းရံနေသော မီးတောက်မီးလျှံပမာ ဖြစ်နေပါသည်။

ကိုယ့်လူမျိုးကိုယ်နှိပ်စက်ညှဉ်းပန်းမှုကြောင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ဥရောပသမဂ္ဂဝင်နိုင်ငံပေါင်းစုက စီးပွါးရေးပိတ်ဆို့အရေးယူခြင်း၊ ပြည်ဝင်ပြည်ထွက် ကန့်သတ်ထားခြင်း၊ ငွေဝင်ငွေထွက်ကန့်သတ်ထား၍ အာဏာရှင်စစ်ဗိုလ်နှင့် မိသားစု၏ လောဘမီးကလည်း ပေါက်ကွဲနေပါသည်။

## အာဏာရှင်များထွက်ပေါက် ၂၀၁၀ရွေးကောက်ပွဲလား

အာဏာရှင် စစ်ဗိုလ်များသည် ၁၉၈၈ ခုနှစ်ကပင် စစ်တပ်ကို ခုတုံးလုပ်ပြီး စစ်တပ်မှ တိုက်ရိုက်အုပ်ချုပ်ခဲ့ပါသည်။ နိုင်ငံရေးနိယာမ သဘောတရားတွင် စစ်တပ်ကကြာရှည်စွာအုပ်ချုပ်နေခြင်းသည် မသင့်လျော်တော့သည့်အခြေအနေ ဆိုက်ရောက်လာသောအခါ တပ်မတော်သားစစ်ဗိုလ်များအား အရပ်သားအရေခြုံပြီး အုပ်ချုပ်ခြင်းနှင့် စစ်ဗိုလ်များလိုလားသော နိုင်ငံရေးပါတီကို ရုပ်သေးအစိုးရအဖြစ် တင်မြှောက်ပြီး နောက်ကွယ်မှကြိုးဆွဲချယ်လှယ်အုပ်ချုပ်ခြင်း စသည်များကို ပြုလေ့ရှိပါသည်။ သို့ရာတွင် ယနေ့လက်ရှိ စစ်ကောင်စီအနေဖြင့် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်"ဟု ဖော်ပြထားပါသည်။ တဖက်လှည့်ဖြင့် လူထုထောက်ခံမှုရရှိသော စစ်တပ်အစိုးရပုံစံမျိုးဖြစ်လိုခြင်းသာဖြစ်သည်။ အာဏာရှင်ဗိုလ်သန်းရွှေအနေဖြင့် ခေါ်ချကာ တရားဝင် စစ်အစိုးရမျိုးဖြစ်လိုသော်လည်း အရှူးမီးဝိုင်းခံနေရသည့်ဘဝက ထွက်ပေါက်ရရန် အလှမ်းဝေးလျက်ရှိနေပါသည်။

ပြည်သူလူထုကို လူစာရင်းမသွင်းဘဲ ဖွဲ့စည်းပုံဆန္ဒခံယူပွဲတွင် ကြိုတင်မဲဆန္ဒများ ကောက်ယူသည်ဟုဆိုကာ ကာယကံရှင်ခွင့်ပြုချက်မရဘဲ မဲအမြောက်အများ ခိုးယူခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်လည်း လူထုမဲကို နည်းမျိုးစုံဖြင့် ခိုးဝှက်၍ ရနိုင်ပါသည်။

သို့ရာတွင်အာဏာရှင်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) တပ်မတော်ကဏ္ဍ၊ ပုဒ်မ ၃၃၈ တွင် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်

အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ဆိုပါသည်။ အပစ်အခတ် ရပ်ဆဲထားသော သောင်းကျန်းကျော်ရှိနေသော လူမျိုးစု လက်နက်ကိုင်အဖွဲ့များကို လူသုံးသောင်းအထိ လျှော့ချကာ နယ်ခြားစောင့်တပ်ဖွဲ့များဖွဲ့စည်းရေးကိစ္စသည် အငြင်းပွါးစရာ ဖြစ်နေပါသည်။

ကိုယ့်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ တန်းတူညီမျှသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးအတွက် အသက်ပေါင်း မြောက်မြားစွာ ပေးခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲဝင်လာသော တိုင်းရင်းသားလူမျိုးများအား ကျေးလက်စောင့်၊ ရွာစောင့်၊ နယ်ခြားစောင့်ခွေးများသဖွယ် ဖွဲ့စည်းလိုက်သော ဗိုလ်သန်းရွှေ၏ ပုဂ္ဂနိဆိတ်ဦးနှောက်မျှသာရှိသော ဦးနှောက်ထဲက ပေါ်လစီမျိုးတစ်ခုကို အောက်တွင် ဖော်ပြပါမည်။

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ထိုင်းနိုင်ငံမှလာရောက်သော ကြယ်သုံးပွင့်ဗိုလ် ဗိုလ်မင်းရောင်၏သား ကိုရွှေဝင်းနှင့် စာရေးသူတို့သည် အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့တွင် သီတင်းသုံးနေသော ဆရာတော်ဦးရေဝတ ကျောင်းသို့ရောက်ရှိသွားခဲ့ပါသည်။ ဆရာတော်သည် ဒေါ်အောင်ဆန်းစုကြည် နှင့် အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့အကြား စေ့စပ်ရေးလုပ်၍ အင်္ဂလန်နိုင်ငံသို့ ပြန်ရောက်ပြီးချိန်ဖြစ်ပါသည်။ ဆရာတော်က သူအား ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနှင့် ဗိုလ်ခင်ညွန့်တို့ သုံးဦး ထိုင်ကန်တော့နေသည့်ပုံကိုလည်း ထုတ်ပြခဲ့ပါသည်။ ထို့အပြင် ဆရာတော်ပါးစပ်က "ဒီအကောင်မလေး အောင်ဆန်းစုကြည် တော်တော်မိုက်တယ်၊ ဘုန်းကြီးက သူမကို ညွှန်ကြားရေးမှူးချုပ် ရာထူးလက်ခံဖို့ပြောပေးတာ လက်မခံဘူး" ဟုဆိုပါသည်။ မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံနှင့် ၁၉၉၀ ပြည်နှစ် အထွေထွေရွေးကောက်ပွဲတွင် လူထုအသည်းစွဲ လူထုခေါင်းဆောင်ကြီးတစ်ဦးအား အစိုးရဌာနတစ်ခု၏ ညွှန်ကြားရေးမှူးချုပ်ရာထူး ပေးကာ သိမ်းသွင်းကြသော ဗိုလ်သန်းရွှေနှင့် အပေါင်းအပါ စစ်ဗိုလ်ချုပ်များအားလည်းကောင်း၊ အာဏာရှူးစစ်ဗိုလ်များနှင့် အပေါင်းအသင်းဖြစ်ရ၍ ဘဝင်မြင့်သွားသော ဆရာတော် ဦးရေဝတအား လည်းကောင်း အတော်ပင် အံ့ဩမိပါသည်။ အထင်အမြင်လည်း အလွန်အလွန်သေးမိပါသည်။

ယခုလည်း တိုင်းရင်းသားများအား နယ်ခြားစောင့်တပ်ဖွဲ့ ဖွဲ့ပေးရန် ကြံစည်နေသော မြန်မာအာဏာရှူးများ၏ အဆင့်အတန်းသည် ဘယ်တိုင်းပြည် ဘယ်နိုင်ငံတွင်မှ ရှိလိမ့်မည်မဟုတ်ပါ။ ဇင်ဘာဘွေနိုင်ငံက ကမ္ဘာ့အဆိုးဆုံးအာဏာရှင် မစ္စတာမူကာဘီပင်လျှင် သူ၏ပြိုင်ဘက် အတိုက်အခံခေါင်းဆောင်အား ဝန်ကြီးချုပ်ရာထူးပေးကာ ပြေရာပြေကြောင်း ဆောင်ရွက်ခဲ့ပါသည်။

အချုပ်ဆိုရသော် အာဏာရှူးဗိုလ်သန်းရွှေနှင့် အပေါင်းပါစစ်ဗိုလ်တစ်စုအား ဘုရားတရားတော်အရဆိုရပါမူ လောဘမီး၊ ဒေါသမီး၊ မောဟမီးနှင့် မာန်မာနမီးများက ဝိုင်းလျက်ရှိနေပါသည်။

ထို့အပြင် အသိပညာ အတတ်ပညာမရှိသော အာဏာရှူးစစ်ဗိုလ်များ၏ လွဲမှားသော လုပ်ရပ်များကြောင့် မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ ပညာရေး၊ စီးပွါးရေး၊ လူမှုရေးနှင့် ဘာသာရေးစသော မဏ္ဍိုင်အသီးသီးတွင် မီးတောက်မီးလျှံများဖြင့် ပြည့်နှက်လျက်ရှိနေပါသည်။ ထိုမီးလျှံများသည် အာဏာရှူးများအား ဝိုင်းနေပြီဖြစ်ပါသည်။

အာဏာရှူးများ၏ စစ်တပ်က ထာဝရအုပ်ချုပ်လိုသော ၂၀၁၀ ရွေးကောက်ပွဲကြီးကို ထောက်ခံအားပေးပါက မြန်မာပြည်သူအပေါင်းသည် ဆင်းရဲခြင်းဒုက္ခအောက်မှ ဘယ်တော့မှ လွတ်မြောက်နိုင်ကြတော့မည် မဟုတ်ကြောင်းကိုလည်း စေတနာမေတ္တာဖြင့် တင်ပြအပ်ပါသည်။

အရှူးကိုမီးဝိုင်းနေပါပြီ၊ စစ်အာဏာရှင်စနစ်ဆိုးကြီးကိုလည်း ညီညီညွတ်ညွတ် တွန်းလှန်တိုက်ပွဲဝင်ကြပါစို့။

❖

## အီရတ်စစ်တပ်ကဲ့သို့ ဗမာစစ်တပ် အမြစ်မပြတ်စေလိုပါ

ဗမာစစ်တပ်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စာပေအရေးအသား နှင့် ရှေ့ဆောင်လမ်းပြချက်များတွင် 'ဖက်ဆစ်စစ်သားတွေကို သူရဲကောင်းလို့ ခေါ်ဆိုနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးတဲ့ လူစားမျိုးမဟုတ်ဘူး။ သူတို့ဟာ ပျက်စီးရာပျက်စီးကြောင်းကို လုပ်တယ်။ ဗရုတ်သုတ်ခဖြစ်အောင် လုပ်တယ်။ သူများအသက်တစ်ချောင်း ကို ဓါးတစ်လက်နဲ့ မတရားသက်သက်သတ်တယ်။ သူများပစ္စည်း အိုးအိမ် ကို ဖျက်ဆီးမီးရှို့တယ်။ ဒီလိုလူစားမျိုးဟာ သူရဲကောင်းမဟုတ်၊ သူယုတ်မာ မှုသာဖြစ်ပြီး၊ နောက်ဆုံးသူတို့က သူများအပေါ် ပြုလေသမျှ သူတို့ပြန်ပြီး ခံရတာဘဲ။ သူများကို ဖျက်သလို သူတို့လဲပျက်ရတာပဲ' ဟူသော စာပိုဒ်ကို စာရေးသူ အကြိမ်ကြိမ်ဖတ်ဖူးပါသည်။ ယခုဗမာစစ်တပ် ခေါင်းဆောင်ကြီး များဖြစ်သည့် အရှူးကြီး၊ မှူးကြီးနှင့် ဂန်ဒူးကြီးတို့လည်း ဖတ်ဖူးကြပေ လိမ့်မည်။ အတွေးအမြင်အရ ဖက်ဆစ်ဆိုသည့်စကားကို ထပ်မံရှင်းပြရသော် 'ကိုယ်စိတ်နှစ်ပါးလုံးကို ဒုက္ခအမျိုးမျိုးပေးသော ဝါဒပင်' ဖြစ်ပါသည်။ ၁၉၆၂ ခု နှစ်ကတည်းကပင် စတင်၍ ယနေ့အထိပြန်လည် တွေးမြင်ကြည့်ပါ က ဗိုလ်ချုပ်အောင်ဆန်းပုံဖော်ရေးသားခဲ့သော ဖက်ဆစ်စစ်သားများသည် ဗမာပြည်ကို အုပ်စိုးချယ်လှယ်နေသည်မှာ ထင်ရှားလှပါသည်။ မကြာသေးမီ

က ဗမာပြည်ကို အလည်အပတ်သွားခဲ့သူ မိတ်ဆွေတဦးက "ငရဲအိုးကြီးလို ဆူပွက်နေသော ဗမာပြည်"ဟု တင်စားပြောဆိုနေပြန်ပါသည်။

ဗမာစစ်တပ်သည် အီရတ်စစ်တပ်နှင့် အသွင်သဏ္ဍာန်ကအစ တူညီပြီး မူဝါဒနှင့် လုပ်ရပ်မှန်သမျှသည်လည်း တစ်ပုံစံတည်းပင်ဖြစ်ပါသည်။ အီရတ်စစ်ဗိုလ်ဝန်ကြီးများသည် နောက်ဆုံးကျည်ဆန်တစ်တောင့် ကျန်သည်အထိ ခုခံတိုက်ခိုက်မည်ဟု အမျိုးသားရေးစိတ်ဓါတ်ကို ဟန်ပြကာ ကြိမ်းဝါးပုံများနှင့် ဘက်ဂဒက်မြို့တော်ကြီးတဝက်နီး ရန်သူလက်တွင်း ကျရောက်သွားပြီဖြစ်သော်လည်း ဘယ်မြို့မှ မကျသေးပါဘူး၊ ဘယ်ကျေးရွာမှ သူ့လက်ထဲမကျရောက်သေးပါဘူး၊ အားလုံးအေးချမ်းလျက်ပါဟု နောက်ဆုံးစက္ကန့်မိနစ်အထိ လိမ်ညာသွားခဲ့ပါသည်။ ဗမာစစ်ဗိုလ်ဝန်ကြီးများသည်လည်း ဗမာပြည်ကို အဘက်ဘက်တွင် တိုးတက် ဖွံ့ဖြိုးနေပါသည်ဟု မိုးလုံးပတ်လည် လိမ်ညာလျက် ရှိနေကြပါသည်။ ဖက်ဆစ်စစ်တပ်၏ကိုယ်စားလှယ် အညာသားကလေး ကိုမြသန်းကလည်း ဂျိနီဗာမြို့တွင် နအဖနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ဝန်ကြီးအဆင့်ရှိသူများနှင့် ၁၂ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်ဟု လိမ်ညာနေကြပြန်ပါသည်။ သံတမန်ဘဝကို မခွဲနိုင်မခွါရက်ဘဲ အသက်မွေးဝမ်းကျောင်းပြုနေကြသော ပညာတတ်လူရွှယ်များသည် လူလိမ်လူညာ ဖြစ်သူကဖြစ်၊ အရူးဖြစ်သူဖြစ်၊ ငမူးဖြစ်သူဖြစ်ဖြင့် ငရဲအိုးကြီးထဲတွင် ပျော်ပိုက်နေကြပါသည်။ လုပ်ဖော်ကိုင်ဖက် ညီငယ်အရွယ်များဖြစ်သည့် ကိုနေမျိုးအောင်နှင့် ကိုကျော်တင့်တို့သည် ငရဲမင်းများ၏ အနှိပ်အစက်ဒဏ်ကိုခံနိုင်ရန် သေရည်သေရက်သောက်ကာ အသည်းခြောက်ပြီး သေသွားကြပြီဟု ကြားသိရ၍ စိတ်မချမ်းမသာ ဖြစ်မိပါသည်။

ဖက်ဆစ်ဝါဒီများ၏ အဖေကြီး ဦးနေဝင်းနှင့် တစ်သန်းကျော်အရံအင်အားရှိသော မဆလများသည်လည်း သမိုင်းစာမျက်နှာတွင်ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားကြပြီးဖြစ်ပါသည်။ ဆဒမ်ဟူစိန်နှင့် အင်အားတစ်သန်းကျော်ရှိသော ဘတ်ပါတီဝင်များသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်ရှုးကြီး သန်းရွှေနှင့် ကြံ့ဖွတ်များသည်လည်း ထိုနည်း၎င်းပင် ဖြစ်လာပါလိမ့်မည်။ "နောက်ဆုံးမှာ သူတို့က သူများအပေါ်ပြုလေသမျှ သူတို့ ပြန်ပြီးခံရတာဘဲ၊ သူများကို ဖျက်သလို သူတို့လဲ

ကျက်ရတာပဲ"ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်အတိုင်းပင် ဖြစ်ပါသည်။ ပြည်သူ့ဘဝကို ဖျက်ဆီးနေပါသဖြင့် အကျနာကြမည်သာ ဖြစ်ပါသည်။

အီရတ်စစ်တပ်နှင့် အာဖဂန်စစ်တပ်များအား အရိုးအသား ရှာမရ အောင် အမြစ်ပြုတ်သွားပြီးဖြစ်သော်လည်း ဖက်ဆစ်ဝါဒအမြစ်တွယ်နေသော ဗမာ့စစ်တပ်အား အမြစ်ပြုတ်ရန်နည်းလမ်းကောင်းများကို မတွေ့မမြင်ရသေး ပါ။ အရှေ့တိုင်းတွင် ကူးစက်ပြန့်ပွါးမှုမြန်ဆန်သော ငှက်နာလှည်းနာ နွားရှူးရောဂါ မျိုးကို ဆေးမြီးတိုဖြင့်သာကုသပြီး ရောဂါဖြစ်သည့် နွား၊ ဝက်၊ ကြက်များကို လူသားများစားသုံးကြရပါသည်။ အနောက်တိုင်းတွင် ကူးစက်မြန်သော ရောဂါ ဖြစ်လာပါက နွားများ၊ ဝက်များကို အဆုံးရှုံးခံပြီး အမြစ်ဖြတ်ပစ်လေ့ ရှိပါသည်။ နောင်းလူသားများအား ရောဂါဆန်းများမမျှဝေလိုသော ရေရှည် ဒီမံကိန်းများပင်ဖြစ်ပါသည်။ ဗမာစစ်ဝါဒီများနှင့် အဆက်ပြတ်ရန် နေနေ သာသာ စစ်ခေါင်းဆောင်အရှူး၊ ငမူးနှင့် ဂန္ဒူးတို့နှင့် တွေ့ပါရစေ၊ ဆုံပါရစေ၊ ဆွေးနွေးပါရစေဟု နှိုးဆော်နေကြရရှာပါတော့သည်။ တွေ့ဆုံဆွေးနွေးကြ ပြန်ရင်လည်း ဘယ်တော့မှ အဆုံးသတ်မည်ကို ဟောကိန်းမထုတ်ရဲပါ။ သို့ရာတွင် ဗမာစစ်အာဏာရှင်ဝါဒကို အရိုးစွဲပြီး ကုသ၍ မရဖြစ်နေသော ဤစစ်တပ်နေရာတွင် တရားဥပဒေကို ဦးထိပ်ထားမည့် ဒီမိုကရက်တစ် စစ်တပ်မျိုးအစား မထိုးနိုင်၊ မတည်ဆောက်နိုင်ပါက နောင်းလူသားများသည် အကြောက်တရားမှ မကင်းစင်နိုင်သေးကြောင်းကို ဘဝအတွေ့အကြုံများအရ ဟောကိန်းတော့ထုတ်နိုင်ပါသည်။

စာရေးသူ၏ ငယ်စဉ်ဘဝဖြစ်သည့် ၁၉၅၂ ခုနှစ်တွင် ဗိုလ်စိန်လွင် (စိန်လွင်ခြောက်တန်း တစောက်ကန်း သောက်ရမ်းမလုပ်နှင့် ဆိုသူ) ကွပ်ကဲသော ဗမာတပ်မတော်သည် မာန်အောင်ကျွန်းပေါ်ရှိ ရဲဘော်ဖြူများ အား ထိုးစစ်ဆင်ခဲ့ပါသည်။ မကျေးကုန်းကျေးရွာတွင် တိုက်ပွဲဖြစ်ကာ ဗိုလ်စိန်လွင်၏ ဒူးနားတွင် ဒဏ်ရာ ရရှိသွားခဲ့ပါသည်။ ဗိုလ်စိန်လွင်အနေဖြင့် အလွန်စိတ်ဆိုးဒေါသထွက်ကာ မြင်မြင်သမျှပစ်ခတ်၍ ရွာသားလူကြီးလူငယ် ၁၃ ယောက်သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိသွားခဲ့ပါသည်။ စာရေးသူ ၏ ဖခင်ဦးဘအေးသည် မြို့ပိုင်ကြီးရာထူး ထမ်းဆောင်နေရသူဖြစ်၍

ဗိုလ်စိန်လွင်အား ညတွင်းခြင်းပင် ကျောက်ဖြူမြို့သို့ မော်တော်ဘုတ်ဖြင့် လိုက်ပို့ခဲ့ရပါသည်။ ပါလီမန်တွင် မေးခွန်းတက်ခဲ့သော်လည်း အရေးပိုင်မင်းက ပြီးပြီးပျောက်ပျောက် ဖြစ်အောင် အစီရင်ခံနိုင်း၍ ဗိုလ်စိန်လွင်သည် ချမ်းသာယာ ရရှိသွားပြီး ဝိုသတ်နိုင်သော ရာထူးပိုင်ရှင်ဖြစ်သွားခဲ့ပါသည်။ မိသားစုများ ဗုံးခိုကျင်းထဲတွင်ပင် အတုံးအရုံးသေဆုံးပုံနှင့် ကျန်ရစ်သူဖခင်တစ်ဦး စိတ်ရောဂါဝေဒနာသည်ဖြစ်သွားသည့်ဇာတ်လမ်းကို စာရေးသူ၏ မိတ်ဆွေ ကိုထွားချိုက ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသားများ၏ ရခိုင်တန်ဆောင်မဂ္ဂဇင်းတွင် မရူးတစ်ဝက်ရူးတစ်ဝက် (Half-fool) ဆိုသော ခေါင်းစဉ်ဖြင့် ၁၉၅၆ ခုနှစ်တွင် ရေးသားခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရဖြစ်လာသည့်အခါတွင်မှ ရန်ကုန်မြို့ရှိ ကျေးလက်ကျန်းမာရေးမှူးသင်တန်းကျောင်း (ယခု ကလေးဆေးရုံကြီးနေရာ) ၌ ပထမနှစ်သင်တန်းသားဖြစ်နေသော ကိုထွားချိုအား စစ်တပ်က ဖမ်းဆီးနှိပ်စက်ခဲ့ပါတော့သည်။ ကိုထွားချို၏ ဖခင်သည် မာန်အောင်ကျွန်းတွင် ဆေးရုံမှ ဆေးစပ်သမား (Compounder) တစ်ဦးဖြစ်ကာ သားငယ်အား ဆေးပညာတတ်မြောက်စေလို၍ ကျန်းမာရေးမှူးသင်တန်း တက်နိုင်းခဲ့ခြင်း ဖြစ်ပါသည်။ ကိုထွားချိုလည်း ဘဝပျက်ကာ ၁၉၆၀ ပြည့်နှစ် ပါလီမန်ခေတ်တွင် အမျိုးသားမှတ်ပုံတင်ဌာနတွင် စာရေးဝင်လုပ်စဉ် ကိုယ့်မြို့ ကိုယ့်ရွာသို့ ခွင့်ဖြင့် ပြန်ရောက်လာချိန်မှာပင် ဇာတ်ပွဲကြည့်ရင်း ရင်ဘတ်အောင့်သည့်ရောဂါဖြင့် ကွယ်လွန်သွားရှာပါသည်။ စစ်တပ်သည် အလွန်ရှုံညီးထားတတ်ပြီး အကွက်သာလျှင် ဖမ်းဆီးနှိပ်စက်ကာ ဘဝကို ဖျက်ဆီးလေ့ရှိသည့် သာဓက တစ်ခုပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၀ ပြည့်နှစ်တွင် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်တာဝန်ဖြင့် အထွေထွေရွေးကောက်ပွဲကို ပြုလုပ်ပေးကာ အနိုင်ရရှိခဲ့သော ပြည်ထောင်စုပါတီ (သန့်ရှင်းဖဆပလ) ခေါင်းဆောင်ဦးနုအား အာဏာလွှဲအပ် ပေးခဲ့ပါသည်။ ပါလီမန်ဒီမိုကရေစီအစိုးရ တဖန် ပြန်လည်ဖြစ်လာသောကြောင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ဂါဒီယံသတင်းစာတွင် သတင်းစာဆရာကြီး မစ္စတာမက်ဂရက် (Mr.Mc Grath)က စစ်တပ်က အာဏာ ပြန်သိမ်းလိမ့်မည်ဟု ဟောကိန်းထုတ်၍ ဆောင်းပါးတပုဒ် ရေးသား

ခဲ့ပါသည်။ စစ်တပ်က ဖမ်းဆီးနှိပ်စက်တော့မည်ကို ဝန်ကြီးချုပ် ဦးနု မကယ်နိုင်၍ ဦးနု၏သားဖြစ်သူ ကိုအောင်ရဲမြင့်ကိုယ်တိုင် လေယာဉ်ကွင်းသို့ လိုက်ပို့ပြီး မစ္စတာမကဲဂရက်အား ဗြိတိန်နိုင်ငံသို့ အပြီးအပိုင် သွားရောက်နေထိုင်ရန် ပြည်နှင်ခဲ့ကြရပါသည်။ ဗမာသွေးပါပြီး ဗမာအမျိုးသမီးနှင့် အိမ်ထောင်ကျကာ ဗမာစိတ်ဓါတ် အပြည့်အဝရှိသော မစ္စတာမကဲဂရက်သည် ဦးတင်မောင်ဝင်း(ခေတ်ပြိုင်)တို့၏ မြန်မာပြည်ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး ကော်မတီတွင်ပါဝင်ပြီး သံရုံးရှေ့တွင် အမြဲဆန္ဒပြခြင်းနှင့် ဆောင်းပါးများ ရေးခြင်းဖြင့် မသေမီကာလအထိ ဖက်ဆစ်စစ်တပ်အား တော်လှန်သွားခဲ့ပါသည်။ ၁၉၈၉ ခုနှစ်က ကွယ်လွန်သွားခဲ့သော သတင်းစာဆရာကြီးမစ္စတာဂရက်၏ အသုဘကို ဦးအောင်ရဲမြင့်တို့ ဇနီးမောင်နှံနှင့်အတူ စာရေးသူလည်း လိုက်ပါ ပို့ဆောင်လိုက်ပါသည်။

ဦးနောက်ထက် နှလုံးသားက ပိုကြီးသူဖြစ်ကြောင်း ဝန်ကြီးဦးနုသည် ကိုယ်တိုင်ရေးသားကာ စစ်တပ်နှင့် ဗိုလ်ချုပ် နေဝင်းအပေါ် နှလုံးသားဖြင့်သာ ပုံအပ်ခဲ့ပါသည်။ နိုင်ငံပျက်စီးယိုယွင်းလာတဲ့အတွက် စစ်တပ်က အာဏာသိမ်းလိုက်တယ်လို့ သမ္မတကြီး ဦးဝင်းမောင်ပြောပြမှ ဦးနုဟာ 'ဩ-လက်စသတ်တော့ ဒီလိုကိုး' ဟု သူပါးစပ်က မထိန်းနိုင်တော့ဘဲ လွှတ်ခနဲပြောလိုက်မိတယ် ဟု ဦးနု၏ 'တာတေစနေသား' နိဂုံးကို ဖတ်ရသူတိုင်းအနေဖြင့် နိုင်ငံရေးရာကိစ္စအဝဝတွင် ဦးနှောက်နှင့်နှလုံးသားကို သူ့နေရာနှင့်သူဦးစားပေးအသုံးချတတ်ရန် သင်ခန်းစာတစ်ရပ်ပင်ဖြစ်ပါသည်။

ခွာနာလျှာနာ၊ နွားရူးရောဂါ၊ စစ်အာဏာရှင်ရောဂါနှင့် အာဏာရှင်များလက်ဝယ် လူအများအပြား သေစေနိုင်သော လက်နက်ဆိုးများ မရောက်ရှိစေရေး ကိစ္စရပ်များတွင် နှလုံးသားထက် ဦးနှောက်ကို ဦးစားပေးနိုင်ပါမှသာ နှောင်းလူသားများအတွက် မေတ္တာစေတနာထားရာ ရောက်ပါမည်။ သနေ့ဗမာစစ်တပ်သည်လည်း အီရတ်စစ်တပ်ကဲ့သို့ ပြည်သူအပေါင်းအပေါ် မတရားသော နည်းလမ်းပေါင်းစုံဖြင့် စိုးမိုးချယ်လှယ်နေ၍ ပြည်သူများတွင် ပညာမဲ့ခြင်း၊ ဆင်းရဲခြင်း အစာအာဟာရဆေးဝါးချို့တဲ့၍ အသေအပျောက်များပြားခြင်း စသော ဆုတ်ကပ်ထဲရောက်လျက်ရှိနေပါသည်။

ပြည်သူအပေါင်း၏ အသည်းကြားမှ မဲတစ်ပြားဖြင့် အာဏာလွှဲအပ်ခဲ့သော ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်လည်း စစ်တပ်၏မသမာမှုကို ခံသွားရရှာပါသည်။ အာဏာရှင်စစ်ဗိုလ်များ၏အဖေကြီး ဗိုလ်ချုပ်နေဝင်းသည်လည်း စစ်တပ်၏ ရန်ငြိုးဖွဲ့မှုကို သူ့သာမက သမီးသမက်နှင့် မြေးများအထိခံနေရပါသည်။ ဤကဲ့သို့ တရားမစောင့်သော ဖက်ဆစ်အာဏာရှင်စစ်တပ်မျိုး တည်ရှိနေသမျှ အမှန်တရားဘက်ကရပ်တည်သူ ဟူသမျှတစ်နေ့ မဟုတ်တစ်နေ့ အနှိပ်စက်ခံကြရမည်သာ ဖြစ်ပါသည်။ စစ်ဗိုလ်စစ်သားများထဲက အမှန်တရား လိုလားသူများလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါသည်။

စစ်ဗိုလ်စစ်သားလူရွယ်၊ လူငယ်များအနေဖြင့် သက်ကြီးအို အရူးငမူးနှင့် ဂန်ဒူးအမည်ရ စစ်ဗိုလ်ချုပ်ကြီး သုံးဦး၏ လက်ဝယ်မှ အာဏာကိုပြန်သိမ်းပိုက်ကာ အများဆန္ဒဖြင့် ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များ လက်ဝယ်သို့ အာဏာလွှဲအပ်ပေးရန်နှင့် စစ်တပ်ကိုလည်း တရားဥပဒေစိုးမိုးမှုကိုနာခံသော စစ်တပ်မျိုးဖြစ်စေရန် ပြန်လည်ဖွဲ့စည်းတည် ဆောက်ကြရန် အချိန်အခါကောင်းပင်ဖြစ်ပါသည်။ ပြည်သူသာ အမိ၊ ပြည်သူသာအဖ ပြည်သူ့ထံတွင် ခိုလှုံခြင်းသည် မြင့်မြတ်ပါသည်။

အီရတ်စစ်တပ်ကဲ့သို့ ဗမာစစ်တပ်သည် အမြစ်ပြတ်ကာ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်မသွားစေလိုပါ။

❖

# ဒီပဲယင်းမှ ဒီမိုကရေစီအောင်ပွဲဆီသို့

၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့က အမျိုးသားခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအား နအဖ စစ်ကောင်စီ၏ ကြိုတင်စီမံချက်ဖြင့် ခြုံခိုတိုက်ခိုက် လုပ်ကြံကြရာတွင် "ကုလားကို လင်လုပ်ချင်တဲ့ မိန်းမတွေ၊ ကုလားကို အဖေ ခေါ်ချင်တဲ့ ကောင်မတွေ အကုန်သတ်" လို့ ကြွေးကြော်အော်ဟစ်ပြီး မြင်တွေ့သမျှ ရိုက်နှက်သတ်ဖြတ်ကြသည်" ဟု ထွက်ပြေး လွတ်မြောက်လာသူများ၏ ထုတ်ဖော်ရေးသားချက်များကို ဖတ်ရှုရပါသည်။

၁၉၄၂ ခုနှစ်က ဗမာစစ်တပ်၏ အမြုတေ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေးတပ် (Burma Independence Army) အဖွဲ့ဝင် စစ်ဗိုလ်တစ်ချို့ကလည်း အလွန်တာရာပင် အသိဉာဏ်နည်းပါးကာ "အင်္ဂလိပ်ကိုမောင်းထုတ်ပြီးတော့ ကရင်ပဲရှိတယ်ဆိုပြီး ကရင်ရွာများကို မီးရှို့၍ မြစ်ဝကျွန်းပေါ်အရပ်တွင် ကရင်-ဗမာ အဓိကရုဏ်း ဖြစ်ပွားခဲ့ဖူးပါသည်။

ဤမျှလူမျိုးခွဲခြားရေးဝါဒီဖြစ်သော ဘီအိုင်အေ စစ်ဗိုလ်တချို့၏ စိတ်ရိုင်းများသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖစစ်ဗိုလ်တချို့ စိတ်ထဲတွင် ရှင်သန်နေသေး၍ ဗမာသည် ကမ္ဘာတစ်ခွင်တွင် အလွန်မျက်နှာပူစရာ ဖြစ်သွားပြန်ပါသည်။

ဘီအိုင်အေများသည် ပြည်သူလူထုထံမှ သေနတ်၊ ငွေ၊ မော်တော်ကား၊ လက်ဝတ်လက်စားအစရှိသော အဖိုးတန်ပစ္စည်းများကို လျှောက်သိမ်းခဲ့

ကြပါသည်။ မြောင်းမြခရိုင်အတွင်းတွင် ဘီအိုင်အေများသည် ကရင်များထံမှ သေနတ်ကို သိမ်းရန်လာသောအခါ ကရင်များက အင်္ဂလိပ်အပြေး-ဂျပန် အဝင်တွင် မင်းမဲ့တိုင်းပြည် ဖြစ်နေ၍ သူတို့၏ သေနတ်များကို မပေးအပ်ခဲ့ကြ သောကြောင့် ကရင်-ဗမာတိုက်ပွဲများစတင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ၏ ကြိုးပမ်းမှုကြောင့် ကရင်-ဗမာ ချစ်ကြည်ရေး ပြန်ကောင်းမွန်လာကာ ဖက်ဆစ်ဂျပန်ကို ကရင်ဗမာ ပူးပေါင်းတော်လှန်ရေးဆင်နွှဲခဲ့၍ ဂျပန်ဖက်ဆစ် အုပ်ချုပ်ရေးသည် ဗမာ့မြေပေါ်တွင် ပျောက်ကွယ်သွားခဲ့ပါသည်။ သို့ရာတွင် ယနေ့ နအဖ ဖက်ဆစ်များသည် ကမ္ဘာ့သမိုင်းထဲမှ ဂျပန်ဖက်ဆစ်နှင့် ဂျာမန် ဖက်ဆစ်၏ ဘိုးအေများဖြစ်နေပြန်သည်။ ဘီအိုင်အေခေတ်ကပင် အများ ပြည်သူပိုင် ပစ္စည်းများကို သိမ်းယူခဲ့သလို ဗိုလ်နေဝင်း၏ တော်လှန်ရေး ကောင်စီနှင့် မဆလလမ်းစဉ်ပါတီအစိုးရများလည်း အများပြည်သူပိုင်ပစ္စည်း များသာမက ရာထူးရာခံများကို သိမ်းကာ စနစ်ကောင်းဟူသမျှကို ဖျက်ဆီး ပစ်ခဲ့ပါသည်။ ဗိုလ်ချုပ်သန်းရွှေခေတ်တွင် လူသတ်မှု၊ မုဒိမ်းမှု၊ ရွာဖျက်မှုနှင့် မြို့ဖျက်မှု အများအပြား ရှိလာခဲ့ပါသည်။ ရခိုင်ပြည် အမ်းမြို့အလယ်တွင် စစ်တပ်နှင့် စစ်လေယာဉ်ကွင်း ဆောက်ရန် မြို့ကို ဖျက်ကာ ပြည်သူများကို တစပြင်သို့ မောင်းထုတ် ခံခဲ့ကြရပါသည်။ မရမ်းကုန်းမြို့နယ်ရှိ ယခင် မဆလပါတီဌာနချုပ်ရုံးကို စစ်ရုံးချုပ်ပြုလုပ်ကာ ဗိုလ်ချုပ်သန်းရွှေနှင့် သမီး များက အိမ်သိမ်းမြေသိမ်း ပြုလုပ်ခဲ့ပြန်ပါသည်။ နိုင်ငံခြားရေးမှ ဝန်ထမ်း ရွေးချယ်ခန့်ထားရေး အဖွဲ့ဝင်ဖြစ်သွားခဲ့သော ဦးစောဒိုးစိုက်ဒိုး၏ မြေနှင့်တိုက် ကိုပင် သမီးတော်များအား ပေးအပ်ခဲ့ရပြီး ရေဗွက်တောထဲတွင် မြေနေရာ အစားပေးသော်လည်း အသက်အရွယ် ၈၀ ရှိနေ၍ အိမ်မဆောက်နိုင်တော့ဘဲ အမေရိကန်ပြည်ထောင်စုရှိ သမီးများထံ လာရောက် နေထိုင်ခဲ့ရပါသည်။ သမီးတော်များလည်း ဖခင် ခရီးထွက်တိုင်း လိုက်ပါလာပြီး ပင်ပန်းလွန်း၍ တပ်ရင်းမှူးကတော် ဗိုလ်ချုပ်ကတော်တစ်ချို့ကိုပင် အနိုင်ကျင့်ကာ နှိပ်နယ် ခိုင်းပြီး မြေးငယ်မျောက်မူးလဲကလည်း စစ်ဗိုလ်ချုပ်များခေါင်းကို စိန်ဗိုလ်တင့် ဆိုင်းချက်အတိုင်း ဗုံတီးသည်ဟု ဆိုပါသည်။ ကိုယ်တွေ့မျက်မြင်တစ်ဦးက အနှိပ်သည်ဗိုလ်ကတော်များနှင့် ဗုံတီးခံ စစ်ဗိုလ်များ ကောင်းစားနေကြသည်

ဟု ဖုန်းဆက်ပြောပြဖူးပါသည်။ မိတ်ဆွေသူဌေး တစ်ဦးကလည်း ကုန်းမြင့်သာသို့ စစ်ရုံးချုပ်နှင့် ဗိုလ်ချုပ်သန်းရွှေ မိသားစုများ ပြောင်းရွှေ့လာ၍ သိန်းသုံးထောင်တန် မြေနှင့်တိုက်ကို သိန်းသုံးရာပင် ပေးဝယ်မည့်သူ မရှိသော့ဟု ဆိုပါသည်။ အရှုံးပေါ်သွားသူ မိတ်ဆွေသူဌေးက ကုန်းမြင့်သာယာ ဗိုလ်ချုပ်သန်းရွှေအိမ်နှင့် စစ်ရုံးချုပ်ကို ဗုံးဆယ်လုံးလောက် ကြဲချလိုက်ရင် စစ်အာဏာရှင်စနစ်အမြစ်ပြတ်သွားလိမ့်မည်ဟု လွယ်လွယ်ပြောနေပြန်ပါသည်။

စာရေးသူ၏ မိတ်ဆွေကြီးတစ်ဦးဖြစ်သည့် လက်နက်ကိုင် ရခိုင်နိုင်ငံရေးပါတီဥက္ကဋ္ဌ ဖြစ်နေသူ ဦးသိန်းဖေကလည်း စစ်အာဏာရှင်စနစ်ကို ဖြတ်ချနိုင်မည့် အောက်ပါ နည်းလမ်းသုံးသွယ်ကို စာဖြင့် ဆွေးနွေးတင်ပြလာပါသည်။

(၁) သံတမန်နည်းလမ်းဖြင့် နိုင်ငံတကာဖိအားပေး ပိတ်ဆို့ သပိတ်မှောက်ရန်

(၂) ပြည်သူလူထုအုံကြွကာ သပိတ်မှောက်ရန်

(၃) တိုင်းရင်းသားလူမျိုးပေါင်းစုံက ညီညီညွတ်ညွတ် လက်နက်ကိုင်တော်လှန်ရေးကို အရှိန်မြှင့်ရန်။ အရိုးစွဲနေသည့် သမားရိုးကျ အစဉ်အလာ နည်းလမ်းများပင်ဖြစ်ပါသည်။

မကြာသေးမီနှစ်များက "ဗုံးချပေးမှ ဒီမိုကရေစီရ"သွားသည့် နိုင်ငံများရှိပါသည်။ ဥပမာ-ယူဂိုဆလားဗီးယား (ယခု ဆလာဘ်နှင့် မွန်တီနီဂရိုး)

Dr.Edward De Bono ၏ ဘက်ပေါင်းစုံကို ဖြာ၍ ဖြန့်တွေးခြင်း Lateral Thinking) ကို လေ့လာပြီး တွေးတောရမလို ဖြစ်လာပါသည်။ စစ်ဗိုလ်ချုပ်ကြီးများ၏ စိတ်ပိုင်းအခြေအနေနှင့် ရုပ်ပိုင်းအခြေအနေကို အမှန်အတိုင်း တွေးခေါ်စဉ်းစားပြီး အနိုင်ယူရဲကြရပါမည်။

ဒီဝဲယင်း လူသတ်ပွဲကြီးကြောင့် နအဖစစ်ကောင်စီတွင် ဘေးထွက်ဆိုးကျိုး (Side Effects)များသည် အစိုင်အခဲဖြစ်လာကာ ကုသ၍ မရနိုင်သည့် အင်အားဆုတ်ယုတ်မှုများ ဖြစ်လာနေပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းချုပ်ထားသည့် ကိစ္စတွင်ပင် ဗိုလ်ချုပ်သန်းရွှေက ဒေါ်အောင်ဆန်းစုကြည် ဆုပ္ပအောင်လုပ်၍ ဖမ်းထားရပါသည်ဟုတစ်မျိုး၊ အလုပ်သမား

ဝန်ကြီးဦးတင်ဝင်းနှင့် ထောက်လှမ်းရေးက ခေါ်စုအား အကာအကွယ်ပေး ထိန်းသိမ်းထားရပါသည်ဟုတစ်မျိုး၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က လုပ်ကြံမည့်သူများရှိနေ၍ ထိန်းသိမ်းစောင့်ရှောက်ထားရသည်ဟု တမည် ဗိုလ်ချုပ်ခင်ညွန့်က မကြာမီ လွှတ်ပေးပါမည်ဟု တစ်နည်း အမျိုးမျိုးအဖုံ တစ်ယောက်တစ်ပေါက်ဖြစ်နေကာ စစ်အာဏာရှင်များဖရိုဖရဲ ဖြစ်လာနေ ပါသည်။ ဗိုလ်ချုပ်ခင်ညွန့် နေရာတွင် အစားထိုးရန် ဗိုလ်ချုပ်ရွှေမန်းက အတွင်းရေးမှူး(၂)အထက်ရာထူးတွင် လှုပ်ရှားနေပြန်ပါသည်။ နိုင်ငံခြားရေး ဝန်ကြီး မီးပုံးပျံ ဝင်းအောင်အား ဗိုလ်ချုပ်သန်းရွှေက အခေါ်အနိုင်းမရှိ ဒုတိယဝန်ကြီး စကားပြန် ဦးခင်မောင်ဝင်း (အသက် ၆၁ နှစ်) သည်သာ ကုန်းမြင့်သာရှိ ဗိုလ်ချုပ်သန်းရွှေ စစ်ရုံးသို့ နေ့စဉ်ခေါက်တုန့်ခေါက်ပြန် ခေါ်နိုင်းနေ၍ ဦးခင်မောင်ဝင်းလည်း အတော်ဒုက္ခရောက်နေပါသည်။ ဦးဝင်းအောင်သည် အင်္ဂလန်သံအမတ်ဘဝက နိုင်ငံခြားရေးဝန်ကြီးဖြစ်သွား၍ သူ့အားဂုဏ်ပြုညစာစားပွဲတွင် ဝန်ကြီးဘဝဆိုသည်မှာ မီးပုံးပျံလိုပါပဲ၊ ကောင်း ကင်ပေါ်ခဏတက်ပြီး မြေကြီးပေါ်သို့ ပြန်ကျစမြဲပါ၊ ဝန်ကြီးဘဝတွင် မျော်လင့် မဟုတ်ပါဘူးဟု ပြောဆိုသွား၍ လန်ဒန်မြို့နေ ဗမာများက ဦးဝင်းအောင်အား မီးပုံးပျံဝင်းအောင်ဟု အမည်ရှေ့တွင် ဂုဏ်ပုဒ်ပေးထားကြပါသည်။ ထားဝယ် သား မီးပုံးပျံကျော်ရင်ကိုအားကျပြီး မီးပုံးပျံအကြောင်းပုံနှိုင်းပြောလွန်း၍ ထားဝယ်သား ဦးဝင်းအောင်သည်လည်း အကျဘက်ကို ရောက်နေသော မီးပုံးပျံကြီးဖြစ်နေပါသည်။ ဦးခင်မောင်ဝင်း၏ ဖခင်သည် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းလုပ်သမျှ လှုမှန်းခံရသော သတင်းထုတ် ပြန်ရာတွင် လက်မှတ်ရေးထိုးရသည့်တာဝန်ကြောင့် ပုံ/ကိုကို ၏အမည်သည် လူထုချဉ်ဖတ်ဖြစ်နေသည်ကို မိသားစုနောင်ရေးအတွက် မသေခင် ရှင်းလင်း ထုတ်ဖော်သွားသင့်ကြောင်း တိုက်တွန်းဖူးပါသည်။ ဦးခင်မောင်ဝင်း၏ ဦးလေး ဦးခင်မောင်ရင်သည် နဝတခေတ်တွင် ဝန်ကြီးဖြစ်ကာ တိုက်ခန်း လေးငါးလုံးရလိုက်ပြီး ကြွယ်ဝသွားခဲ့ပါသည်။ ဦးခင်မောင်ဝင်းသည် နှလုံး ရောဂါရှိပြီး ဦးနေဝင်းက ဦးကိုကိုအား မလိုလား၍ သံအမတ်ရာထူးပင် မရရှိခဲ့ပါ။ နှလုံးရောဂါ ဝေဒနာသည် ဦးခင်မောင်ဝင်းသည် ဒီပဲယင်း

ုသတ်မှုတွင် ဗိုလ်ချုပ်သန်းရွှေ၏ အထူးသံတမန်ဖြစ်လာ၍ ဗိုလ်ချုပ် သန်းရွှေ ့ိုသမျှချေး ဦးခင်မောင်ဝင်းခေါင်းပေါ် ကျလာလျှင်ဖြင့် ဖအေတူ သားဘဝ အကျိုးပေးမကောင်းဟုသာ ဆိုရပါမည်။ နိုင်ငံခြားရေးရာ သံတမန် ခံမျက်နှာမှာ အရာရှိကြီးများလည်း ဒီပဲယင်း လူသတ်မှုကြောင့် အအိပ်ပျက် အစားပျက်နှင့် ဒီမိုကရေစီ မြန်မြန်ရမှသာလျှင် စစ်ဗိုလ်များ လုပ်သမျှကို ်ိမ်ညာ ဖုံးဖိပေးနေကြရသည့်ဘဝက လွတ်မြောက်နိုင်ကြပါ လိမ့်မည်။

ဒီပဲယင်းလုပ်ကြံမှု မတိုင်မီကပင် ဒေါ်အောင်ဆန်းစုကြည်၏ ဒလမရိုး ဉ်ကပင် သူမ၏ဒီမိုကရေစီအတွက် အသက်ပေးမည့် အာဇာနည် စိတ်ဓါတ် ကို ပြသခဲ့ပြီးဖြစ်ပါသည်။ ကားပေါ်တွင် အသေခံရဲသော ဒေါ်အောင်ဆန်း ုကြည်အား အမျိုးသမီးရဲမေများအကူအညီဖြင့် အတင်းချုပ်နှောင်ကာ အိမ်သို့ ြန်ပို့ခဲ့ကြရပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဘာမထီအာဇာနည်သွေးကို ူခိုးဓားပြ စစ်ဗိုလ်ချုပ်ကြီးများအား ဖြုံသွားစေခဲ့ပြီးဖြစ်ပါသည်။

ဒီပဲယင်းလူသတ်ပွဲတွင် ဒီမိုကရေစီရဲဘော်များ အသက်သွေးပေး ခဲ့ကြ၍ ဂုဏ်ပြုမိပါသည်။ အသိဉာဏ်နည်းပါးသောဗိုလ်ချုပ်သန်းရွှေ၏ ုပ်ရပ်ကြောင့် လူမျိုးနှင့် တိုင်းပြည်ဂုဏ်သိက္ခာ အလွန်ကျဆုံးသွားခဲ့ပါ သည်။ ယိုးဒယား၊ ကုလား နှင့် ဂျပန်များကို ဒေါ်အောင်ဆန်းစုကြည်၏ ဓါတ်ပုံများသွားပြပြီး လျှောက်လဲချက်ပေးနေရပါသည်။ ပြည်တွင်းကိစ္စ၊ ကိုယ့်လူမျိုးအချင်းချင်း ကိစ္စကို သူတစ်ပါးအား သွားလျှောက်လဲနေရသည်ကို သံတမန်လောကတွင် လုံးဝမရှိသေးသော ရှုးကြောင်ကြောင်လုပ်ရပ်မျိုးသာ ဖြစ်ပါသည်။ စစ်ဗိုလ်များ ရှက်တတ်ရင် လဲသေတာကြာပါပြီ။

ဒီပဲယင်းလူသတ်ပွဲကြောင့် နိုင်ငံတကာရှိခေါင်းဆောင်ကြီးများသည် ဗမာလူမျိုးများ၏ စစ်ကျွန်ဘဝကို ဂရုဏာသက်လာကြပါသည်။ ဗိုလ်ချုပ် မှူးကြီးသန်းရွှေအား လူသတ်ကောင် လူညာလူလိမ်ဟုပင် သံတမန် အခေါ် အသွယ် ရှိနေသေးပါလျက် ခပ်ပြောင်ပြောင် ပုတ်ခတ် ပြောဆိုလာကြ ပါသည်။ ဗမာပြည်သူအပေါင်းတို့၏ ဒေါ်မာန်ဟုန်လည်း တက်ကြွလာ နေပါသည်။ ခွပ်ဒေါင်းအသံလည်း ကျယ်လောင်လာပါသည်။ ဗမာသံရုံးများ ရှေ့တွင် ခွပ်ဒေါင်းများ ကနေကြပါသည်။ တွန်နေကြပါသည်။

ဒီပဲယင်းလူသတ်မှု၏ အရိုးများလည်း တွန်လာပါလိမ့်မည်။ ဒီမို ကရေစီအောင်ပွဲသို့ ချီတက်ရာတွင် အညာဒေသမှ ရဲဘော်များ အသက်နှင့် သွေးသည် ကမ္ဘာကုန်ကျယ်သရွေ့ ပျံ့နှံ့၍သွားခဲ့ပါသည်။

ဗမာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲ၏ နောက်ဆုံး ဆုံးရှုံး သည့်အသက်များနှင့် သွေးစက်များသာ ဖြစ်လိုပါသည်။

ဒီပဲယင်းမှ ဒီမိုကရေစီအောင်ပွဲဆီသို့ ဆက်လက်ချီတက်နေပါသည်။ မုချအောင်ရမည်။

❖

# ဂူအောင်း၍ မလုံခြုံ၊ မူပြောင်းမှ လုံခြုံမည်

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ကြီး၏ ဆောင်ပုဒ်တွင် "မွဲတေမှုသည် ပြည်သည့်နေရာတွင်ရှိရှိ ချမ်းသာကြွယ်ဝသော နေရာတိုင်းအတွက် အန္တရာယ် ဖြစ်စေသည်။"

စာရေးသူတို့၏ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွင်လည်း ခါးလုံ လက်နက် အကာအကွယ်ဖြင့် မလုံခြုံ မေတ္တာခြံမှလုံပါသည်ဟု အသင်အပြရှိပါသည်။

သမိုင်းအစဉ်အလာကြီးမားသော မြန်မာနိုင်ငံ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘာသာတရား အထိန်းအကွပ်များဖြင့် ပြည့်ဝသောမြန်မာလူ့ဘောင်သည် ယနေ့စစ်အစိုးရလက်ထက်တွင် အစားဆင်းရဲ၊ အဝတ်ဆင်းရဲနှင့် အနေ ဆင်းရဲပြီး ကိုယ့်လူမျိုးအချင်းချင်း ညှဉ်းပန်းနှိပ်စက်ပြီး တရားဥပဒေလုံးဝ ဆိုးမိုးသောကြောင့် အများတကာ ကဲ့ရဲ့မှုကို ခံနေရပါသည်။

နိုင်ငံတော်တွင် ဆာလောင်မွတ်သိပ်သူများ များပြားလာပြီး လူထု အုံကြွဆန္ဒပြမည်ကို စိုးရိမ်ကြောက်ရွံ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဘက်ဘက်တွင် မြို့ပြအင်္ဂါနှင့် ပြည့်စုံနေသော ရန်ကုန်မြို့တော်ကို ကျောခိုင်းကာ ဝေးလံခေါင်းပါးသော ပျဉ်းမနားမြို့နယ်ရှိ ကြပ်ပြေးအရပ်တွင် နေပြည်တော်ဆိုကာ မြို့တော်ကို တည်ဆောက်ခဲ့ပါသည်။ လမ်းပန်းဆက် သွယ်ရေး အလှမ်းခက်ခဲသော အရပ်တွင်ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် မလုံခြုံသေးဟု ယူဆကာ ပုန်းအောင်းရန်အတွက် လိုဏ်ဂူကြီးကို တိုင်းပြည် ၏ ဘဏ္ဍာငွေအမြောက်အများကို ဖြုန်းတီးကာ တည်ဆောက်နေပြန်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ရန်ကုန်မြို့တော်ကို ကျောခိုင်းကာ နေပြည်တော်တည်ထောင်ရသည့် အကြောင်းပြချက်တချို့ကို ဝေဖန်ဆွေးနွေး ကောက်ချက်ချပြပါမည်။

## နေပြည်တော်ပြောင်းရသည့်အကြောင်းပြချက်(၃)ချက်

နအဖကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစိုးရ ဌာနဆိုင်ရာ အကြီးအကဲများအား တံခါးပိတ် အစည်းအဝေးတွင် ပြောကြား ချက်(၃)ချက်ပင်ဖြစ်ပါသည်။ ကိုယ်တိုင် နားထောင်ခဲ့ရသူ မိတ်ဆွေတစ်ဦးက ဗိုလ်ချုပ်မှူးကြီး၏ အသံသည် လူပင်အိုသော်လည်း အသံက မအိုသေးပါ။ လူရွယ်လူလတ်ပိုင်းက အသံမျိုးဖြစ်ပါသည်။ သို့ရာတွင် ဦးနှောက်ကတော့ ကလေးဦးနှောက်မျိုးဖြစ်ပြီး ပြောစကားအားလုံးသည် စိကာပတ်ကုံး မရှိလှ သာမက အနှစ်သာရနှင့်ကင်းမဲ့နေသည် ဟုဆိုပါသည်။ သူပြောသည့်အချက် (၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲပြီးပါက ရန်ကုန်သည် တိုင်းဒေသကြီး ဖြစ်လာကာ တိုင်းဒေသဝန်ကြီးချုပ်က လွတ်လွတ်လပ်လပ် အုပ်ချုပ်နိုင်စေရန် ဖြစ်ကြောင်း၊ သူတို့လူကြီးများဖြစ်သည့် သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များရှိနေပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အုပ်ချုပ်ရေးတွင် အဟန့် အတား ဖြစ်နေမည်ကို မလိုလားဘဲ ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့်လည်း တစ်သီးတစ်ခြားရပ်တည်အုပ်ချုပ်လို၍ နေပြည်တော်ကို တည်ဆောက် ရပါ သည်ဟု ဆိုပါသည်။

(၂) ဒုတိယအချက်အနေဖြင့် နေပြည်တော်တည်ဆောက်ထားသည့် ပျဉ်းမနားမြို့နယ် ကြပ်ပြေးအရပ်သည် မြန်မာနိုင်ငံမြေပုံတွင် အလယ်ဗဟို ဖြစ်၍ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)နယ်နှင့် ပြည်ထောင်စုနယ်မြေများ ကြီးကြပ်အုပ်ချုပ်ရန်ပို၍ လွယ်ကူမည်ဖြစ်သောကြောင့် နေပြည်တော်ကို တည်ထောင်ရပါသည်ဟု ဆိုပါသည်။

(၃) တတိယအချက်အနေဖြင့် ရန်ကုန်သည် ပင်လယ်ပြင်နှင့်နီးပြီး တိုင်းပြည်၏ အစွန်အဖျားတွင် တည်ရှိနေ၍ ပြည်ပရန်ကို ကာကွယ်ရန် မလွယ်ကူကြောင်း၊ မလုံခြုံကြောင်း၊ အခက်အခဲများရှိကြောင်း၊ တိုင်းပြည်၏

အလယ်ဗဟို ကုန်းတွင်းပိုင်းအရပ်တွင်ဆိုပါက ပြည်ထောင်စုအစိုးရအတွက် ပို၍ လုံခြုံမှုရှိကြောင်း ပြောဆိုပါသည်။ သရုပ်ပြသည့်အနေဖြင့် စားပွဲပေါ်တွင်ရှိသော ကော်ဖီပန်းကန်ကို စားပွဲအလယ်တွင်ထားပြီး ကျကွဲရန် မလွယ်ကူကြောင်းနှင့် ပန်းကန်ကို စားပွဲထောင့်အစွန်းကိုရွှေ့ပြီး ကျကွဲရန် လွယ်ကူကြောင်းလက်တွေ့နှင့်ဖြင့် သရုပ်ပြပြောဆိုသွားသည်ဟု ဆိုပါသည်။

## ဗိုလ်ချုပ်မှူးကြီး၏ လုံခြုံရေးသည် အဓိက၊ တိုင်းပြည်တိုးတက်ရေးသည် သာမည

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အကြီးမားဆုံးအမှားသည် ခေတ်နှင့် မလျော်ညီခြင်းပင်ဖြစ်ပါသည်။

ပထမအချက်ဖြစ်သော တိုင်းဒေသကြီးအစိုးရနှင့် ဗဟိုပြည်ထောင်စု အစိုးရတို့ တစ်မြို့ထဲတွင် အတူတကွရုံးထိုင်ပါက မလွတ်မလပ်အဟန့်အတား ဖြစ်နိုင်သည်ဆိုသော စကားသည် ခေတ်နှင့်လုံးဝမလျော်ညီသော အတွေးအခေါ် အပြောအဆိုပင်ဖြစ်ပါသည်။ ဖွဲ့စည်းပုံတိုင်းတွင် တိုင်းဒေသကြီး/ ပြည်နယ်/ဒေသန္တရအစိုးရတို့၏ လုပ်ပိုင်ခွင့်သည် တစ်သီးတခြားစီ ရှိကြပါသည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ဒေသန္တရအစိုးရများရှိကြပါသည်။ ဗဟိုပြည်ထောင်စုအစိုးရလည်း ရှိပါသည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း မြို့တော် ဝါရှင်တီစီတွင် သမ္မတကြီးရုံး၊ ဗဟိုအစိုးရရုံး၊ ပြည်နယ်အစိုးရရုံး၊ ဒေသန္တရအစိုးရရုံးများ ရှိပါသည်။ ဤအကြောင်းပြချက်သည် ကျိုးကြောင်းနိုင်လုံမှု လုံးဝမရှိပါ။

သို့ရာတွင်ရန်ကုန်မြို့တွင် လူဦးရေထူထပ်ပြီး လူထုအုံကြွပေါက်ကွဲပါက ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အပေါင်းအပါ စစ်ဗိုလ်ဆိုးကြီးများ၏ ဘေးဥပါဒ် အန္တရာယ်က ကြီးမားလှပေသည်။ ၁၉၈၈ ခုနှစ်တွင် ဦးနေဝင်း၏ တပါတီအာဏာရှင်အစိုးရသည် ရန်ကုန်မြို့တော်တွင်ပင် ပြုတ်ကျသွားခဲ့သည်။ ၂၀၀၇ ခုနှစ်ဘုရားသားတော်များ၏ ရွှေဝါရောင်တော်လှန်ရေးတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများ ပြာကျသွားသော်လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အနေဖြင့် မမှုပါ။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် မူအရသာ နေပြည်တော်တည်ဆောက်ပြီး ပြည်သူလူထုနှင့်ဝေးရာအရပ်က

အုပ်ချုပ်ပါက စစ်အစိုးရမပြုတ်ကျနိုင်သော မူဝါဒသည်သာ အဓိကဖြစ်ပါသည်။

ဒုတိယနှင့် တတိယအချက်သည်လည်း ပထမအကြောင်းပြချက်ကဲ့သို့ပင် ထူးမခြားနားဖြစ်ပါသည်။ စစ်အစိုးရမပြုတ်ကျရေးသည်သာအဓိက။ စစ်ဗိုလ်ချုပ်ကြီးများ၏ လုံခြုံရေးသည်သာ ပဓာနအရင်းခံအကြောင်းပင်ဖြစ်ပါသည်။ တိုင်းပြည်၏အခွန်ဘဏ္ဍာငွေများကို လူထုအကျိုးပြုကိစ္စရပ်များတွင် မသုံးစွဲဘဲ စစ်အစိုးရ မပြုတ်ကျရေးအတွက်သာ သုံးစွဲနေခြင်းပင်ဖြစ်ပါသည်။ ခေတ်ကာလနှင့် မဆီလျော်သော လိုဏ်ဂူကြီးကိုလည်း ဒေါ်လာသန်းပေါင်းမြောက်များစွာ အကုန်ခံပြီး တည်ဆောက်နေပါသည်။

**ဂူအောင်းမလား မှုပြောင်းမလား**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာသမိုင်းတွင် အဆိုးဝါးဆုံးသော အာဏာရှင်ဖြစ်ပါသည်။ သူကဲ့သို့ အတ္တအလွန် ကြီးမားခဲ့သော နရသီဟပတေ့မင်းသည် တိုင်းသူပြည်သားများ၏မေတ္တာကို မရရှိတော့ဘဲ အခြေအရံများ အလွန်နည်းပါးလာသောအခါ သားတော်သီဟသူ၏ အဆိပ်ခတ်ထားသော ပွဲတော်ကိုစား၍ သေပွဲဝင်ခဲ့ရသည့် သာဓကရှိခဲ့ပါသည်။ စာရေးသူ၏ တိုတောင်းလှသောဘဝတွင်ပင် စစ်အာဏာရှင်များ၏အဖေကြီး ဦးနေဝင်းသည်လည်း ပြည်သူများမေတ္တာပျက်ကာ အခြေအရံနည်းပါးသွား၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် အနိုင်ပိုင်းနိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအပေါ်တွင်လည်း အများပြည်သူများသာမက တစ်ကမ္ဘာလုံးက မေတ္တာပျက်ကာ ပိတ်ဆို့အရေးယူမှုများ ပြင်းထန်လာနေပါသည်။

ရွှေသီးခဲ့သော မြန်မာ့မြေကြီးကလည်း စကားပြောလာနေပါသည်။ "ငါ့မှာ မင်းတို့ကျွေးနိုင်တဲ့ မြေဩဇာမရှိတော့ဘူးတဲ့" မြေဩဇာလည်းခမ်း။ သစ်တောများကိုလက်နက်ဝယ်ရန်ဖြုန်းတီးခဲ့ကြ၍ သဘာဝဘေးအန္တရာယ်များကလည်း ထပြောလာနေပါသည်။ ခေတ်မီဆေးဝါး ကိရိယာမပြည့်စုံ၍ မသေသင့်ဘဲ သေကြရသော မသာများကလည်း ချ၍မကုန်နိုင်အောင်ဖြစ်နေပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကလည်း မှပြောင်းရန် တောင်းဆိုပါသည်။ ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ကလည်း ရွှေဂုံတိုင်ကြေငြာချက် ထုတ်ပြန်ကာ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် မျက်နှာမူရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တင်ပြထားပါသည်။

ဂုအောင်း၍ မလုံခြုံပါ၊ ပြည်သူ့မေတ္တာခြုံမှ လုံခြုံပါမည်။ ဂူအောင်းသွားမှပြောင်းမလား ဆိုသည့်မေးခွန်းကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ဖြေဆိုရမည့်အချိန်အခါ ကျရောက်နေပြီဖြစ်ပါသည်။

❖

## အမျိုးဘာသာ သာသနာကို စောင့်ထိန်းကာကွယ်ကြပါ

ရခိုင်ဆိုသည်မှာ အမျိုးဘာသာသာသနာကို စောင့်ထိန်းသော လူမျိုး ဖြစ်ပါသည်။ အမျိုးသည် ရခိုင်ဖြစ်ပြီး၊ ဘာသာသည် ဗုဒ္ဓဘာသာဝင် ဖြစ်ပါသည်။ မနက်ဖြန်ရခိုင်လူမျိုး မရှိပါက ဗမာပြည်တွင်လည်း ဗုဒ္ဓဘာသာ ရှိမည် မဟုတ်တော့ပါ။ ဗမာပြည်သူပြည်သားများ ကိုလိုနီဘဝမှ လွတ်မြောက်ရေးနှင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးသမိုင်းတွင် ရခိုင်များ၏သွေးသည် ရှေ့ကပြခဲ့သည်ကို အများတကာ အသိပင်ဖြစ်ပါသည်။

ရခိုင်လူမျိုးများအနေဖြင့် ဆက်ရန်ရှိသေးသည်ဟု အခိုင်အမာသန္နိဋ္ဌာန် ချထားပြီးဖြစ်သည့်စီမံကိန်းသည် 'ဒုတိယရွှေဝါရောင်တော်လှန်ရေး' ဖြစ်ပါသည်။ ကြွားတာလည်းမမည် ဝါတာလည်း မဟုတ်ပါ။ ရခိုင်လူမျိုးများသည် ဘုရားသားတော်အဖြစ် ခံယူထားသည့်အရေးအတွက် ရာခိုင်နှုန်းအရ တွက်ချက်ပါက ဗမာထက် ကိုးဆယ်ဆ သာနေပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဥက္ကဋ္ဌစိုလ်ချုပ်မှူးကြီးသန်းရွှေ (၇၈) နှစ်၏ သုံးသပ်ချက်အရ ဆိုသော် ရွှေဝါရောင် တော်လှန်ရေးသည် ရခိုင်ပွဲဟု အဆိုရှိပါသည်။ ရွှေဝါရောင်တော်လှန်ရေးအပြီးတွင် ရခိုင်ပြည်နယ်တွင် နအဖ ဝန်ကြီး သုံးယောက် ရုံးလာဖွင့်ပါသည်။ တောင်ကုတ်မြို့သားများအား ခပ်ကုပ်ကုပ်နေကြရန်အတွက် စစ်ဗိုလ်ချုပ်များ၏ လက်ဝေခံ မှောင်ခိုစီးပွါးရေးသမား 'မောင်ကျောက်တောင်'မှတစ်ဆင့် မိုဘိုင်းတယ်လီဖုန်း အများအပြား ချပေးခဲ့ပါသည်။ တောင်ကုတ်မြို့တွင် လေ့ထိုးသား အလုပ်သမားဘဝက စစ်ဗိုလ်ချုပ်များ၏ လက်ကိုင်တုတ် မှောင်ခို

စီးပွါးရေးသမား မောင်ကျောက်တောင်သည် မြို့မျက်နှာဖုံးလူကြီးဖြစ်လာကာ ဗိုလ်ချုပ်မှူးကြီး၏ စီးပွါးရေး ပါတနာ မောင်တေဇနှင့်ပင် အပေါင်းအဖော် ဖြစ်နေပြန်ပါသည်။ ကျောက်ဖြူမြို့တွင်လည်း ရန်ကုန်မြို့တော်ဝန် ဦးကိုလေး ၏တပည့် မောင်ငြိမ်းချမ်းမောင်ဆိုသော စစ်သားလူထွက်က မှောင်ခို သူဌေးကြီးဖြစ်နေပြီး သမီးအရွက် ကျောက်ဖြူမြို့မယ်ကိုပင် ဇနီးမယား အဖြစ် သိမ်းပိုက်ထားပါသည်။ ရခိုင်ဆွမ်းဆန်ထဲတွင် ကြွက်ချေး အနည်း အပါး ပါဝင်နေခြင်းဖြစ်ပါသည်။

ရခိုင်ကိုဦးထိပ်ထားကြသည့်ဗမာစစ်အာဏာရှင်များ

စာရေးသူ၏ သံတမန်အတွေ့အကြုံအရဆိုပါမူ စစ်အာဏာရှင်များ၏ အဖေကြီး ဦးနေဝင်းသည် အင်္ဂလန်နိုင်ငံသို့ ဆေးဝါးစစ်ဆေးကုသခံရန် လာရောက်တိုင်း ဂျာမဏီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ကျောက်ဖြူ မြို့နယ်သား ဦးဘစောနှင့် ဆရာမကြီးဒေါ်ဖြူဖြူတို့အား လန်ဒန်မြို့ကို ကြွလာခဲ့ပါ။ ကျွန်တော် ကန်တော့ပါရစေဟုဆိုကာ ထိုင်ကန်တော့လေ့ရှိပါ သည်။ ထို့အပြင် ရခိုင်အမျိုးသားသတင်းစာဆရာကြီး ယက္ခန်း ဦးလှထွန်းဖြူ ၏ အဆုံးအမ ဩဝါဒကို ဦးနေဝင်းသည် အမြဲခံယူပြီး ဦးလှထွန်းဖြူအား နိုင်ငံတော်ကောင်စီဝင်အထိ ချီးမြှောက်ခဲ့ပါသည်။ ဦးနေဝင်း၏ တပ်ရင်း(၄)မှ ဒုတိယဗိုလ်မှူးကြီး သာကျော်အေးအား ရခိုင်များရိုးသားဖြောင့်မတ်သည်ဟု ဆိုကာ ဝန်ကြီးခန့်၊ နိုင်ငံတော်ကောင်စီဝင် ခန့်ကာ နောက်ဆုံး မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီတဖြစ်လဲ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး ပါတီ(တစည) ဥက္ကဋ္ဌရာထူးကို အတင်းအဓမ္မ ထမ်းဆောင်စေခဲ့ပါသည်။ ယခုလက်ရှိ ရှုးကြောင်ကြောင် ဗမာစစ်အာဏာရှင်ကြီး သန်းရွှေသည်လည်း ရခိုင်ပြည်နယ်ကို အခေါက်ခေါက်အခါခါ သွားရောက်ကာ အရှုးထလျက် ရှိနေပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မိသားစုအဖွဲ့ဝင်များနှစ်ကျိပ်ကျော် ခန့်သည် ရခိုင်ပြည်ကိုလာရောက်ကာ ရခိုင်သင်္ကြန်ကိုလည်း ကိုယ်ပိုင်မြူလုပ် ဆင်နွှဲလေ့ရှိပါသည်။ သူနှင့် သူ၏မိသားစုဝင်များသည် မည်းမည်းတူးတူး ပုပုဝဝ ရုပ်ဆင်းအင်္ဂါ မသန့်မပြန့်ကြသော်လည်း ရခိုင်လူမျိုးများ အထွဋ် အမြတ်ထားသော ဝတ်စုံများကို ကိုယ်စီဝတ်ဆင်ကာ ရခိုင်လူမျိုး

သုံးလေးဆယ်တို့အား လမ်းဘေးဝဲယာမှနေပြီး သပြေခက်ဖြင့် ရေပက်ခံရေ ရှိပါသည်။ နေပူပြင်းကြီးထဲတွင် ရခိုင်မင်းပုံစံ အတူခိုးနေသော ဗိုလ်ချုပ် မှူးကြီးအား စိတ်အချဉ်ပေါက်လာသော ဗိုလ်ချုပ်တစ်ဦးက ရခိုင်လူမျိုးဖြ များအား နောက်ဆုံးက ပုပုကွကွ အသက်အကြီးဆုံးလူကို ဦးခေါင်းကပင် ရေသွန်ချလိုက်စမ်းပါ ဟူသော ပြောစကားကို အဆိုပါအခမ်းအနားတွင် ပါဝင်ခဲ့ရသူ ရခိုင်လူမျိုးဖြူတစ်ဦးက စာရေးသူအားပြောပြဖူးပါသည်။ ဝါကြီး (ရခိုင်အခေါ် အသက်ကြီးသူ) သန်းရွှေကလည်း ပက်ကြ၊ လောင်းကြ ကလေးမလေးတွေပဲ၊ ကြိုက်သလိုပက်ကြစမ်းပါဟု သေခါနီးရိက္ခာယူနေတဲ့ ဝါကြီးအား ငွေဖလားနှင့်သာ ခေါင်းရိုက်ခွဲချင်စိတ် ပေါက်မိပါတယ်ဟုလည်း ဆိုပါသည်။

ဗမာစစ်အာဏာရှင် ဦးနေဝင်းအစ၊ ဗိုလ်ချုပ် ခင်ညွန့်အလယ်နှင့် ဗိုလ်သန်းရွှေအဆုံး သူတို့သုံးဦးသည် ရခိုင်မင်းများ ဝင်စားသည့်လူဝင်စား မင်းများ ဖြစ်သယောင်ယောင် ဘာကြောင့် အယောင်ဆောင်ကြသနည်း။ ရခိုင်များရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်သိက္ခာရှိမှုနှင့် ဗုဒ္ဓတရားတော်များကို ကြည်ညိုလေးစားမှုအပေါ် အခြေခံပြီး ရခိုင်ကို ဦးထိပ်ထားသည်ဆိုပါက ဂုဏ်ယူစရာပင် ဖြစ်ပါလိမ့်မည်။

သို့ရာတွင် ဗမာစစ်အာဏာရှင်များ၏လုပ်ရပ်သည် ၄င်းတို့၏ အာဏာ ပါဝါ သက်ဆိုးရှည်စေရန်အတွက်သာ ယတြာချေသည့်ပုံစံမျှသာ ဖြစ်ပါ သည်။ အမှန်တကယ်တွင် ရခိုင်ပြည်သူပြည်သားများသည် "မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမှလူမျိုးပျောက်မည့်ကိန်း"ကို ဆိုက်နေပါသည်။ လာဘ် လာဘဖြစ်သော ရွှေငွေအိမ်မြေ စိန်ကျောက်ရတနာများကို မက်မောသော အသိပညာမဲ့၊ အတတ်ပညာမဲ့ စစ်ဗိုလ်ဆိုးတစ်စုအုပ်စိုးမှုကြောင့် မြန်မာပြည် တွင် ကုလား၊ တရုတ်၊ ဘင်္ဂါလီများ အဆမတန် မတရားဝင်ရောက်နေထိုင် လျက် ရှိနေပါသည်။ အထက်ဗမာပြည်တွင် တရုတ်၊ အောက်ဗမာပြည်တွင် ကုလားနှင့်ဘင်္ဂါလီများ မြို့ရွာမျက်နှာဖုံးလူကြီးများပင် ဖြစ်နေကြပါပြီ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် စာရေးသူတို့ငယ်စဉ်က ကွမ်းယာရောင်းသည့် ဘင်္ဂါလီကုလားသည် သံဇကာနောက်ကွယ်ကသာ ကွမ်းယာရောင်းရသော လူ့ရေးထွက်၍ပင် မရောင်းရဲသော ဘင်္ဂါလီကုလားသည် စစ်တွေမြို့တွင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပင် အရွေးခံခဲ့ရပါသည်။ ယခင်အနှစ်ငါးဆယ်က အခြေအနေပင်ဖြစ်ပါသည်။ နောင် အနှစ်ငါးဆယ်အချိန်ကာလတွင် ရခိုင်လူမျိုးများသည် ရခိုင်ပြည်တွင် ဒုတိယတန်းစား နိုင်ငံသားအဖြစ်ပင်ရှိနိုင်တော့မည်လားဟု တွက်ဆမိပါသည်။ တစ်ဖက်နိုင်ငံက ဘင်္ဂလီလူမျိုးများသည် ရခိုင်ပြည်ဘက်က သား၊ ငါး၊ ကြက်၊ ငှက်၊ သစ်ဝါး ဓါတ်ငွေ့ကအစ နေ့စဉ် ခိုးယူနေပါသည်။ စစ်တပ်နှင့် ပူးပေါင်းပြီးမတရား အမြတ်အစွန်းရနေပါသည်။ ဓါတ်ငွေ့ကိစ္စနှင့်ပတ်သက်၍ ကျေးကျေးအေးဖြစ်စေရန် စစ်အာဏာရှင်များက ရခိုင်ပိုင်နက်မြေများတွင်ပင် ဘင်္ဂလီများသာရောက် လုပ်စားခွင့်ပင် ပြုခဲ့ပါသည်။ သူတို့ကြိုက်သော မြေကွက်မျိုးမဟုတ်သေး၍ ဘင်္ဂါလီများ မယူသေးဘဲ ဈေးကိုင်နေပါသည်။ စစ်တပ်က လာဘ်လာဘယူပြီး မတရား လူဝင်ခွင့်ပြုပြီးမှ ရခိုင်ပြည်တွင် ဘင်္ဂလီများကို သိုလှောင်ထားပါသည်။ နောက်ထပ် မဝင်နိုင်အောင် ခြံစည်းရိုးကာနေပြန်ပါသည်။ ခြံစည်းရိုးကာယုံဖြင့် မလုံလောက်ပါ။ စစ်ဗိုလ်များ၏ ဝိသမလောဘကို မြေမြုပ်သင်္ဂြိုဟ်ပြီး၊ လူထုအင်အားရှိသော လူထုအစိုးရထံ အာဏာအပ်နှင်းနိုင်မှသာလျှင် ရခိုင်လူမျိုးများနှင့် ဗမာလူမျိုးများပျောက်ကွယ်သွားနိုင်သောအခြေအနေများမှ ကယ်တင်ရာရောက်ပါမည်။

## ဘာသာရေးတွင်လည်းဗုဒ္ဓဘာသာသာသနာကိုစောင့်ထိန်းကာကွယ်ကြပါစို့

၂၀၀၇ ခုနှစ် စက်တင်ဘာလက ပခုက္ကူမြို့တွင် သံဃာတော်များက ပြည်သူပြည်သားများ ဆင်းရဲနွမ်းပါးနေသည်ကို မမြင်ရက် မရှုရက်၍ မေတ္တာဖြင့် မြို့တွင်း စီတန်းလှည့်လည်ပြီး မေတ္တာသုတ် ရွတ်ဖတ်သရဇ္ဈာယ် ပြုခဲ့သည်ကို စစ်တပ်က သေနတ်ဖောက်လူစုခွဲကာ သံဃာတော်များကို ရိုက်နှက်ဖမ်းဆီးခဲ့၍ မြန်မာနိုင်ငံတွင် သံဃာနှင့်အစိုးရ၊ သံဃာထုနှင့် အစိုးရအလိုတော်ရိ အဓမ္မဘက်တော်သား သံဃာတို့ ဂိုဏ်းကွဲ ရန်ပွဲဖြစ်နေကြပါသည်။ သံဃာနှင့် လူထုပူးပေါင်းကာ ရွှေဝါရောင် တော်လှန်ရေးကြီး ပေါ်ပေါက်လာခဲ့ပါသည်။ စစ်အာဏာရှင်များက ဘုရားသားတော် သံဃာတော်များကို ကမ္ဘာ့လူ့ပုံအလယ်တွင် ရိုက်နှက်သတ်ဖြတ်ရုံသာမက ကျောင်းတိုက်များကိုဝင်စီးကာ သံဃာတော်များအား ဖမ်းဆီးခြင်း၊ ထောင်ချများ

အပြစ်ပေးခြင်း၊ မောင်းထုတ်ခြင်းများကို ယနေ့ထိတိုင်အောင် ကျူးလွန်လျက် ရှိနေကြသည်ကို အများတကာ သိမြင်လျက်ရှိနေပြီဖြစ်ပါသည်။

ဘုရားသားတော် သံဃာတော်များအား သတ်ဖြတ်၍ သံဃာထုအစေ ဖြင့် နအဖ စစ်ကောင်စီဝင်များအပေါ် ပတ္တနိက္ကုဇ္ဇကံ ဆောင်ထားခြင်းသည် ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံတွင် အလျင်အမြန်ဖြေရှင်းကြမည့် အရေးအကြီးဆုံး ပြဿနာကြီး ဖြစ်ပါသည်။ ဤကံဆောင်မှုကြီးသည် မသိကျိုးကျွံပြုလုပ်ထား၍ မရသော ပြဿနာကြီးဖြစ်ပါသည်။

အများတကာမသိရှိသေးသော ဖြစ်ရပ်တစ်ခုရှိနေသည်ကို အလျဉ်း သင့်၍ အကျဉ်းတင်ပြပါမည်။

မြန်မာနိုင်ငံတွင် အစိုးရကျောထောက်နောက်ခံပြုထားသော သံဃာ မဟာနာယက ဆရာတော်ကြီးများ အဖွဲ့ကြီးရှိပါသည်။ ဂိုဏ်းပေါင်းစုံကို ကိုယ်စားပြု၍ ရွေးချယ်ထားသော အဖွဲ့လည်း ဖြစ်ပါသည်။ သက်တော်ရှည် ဝါတော်ရင့်သော အဖွဲ့လည်းဖြစ်ပါသည်။ သက်တော်ရှည် ဝါတော်ရင့် ဆရာတော်ကြီး (၄၇) ပါးက ဦးဆောင်ဦးရွက် ပြုပါသည်။ ဤဆရာတော် ကြီးများသည် ဤကံဆောင်မှု အမှုကိစ္စကို အမှားအမှန် ဆုံးဖြတ်ဆွေးနွေးပြီး ပြေအေးရန် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံတွင်ဤကိစ္စနှင့်ပတ်သက်၍ တောရဆရာတော်တစ်ပါးက စာတမ်းတစ်စောင်ရေးသားပြီး၊ ဗုဒ္ဓကျမ်းဂန်စာပေတတ်ကျွမ်းသော ဆရာ တော်ကြီး (၁၀)ပါး၏ အတည်ပြုထောက်ခံချက်ဖြင့် နအဖ စစ်ကောင်စီဝင် များနှင့် နာယကဆရာတော်ကြီး ၄၇ ပါးထံသို့ တစ်ဦးတစ်စောင်၊ တစ်ပါး တစ်စောင်စီဖြင့် ဖြန့်ဝေထားပါသည်။ ပါဠိပါဠ်သား အများအပြားဖြင့် ရေးသားထားရာမှ ကောက်နုတ်၍ အများတကာနားလည်လွယ်သော ဥပမာ တစ်ခုကို ဖော်ပြလိုပါသည်။

အခါတစ်ပါးက ဘုရင်ကြီးတစ်ပါးသည် ဆင်စီးပြီး ဘုရင်ကိုးကွယ် သည့် ဆရာတော်ဘုရား ကျောင်းသင်္ကန်းသို့ ကြွမြန်းလာခဲ့ပါသည်။ ဘုရင်ကြီးဆင်ပေါ်က ဆင်းပြီး ခြေလှမ်းကိုးလှမ်း ဆယ်လှမ်းလောက် အရောက်တွင် ဆင်ဦးစီးက ဆင်ကြီးကို မဟာဗောဓိပင်တစ်ပင်တွင် ချည် နှောင်လိုက်ပါသည်။ ဘုရင်ကြီးက မြင်တွေ့လိုက်သော်လည်း ဘာမှမဖြစ်စေ

လိုက်ပါဘူးဟု ယူဆကာ ဘုန်းကြီးကျောင်းသို့ပင်ဆက်လျှောက်ခဲ့ပါသည်။ ကျောင်းဝင်းဝတွင် ဘုရင်ကြီးအား ဆီးကြိုနေသော ဆရာတော်ကြီးကလည်း ဆင်ဦးစီးက ဆင်ကြီးကို မဟာဗောဓိပင်တွင် ချည်နှောင်ထားသည်ကို မြင်တွေ့သော်လည်း မသင့်လျော်ကြောင်း ဘုရင်ကြီးအား ပြောဆိုရန်မဝံ့ရဲ၍ နှုတ်ဆိတ်နေလိုက်မိပါသည်။

အချုပ်ဆိုရသော် နောင်ဖြစ်လေရာဘဝတွင် ပညာအမြော်အမြင် ကြီးရင့်သော ဆရာတော်ကြီးသည် ပြောသင့်ဆိုသင့်သည်ကို မပြောမဆိုမိသောကြောင့် အဝီစိငရဲတွင် အဆိုးဆုံးအထပ်သို့ ကျရောက်သွားခဲ့ပါသည်။ ဘုရင်ကြီးကတော့ ဘုန်းကြီးလောက်မဆိုးသော အဝီစိငရဲအထပ်တွင် ကျခံရပြီး ဆင်ဦးဆီးနှင့် သတ္တဝါတို့သည်လည်း ဘုန်းကြီးလောက် မဆိုးသောငရဲအထပ်တွင် ကျခံကြရသည့် ပုံပမာဖြစ်ပါသည်။ ယခုခေတ်ရာဇဝတ်မှုများတွင်လည်း အသိဉာဏ်ရှိသော်လည်း နှုတ်ဆိတ်နေသူများပိုမို၍ အပြစ်ဒဏ်ခံရသည့် သဘောပင်ဖြစ်ပါသည်။

ပို၍ နိုင်ငံအတွက် ဗုဒ္ဓဘာသာ သာသနာတော်အတွက် အန္တရာယ်ကြီးသည်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အပေါင်းအပါများ သံဃာတော်များကို ရိုက်နှက်သတ်ဖြတ်သော စစ်အာဏာရှင်တစ်စုသာ ဆက်လက်ရှင်သန်နေပါက နောင်လာနောင်သားများသည် ဘုရားတရားတော်များအပေါ် ပေါ့ပေါ့တန်တန် ဖြစ်လာမည့်အန္တရာယ်ကြီးပင်ဖြစ်ပါသည်။

အမျိုး ဘာသာ သာသနာတော်ကို စောင့်ထိန်း ကာကွယ်လိုသူများအနေဖြင့် နောက်နောင်ဘဝ အဝီစိငရဲရောက်မည့်အထိ မစောင့်ဆိုင်းဘဲ ယခုဘဝတွင်ပင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် ဘုရားသားတော်များအပေါ် ပြစ်မှားလျစ်လျူရှုသူများအား ဝိုင်းပါယ်ကာ မမွန္တရာယ်များအဖြစ် ဒဏ်ခတ်ကြမှသာလျှင် လူမျိုးဘာသာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲသာပါလိမ့်မည်။

❖

## သံဃာနှင့်လူထုကို စည်းရုံးနိုင်ခဲ့သူ ဆရာတော်ဦးဉတ္တမ

ဆရာတော်ဦးဉတ္တမသည် မြန်မာနိုင်ငံရေးသမိုင်းတွင် ထင်ရှား ကျော်စောသူပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။ ထင်ရှားကျော်စောရခြင်း၏ အရင်းအမြစ်သည် ဆရာတော်အနေဖြင့် နိုင်ငံအကျိုးဆောင်ရွက်ရာတွင် ရှိနိုင်သားတို့၏ ဗီဇစရိုက် အကျင့်ဖြစ်သည့် ရိုးသားမှု၊ ပွင့်လင်းမှု၊ ရင်ထဲတွင် ရှိသမျှကို မကွယ်မဝှက် ဘွင်းဘွင်း ပြောဆိုတတ်မှုအပေါ် အခြေခံသည်ဟု ကောက်ချက်ချလိုပါသည်။

ဆရာတော်သည် နိုင်ငံရေးသမားတစ်ဦးမဟုတ်ပါ။ နိုင်ငံရေးအကျိုး ဆောင်တစ်ဦးသာ ဖြစ်ပါသည်။ ဆရာတော်တွင် နိုင်ငံရေးသမားတစ်ဦးကဲ့သို့ လက်ဝဲ၊ လက်ျာနှင့် လစ်ဘရယ်စသော နိုင်ငံရေးဝါဒများမရှိခဲ့ပါ။ နိုင်ငံရေး အကျိုးဆောင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများကောင်းစားရေးအတွက် ပရဟိတအလုပ် သက်သက်သာဖြစ်ကြောင်းကို ဆရာတော်သည် မီးမောင်း ထိုးပြနိုင်ခဲ့ပါသည်။ နိုင်ငံရေးအကျိုးဆောင်သူများတွင် အတ္တဟိတဆိုသော ကိုယ်ကျိုးစီးပွါးကို လုံးဝအမိကမထားကြပါ။ ကိုယ်ကျိုးစွန့်သူများသာဖြစ်ကြ ပါသည်။ နိုင်ငံသူနိုင်ငံသားများအား တစ်ပါးကျွန်ဘဝက လွတ်မြောက်ရေး နှင့် လူသားရင်းမြစ် တိုးတက်ဖွံ့ဖြိုးရေးသည်သာ အဓိကအဖြစ်ခံယူကြပြီး မိမိအသက်ခန္ဓာကိုပင် စတေးထားသူများပင် ဖြစ်ကြပါသည်။ ဆရာတော် ဦးဉတ္တမ အပါအဝင် ဝံသာနုခေတ်က ပုဂ္ဂိုလ်များ၊ ဗိုလ်ချုပ်အောင်ဆန်း

အပါအဝင်လွတ်လပ်ရေးတိုက်ပွဲဝင်ပုဂ္ဂိုလ်များနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုမင်းကိုနိုင်အပါအဝင် စစ်ကျွန်ဘဝက လွတ်မြောက်ရန် တိုက်ပွဲဝင်နေသူ အပေါင်းတို့သည် နိုင်ငံရေးအကျိုးဆောင်ပုဂ္ဂိုလ်ထူးများပင်ဖြစ်ကြပါသည်။ ရခိုင်ဆရာတော်ကြီးဦးဥတ္တမ၏ နိုင်ငံရေးအကျိုးဆောင်ဘဝ တစ်စိတ်တစ်ဒေသကို သတင်းစာဆရာ မောင်ဘခိုင် ရေးသားသည့် "မြန်မာပြည် နိုင်ငံရေးရာဇဝင်" စာအုပ်ထဲမှ ကောက်နုတ်ဖော်ပြပါမည်။

## ဦးဥတ္တမထောင်ကျ၍တပြည်လုံးနိုးကြားလာခြင်း

၁၉၁၈ ခုနှစ်တွင် ဆရာတော်ဦးဥတ္တမသည် ဥရောပတိုက်၊ အမေရိကန်၊ ဂျပန်၊ ပြင်သစ်စသည်တို့မှ ပြန်၍ ကြွလာသောအခါ မြန်မာပြည်တွင် ဝိုင်-အမ်-ဘီ-အေ အသင်းက နိုင်ငံရေးလုပ်ငန်းများကို စတင်လုပ်ကိုင်နေပြီဖြစ်သဖြင့် ဦးဥတ္တမလည်းကူညီဝင်ရောက်ကာ စိတ်အား ထက်သန်စွာ လုပ်ဆောင်လေသည်။ ဤကဲ့သို့ စတင်လုပ်ဆောင်ခြင်းပင် အစိုးရစုံထောက်များမှာ ဆရာတော်နောက်သို့ တကောက်ကောက် လိုက်နေခြင်းကြောင့် ဦးဥတ္တမအား သံဃာတော်များက မပေါင်းသင်းဝံ့ကြချေ။ ထို့ပြင် ဆရာတော်ပြောပုံနေပုံတို့မှာ နိုင်ငံရေးဆရာတော်ပီပီ အနည်းငယ် ကြမ်းတမ်းရကား အရပာတ္တမဓဂုဏ်နှင့် မညီညွတ်ဟုဆိုကာ ဆရာတော်အား မည်သည့်ကျောင်းကမှ လက်မခံဘဲနေသောကြောင့် အင်းစိန်ဒိစတြိတ်၊ သမိုင်းမြို့ရှိဇိမ်တွင် သီတင်းသုံး၍ နေရရှာလေသည်။ ထိုအချိန်အခါတွင် သူရိယသတင်းစာက ဦးဥတ္တမ၏နိုင်ငံရေးဆောင်ရွက်ပုံများကို အထူးတလည် ထောက်ခံအားပေးသည့်အပြင်၊ ဆရာတော်၏အပြုအမူမှာ မှန်ကြောင်းကို နေ့စဉ်လိုပင် ရေးသားကြ၏။ ဤနည်းအားဖြင့် တစစသတင်းစာဘက်တွင် ခေတ်မီသောလူများမှာ နိုင်ငံရေးမျက်စိပွင့်၍ လာသောကြောင့် ဦးဥတ္တမဟောသော တရားပွဲများသို့ သွားရောက်ကာ နိုင်ငံရေးတရားများကို နာစပြုကြလေသည်။ ဆရာတော်ဦးဥတ္တမမှာ များသောအားဖြင့် ဦးလှဖေ၊ ဦးဘဖေတို့နှင့် အတူ သူရိယသတင်းစာတိုက်တွင် သီတင်းသုံး၏။ ဦးဥတ္တမနိုင်ငံရေးလုပ်ဆောင်ရာတွင် ထိုခေတ်အခါက ခေတ်ရှေ့ပြေးဖြစ်သော ဦးဘဖေ၊ ဦးလှဖေ စသော ပုဂ္ဂိုလ်များက အားပေး၏။ ၎င်းတို့၏ လှုံ့လများကြောင့် သူရိယ သတင်းစာ၏

အကူအညီဖြင့် တိုင်းသူပြည်သားများ မျက်စိပွင့်လင်း၍ လာလေသည်။ သို့ဖြစ်သဖြင့် သူရိယသတင်းစာ၏ ထိုစဉ်အခါက ဆောင်းရှက်ချက်များကို တိုင်းသူပြည်သားများက ကျေးဇူးတင်ထိုက်လေသည်။

ဦးဥတ္တမမှာ နိုင်ငံရေးတရားကို ကြမ်းကြမ်းဟောတတ်သည့်အတိုင်း သံဃာတော်များကျောင်းတွင် ကျိန်း၍ မနေကြရန်နှင့် တိုင်းပြည်သည် ကျွန်ဘဝ ရောက်၍နေသောအခါ တိုင်းသူပြည်သားများမှာ ကျွန်များဖြစ်၍ ကျွန်များကိုးကွယ်သောဘာသာသည်လည်း ကျွန်ဘာသာနှင့် ကျွန်သာသနာပင် ဖြစ်မည်။ ကျွန်ဘဝမှ လွတ်မြောက်မှသာလျှင် သာသနာကြီး ကြီးပွါးထွန်းကားနိုင်မည်ဖြစ်သောကြောင့် ကျောင်းများတွင် ကျိန်း၍နေခြင်းငှါ မသင့်ကြောင်း၊ သံဃသမဂ္ဂဖွဲ့စည်းကာ လွတ်လပ်ရေး ကြိုးစားသင့်ကြောင်း သံဃာတော်များအား သတင်းစာမှ၊ တရားဟော၍၊ ဆွဲငင်ပြောဆို လျှောက်ထားသဖြင့် သံဃာတော်များမှာ သာသနာညှိုးငယ်သည်ကို ကိုယ်တိုင်တွေ့ရခြင်း၊ ဒကာ ဒကာမများမှာ တစ်နေ့တစ်ခြား အောက်တန်းကျ၍လာခြင်း၊ ဆင်းရဲခြင်း၊ သာသနာပြုမင်းရှိမှသာလျှင် သာသနာစည်ပင်ဖွံ့ဖြိုးမည်တို့ကို သတိရကာ နိုင်ငံရေးတွင် စိတ်ဝင်စားစပြု၍ လာတော့သည်။

ဦးဥတ္တမသည် ထိုစဉ်က လူငယ်စုများဖြစ်သော ဦးဘဖေ၊ ဦးသိန်းမောင်၊ ဦးလှဖေ၊ ဦးမောင်ကြီးစသော သူများ၏ အားပေးချက်အရ ရွှေတိဂုံစေတီတော်ကြီး၌၊ ဗိုလ်တထောင်ဘုရား၌၊ ဗိုလ်တထောင် လှစင်တန်း၌၊ တရားဟောပြောရာတွင် အစဦးတွင် ၃၀-၄၀ မျှလာရောက်၍ နိုင်ငံရေးတရားကို နာကြသော်လည်း တစတစ တရားနာပရိသတ်တိုး၍ လာလေသည်။ ဤသို့ဟောပြောရာမှ ရန်ကုန်မြို့တွင်သာမဟုတ်တော့ဘဲ နယ်များသို့လည်း ကြွရောက်ဟောပြောသည့်အတွက် ပုဒ်မ ၁၂၄(က) အစိုးရ အကြည်အညိုပျက်မှုနှင့် တရားစွဲခံရ၏။ ထို့ကြောင့် ပုသိမ်မြို့နယ်ကျောင်းကုန်းတွင် တရားဟောနေစဉ် ဖမ်းဆီးပြီးလျှင် ဖျာပုံမြို့သို့ပူဆောင်ပြီး ဖျာပုံမှတဆင့် မအူပင်ရုံးသို့ လွှဲပြောင်းကာ ထောင်ဒဏ် အပြစ်ပေးခြင်း ခံရလေသည်။

ဤသို့ ဦးဥတ္တမအား အပြစ်ပေးလိုက်သောအခါ တပြည်လုံး လူရော သံဃာပါ နိုးကြားလာကြပြီးလျှင် နိုင်ငံရေး စိတ်ဓာတ် အထူးဝင်စားလေတော့သည်။ သံဃာတော်များမှာလည်း အမှုမဲ့အမှတ်မဲ့နေခြင်းငှါ မသင့်ပြီဟု

ညူဆပြီးလျှင် ရန်ကုန် သရက်တောတိုက်နှင့် ဗဟန်းတိုက်များတွင် သံဃ သမဂ္ဂအသင်းများကို စတင်တည်ထောင်လေသည်။ ထို့နောက် အောက် မြန်မာပြည်တဝှမ်းလုံးတွင် သံဃသမဂ္ဂအသင်း ၃၇ သင်းကို တည်ထောင်ပြီး ငြီး၏။

ဆရာတော်ဦးဥတ္တမထောင်ကျ၍ သံဃာတော်များနှင့် လူထုကြီး ပေါင်းကာ လွတ်လပ်ရေးကြိုးပမ်းမှုအရှိန်အဟုန် မြင့်မားလာခဲ့ပါသည်။

## ဒေါ်အောင်ဆန်းစုကြည်ထောင်ကျ၍တပြည်လုံးနိုးကြွလာပါပြီ

တမျိုးသားလုံးလွတ်လပ်ရေးအတွက် ကိုယ်ကျိုးလုံးဝမဖက်ဘဲဆောင် ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏သမီးရတနာ ဒေါ်အောင်ဆန်းစုကြည် သည်လည်း အဖေတူသမီးဖြစ်ကာ နိုင်ငံအကျိုးကို အနစ်နာခံပြီး ဆောင်ရွက် ချက် ရှိနေပါသည်။

မဆီမဆိုင် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံခြားသားယက်တော သည် ပိုင်နက်ကျူးလွန်ကာ ဝင်ရောက်လာမှုတွင် ထောင်ဒဏ်(၃)နှစ် အပြစ် ဒဏ် ပေးခဲ့ပါသည်။ သူမအား နေအိမ်အကျယ်ချုပ်စည်းကမ်းကို ဖောက် ဖျက်သည်ဆိုသော မတရားစွဲချက်နှင့် ပြစ်ဒဏ်ချလိုက်ခြင်းကြောင့် သာမန် ပြည်သူ ပြည်သားများသည်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အတ္တအကျိုး င်းပွါးတစ်ခုတည်းအတွက် မိမိထက်သာသူကို ဖမ်းဆီးချုပ်နှောင်ထောင်ချ ခိုက်မှုကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ကြရပြီ ဖြစ်ပါသည်။ သူရဲဘော ကြောင်သော ဗိုလ်ချုပ်မှူးကြီးအနေဖြင့် 'သူမရှိလျှင် ငါဘဲ' ဆိုသောမူအရ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၀ ရွေးကောက်ပွဲတွင် အလိမ်အညာ ရွေး ကောက်ပွဲတွင် ဝင်ခွင့်မပြုနိုင်ခဲ့သည်ကိုလည်း မြန်မာပြည်သူပြည်သားများ သာမက ကမ္ဘာပြည်သူပြည်သား အပေါင်းတို့ကလည်း နားလည် သဘော ပေါက်သွားကြပြီဖြစ်ပါသည်။ ဗိုလ်ချုပ်သင်ပေးခဲ့သောစစ်ပညာဖြင့် ဗိုလ်ချုပ် သမီးအား နှိပ်စက်ညှဉ်းပန်းနေသည်ကိုလည်း တပ်မတော်မှ ဦးနှောက်ရှိသူ စစ်ဗိုလ်များလည်း သဘောပေါက်လာကြပြီဖြစ်ပါသည်။ မတရားလုပ်ရပ် ကိုမှ ရပ်တည်သော စစ်ဗိုလ်စစ်သားများ ရှိသလို၊ တရားသောဘက်မှ ရပ်တည်သော စစ်ဗိုလ်စစ်သားများလည်းရှိမည်မှာ သေချာလှပါသည်။

မွေ့ဘက်တော်သားများ များပြားလာမှသာလျှင် အမွေ့ဘက်တော်သားများ ဘဝ ချုပ်ငြိမ်းသွားပါလိမ့်မည်။

ရခိုင်ဆရာတော်ကြီးဦးဥတ္တမအား အင်္ဂလိပ်အစိုးရက ထောင်ချခဲ့၍ သံဃာနှင့် လူထုကြီး ကြွလာခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်အားထောင်ချခဲ့၍လည်း သံဃာနှင့်လူထု ကြွလာနေပါသည်။ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သော တပ်မတော်ထဲ တွင်လည်း နိုင်ငံရေးအကျိုးမဆောင်ဘဲ ကိုယ်ကျိုးအတ္တတစ်ခုတည်းကိုသာ ဆောင်သော စစ်ဗိုလ်ချုပ်ကြီးများက စိုးမိုးခြယ်လှယ်နေခြင်းသည်လည်း သမိုင်းတွင် အမည်းကွက်ကြီးတစ်ခုလိုဖြစ်နေပါသည်။ တပ်မတော်သန့်ရှင်း စေရန်အတွက် ဦးဥတ္တမနေ့အထိမ်းအမှတ်အဖြစ် ဆရာတော်၏ အတွေးအမြင် များကို ရဟန်းရှင်လူအပေါင်းနှင့် တပ်မတော်အတွင်းရှိ သားကောင်းစစ် သည်များထံသို့ နိုင်ငံရေးအကျိုးဆောင်စိတ်ဓါတ်များနိုးကြွစေရန် မျှဝေလိုက် ပါသည်။

ရဲလျှင်ကြဲ၊ ကြောက်လျှင်ပြန်
သူရသတ္တိနည်းလျှင် ပျက်စီးရမည်
ကိုယ်ဖို့ကြံလျှင် သက်လုံကောင်းကြပါစေ
သွေးမထွက်သော စစ်ပွဲကြီးကို ဆင်နွှဲကြ
ကိုယ့်ရည်မှန်းချက် အောင်မြင်ချင်ရင် နောက်မတွန့်ကြနဲ့

၂၀-၈-၂၀၀၉

❖

## ဆိုးဝါးလှသော မြန်မာ့ပြည်ထဲရေးကိစ္စများ

၁၉၆၂ ခုနှစ်ကပင် စစ်အာဏာရှင်နှင့် တစ်ပါတီအာဏာရှင်အဖြစ် မြန်မာပြည်သူပြည်သားများအပေါ် စိုးမိုးချယ်လှယ်ခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ယခုလက်ရှိ ဆိုးပေမောင် စာရင်းဝင် ဗိုလ်ချုပ်မှူးကြီးဆိုသူသန်းရွှေတို့သည် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးသည် ကမ္ဘာ့အလယ်တွင် ဘယ်အခြေအနေဆိုက်ပြီး၊ ဘယ်လိုဒုက္ခ ပင်လယ်ဝေနေကြသည်ကို လုံးဝ သည့်တွက်သူများ မဟုတ်ကြပါ။ ဘယ်သူသေသေ ငတေမာရင် ပြီးရော ဆိုသူများ ဖြစ်ကြပါသည်။ သို့ရာတွင် ငတေကြီး ဗိုလ်ချုပ်ကြီးနေဝင်းသည် ဘပ်မတော်ဦးစီးချုပ်ဘဝတွင် မယားကြီးကို ပစ်ထားခဲ့ပြီး မယားငယ်ယူလေ့ယူထ ရှိခဲ့ပါသည်။ အပြောကတော့ အိမ်တွင်းရေးကိစ္စသာဖြစ်သည်ဟု ဆင်ခြေဆင်လက်ပေးလေ့ရှိပါသည်။ စာရေးသူနှင့်ခင်မင်သော ရခိုင်နိုင်ငံရေးသမားကြီးဦးလှထွန်းဖြူသည် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အိမ်နီးနားချင်း နေခဲ့ဖူးပါသည်။ ဦးလှထွန်းဖြူသည် ဗိုလ်ချုပ်ကြီးနေဝင်းအား ဆိုဆုံးမရဲသူလည်းဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ဇနီးကြီးဒေါ်တင်တင်၏ သားများကိုလည်း ကူညီစောင့်ရှောက်ခဲ့ဖူးသူဖြစ်ပါသည်။ ဦးလှထွန်းဖြူပြောပြချက်တစ်ခုကို အတိုချုပ်တင်ပြရပါမူ "ဗိုလ်နေဝင်း ခင်ဗျားကသာ အိမ်တွင်းရေးအိမ်တွင်းရေးလို့ ပြောနေ၊ မင်း အိမ်တွင်းရေးက ငါ့ အိမ်တွင်းရေးကိုလည်းလာထိနိုက်နေတယ်ကွ၊ မင်းသားတွေကို ငါက လက်ခံထိန်းပေးရ၊ မင်းမိန်းမကြီးကိုလည်း ငါက ကူညီပေးရနဲ့ ငါ့အလုပ်တွေ ပျက်တယ်ကွ"

ဟု ဗိုလ်ချုပ်ကြီးနေဝင်းအား ဝေဖန်ပြောဆို ဆုံးမခဲ့ပုံပင်ဖြစ်ပါသည်။ ယင်း အချိန်က ဦးလှထွန်းဖြူသည် သတင်းစာဆရာဖြစ်၍ သူတော်တော် အလုပ် ပျက်ရသည်ကိုလည်း ဆက်လက်ပြောပြဘူးပါသည်။

လူ့လောကတွင် ဖောက်ပြန်သူများသည် ကိုယ့်ဇနီး၊ ကိုယ့်သားသမီး များကို နှိပ်စက်ပြီး အိမ်တွင်းရေးကိစ္စဟု ပြောလေ့ရှိပါသည်။ ဇနီးနှင့် သားသမီးများသည် လင်ဆိုးဒဏ်ကြောင့် တခြားတစ်အိမ်တွင် ထွက်ပြေး ခိုလှုံကြရပါသည်။ ထွက်ပြေးလာကြသူများအား ခိုလှုံခွင့်ပေးသူများတွင် ထိခိုက်နစ်နာမှုများ ရှိလာတတ်ပါသည်။ ကိုယ့်အိမ်တွင်းရေးကြောင့် သူတပါး အိမ်တွင်းရေးကို ထိခိုက်သွားခြင်းပင်ဖြစ်ပါသည်။

ယခုလက်ရှိမြန်မာပြည်ကို မသမာသောနည်းဖြင့် စစ်တပ်ကို ခုတုံးလုပ်ကာ ဖောက်ပြန်ရေးသမား ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကိုယ့် တိုင်းပြည် ကိုယ့်လူမျိုးမျက်နှာကို လုံးဝမကြည့်ဘဲ အရှက်အကြောက်မဲ့စွာ ဆိုးသွမ်းလျက်ရှိနေပါသည်။ တရားလက်လွှတ် ပြည်သူပြည်သားများကို ညှဉ်းပန်းနှိပ်စက်နေပြီး "ငါ့ပြည်တွင်းရေး၊ ငါလုပ်ချင်တာလုပ်မယ်၊ ဘယ်သူ ကိုမှ ဂရုမစိုက်သည့်ပုံသဏ္ဍာန် ဟန်လုပ်နေသော်လည်း လက်တွေ့တွင်မူ မိန်းမသား ဒေါ်အောင်ဆန်းစုကြည်ကိုပင် ကြောက်ရွံ့လျက်ရှိနေပါသည်။ ကြောက်ရွံ့၍သာ ဖမ်းချုပ်ထားခြင်း ဖြစ်ပါသည်။

နအဖ စစ်ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြည်တွင်းရေး ကိစ္စကိုပင် လက်တွေ့သာဓကတချို့ဖြင့် သုံးသပ်ဝေဖန်ဆွေးနွေးလိုပါသည်။ Case Study or Case Analysis လုပ်ကြည့်ခြင်းပင်ဖြစ်ပါသည်။

## ပြည်တွင်းမှာတာတွေဖြစ်ပျက်နေသနည်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတကာစံနှုန်းဖြစ်သော ကမ္ဘာ့နိုင်ငံ ပေါင်းများစွာက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ရေး ထိုးထားကြသော ၁၉၆၁ ခုနှစ် ဗီယာနာ သံတမန် ဆက်ဆံရေးစာချုပ်။ ၁၉၆၃ ခုနှစ်ကောင်စီရေးရာ ဆက်ဆံရေးစာချုပ်များနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး၏ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ လူ့အခွင့်အရေးများနှင့် ကမ္ဘာ့နိုင်ငံရေးအတွေးအခေါ်များ

နှင့် အလှမ်းဝေးပါသည်။ ဗမာရာဇဝင်တချို့ကို ဖော်ပြ၍သာ ဝေဖန်ဆွေးနွေး ပါမည်။

အင်းဝခေတ်တွင် ဘုရင်မင်းခေါင်နန်းတက်သည့်အခါ ပညာရှိ အမတ်ကြီး စည်းတပစ်ကို ခေါ်ပြီး 'အဘိုး ဘယ်သို့ကျင့်သော် ပြည်ထဲ ငြိမ်းချမ်းသာယာဝပြောအံ့နည်း' ဟူ၍ မေးတော်မူ၏။ ပညာရှိအမတ်ကြီးက ပြည်ကြီး၏အရှင် ဖြစ်တော်မူသော မင်းတို့သည်-

၁။ ပြည့်တံခွန်ကိုမလဲရာ။

၂။ ပြည့်ဦးကင်းကို မနှိမ်ရာ။

၃။ ပြည့်စွယ်ပြည့်သွားကို မချိုးရာ။

၄။ ပြည့်မျက်လုံးကို မနှိုက်ရာ။

၅။ ပြည့်မျက်နှာကို မဖျက်ရာ။

၆။ ပြည့်ခြေပြည့်လက်ကို မဖြတ်ရာ။

၇။ ပြည့်ဝမ်းကို မဖောက်ရာ။

၈။ ပြည့်ကျေးဖူးကို မထိမ်ရာ။

စသည်တို့ကို ကျင့်တော်မူရာသည်ဟု အကြံပြု လျှောက်ထားခဲ့ ပါသည်။ ထို့အပြင် ပြည်ရွာစည်ပင်အပ်သော အပရိဟာနိယ တရားခုနစ်ပါး ကိုလည်း ရှေ့နှလုံးထားရန် အကြံပြုခဲ့ပါသည်။ အပရိဟာနိယတရားတွင် ပညာရှိများနှင့် မပြတ်တိုင်ပင်တော်မူသည်ကတစ်ပါး၊ ပြည်သူ့သားသမီး တို့ကို နှိပ်စက်ညှင်းပန်း မပြုတော်မူသည်ကလည်း တစ်ပါးနှင့် ရဟန်းသံဃာ တို့၌ ကောင်းစွာ စောင့်ရှောက်တော်မူသည်လည်း တစ်ပါး စသည်များ ပါရှိပါသည်။

စစ်အာဏာရှင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်ချုပ် မှူးကြီးသန်းရွှေတို့သည် အထက်ဖော်ပြပါ ပြည်ထဲရေးငြိမ်းချမ်းသာယာဝ ပြောနည်းလမ်း အချက်(၈)ချက်စလုံးကို ဖောက်ဖျက်သူများဖြစ်ကြပါသည်။ ပြည့်တံခွန်လည်းချိုး၊ ပြည့်ဦးကင်းလည်းကျ၊ ပြည့်သွားလည်းကျိုး၊ ပြည့်မျက် လုံးလည်းကန်း၊ ပြည့်မျက်နှာလည်းပျက်၊ ပြည့်ခြေပြည့်လက်လည်းပြတ်၊ ပြည့်ဝမ်းဗိုက်လည်းပေါက်ပြီး၊ ပြည့်ကျေးဖူးကိုကန်းနေကြပါသည်။ မင်းကျင့် တရားဆယ်ပါးနှင့် အပရိဟာနိယတရား ခုနစ်ပါးကိုလည်း ဖောက်ဖျက်

နေကြပါသည်။ ပညာရှိများနှင့်လည်း မတိုင်ပင်ကြပါ။ ပြည်သူပြည်သားများကိုလည်း အလွန့်အလွန် နိုင်ထက်စိုးကဲလုပ်နေပါသည်။ ရဟန်းသံဃာတော်များကိုလည်း မစောင့်ရှောက်ရုံသာမက ရိုက်သတ်အကျဉ်းချနေ ပြန်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ တစ်ခေတ်လုံးတွင် စီးပွါးရေးကို ပြည်သူပိုင်သိမ်း။ ပညာရေးကို ပြည်သူပိုင်သိမ်း။ ကျန်းမာရေးကိုပြည်သူပိုင်သိမ်းပြီး စီးပွါးရေးကျွမ်းကျင်သူများနှင့် ပညာတတ်ဟူသမျှ တိုင်းပြည်တွင်မနေနိုင်အောင် ကြံဆောင်ခဲ့ပါသည်။ နှင်ထုတ်ခဲ့ပါသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေခေတ်တွင်လည်း စီးပွါးရေးကို မိသားစုပိုင် လုပ်ခဲ့ပါသည်။ ပညာရေးကိုလည်း မိသားစုပိုင် လုပ်ခဲ့ပါသည်။ ကျန်းမာရေးကိုလည်း မိသားစုပိုင် လုပ်ခဲ့ပါသည်။ နိုင်ငံအာဏာကိုလည်း စစ်တပ်မိသားစုပိုင် လုပ်နေပြန်ပါသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အားလည်း အိမ်တွင်းအကျဉ်းစခန်းမှ ထောင်တွင်းအကျဉ်းစခန်းသို့ မသမာသောနည်းဖြင့် ပို့နေပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံအားလည်း စစ်ဆင်ကာ တိုင်းပြည်မှ မောင်းထုတ်နေပါသည်။ မြန်မာ့ပြည်တွင်းရေးကို အဖတ်မဆယ်ပါက ပျက်သည်ထက် ပျက်ပြားလာပါလိမ့်မည်။

## ဒါလားကွပြည်တွင်းရေးကိစ္စ

ဗိုလ်ချုပ်နေဝင်းလက်ထက်က ပြည်ဖျက်ကိစ္စရပ်များလုပ်ဆောင်ပြီး အမြဲတစေ ဒါပြည်တွင်းရေး ကိစ္စကွ။ ဘယ်သူမှ ဝင်မစွက်ကြနဲ့ဟု ပြောဆိုလေ့ရှိသော အချိန်အခါသမယတွင် စာရေးသူသည် ၁၉၇၀ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဗန်ကောက်မြို့ မြန်မာသံရုံးတွင် အမှုထမ်းခဲ့ပါသည်။ ဗန်ကောက်မြန်မာသံရုံးတွင်လည်း ဘယ်ခေတ်အခါကပင် ယိုးဒယားနိုင်ငံသို့ ပြေးဝင်ခိုလှုံလာသည်ကို မမှတ်မိတော့သည့် ဦးရွှေသည် ဘာသာပြန်စာရေးကြီး ဖြစ်ပါသည်။ အဘဦးရွှေသည် ယိုးဒယားစာနှင့် စကားကို ကျွမ်းကျင်သည့်အပြင် အင်္ဂလိပ်စာတတ်တစ်ဦးလည်း ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးမှ ပြည်တွင်းစစ်ကြောင့် ထွက် ပြေးလာရသော မွန်တိုင်းရင်းသား ဦးထွန်းလှသည် သံအမတ်ကြီး၏ ရုံးအကူဝန်ထမ်းဖြစ်ပါသည်။ ယင်းအချိန်က စာရေးသူသည် ပညာတတ်ဗမာများနှင့် တိုင်းရင်းသားများ

မြန်မာပြည်က မကောင်းဆိုးဝါး အုပ်ချုပ်သူများလက်အောက်မှ ပြေးထွက်ကြပြီး နိုင်ငံရပ်ခြားတွင် ခိုလှုံပြီး တင့်တောင့်တင့်တယ် နေထိုင်ကြသည်ကို ငိတ်ထဲ တမျိုးတဖုံ ခံစားဖူးပါသည်။ ယခုအချိန်တွင် စာရေးသူကိုယ်တိုင် ကောင်းဆိုးဝါး အုပ်ချုပ်သူလက်အောက်မှရုန်းထွက်လာကာ နိုင်ငံခြားတွင် တင့်တောင့်တင့်တယ် နေထိုင်နိုင်သော်လည်း စိတ်မချမ်းသာဘဲ ကျောက်သည်သား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အကျဉ်းသားပင်ဖြစ်နေသည်ဟု ခံစားနေရပါသည်။ ငယ်စဉ်က ကျောက်မဲအကျဉ်းသား ရုပ်ရှင်ကြည့်ဖူးပြီး ယခုဒါကိုယ်တိုင် ကျောက်ဆည် အကျဉ်းသားဖြစ်နေသည်ဟု ခံယူ၍သာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အိပ်မက်ဆိုးများစွာဖြင့် လှုပ်ရှားနေခြင်းပင်ဖြစ်ပါသည်။

မြန်မာသံရုံးမှ ယိုးဒယားဘာသာဖြင့် ထုတ်ဝေသော သတင်းစာဘူသမျှကို လစဉ်ဝယ်ပြီး ဦးရွှေအား ဘာသာပြန်ခိုင်းကာ မြန်မာအကြောင်းဆိုလျှင်ရန်ကုန်ရုံးချုပ်ကို ပေးပို့ရပါသည်။ ၁၉၇၀ ပတ်ဝန်းကျင်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် သူ၏ပြည်ချစ်ပါတီသည် ယိုးဒယားတွင် ရှိနေပြီး မြန်မာပြည်က လူမြောက်များစွာလည်း ဦးနုပါတီထဲသို့ ဝင်ရန်လာကြသော်လည်း လက်မခံနိုင်လောက်အောင်အထိ နေ့စဉ်များပြားလာသည်ဟု ဆိုပါသည်။ ဗန်ကောက်မြို့တွင်လည်း ဘယာကြော်ရောင်းသည့်ကုလားများသည်လည်း ဗမာစကားပြောပြီး သူ့အပိုင်းနှင့်သူ ဗိုလ်ကျနေပါသည်။ နိုင်ငံရေးသမားများလည်း ဗန်ကောက်မြို့မှ ရဲစခန်းတွင် ပုံမှန်လက်မှတ်ရေးထိုးပြီး နေထိုင်လျက်ရှိကြပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း ဦးနုအားလက်ခံထားမှုကြောင့် ယိုးဒယားအစိုးရအား မကြည်မဖြူ ဖြစ်နေပါသည်။ သို့သော်လည်း အလွှန်ဆုံးရှိပါလျှင် မြန်မာပြည်က လာရောက်ခိုလှုံသူ သောင်းဂဏန်းပင် ပြည့်မည်မဟုတ်ပါ။ ယခုအချိန်အခါကဲ့သို့လည်း နှစ်သန်းကျော်မရှိသေးပါ။ ဒုက္ခသည်စခန်းလည်း မရှိသေးပါ။

ယိုးဒယားသတင်းစာကြီး တစ်စောင်တွင် ယိုးဒယားနာမည်ကြီး သတင်းစာဆရာကြီးတစ်ဦးက 'ဒါလားဂွ ဗမာပြည်တွင်းရေးကိစ္စ' ဆိုသည့် ဆောင်းပါးရှည်ကိုရေးပြီး မြန်မာပြည်သားများကို သရော်နေကလော်နေသည်ကို ဘာသာပြန်ဆရာကြီး ဦးရွှေက နေ့စဉ်ရက်ဆက် ဘာသာပြန်သည်

များကို ဖတ်ရပါသည်။ သမိုင်းအစဉ်အလာကပင် မြန်မာနိုင်ငံသားများ အုပ်ချုပ်သူအချင်းချင်း မသင့်မမြတ်၍ ယိုးဒယားနိုင်ငံတွင် လာရောက်ခိုလှုံ နေကြပုံကို အကျယ်တဝင့် ရေးသားထားပါသည်။ ယိုးဒယားနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးခိုလှုံသူမရှိဘဲ၊ မြန်မာပြည်က ယိုးဒယားနိုင်ငံ ဘက်သို့ ဘာကြောင့် အဆက်မပြတ် လာရောက်ခိုလှုံနေကြသည်ကို မြန်မာ အစိုးရအနေဖြင့် အလေးထားစဉ်းစားဆောင်ရွက် သင့်ကြောင်းကို စေတနာဖြင့် ဖော်ပြထားပါသည်။ ယိုးဒယားလူမျိုးများသည် အချင်းချင်း အစဉ်အဆက် ယှဉ်တမာလေ့မရှိပုံ။ မြန်မာများသည် အချင်းချင်း အာဃာတထားခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း အမြော်အမြင်နည်းပါးကြခြင်းများကို သမိုင်း နောက်ခံ အထောက်အထားများဖြင့် ကျမ်းတစ်စောင်သဖွယ် ရေးသားထား ပါသည်။ ယင်းအချိန်ကာလက စာရေးသူသည် အသက်သုံးဆယ်ပင် မပြည့်သေးသော မြန်မာအစိုးရ သစ္စာတော်ခံတစ်ဦးဖြစ်နေ၍ ဤမျှလောက် အထိ ရေးသားဝေဖန်ခံရသည်ကို နာကြည်းခဲ့ဖူးပါသည်။

၁၉၇၀ ခုနှစ်လောက်က စာရေးသူ ဇန်ကောက်ရောက်သွားစဉ်တွင် ယိုးဒယားနိုင်ငံဒွန်မောင်းလေဆိပ်နှင့် မြန်မာပြည်ရှိ မင်္ဂလာဒုံလေဆိပ်တို့ကိုယှဉ် သူမသာ ကိုယ်မသာသည့် အခြေအနေဖြစ်ပါသည်။ အဆောက်အဦ အနေ အထားအရ မင်္ဂလာဒုံလေဆိပ်ကပင် ခံ့ညားနေပါသေးသည်။ ယခုအခါ အကွာကြီး ကွာဟသွားခဲ့ပြီး ဖြစ်ပါသည်။ မဆလခေတ် ဇန်ကောက်လေဆိပ် ကို ရောက်ရှိလာသော ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်မောင်၏ စကားအရ " နေရစ်ခဲ့ပြီဗျို့" ဟုပင်ဆိုရမည်ဖြစ်ပါ သည်။ မြန်မာပြည်သူအပေါင်းသည်လည်း ယခုခေတ်တွင် ပြည်ထဲရေးထက် ဝမ်းရေးက ခက်နေကြသည်ဆိုသောကြောင့် ဝမ်းရေးမခက်စေရေးအတွက် ပြည်ထဲရေးကို ပြုပြင်ကြရမည်ဟုသာ ကောက်ချက်ချလိုပါသည်။ လူကြောင့် မဟုတ်ပါ။ မူကြောင့်သာ ဖြစ်ပါသည်။ အာဏာရှင်ခေတ်တွင် လူလည်း မကောင်းပါ။ မူလည်းမကောင်း ဖြစ်နေပါသည်။

**ပြည်တွင်းရေးကောင်းဖို့အာဏာရှင်စနစ်ကိုမြေမြှုပ်သင်္ဂြိုဟ်ကြစို့**

ဆိုးဝါးနေသော မြန်မာပြည်တွင်းရေး ကောင်းမွန်စေရန်အတွက် ယခုလက်ရှိကမ္ဘာ့ခေါင်းဆောင်ကြီးများ အသိပညာရှင် အတတ်ပညာရှင်ကြီးများ ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများ အသီးသီးက လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား မတရားအမှုဆင်ပြီး ထောင်ချရန် ကြံစည်တရားစွဲဆိုမှုကို ရုပ်သိမ်းရန် တောင်းဆိုလျက်ရှိကြပါသည်။ အများပြည်သူပါဝင်နိုင်မည့် ရွေးကောက်ပွဲမျိုးကို ကျင်းပရန်အတွက် နအဖ၏တစ်ဖက်သတ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အများသဘောဖြင့် ပြင်ဆင်ပြီး ပြန်လည်ရေးဆွဲကြရန်ကိုလည်း ပြည်တွင်း ပြည်ပက တောင်းဆိုလျက်ရှိနေပါသည်။ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်မရသော ရွေးကောက်ပွဲမျိုးကို အသိအမှတ်မပြုနိုင်ဟု အမေရိကန် အပါအဝင် တချို့နိုင်ငံများက ထုတ်ဖော် ပြောဆိုလျက် ရှိနေပါသည်။

စစ်တပ်ကို ခုတုံးလုပ်အသုံးချနေသော နအဖစစ်ကောင်စီ၏ ဥက္ကဋ္ဌဆိုသူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(အသက်၇၆နှစ်) နှင့် မြန်မာပြည်သူပြည်သားများသာ သဘောထား ကွဲလွဲနေကြသည်မဟုတ်ပါ။ တကမ္ဘာလုံးရှိ ခေါင်းဆောင်ကြီးများ၊ ကမ္ဘာ့ ပြည်သူများနှင့်ပါ သဘောထားကွဲလွဲနေပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒေါ်အောင်ဆန်းစုကြည်အား ထောင်ဒဏ် အပြစ်ပေးခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲကို ဖွတ်တရွတ်ပြုလုပ်ပါက မြန်မာပြည်တွင်းရေးသည် ဆိုးဝါးနေရာမှ သွေးချောင်းစီးမည့် ပြည်တွင်းရေး ဖြစ်လာမည်မှာ ကေန်မုချပင်ဖြစ်ပါသည်။ ပြည်တွင်းရေး ကောင်းမွန်ဖို့အတွက် စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အပေါင်းအပါတစ်စုတို့အား ရိုးသားဖြောင့်မတ်သော တပ်မတော်သားများ အပါအဝင် ပြည်သူလူထုတရပ်လုံးက ညီညီညွတ်ညွတ်တော်လှန်ရမည့် အချိန်ပင်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ဆိုးကြီးကို မြန်မာ့မြေပေါ်တွင် မြေမြှုပ်သင်္ဂြိုဟ်ကြရမည့် အချိန်ကောင်း အခါကောင်းပင်ဖြစ်ပါသည်။

ဒီတပ်မတော်အနေနဲ့ ကတိအတိုင်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပပေးမယ်၊ ဒါပေမယ့် အာဏာတော့ ဘယ်သူ့ကိုမှ လွှဲမပေးဘူး

နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နာဂစ်မုန်တိုင်းအလွန် ၂၀၀၈ ခုနှစ်ပွင့်လင်းရာသီတွင် ရနိုင်ပြည်နယ်သို့ တိုင်းခန်းလှည့်လည်လာမည်ဟု အတွင်းသတင်းကြားသိရစဉ်မှာ စာရေးသူနှင့် ခင်မင်သူဦးဒေါက်တိုင်တို့ အဖွဲ့သည် စစ်တိုင်းမှူးကြီး၏အမိန့်အတိုင်း အဘက်ဘက်မှ လိုလေသေးမရှိအောင် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ကြရပါသည်။ ဦးဒေါက်တိုင်သည် ပြည်နယ်ဦးစီးအရာရှိကြီးတစ်ဦးဖြစ်သော်လည်း တပ်မတော်မှ တပ်ကြပ်ကြီးတဦး၏ လစာမျှသာ ရရှိပါသည်ဟု စာရေးသူအား ပြောပြဖူးပါသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီး၏ အစီအစဉ်သည် လက်တလောချင်း ပေါ်ပေါက်လာသည်ဖြစ်၍ ဘာကိစ္စများ အထူးအထွေ ရှိသည်ကို သိလိုသောကြောင့် အလွန်ရင်းနှီးသောဗျူဟာမှူးကြီး ဗိုလ်မှူးချုပ်လွမ်းငွေကို မေးမြန်းကြည့်မိခဲ့သည်ဟုဆိုပါသည်၊ ဗိုလ်မှူးချုပ် လွမ်းငွေသည်လည်း စစ်တပ်က အငြိမ်းစား ယူတော့မည့် လပိုင်းသာလိုတော့၍ အငြိမ်းစားဘဝတွင် ငွေကြေးအခက်အခဲမျိုးစုံ ရှိနိုင်သည်ဆိုကာ မည်သည့်နည်းလမ်းဖြင့် ငွေရနိုင်မည်ကို အလွမ်းသယ်နေသူဖြစ်၍ မိတ်ဆွေများက ငွေကိုလွမ်းနေသည့် လွမ်းငွေအဖြစ် နောက်ပြောင်ခေါ်ဝေါ်သည့် အမည်သာဖြစ်ပါသည်။ (နာမည်အမှန်များကို တစ်ပါးသူ ထိခိုက်နိုင်၍ လျှို့ဝှက်ထားရခြင်းဖြစ်ပါသည်။)

ဦးဒေါက်တိုင်က ဗိုလ်မှူးချုပ်လွမ်းငွေအား ဗိုလ်ချုပ်မောင်အေး ဘာကိစ္စအရေးကြီး၍ လာပါသနည်းဟု မေးမြန်းကြည့်ခဲ့သည်ဟု ဆိုပါသည်။ 'ဟေ့…ဥက္ကဋ္ဌကြီးရာထူးရအောင် မောင်ရင်တို့ရခိုင်ပြည်က တန်ခိုးကြီးဘုရားမှာ ယတြာလာချေတာဖြစ်မှာပေါ့ကွ' ဟု ဘုကျကျပြန်ဖြေသည်ဟု ဆိုပါသည်။ ဥက္ကဋ္ဌကြီးရှိနေသော အဖွဲ့အစည်းတစ်ခုတွင် ဒုတိယဥက္ကဋ္ဌဆိုသည်မှာ ဘာမှ မယ်မယ်ရရ လုပ်ပိုင်ခွင့်မရှိသော အလောင်းအလျာဘဝသာ ဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးသည် မြန်မြန်အနိစ္စသဘောကိစ္စလျှောမှသာလျှင် လုပ်နိုင်ကိုင်နိုင်မည့် အာဏာရှင်ဘဝကို ရမည်သာဖြစ်ပါသည်။

ဗိုလ်ချုပ်မောင်အေး၏ ဩဝါဒစကားပြောကြားသည့် အခမ်းအနား ပြီးလျှင်စချင်းပင် ရှေ့တန်းကထိုင်နေကြသော အရပ်သားအရာရှိများနှင့် ဦးဒေါက်တိုင် အပါအဝင် ပြည်နယ်အတွင်းရှိ ကောလိပ်ကျောင်းအုပ်ကြီးမှ အစ ပြည်သူ့ရဲအရာရှိ၊ မီးသတ်အရာရှိ စသူများအား လက်ညှိုးထိုးပြီး "ခင်ဗျားတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရာနှုန်းကိုးဆယ်ကျော် ထောက်ခံမဲပေး ခဲ့ကြတယ်မဟုတ်လား။ ခင်ဗျားတို့က ထောက်ခံခဲ့ကြပြီဆိုတော့ ကျွန်တော် တို့ တပ်မတော်အနေနဲ့ နိုင်ငံရေးလမ်းစဉ် ခုနှစ်ချက်အတိုင်း ၂၀၁၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲကြီး လုပ်ပေးရလိမ့်မယ်။ ဒါပေမယ့် အာဏာက တော့ တပ်မတော်အကြီးအကဲ လက်ထဲမှာပဲ ရှိလိမ့်မယ်" ဟု ယတိပြတ် ပြောဆို သွားခဲ့သည်ဟု ဦးဒေါက်တိုင်က စာရေးသူအား ပြောပြပါသည်။ ဦးဒေါက်တိုင်သည် ဗိုလ်ချုပ်မောင်အေး၏စကားကို ကြားရပြီး အလွန် အံ့ဩကာ ကိုယ့်နားကိုယ်မယုံ၍ အခမ်းအနားပြီးသည့်အချိန်တွင် ဗျူဟာ မှူးကြီးအားမေးမြန်းကြည့်ရာ အာဏာဘယ်တော့မှ လွှဲမပေးဘူးဆိုတာကို ပြောသွားတာပဲဟု ပြန်ပြောပြသည်ဟု ဆိုပါသည်။ ဦးဒေါက်တိုင်တို့ အရပ်သားအရာရှိကြီးများအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲပြီးပါက နိုင်ငံရေး ပါတီများကို အာဏာတစ်စိတ်တစ်ဒေသလွှဲပေးပြီး စစ်အာဏာရှင်စနစ်ဆိုး ကြီးကို တစ်စိတ်တစ်ဒေသ လျော့ပေါ့သွားမည်ဟု ယူဆပြီး ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် မဲနိုးမဲလိမ်ရာတွင် တတပ်တအား ပါဝင်ဆောင် ရွက်ခဲ့ကြသည်ဟု ဆိုပါသည်။ စစ်တိုင်းမှူးများ၏ မအေနမမကျန် မိုက် ရိုင်းစွာ အဆူအပူတဝက လွတ်မြောက်မည်လားဟု အောက်မေ့ပြီးဆောင်ရွက် ပေးခဲ့တာ၊ အခုတော့ သံထဲရေသွန်သလို ဖြစ်သွားပါကလားဟု ယူကျုံးမရ ဖြစ်ကာ သွေးတိုးရောဂါ ပေါင်ချိန် တက်သွား၍ ရုံးကိုပင် သုံးလေးရက် လောက် မတက်နိုင်အောင် ဖြစ်သွားခဲ့သည်ဟု ဆိုပါသည်။

ဘွဲ့ရှိမင်းဘယ်ကထွက်မင်းကြီးဘာကထွက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဆိုပါ ဩဝါဒစကားပြော ပွဲတွင် ရွေးကောက်ပွဲပြီးလျှင် အာဏာလွှဲပေးမည်မဟုတ်ကြောင်းကို " ရွေ

သမင်ဘယ်ကထွက် မင်းကြီးတာကထွက်’ဆိုသည့် မြန်မာနိုင်ငံတွင် အကျင့်ပျက်လာဘ်လာဘစားပြီး နိုင်ငံတော်၏ အဖိုးတန်ကျောက်မျက်ရတနာများ မှောင်ခိုလမ်းက ထွက်နေပုံကို အချက်အလက် အထောက်အထား ပေါင်း ၂၀ ကျော်ခန့် ပြောပြသွားသည်ဟု ဆိုပါသည်။ ဦးခေါက်တိုင်အနေဖြင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏နှုတ်ထွက်ဩဝါဒစကား၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီး၏ ဩဝါဒစကားနှင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းတို့၏ ဩဝါဒစကားများကို နားထောင်ဖူးကြောင်း၊ ဗိုလ်ချုပ်သန်းရွှေက စကားပြောရာတွင် ပြဿနာတစ်ခုကို တင်ပြပြောဆိုရာတွင် အလွန်အနှစ်ပြီး အချက်အလက်ပေါင်းများစွာ တင်ပြပြီးမှ ကောက်ချက်ချလေ့ရှိကြောင်း စသဖြင့် သူ့အတွေ့အကြုံများကို စာရေးသူအား အရင်းအတိုင်း ဖောက်သည် ချပြပါသည်။ ဗမာများ ပြောလေ့ပြောထရှိသည့် ‘ဘုန်းကြီးသရဲဖြစ်လျှင် ချွတ်ရတာမလွယ်’ ဗိုလ်ချုပ် သန်းရွှေထက် ပညာပိုတတ်ပြီး စစ်တက္ကသိုလ်ဘွဲ့ရ ဗိုလ်ချုပ် မောင်အေး နှင့် ဗိုလ်ချုပ်သူရရွှေမန်းတို့သာ အာဏာရှင်ဖြစ်လာလျှင် ကျွန်တော်တို့ ဒီမိုကရေစီဘက်တော်သားများ စစ်ကျွန်ဘဝ သက်တော်ရှည်မည်ကို စိုးရိမ်ပူပန်မိပါသည်။

ဗိုလ်ချုပ်မောင်အေး၏ အထောက်အထားအချက်အလက်ပေါင်းစုံဖြင့် မြန်မာ့တန်ဖိုး ကျောက်မျက်ရတနာများသည် တစ်ဖက်နိုင်ငံများသို့ မင်္ဂလာဒုံလေဆိပ်ကပင် စစ်အာဏာရှင်ကြီးများတာက ထွက်နေကြောင်းကို ဖွင့်ချပြောဆိုသွားသည်ဟု ဆိုပါသည်။ အာဏာရှင်အကြီးအကဲများသာ အဓိကတရားခံဟု ဆိုပါသည်။ ဗိုလ်ချုပ်မောင်အေးသည်လည်း ဒီပုတ်ထဲက ဒီပဲသာဖြစ်သော်လည်း ကျောက်မျက်ရတနာ မှောင်ခိုလိုင်းသည် သူ့လိုင်းမဟုတ်သောကြောင့် ပုတ်ခတ်ပြောဆို နေခြင်းဖြစ်ပါသည်။ တခြားဝိသမလောဘတက်သည့် ကိစ္စများတွင်လည်း ဗိုလ်ချုပ်မောင်အေး ပါဝင်နေ၍ တစ်နေ့တွင် စကော့ ဝီစကီ ဘလူးလေဘယ် တစ်လုံးသောက်နေခြင်းဖြစ်ပါသည်။ ဘလူးလေဘယ် ဝီစကီ တစ်လီတာဝင် တစ်လုံး၏ တန်ဖိုးသည် စတာလင်ပေါင် ၂၃၀ ရှိပါသည်။ ယနေ့မြန်မာငွေတန်ဖိုး ၃၉၁,၀၀၀ ကျပ် (သုံးသိန်းကိုးသောင်းတစ်ထောင်တိတိ) ရှိပါသည်။

စာရေးသူ၏ သံတမန် အတွေ့အကြုံအရ ဆိုရပါသော် မြွေသမင်ဘယ်ကထွက် မင်းကြီးတာကထွက် ဆိုသည့်ကိစ္စတွင် မြန်မာနိုင်ငံမှ စစ်အာဏာရှင်ကြီးများသည် နိုင်ငံအကြီးအကဲများအား ပေးထားသည့် သံတမန်အခွင့်အရေးများကို အလွဲသုံးစားနေခြင်းကြောင့်ပင်ဖြစ်ပါသည်။ မြန်မာသံတမန်ဝန်ထမ်းများကိုလည်း ခွဲဝေမပေးဘဲ ခုတုံးလုပ် အသုံးချသည်များသည်းရှိပါသည်။ မြန်မာသံတမန်များအနေဖြင့် စစ်အာဏာရှင်များ၏ ခိုင်းစေချက်အရ အရေးကြီးသောပုဂ္ဂိုလ်ကြီး VIP (Very Important Person) အခွင့်အရေးများကို သက်ဆိုင်ရာနိုင်ငံများထံမှ တရားဝင် တောင်းခံပေးရပါသည်။ နိုင်ငံတကာလေဆိပ်များတွင် အရေးကြီးပုဂ္ဂိုလ်ကြီးများအတွက် ဧည့်ခန်းများ (VIP Rooms) ရှိပါသည်။ သံအမတ်ကြီးရာထူး၊ ဒုတိယဝန်ကြီးအဆင့်နှင့် ဝန်ကြီးများသည် လေဆိပ်ရှိ အဆိုပါဧည့်ခန်းကိုသုံးခွင့်ရှိပါသည်။ သံရုံးတိုင်းတွင် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အစိုးရဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများသည် သက်ဆိုင်ရာနိုင်ငံက သံတမန်မှတ်ပုံတင်ကဒ်ပြား ကိုင်ဆောင်သူများဖြစ်ပါသည်။ ထို့အပြင် လေယာဉ်ပျံအနီးထိ အကြိုအပို့ လုပ်နိုင်သော လေဆိပ်ဝင်ခွင့်အထူးကဒ်ပြား ၂ ခု ၃ ခု စသဖြင့် သံရုံးများကို ထုတ်ပေးပါသည်။ လာရောက်သော VIP များအား သံတမန်ဝန်ထမ်းက လေယာဉ်ပျံအနီးထိ သွားရောက်ကြိုဆိုကာ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ကောင်တာများကို မဖြတ်စေရဘဲ VIP ဧည့်ခန်းသို့ တိုက်ရိုက်ခေါ်ဆောင်သွားနိုင်ပါသည်။ အရေးကြီးသော ပုဂ္ဂိုလ်များနှင့် ဇနီးသားသမီးများသည် ကျောက်မျက်ရတနာများကို သက်ဆွဲ သေတ္တာငယ်များတွင် ထည့်၍ အလွယ်တကူ သယ်ယူသွားလာနိုင်ပါသည်။ သံရုံးဝန်ထမ်း၏ သံတမန်က VIP ၏နိုင်ငံကူးလက်မှတ်ကို တောင်းယူကာ လူဝင်မှု ကြီးကြပ်ရေးကောင်တာတွင် ပြည်ဝင်ပြည်ထွက် ဘံဆိပ်တုံးရိုက်ပေးရန် တောင်းခံနိုင်ပြီး ပစ္စည်းများကိုလည်း အစစ်ဆေးမခံရဘဲ ရွေးယူလာနိုင်ခွင့်ရှိပါသည်။ သံတမန်ဝန်ထမ်းအနေဖြင့် ဘာပစ္စည်းပါသည်ဟု မသိပါ။ အရေးကြီးပုဂ္ဂိုလ်များအနေဖြင့် မသမာမှုများကို ပြုလုပ်နိုင်ပါသည်။ အထောက်အထားဖြင့် တိုင်ကြားသူရှိမှသာ သံကြီးတမန်ကြီးများ၏ ပစ္စည်းကို အကောက်ခွန်ဌာနမှူးက စစ်ဆေးနိုင်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းခေတ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ညီတော်သူ ဦးသိန်းညွန့် (မြန်မာ့ကုန်သွယ်ရေးရုံး တာဝန်ခံ၊ လန်ဒန်မြို့) အား လန်ဒန်မြို့ ဟိသရိုး လေဆိပ်တွင် မှောင်ခိုပစ္စည်းများဖြင့် အင်္ဂလန်အကောက်ခွန်အရာရှိများက ဖမ်းဆီးခဲ့ဖူးပါသည်။ ယခု နဝတ၊ နအဖ ခေတ်တွင် ဗိုလ်ချုပ်မှူးကြီး၏ မိသားစုကအစ ဒုတိယဝန်ကြီးအဆင့်ရှိသူများသည် ထိုင်းနိုင်ငံနှင့် စင်ကာပူ နိုင်ငံများသို့ ဈေးဝယ်ရန်၊ ဆေးကုသမှုခံယူရန်နှင့် အစည်းအဝေးတက်ရန် သွားရင်း ကျောက်မျက်ရတနာများကို ခိုးထုတ်နေကြပုံများကို ဗိုလ်ချုပ် မောင်အေးက အချက်အလက်အထောက်အထားများဖြင့် တင်ပြသည့်အပေါ် စာရေးသူအနေဖြင့်လည်း မြန်မာသံတမန်များ အသုံးချခံရပုံများကို လည်း ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂကြီး၏ ဗီယာနာ ကွန်ဗင်းရှင်းစာချုပ်အရ သံတမန်များအား ကင်းလွတ်ခွင့်နှင့် အရေးကြီးပုဂ္ဂိုလ်များကိုလည်း ပစ္စည်းများကို မရှာဖွေခြင်း၊ အကောက်ခွန်ကင်းလွတ်ခွင့် စသည်များကို ပေးထားသည့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်ခေတ် တလျှောက်လုံးတွင် စစ်ဝတ်စုံများ ဝတ်ဆင်ထားသူ မှန်သမျှသည်လည်း အနည်းနှင့်အများ ဥပဒေကို အလွဲ သုံးစား လုပ်ပိုင်ခွင့်၊ ဥပဒေပြစ်ဒဏ်မှ ကင်းလွတ်ခွင့်နှင့် ဥပဒေအပေါ်တွင် ရပ်တည်နေထိုင်ခွင့်များရှိနေပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး၏ တပ်မတော်အနေဖြင့် ကတိအတိုင်း ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည် ဖြစ်ပြီး အာဏာမလွှဲပေးဘူးဆိုသော စကားသည် အထူးအခွင့်အရေးများကို ရရှိနေသော စစ်ဗိုလ်ချုပ်ကြီးတဦး၏ မှန်ကန်သော စကားသာဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် ပြုလုပ်မည့် ရွေး ကောက်ပွဲသည် စစ်အာဏာရှင်များ၏ အလိမ်အညာလှည့်များမှ တစ်ခုသာ ဖြစ်ကြောင်းထင်ရှားလှပါသည်။

❖

# ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့၏ အကြမ်းဖက်မှုများ

ဗမာပြည်သားများတွင်ယဉ်ယဉ်ကျေးကျေး ချစ်ချစ်ခင်ခင်ဖြင့် ဦးလေးတော်သူကို ဦးဦး ဟူ၍၊ ဒေါ်လေးတော်သူကို ဒေါ်ဒေါ် ဟူ၍ ခေါ်ဝေါ်ပြောဆိုလေ့ရှိကြပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဦးစီးချုပ်ကြီးဟု အခေါ်အပြောကို စစ်ဗိုလ်လောကတွင်ရှိပါသည်။ ဦးစီးချုပ်ကြီးအား ချုပ်ချုပ်ကြီးဟူ၍၊ ချုပ်ချုပ်ကြီး၏ ဇနီးဒေါ်ကြိုင်ကြိုင်အား မယ်ဖုရားကြီးဟု ခေါ်ဝေါ်နေရပါသည်ဟု သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် အငြိမ်းစားသံတမန်ဝန်ထမ်းများထံမှ ကြားသိရ၍ အတော်အံ့သြသင့်မိပါသည်။ ပြောပြသူများက "ခင်ဗျား ရခိုင်လူမျိုးတွေလိုပဲ ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့ ခေါ်ရင် ဘုရားဟု ထူးနေကြရပါသည်"ဟု ဆိုပြန်ပါသည်။ သူ့ကျွန်ဘဝတွင် ဘုရားထူးခံ လူတန်းစားပေါ်ပေါက်ခဲ့ဖူးပါသည်။ စစ်ကျွန်ဘဝတွင်လည်း ဝန်ထမ်းများသည်လည်း စစ်ဗိုလ်ချုပ်များအား ဘုရားထူး၍ လက်အုပ်ချီရှနှင့် ဆိုင်ရှိနိုးကြရသည်မှာမဆန်းလှပါ။ မယ်ဖုရားကြီးနှင့် သမီးတော်ဖုရားများ ဖြစ်လာသည်ကသာ အမြင်မတော်ဆင်တော်နှင့် ခလောက်ဟုသာ ဆိုသင့်ပါသည်။ စာရေးသူတို့ ရခိုင်လူမျိုးများတွင် ကြီးသူ ခေါ်ဝေါ်ပါက ငယ်သူက ဘုရားထူးခြင်းသည် အစဉ်အလာ ယဉ်ကျေးမှုတရပ်ပင် ဖြစ်ပါသည်။ ဗမာပြည်ဘက်နှင့် နီးစပ်သော ရခိုင်ပြည်တောင်ပိုင်းတွင် ခင်ဗျာဟုသာ ထူးသူများ ရှိပါသည်။ စာရေးသူငယ်စဉ်ကပင် ခင်ဗျာဟုသာ ထူးလေ့ရှိ၍ ဦးကြီးဖြစ်သူက "ဘုရားထူးရတာယ်ကွ၊ ညဘက်မှာ မင်းနာမည်ကို မကောင်း

ဆိုးဝါး သရဲတစ္ဆေတွေ လူယောင်ဆောင်ပြီး ခေါ်ယူပြီး ဒုက္ခပေး နိုင်တယ် ဘုရားထူးလိုက်ရင် သရဲတစ္ဆေတွေပြေးရော'ဟု ဆိုဆုံးမဖူးပါသည်။ သရဲတစ္ဆေကို အယုံအကြည်မရှိ၍ ဘုရားထူးလေ့ မရှိခဲ့ဖူးပါ။ မကောင်းဆိုးဝါးဖြစ်သည့် ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့ ထွက်ပြေးစေလိုသော ဆန္ဒရှိလာ၍ ဗမာတစ်မျိုးလုံး ဘုရားထူးကြရသည့် ဘဝအမြန်ရောက်ရင်ပင် ကောင်းလေမလားဟု အတွေးချော်မိပါသည်။

၁၉၈၆ ခုနှစ်က လန်ဒန်မြို့သို့ ဆွေးတော်မျိုးတော် နောက်လိုက် ငယ်သား ၄၀ ကျော်ဖြင့် မဆလပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းဆေးဝါးကုသခံရန် ရောက်လာစဉ်ကလည်း တစ်ဖွဲ့လုံးက အဖေကြီးဟု ဦးနေဝင်းအား ခေါ်ဝေါ် ပြောဆိုသည်ကို ကြားဖူးပါသည်။ သံရုံးနှင့် စစ်သံရုံးမှ ဝန်ထမ်းများအားလည်း အဖေကြီးခေါ်ကြရန် တိုက်တွန်းညွှန်ကြားပေးသည်ကိုလည်း ကြုံဖူးခဲ့ပါသည်။ ကိုယ့်အရည်အချင်းနှင့်ကိုယ် သံတမန်ဖြစ်လာကြသော စာရေးသူတို့အနေဖြင့် အဖေကြီးဟု အခေါ်အဝေါ်မရှိခဲ့ကြပါ။ ရှောင်၍တိမ်း၍ ရရှိခဲ့ကြပါသည်။ ဗုဒ္ဓဘာသာစစ်စစ်က နွားကို ရှိခိုးရသောဘဝသို့လည်း အပြေးတော်၍ မကျရောက်ခဲ့ပါ။ စာရေးသူသည် သံရုံး(၃)ရုံးတွင် လုပ်သက် ၁၅ နှစ်နှင့် ရန်ကုန်ရုံးချုပ်ဖြစ်သည့် နိုင်ငံခြားရေးရုံးတွင် ၁၁ နှစ် စုစုပေါင်း ၂၆ နှစ်ဝန်ထမ်းသက်တမ်းတွင် နိုင်ငံအကြီးအကဲသမ္မတ၊ ဝန်ကြီးချုပ်ဆိုသူများသည် သံရုံးများသို့ လာရောက်လည်ပတ်လေ့ လုံးဝမရှိသလောက်ပင်ဖြစ်ပါသည်။ လာရောက်လည်ပတ်လျှင်ပင် ဝန်ထမ်းနှင့် မိသားစုများအားလုံးကို စုပြီး ဩဝါဒပေးလေ့ မရှိပါ။ ထိုင်ကန်တော့ခံလေ့လည်း မရှိပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်သာ နဝတ/နအဖ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သံရုံးဝန်ထမ်းနှင့် မိသားစုများအား ဩဝါဒပေးလေ့နှင့် ထိုင်ကန်တော့ခံလေ့ ရှိလာပါသည်။ စစ်ဗိုလ်သံအမတ်ကြီးများက သူတို့ဘာသာ အယူဝါဒအရ နွားကိုရှိခိုးကြရန် ငယ်မွေးခြံပေါက်ပညာဖြင့် လုပ်စားသောသံတမန်ဝန်ထမ်းများသည်လည်း မနေသာ၍ ထိုင်ကန်တော့ရသည်များ ရှိပါသည်ဟု တချို့ဝန်ထမ်းများထံမှ တစ်ဆင့်ကြားနေရပါသည်။ တချို့ကလည်း စစ်ဗိုလ်များသည် ကြိုတင်စီစဉ်ထားကာ အရပ်သားဝန်ထမ်းများအား စစ်ကျွန်အဖြစ် သွပ်သွင်းသည့် လုပ်ရပ်တစ်ခုဟု ကောက်ချက်ချကြပါသည်။

စစ်တပ်ကိုခုတုံးလုပ်ကာ ပဒေသရာဇ်၏ စိတ်ဝင်လာကြသော ကာကွယ်ရေး ဦးစီးချုပ်များဖြစ်သည့် ဗိုလ်နေဝင်း၊ ဗိုလ်စောမောင်နှင့် ဗိုလ်သန်းရွှေတို့တွင် တူညီချက်များရှိပါသည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်သန်းရွှေတို့သည် စာတိုက် စာရေးဘဝက စစ်ဗိုလ်ဖြစ်လာကြပြီး ဗိုလ်စောမောင်သည် ဓါတ်တိုင်တက်ပြီး လျှပ်စစ်မီးကြိုးသွယ်ရသည့် အောက်ခြေဘဝစပြီး စစ်ဗိုလ်ဖြစ်လာသူဖြစ်ပါ သည်။ သုံးဦးလုံးသည် ဦးနှောက်ဖရိုဖရဲနှင့် စိတ္တဇဝေဒနာသည် ဦးစီးချုပ် ကြီးများပင် ဖြစ်ပါသည်။ ဥပဒေကအောက် လူက အပေါ်တွင် နေလိုသူ များဖြစ်ပါသည်။ ဦးစီးချုပ်ဘဝကပင် ပဒေသရာဇ်စိတ်ကြီး ဝင်သွားကာ အပြန်အလှန် ပြောဆိုဆွေးနွေးမှု၊ ဝေဖန်မှု ညှိနှိုင်းဆောင်ရွက်မှုစသည်များကို လုံးဝမလိုလားသူများပင်ဖြစ်ပါသည်။ ငါတကောသမားများပင် ဖြစ်ပါသည်။ စစ်တပ်ကို ခုတုံးလုပ်ပြီး ကြောင်လိမ်ကြောင်ညာရဲသူများသာ ဖြစ်ပါသည်။ ဗိုလ်နေဝင်းက “လက်နက်နှင့် အာဏာသိမ်းရသည်မှာ မကောင်းသည့် အစဉ်အလာပါ”ဟု ပြောခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တဖန်လက်နက်နှင့် အာဏာ ပြန်သိမ်းနိုင်းခဲ့ပြန်ပါသည်။ ဗိုလ်စောမောင်က “တို့ဟာ ဗလောင်းဗလဲ မလုပ်ဘူး၊ ကလိန်ကကျစ်လည်း မလုပ်ဘူး၊ ရွေးကောက်ပွဲပြီးလျှင်တပ်မတော် ၏ တာဝန်ပြီးမြောက်ပြီဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးနှင့် မပတ်သက်၍ တပ်မတော်တွင် တာဝန်မရှိကြောင်း၊ နိုင်ငံတော်၏အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူများလက်ဝယ်သို့ မြန်နိုင်သမျှ မြန်မြန်ပြန်လည် အပ်နှင်းချင်ကြောင်း” ပြောဆိုသွားဖူးပါသည်။ မွန္တလေးတွင် ဆရာတော်ကြီး များအားလည်း “တပည့်တော် ဘာအပြစ်ရှိလို့တုန်း။ တပည့်တော်ဘာလုပ်ခဲ့ သတုန်း” ဟုလျှောက်ထားဖူးပါသည်။ ဗိုလ်စော မောင်အာဏာသိမ်းသော ၁၉၈၈ ခုနှစ်စက်တင်ဘာလ ၁၈ ရက်နေ့တွင်ပင် ရန်ကုန်မြို့ပေါ်တွင်ပင် လူပေါင်းငါးရာကျော် ပစ်သတ်ခံခဲ့ရပါသည်။

ဗိုလ်သန်းရွှေကလည်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်မွဲ တွင် “တပ်မတော်သည် နိုင်ငံရေးပါတီများကို ပစ်ပယ်ခြင်းမရှိ၊ တိုင်းပြည် ကောင်းအောင်လုပ်ကြရန်သာ အရေးကြီးသည်” ဟုပြောဆိုသွားခဲ့ပါသည်။ ကြံ့ဖွံ့အသင်းနှာယကအနေဖြင့်လည်း “နိုင်ငံအကျိုးပြုအသင်းကြီးအတွက် နိုင်ငံသားကောင်း၊ သမီးမွန်များ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးကို

ရည်ရွယ်ချက်ဖြင့် ကြံ့ဖွံ့သင်တန်းများ ဖွင့်ပေးရကြောင်း"ကို မိန့်ခွန်းချွေတော် ရှိပါသည်။ လက်တွေ့တွင် နိုင်ငံရေးပါတီများအား အမြစ်ဖြတ်ဖြတ်နေပါ သည်။ နိုင်ငံရေးသမားများနှိမ်နင်းရေးဝါဒကို ကြမ်းကြမ်းတမ်းတမ်း လုပ်ဆောင်နေပါသည်။ ကြံ့ဖွံ့လူငယ်များသည် လူသတ်သမားဖြစ်လာပါ သည်။

စစ်သားများအား ကတုံးရိပ်ကာ သက်နှ်းစည်းပေးပြီး ထောက်လှမ်း ရေး အလုပ်လုပ်ခိုင်းခဲ့သည်များမှာ ဗိုလ်နေဝင်းခေတ်ကပင် ပေါ်ပေါက်ခဲ့ပါ သည်။ ဗိုလ်သန်းရွှေခေတ်တွင် စစ်သားများ၊ ရာဇဝတ်သားများ၊ ကြံ့ဖွံ့ များအား ကုတုံးရိတ်ကာ သက်နှ်းစည်းပေးပြီး နိုင်ငံရေးသမားများအား သုတ်သင်နေပါသည်။ နောက်ပေါ်ဗိုလ်သန်းရွှေက ဗိုလ်နေဝင်းထက်ပိုကဲလာ သည့်သဘောပင်ဖြစ်ပါသည်။ နိုင်ငံရေးသမားနှိမ်နင်းရေး မူဝါဒထက်ပင် ကျော်လွန်လာကာ မြန်မာတမျိုးသားလုံး အကျင့်စာရိတ္တမြင့်မားရေးကို အထောက်အကူပြုနေသော ဘုရားသားတော် ရဟန်းသံဃာတော်များအား အကြည်ညိုပျက်စေရန် ရဟန်းတုရဟန်းယောင်များနှင့် အကြမ်းဖက်သည့် မူဝါဒကို ကျင့်သုံးနေပါသည်။ ဗိုလ်နေဝင်းခေတ်တွင် ဗုဒ္ဓဘာသာ သာသနာ သည် ဗိုလ်နေဝင်းမကိုးကွယ်၍ စစ်ဗိုလ်စစ်သား ဝန်ထမ်းများသည်လည်း မကိုးကွယ်ရဲသလို ဖြစ်ခဲ့ရပါသည်။ သံရုံးဝန်ထမ်း ဘဝတွင် စာရေးသူ ကိုယ်တိုင်ပင် ဆရာတော်ကြီးတစ်ပါးအား သံရုံးဝန်ထမ်းများနှင့် စုပေါင်းကာ လစဉ်ဆွမ်းကျွေးမည့်ကိစ္စကို ဆောင်ရွက်စဉ်မှာပင် ဗိုလ်နေဝင်း၏ အစေ အပါးများ ကန့်ကွက်၍ ပျက်စီးသွားခဲ့ဘူးပါသည်။

ဗိုလ်နေဝင်းသည် တပ်မတော်၏ ဘခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရင်သွေး ဒေါ်အောင်ဆန်းစုကြည်အား သတ်ဖြတ်ရန်အထိ အတင့်မရဲခဲ့ပါ။ ချုပ်ချုပ်ကြီး ဗိုလ်သန်းရွှေသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အား အပြတ်ရှင်းနိုင်ပါက စစ်အာဏာရှင်စနစ်အား အံတုရဲသူ မရှိနိုင်တော့ပါဟု မှားယွင်းစွာ တွေးတောကြံစည်နေပါသည်။ မယ်ဖုရားကြီးဒေါ်ကြိုင်ကြိုင်ကလည်း ဤအတွေးမျိုးရှိကာ ချုပ်ချုပ်ကြီးအား နဖားကြိုးဆွဲနေပါသည်။ ဗမာပြည်သူပြည်သား တစ်ရပ်လုံးက ဒီမိုကရေစီ ဆိုသည်ကို သတိမူဟန်မတူပါ။ စစ်အစိုးရသည် ပြည်သူပြည်သားများနှင့်

ဖို့ပဏ္ဏဖြစ်နေခြင်းသာ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မရှိတော့ရင် စာတ်လမ်းဆုံးသွားပြီဟု ချုပ်ချုပ်ကြီးက အရူးဖြစ်၍ အရူးလိုတွေးတောကြံစည်သောကြောင့် ကမ္ဘာပြည်သူများက ငိုမိုနာကြည်းပြီး ပိတ်ဆို့ဒဏ်ခတ်မှုခံရရုံသာ ရှိပါမည်။ ကမ္ဘာက အသိအမှတ်ပြုထားသော လူထုခေါင်းဆောင်တဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံသတ်ဖြတ်လိုက်ပါက ဗမာပြည်တွင် နောက်ပေါက်မွေးဖွားလာမည့် လူသားများ၏ဘဝ ဘယ်ကဲ့သို့ ဖြစ်သွားနိုင်သည်ကို မတွေးတောသူများတွင် ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့က ထိပ်တန်းမှ ပါဝင်နေပါသည်။ ဗိုလ်နေဝင်း၏လုပ်ရပ်ကြောင့် ယနေ့ လူငယ်လူရွယ်များ အတတ်ပညာမဲ့ပြီး ဒုက္ခပင်လယ်ဝေနေသည်ကို သတိမူသင့်ပါသည်။

သမီးတော်များ၏ ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးနှင့် လူမှုရေးများတွင်ပင် ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီးတို့က မတူမတန်မှုဝါဒဖြင့် အကြမ်းဖက်လေ့ရှိသည်ဟု လူငယ်လူရွယ်များက ပြောဆိုနေကြပါသည်။ အိမ်တွင်းအကြမ်းဖက်မှုသည် စာရေးသူတို့ကိစ္စမဟုတ်ပါ။ နိုင်ငံရေးအကြမ်းဖက်မှုကိုသာ ခုံရုံးတင်ရေးနှင့် တကမ္ဘာလုံးက ဒဏ်ခတ်အပြစ်ပေးရေးကိစ္စသည်သာ ဦးစားပေးကိစ္စများဖြစ်ပါသည်။ တိုင်းပြည်နှင့်လူမျိုးကို ခွဲပြာကျစေသည့် စစ်အာဏာရှင်များလုပ်ရပ် အဆုံးသတ်ရေးသည်သာ အဓိက ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အား မလိုလားသူများက ဆန္ဒပြကြသည်ဟု ဆိုပါသည်။ ချုပ်ချုပ်ကြီးသန်းရွှေအား မလိုလားသူများ ဆန္ဒပြခွင့်ရှိပါသလား၊ ချုပ်ချုပ်ကြီးနယ်ဆင်းပါက ကျေးရွာများတွင် လူစုရန်စေးကွာခွ၊ မီးမွေးပြီး ဟင်းထမင်းပင် ချက်ခွင့်မပြုပါ။ အိမ်ထဲက အိမ်ပြင် ကျေးရွာသားများ ထွက်ခွင့်မရှိပါ။ တကိုယ်တော်ဆန္ဒပြသူများကိုပင် ထောင်နှစ်ရှည်ထောင်ချနေပါသည်။

ချုပ်ချုပ်ကြီး၏ လက်ကိုင်တုတ် ကြံ့ဖွံ့များသည် ၁၉၉၆ ခုနှစ်ကပင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဗဟန်းမြို့နယ်မှာပင် အကြမ်းဖက်ဖူးပါသည်။ ရဲဌာနတွင် အမှုဖွင့်ခဲ့သော်လည်း စုံစမ်းအရေးယူမှုလုံးဝမရှိခဲ့ပါ။ ဒလမြို့နယ်ကအစ ဒီပဲယင်းမြို့နယ်အဆုံး အကြမ်းဖက်မှုပေါင်းများစွာ ရှိခဲ့ပါသည်။ ကာကွယ်စောင့်ရှောက်မှု မရှိခဲ့ပါ။

ပြည်သူ့မိတ်ဆွေနိုင်ငံရေးသမားများအား အကြမ်းဖက်မှုများ များပြားလာ၍ ပြည်သူ့အုံကြွပေါက်ကွဲမှုကြီး နီးကပ်လာပြန်ပါသည်။ နိုင်ငံရေးသမားနှင့် လူထုကို ကင်းကွာအောင် ဆောင်ရွက်၍ မရပါ။ ငါးသည် ရေထဲတွင်သာ အသက်ရှင်သန်ပါသည်။ နိုင်ငံရေးသမားဒေါ်အောင်ဆန်းစုကြည်သည် လူထုထဲတွင် ပိုမိုရှင်သန်လာနေသည်ကို အကြောက်ကြီး ကြောက်လာသော ချုပ်ချုပ်ကြီးက အကြမ်းဖက်လာခြင်းပင်ဖြစ်ပါသည်။ ချုပ်ချုပ်ကြီးသည် အသက် ၇၀ ကျော်နေ၍ စစ်တပ်တန်းလျားသို့လည်း ပြန်လမ်းမရှိတော့ပါ။ ဤ ၂၁ ရာစုနှစ်တွင် ပဒေသရာဇ်စနစ်လည်း မရှင်သန်နိုင်တော့ပါ။ ဘုရင်ရူးရူး အာဏာရူး၍သာ အနိုက်အတန့်ရနိုင်ပါသည်။

ချုပ်ချုပ်ကြီးနှင့် မယ်ဖုရားကြီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ စစ်သည်တော်များ၏ဘဝ မချုပ်ငြိမ်းစေလိုပါက စစ်သည်တော်များအနေဖြင့် လူထုနှင့် ပူးပေါင်းကာ ချုပ်ချုပ်ကြီးအား ဖမ်းချုပ်ကြရပါမည်။ ကမ္ဘာ့တရားရုံးသို့ လွှဲပြောင်းပေးကြရပါမည်။

❖

# အပကိုပုံချပြီး ထွက်ပေါက်ရှာ၍ မရတော့ပါ

မျက်မှောက်ကာလတွင် စစ်အာဏာရှင်များနှင့် တစ်ပါတီအာဏာရှင်များသည် ကြောင်ကျမကျ ခွေးကျကျနေသည်ကို တွေ့မြင်နေကြရပါသည်။ ဆာဒမ်ဟူစိန် ကျဆုံးပြီးနောက် သတင်းသမားများက အီရတ်နှင့် ပတ်သက်၍ ရယူသင့်သော သင်ခန်းစာများကို ရှာတော့ပေါင်းစုံက ရေးသားချက်များသည် ဖက်မဆုံးပေါင် တောသုံးတောင်မက ကျယ်ဝန်းလှပါသည်။ စာရေးသူ၏ ငယ်စဉ်ဘဝကပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(တရုတ်နီ) က အပကိုပုံချပြီး၊ ရန်သူကိုလက်ညှိုးထိုးပြီး တစ်ပါတီ အာဏာရှင်စနစ်ကို တည်မြဲအောင် ကြံဆောင်ပုံများနှင့် အီရတ်ကျဆုံးသွားပုံများသည်လည်း အတွေးထဲပြန်ဝင်လာပါသည်။ တရုတ်သတင်းဆင့်ဂါနှင့် ပီကင်းရေဒီယိုတို့မှ အမေရိကန်နှင့် တရုတ်ဖြူ အစိုးရတို့အား အကြိမ်ပေါင်း ငါးရာကျော်ခြောက်ရာ အထိ သတိပေး အပုတ်ချသည်များကို ကြားဖူးနားဝရှိခဲ့ပါသည်။

ကိုယ့်ပြည်တွင်းတွင် တိုးတက်ထွန်းကားမှုမရှိ၍ အပကို ပုံချလေ့ရှိသော ပေါ်လစီပင်ဖြစ်ပါသည်။ တရုတ်ပြည်မကြီးသည် တိုးတက်ထွန်းကား လာနေပြီဖြစ်၍ ပေါ်လစီဟောင်းကို စွန့်လွှတ်ကာ အမေရိကန်ပြည်ထောင်စု နှင့် ပုလဲနံမသင့်ကာ စီးပွါးကုန်သွယ်ဖက်ဖြစ်သွားပြီး တရုတ်ဖြူအရင်းအနှီး များပင် ပြည်မကို စီးဝင်လျက်ရှိနေပါသည်။

တရုတ်နီ၏ တပည့်ကျော် ဗမာစစ်ဗိုလ်များသည်သာ မိမိတို့ညံ့ဖျင်း၍ တိုင်းသူပြည်သားများ ဆင်းရဲမွဲတေနေသည်ကိုပင် အပပယောဂကြောင့်၊

အမေကျော်ဒွေးတော်လွှမ်းသောကြောင့်၊ ပြည်ပအားကိုးပုဆိန်ရိုးများကြောင့်၊ အဆိုးမြင်ဝါဒီသမားများကြောင့်ဟု ပုံချလျက်ရှိနေပါသည်။ မိမိတို့တွင်တာဝန်မရှိကြောင်း၊ ပြည်ပအဖျက်သမားတွင်သာ တာဝန်ရှိကြောင်း စသဖြင့် မဆလ၊ နဝတ၊ နအဖ စစ်အာဏာရှင်များ၏ စကားသည် အပ်ကြောင်းထပ်လျက်ရှိနေပါသည်။ ဆဒမ်ဟူစိန်သည်လည်း ဓါးတဝင့်ဝင့်၊ သေနတ်တစ်ဖောက်ဖောက်ဖြင့် မိမိအသုံးမကျသမျှကို အပကိုပုံချပြီး ထွက်ပေါက်ရှာရင်း၊ ချုပ်ငြိမ်းသွားခဲ့ပါသည်။

ကိုယ်ကောင်း ခေါင်းဘယ်မှမရွှေ့၊ ဘယ်သူမပြု မိမိမှုဆိုသော လောကဓမ္မတာတရားများကို မသိရှိသူများအား စိတ်ပညာရှင်များက စိတ်ဝေဒနာရှင် အရူးများဟု ကောက်ချက်ချကြပါသည်။ အီရတ်အာဏာရှင် ဆဒမ်ဟူစိန်၊ ယူဂိုဆလပ် အာဏာရှင် မီလိုဆီဗစ်၊ ဗမာအာဏာရှင် ဗိုလ်သန်းရွှေနှင့် ဗိုလ်ခင်ညွန့်တို့သည်လည်း ဤပုတ်ထဲမှ ဤပဲများပင်ဖြစ်ပါသည်။

ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနှင့် ဗိုလ်ခင်ညွန့်တို့က တိုင်းပြည်ကြီးအေးချမ်းသာယာပြီး တိုးတက်နေပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အဘက်ဘက်တွင် ယခင်အစိုးရများခေတ်ကနှင့်မတူဘဲ တိုးတက်နေပါသည်ဟု ကြွားလုံးထုတ်လေ့ရှိပါသည်။ မန္တလေးမြို့လည်း အလွန်ခေတ်မီတိုးတက်နေပါသည်ဟု ပြောနေသည့်အချိန်ကာလတွင်ပင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှထုတ်ပြန်သော ကိန်းဂဏန်းများအရ လူ ၁၀၀ လျှင် ရန်ကုန်မြို့၌ တယ်လီဖုန်း ၄ လုံးခန့်နှင့် မန္တလေးတွင် ၃ လုံးခန့်သုံးစွဲ လျက်ရှိသည်ဟု မြန်မာတိုင်း(မ်)သတင်းစာတွင် ဖော်ပြထားပါသည်။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က ကြေးမုံသတင်းစာတွင် စစ်အာဏာရှင်များ အကြိုက်ဖြစ်၍ ဘာသာပြန်ဖော်ပြသော ပါရဂူဘွဲ့ရ ဒေးဗစ်အိုးဖီး၏ "အလုပ်ဖြစ်နိုင်မည့် မြန်မာနိုင်ငံရေး ချဉ်းကပ်မှုသစ်" ဆောင်းပါးတွင်ပင် "နိုင်ငံရေးတွင် မည်သည့်ကိစ္စမှ သေချာပေါက်ဖြစ်မည်" ဟူ၍ မဆိုနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်တို့ အသေအချာသိသော အချက်ကားရှိပါသည်။ ထိုအချက်မှာ မြန်မာနိုင်ငံတွင် သန်းနှင့်ချီ၍ရှိနေသော ပြည်သူများသည် အလွန်ဆင်းရဲသော အခြေအနေတွင် ရှိနေကြသည်။ တိုင်းသူပြည်

သားများအနေဖြင့် အေးချမ်းဖြိုးအစိုးရအဖွဲ့နှင့် အင်န်အယ်လ်ဒီပါတီတို့ ရှေ့ ာစ်လှမ်း တိုးလာမည့်အချိန်ကို ကြာကြာစောင့်ဆိုင်းမနေနိုင်ကြတော့ ှသော အချက်ပင် ဖြစ်ပေသည်" ဟု ပေါက်ကွဲတော့မည့် အခြေအနေကို ရေးသားထားပါသည်။

သေမထူးနေမထူးသော အငတ်ဘေး ကျရောက်လျက်ရှိနေပါသည်။ အပ ပယောဂကြောင့်မဟုတ်ပါ။ စစ်အာဏာရှင်များက တိုင်းပြည်ရေးထက် မိသားစုကောင်းစားရေးကိုသာ ဦးစားပေးလွန်း၍ ဖြစ်ပါသည်။

ဗိုလ်ခင်ညွန့်ကပင် အမေရိကန်အစိုးရအနေဖြင့် မြန်မာစစ်အစိုးရအား ီးပွါးရေးပိတ်ဆို့သည့် ဥပဒေကြောင့် မြန်မာအမျိုးသမီးငယ်များ အလုပ် ာက်မဲ့ဖြစ်ကာ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ဆီးစေမည့် လူ့အခွင့်အရေး ျိုးဖောက်မှုဖြစ်သည်ဟု ဝေဖန်ပြန်ပါသည်။ လူ့အခွင့်အရေးဆိုပါလား။ ခွေးပါးစပ်က နတ်စကား ပြောသလိုဖြစ်နေပါသည်။ ဗိုလ်ခင်ညွန့်၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကြီး ဖြစ်နေသော်လည်း မိမိအစ်ကိုအရင်း ဒေါက်တာသန်းငြိမ်းသည် ဗိုလ်ခင်ညွန့်၏စစ်ထောက်လှမ်းရေး အကျဉ်းသားဖြစ်ကာ နာမကျန်းဖြစ်နေ သည်ကိုပင် သတင်းပေးနိုင်သော လူ့အခွင့်အရေး လုံးဝမရှိပါ။ ဒေါက်တာ ခင်ဝင်းရွှေ ကိုယ့်အမျိုးသမီးများအသင်းဝင် ဗမာအမျိုးသမီးများသည်လည်း လူ့အခွင့်အရေးဝေး၍ အာရှတိုက်ရှိ မွတ်ဆလင်အမျိုးသမီးများ အခွင့်အရေးမျိုးပင် မရရှိကြသေးပါ။ အခြားနိုင်ငံတွင် အမျိုးသမီးဝန်ကြီးချုပ်နှင့် အမျိုးသမီး သမ္မတကြီးများ ဖြစ်နေကြပါပြီ။ ဗမာအမျိုးသမီးထဲမှ ဒုတိယဝန်ကြီးရာထူး ပင် ရသူမရှိသေးပါ။ ရာထူးအသာထားပြီး အမျိုးသမီးများ ထမင်းတလုပ် အတွက် ဘယ်ဘဝ ရောက်ရှိနေကြသည်ကို ဗိုလ်ခင်ညွန့်တို့ ထောက်လှမ်း ရေးသမားများက ပိုမိုသိရှိကြပါသည်။

ဗိုလ်ခင်ညွန့်နှင့် ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သည့် အလွန်ဈေးကြီးသော စမ်းချောင်းမြို့နယ်ရှိ အာရှတော်ဝင် နှလုံးနှင့် အထွေထွေရောဂါအထူးကုဆေးခန်း၏ ကြော်ငြာနှင့် ဈေးဝယ် လမ်းညွှန် (ဗိုလ်ခင်ညွန့်၏သား ဒေါက်တာရဲနိုင်ဝင်းပိုင်) မဂ္ဂဇင်းတွင်ပါသော ကြော်ငြာကပင်လျှင် ဗိုလ်ခင်ညွန့်မိသားစုသည် မရှက်မကြောက် အများပိုင်

အသင်းပိုင်ပစ္စည်းကို ဘယ်၍ဘယ်မျှရိုက်စားနေသည်ကို သိသာလှပါသည်။ 'မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများကို တိကျစွာ စမ်းသပ်ရှာဖွေနိုင်သော နောက်ဆုံးပေါ် Invasive Cardiovascular Laboratory စက်၊ နှလုံးနှင့် အဆုတ်တို့၏ ပုံရိပ်များကို ပြတ်သားစွာ ရိုက်ကူးပေးနိုင်သော ဥရောပလုပ် Max-Ray ဓါတ်မှန် စက်သစ်ကြီးများကို အဆင်သင့်ထားရှိပြီး ဆရာဝန်ကြီးများက လူနာများ၏ ရောဂါဝေဒနာအခြေအနေကို တိတိကျကျ ရှာဖွေစမ်းသပ်ဖော်ထုတ်ပေးလျက် ရှိနေပါသည်။'

နိုင်ငံတကာမှ လူသားချင်းစာနာမှုအကူအညီများသည် အများပြည်သူနှင့်သက်ဆိုင်သော အစိုးရဆေးရုံကြီးများအတွက်မဟုတ်ဘဲ အလွန်ရိတ်သောပုဂ္ဂလိကဆေးရုံများတွင် လူမှုရေးဘမ်းပြီး ရိုက်စားနေသော ဒေါက်တာခင်ဝင်းရွှေတို့ လက်ထဲရောက်နေပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဲ့သို့ အစိုးရအဖွဲ့မဟုတ်သော အသင်းအဖွဲ့များသည်လည်း စစ်ဗိုလ်မယားများနှင့် စစ်ဗိုလ်သားသမီး ဆွေမျိုးများလက်ထဲ ရောက်နေပါသည်။ လူသားချင်းစာနာမှုဖြင့် နိုင်ငံတကာနှင့် ကုလသမဂ္ဂအဖွဲ့မှ ပေးသဖြင့်ငွေသားနှင့် ပစ္စည်းများသည် စစ်ဗိုလ်များ၏ ရိုက်စားကွက်ထဲသို့သာဝင်နေပါသည်။ ကမ္ဘာ့ပြည်သူများ၏ စေတနာသည် ဖွဲထဲရေသွန်သလိုဖြစ်နေပါသည်။

နဝတ/နအဖ စစ်ဗိုလ်များရိုက်စား၍ အမိဗမာပြည်ရှိ ပင်လယ်ပြင်တွင်လည်း ငါး၊ ပုစွန် မရှိသလောက် ဖြစ်နေပါသည်။ ဘုရားဒကာကြီးဗိုလ်ခင်ညွန့်၏ သားမက် ဦးမင်းထွတ်ကိုယ်တိုင် ငါးဖမ်းစက်လှေနှစ်စီးဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ငါးဖမ်းခဲ့ပါသည်။ ကျောက်ဖြူနှင့် မာန်အောင်မြို့များ အနီးရှိ ဘင်္ဂလားပင်လယ်အော်တွင် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခု နှစ်အထိ စက်လှေတစ်စီးသည် တစ်နေ့တွင် ငါး၊ ပုစွန် ပိဿာချိန်သုံးထောင်ကျော် ရရှိခဲ့ပါသည်။ ယခုအချိန်ကာလတွင် တစ်နေကုန်ဖမ်းမှ ငါး၊ ပုစွန် သုံးပိဿာပင်မရရှိအောင်အထိ မျိုးတုန်းသွားပါသည်။ စည်းမဲ့ကမ်းမဲ့ လုပ်ဆောင်ခဲ့၍ ယနေ့ကာလတွင် ငါး၊ ပုစွန်အလွန်ပေါများသော ရခိုင်ဒေသတွင် ငါး၊ ပုစွန်ရှားပါးကာ ဒေသခံလူများ အလွန့်အလွန်

ဆင်းရဲဒုက္ခရောက်လျက်ရှိနေပါသည်။ အနည်းငယ်ထွက်သော ငါး၊ ပုဇွန်များကိုလည်း ဝ လူမျိုးအမည်ခံ တရုတ်လူမျိုးကလာဝယ်နေ၍ အလွန်ဈေးမြင့်ကာ ပင်လယ်နားက လူများ ငါး၊ ပုဇွန်မစားရတော့သည့်ဘဝ ရောက်လျက်ရှိပါသည်။

ဗမာပင်လယ်ပြင်တွင် ငါး၊ ပုဇွန်ရှားပါးသွားခဲ့ပါသည်။ ကုန်းပေါ်တွင်လည်း ကျွန်းပင်၊ ပျဉ်းကတိုးပင်များ မျိုးပြုန်းသလောက်ရှိနေပါသည်။ ကျောက်မျက်ရတနာ တူးဖော်ကြရာတွင်လည်း ဒေသခံမိုးကုတ်သားများ ဒုက္ခရောက်လျက်ရှိပြီး စစ်ဗိုလ် သား သမီး သမက်များနှင့် လက်နက်ကိုင် အပစ်အခတ် ရပ်စဲသူများသာ ကြီးမားစွာ လက်ဝါးကြီး အုပ်နေပါသည်။ အပစ်အခတ်ရပ်စဲထားသူများလက်ဝယ်မှ အလွန်အဖိုးတန်သော ကျောက်စိမ်းတုံးကြီးကိုလည်း ဗိုလ်ခင်ညွန့်က တိုင်းပြည်အတွက် အလှူပေးပါဟု အတင်းဖောင်ပိုင်စီးကာ နိုင်ငံခြားငွေပြတ်လာ၍ ဖဲ့ရောင်းစားနေရပါသည်။ ကျောက်မျက်ရတနာ ရောင်းချပွဲကိုလည်း တစ်နှစ်တစ်ကြိမ်သာ မဟုတ်တော့ဘဲ၊ နိုင်ငံခြားငွေလိုသမျှ ကျင်းပနေရပါသည်။ ကျောက်မျက်ရတနာနှင့် ဓာတ်ငွေ့များ ကုန်ခမ်းသွားပါက ကြံ့ဖွံ့လူငယ်များ လိင်ကျွန်ဘဝရောက်ရန်သာ ရှိပါတော့သည်။ လူသတ်ကောင်တော့ဖြစ်သွားကြပါပြီ။

ဗိုလ်ချုပ်ကြီးတို့သည် နိုင်ငံရေးတွင် နလပိန်းတုံး၊ စီးပွါးရေးတွင် သဘောမပေါက်၊ အုပ်ချုပ်ရေးတွင် နားမလည်၊ နိုင်ငံအတွက် စကားပြောလည်း စကားပြန် မပါလျှင်မပြီး၊ မိန့်ခွန်းစာတမ်းရေးရာတွင်လည်း အပကို မှီခိုနေရပါသည်။ မိမိကိုယ်ကိုယ်မိမိ မယုံကြည်ဘဲ ဆင်ဖြူတော်ပသ၍ ဘိုးတော် မယ်တော်များကိုယုံကြည်ကြပြီး ဓာတ်ရိုက်ဓာတ်ဆင်ယတြာချေနေခြင်းသာ အပကို အားကိုးခြင်းပင် ဖြစ်ပါသည်။ မိမိထက်သာလျှင် မနာလိုသော အဘိဇ္ဈာစိတ်ဖြင့် သေနတ်နှင့်ပစ်ရန်နှင့် ဝါးချွန်ဖြင့် ထိုးသတ်ရန်သာ တတ်ကျွမ်းပါသည်။

သတင်းပညာခေတ်ကြီးတွင် ညံ့ဖျင်းသူများသည်သာ အပကို ပုံချရင်းခွေးကျ ကျသွားကြပါသည်။ မည်သူက အပကို အားကိုးသည်၊ မည်သူက တရုတ်ကြီးကို အဖေခေါ်နေသည်ကို ဖုံးကွယ်၍ရသောခေတ် မဟုတ်တော့ပါ။

အချုပ်ဆိုရသော် အပကိုအားကိုးပြီး သက်ဆိုးရှည်နေသော နအဖ စစ်ကောင်စီဝင်များအနေဖြင့် အပကိုပုံချပြီး ထွက်ပေါက်ရှာ၍ရသော ခေတ် မဟုတ်တော့ပါ။ စစ်အာဏာရှင်များခွေးကျကျနေကြပါသည်။ မိမိကိုယ်ကို မိမိအားကိုးပြီး၊ မိမိတိုင်းပြည်ကိစ္စကို မိမိတို့အချင်းချင်း ညှိနှိုင်းအဖြေရှာခြင်း သည်သာ ဆင်းရဲတွင်းက လွတ်မြောက်မည့် ထွက်ပေါက်ဖြစ်ပါသည်။

❖

# ဆိုးနိုင်ငံ ကောင်းစေရန်

စာရေးသူသည် 'ဆိုးဆိုးပေပေ ဒို့တိုင်းပြည်၊ မှောက်မှောက်ပျံ့ပျံ့ ဒို့နိုင်ငံ' ဆောင်းပါးကို ၁၉၉၃ ခုနှစ်ကပင် ရေးသားဖူးပါသည်။

ဆရာကြီးဒေါက်တာထင်အောင်၏ ဥဒေါင်းရှမ်းအလွန် (The Stricken Peacock)စာအုပ်ကို ဘာသာပြန်သူ ဆရာ အောင်သန်း(မန္တလေး) ၏ အမှာစာတွင်

'မချမ်းသာဘဲ၊ လွန်ဆင်းရဲ၍
မွဲမွဲတေတေ၊ ရှိလင့်စေဦး
မသွေအမှန်၊ ကိုယ့်နိုင်ငံတည်း' ဟူသော

ကဗျာကိုဖတ်ရ၍ တဖန် ဤဆောင်းပါးကို ရေးရန်စိတ်ကူးမိသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်ကုန်ပိုင်းတွင် ဆိုးနိုင်ငံတစ်နိုင်ငံ၏ အာဏာရှင် ဂေါနယ်ကဒါဖီ(လစ်ဗျားနိုင်ငံ) က သူဆိုးခဲ့သမျှကို ခဝါချကာ နိုင်ငံတကာအသိုင်းအဝိုင်းထဲသို့ ပြန်ဝင်လာတော့မည်ဟု ကြေလှမ်းပြင်ဆင်လာ၍ ဆိုးဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးနှင့် ဗိုလ်ခင်ညွန့်တို့ အနေဖြင့် ဂေါနယ်ကဒါဖီကဲ့သို့ အမြင်မှန်ရကာ ပြုပြင်ကောင်းပြုပြင်နိုင်ကြပါစေ ဆိုသော မေတ္တာတရားပေါ်ပေါက်မိပါသည်။

အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှားသည် ဆန့်ကျင်ဖက်သဘော ဆောင်သော်လည်း ပျက်အစဉ် ပြင်ခဏဆိုသော မြန်မာ့စလေ့အရ စစ်ဗိုလ်ဆိုးများ အမှန်တရားကို သိမှားလည်ကာ ကိုယ်ကျင့်တရား (Moral

Values) တိုးတက်လာအောင် ပြောဆိုရေးသားနေသူများကပင် လက်ပန်းကျ လာသည့် အနေအထားတွင်ရှိနေပါသည်။ ခွေးမြီးကောက် ကျည်တောက်စွပ် သလို ဖြစ်လာပြန်ပါသည်။

နိုင်ငံပေါင်း ၂၀၀ နီးပါးအဖွဲ့ဝင်ရှိသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး ကလည်း ဗမာနိုင်ငံအာဏာရှင်များအပေါ် ပြစ်တင်ရှုတ်ချကာ အထူးသံတမန် များ အကြိမ်ကြိမ်စေလွှတ်ပြီး ကောင်းစေလို၍ ညောင်ရေလောင်းလျက် ရှိနေပါသည်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၅ နိုင်ငံရှိလာသော ဥရောပသမဂ္ဂ ကလည်း စစ်ဗိုလ်ဆိုးများ၊ ၎င်းတို့၏ ဇနီးများနှင့် သားသမီးများပါမကျန် ပိတ်ဆို့ ဒဏ်ခတ် ထားပါသည်။

ကျူးဘား၊ လစ်ဗျား၊ ဗမာ၊ မြောက်ကိုရီးယား၊ ဆီးရီးယား၊ ဇင်ဘာ ဘွေနှင့် အီရန်စသည့် နိုင်ငံများသည် ကမ္ဘာပေါ်တွင် ဆိုးနိုင်ငံစာရင်းဝင်နေ ပါသည်။ မိစ္ဆာနိုင်ငံများဟုလည်း လူသိများပါသည်။

ဆိုးနိုင်ငံသတ်မှတ်ခံရသည့် အကြောင်းရင်းခံတချို့ကို အောက်တွင် ဖော်ပြပါမည်။

(၁) အာဏာရှင်နိုင်ငံဖြစ်ခြင်း၊ အာဏာသိမ်းခြင်း၊ ရွေးကောက်ပွဲတွင် မဲလိမ်ခြင်း၊ အနိုင်ရပါတီကို အာဏာလွှဲမပေးခြင်း၊ တရားဥပဒေမစိုးမိုးခြင်း။

(၂) ကိုယ့်နိုင်ငံသားများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း။ နိုင်ငံရေး အယူအဆ မတူသူများကို ဖမ်းဆီးခြင်း၊ ထောင်ချထားခြင်း။ အပြစ်မဲ့သော အရပ်သူအရပ်သား၊ ကမ္ဘာသူကမ္ဘာသားများကို အကြမ်းဖက် သတ်ဖြတ်ခြင်း၊ လူမျိုးခွဲခြားခြင်း၊ လူမျိုးစုလူမျိုးငယ်များကို အမြစ်ဖြတ်ခြင်း။ မတရား သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မပြောင်းရွှေ့ပြစ်ခြင်း။

(၃) လူသားအမြောက်အများ သေကျေပျက်စီးနိုင်သည့် အဏုမြူ နူကလီးယားနှင့် ဗုံးပုံကြီးများကို ကုလသမဂ္ဂအဖွဲ့ချုပ်၏ ကန့်သတ်ချုပ်ခြယ် ထားသည့်ကြားမှ ထုတ်လုပ်ခြင်းနှင့် ပြန့်ပွါးစေခြင်း။

အထက်ဖော်ပြပါ အပိုဒ်(၁)နှင့် အပိုဒ်(၂)ပါ ဆိုးသွမ်းမှုဟူသမျှသည် ယနေ့ ဗမာပြည်တွင် တွေ့မြင်နေရ၍ ဆိုးနိုင်ငံစာရင်းဝင် ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်၏ နိုင်ငံရေးလမ်းစဉ်သည် သူ့ဆရာကြီး ဦးနေဝင်း၏ မဆလလမ်းစဉ်ကဲ့သို့ တိုင်းသူပြည်သားလူများစု၏ သဘောဆန္ဒကို အခြေမခံသောကြောင့် လူတစ်စုလူတစ်ဖွဲ့သာ အာဏာပိုင်စိုးသော အာဏာရှင်လမ်းစဉ်သာဖြစ်၍ ဆိုးနိုင်ငံစာရင်းက ရုန်းထွက်နိုင်မည်မဟုတ်သည်မှာ သေချာလှပါသည်။

ဆိုး ကဒါဖီပင် လူကောင်းစာရင်းဝင်လာ၍ ဗြိတိသျှဝန်ကြီးချုပ်ပင် ကဒါဖီဆီသို့ တရားဝင်သွားလည်ပါတော့မည်။ ဆိုးဗိုလ်သန်းရွှေနှင့် ဗိုလ်ခင်ညွန့်တို့က ဆက်ဆိုးသွမ်းဆဲပင် ဖြစ်ပါတော့သည်။

ဗိုလ်သန်းရွှေသည် ဂျွန်ဖိုးစောလမ်းစဉ်အတိုင်း လက်ကိုင်တုတ်ကြံ့ဖွံ့များဖြင့် ဒေါ်အောင်ဆန်းစုကြည်အား အပြတ်ရှင်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ သေကံမရောက် သက်မပျောက်ခဲ့ပါ။

ဗိုလ်ခင်ညွန့်က တရုတ်ကွန်မြူနစ်ခေါင်းဆောင်ကြီးမော်စီတုန်း၏ စစ်ပရိယာယ်မျိုးကို ကျင့်သုံးနေပြန်ပါသည်။ "မုန့်ဆီကြော်ကို အနားသားက စစားရမည်၊ အလယ်ဗဟိုကို နောက်မှစားရမည်" မုန့်ဆီကြော်စားသကဲ့သို့ အနားသား အစွန်းအဖျား နယ်စွန်နယ်ဖျားများကို အပိုင်စီးသိမ်းပိုက်ပြီးမှ အလယ်ဗဟိုပြည်မကို နောက်မှသိမ်းပိုက်ရမည်ဟူသော စစ်ပရိယာယ်ပင် ဖြစ်ပါသည်။ ဗိုလ်ခင်ညွန့်သည် နယ်စွန်နယ်ဖျားက လက်နက်ကိုင် (၁၇) ဖွဲ့အား ကြက်ခြင်းထဲသို့ သွင်းထားပြီး ဖြစ်ပါသည်။ ကျန်အဖွဲ့များကိုလည်း ကြက်ခြင်းထဲသို့ သွင်းရန်ကြံစည်နေပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအားလုံးကို အပိုင်ကိုင်ထားပြီးမှ ဗဟိုချက်ခြာကျသော အမျိုးသားဒီမိုကရေစီအဖွဲ့နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား အပြတ်ဖြိုရန်ဖြစ်ပါသည်။ ဗိုလ်ခင်ညွန့်၏ ဖနီးသည်လည်း မဒန်မော်စီတုန်း၏ နေရာမျိုးကိုတက်လှမ်းနေပါသည်။

ယခင်လများက ဗြိတိန်နိုင်ငံတွင် အငြင်းပွါးမှုကိစ္စများကို ပါလီမန်ကော်မရှင်အဖွဲ့၏ ဒိုင်လူကြီးခန့်ပြီး စုံစမ်းစစ်ဆေးပုံမျိုးကို ဗမာပြည်တွင်လည်း ဖြစ်ပေါ်လာစေလိုသော ဆန္ဒများပေါ်ပေါက်ခဲ့ပါသည်။ အီရတ်ကိစ္စနှင့် ပတ်သက်၍ သိပ္ပံပညာရှင် ဒေးဗစ်ကယ်လီသည် လုပ်ငန်းခွင်လျှို့ဝှက်ချက်တချို့ကို ဘီဘီစီသတင်းထောက်နှင့်ဆွေးနွေးမိ၍ အရှက်ကြီးရှက်ကာ ကိုယ့်

ကိုယ်ကိုယ်သတ်သေသွားခဲ့ပါသည်။ သတင်းသမားနှင့် အစိုးရအဖွဲ့ကြားတွင် သူ့တာဝန်ကိုယ့်တာဝန်ဟု အငြင်းပွါးစုံစမ်းရေး ကော်မရှင်ဒိုင်လူကြီးခန့်ကာ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးကအစ သက်ဆိုင်သူအားလုံး အစစ်ခံကြရပါသည်။ ဒိုင်လူကြီး လော့ဟတ်တွန်က ဘီဘီစီ သတင်းဌာန၏ သတင်းတည်းဖြတ်မှု ပေါ့လျော့မှုကြောင့်ဟု အစီရင်ခံခဲ့၍ သတင်းလွှင့်စဉ်က မသိလိုက်သော်လည်း ၎င်းတို့အကြီးအကဲများတွင်တာဝန်ရှိသည်။ ဒိုင်လူကြီး၏ အဆုံးအဖြတ်သည် ဒီမိုကရေစီနိုင်ငံတွင်အဓိကဖြစ်သည်ဟုဆိုကာ ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဥက္ကဋ္ဌတို့သည် ရာထူးမှနုတ်ထွက်ပေးလိုက်ကြရပါသည်။

စစ်အာဏာရှင်များ၏ ဗမာပြည်တွင် အမှားအမှန်ကို စုံစမ်းစစ်ဆေးဆုံးဖြတ်နိုင်သော ကော်မရှင်မျိုးလည်းမရှိပါ။ ကစားကွင်းတွင် ဒိုင်လူကြီးမရှိသလိုဖြစ်နေပါသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များ ရာနှုန်းကိုးဆယ်ကျော်မျှ နေထိုင်လျက်ရှိသော ဗမာပြည်တွင် သမာသမတ်ရှိသော ဒိုင်လူကြီးများ ခေါင်းပါးနေပါသည်။ ယခင်နှစ်များက ရွှေကျင်သံဃာ့ဂိုဏ်းမှ ကြခတ်ဝိုင်းဆရာတော်ကြီးက စစ်အာဏာရှင်များနှင့် ဒေါ်အောင်ဆန်းစုကြည်အကြားဝင်၍ ဒိုင်လူကြီးလုပ်ကြည့်ခဲ့ပါသည်။ ဆရာတော်ကြီးအား ပထမတွင် စစ်အာဏာရှင်ကြီးများက ဝိုင်းပယ်ထားပြီး ယခုပြန်မြှောက်စားနေကာ ဆရာတော်ကြီးလည်း အသက်အရွယ်ကြီးရင့်လာ၍ လှုပ်ရှားပြောဆိုမှု မပြုတော့ပါ။

နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ကြီးကိုအားကိုးမိပါသည်။ သို့ရာတွင် ဆရာတော်ကြီးသည် မင်္ဂလာဒုံစစ်ဆေးရုံတွင် စစ်ဗိုလ်ဆိုးများက အထူးစပါယ်ရှယ် စောင့်ရှောက်ထားပြီး ယခု နာတာရှည်ဆေးရုံကြီးသို့ ရောက်နေပါသည်။

နိုင်ငံတွင်အထွဋ်အထိပ်ဖြစ်သော ဆရာတော်ကြီးများ၊ တရားသူကြီးများနှင့် တက္ကသိုလ်ပါမောက္ခများသည်လည်း စစ်ကျွန်ပြုနေကြပါသည်။ ဗမာလူဦးရေ တစ်ဝက်ကျော်ရှိသော မြန်မာနိုင်ငံအမျိုးသမီးများ၏ အသင်းဥက္ကဋ္ဌကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း ဆိုးစစ်ဗိုလ်ခင်ညွန့်အောက်

ရောက်နေပါသည်။ စစ်ပြန်စစ်မှုထမ်းဟောင်းအသင်းကို လက်ရှိစစ်ဗိုလ်များပင် ဉက္ကဋ္ဌလုပ်ကာ ခြယ်လှယ်နေပါသည်။

သမာသမတ်ရှိသော ဒိုင်လူကြီး(Referee) မရှိတော့သည့် ဗမာနိုင်ငံ။ ကုလသမဂ္ဂအဖွဲ့ကြီးက ဒိုင်လူကြီးဝင်လုပ်လိုလျှင်လည်း စစ်ဗိုလ်ဆိုးများက လက်မခံ၍ ဆင်းရဲတွင်းနစ်နေသောနိုင်ငံ၊ မွဲမွဲတေတေ မှောက်မှောက်ပုံပုံ ဖြစ်နေသောဒို့နိုင်ငံ။ ဗမာပြည်သား ဗမာပြည်ပေါက်တယောက်အနေဖြင့် ဒို့နိုင်ငံအား ကောင်းစားလိုသည့်ဆန္ဒသည် အမြဲတစေရှိနေပါသည်။ တစ်နေ့ထက်တစ်နေ့ ပြည်သူပြည်သားများ ဆင်းရဲကျပ်တည်းလာ၍ ပေါက်ကွဲသွားချောင်းစီးမှုမျိုးကိုတော့ မလိုလားရိုး အမှန်ပါ။

တပ်မတော်သည် ယခင်က ရိုးသားမှုရှိခဲ့ဖူးပါသည်။ ၁၉၆၀ ပြည့်နှစ် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲတွင် တပ်မတော်လည်း ရိုးသားခဲ့ပါသည်။ ဒိုင်လူကြီး ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း ရိုးသားခဲ့ပါသည်။ ၁၉၆၂ခုနှစ်တွင်သာ ဗိုလ်ချုပ်ကြီးနေဝင်းသည် သမာသမတ်ရှိသော ဒိုင်လူကြီးဘဝက ဘောလုံးကွင်းထဲ ဝင်ကစားသောခေါက်ဆွဲ ဖြစ်သွားခဲ့ပါသည်။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင်လည်း တပ်မတော်အကြီးအကဲများသည် အစကယဉ်သလိုဖြင့် နောက်ပိုင်းတွင် ဒိုင်လူကြီးဘဝက မာဖီးယားများ ဖြစ်သွားခဲ့ကြပါသည်။ တပ်မတော်က ပြည်သူများကို မယုံကြည်ခြင်းသည် မည်သူမပြုမိမိမှုသာ ဖြစ်ပါသည်။ စစ်ဗိုလ်များ သန်းကြွယ်၊ ကုဋေကြွယ်သူဌေးများ ဖြစ်နေပါသည်။

သို့ရာတွင် ဆယ်ခါမကောင်း၊ တခါကောင်းဆိုသည့် လုပ်ရပ်များလည်း ရှိပါသည်။ ပျက်အစဉ်ပြင်ခဏသာ ဖြစ်ပါသည်။တိုင်းသူပြည်သားများရွေးကောက်တင်မြှောက်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပါတီများနှင့် တခြားပါတီများက လွှတ်တော်ကိုယ်စားလှယ်များ၊ ဗမာပြည်သူအပေါင်းနှင့် ကမ္ဘာ့ပြည်သူအပေါင်းထောက်ခံအားပေးခံရသူ အမျိုးသားခေါင်းဆောင်ကြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တပ်မတော်ကိုယ်စားလှယ်များသည် ပဏာမဆွေးနွေးညှိနှိုင်းကြစေလိုပါသည်။ တိုင်းပြည်နှင့်လူမျိုးအပေါ်စေတနာရှိသော သမာသမတ်ရှိမည့် ဒိုင်လူကြီးအဖွဲ့တဖွဲ့ကို လက်နက်ကိုင်ခေါင်းဆောင်များပါ

ထည့်သွင်းဖွဲ့စည်းပြီး တိုင်းပြည်အနာဂါတ်အတွက် ထွက်ပေါက်ရှာပြီး သင့်တော်သလို စီစဉ်ဆောင်ရွက်ဆုံးဖြတ်ကြစေလိုပါသည်။ ငဆိုးနိုင်ငံ ကောင်းမွန်လာရန် စုပေါင်းဆောင်ရွက်ကြရပါမည်။ စုပေါင်းအဖြေရှာကြ ရပါမည်။

လစ်ဗျားခေါင်းဆောင် ကာနယ်ကဒါဖီသည် ဗမာစစ်ဗိုလ်များထက် အဆပေါင်းများစွာ ဆိုးသွမ်းခဲ့ပါသည်။

ငဆိုးနိုင်ငံကောင်းမွန်စေရန် ငဆိုးစစ်ဗိုလ်များတွင်သာ မူတည်နေ ပါသည်။

# မဖုတ်ရသေးသောအိုးထဲသို့ ဆီကိုထည့်သောအခါ

မှန်နန်းရာဇဝင်တော်ကြီးတွင် မှူးကြီးမတ်ရာများက ဘုရင်မင်းမြတ်အားလျှောက်ထားသည့် စကားရပ်များ၌ 'မဖုတ်ရသေးသော အိုးထဲသို့ ဆီကိုထည့်သော် အိုးလည်းဆုံး၊ ဆီလည်းဆုံး ရသည်' ဆိုသော ဥပမာဥပမေ့ည် စကားရပ်သည် အလွန်မှတ်သားစရာ ကောင်းလှပါသည်။ မင်းလောင်းရွေးချယ် လျာထားရာတွင် နှလုံးရည်၊ လက်ရုံးရည်နှင့် ရာဇသွေးစစ်ရန် လိုအပ်သလို၊ စီမံခန့်ခွဲအုပ်ချုပ်မှုကောင်းသူဖြစ်မှသာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးပြီး၊ အရည်အချင်းမရှိသူကို လျာထားပါက တိုင်းပြည်ပျက်စီးဆုံးရှုံးတတ်ပုံကို ရည်ညွှန်း၍ပြောဆိုသော ဥပမာစကားရပ်ဖြစ်ပြီး ရိုးရိုးစင်းစင်း နှင့် မြန်မာ့လူနေမှုနှင့် ကိုက်ညီလှပါသည်။ တန်ဖိုးရှိသောဆီကိုမဖုတ်ရသေးသော ရွှံ့စေးမြေအိုးထဲသို့ထည့်ပါက ဆီထဲသို့ ရွှံ့စေးများပျော်ဝင်ကာ စားသုံး၍မရတော့သည်မှာသေချာလှပေသည်။ ဆီပေသွားသည့် ရွှံ့စေးမြေအိုးသည်လည်း ဖုတ်၍ ကျက်မည် မဟုတ်တော့ပါ။

စစ်ထောက်လှမ်းရေး လက်မရွံ့အာဏာသား ခိုလ်ခင်ညွန့်သည် ဝန်ကြီးချုပ် အမည်ခံကာ နိုင်ငံရေးလုပ်ငန်းစဉ် (၇) ရပ်ဖြင့် မြန်မာနိုင်ငံရေးလမ်းပြမြေပုံ Road Map ကို ဖန်တီးပြီး စစ်အာဏာရှင်စနစ်လမ်းစရှည်အောင်ကြံစည်နေပြန်ပါသည်။ မဖုတ်ရသေးသောအိုး (ဝါ) ဖုတ်မည်မဟုတ်သောရွှံ့စေးမြေအိုးနှင့် တူသော အတာ့အယောင် အမျိုးသားညီလာခံထဲသို့ အဖိုးတန်သော ဆီနှင့်တူသည့် နိုင်ငံရေးခေါင်းဆောင်များအား ၁၉၉၃ ခုနှစ်ကပင်

ထည့်ခဲ့သော်လည်း နအဖ၏အလိမ်အညာ အတုအယောင်ကို ကြံတွေကြရ၍ ထွက်သည့်ပါတီထွက်၊ ပြေးသူပြေး၊ သေသူသေပြီး အခြေခံမှုများ သပွတ်အူ လိုက်ကာ တစ်ယောက်တစ်ပေါက်ဖြစ်လာ၍ သုံးနှစ်အကြာတွင် တုံ့ဆိုင်း ရပ်နား သွားခဲ့ရပါသည်။ ယခုတစ်ဖန် ဗိုလ်ခင်ညွန့်နှင့် နအဖ စစ်ကောင်စီ ဝင်များသည် ဥပဒေမရှိသော နိုင်ငံတွင် ဥပဒေဘောင်တွင်း ဝင်လာပါသည် ဆိုသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခေါင်းဆောင်များကို မဖုတ်ရ သေးသော ရွှံ့စေးမြေအိုးထဲသို့ ထည့်ရန် ကြံစည်နေပြန်ပါသည်။ ကိုယ့်ကိုယ် ကိုယ် အမိုးတန်သောဆီကဲ့သို့ သဘောမထားသူများ ပါဝင် လာနိုင်ပါသည်။

နိုင်ငံရေးလမ်းပြမြေပုံကို ချပြသူ ဗိုလ်ခင်ညွန့်၏ အနေအထားက လည်း မရေရာလှပါ။ မဖုတ်ရသေးသော အိုးထဲ ဆီထည့်လိုသည်မှာ ဗိုလ်ခင်ညွန့် ကိုယ်တိုင်လား။ ဆက်လက်ရှုစားရန်သာရှိပါသည်။ ဗိုလ်ခင်ညွန့် အား ဝန်ကြီးချုပ်ခန့်စဉ်က နိုင်ငံတကာအကဲဖြတ်သမားများက 'ဗိုင်အရက် အယောင်းကို ပုလင်းအသစ်ထဲသို့ ပြောင်းထည့်ရုံမျှသာဟု' ဆိုကြပါသည်။ လန်ဒန်မြို့နေ ဗမာပြည်သားများကတော့ 'ဗိုင်အရက်လည်းကောင်း၊ ပုလင်းလည်းဟောင်း၊ ကုန်အမှတ်တံဆိပ်ကိုသာ တပ်ချုပ်ကြီးအရှုးတံဆိပ်မှ လက်မရွံ့အာဏာသား ဗိုလ်ကန့်ဒူးတံဆိပ်ပြောင်းကပ်လိုက်၍ နိုင်ငံတွင်ပိုမိုပြီး ကောက်ကျစ်စဉ်းလဲမှုများ ပေါ်ပေါက်လာနိုင်သည်ဟု အကဲခတ်ခဲ့ကြ ပါသည်။ အချို့ကလည်း ဗိုလ်ခင်ညွန့်သည် ရောမ ရာဇဝင် ဇာတ်ကားထဲ ကလို ကျွန်တစ်ယောက်ဖြစ်နေပြီး ကျားများ၊ သန်မာရဲရင့်သူများနှင့် တိုး သတ်ခိုင်းခံရပြီး သေသွားရင်လည်း ခွေးစာဖြစ်သွားကာ၊ ရှင်သန်နေရင် လည်း တပ်ချုပ်ကြီး၏ကျွန်သာဖြစ်၍ ဆုလာဘ်အနည်းငယ်သာ ရနိုင် သည်ဟု အကဲခတ်ကြပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူတရပ်လုံးကသာမက ကမ္ဘာ့ပြည်သူ သန်းပေါင်းမြောက်များစွာက ထောက်ခံအားပေးနေသော ဒေါ်အောင်ဆန်းစုကြည်အား ပြစ်တင် ပုတ်ခတ်ရာတွင် ဗိုလ်ခင်ညွန့်သည် အစွန်းလွတ် အယူမသည်းသူ (Moderate) ဟု ယူဆနေသူများကပင် ဗိုလ်ခင်ညွန့်အား အလွန်အကျွံပြုမူတတ်သူ အကြမ်းဖက်သမား (Extremist) အဖြစ်လက်ခံသွားကြကာ အော့ကြောလန်သွားကြပါသည်။

အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဘာကြောင့် မြန်မာပြည်သူများ၏ အသည်းနှလုံး ဖြစ်ရ နည်းဆိုသည်မှာ ရှင်းလှပါသည်။ မြန်မာ့နိုင်ငံရေးတွင် မတူညီသော ဆန့်ကျင်ဘက်များကို အကြမ်းမဖက်သော နည်း၊ စားပွဲဝိုင်းတွင်ထိုင်၍ တွေ့ဆုံအဖြေရှာသော နည်းလမ်းဖြင့် အဖြေရှာ အဆုံးသတ်စေရန် ခေါင်းဆောင်မှု ပေးနေ၍သာ ဖြစ်ပါသည်။ Politics Concerns the resolution of conflicts by non-violent means ဆိုသည်ကို ပြည်သူလူထုအားလုံး သဘောပေါက်နားလည်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ လူထုအုံကြွမှုဖြင့် နိုင်ငံရေးဖြေရှင်း၍ မရပါ။ စစ်တပ်အားကိုး၊ သက်နက်အားကိုးဖြင့် နိုင်ငံကိုတည်ငြိမ်အောင် လုပ်၍ မရပါ။ စစ်တပ်က နိုင်ငံရေးတွင် ဦးဆောင်မည်၊ စစ်တပ်က အချိန်မရွေး ဥပဒေအရ အာဏာသိမ်း နိုင်သည်၊ စစ်တပ်လုပ်ရပ်ကို နိုင်ငံတော်က ဝင်မစွက်ရ ဆိုသည်များသည် နိုင်ငံရေးမဟုတ်ပါ။ အစွန်းရောက်မှု အကြမ်းဖက်မှုသာဖြစ်ပါသည်။

စာရေးသူသည် ၉-၈-၉၃ မှ ၁၄-၈-၉၃ အထိ နအဖ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၏ နိုင်ငံတော်အခြေခံမူများ အကြံပြုချက်စာတမ်း၊ စာမျက်နှာ(၅၇၈) ရှိသည့် ဘာအုပ်ကြီးကို အကြိမ်ကြိမ်ဖတ်ကာ မှတ်ချက်များ ရေးသားထားပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဗဟန်းမဲဆန္ဒနယ်မှ ကိုယ်စား လှယ် ဦးထွန်းလှိုင်နှင့် အင်အားမရှိ၍ အဖျက်မခံရသေးသောလူမျိုးစု နိုင်ငံရေး ပါတီငယ်များ၏ စာတမ်းတွင် တရားဥပဒေအပေါ်စီးက နိုင်ငံရေးအပေါ်စီးက တပ်မတော်ရပ်တည်မှုကို ဆန့်ကျင်ကြသည်ကို တွေ့ရပါသည်။ တပ်မတော် ကို အစိုးရအဖွဲ့က အုပ်ချုပ်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး ခေါင်းဆောင်သော ကာကွယ်ရေးဝန်ကြီးဌာန၏လက်အောက်တွင် ထားရမည်ဟု တင်ပြထားကြ ပါသည်။ တခြား နအဖစစ်ဗိုလ်များက ဖန်တီးထားသော တိုင်းရင်းသား ကိုယ်စားလှယ်ဆိုသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား အသိပညာ ရှင်၊ အတတ်ပညာရှင်၊ နိုင်ငံဝန်ထမ်းနှင့်အခြားဖိတ်ကြားထားသော ကိုယ်စား လှယ်ဆိုသူများ၏ စာတမ်းများတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ

ကို အချိုးကျ ပါဝင်စေရန်၊ စစ်ရေးအတွေ့အကြုံရှိသူကိုမှ သမ္မတရွေးရန်၊ တပ်မတော်သည် မိမိ၏ရေးရာကိစ္စများကို မိမိကိုယ်တိုင် လွတ်လပ်စွာ စီမံခန့်ခွဲ ဆောင်ရွက်ပိုင်ခွင့်ရှိရန် (အကြမ်းဖက်သမားဘင်လာဒင် ကဲ့သို့ ကိုယ်ပိုင်ငွေဖြင့် စစ်တပ်ထောင်ပါက ဖြစ်နိုင်သော်လည်း အခွန်ထမ်း ပြည်သူ့ ငွေဖြင့်ဆိုပါက မဖြစ်နိုင်ပါ)။

နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အာဏာကို ရယူသုံးစွဲခွင့်ရှိသည် ဆိုသည့် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ဆိုသော စာတမ်းများကို နည်းမျိုးစုံဖြင့် တင်ပြထားကြသည်ကို ဖတ်ရှုရပါသည်။

နအဖခေါက်တိုင် စစ်ခွေးများ၏ အကြံပြုချက်များသည်သာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်လာပါက ကမ္ဘာပြည်သူအပေါင်းက ဗမာပြည်သည် စစ်သွေးကြွနေသော ရောမစစ်တပ်ဘုရင်များ ခေတ်ဟောင်း၊ ခေတ်ဆိုးကြီးထဲသို့ ဖောက်ထိုးကျွမ်းပြန်ကျရောက်သွားသည်ဟု သတ်မှတ်ကြပါလိမ့်မည်။ နောင်လာနောက်သားများသည်လည်း နအဖ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖတ်ရပါက ၂၀၀၀ တွင်ပင် ဗမာနိုင်ငံသည် အမှောင်ဖုံးသောလူရိုင်းများ၊ လက်နက်ကိုင်များ အုပ်စိုးသောခေတ်ကြီးပါလားဟု ကောက်ချက်ချကြပါလိမ့်မည်။

စစ်တပ်အနေဖြင့် ၁၉၆၂ ခုနှစ်ကလည်း မဟုတ်မတရား တိုင်းပြည် အရေးပေါ် အခြေအနေ ကျရောက်နေပါပြီ၊ တိုင်းပြည်ကြီးပြိုကွဲတော့မည်ဟု အာဏာသိမ်းခဲ့ဖူးပါသည်။ နောင်လည်း သိမ်းနိုင်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံတွင် လက်နက်ကိုင် စစ်ဗိုလ်များကို ထိပ်မှာထားခြင်း၊ ဥပဒေအရ စစ်အာဏာသိမ်းနိုင်ခြင်း စသည်များကို မထည့်စကောင်းပါ။ မယဉ်ကျေး မသိမ်မွေ့ပါ၊ ပညာသား မပါလှပါ။ ဘုရားကအောက် မျောက်ကအထက်ဟု သမိုင်းတွင်နိုင်ပါသည်။

ဗိုလ်ခင်ညွန့်၏ မိန့်ခွန်းတွင် ဗမာပြည်တိုးတက်မှုနှုန်းသည် အင်္ဂလန်နိုင်ငံ့ထက်ပင်သာနေပါသည်။ GDP သည် ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်မှ ၁၀.၁ ရာနှုန်းရှိသည်။ တစ်ဦးချင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု

သည် ၁၀၅၉၄၀ ကျပ် နှင့် အလုပ်သမားဦးရေ ၂၉ သန်း အထိတိုးတက်နေပါသည်ဟု ဆိုပါသည်။ လူဦးရေ ၆၄ သန်းရှိသော အင်္ဂလန်နိုင်ငံတွင်ပင် အလုပ်သမားဦးရေ ဤမျှမရှိပါ။ ယနေ့ ဗမာစစ်ဗိုလ် ဗိုလ်ကြီး တစ်ယောက် လစာသည် ၁၂၀၀၀ ကျပ်ရသည်ဟု ဆိုပါသည်။ မနက်စာ လက်ဖက်ရည် တစ်ခွက်နှင့် မုန့်ဟင်းခါးတစ်ပွဲ ၂၅၀ ကျပ်၊ နေ့လယ်စာ ထမင်းတစ်ပွဲနှင့် ကြက်သားဟင်းတစ်တုံး ၃၅၀ ကျပ်ဆိုပါက ၆၀၀ ကျပ် ကုန်ပြီး ဖြစ်ပါသည်။ တစ်နေ့ ၄၀၀ ကျပ်နှုန်းသာရသော ဗိုလ်ကြီးသည် ညနေစာနှင့် နေစရာစရိတ် မရှိတော့ပါ။ နအဖဗိုလ်ချုပ်ကြီးများက တိုးတက်နေပါသည် ဖွံ့ဖြိုးနေပါသည် လိမ်ညာနေ၍ လိမ်သူမရှက် ကြားရသူနှင့် ကိုယ်တွေ့ဒုက္ခရောက်နေသူများ ရှက်ရပါသည်။

နိုင်ငံရေးတည်ငြိမ်နေပါသည်ဟုဆိုကာ နိုင်ငံရေးသမားများကို ဖမ်းချုပ်ထားပါသည်။ စစ်မှန်သော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသည်ဟုဆိုကာ တိုင်းရင်းသားနိုင်ငံရေး ပါတီအားလုံးကို ဖျက်သိမ်းထားပါသည်။

နအဖ စစ်ဗိုလ်များအနေဖြင့် ယောကျ်ားပီသပါက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အချုပ်မှလွှတ်ကာ နိုင်ငံရေးလမ်းပြမြေပုံ Road Map တင်ပြခွင့်ပြုသင့်ပါသည်။ လွတ်လပ်သော တိုင်းရင်းသား ခေါင်းဆောင်များကလည်း Road Map တင်ပြထားပြီး ဖြစ်ပါသည်။ မတူညီသည်ကို အကြမ်းမဖက်သောနည်းဖြင့် ဖြေရှင်းအဖြေရှာသင့်ပါသည်။ နအဖ၏ Road Map ကို ပြည်သူများထောက်ခံသည် မထောက်ခံသည်ကို လျှို့ဝှက်မဲဖြင့် ပြည်သူ့ဆန္ဒ ခံယူကြည့်သင့်ပါသည်။ နိုင်ငံရေးပါတီများ Road Map နှင့် နအဖ Road Map ကိုလည်း မဲပုံး ၂ ပုံးထောင်ပြီး ပြည်သူ့ဆန္ဒ ခံယူရပါ။ နအဖအနေဖြင့် တဖက်သတ်ပြုလုပ်ပါက အများတကာဆန့်ကျင်မှုကို ခံရပါလိမ့်မည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့မှခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်ဆိုသူများ လူမျိုးစုအမည်ခံကာ နအဖညီလာခံ တက်ခဲ့သူများအနေဖြင့် မိမိတို့၏ အဖိုးတန်ဘဝကို နအဖအမျိုးသားညီလာခံထဲသို့ အထည့်ခံပါက ရှေးပညာရှင်ကြီးများ၏ ဥပမာဥပမေယ်စကားများ အတိုင်းပင်

မဖုတ်ရသေးသော အိုးထဲသို့ ဆီကိုထည့်သော် အိုးလည်းဆုံး၊ ဆီလည်းဆုံး ဖြစ်တတ်သည်ကို သတိမူသင့်ပါသည်။ တိုင်းရင်းသားခေါင်းဆောင်များ၏ ဘဝ မဆုံးရှုံးစေလိုပါ။

❖

# အရည်အချင်းရှိသူ တက်ပါစေသတည်း

စာရေးသူအနေဖြင့် ၂၀၀၉ ခုနှစ်အတွက် ဆုမွန်ကောင်းတောင်းရမည်ဆိုပါက "အရည်အချင်းရှိသူ တက်ပါစေသတည်း" ဟူသော ဆုတောင်းလိုပါသည်။ မြန်မာ့သမိုင်းစာမျက်နှာတွင် အရည်အချင်းမရှိသူများ အုပ်စိုးမှုကြောင့် တိုင်းပျက် ပြည်ပျက် လူမျိုးပျက် ဘဝပျက် ဖြစ်ပေါင်းများလှပြီဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်ရပ်ပေါင်းစုံအထဲမှ ၁၉၆၂ ခုနှစ်က စတင်၍ ပဒေသရာဇ်စိတ်ဓါတ်ကို အခြေခံပြီး အပြင်ပန်းတွင် ဆင်းရဲသားကောင်းစားစေမည့် ဆိုရှယ်လစ်ဝါဒကို ဇန်းပြကာ အရည်အချင်းမရှိသော ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စစ်ဗိုလ်တချို့၏ အတွင်းရေးအဖြစ်မှန်များကို အမြောက်အများရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် ဗိုလ်ချုပ်ကြီးနေဝင်းထက်ပင် အရည်အချင်းကင်းမဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အပေါင်းအပါ စစ်ဗိုလ်ချုပ်တစ်စုကိုယ့်တိုင်းပြည်နှင့်လူမျိုး အညွန့်တုံးအောင် ကြံဆောင်နေမှုတချို့ကို အများတကာ မြင်သာထင်သာအောင် ဆန်းစစ်ဝေဖန်သုံးသပ်ကာ ကောက်ချက်ချပြလိုပါသည်။

**နအဖအစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်း**

(က) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။

(ခ) မိမိနှင့် မိမိ၏ မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌မွေးဖွားသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ဂ) ရွေးချယ်တင်မြှောက်ခြင်းခံရသူသည် အနည်းဆုံး အသက်(၄၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။
(ဃ) နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွါးရေး၊ စစ်ရေးစသည့်အမြင်များရှိရမည်။
(င) သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် အချိန်နှင့် တဆက်တည်း အနည်းဆုံးအနှစ် ၂၀ နိုင်ငံတော်တွင် အမြဲရဆနေထိုင်ခဲ့သူဖြစ်ရမည်။

ခြွင်းချက်။ ။ နိုင်ငံတော်ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အမြဲရ နေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်တွင်း ရေတွက်ရမည်။

(စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏မိဘ တစ်ပါးပါးသည်လည်းကောင်း၊ မိမိ၏ဇနီး (သို့မဟုတ်) ခင်ပွန်းသော် လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူ စောင့်ရှောက်ရှိသေသူ (သို့မဟုတ်) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ (သို့မဟုတ်) တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများမဖြစ်စေရ။
(ဆ) လွှတ်တော်ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ပိုင်ခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့်လည်း ပြည့်စုံရမည်။

**အရည်အချင်းရှိသူများအတွက်တက်လမ်းပိတ်ဆို့ထားသည့်ဥပဒေ**

(က) ကမ္ဘာကြီးတွင် ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံတွင်မှ မရှိသော အရည် အချင်းမရှိသော စစ်ဗိုလ်ချုပ်များ အုပ်စိုးမည့်ဥပဒေပင်ဖြစ်ပါသည်။ ယခုလောလောဆယ်တွင် နအဖကောင်စီနှင့် အပေါင်းအပါ ရပ်စဲထားသော

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ခေါင်းဆောင်တချို့သည် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်မယောင်ယောင် တာစူနေကြပါသည်။ အပိုဒ်(ခ)ပါ အရည်အချင်းအရ ဆိုပါမူ နိုင်ငံတော်အာဏာပိုင်နက်အတွက် မိမိနှင့်မိမိ၏ မိဘနှစ်ပါးလုံးမှ မွေးဖွားသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရန် အလားအလာနည်းလှပါသည်။ ဗုဒ္ဓဘာသာ ကရင် ငြိမ်းချမ်းရေးအဖွဲ့ဝင်များသည် လွန်ခဲ့သော နှစ်ပေါင်း (၆၀)ကျော်ကပင် နိုင်ငံတော်၏အာဏာပိုင်နက်အတွင်း မရှိခဲ့ကြပါ။ ငြိမ်းချမ်းရေး လုပ်ထားသည့် ကာလသည်လည်း နှစ်ပေါင်း(၂၀)ပင် မပြည့်ကြသေး၍ အပိုဒ်( င)ပါ တစ်ဆက်တည်း အနည်းဆုံး နှစ်(၂၀) နိုင်ငံတော်တွင် အခြေချ နေထိုင်ခဲ့သူများလည်း မဖြစ်နိုင်ကြပါ။ အပိုဒ်(ခ)သည် အလွန်ညစ်စုတ်လှပါသည်။ အသက်(၁၈)ပြည့်သော သားသမီးများသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် မိဘအုပ်ထိန်းမှု ရှိတော့ပါ။ မဆလပါတီအာဏာရှင်ခေတ်တွင် မျိုးဆက်(၃)ဆက် (Three Generations) မိဘဘိုးဘွားက အစပြုပြီး နိုင်ငံသား ဖြစ်ရမည်ဆိုသော ဥပဒေကြောင့် ပညာရေးဝန်ကြီး ဒေါက်တာညီညီနှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးကြီးမောင်ဝင်းတို့ အလုပ်ပြုတ်သွားခဲ့ဖူးပါသည်။ သားသမီးသမက်၊ ချွေးမအထိ မည်သူမှ ထိန်းချုပ်မထားနိုင်ပါ။ စစ်ဗိုလ်ချုပ်များနှင့် ဒေါက်တိုင် ဖေးများသည်လည်း ဤဥပဒေပုဒ်မကြောင့်ပင် ဒုက္ခရောက်ကြပေလိမ့်မည်။ အရည်အချင်းရှိသူများ၏ တက်လမ်းကို ပိတ်ဆို့ထားသော ဥပဒေပုဒ်မများသာဖြစ်ပါသည်။

(ခ) ကမ္ဘာပေါ်တွင် အရည်အချင်းရှိသူ တက်ပါစေဆိုသော စနစ်ကို အကျင့်သုံးနိုင်ဆုံးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုသာဖြစ်ပါသည်။ သမ္မတဘာရက်အိုဘားမားသည်သာ မြန်မာနိုင်ငံသားဆိုပါက သမ္မတဖြစ်ခွင့်လုံးဝရှိမည် မဟုတ်ပါ။ ကင်ညာနိုင်ငံသား လူမည်း ဖခင် အိုဘားမားနှင့် အမေရိကန်သူ လူဖြူမိခင် အင်ဒန်ဟန်တို့၏သား ဘားရက်ဟူစိန်အိုဘားမားသည် ပညာအရည်အချင်းရှိသူဖြစ်၍ အမေရိကန်နိုင်ငံသားအပေါင်းက ရွေးကောက် တင်မြှောက်လိုက်ကြခြင်းပင်ဖြစ်ပါသည်။

(ဂ) ထိုင်းနိုင်ငံတွင်ပင် တရုတ်လူမျိုး မိဘနှစ်ပါးမှပေါက်ဖွားလာသော ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အာဘီဆစ်ဝိဇာဇီသည် နိုင်ငံအကြီးအကဲ

ဝန်ကြီးချုပ် ဖြစ်လာပါသည်။ စာရေးသူသည် ၁၉၇၀ ခုမှ ၁၉၇၆ ခုနှစ် အထိထိုင်းနိုင်ငံတွင် သံတမန် တာဝန်ထမ်းဆောင်စဉ်က စစ်ဘက်၊ ရဲဘက် နှင့် အရပ်ဘက်အစိုးရဝန်ထမ်းများကိုပင် တရုတ်အနွယ်ဖွားများကို လုံးဝခန့် ထားလေ့မရှိပါ။ အင်္ဂလန်နိုင်ငံရှိ ကဗ္ဗာကျော် အော့စဖို့ဒ်တက္ကသိုလ်၏ အာဘီဆစ်ဗီဇာဇီဝသည် အသက်အရွယ်ငယ်ငယ်ဖြင့် အရည်အချင်းရှိသူဖြစ်၍ နိုင်ငံခေါင်းဆောင်ကြီးဖြစ်လာပါသည်။ အားကျစရာကောင်းလှပါသည်။

## မြန်မာလူမျိုးစရိုက်အရည်အချင်းရှိသူကိုသာကြိုက်

(က) မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလတွင် ဂျီစီဘီအေ ဟူသောအမည်ဖြင့် မြန်မာအသင်းကြီး စတင်တည်ထောင်စတွင်ပင် စာတတ် ပေတတ်များကိုသာ မြန်မာလူမျိုးများက ခေါင်းဆောင်အဖြစ် ရွေးကောက် တင်မြှောက်လေ့ ရှိပါသည်။ ဘီလပ်ပြန်ဝတ်လုံတော်ရဦးချစ်လှိုင်သည် ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်စဉ်က မြန်မာလူမျိုးတရပ်လုံးက ဦးချစ်လှိုင်အား သရဖူမဆောင်းရသော မြန်မာပြည်၏ ရှင်ဘုရင် (Uncrowned King of Burma) ဟုပင် ခေါ်ခဲ့ရပါသည်။

(ခ) ပညာအရည်အချင်းပြည့်ဝသော သခင်အောင်ဆန်းသည်လည်း အမြော်အမြင်ရှိကြသော ဝါရင့် နိုင်ငံရေးသမားများက အရည်အချင်းရှိသူ တက်ပါစေဆိုသော မြန်မာလူမျိုးများ၏ စနစ်အရပင် ငယ်ငယ်ရွယ်ရွယ်ဖြင့် တိုင်းပြည်၏ ခေါင်းဆောင်ကောင်းကြီးများ ဖြစ်လာခဲ့ပါသည်။

(ဂ) ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း အရည် အချင်းရှိသော ဒေါ်အောင်ဆန်းစုကြည်အား တစ်နိုင်ငံလုံးက ထောက်ခံခဲ့ကြ ခြင်းသည်လည်း မြန်မာနိုင်ငံသားများသည် အရည်အချင်းရှိသူတက်မှ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမည်ကို ယုံကြည်ကြ၍သာဖြစ်ပါသည်။

## အရည်အချင်းမရှိသူများအုပ်စိုး၍ပြည်သူများဒုက္ခတိုး

(က) ဗိုလ်ချုပ်ကြီးနေဝင်း။ ။ ဗိုလ်ချုပ်ကြီးနေဝင်းသည် မြန်မာနိုင်ငံရေး ခေတ်ခုံတွင် ၂၆ နှစ်ကျော် အာဏာရှင် ပဒေသရာဇ်စရိုက်ဖြင့် အုပ်စိုးသွားခဲ့ ပါသည်။ သူ၏ပညာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေး စသော

အရည်အချင်းပေါင်းစုံ ညံ့ဖျင်းမှုကြောင့် အာရှတိုက်တွင် စပါးကျီဟု ထင်ရှားသော ဆန်ရေစပါးပေါများသော မြန်မာနိုင်ငံသည် ဆန်ရှားဆီရှားပြီး ကမ္ဘာတွင် အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်သွားခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် တိုင်းပြည်နှင့် လူမျိုးကို သတ်ဖြတ်ညှဉ်းဆဲသော မင်းဆိုးမင်းညစ်အဖြစ် သမိုင်းစာမျက်နှာအသစ် ဖွင့်သွားခဲ့ပါသည်။ ဘဝဇာတ်သိမ်းမကောင်းလှပါ။

**(ခ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ။** ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) တက်ခဲ့စဉ်က အရည်အချင်းအညံ့ဖျင်းဆုံး သင်တန်းနောက်ပိတ်ခွေး ဖြစ်ခဲ့ပါသည်။ ဗိုလ်လောင်းရွှေသန်းနှင့် ဗိုလ်လောင်းသန်းရွှေ တို့သည် အမည်လည်းပြောင်းပြန်၊ အရည်အချင်းလည်း ပြောင်းပြန်ပင်ဖြစ်ပါသည်။ ဗိုလ်လောင်းရွှေသန်းသည် အထူးချွန်ဆုံး စစ်သည်ဆု (Best Cadet) ရှင်ဖြစ်ပါသည်။ ဗိုလ်လောင်းရွှေသန်းသည် ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူ ဦးနှောက်ကောင်းကောင်းဖြင့် ဗိုလ်လောင်းသင်တန်းတလျှောက် မှတ်စုမှတ်ရာရေး၊ စာဖတ်၊ စာတန်းပြုစုပြီး အလွန်သေသေသပ်သပ် ပြောဆိုနေထိုင်၍ အကောင်းဆုံးစစ်သည်ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရခြင်းဖြစ်ပါသည်။ ဗိုလ်လောင်းသန်းရွှေသည် အရပ်ပုပု၊ အသားမည်းမည်း၊ စာမကြိုးစား။ ကပိုကရို အနေအထိုင်အပြုအမူကြောင့် သင်တန်းဆရာများက "ဒီလူ ဆယ်တန်းအောင်တယ်ဆိုတာ ဟုတ်မှဟုတ်ပါ့မလား" ဟု သင်တန်းအတူတက်ဖူးသူ ဗိုလ်မှူးကြီးတစ်ဦးကသင်တန်းဆရာများ သံသယရှိပုံကို စာရေးသူအားပြောပြဖူးပါသည်။

ဒါပေမယ့် ဒီလူက ဖင်ပေါ့တယ်၊ နိုင်းလို့ကောင်းတယ်၊ သင်တန်းသားတွေက ဆေးလိပ်ဝယ်နိုင်း၊ ခေါင်ဆွဲဝယ်နိုင်း၊ ဘာပဲနိုင်းနိုင်း ရတယ်၊ အများတကာခိုင်းဘက်၊ အခုတော့ ကျွန်တော်တို့ထက် ဗိုလ်မှူးကြီးဖြစ်တာ နောက်ကျပြီး အခု နအဖ ဒုတိယဥက္ကဋ္ဌနဲ့ ဗိုလ်ချုပ်ရာထူးရနေပါပြီ၊ နိုင်းတာလုပ်၊ ခေါ်ရင်သွား၊ ခံမပြောတတ်တဲ့ဝါဒကို စွဲကိုင်ထားတဲ့လူညံ့လူပျော့တွေသာ တပ်ထဲမှာ ထိပ်ပိုင်းရာထူးရနေကြပုံကိုလည်း ညည်းညူပြောဆို သွားခဲ့ပါသည်။ အထူးချွန်ဆုံးဗိုလ်လောင်းရွှေသန်းသည် ဗိုလ်မှူးကြီးဘဝရာထူးနှင့် ရဲချုပ်ဘဝနှင့် ကြယ်ငါးပွင့်သဘော ဦးဆောင်ညွှန်ကြားရေးမှူးဘဝတွင် စာရေးသူနှင့် သိကျွမ်းခွင့် ရရှိခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်

ခေတ်တွင် "မှန်တဲ့သူတွေကျကုန်ပြီ" ဆိုသကဲ့သို့ မှန်မှန်ကန်ကန်ပြုလုပ်၍ ရဲချုပ်ဘဝတွင် ဗိုလ်တထောင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ရန် လျှောက်ထားစဉ်မှာပင် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ရှောင်ထိုး ခံသွားရခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် လမ်းစဉ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံတွင် ဗိုလ်ကြီးရာထူးဖြင့် နည်းပြဆရာ တာဝန်ထမ်းဆောင်နေသော ဗိုလ်ကြီးသန်းရွှေသည် ဘာသာရပ်တွင် မကျွမ်းကျင်၊ အင်္ဂလိပ်စာ အဖတ်အရေးညံ့ဖျင်းပြီး ဘာသာပြန်ဆို သင်ကြားမှုများတွင် အရည်အချင်းမမီ၍ တပ်မတော်သို့ပြန်သွားရခြင်း (Return to Unit) တွင်ပါဝင်သွားခဲ့ပါသည်။

ယင်းအချိန်ကာလတွင် စာရေးသူသည် ဌာနဆိုင်ရာ သင်တန်းသားအဖြစ် သင်တန်းအမှတ်စဉ်(၉)တွင် တက်ရောက်နေချိန်ဖြစ်ပါသည်။ စိတ်ဓာတ်စစ်ဆင်ရေးတပ်မှ ဗိုလ်ကြီးသန်းရွှေနှင့်အတူ နည်းပြဆရာဖြစ်လာသူ ဗိုလ်ကြီးဟန်ညွန့် (ရှင်စိုးမိုးနှင့် သူ့ရှန်ညွန့် ကလောင်ရှင်)သည် ပြင်သစ်နိုင်ငံသို့ ပညာသင်စေလွှတ်ခြင်းခံရပါသည်။ ဗိုလ်ကြီးသန်းရွှေကဲ့သို့ အရည်အချင်းမမီ၍ အရပ်ဘက်တွင် တာဝန်မထမ်းဆောင်နိုင်၍ တပ်သို့ပြန်ကြရသူ စစ်ဗိုလ်များသည် ပညာအရည်အချင်း ရှိသူများအပေါ် မလိုမုန်းထား ရန်ငြိုးဖွဲ့မှုများ ရှိသည်ကို ကြားဖူးတွေ့ဖူးပါသည်။ ယခု ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ညာလက်ရုံးဖြစ်သည့် ဝန်ကြီးဦးသောင်းသည်လည်း ဗိုလ်ကြီးဘဝဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အပို့ခံရကာ ဗိုလ်မှူးကြီးရာထူးရသည့် အချိန်တွင်မှ သံအမတ်ကြီးရာထူးမှတဆင့် နည်းပညာဆိုင်ရာဝန်ကြီးဖြစ်လာပြီး ပညာတတ်များကို အတော်ချိုးနှိမ်နေသူ ဖြစ်ပါသည်။

အရည်အချင်းမရှိသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ သူ့ဇနီး၊ သူ့သားသမီးများနှင့် သူ့မြေးများ အောက်တန်းကျလွန်းလှသော အနေအထိုင် အကျင့်အကြံ လုပ်ရပ်အသီးသီးသည် တိရစ္ဆာန်များထက်ပင် ဆိုးဝါးနေပါသည်။ စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုပြီး စည်းလွတ်ဝါးလွတ် တိုင်းသူပြည်သားများအပေါ် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ထောင်ချနေမှုများသည် အပြောတမျိုး အလုပ်တမျိုးဖြစ်နေပါသည်။ အရည်အချင်းမရှိသူများ အုပ်စိုးမင်းမူနေ၍ ပြည်သူတစ်ရပ်လုံး ဒုက္ခပေါင်းစုံခံစားနေကြရခြင်းပင်ဖြစ်ပါသည်။

### အရည်အချင်းရှိသူများ၏တက်လမ်းပိတ်ဆို့ထားသောဖွဲ့စည်းပုံအခြေခံဥပဒေ

ယနေ့တိုင်းပြည်ကို စိုးမိုးခြယ်လှယ်နေသော အရည်အချင်းလုံးဝ မရှိသော နအဖစစ်ကောင်စီဝင်များ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းနှင့် လုံးဝ အံဝင်ခွင်ကျ မရှိလှပါ။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းအနေဖြင့် လက်မခံနိုင်စရာ အများအပြားထဲမှ အခန်း(၃) နိုင်ငံတော်အကြီးအကဲသမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းအပိုဒ်ကို လေ့လာကြည့်ပါက အရည်အချင်းရှိသော နိုင်ငံအကြီးအကဲများ တိုင်းပြည်တွင် ပေါ်ပေါက်လာစရာ လမ်းစမရှိပါ။ လုံးဝပိတ်ဆို့ထားပါသည်။ ဤကဲ့သို့ အရည်အသွေးမရှိသော အရည်အချင်းရှိသူများ တက်လမ်းကို ပိတ်ဆို့ထားသော ဖွဲ့စည်းပုံမျိုးကို၊ စစ်တပ်က အကြိမ်ကြိမ် အာဏာသိမ်းပြီး စစ်တပ်ကပင် ရေးဆွဲပေးသော အိမ်နီးနားချင်းနိုင်ငံ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ဖွဲ့စည်းပုံများတွင်ပင် ဤကဲ့သို့ အောက်တန်းကျသော ကန့်သတ်ချက်များ မပါဝင်ပါ။

အရည်အချင်းရှိသူများ၏ တက်လမ်းကို ပိတ်ဆို့ထားခြင်းသည် တိုင်းသူပြည်သားများ၏ လွတ်လပ်ရေး၊ တိုးတက်ကြီးပွါးရေး၊ တန်းတူညီမျှရေး၊ ညီညွတ်ရေးနှင့် တရားမျှတရေး စသည့်အစစအရာရာကို ပိတ်ဆို့ထားခြင်းပင် ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အပေါင်းအပါတစ်စု၏ တပ်မတော်ကြီးကို ခုတုံးလုပ်ကာ တရားဝင် အုပ်ချုပ်ရန်အတွက် ရှေ့ရည်ပင်မစိမ်သော နိုင်ငံသားများ၏ အရည်အချင်းအရပ်ရပ်ကို ပိတ်ဆို့မည့် ဖွဲ့စည်းချုပ်နှောင်ပုံဟုသာ ကောက်ချက်ချ လိုက်ရပါသည်။ မြန်မာပြည်သူပြည်သားများ ဆင်းရဲတွင်းက လွတ်ကင်းရန်လမ်းစမရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဖြစ်ပါသည်။

စာရေးသူအပါအဝင် ဒီမိုကရေစီဘက်တော်သားများအနေဖြင့် ခေတ်နောက်ပြန်ဆွဲနေပြီး အရည်အသွေးမရှိသော နအဖကောင်စီ၏ အခြေခံဥပဒေ အရကျင်းပမည့် ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲကို နည်းမျိုးစုံဖြင့် ဆန့်ကျင်ကန့်ကွက်ကြရမည်သာဖြစ်ပါသည်။

အရှည်အချင်းရှိသူ တက်ပါစေသတည်းဟု ထာဝစဥ်ဆုမွန် အား ထုတ်ကြပါစို့။ နှစ်သစ်မှာ ကျန်းမာချမ်းသာပြီး မင်းဆိုးမင်းယုတ် အုပ်စိုးမှု အောက်က လွတ်မြောက်ကြပါစေ။

❖